www.burmeseclassic.com

# ရန်ကုန်သမိုင်း

ကိုကိုလေး

## A HISTORY OF RANGOON




B.R.PEARN

www.burmeseclassic.com

www.burmeseclassic.com

ယဉ်ချိုစာပေ

# ရန်ကုန်သမိုင်း

ကိုကိုလေး (မြန်မာပြန်)

# A HISTORY OF RANGOON

B.R. PEARN

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ခြင်း
ပထမအကြိမ်၊ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ

အုပ်ရေ
၅၀၀
မျက်နှာဖုံး
တင်ထွန်းနိုင်
အတွင်းကွန်ပြူတာစာစီ
ယဉ်မျိုး
အတွင်းဖလင်
ထွန်းထွန်း
တအုပ်ချုပ်
ကိုမြင့်လွင်
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်
ဦးဝင့်ဗိုလ်ဗိုလ် (နန်းသဇင်ပုံနှိပ်တိုက် – ၀၀၄၄၁)
၁၉၄/၁၉၆၊ ၃၉ လမ်း
ကျောက်တံတားမြို့နယ်။
ထုတ်ဝေသူ
ယဉ်ထွန်း(ယဉ်မျိုးစာအုပ်တိုက် – ၀၁၁၇၆)
အမှတ်၊ ၂၇၄/B၊ လမ်း ၄၀ အပေါ်လမ်း
ကျောက်တံတားမြို့နယ်။

တန်ဖိုး
၄၀၀၀ ကျပ်

ထုတ်ဝေသည့်ကတ်တလောက်အညွှန်း CIP

၉၉၅.၈၃
ကိုကိုလေး
ရန်ကုန်သမိုင်း - ရန်ကုန်၊
ယဉ်မျိုးစာပေ၊ ၂၀၁၆။
စာ ၃၆၈၊ အလျား - ၁၃.၃၄ စင်တီ၊ အနံ ၂၀.၉၆ စင်တီ
(၁) ရန်ကုန်သမိုင်း

## မာတိကာ

ရန်ကုန် ယခင်နှင့်ယခု လမ်းအမည်များ ၂
အခန်း(၁)
ရှေးဟောင်းရာဇဝင်များတွင် ဖော်ပြသော ရန်ကုန်သမိုင်းဆိုင်ရာ မှတ်တမ်းများ ၁၁
အခန်း(၂)
ဒဂုံ (DAGON) ၁၆
အခန်း(၃)
ရန်ကုန်မြို့တည်ထောင်ခြင်း ၂၉
အခန်း(၄)
အလောင်းမင်းတရားကြီး၏ရန်ကုန် ၃၉
အခန်း(၅)
အလောင်းဘုရား၏ရန်ကုန်(၂) ၇၇
အခန်း(၆)
၁၈၂၄ - စစ်ပွဲ ၁၀၆
အခန်း(၇)
သာယာဝတီမင်းလက်ထက်ရန်ကုန်မြို့ ၁၃၀
အခန်း(၈)
၁၈၅၂ ခုနှစ်စစ်ပွဲ ၁၄၃
အခန်း(၉)
ရန်ကုန်မြို့ကို ခေတ်မီမြို့တော်ကြီးအဖြစ်တည်ဆောက်ရန်
စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ခြင်း ၁၆၄

ယဉ်မျိုးစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com




အခန်း(၁၀)
ခေတ်မီရန်ကုန်မြို့
(၁၈၅၅-၁၈၇၄) ၁၈၇
အခန်း(၁၁)
ခေတ်မီရန်ကုန်
(၁၈၇၄-၁၈၈၂) ၂၁၉
အခန်း(၁၂)
ခေတ်သစ်ရန်ကုန်
(၁၈၈၂-၉၈) ၂၃၈
အခန်း(၁၃)
ခေတ်သစ်ရန်ကုန်
(၁၈၉၈-၁၉၃၆) ၂၇၁


## နောက်ဆက်တွဲ


အခန်း (၁)
ကံကြမ္မာဆိုးတွေဝင်လာတဲ့ရန်ကုန်မြို့ ၂၉၂
အခန်း (၂)
ရန်ကုန်သို့ဂျပန်များဝင်ရောက်လာခြင်း ၃၀၈
အခန်း (၃)
ဂျပန်လက်အောက်မှရန်ကုန် ၃၁၇
အခန်း (၄)
စစ်ပြီးခေတ်ရန်ကုန်မြို့ ၃၂၃
အခန်း (၅)
အိမ်စောင့်အစိုးရခေတ် ရန်ကုန်မြို့ ၃၂၈
အခန်း (၆)
နိဂုံး ၃၃၄






## အမှာ

ဤစာအုပ်မှာ မူရင်းစာရေးသူ B.R. PEARN ၏ A HISTORY OF RANGOON စာအုပ်မှ ထုတ်နုတ်ပြန်ဆိုထားခြင်း ဖြစ်ပါသည်။ မူရင်းစာအုပ်မှာ ၁၉၃၉ ခုနှစ်တွင် AMERICAN BAPTIST MISSION PRESS မှ ထုတ်ဝေခဲ့သော စာအုပ်ဖြစ်ပါသည်။ ဤစာအုပ်ပါ အချက်အလက်များနှင့် သမိုင်းဆိုင်ရာအမြင်များမှာ မူရင်းစာရေးသူ၏ အာဘော်များသာ ဖြစ်ပြီး ဘာသာပြန်ဆိုသူနှင့် သက်ဆိုင်ခြင်း မရှိပါ။ မှန်ခြင်း မှားခြင်းမှာလည်း ပညာရှင်များတို့၏ အလုပ်သာ ဖြစ်ပါလိမ့်မည်။

မူရင်းစာအုပ်မှာ ရွှေတိဂုံဘုရား တည်ခြင်းမှ မွန်တို့၏ အကြောင်း၊ အလောင်းမင်းတရားနှင့် စစ်ပွဲများအကြောင်းမှသည် ဗြိတိသျှတို့နှင့် စစ်ပွဲများအကြောင်း ကိုဖော်ပြပြီး ၁၉၃၇ ခုနှစ်တွင် ရန်ကုန်သမိုင်းကို နိဂုံးချုပ်ထားပါသည်။ ထို့ကြောင့် စာဖတ်သူများ ပိုမို ပြည့်စုံစွာ သိရှိနိုင်ရန် ရည်ရွယ်၍ ဂျပန်ခေတ် ရန်ကုန်၊ စစ်ပြီးခေတ် ရန်ကုန်နှင့် နောက်ဆုံး ဗိုလ်ချုပ်နေဝင်းအာဏာသိမ်းပြီးစ ရန်ကုန်အထိ ပြုစုကာ နောက်ဆက်တွဲအဖြစ် ဖော်ပြလိုက်ပါသည်။ ထို့အပြင် စာဖတ်သူများ လွယ်ကူစွာ ဖတ်ရှုနိုင်ရန် ရည်ရွယ်ကာ ရန်ကုန်မြို့မှ လမ်းအမည်များကိုလည်း ယခင်အခေါ် ယခုအခေါ်များကို စာအုပ်၏ ရှေ့ဆုံးတွင် ပြည့်စွာဖော်ပြထားပါသည်။ မှတ်တမ်းတစ်ခုအနေနှင့် ပြည့်စုံစေရန် ရန်ကုန်မြို့၏ ရှေးခေတ်ဟောင်းဓါတ်ပုံများကိုလည်း စုစည်းကာ စာအုပ်၏ နောက်ဆက်တွဲတွင် ထည့်သွင်း ဖော်ပြလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ရန်ကုန်မြို့ ယခင်နှင့် ယခု လမ်းများ၏ အမည်များ

၁။ ဒါလဟိုဇီလမ်း (Dalhousie Road) = မဟာဗန္ဓုလလမ်း

၂။ ဘားလမ်း (Barr Street ) = မဟာဗန္ဓုလပန်းခြံလမ်း

၃။ လွှစ်လမ်း (Lewis Street) = ဆိပ်ကမ်းသာလမ်း

၄။ ဖယ်ရာလမ်း (Phayre Road) = ပန်းဆိုးတန်းလမ်း

၅။ မဂိုလမ်း (Mogul Road) = ရွှေဘုံသာလမ်း

၆။ ကာနယ်လမ်း (Canal Street) = အနော်ရထာလမ်း (လမ်းမတော်ကျုံကြီးနား)

၇။ ဖရေဇာလမ်း (Fraser Road) = အနော်ရထာလမ်း (ကျောက်တံတား ပန်းဘဲတန်းအနီး မြို့လယ်ခေါင်)

၈။ စထရန်းလမ်း (Strand Road) = ကမ်းနားလမ်း

၉။ စပတ်လမ်း (Sparks Road) = ဗိုလ်အောင်ကျော်လမ်း

၁၀။ သော်မဆင်လမ်း (Thompson Road) = ဗိုလ်တထောင်ဘုရားလမ်း

၁၁။ မောင်ထော်လေးလမ်း (Maung Htaw Lay Street) = ဗိုလ်ဆွန်ပက်လမ်း

၁၂။ ကော်မရှင်နာလမ်း (Commissioner]s Road) = ဗိုလ်ချုပ်အောင်ဆန်းလမ်း (ရန်ကုန်ဆေးရုံကြီးရှေ့လမ်း)

၁၃။ မောင့်ဂိုမာရီလမ်း (Montgomery Road) = ဗိုလ်ချုပ်အောင်ဆန်းလမ်း

၁၄။ ဘုရားလမ်း (Pagoda Road) = ရွှေတိဂုံဘုရားလမ်း

၁၅။ အက်ဒွပ်လမ်း (Edward Street) = ကုန်ဈေးတန်းလမ်း

၁၆။ ဂေါ်ဒွင်လမ်း (Godwin Road) = လမ်းမတော်လမ်း

၁၇။ ခရစ်လမ်း (Christ Street) = ဗိုလ်မြတ်ထွန်းလမ်း

၁၈။ ယောက်လမ်း (York Street) = ယောမင်းကြီးလမ်း





၁၉။ စတော့ကိတ်လမ်း (Stockade Road) နှင့် ဂျူဒါအီစကယ်လမ်း (Judah Ezekiel Road) = သိမ်ဖြူလမ်း

၂၀။ မောင်ခိုင်လမ်း (Maung Khaing Street) = ဗိုလ်ရွဲလမ်း

၂၁။ ဟယ်လ်ပင်လမ်း (Halpin Road) = ပြည်ထောင်စုရိပ်သာလမ်း

၂၂။ ကင်းဘဲလ်လမ်း (Campbell Road) = ငါးထပ်ကြီးဘုရားလမ်း

၂၃။ ဒတ်ဖရင်လမ်း (Dufferin Road) = စန္ဒကူးလမ်း

၂၄။ ကုတ်ကိုင်းလမ်း (Kokine Road) = ကမ္ဘာအေးဘုရားလမ်း

၂၅။ မဂျစ်လမ်း (Masjid Road) = သမိန်ဗရမ်းလမ်း

၂၆။ လန်ကက်စတာလမ်း (Lancaster Road) = နဝဒေးလမ်း

၂၇။ မစ်ရှင်လမ်း (Mission Road) = အလုံလမ်း

၂၈။ ပရုမ်းလမ်း (Prome Road) = ပြည်လမ်း

၂၉။ စတီဗင်ဆန်လမ်း (Stevenson Road) = လှည်းတန်းလမ်း

၃၀။ ဗိုးလ်လမ်း (Voyle Road) = ဦးဝိစာရလမ်း

၃၁။ ဝင်ဒါမီယာလမ်း (Windermere Road) = သံလွင်လမ်း

၃၂။ ဝင်ဆာလမ်း (Windsor Road) = ရှင်စောပုလမ်း

၃၃။ ကီလီလမ်း = ဝါးတန်းလမ်း (လမ်းမတော်)

၃၄။ မော်တင်လမ်း = လမ်းသစ်လမ်း (လမ်းမတော်)

၃၅။ စိန်ဂျွန်းလမ်း = မင်းရဲကျော်စွာလမ်း (လမ်းမတော်)

၃၆။ အောလီဖင်းလမ်း = ရွှေတောင်တန်းလမ်း (လမ်းမတော်)

၃၇။ စတီဘင်ဆင်လမ်း = လှည်းတန်းလမ်း (လမ်းမတော်)

၃၈။ လတ္တာလမ်း = လသာလမ်း (လသာ)

၃၉။ ကရစ္စလမ်း = စဉ့်အိုးတန်းလမ်း (လသာ)

၄၀။ ဂွတ္တလစ်လမ်း = ဆရာစံလမ်း (ဗဟန်း)

၄၁။ လင့်ခ်လမ်း = ရွှေဂုံတိုင်လမ်း (ဗဟန်း)

၄၂။ လောင်းဝစ်လမ်း = အင်းယားမြိုင်လမ်း (ဗဟန်း)

၄၃။ ဂွတ္တလစ်ရိပ်သာလမ်း = သာယာဝတီလမ်း (ဗဟန်း)

၄၄။ ဝိတိုရိယအဲဗင်းနယူးလမ်း = ကျိုးဖြူလမ်း (ဗဟန်း)

၄၅။ ကင်းဂျော့အဲဗင်းနယူးလမ်း = ကွမ်းခြံလမ်း (ဗဟန်း)

၄၆။ ချင်းချောင်းအဲဗင်းနယူးလမ်း = ကမ္ဘောဇလမ်း (ဗဟန်း)

၄၇။ ရဲဒီယာအဲဗင်းနယူးလမ်း = ဝဏ်ဏဘာလမ်း (ဗဟန်း)

၄၈။ ဟာမစ်တစ်လမ်း = သာသနာ့ရိပ်သာလမ်း (ဗဟန်း)



www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| ၄၉။ တာဝါလိမ်းလမ်း = | ဗိုလ်ချုပ်ပြတိုက်လမ်း (ဗဟန်း) |
| ၅၀။ မောင့်ပုလဲဆင့်လမ်း = | ပုလဲလမ်း (ဗဟန်း) |
| ၅၁။ ပတ်လိန်းလမ်း = | နတ်မောက်လမ်းသွယ် ၁ လမ်း (ဗဟန်း) |
| ၅၂။ ပတ်အဲဗင်းနယူးလမ်း = | နတ်မောက်လမ်းသွယ် ၂ လမ်း (ဗဟန်း) |
| ၅၃။ ကွန်ဘိုကေးရှင်းလမ်း = | ဘွဲ့နှင်းသဘင်လမ်း (ကမာရွတ်) |
| ၅၄။ ချန်စလာလမ်း = | အဓိပတိလမ်း (ကမာရွတ်) |
| ၅၅။ စိန့်ဗင်ဆင့်လမ်း = | ဇောတိကလမ်း (ကမာရွတ်) |
| ၅၆။ မာတင်အဲဗင်နယူးလမ်း = | ခပေါင်းလမ်း (ကမာရွတ်) |
| ၅၇။ နစ်ကလပ်အဲဗင်းနယူး = | နှင်းပန်းလမ်း (ကမာရွတ်) |
| ၅၈။ ပီတာလမ်း = | ကြယ်ပြာလမ်း (ကမာရွတ်) |
| ၅၉။ အာတီးယားလမ်း = | သီရိမင်္ဂလာလမ်း (ကမာရွတ်) |
| ၆၀။ ကော်ပိုရေးရှင်းလမ်း = | စည်ပင်လမ်း (ကျောက်တံတား) |
| ၆၁။ ရှပ်ဇရပ်ဖ်လမ်း = | ဘဏ်လမ်း (ကျောက်တံတား) |
| ၆၂။ စိန့်မိုက်ကယ်လမ်းကျယ် = | မဏိမေခလာလမ်း (ကြည့်မြင်တိုင်) |
| ၆၃။ စိန့်မိုက်ကယ် ၁ လမ်း = | ရေတွင်းကုန်း ၁ လမ်း (ကြည့်မြင်တိုင်) |
| ၆၄။ စိန့်မိုက်ကယ် ၂ လမ်း = | ရေတွင်းကုန်း ၂ လမ်း (ကြည့်မြင်တိုင်) |
| ၆၅။ ပိုင်းလမ်း = | သိန္နီလမ်း (ကြည့်မြင်တိုင်) |
| ၆၆။ ဘလုတ်လမ်း = | ဗာဒံပင်လမ်း (ကြည့်မြင်တိုင်) |
| ၆၇။ ဟာကျိ အေ နှင့် ဘီ လမ်း = | သရက်တော ၁ လမ်း (ကြည့်မြင်တိုင်) |
| ၆၈။ ဟာကျိ ၂ လမ်း = | သရက်တော ၂ လမ်း (ကြည့်မြင်တိုင်) |
| ၆၉။ ဟာကျိ ၃ လမ်း = | သရက်တော ၃ လမ်း (ကြည့်မြင်တိုင်) |
| ၇၀။ ဟာကျိ ၄ လမ်း = | သရက်တော ၄ လမ်း (ကြည့်မြင်တိုင်) |
| ၇၁။ ကိုတင်းလမ်း = | သစ်ခွပန်းလမ်း (ကြည့်မြင်တိုင်) |
| ၇၂။ ချင်းချောင်း ၁ လမ်း = | ဒေါနု ၁ လမ်း (ကြည့်မြင်တိုင်) |
| ၇၃။ ချင်းချောင်း ၂ လမ်း = | ဒေါနု ၂ လမ်း (ကြည့်မြင်တိုင်) |
| ၇၄။ ချင်းချောင်း ၃ လမ်း = | ဒေါနု ၃ လမ်း (ကြည့်မြင်တိုင်) |
| ၇၅။ ချင်းချောင်း ၄ လမ်း = | ဒေါနု ၄ လမ်း (ကြည့်မြင်တိုင်) |
| ၇၆။ ချင်းချောင်း ၅ လမ်း = | ဒေါနု ၅ လမ်း (ကြည့်မြင်တိုင်) |
| ၇၇။ ဘောဂါတန်းလမ်း = | ဘောဂလမ်း (ကြည့်မြင်တိုင်) |
| ၇၈။ ဝင်ဆာလမ်း = | ရှင်စောပုလမ်း (စမ်းချောင်း) |
| ၇၉။ ဟာမ်းလမ်း = | ပန်းလှိုင်လမ်း (စမ်းချောင်း) |





| | |
|---|---|
| ၈၀။ အင်းနစ်လမ်း = | ပန်းလှိုင်လမ်း (စမ်းချောင်း) |
| ၈၁။ ကာလီမာလမ်း = | မဟာဘောဂလမ်း (စမ်းချောင်း) |
| ၈၂။ ခရစ်ရှနာလမ်း = | ရန်ကင်းလမ်း (စမ်းချောင်း) |
| ၈၃။ ဂုရုလမ်း = | သုခမိန်လမ်း (စမ်းချောင်း) |
| ၈၄။ စုပရာမန်းနီးလမ်း = | ရတနာလမ်း (စမ်းချောင်း) |
| ၈၅။ စုရတီပန်းခြံလမ်း = | ပန်းခြံလမ်း (စမ်းချောင်း) |
| ၈၆။ ဒူဗလီလမ်း = | မြေနီကုန်းဈေးလမ်း (စမ်းချောင်း) |
| ၈၇။ နာသာလမ်း = | မြဝတီလမ်း (စမ်းချောင်း) |
| ၈၈။ မော်ဂင်ဝတ်လမ်း = | ဓမ္မာရုံလမ်း (စမ်းချောင်း) |
| ၈၉။ မှုဆာကြီးလမ်း = | အောင်တော်မူလမ်း (စမ်းချောင်း) |
| ၉၀။ မဟာမက်ပတေးလမ်း = | စေတနာလမ်း (စမ်းချောင်း) |
| ၉၁။ မှုလာအီစမန်လမ်း = | ပဒေသာလမ်း (စမ်းချောင်း) |
| ၉၂။ မဒရာစာလမ်း = | ဗိုလ်မိုးလမ်း (စမ်းချောင်း) |
| ၉၃။ ယူနီယံလမ်း = | ပြည်ထောင်စုလမ်း (စမ်းချောင်း) |
| ၉၄။ ရှောလမ်း = | ခတ္တာလမ်း (စမ်းချောင်း) |
| ၉၅။ ရစ်ရှီလမ်း = | သပြေညိုလမ်း (စမ်းချောင်း) |
| ၉၆။ လက်ချမီးလမ်း = | သုခလမ်း (စမ်းချောင်း) |
| ၉၇။ အင်ဂလန်မင်လမ်း = | သီရိမင်္ဂလာလမ်း (စမ်းချောင်း) |
| ၉၈။ အလဝါလမ်း = | သော်တာလမ်း (စမ်းချောင်း) |
| ၉၉။ ဂျိုးဇက်လမ်း = | မြန်မာ့ဂုဏ်ရောင်လမ်း (တာမွေ) |
| ၁၀၀။ ဂေါ်ဒွင်လမ်း = | မြို့မကျောင်းလမ်း (ဒဂုံ) |
| ၁၀၁။ စင်ဂနယ်ပဂိုးဒါးလမ်း = | အလံပြဘုရားလမ်း (ဒဂုံ) |
| ၁၀၂။ ဘောင်ဒရီလမ်း = | ဓမ္မစေတီလမ်း (ဒဂုံ) |
| ၁၀၃။ စတီးဝပ်လမ်း = | မော်ကွန်းတိုက်လမ်း (ဒဂုံ) |
| ၁၀၄။ ဆင်းဒဝစ်လမ်း = | နတ်သျှင်နောင်လမ်း (ဒဂုံ) |
| ၁၀၅။ ဆင်မဆင်လမ်း = | ပန်တျာလမ်း (ဒဂုံ) |
| ၁၀၆။ လင့်ခ်လမ်း = | သံတမန်လမ်း (ဒဂုံ) |
| ၁၀၇။ ထရန်စပို့လမ်း = | အာဇာနည်လမ်း (ဒဂုံ) |
| ၁၀၈။ နယူးလင့်လမ်း = | စကားဝါလမ်း (ဒဂုံ) |
| ၁၀၉။ လင်တက်စတာလမ်း = | နဝဒေးလမ်း (ဒဂုံ) |
| ၁၁၀။ လီဒီစလမ်း = | ခရေပင်လမ်း (ဒဂုံ) |



www.burmeseclassic.com

www.burmeseclassic.com



၁၁၁။ ဝင်ဒါမီယာအောက်လမ်း = ချင်းတွင်းလမ်း (ဒဂုံ)

၁၁၂။ ဝင်ဒါမီယာကုတ် = ရွှေလီလမ်း (ဒဂုံ)

၁၁၃။ ဝင်ဒါမီယာဂါးဒင်း = ဥယျာဉ်လမ်း (ဒဂုံ)

၁၁၄။ ဝင်ဒါမီယာပတ်ခ် = ဇော်ဂျီလမ်း (ဒဂုံ)

၁၁၅။ ဝင်ဒါမီယာကရဲဆင့်လမ်း = ပန်းဝါလမ်း (ဒဂုံ)

၁၁၆။ ကဲင့်လမ်း = စမုံလမ်း (ဒဂုံ)

၁၁၇။ ချပ်ချ်လမ်း = အိမ်တော်ရာလမ်း (ဒဂုံ)

၁၁၈။ ဖေါ်ရားလမ်း = ဇီဝကလမ်း (ဒဂုံ)

၁၁၉။ ဖရေဇာလမ်း = တော်ဝင်လမ်း (ဒဂုံ)

၁၂၀။ ဖော်ဆိုက်လမ်း = ကင်းဝန်မင်းကြီးလမ်း (ဒဂုံ)

၁၂၁။ ဘဒ်လမ်း = ပဒုမ္မာလမ်း (ဒဂုံ)

၁၂၂။ လိုက်လမ်း = မင်းကျောင်းလမ်း (ဒဂုံ)

၁၂၃။ လော့ဖို့ဒ်လမ်း = စွယ်တော်လမ်း (ဒဂုံ)

၁၂၄။ အီဒင်လမ်း = ဗိုလ်တထောင်ဈေးလမ်း(ပုဇွန်တောင်)

၁၂၅။ ကေလမ်း = ကရမက်လမ်း (ပုဇွန်တောင်)

၁၂၆။ ကိတ်လမ်း = ကြာညိုလမ်း (ပုဇွန်တောင်)

၁၂၇။ ဂျေလမ်း = နံ့သာဖြူလမ်း (ပုဇွန်တောင်)

၁၂၈။ နေကရွှန်းလမ်း = နေကြာလမ်း (ပုဇွန်တောင်)

၁၂၉။ ပို့ကော်မရှင်နာလမ်း = ရေဝန်လမ်း (ပုဇွန်တောင်)

၁၃၀။ ဟိဝ်လမ်း = စိန်ခြယ်လမ်း (ပုဇွန်တောင်)

၁၃၁။ လင်းစဒေါင်းလမ်း = ရာဇဓိရာဇ်လမ်း(ဗိုလ်တထောင်)

၁၃၂။ ကလပ်လမ်း = ၅၅ လမ်း (ဗိုလ်တထောင်)

၁၃၃။ တင်းပယ်လ်လမ်း = ဝတ်ကျောင်းလမ်း (ဗိုလ်တထောင်)

၁၃၄။ ဒပ်ဖရင်လမ်း = စန္ဒကူးလမ်း (ဗိုလ်တထောင်)

၁၃၅။ မေရှီးလမ်း = မေယုလမ်း (ဗိုလ်တထောင်)

၁၃၆။ သွန်မဆင် ပထမရိပ်သာလမ်း = ဗိုလ်တထောင် လမ်းသွယ် ၁ လမ်း (ဗိုလ်တထောင်)

၁၃၇။ သွန်မဆင် ဒုတိယရိပ်သာလမ်း = ဗိုလ်တထောင် လမ်းသွယ် ၂ လမ်း (ဗိုလ်တထောင်)

၁၃၈။ သွန်မဆင် တတိယရိပ်သာလမ်း = ဗိုလ်တထောင် လမ်းသွယ် ၃ လမ်း (ဗိုလ်တထောင်)





၁၃၉။ သွန်မဆင် စတုတ္ထရိပ်သာလမ်း = ဗိုလ်တထောင် လမ်းသွယ် ၄ လမ်း (ဗိုလ်တထောင်)

၁၄၀။ ဟိဖယ်ဝတ်လမ်း = ဓရာမြိုင်လမ်း (ဗိုလ်တထောင်)

၁၄၁။ အဒမိမ်ဆင်လမ်း = ၅၄ လမ်း (ဗိုလ်တထောင်)

၁၄၂။ ဂရန့်လမ်း = ကြာဖြူလမ်း (ဗိုလ်တထောင်)

၁၄၃။ ဘက်ထရီလမ်း = ဝရစိန်လမ်း (ဗိုလ်တထောင်)

၁၄၄။ လစ်ဗီလမ်း = မီးပြလမ်း (ဗိုလ်တထောင်)

၁၄၅။ အယ်လ်ဂျင်လမ်း = ကေရာဇ်လမ်း (ဗိုလ်တထောင်)

၁၄၆။ ဘရွတ်ကင်းလမ်း = ဗိုလ်ကလေးဈေးလမ်း (ဗိုလ်တထောင်)

၁၄၇။ စပတ်လမ်း = ဗိုလ်အောင်ကျော်လမ်း (ဗိုလ်တထောင်)

၁၄၈။ ကနေဒီလမ်း = ဦးအောင်မြတ်လမ်း (မင်္ဂလာတောင်ညွန့်)

၁၄၉။ ကင်းအက်ဒွပ်အဲဗင်းနယူး = ဗိုလ်မင်းခေါင်လမ်း (မင်္ဂလာတောင်ညွန့်)

၁၅၀။ လစ်ကင်းလံစစ်စတားလမ်း = ဒေါ်သိန်းတင်လမ်း (မင်္ဂလာတောင်ညွန့်)

၁၅၁။ အီဗင်ဆင်လမ်း = မြယာကုန်းလမ်း (မင်္ဂလာတောင်ညွန့်)

၁၅၂။ ဘိုးလိန်းလမ်း = ဗညားဒလလမ်း (မင်္ဂလာတောင်ညွန့်)

၁၅၃။ စိန်အန်ထော်နီလမ်း = ဦးဖိုးကျားလမ်း (မင်္ဂလာတောင်ညွန့်)

၁၅၄။ နီကိုလ်းလမ်း = ငမိုးရိပ်လမ်း (မင်္ဂလာတောင်ညွန့်)

၁၅၅။ မတ္တရီကာလမ်း = သစ္စာလမ်း (မင်္ဂလာတောင်ညွန့်)

၁၅၆။ အဲရှီးလိန်းလမ်း = နှောင်ရိုးလမ်း (မင်္ဂလာတောင်ညွန့်)

၁၅၇။ သမိုင်းလင့်ခ်လမ်း = ကျိုက်ဝိုင်းဘုရားလမ်း (မရမ်းကုန်း)

၁၅၈။ ဒူးဘန်းလမ်း = မလိခလမ်း (မရမ်းကုန်း)

၁၅၉။ ယာဒီလမ်း = သလ္လာဝတီလမ်း (မရမ်းကုန်း)

၁၆၀။ ကိုဟင်းလမ်း = ရွက်လှလမ်း (မရမ်းကုန်း)

၁၆၁။ ကရ်စ်ခ်လမ်း = သိင်္ဂီလမ်း (သဃ်န်းကျွန်း)

၁၆၂။ ချန်စဖို့လမ်း = အောင်သီရိလမ်း (သဃ်န်းကျွန်း)

၁၆၃။ ဇော်လမွန်လမ်း = ဥယျာဉ်လမ်း (သဃ်န်းကျွန်း)

၁၆၄။ တင်းပယ်လ်လမ်း = ဘောဂလမ်း (သဃ်န်းကျွန်း)

၁၆၅။ ကာပင်တိုင်လမ်း = ယုဇနလမ်း (သဃ်န်းကျွန်း)

၁၆၆။ ပနဒီယာလမ်း = သော်ကလမ်း (သဃ်န်းကျွန်း)

၁၆၇။ ဘာတာဖီလ်းလမ်း = နှင်းဆီကုန်းလမ်း (သဃ်န်းကျွန်း)

၁၆၈။ ဘတ်စ်လမ်း = မင်္ဂလာလမ်း (သဃ်န်းကျွန်း)



www.burmeseclassic.com


www.burmeseclassic.com



၁၆၉။ မဟာရာဂျာလမ်း = မဟာမြိုင်လမ်း (သင်္ဃန်းကျွန်း)
၁၇၀။ ရှိမူရမ်လမ်း = အောင်မင်္ဂလာလမ်း (သင်္ဃန်းကျွန်း)
၁၇၁။ ရမ်းမင်းလမ်း = ယုဝလမ်း (သင်္ဃန်းကျွန်း)
၁၇၂။ ဝိတိုရိယလမ်း = ရတနာလမ်း (သင်္ဃန်းကျွန်း)
၁၇၃။ ဝီလျံလမ်း = သီတာအေးလမ်း (သင်္ဃန်းကျွန်း)
၁၇၄။ ဟာဒင်လမ်း = အောင်သုခလမ်း (သင်္ဃန်းကျွန်း)
၁၇၅။ ဟာမစ်ရှင်လမ်း = ဟင်္သာတလမ်း (သင်္ဃန်းကျွန်း)
၁၇၆။ အဗူးကေတဘာလမ်း = ကြိုးစက်ရုံလမ်း (သင်္ဃန်းကျွန်း)
၁၇၇။ အားနိုလ်းလမ်း = ပြည်တော်သာလမ်း (သင်္ဃန်းကျွန်း)
၁၇၈။ ကောလိပ်လမ်း = သခင်မြပန်းခြံလမ်း (အလုံ)
၁၇၉။ ကူရှင်လမ်း နှင့် အနောက်လမ်း = အောင်ရတနာလမ်း (အလုံ)
၁၈၀။ ဆူပါပင်လမ်း = ငုဝါလမ်း (အလုံ)
၁၈၁။ ဖူးကားလမ်း = စကားစိမ်းလမ်း (အလုံ)
၁၈၂။ ဖိုက်ချ်လမ်း = ရှမ်းလမ်း (အလုံ)
၁၈၃။ ချန်းမားဇီလမ်း = နှင်းဆီလမ်း (အလုံ)
၁၈၄။ စတားရက်လမ်း = နွယ်သာကီလမ်း (အလုံ)
၁၈၅။ နော်မန်ကျောင်းလမ်း = နံ့သာလမ်း (အလုံ)
၁၈၆။ ဖွိုင်လမ်း = ရန်ပိုင်လမ်း (အလုံ)
၁၈၇။ ဘင်တန်လမ်း = သီတာလမ်း (အလုံ)
၁၈၈။ ဆရာမတ်ကြီးလမ်း = ဝေဘာဂီလမ်း (အလုံ)
၁၈၉။ ပိုင်းလမ်းဖြတ်လမ်း ၁ = သိန္ဓိဖြတ်လမ်း ၁ လမ်း (အလုံ)
၁၉၀။ ပိုင်းလမ်းဖြတ်လမ်း ၂ = သိန္ဓိဖြတ်လမ်း ၂ လမ်း (အလုံ)
၁၉၁။ ပိုင်းလမ်းဖြတ်လမ်း ၃ = သိန္ဓိဖြတ်လမ်း ၃ လမ်း (အလုံ)
၁၉၂။ ဖရင်ကလင်လမ်း = သဇင်လမ်း (အလုံ)

မှရင်း by Myanmar Pyi Thar







အလောင်းမင်းတရားစဉ်က ရန်ကုန်

www.burmeseclassic.com

www.burmeseclassic.com




သာယာဝတီမင်းခေတ် ရန်ကုန်



## အခန်း(၁)
## ရှေးဟောင်းရာဇဝင်များတွင် ဖော်ပြသော ရန်ကုန်သမိုင်းဆိုင်ရာ မှတ်တမ်းများ

ရန်ကုန်မြို့နှင့် ပတ်သက်သော ရှေးဟောင်းရာဇဝင်များတွင် ဖော်ပြသော အချက်အလက်များအရ ရွှေတိဂုံဘုရားနှင့် ရန်ကုန်မြစ်သည် အဓိကအကျဆုံးဖြစ်ကြောင်း တွေ့ရသည်။ အများအားဖြင့် တိကျသော အချက်အလက်အထောက်အထားများတော့ မဟုတ်ပေ။ ပါးစပ်ရာဇဝင်မျှသာဖြစ်သော်လည်း၊ ဒေသခံလူမျိုးတို့၏ ယုံကြည်မှုသည် ကိုးကွယ်ယုံကြည်မှုဓလေ့ထုံးစံနှင့် ဆက်စပ်လေရာ၊ ရန်ကုန်သမိုင်းပြုစုသူ ကျွန်ုပ်အနေဖြင့် မှန်သည်၊ မှားသည်ဟု ခွဲခြမ်းစိတ်ဖြာဖော်ပြမည် မဟုတ်ဘဲ၊ ဒေသခံတို့၏ လက်ခံယုံကြည်မှုအတိုင်း ဖော်ပြမည်သာဖြစ်ပါသည်။ အထောက်အထား အမှန်အမှားကို အကဲဖြတ်ရမည့်အလုပ်သည် ရှေးဟောင်းသမိုင်း သုတေသနပညာရှင်များ၏ အလုပ်မျှသာဖြစ်သည်။

ဗမာပြည်ဟု မပေါ်မီကာလ၊ ဗုဒ္ဓဘုရားရှင်တော် သက်ရှိထင်ရှားအချိန်ကာလကတည်းက ရန်ကုန်မြို့ရှိ သိင်္ဂုတ္တရကုန်းမြင့်ပေါ်တွင် ရွှေတိဂုံဘုရားသည် တည်ရှိနေပြီးဖြစ်သည်။

ဧရာဝတီမြစ်ဝကျွန်းပေါ် အချက်အချာဒေသတွင် ရှိသောကြောင့် ရန်ကုန်မြို့သည် ဗမာပြည်၏ မြို့တော်ဖြစ်သင့်သော်လည်း ဗမာဘုရင်တို့သည် သူတို့၏ မွေးရပ်ဇာတိကိုသာ မင်းနေပြည်တော်အဖြစ် တည်ထောင်ခဲ့သောကြောင့် ပုဂံမြို့၊ စစ်ကိုင်းမြို့၊ ရွှေဘိုမြို့၊ အမရပူရမြို့၊ မန္တလေးမြို့ စသည်ဖြင့် ကုန်းတွင်းပိုင်းကျသော ဒေသများတွင်သာ



www.burmeseclassic.com

www.burmeseclassic.com



မြို့ကြီးများအဖြစ် ပေါ်ပေါက်ခဲ့ပြီး၊ ကိုးကွယ်ယုံကြည်မှု ဘာသာတရားအရ အချက်အချာကျသော ရွှေတိဂုံဘုရားတည်ရှိသော ရန်ကုန်ဖြစ်လာမည့် ထိုစဉ်က ဒဂုံမြို့(Dagon)လေးသည် မင်းနေပြည်တော် မဖြစ်ခဲ့ပေ။

အထင်ကရအဖြစ် ဒဂုံမြို့၏ ရပ်တည်မှုသမိုင်းကို လေ့လာသော်၊ လွန်ခဲ့သည့် နှစ်ပေါင်းနှစ်ရာခန့်က မွန်လူမျိုးတို့ မြို့တည်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။ ၁၈ ရာစုအလယ်တွင် ရွှေတိဂုံဘုရားသည် ဘာသာရေးအရ အချက်အချာဖြစ်လာပြီး၊ ဒဂုံမြို့သည် စည်ကားစပြုလေသည်။ ရိုးရာယုံကြည်မှုအရ ရွှေတိဂုံဘုရားကို ဥက္ကလာ(U Kkala)နိုင်ငံမှ ကုန်သည်နှစ်ဦးဖြစ်သော တဖုဿ(Taphussa) နှင့် ဘလ္လိက(Bhallika) တို့က တည်ဆောက်ခဲ့ကြသည်ဟု သိရသည်။

ထိုခေတ်က ဥက္ကလာနိုင်ငံသည် ရန်ကုန်မြစ်နှင့် တွံတေးမြစ်တို့ကြား၌ တည်ရှိသော နိုင်ငံတစ်ခု ဖြစ်သည်။ ဥက္ကလာနိုင်ငံနှင့် အိန္ဒိယကမ်းခြေနိုင်ငံများသည် ကုန်စည်ကူးသန်းရောင်းဝယ် အဆက်အသွယ်ရှိခဲ့သည်။ ဆန်နှင့် အခြားသော ကုန်ပစ္စည်းများကို အိန္ဒိယသို့ ပို့ပြီး၊ အိန္ဒိယမှ ထွက်ကုန်များကို ဥက္ကလာနိုင်ငံသို့ ပြန်၍ သယ်ကြသည်။ ဥက္ကလာနိုင်ငံကို အော်ရစ်ဆ(Orissa)နိုင်ငံဟုလည်း ခေါ်ခဲ့ကြသည်။

ဗုဒ္ဓ၏ ဆံတော်မြတ်ဌာပနာ၍ တည်ဆောက်ခဲ့သော ဘုရားကို ရွှေတိဂုံဘုရား(Shwe Dagon) ဟု အမည်ပေးခြင်းသည် အေဒီ ၁၄၈၅ (1485 A.D) တွင် ထီးနန်းစိုးစံနေသော ဓမ္မစေတီမင်း(King Dammazedi)က အမည်နာမ ပေးခဲ့ခြင်းဖြစ်သည်။ ဓမ္မစေတီမင်းသည် မွန်ဘုရင်ဖြစ်သည်။ ထိုခေတ်ကာလက ရန်ကုန် (ဒဂုံ)မြို့အပါအဝင်၊ တောင်ငူမြို့မှ စ၍ အောက်ဖက်ပိုင်းသည် မွန်တို့ဌာနေဖြစ်ပြီး၊ မြေသြဇာကောင်းမွန်သော မြစ်ဝကျွန်းပေါ်မှာ ဆန်ရေစပါး ပေါကြွယ်ဝသည်။ စီးပွားရေး နိုင်ငံခြားကူးသန်းရောင်းဝယ်ရေးလုပ်ငန်းအားလုံး ကောင်းမွန်သည်။

ဗမာတို့၏ မင်းနေပြည်တော်သည် ပုဂံမြို့ဖြစ်သည်။ ဗုဒ္ဓဘာသာကို မွန်လူမျိုးတို့က ဗမာနိုင်ငံတော်ကြီးကောင်းစားခဲ့စဉ် ခေတ်ကာလကတည်းက ရရှိခဲ့ခြင်းဖြစ်သည်။ ထေရ–ဗုဒ္ဓသာသနာတော်သည် သထုံဘုရင် မနူဟာမင်းကြီးကို အနော်ရထာမင်းကြီးက စစ်နိုင်ခဲ့သောအချိန်မှသာ ပုဂံသို့ ထေရဗုဒ္ဓသာသနာတော် ရောက်ရှိလာခြင်းဖြစ်သည်။

အေဒီ ၃ ရာစုတွင် ဟိန္ဒူကိုလိုနီများသည် အိန္ဒိယ အရှေ့ဖက်ကမ်းခြေတစ်လျှောက်နှင့် အနောက်ဖက်ကမ်းခြေတစ်လျှောက်တွင် အစီအရီ ပေါ်ထွက်လာပြီး ကုန်သွယ်ရေးအတွက် ကုန်သွယ်စခန်းများစွာ ထူထောင်လာကြသည်။

ထိုဟိန္ဒူခေတ်ကောင်းစဉ်ကာလတွင် မြစ်ဝကျွန်းပေါ်ဒေသနှင့် ကုန်စည်ကူး





သန်းရောင်းဝယ်မှုလည်း ထွန်းကားလာခဲ့သည်။ ရေမြေအနေအထားအရ လွန်စွာကွာဝေးသောကြောင့် ဟိန္ဒူတို့သည် မြစ်ဝကျွန်းပေါ်ဒေသတွင် ကိုလိုနီပြုခြင်း မရှိခဲ့ဘဲ၊ ကုန်သည်များသာလျှင် ဒေသခံတို့နှင့် အိမ်ထောင်ကျပြီး အခြေချနေထိုင်ခြင်းမျှသာ ရှိခဲ့သည်။

ရွှေတိဂုံစေတီတော်ကို အခြေခံပြီး ဒဂုံဟု အမည်မှည့်သည်ဟုလည်း ဆိုကြသည်။ ဒဂုံ(Dagon)၏ အဓိပ္ပါယ်သည် လွန်စွာ ကျယ်ဝန်းသည်။ ဖိုနေးရှန်းတို့က ဒဂုံ(Dagon)ကို ငါးဘုရားသို့မဟုတ် ဘုရားငါး (The Fish -God) ဟု အဓိပ္ပါယ်ဖွင့်ကြသည်။

မွန်တို့၏ ဒဂုံမြို့၏ ကနဦးအမည်မှာ ဒဂုံမဟုတ် 'တိကုမ်ဘ'(Tikumba) ဖြစ်သည်။

ထို့နောက် ကာလရွေ့လျားလာသောအခါ 'တိကန်' (Tikun) ဖြစ်လာသည်။ ထိုမှတဆင့် (Takun) 'တကန်' ဖြစ်လာသည်။

မွန်ဘာသာဖြင့် 'တိကုမ်ဘ' (Tribakumba) ဆိုသည်မှာ အဓိပ္ပါယ်အရ တောင်သုံးလုံး၏ ထိပ်ဟု အဓိပ္ပါယ်ရသည်ဟု ဆရာကြီး ဦးဖေမောင်တင်က ရှင်းပြခဲ့သည်။

ရွှေတိဂုံစေတီတော်ကို မွန်များနှင့် အိန္ဒိယသားဟိန္ဒူများ အတူတကွ တည်ဆောက်ပြုပြင်ထိန်းသိမ်းခဲ့ကြသည်ဟု အဆိုများက ဆိုကြသေးသည်။

မွန်တို့၏ ရိုးရာအယူအဆမှာလည်း လွန်စွာ ရှုပ်ထွေးလှသည်။ အလုံးစုံကို ပေါ်ပြရန် မဖြစ်သောကြောင့် တစ်ခုမျှ ဥပမာပေးပါမည်။ မွန်တို့က ဒဂုံဆိုသည်မှာ မွန်ဘာသာဖြင့် 'လမ်းပေါ်တွင် သစ်ပင် သို့မဟုတ် သစ်လုံးတစ်ခု လဲကျနေသည်'ဟု အဓိပ္ပါယ်ရသလို 'စမ်းချောင်းထဲတွင် သစ်ပင် သို့မဟုတ် သစ်လုံးတစ်ခု လဲကျနေသည်' ဟုလည်း အဓိပ္ပါယ်ရသည်။

မည်သို့ဆိုစေကာမူ ကွဲပြားသော ဝိဝါဒတစ်ခုချင်းကို ရှင်းနေမည့်အစား လိုရင်းတိုရှင်းဆိုရသော် ဒဂုံသည် မွန်ဘာသာစကားလုံးဖြစ်သည်။

ဒဂုံမြို့သည်၊ ဟိန္ဒူတို့ခေတ်ကောင်းစဉ်ကာလတွင် ဟိန္ဒူတို့၏ ကိုလိုနီဟု အတိအကျ မဆိုနိုင်သော်လည်း ဟိန္ဒူများ ကြီးစိုးနေကြသည်ဟုတော့ ဆိုနိုင်သည်။ သို့သော် စနစ်တကျ အုပ်ချုပ်ထားခြင်းမျိုးတော့ မဟုတ်ပေ။

လူနေရပ်ကွက်များက ဟိုနားတစ်စု ဒီနားတစ်စုမျှသာ ဖြစ်သည်။ အိမ်ကြီး အိမ်ငယ် ရောနှောနေသည်။ ကိုယ်နေသည့်ရပ်ကွက်အတွက် ကိုယ်တိုင်လမ်းဖောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နေကြရာ မြို့အင်္ဂါရပ်တော့ မရှိပေ။ နေရာတိုင်းတွင် တောအုပ်ကြီးများက ကြီးစိုးနေသည်။ အစောပိုင်းအခြေချနေထိုင်သူများသည် ဆူးလေဘုရားတစ်ဝိုက်တွင် အတော်လေးစုစုရုံးရုံးဖြစ်လာသောကြောင့် ဆူးလေဘုရားနေရာသည် မြို့အဖြစ် သတ်သတ်မှတ်မှတ်မရှိသေးသော အချိန်ကာလကတည်းက စည်ကားခဲ့သည်။

ရွှေတိဂုံစေတီအနီးပါတ်ဝန်းကျင်သည် ဗြိတိသျှကိုလိုနီခေတ်ကာလအထိတောအုပ်ကြီးများသာဖြစ်သည်။ မြို့၏ အရှေ့ဖတ် ပုဇွန်တောင်ချောင်းအနီးတွင် ဆင်းရဲသားများ နေထိုင်ကြသော ဗမာရွာလေး ရှိခဲ့သည်။ ပုဇွန်တောင်ချောင်းသည် ပဲခူးမြစ်ထဲသို့ စီးဝင်သွားသည်။ တွံတေးမြစ်ကမ်းဖက်တွင် အိမ်ခြေအနည်းငယ်ရှိသည်။ ရန်ကုန်မြို့ကို ရန်ကုန်မြစ် (ခေါ်) လှိုင်မြစ်သည် တောင်ဖက်နှင့် အနောက်ဖက်က ဝန်းရံထားသည်။ မြို့၏ အရှေ့ဖက်တွင် ပဲခူးမြစ်က ဝန်းရံသည်။

## မြစ်ဝကျွန်းပေါ်ဒေသနှင့်ပတ်သက်သောအယူအဆ

မြစ်ဝကျွန်းပေါ်ဒေသသည်၊ ဗမာပြည်၏ အသက်သွေးကြောဖြစ်သည်။ ဆန်စပါးအများဆုံးထွက်သော ဒေသလည်းဖြစ်သည်။ အေဒီ ၇ ရာစုအထိ ပြည်မြို့သည် မြစ်ဝကျွန်းပေါ်၌ ပါဝင်နေသည်။ တရုတ်ကုန်သည်ကြီး Hsuan Tsang ၏ ခရီးသွားမှတ်တမ်းတွင် ပြည်မြို့ဆိပ်ကမ်းသည် ပင်လယ်အနီးတွင် ရှိသည်ဟု ဆိုသည်။ သူသည် စစ်တကောင်းမြို့အရှေ့မြောက်ဖက်တွင် ရှိသော Sri Ksetra မြို့သို့လည်း ကုန်သွယ်ကိစ္စဖြင့် ရောက်ဖူးသူဖြစ်သည်၊ သူ၏ ပြည်မြို့ (prome) ဟု သတ်မှတ်ခဲ့သော ဆိပ်ကမ်းမြို့သည်၊ အခြားမြို့တစ်ခုခုဖြစ်နေပါက လွဲမှားနိုင်ပါသည်။

လွန်ခဲ့သော နှစ်တစ်ရာကျော်ရောက်အချိန်ကာလတုန်းက၊ (ဤစာတမ်းပြုစုချိန်သည် ၁၉၃၀ ကျော်အချိန်ကာလဖြစ်သည်။) ပြည်မြို့ သဘော်ကျင်းတွင် တန်ချိန်သုံးရာမှ တန်ချိန်လေးရာအထိ ရှိသော သဘော်ကြီးများ တည်ဆောက်ခဲ့သည်ဟု သမိုင်းမှတ်တမ်းများအရသိရသည်။ (Cox: Journal of Aresidence in Burmhan Empire )

သို့သော် ယခုခေတ် ၁၉၃၀ ပြည့်လွန်ကာလတွင်မူ ပြည်မြို့သည် ပင်လယ်နှင့် မိုင်ပေါင်း ၂၃၃ မိုင် ကွာဝေးနေပြီဖြစ်သည်။ ပျမ်းမျှမြေသားဖို့နုန်းသည် ၁၃ နှစ်တွင် ၂ မိုင်နှုန်းဖြစ်သည်။ ထိုအချိန်က သောင်တူးစက်များဖြင့် သောင်တူးခြင်းမျိုးမရှိသောကြောင့် မြစ်မှ သယ်ဆောင်လာသော နုံးမြေများသည် မာကြောသည့် တောင်ကုန်းတောင်တန်း ကုန်းမြေမြင့်များဖြစ်ပေါ်လာခြင်းဖြစ်သည်ဟု အချို့က ယူဆကြသည်။ ထိုနှုန်းဖြင့် တွက်ပါက နှစ်ပေါင်းတစ်ရာကြာသောအခါ ပြည်မြို့သည် ပင်လယ်နှင့်





အနည်းဆုံး ၄ မိုင်၊ ၅ မိုင်အထိ ကွာဝေးသွားမည်ဖြစ်သည်။

မြစ်ဝကျွန်းပေါ်ဒေသသည် ရောဝတီမြစ်တစ်လျှောက် တိုက်စား သယ်ယူလာသော နုံးအနည်အနှစ်များဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။ ထို့ကြောင့် အေဒီ ၇ ရာစုမှ အနေအထားနှင့် နှိုင်းယှဉ်သောအခါ ပြည်မြို့သည် ပင်လယ်နှင့် မိုင်းပေါင်း ၂၀၀ ကျော် ကွာဝေးခဲ့ခြင်း ဖြစ်သည်။

## BIBLIOGRAPHY


(1) C.O. Blagden:
E p, grapbia Birmanica III Part II
(2) J. Conder: Birmah,
Siam and Anam.
(3) E.Forch hammer
The Shwe Dagon.
(4) G.E. Gerini, Researches
an Ptolemy's Geography.
(5) R. Halli day (trans):
History of Kings
(Journal of the Burma)
Research Society X-III)
(6) G.E Harvey History of Burma.
(7) Pe Maung Tin:
The Shwe Dagon Pagoda.
(Journal of the Burma Research Society X X IX)
(8) Shwe Dagon Tha maing Athit (Rangoon 1924)


■■■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

## ဒဂုံ (DAGON)

အေဒီ ၁၁ ရာစုအလယ်တွင် ပုဂံဘုရင်'အနော်ရထာ'ထံတွင် စစ်တိုက်အလွန်တော်သည့် သူရဲကောင်းများစွာ ပေါ်ထွန်းခဲ့သောကြောင့် အနီးအနားရှိ ဒေသအားလုံးကို စစ်တိုက်ခဲ့ရာ ပွဲတိုင်းအောင်တပ်မတော်ကြီးအဖြစ် ထင်ရှားလာခဲ့သည်။ ထို့ကြောင့် အနော်ရထာ အောက်ဗမာပြည်ကို နယ်ချဲ့လေတော့သည်။

အေဒီ ၁၀၅၄ သို့မဟုတ် ၁၀၅၇ ခုနှစ်တွင် အနော်ရထာ ဘုရင့်တပ်ကြီးသည် သထုံကို ဝင်ရောက်သိမ်းပိုက်ခဲ့ကြသည်။ ဒဂုံကိုလည်း သိမ်းပိုက်သည်။ ထိုအခါ ဒဂုံမြို့ရှိ စေတီ (ရွှေတိဂုံစေတီ) ၌ ဌာပနာထားသော မြတ်ဗုဒ္ဓဆံတော်ကို သိမ်းပိုက်ခဲ့လေသည်။ ပုဂံသို့ရောက်သောအခါ (The relic-Chamber) တွင် မြှုပ်နှံသိမ်းဆည်းထားခဲ့သည်။

နရသီဟပတေဘုရင်လက်ထက်တွင် မြတ်ဗုဒ္ဓဆံတော်ကို မြှုပ်နှံသိမ်းဆည်းထားသော နေရာမှ ထုတ်ယူလိုက်သောအခါ၊ လေပြင်းမုန်တိုင်းတိုက်ခတ်ပြီး၊ လေဇော့ရာ ကြမ်းတမ်းလွန်းသောကြောင့် ဘုရင်နှင့် စစ်သားများအားလုံး ထိတ်လန့်တုန်လှုပ်ကုန်ကြသည်။ ထို့ကြောင့် ဆံတော်ကို ပတ္တမြားကြုပ်ထဲ ထည့်ပြီး ရွှေထီးငွေထီး ဆောင်းပေး ထားရသည်။

သို့သော် မွန်နန်းရာဇဝင်တွင် ဖော်ပြသည်မှာ ဗမာရာဇဝင်တွင် ဖော်ပြသောအချက်နှင့် လုံးဝမတူ ကွဲပြားနေသည်။ မွန်တို့ကား ပုဂံခေတ်ကာလအချိန်တွင် ဟံသာဝတီပြည်ကြီး၊ သထုံပြည်ကြီးများသည် မွန်တို့၏ ထီးပြိုင်နန်းပြိုင်၊ တိုင်းနိုင်ငံများဖြစ်သည်။ ထိုအချိန်က ဒဂုံမြို့ မပေါ်ပေါက်သေးပေ။ ဒလမြို့သာရှိသည်။ ဒလမြို့သည် တွံတေးကုန်းတန်းအနီးတွင်ရှိသော ခံတပ်မြို့တစ်မြို့ဖြစ်သည်။

ထို့ကြောင့် ရွှေတိဂုံစေတီတော်တွင် ဌာပနာထားသော ဗုဒ္ဓ၏ဆံတော်အား အနော်ရထာမင်း ယူဆောင်သွားသည်ဆိုသော အချက်မှာ မမှန်နိုင်ပါ။ ထိုအချိန်က





ဒဂုံမြို့ဟူ၍ သတ်သတ်မှတ်မှတ်ပင် မရှိခဲ့သေးပါ။ အနော်ရထာမင်းသည် ဒလခံတပ်မြို့ကို တိုက်ခိုက်သိမ်းပိုက်လိုက်ခြင်းသာ ဖြစ်နိုင်သည်ဟု မွန်ရာဇဝင်က ဆိုသည်။

ပုဂံခေတ်ကာလသမိုင်းများကို လေ့လာသောအခါ ဒဂုံမြို့ရှိသည်ဟု မတွေ့ရဘဲ ဒလမြို့ကိုသာ တွေ့ကြလေသည်။ သို့သော် ၁၁၈၈ ခုနှစ် မှတ်တမ်းတွင် ဒလမြို့အရှေ့ပိုင်းမှ ရွာလေးကို 'ဒဂုံ'ဟု ခေါ်ဆိုကြောင်း ရေးမှတ်တမ်းများတွင် ဖော်ပြကြသည်။

အေဒီ ၁၁၈၀ (AD 1180) တွင် သီရိလင်္ကာမှ စင်ဂါလိ(စ်) (The Cingalese) ကျူးကျော်နယ်ချဲ့သူများသည် မြစ်ဝကျွန်းပေါ်ဒေသကို ကျူးကျော်တိုက်ခိုက်ရာတွင် ဒဂုံမြို့ကို တိုက်ခိုက်ဖျက်ဆီးခဲ့ကြသည်ဟု သီရိလင်္ကာသမိုင်းတွင် ဖော်ပြထားသည်ကို တွေ့ရပြန်သည်။ သို့သော် ဖြစ်နိုင်သည့်မြို့သည် ဒဂုံမြို့မဟုတ်ဘဲ၊ Bassein ဟု ခေါ်သည့် (Pusim) ပုသိမ်မြို့ဖြစ်နိုင်သည်။ အချို့က ကုသိမ် (Kusin) ဟုလည်း ခေါ်ကြသည်။

ဗမာရာဇဝင်အဆိုအရ ယခု ရန်ကုန်၊ တံတားကလေး ရှိရာအရပ်တွင် အနော်ရထာမင်း၏ ပုဂံစစ်သည်များစွာတို့သည် ပလိပ်ရောဂါဖြစ်ပွားပြီး၊ သေဆုံးခဲ့သောကြောင့် ဖြစ်သလို မြှုပ်နှံခဲ့ရသည်ဟု သမိုင်းမှတ်တမ်းများအရ သိရပါသည်။ ထို့ကြောင့် ဒဂုံမှာ မြို့တစ်ခု၏ ဂုဏ်အင်္ဂါ မရှိသေးသော်လည်း ရွှေတိဂုံဘုရားကို အနော်ရထာမင်း ကိုယ်တော်တိုင် ရောက်ခဲ့နိုင်သည်ဟု သမိုင်းဆရာတို့က ဖော်ပြကြသည်။

ပုဂံပျက်ပြီးနောက် အေဒီ ၁၃ ရာစုတွင် အောက်ဗမာပြည်တွင် မွန်တို့ပြန်လည်ကြီးစိုးခဲ့လေရာ၊ သထုံမင်းနေပြည်တော်နှင့် ဟံသာဝတီတို့ ပျက်ပြီး၊ မုတ္တမမြို့ဟူ၍ မြို့သစ်ပေါ်ပေါက်လာသည်။

အေဒီ ၁၄ ရာစုတွင် မွန်တို့၏ မုတ္တမမြို့တော်ထက် ပို၍စည်ကားသော ပဲခူးမြို့နှင့် ဒဂုံမြို့တို့ စတင်ပေါ်ပေါက်လာသည်။

အေဒီ ၁၃၅၃ (AD.1353) မှ အေဒီ ၁၃၈၅ (AD.1385) အထိ အချိန်ကာလတွင် ဒဂုံမြို့ကို မွန်ဘုရင် 'ဗညားဦး'အုပ်စိုးစဉ်ကာလ၌ ရွှေတိဂုံစေတီကို ပြုပြင်ခဲ့သည်ဟု မွန်သမိုင်း၌ ဖော်ပြကြသည်။

မွန်ဘုရင် 'ဗညားဦး'သည် ပုဂံဘုရင် ဖျက်ဆီးခဲ့သော ဒလမြို့ကို ပြန်လည်ပြုပြင်ခြင်း မပြုဘဲ ဒဂုံမြို့ကိုသာ ဦးစားပေးခဲ့သည်။ ဗညားဦး၏ ညီမ မင်းသမီးမဟာဒေဝီသည် ဒဂုံမြို့ကို အုပ်ချုပ်ရသော ဒဂုံမြို့စားဖြစ်လာသည်။

ထို့နောက် ဗညားနွဲ့ကို ဒဂုံမြို့စားအဖြစ် တာဝန်ပေးခဲ့သည်။ ဗညားနွဲ့သည် နောင်တွင် ဗမာရာဇဝင်နှင့် မွန်ရာဇဝင်တို့တွင် အလွန်ထင်ရှားသော ရာဇာဓိရာဇ်



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ကြီး ဖြစ်လာခဲ့သည်။ ဗညားနွဲ့သည် သူ၏ ညီမဝမ်းကွဲတော်စပ်သူ တလမိဒေါ်ကို ခိုးယူခဲ့သည်။

ပဲခူးဘုရင် ဗညားဦးက မကျေနပ်သောကြောင့် စစ်တပ်စေလွှတ်ပြီး ဒဂုံကို တိုက်ရာ ဗညားနွဲ့၏အစ်ကို ဒလမြို့စားက စစ်ကူပို့ပေးခဲ့သည်။ စစ်ကူရသောအခါ စစ်တိုက်အလွန်တော်သည့် ဗညားနွဲ့သည် ရန်သူများကို ပဲခူးမြို့အထိ လိုက်ပြီးတိုက်လေသည်။

မဟာဒေဝီကလည်း ဗညားနွဲ့ကို တိုက်ခိုက်ရန် သမိန်မာရူးကို စေခိုင်းလိုက်သည်၊ သမိန်မာရူးသည် ဗညားနွဲ့၏ နှမကို ယူထားသူဖြစ်သည်။ အကယ်၍ ဗညားနွဲ့ကို သတ်နိုင်ခဲ့သော် မွန်ဘုရင်ကြီး ဗညားဦး နတ်ရွာစံချိန်တွင် ထီးနန်းကို သားတော်မရှိသည့်အခါ သမီးတော်က ဆက်ခံခွင့်ရမည်။ ထို့ကြောင့် ဗညားနွဲ့ကို သတ်ဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။

တစ်ကြိမ်တွင် မဟာဒေဝီကိုယ်တိုင် အတော်ဆုံး စစ်သည်တော်များ စေလွှတ်ပြီး လုပ်ကြံသော်လည်း ဗညားနွဲ့က လူသတ်သမားအားလုံးကို သတ်ဖြတ်နိုင်ခဲ့သည်။

ဗညားနွဲ့နှင့် ဒလမြို့စားဖြစ်သော အစ်ကိုတော်တို့သည် တစ်ဦးကို တစ်ဦး သစ္စာရှိကြသည်။ ဒလမြို့စားက အသုတ်ဘုရား (A Thok Pagoda) တည်ထားကိုးကွယ်သောအခါ၊ ဗညားနွဲ့က ရွှေတိဂုံဘုရားကို ပြုပြင်ပြီး ကိုးကွယ်ခဲ့သည်။

ဗညားနွဲ့သည် မြို့ရိုးများ မျှော်စင်များ အခိုင်အမာပြုလုပ်ခဲ့သည်ဟု ဆိုသည်။

သို့သော် မြောင်းမြမြို့စား လောက်ဖျား (Laukpya) က–

*"အကျွန်ုပ် ဒဂုံကို သွားတိုက်တော့၊ သစ်လုံးတွေ ကာထားတာဘဲ တွေ့ပါတယ်။ အုတ်မြို့ရိုး အခိုင်အမာတည်ဆောက်ထားတာ မရှိပါဘူး"*ဟု ဆိုသည်။ *"ရေကြီးလာတဲ့အတွက် နေစရာမရှိ စားစရာမရှိလို့ ကြာရှည်သိမ်းပိုက်မထားနိုင်ပါဘူး"*ဟု လောက်ဖျားက ဆိုခဲ့သည်။ လောက်ဖျားသည် မဟာဒေဝီနှင့် ပေါင်းပြီး ဗညားနွဲ့ကို တိုက်ရာ ဒလမြို့စားက စစ်ကူပို့ခဲ့သည်။ စစ်ကူရသောအခါ ဗညားနွဲ့၏ တိုက်ခိုက်မှု စွမ်းရည်သည် လောက်ဖျားထက် များစွာသာသောကြောင့် လောက်ဖျားတို့ ထွက်ပြေးရသည်။ ပဲခူးမြို့ ရောက်အောင် ပြေးရာ ဗညားနွဲ့က ပဲခူးမြို့ကို ဝင်သိမ်းလိုက်သည်။

ထိုအချိန်တွင် မွန်ဘုရင် ဗညားဦး နတ်ရွာစံသောကြောင့် ဗညားနွဲ့သည် 'ရာဇာဓိရာဇ်'အမည်ဖြင့် မွန်ထီးနန်းကို စိုးစံခဲ့လေသည်။

ဗညားနွဲ့ မွန်ဘုရင်ဖြစ်လာသည်နှင့် ရန်သူတော် သမိန်မာရူးသည် မုတ္တမသို့ ထွက်ပြေးသွားလေသည်။ သို့သော် ရာဇာဓိရာဇ်က လိုက်၍ဖမ်းဆီးပြီး သတ်ဖြတ်ခဲ့သည်။





အဒေါ်ဖြစ်သူ မဟာဒေဝီသည် အသက်ကို အကြိမ်ကြိမ်ရန်ရှာသည့် ရန်သူတော်ဖြစ်သော်လည်း ငယ်ရွယ်စဉ် ကလေးဘဝ၌ ကြည့်ရှုစောင့်ရှောက်ခဲ့သော ကျေးဇူးနှင့် သံယောဇဉ်ကို ထောက်ထားပြီး ဗညားနွဲ့က ခွင့်လွှတ်ခဲ့သည်။ ထိုမျှမက ဒဂုံမြို့စားအဖြစ်လည်း ပြန်လည် ပေးအပ်ခဲ့သည်။

ဗညားနွဲ့၏ ရန်သူများကို တိုက်ခိုက်သော စစ်ဆင်ရေးကာလများတွင် အာရပ်ကုန်သည်များနှင့် အိန္ဒိယမွတ်စလင်များက ဝိုင်း၍ ကူညီခဲ့ကြသောကြောင့် ရာဇာဓိရာဇ်လက်ထက်တွင် အာရပ်ကုန်သည်များနှင့် အိန္ဒိယမွတ်စလင်များကို များစွာ ဦးစားပေးခဲ့သည်။ ထိုမျှမက နိုင်ငံခြားသင်္ဘောသားများကို လွတ်လပ်စွာ ကူးသန်းသွားလာခွင့်ပေးခဲ့သည်။ ထိုအခါ ပေါ်တူဂီကုန်သင်္ဘောများသည် ပုသိမ်ဆိပ်ကမ်း၊ ဒလဆိပ်ကမ်း၊ မုတ္တမဆိပ်ကမ်းများသို့ စဉ်ဆက်မပြတ် ကုန်သွယ်ရန် ရောက်ရှိလာခဲ့ကြသည်။ ထိုအချိန်က ဒဂုံဆိပ်ကမ်း မရှိသေးပေ။ ပဲခူးသည် ဆိပ်ကမ်းမြို့ဖြစ်ခဲ့သည်။

ရာဇာဓိရာဇ်ထီးနန်းရသောအချိန်ကာလသည် အေဒီ ၁၃၈၅ (AD 1385) မှ ဖြစ်သည်။ ရာဇာဓိရာဇ်သည် စစ်တိုက်ခြင်းကို အထူးဝါသနာပါသူဖြစ်လေရာ၊ ရွှေတိဂုံစေတီတော်အပါအဝင် မည်သည့် စေတီပုထိုးကိုမျှ အဆင့်မြင့်ပြုပြင် မွမ်းမံ ထိန်းသိမ်းခြင်းမရှိခဲ့ဟု The History of Kings စာအုပ်တွင် စာရေးဆရာက ရေးသားဖော်ပြခဲ့သည်။ ရာဇာဓိရာဇ်မင်းလက်ထက်တွင် အထက်ဗမာပြည်၌ အင်းဝသည် နေပြည်တော် ဖြစ်သည်။ ထိုအချိန်က အင်းဝနေပြည်တော်ကို မင်းကြီးစွာစော်ကဲ (Min Kyi Swạsawke) ထီးနန်းစိုးစံနေသော အချိန်ကာလဖြစ်သည်။

မင်းကြီးစွာစော်ကဲသည် ပဲခူးကို ကျူးကျော်တိုက်ခိုက်သိမ်းပိုက်ပြီးနောက် အကာအကွယ်မဲ့နေသော ဒဂုံမြို့ကို ဝင်ရောက်တိုက်ခိုက် သိမ်းပိုက်ခဲ့သည်။ ရည်ရွယ်ချက်မှာ ရွှေတိဂုံဘုရားတွင် ဌာပနာထားသော မြတ်ဗုဒ္ဓ၏ ဆံတော်ကို ရယူရန်ဖြစ်သည်၊ ရှေးကျမ်းများအရ အနော်ရထာမင်းကြီး ယူသွားသည်ဟု ဆိုသော်လည်း မွန်ရာဇဝင်များအရ အနော်ရထာမင်းသည် ရွှေတိဂုံဘုရားမှ ဌာပနာကို ယူဆောင်ဖို့ ဝေးစွ၊ ရွှေတိဂုံဘုရားရှိသော နေရာကိုပင် အတိအကျမသိခဲ့ဟု ဆိုကြရာ မင်းကြီးစွာစော်ကဲက ဆံတော်မြတ်ကို ရယူဖို့လာခဲ့ခြင်း ဖြစ်သည်။

သို့သော် ယခု ကြည့်မြင်တိုင်ရပ်ကွက်ဟု ခေါ်သည့်နေရာသည် ယခင်က တောအုပ်များဖုံးပြီး တောင်ကုန်းမြင့်လေးအဖြစ် ရှိနေသည်။ ထိုကုန်းမြင့်မှ ကြည့်ပါက ရွှေတိဂုံဘုရားကို ကောင်းစွာ မြင်တွေ့လေရာ မင်းကြီးသည် စိတ်သဘောထားမြင့်မြတ်သော မင်းကောင်းမင်းမြတ်ဖြစ်သဖြင့် "ဒီနေရာက ဖူးမျှော်ရင်လည်း ရတာဘဲ ဒီနေရာက



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင်မြင်တာဘဲ ယခု သွားဖို့မလိုပါဘူး''ဟု မိန့်တော်မူခဲ့သောကြောင့် ထိုနေရာသည် ကြည့်မြင်တိုင်ရပ်ကွက်ဟူ၍ ဖြစ်လာသည်ဟု ရန်ကုန်မြို့သူမြို့သားများပြောသော ပါးစပ် ရာဇဝင်အရ သိရလေသည်။

ရာဇာဓိရာဇ်မင်းကြီးကို ဆက်ခံသော သားတော် ဗညားဓမ္မရာဇာ (AD 1423-1426) လက်ထက်တွင် ညီတော်မင်းသားနှစ်ပါးဖြစ်ကြသော ဒဂုံမြို့စားနှင့် ဒလ မြို့စားတို့သည် ပုန်ကန်ခြားနားခဲ့ကြလေသည်။ စစ်ပြေငြိမ်းစကားဆိုရာတွင် ဒဂုံမြို့တွင် စစ်ပြေငြိမ်းပြီး၊ ရွှေတိဂုံဘုရား အတူဖူးကြသည်ဟု မှန်မှတ်တမ်းများ၌ ဖော်ပြကြသည်။

ထီးနန်းဆက်ခံသော မွန်ဘုရင်တို့သည် မြတ်ဗုဒ္ဓ၏ ဆံတော်ကို ဌာပနာထားသော ရွှေတိဂုံစေတီတော်ကို အစဉ်အမြဲ တိုးချဲ့ခြင်း၊ မွမ်းမံခြင်း ပြုပြင်ခြင်းများ အဆက်မပြတ် ပြုလုပ်ခဲ့ကြသည်။ ထို့ကြောင့် ရွှေတိဂုံဘုရား၏ ဒီဇိုင်းပုံစံသည်လည်း မကြာခဏ ပြောင်းခဲ့သည်။

ဗညားကျန်ဘုရင် (AD 1450-1453) လက်ထက်တွင် ယနေ့ မြင်တွေ့နေရသော ရွှေတိဂုံဘုရား၏ ပုံသဏ္ဍာန်နှင့် အနီးစပ်ဆုံးတူသော အနေအထားကို ပြုပြင်တည်ဆောက်ခဲ့သည်။

ဗညားကျန်ကွယ်လွန်သော် ထီးနန်းဆက်ခံမည့်သူ မရှိပေ။ ထို့ကြောင့် ဝမ်းကွဲအစ်ကို မောဒေါသည် ဘုရင်ဖြစ်လာသည်။

မောဒေါဘုရင်သည် စရိုက်ကြမ်းသည်။ အလွန်ရက်စက်သည်။ ကာမဂုဏ်ကျူးသည်။ နန်းစံသောအချိန်ကာလသည် ၇ လတာမျှသာ ကြာခဲ့သည်။

မွန်ဘုရင်များ တက်လာတိုင်း၊ ရွှေတိဂုံစေတီကို ပြုပြင်ခဲ့ကြသော်လည်း ပဲခူးဘုရင်လက်ထက်တွင် ဘာသာရေးအရ အထွက်အမြတ်နေရာဟု သတ်မှတ်ခဲ့သည်။ ရက်စက်သော မောဒေါဘုရင်ကြီးကို ဆက်ခံသူမှာ မွန်ဘုရင်မကြီး 'ရှင်စောပု'ဖြစ်သည်။

ဘုရင်မကြီး ရှင်စောပုကို ၁၃၉၅ ခုနှစ်တွင် မွေးဖွားခဲ့သည်။ သူမသည် မွန်ဘုရင်ရာဇာဓိရာဇ်၏ သမီးတော်ဖြစ်သည်။ ၁၄၁၅ ခုနှစ်တွင် ရာဇာဓိရာဇ်၏တူတော် ဗညာဓွေးနှင့် အိမ်ထောင်ပြုခဲ့သည်။ ပဲခူးမြို့တွင် နေထိုင်စဉ် အင်းဝဘုရင် သီဟသူသည် ပဲခူးကို သိမ်းခဲ့သည်။

အင်းဝဘုရင် သီဟသူက သူမကို သိမ်းပိုက်ခဲ့သည်။ သီဟသူနှင့် လက်ထပ်ချိန်တွင် ရှင်စောပုသည် မုဆိုးမဖြစ်သည်။ သူမတွင် သားတစ်ယောက်နှင့် သမီးနှစ်ယောက်ရှိသည်။ •

သီဟသူမင်း နတ်ရွာစံသောအခါ ရှင်စောပုသည် ပုဂံမြို့စားနှင့် လက်ဆက်ခဲ့





ပြေနိုင်သည်။ ၁၄၃၀ တွင် သူမ၏ ဆရာတော် မွန်ဘုန်းတော်ကြီးနှစ်ပါးက ကယ်တင်ပေးခဲ့သောကြောင့် အင်းဝနေပြည်တော်မှ စွန့်စားပြီး ထွက်ပြေးခဲ့ကြသည်။

သူမ၏လေ့သည် ပဲခူးသို့ ချောမောစွာ ရောက်လေသည်။ စုစုပေါင်း ၇ နှစ်တိတိ မွေးရပ်မြေနှင့် ဝေးခဲ့ရသည်။

ဗညားရန်သည် သူမကို ဒဂုံတွင် နေထိုင်ခွင့်ပြုသည်။ ၁၄၄၆ ခုနှစ်တွင် သူမ၏ သားသည် ဗညားဝါရုအမည်ဖြင့်၊ ပဲခူးမြို့၌ မွန်ဘုရင်တစ်ပါးဖြစ်လာသည်။

မောဒေါဘုရင်ကြီး ကွယ်လွန်သောအခါ ရာဇာဓိရာဇ်မျိုးနွယ်တွင် အမျိုးသားကျားကြီးမားမား လုံးဝ မရှိတော့ပေ။ ထို့ကြောင့် ရှင်စောပုကို ဘုရင်မကြီးခန့်လိုက်ရသည်။

မွန်ဘုရင်မကြီး ရှင်စောပုလက်ထက်တွင် ရွှေတိဂုံစေတီတော်ကို အကောင်းဆုံး မွမ်းမံခဲ့သည်။ ဘုန်းတော်ကြီးကျောင်းများစွာ ဆောက်လုပ်လှူဒါန်းခဲ့သည်။ ဘုန်းတော်ကြီးများအား၊ ဘာသာရေးစာပေကျမ်းဂန်များကို စနစ်တကျ သင်ကြားပေးခဲ့သည်။

ဘုရင်မကြီးသည် ၇ နှစ်တိတိ ထီးနန်းစိုးစံပြီးနောက် သူမအား အင်းဝနေပြည်တော်မှ အသက်စွန့်ပြီး ကယ်ထုတ်ခဲ့သော မွန်ဘုန်းတော်ကြီးနှစ်ပါးအနက်၊ အသက်ငယ်သော ဘုန်းတော်ကြီးအား လူဝတ်လဲစေသည်။ သမီးတော်တစ်ပါးနှင့် ထိမ်းမြားပေးပြီးနောက် ထီးနန်းလွှဲအပ်ခဲ့သည်။ ထိုမင်းမှာ ဓမ္မစေတီမင်းအမည်ဖြင့် ထီးနန်းစိုးစံခဲ့သည်။

ဘုရင်မကြီးကို ဂုဏ်ပြုသောအားဖြင့် ကိုလိုနီခေတ် ၁၉၃၆–၃၇ ခုနှစ်တွင် ရွှေတိဂုံဘုရား၏အနောက်မြောက်အရပ်ရှိ ကန်းမြင့်ကို ရှင်စောပုကန်းဟု အမည်ပေးခဲ့သည်။ ထိုအချိန်က သစ်သယ်န်း (Thit Thin kan) တောင်ကို ယခုအခါ သယ်န်းကျွန်းရပ်ကွက်ဟု ပြောင်းလဲခေါ်ဆိုဟန်တူသည်။ ငမိုးရိပ်ချောင်းသည် သစ်သယ်န်းတောင်ကို ဝန်းရံနေသည်ဟု ဆိုသည်။

ဓမ္မစေတီမင်းသည် ဗုဒ္ဓသာသနာ တိုးတက်ထွန်းကားရေးအတွက် ဆောင်ရွက်ခဲ့သော မင်းကောင်းမင်းမြတ်ဖြစ်သော်လည်း ဓမ္မစေတီမင်းကို ဆက်ခံသော ဗညာရမ် (Binnyaram,1492-1526) ၏ လက်ထက်တွင် ဖခမည်းတော်၏ ကောင်းမွန် မွန်မြတ်သော လုပ်ငန်းစဉ်များနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ကာ ယုတ်ညံ့သော မကောင်းမှုများစွာ ကျူးလွန်ခဲ့သည်။

ထိုအခါ နတ်များ (Nats) သည် မိုးကောင်းကင်မှ ကျိန်ဆိုကြသောကြောင့် လေပြင်းမုန်တိုင်းများ အကြီးအကျယ် ကျရောက်သည်။ ဘုရားမှ ထီးတော်သည် မြေခပြီး မမြင်ရသော နေရာအထိ လွင့်သွားသည်။ ရွှေတိဂုံဘုရားမှ ထီးတော်



www.burmeseclassic.com

www.burmeseclassic.com



မြေခြင်းသည် ကောင်းသော အတိတ်နိမိတ် မဟုတ်ပေ။ အလွန်ဆိုးဝါးသောကပ်ကြီးများ ကျရောက်မည့် နိမိတ်လက္ခဏာဖြစ်သောကြောင့် မင်းကြီးသည် ကောင်းမှုကုသိုလ်ပွားများပြီး ရွှေတိဂုံစေတီ တော်ကြီးကို အကောင်းဆုံးဖြစ်အောင် ပြုပြင်ခဲ့သည်။ ထိုအချိန်တွင် မင်းကြီးသည် သက်တော်လေး ၄၈ နှစ်မျှသာ ရှိသေးသည်။

မင်းကြီးသည် လေမုန်တိုင်းဒဏ်ကြောင့် ပျက်ဆီးသွားသော ဒဂုံမြို့ကို ပြန်လည်ပြုပြင်ပေးသော်လည်း ကပ်ရောဂါကျရောက်စဉ် လူများစွာ သေဆုံးခဲ့သောကြောင့် အယူသည်းသူများသည် ဒဂုံတွင် ပြန်လည်အခြေစိုက်ခြင်း မပြုကြတော့ပေ။

မင်းကြီးသည် သက်တော် ၄၈ နှစ်ကို အထိမ်းအမှတ်ယူပြီး ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဘေးပတ်လည်တွင် အရံစေတီငယ် စုစုပေါင်း ၄၈ ခု တိတိ တည်ဆောက်ခဲ့သည်။ ထို့နောက် ပွဲလမ်းသဘင် အကြီးအကျယ်ပြုလုပ်ပေးပြီး ပြည်သူလူထုကို ပျော်ရွှင်အောင် ပြုလုပ်ပေးခဲ့သည်။

ထိုနှစ်တွင် ဘုရင်သည် နတ်ရွာစံလေရာ သားတော် တကာရွတ်ပိ (Takayutpi) ထီးနန်းဆက်ခံလေသည်။

အေဒီ ၁၅၃၅ ခုနှစ်တွင် တောင်ငူဘုရင် တပင်ရွှေထီးသည် အောက်ဗမာပြည် မွန်တို့ဌာနေကို နယ်ချဲ့ရာ ၁၅၃၉ ခုနှစ်တွင် ပဲခူးမြို့ကို သိမ်းပိုက်ခဲ့သည်။

ထိုအခါ မွန်ဘုရင် တကာရွတ်ပိသည် ပြည်မြို့သို့ ထွက်ပြေးလေတော့သည်။ ထို့နောက် လအနည်းငယ်အကြာတွင် ကွယ်လွန်လေသည်။ ထိုအချိန်မှစပြီး ပဲခူးမြို့သည် သီးခြား မင်းနေပြည်တော်အဆင့်မှ လက်အောက်ခံမြို့တစ်မြို့အဖြစ် ပြောင်းလဲသွားလေတော့သည်။ ထိုမှျမက မွန်တို့ဌာနေ အောက်ဗမာပြည်သည် အထက်ဗမာပြည်၏ လက် အောက်ခံအဖြစ် ထာဝရ ရပ်တည်ရလေတော့သည်။ ထိုအချိန်မှစပြီး မွန်ရာဇဝင် နိဂုံးချုပ်ခဲ့ပြီး ဗမာရာဇဝင်က အားလုံးကို လွှမ်းမိုးခဲ့လေတော့သည်။

တပင်ရွှေထီးလက်ထက်တွင် မွန်တို့၏ မိတ်ဆွေ ပေါ်တူဂီများသည် တပင်ရွှေထီး၏ အမှုထမ်းများ ဖြစ်လာကြလေတော့သည်။ ဗမာပြည်သို့ ပထမဆုံးလာခဲ့သော ဥရောပကုန်သည်သည်၊ ဗီနီးရှန်း (Venetian) ကုန်သည် နီကိုလိုဒီ ကွန်တီ (Nicolo di Conti) ဖြစ်သည်။ သူသည် ၁၄၃၅ ခုနှစ်တွင် ရောက်လာခဲ့သည်၊ တနင်္သာရီဒေသ၊ ရခိုင်ဒေသနှင့် အင်းဝနေပြည်တော်အထိ နှံ့နှံ့စပ်စပ် ရောက်ခဲ့သူ ဖြစ်သည်။ သို့သော် ဒဂုံမြို့အကြောင်း လုံးဝ ဖော်ပြခြင်းမရှိခဲ့။ ထိုခေတ် ထိုအခါက ဒဂုံသည် တောရွာလေးနှင့် တူသော မြို့ငယ်လေးမျှသာ ဖြစ်သည်။ မြို့ကြီးအင်္ဂါရပ် မရှိပေ။

၁၄၉၆ ခုနှစ်တွင် အီတာလျံကုန်သည် ဟီရိုနီမိုဒီစန်တိုစတီဖန်နို (Hieronimo





de santo Stephano) ရောက်ခဲ့သည်။ နောက်ထပ်ကိုးနှစ်အကြာတွင် လူဒိုဗီကိုဒီဗာတီမာ (Ludovico di var thema) ရောက်လာခဲ့သည်။

ပေါ်တူဂီ ကုန်သည်များသည် ၁၆ ရာစုအလယ်လောက်မှ စတင် ရောက်လာကြသည်။ မုတ္တမဖက်တွင် မွန်ဘုရင်၏ ခွင့်ပြုချက်ဖြင့် အတော်များများ အခြေချနေထိုင်ခဲ့ကြသည်။

ထိုခေတ်က ပဲခူးမြို့သည် နိုင်ငံခြားကုန်သွယ်ရေး၏ အဓိကအချက်အချာမြို့ ဖြစ်သည်။ ထိုအချိန်က ပဲခူးမြစ်သည် မုတ္တမပင်လယ်ကွေ့ထဲသို့ စီးဝင်သော အနေအထားရှိသည်ဟု ရေးမှတ်တမ်းများတွင် ဖော်ပြချက်အရ သိရသည်။ ၁၆ ရာစုတွင် ပေါ်တူဂီကုန်သည်များ ရောက်လာစဉ်အခါက ဒဂုံမြို့သည် ရွာအဆင့်မျှသာ ရှိပြီး ကူးသန်းသွားလာရေးခက်ခဲသောကြောင့် ဒလမြို့ကိုသာ စိတ်ဝင်စားကြသည်။

ဓမ္မစေတီမင်းလက်ထက်က ပညာရှိ မွန်ဘုန်းတော်ကြီးများ ရေးသားခဲ့သော ရှေးဟောင်းစာပေမှတ်တမ်းများအရ၊ ဒဂုံသည် ပင်လယ်ဆိပ်ကမ်းမြို့ မဟုတ်ပေ။ ဒဂုံမှ ပင်လယ်သို့ ရောက်ရန် လှေသင်္ဘောများစီးပြီး သွားရသည်ဟု ရေးသားထားသည်။

သို့သော် ၁၅၆၃ ခုနှစ်တွင် ဗမာပြည်ရောက်ခဲ့သော Ramusio ၏ မှတ်တမ်းတွင် ထိုအချိန်က အကြီးဆုံးဆိပ်ကမ်းမြို့သည် ပဲခူးဆိပ်ကမ်းဖြစ်သည်။ ဒလဆိပ်ကမ်းနှင့် အခြား အတန်အသင့်ကြီးသော ဆိပ်ကမ်းမြို့များ ရှိသကဲ့သို့ ဒဂုံဆိပ်ကမ်းမြို့လေး တစ်မြို့ရှိသည်ဟု ရေးသားခဲ့သည်။ ကုန်စည်ကူးသန်းရောင်းဝယ်ရေး ရှုထောင့်အရ အရေးမပါသော်လည်း နောင်အခါများတွင် အရေးပါသော ဆိပ်ကမ်းမြို့ တစ်မြို့ဖြစ်လာနိုင်သည်ဟု ရေးသားခဲ့သည်။

၁၅၈၃ ခုနှစ်တွင် ရောက်လာခဲ့သော ဂက်(စ်)ပါရိုဘာ(လ်)ဘီ အမည်ရှိ ပုဂ္ဂိုလ်က ရှေးဟောင်းဒဂုံမြို့၏ အနေအထားကို ဗမာနှင့် မွန်တို့၏ မှတ်တမ်းများထက် ပို၍ ပြည့်စုံစွာ ဖော်ပြခဲ့သည်။

'ဒလ(တွံတေး)မြို့တွင် ပဲခူးဘုရင်၏ ဆင်များကို ထိန်းသိမ်း စောင့်ရှောက်ထားသော စခန်းကြီးတစ်ခု ရှိသည်။ ဆင်များနေထိုင်ရန်အတွက် အလွန်ကြီးမားသော အခန်းကြီး ၁၀ ခုရှိသည်။ ဒလမှ ဒဂုံသို့ တစ်ညတာအိပ်ပြီး ခရီးသွားမှ ရောက်သည်။ ဒဂုံမြို့တွင် ဝါးတံတားမျှသာ ရှိသည်။ အဓိကအချက်အချာ နေရာများတွင် ကျွန်းတံတားများ ရှိသည်။ ကျွန်းသစ်ပေါများသည့်နိုင်ငံ ဖြစ်သောကြောင့် တံတား ပြုလုပ်ရာတွင် ကျွန်းသစ်ကို အသုံးပြုကြသည်။

ဘုရားကြီးများ၏ ရှေ့တွင် ကျွန်းသစ်ဖြင့်ပြုလုပ်ထားသော ခြသေ့ (Ti-



www.burmeseclassic.com

www.burmeseclassic.com



*ger Chinthe)* ရုပ်ကြီးများ ရှိကြသည်။ ဒေသခံများကို မေးကြည့်တော့ ဘုရားကြီးကို စောင့်ကြပ်နေကြခြင်းဖြစ်သည်ဟု ရှင်းပြကြသည်။ ဆိပ်ကမ်းမှ တက်လာသောအခါ အလွန်ရှည်လျားပြီး အတော်လေးကျယ်သော လမ်းမကြီးတစ်ခုရှိလေသည်။ လမ်းဘေး ဝဲယာတွင် ကျွန်းသစ်ဖြင့် ဆောက်လုပ်ထားသော အိမ်ကြီးများကို တွေ့ရသည်။ သို့သော် အစွန်အဖျားတွင် ဝါးတဲများသာ ရှိသည်။ အဓိကလမ်းမကြီးဝဲယာမှ ကျွန်းအိမ်အချို့ကို ရွှေချထားသည်။ ခြံကြီးများအတွင်း လှပသော ရောင်စုံပန်းပင်မျိုးစုံ စိုက်ထားသည်။ သစ်ကြီးဝါးကြီးများ အုံ့ဆိုင်းပြီး အေးချမ်းသာယာလှပသည်။ နေချင့်စဖွယ် ဖြစ်သည်။ ၁၆ ရာစုတွင် ဥရောပနိုင်ငံများတွင် မြို့ကြီးများ၌ မြို့ပြအင်ဂျင်နီယာ အတတ်ပညာထွန်းကားနေပြီဖြစ်သောကြောင့် မြို့ရေပေးစနစ်ရှိသော်လည်း ရန်ကုန်မြို့တွင် ရေပေးစနစ်မရှိသေးပေ။

ခြံကြီးဝင်းကြီးဖြင့် နေထိုင်ကြသော အိမ်ကြီးများတွင် ရေတွင်းကြီးများ တူးထားကြသည်။ မြို့အစွန်အဖျားပိုင်း လူနေရပ်ကွက်များတွင် လူအများ စုပေါင်းအသုံးပြုကြသော ရေတွင်းကြီးများ၊ ရေကန်များ ရှိကြသည်။

အဓိကလမ်းမကြီး၏ လက်ယာဖက်တွင် လူနေအိမ်များဖြစ်ပြီး လက်ဝဲဖက်တွင် ဈေးဆိုင်ကြီးများ ရှိသည်။ ကျွန်ုပ်၏စိတ်ထဲတွင် ဗင်းနစ်မြို့ကြီးထဲ ရောက်သွားသလို ခံစားရသည်။

မြို့ထဲရှိ ကြီးမားသော ဘုရားကြီးများတွင် ဘုရားရှေ့ရှိ ခြသေ့်များသည် ကျောက်တုံးကို ထုထွင်းပြီးပြုလုပ်ထားသော ခြသေ့်များ ဖြစ်သည်။ ထုထည်ကြီးမားသည်။ လက်ရာမြောက်သည်။ နန်းတော်သည် လုံးဝန်းသော ပုံသဏ္ဍာန်ရှိသည်။ အမြင့်ရှိသည်။ မျှော်စင်သည် အောက်ခြေကားပြီး အပေါ်ပိုင်းရှူးနေသောကြောင့် ခေါင်းလောင်းနှင့် ခပ်ဆင်ဆင်တူသည်။

နန်းတော်၏ လက်ဝဲဖက်ရှိ ညီလာခံခန်းမကိုလည်း ရွှေချထားသည်။ ဒဂုံမြို့သည် အလွန်စည်ကားသော မြို့ကြီးတော့ မဟုတ်ပေ။ လူများသည် လှေများ၊ လှည်းများဖြင့် လာရောက်ကြသည်ကိုတွေ့ရသည်'' စသည်ဖြင့် အတော်လေး ပြည့်ပြည့်စုံစုံ ဖော်ပြထားသည်။

အင်္ဂလိပ်လူမျိုး ရာဖေးဖစ်၏ ခရီးသွားမှတ်တမ်းတွင်လည်း ဒဂုံမြို့နှင့် ပတ်သက်ပြီး ပို၍ ပြည့်စုံစွာ ဖော်ပြထားလေသည်။

''ပဲခူးမြို့မှ ဒဂုံသို့ နှစ်ညအိပ်ခရီးဖြင့် လာခဲ့ရသည်။

နေအိမ်များကို ရွှေချထားကြသည်သာမက လူကုံတန် အမျိုးသား၊ အမျိုးသမီး





များ၊ သူဌေးသူကြွယ်များသည် ရွှေကြိုးများ၊ လက်စွပ်များ၊ လက်ကောက်များ ဝတ်ဆင်ကြသည်။ အမျိုးသမီးများသည် ရွှေဆံထိုးများ၊ ရွှေရင်ထိုးများမှစပြီး ရွှေခြေကျင်းအထိ ဝတ်ဆင်ကြသည်။ ရွှေကို အလွန်မြတ်နိုးတန်ဖိုးထားကြသူများဖြစ်သည်။

သစ်သီးသစ်ဥ ပေါများကြွယ်ဝသည်။ ကောက်ပဲသီးနှံ ပေါများသည်။ ကောက်ပဲကောက်နှံ၊ ဆန်စပါးပေါများ ကြွယ်ဝလွန်းသည်။ အောက်တိုဘာလ၊ သီတင်းကျွတ်မီးထွန်းပွဲတော်သည် လွန်စွာ စည်ကားလှသည်။ တစ်ပေါင်းလပြည့်နေ့ဖြစ်သော၊ မတ်လတွင်လည်း လွန်စွာ စည်ကားသည်။ ဘုရားများတွင် လူများ ကြိတ်ကြိတ်တိုးနေသည်။ ဗမာလူမျိုး၊ မွန်လူမျိုးတို့သည် ကြွယ်ဝချမ်းသာသူ နည်းပါတယ်။ ဒါပေမယ့် ဆင်းရဲသားများသည် အပ္ပပင်သောက ကင်းစွာဖြင့် ဘုရားပွဲတော်များတွင် ပျော်ရွှင်စွာ ဆင်နွှဲကြသည်ကို တွေ့ရသည်။

တပေါင်းပွဲတော်တွင် ရွှေတိဂုံဘုရားပွဲသည် အစည်ကားဆုံးဖြစ်သည်။ သီးတင်းကျွတ်ပွဲတော်ကို ကျွန်တော် အကြိမ်ကြိမ်ကြုံခဲ့ပါသည်။ သို့သော် တပေါင်းပွဲတော်၏ စည်းကားမှုကို လုံးဝ မမှီပါ''ဟု မှတ်တမ်းတင်ခဲ့သည်။

၁၆ ရာစု ကုန်ကာနီးတွင် ဒဂုံမြို့ရှိ ဘုရားဈေးပွဲများသည် စည်ကားလွန်းသောကြောင့် ပင်လယ်ရပ်ခြားကုန်သွယ်သော နိုင်ငံခြားသားများကိုပင် ဆွဲဆောင်မှုရှိသည်ဟု နိုင်ငံခြားခရီးသွားများက မှတ်တမ်းများတွင် ဖော်ပြလေ့ရှိသည်။ ပဲခူးဘုရားပွဲများသည်လည်း ဒဂုံမြို့ငယ်လေးရှိ ဘုရားပွဲကြီးများကို မမှီပေ။

၁၆ ရာစုအထိ၊ မက္ကာမြို့မှ အာရပ်ကုန်သည်ကြီးများသည် ဒလမြို့အထိ ဝင်ရောက်ဆိုက်ကပ် ကုန်သွယ်ဖူးသော်လည်း ဒဂုံမြို့လေးရှိမှန်း မသိကြပေ။

ဘုရင့်နောင်လက်ထက် (၁၅၆၄) ခုနှစ်တွင် လျှောင်လှုပ်ပြီး ရွှေတိဂုံဘုရား၏ ထီးတော်မြေခလေသည်။ ဘုရင့်နောင်သည် ရွှေတိဂုံစေတီတော်ကို အကောင်းဆုံးအနေအထားဖြစ်အောင် ပြုပြင်ပြီးနောက် ရွှေပြားအသစ် ပြန်ကပ်ပေးခဲ့သည်။ ထိုအချိန်က ဒဂုံမြို့စားသည် ယိုးဒယားမင်းသားတစ်ပါးဖြစ်သော Aukbya Setki ဖြစ်သည်။ သူသည် ဘုရင့်နောင်မင်းတရားကြီး အယုဒ္ဓယကို သိမ်းယူရာ၌ ယိုးဒယားတို့ကို သစ္စာဖောက်ပြီး၊ ဘုရင့်နောင်ထံ သစ္စာခံခဲ့သူဖြစ်သည်။

ရာစုနှစ်ကာလတွေ ပြောင်းလာသည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် ဧရာဝတီမြစ်ကြီးက နှစ်စဉ်မပျက်မကွက် ပို့ချနေခဲ့သော နုံးမြေထုသည် မာကျောကျစ်လစ်သည့် ကုန်းမြေထုအဖြစ် ပြောင်းလဲပြီး မြစ်ကြောင်းများ လမ်းကြောင်းပြောင်းကုန်ရာ၊ ဒဂုံမြို့သည် ပင်လယ်နှင့် တစတစ နီးလာပြီး ပဲခူးမြို့သည် ပင်လယ်နှင့် တစတစ



www.burmeseclassic.com

www.burmeseclassic.com



ဝေးလာသည်။ ၁၆ ရာစုအထိ ပဲခူးမြစ်သည် မုတ္တမပင်လယ်ကွေ့ထဲကို စီးဝင်နေရာမှ ၁၆ ရာစုနောက်ပိုင်းကာလတွင် မြစ်လမ်းကြောင်းပြောင်းရာ ယနေ့တွေ့မြင်ရသော အနေအထား ဖြစ်လာသည်။

ပဲခူးမြစ်သည် ပင်လယ်ထဲသို့ စီးဝင်ခြင်းမရှိတော့သည့်အခါ ကုန်သွယ်ရန် ရောက်လာကြသော ကုန်သင်္ဘောများသည် ပဲခူးမြို့ကို သွားဖို့ မဖြစ်နိုင်တော့ပေ။ ပဲခူးမြို့သို့ သွားလိုပါက တူးမြောင်းလေးများအတွင်းမှ သုံးရက်ခရီးသွားပါက ရောက်နိုင်သေးသည်။ သို့သော် ပင်လယ်ကူးသင်္ဘောကြီးများ ဝင်ထွက်သွားလာခြင်းတော့ မပြုနိုင်တော့ပေ။ ထိုအခါ သန်လျင်မြို့သည် အဓိက ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်လာသည်။

၁၅၉၁ ခုနှစ် ဥရောပသား ပညာရှင်တို့၏ မှတ်တမ်းများကို လေ့လာသောအခါ ပဲခူးမြစ်နှင့် စစ်တောင်းမြစ်တို့သည် ယှဉ်တွဲလျက် အနေအထားရှိပြီး နေရာအတော်များများတွင် ဆက်သွယ်မှု ရှိနေသည်ဟု သိရသည်။ Rotz ၏ Boke of ydro grahie တွင် ဖော်ပြချက်အရ ၁၇ ရာစုအလယ်အထိ ဒဂုံမြို့ကို ဗမာပြည်မြေပုံပေါ်၌ မတွေ့ရသေးပါ ဟုဖော်ပြခဲ့သည်။ ဆိုလိုသည်မှာ ဒဂုံမြို့သည် မြို့ကြီးပြကြီးပုံစံမရှိဘဲ တောမြို့ငယ်လေး အဆင့်မျှသာရှိသည်ဟု ဆိုလိုခြင်းဖြစ်သည်။

သို့သော် ၁၆၄၃ ခုနှစ်တွင် ဥရောပသားပညာရှင်တို့ ရေးဆွဲခဲ့ကြသော D'Abbeville's မြေပုံတွင် ဒဂုံမြို့ငယ်လေးကို တွေ့ရသည်။ ၁၈ ရာစုအလယ်တွင် ထုတ်ဝေကြသော မြေပုံများတွင် ရန်ကုန်မြစ်သည် ပင်လယ်နှင့် ဆက်သွယ်နေသောကြောင့် ဒဂုံမြို့ငယ်လေးကို ထင်ရှားစွာ တွေ့မြင်ရသည်။

ထိုအချိန်တွင် ဒဂုံမြို့နှင့် သန်လျင်မြို့မှာ လွန်စွာ အရေးပါလာသည်။ ထိုအချိန်က အောက်ဗမာပြည်တွင် အရေးပါသော ပင်လယ်ဆိပ်ကမ်းမြို့သည် သန်လျင်မြို့ဖြစ်လာသည်။ ဒဂုံသည် ဆိပ်ကမ်းမြို့လေးအဆင့်မျှသာဖြစ်သည်။ နန္ဒဘုရင်လက်ထက်တွင် ယိုးဒယားနှင့် ရခိုင်တို့ ပုန်ကန်ခြားနားခဲ့ကြလေသည်။

၁၆၀၀ ခုနှစ်တွင်ပေါ်တူဂီ စွန့်စားသူ ဖိလစ်ဒီဘရစ်တိုနီကိုတီ (Felipe de Br itoy Nicote) သည် သံလျင်ဆိပ်ကမ်းမြို့ကို ကျူးကျော်သိမ်းပိုက်ပြီး အခိုင်အမာပြုလုပ်ခဲ့လေသည်။ သူသည် သီးခြားဘုရင်တစ်ပါး ဖြစ်လာခဲ့သည်။ သူ့ကို အိန္ဒိယပေါ်တူဂီ အစိုးရက အစိုးရတစ်ရပ်၊ တိုင်းပြည်တစ်ခုကို အပိုင်စားရသော ဘုရင်တစ်ပါးအဖြစ် အသိအမှတ်ပြုခဲ့သည်။ ဗမာရာဇဝင်တွင် ဒီဘရစ်တိုကို 'ငဇင်ကာ' ဟု ခေါ်သည်။

ငဇင်ကာကို ခေါ်လာသူသည် ရခိုင်ဘုရင်ဖြစ်သည်။ ရခိုင်ဘုရင်သည် ဗမာဘုရင်၏ ပိုင်နက်ဖြစ်လာသော မွန်တို့၏ မြစ်ဝကျွန်းပေါ်ဒေသကို ကျူးကျော်ရာတွင်





ငဇင်ကာနှင့် ပေါ်တူဂီစစ်တပ်ကို ခေါ်လာခဲ့ခြင်းဖြစ်သည်။

ငဇင်ကာသည် ဥရောပသားဖြစ်သောကြောင့် သံလျင်ခံတပ်ကို အုတ်မြို့ရိုးတည်ဆောက်ပြီး အခိုင်အမာပြုထားသည်။ မြို့ရိုးပတ်လည်တွင် အမြောက်ကြီးများ တပ်ဆင်ထားသည်။

ဗမာ့ကမ်းရိုးတန်းသို့ ရောက်လာသော ကုန်သင်္ဘောအားလုံးကို သန်လျင်ဆိပ်ကမ်းသို့ ဝင်ရောက်ဆိုက်ကပ်စေသည်။ ပင်လယ်ပြင်တွင် ပေါ်တူဂီစစ်သင်္ဘောများက လှည့်ပတ်သွားလာပြီး ကုန်သင်္ဘောများကို ထိန်းချုပ်ထားသောကြောင့် ဗမာဘုရင်ပိုင်ဆိုင်သော ဆိပ်ကမ်းများသည် ကုန်ပစ္စည်းများ မရနိုင်တော့ပေ။ သန်လျင်မှ တဆင့်ခံ ဝယ်ယူရသောကြောင့် ဒုက္ခအကြီးအကျယ်တွေ့နေရသည်။

ငဇင်ကာသည် သန်လျင်နှင့် ဒဂုံမြို့ရှိ ဘုရားများမှ ခေါင်းလောင်းများကို အရည်ကျိုပြီး အမြောက်ကြီးများ သွန်းလုပ်ခဲ့သည်။ မွန်ဘုရင် ဓမ္မစေတီမင်း၏ ကြေးခေါင်းလောင်းကြီးကိုလည်း ရအောင်သယ်ယူပြီး ကြေးအမြောက်များ သွန်းလုပ်ခဲ့သည်။ အချို့အဆိုများတွင် ဓမ္မစေတီခေါင်းလောင်းကြီးကို သယ်ယူစဉ် မြစ်ရေထဲ ကျသွားပြီး ပြန်ဆယ်ရာမရဟုလည်း ဆိုကြသည်။

ဗမာပြည်တွင် ထင်တိုင်းကြဲနေသော ငဇင်ကာကို အနောက်ဖက်လွန်မင်း ၁၆၁၃ ခုနှစ်တွင် ထီးနန်းဆက်ခံသည်နှင့် ဖခမည်းတော်လက်ထက်က လက်မှိုင်ချပြီး အရှုံးပေးခဲ့ရသော ငဇင်ကာကို သဲသဲမဲမဲတိုက်ပြီး၊ သန်လျင်မြို့ကို ပြန်လည် သိမ်းပိုက်ပြီးသောအခါ၊ ငဇင်ကာနှင့်တကွ ပေါ်တူဂီအားလုံးကို သတ်ပစ်ခဲ့သည်။ နောင်တွင် သန်လျင်ဆိပ်ကမ်း၌ အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီမှ စက်ရုံတည်ဆောက်ခဲ့သည်။ ပြင်သစ်တို့ကလည်း စက်ရုံတည်ခဲ့ကြသည်။ ထို့ကြောင့် သန်လျင်မြို့သည် အရှိန်အဟုန်မပျက် ဆက်လက် စည်ကားခဲ့သည်။

အနောက်ဖက်လွန်မင်းလက်ထက်တွင် လျှော်လှုပ်ကာ ရွှေတိဂုံစေတီကြီး အက်ကွဲပြီး ထီးတော်မြေခပြန်လေသည်။ ထို့ကြောင့် အနောက်ဖက်လွန်မင်းသည် အကောင်းဆုံးကြိုးစားပြီး ပြုပြင်ပေးခဲ့သည်။

အဒေီ ၁၆၂၈ ခုနှစ်တွင် သားတော်တစ်ပါးလုပ်ကြံသောကြောင့် အနောက်ဖက်လွန်မင်း နတ်ရွာစံလေသည်။ ထိုအခါ သားတော်မင်းရဲဒိပ္ပသည် ထီးနန်းရလေသည်။ ထီးနန်ကို လအနည်းငယ်မျှသာ စိုးစံခွင့်ရပြီး ဦးလေးတော်စစ်သူ သာလွန်မင်းက ထီးနန်းကို သိမ်းပိုက်ခဲ့သည်။

၁၆၄၉ ခုနှစ်တွင် ရွှေတိဂုံဘုရား၏ ထီးတော်မြေခပြန်လေရာ ပင်းတလဲမင်းက



www.burmeseclassic.com

www.burmeseclassic.com



ပြုပြင်ခဲ့သည်။ ၁၆၆၁ ခုနှစ်တွင် လေမုန်တိုင်းပြင်းထန်စွာ တိုက်ခတ်ပြီး လျှောင်လှပ်သောကြောင့် စိန်ဖူးတော်လွင့်သွားသည်။ ပြည်မင်းက ပြန်၍ ပြုပြင်ခဲ့သည်။

၁၆၆၄ တွင် လျှောင်လှုပ်ပြီး ပျက်စီးခဲ့ရာနောင်တွင် ရာသီဥတုဒဏ် ကြံ့ကြံ့ခံနိုင်ဖို့ အစွမ်းကုန်ကြိုးစားပြုပြင်ကြသည်။

BIBLIOGRAPHY

(1) C.O Blagden
Epigrapbia Birman ica. A . Dalrymple: Oriental
(2) Repertory
(3) E. Forchhammer, The First Buddhist Missiion to Suvannab bumi
(4) J.S. Furnival (trans) Razadarit Ayebon
(5) Halliday(trans) ,History of kings
(6) Pe Maung Tin ,The Shwe Dagon Pagoda.

■ ■ ■





အခန်း(၃)

## ရန်ကုန်မြို့တည်ထောင်ခြင်း

၁၈ ရာစုအလယ်အထိ မြစ်ဝကျွန်းပေါ်ဒေသသည် မွန်တို့ဒေသ ဖြစ်ခဲ့သည်။ ၁၇၄၀ တွင် ပဲခူးကို ဗမာဘုရင်တို့သည် ဘုရင့်နောင် မင်းလက်ထက်မှစပြီး အစဉ်အဆက် အုပ်ချုပ်နေခဲ့သည်။ မဟာဓမ္မရာဇာဓိပတိသည် ၁၇၄၀ တွင် အင်းဝနေပြည်တော်ကို စိုးစံနေသည်။ မဏိပူရကသည်းတို့က အင်းဝနေပြည်တော်ကို သိမ်းယူဖို့အထိ ကြိုးစားလေရာ မဟာဓမ္မရာဇာအဓိပတိသည် ကသည်းတို့အား နှိမ်နင်းနေခိုက် ပဲခူးမြို့တွင် မြို့စားသာအောင်သည် သူ့ကိုယ်သူ ဘုရင်အဖြစ် ကြေညာလိုက်သည်။ သူ့ကို ဘုရင်အဖြစ် အသိအမှတ်မပြုသူ အားလုံးကို သတ်ဖြတ်ခဲ့သည်။

သူသည် ရက်ရက်စက်စက် ကြမ်းကြမ်းတမ်းတမ်း အုပ်ချုပ်ရာ တစ်လခွဲအကြာတွင် သူ့ဦးလေး ဦးဆောင်ပြီး စစ်သူကြီးများက လုပ်ကြံသတ်ဖြတ်ရာ ကွယ်လွန်ပြီး ဦးလေးသည် ဘုရင်ဖြစ်လာသည်။ ထိုဘုရင်ကြီးသည်လည်း သက်တမ်းမရှည်ခဲ့ပေ။ လေးလနှင့် ရက်ပေါင်းနှစ်ဆယ်မျှသာ သက်တမ်းရှည်ခဲ့လေသည်။

ဘုရင်၏ အုပ်ချုပ်မှုအရည်အချင်း ညံ့ဖျင်းသောအခါ မွန်တို့က အခွင့်ကောင်းယူပြီး တော်လှန်ပုန်ကန်ကြလေသည်။ မွန်တို့ အနိုင်ရသောအခါ ၁၇၁၄ ခုနှစ်တွင် ဗမာဘုရင်တိုက်ခိုက်မှု ခံရသောကြောင့် ကရင်နယ်ဖက် ရှောင်တိမ်းခဲ့သော ဘုရင်ကြီး၏သားကို မွန်ဘုရင် ခန့်အပ်လိုက်လေသည်။

အောက်ဗမာပြည် မွန်တို့ဌာနေကို မွန်တို့ ပြန်လည်အုပ်ချုပ်ခွင့်ရသောအခါ မိမိတို့၏ အင်အားကို အထင်ကြီးလာပြီး အထက်ဗမာပြည်ကို ထပ်၍ သိမ်းပိုက်ရန် ကြိုးစားကြလေသည်။ ၁၇၅၂ ခုနှစ်တွင် မွန်ဘုရင်ဗညားဒလသည် အင်းဝနေပြည်တော်ကို သိမ်းပိုက်ပြီးနောက် မီးရှို့ဖျက်ဆီးခဲ့သည်။

အထက်ဗမာပြည်တွင် အင်းဝနေပြည်တော် မီးလောင်ပျက်ဆီးချိန်တွင် အလောင်းမင်းတရားကြီး ပေါ်ပေါက်လာလေတော့သည်။ မုဆိုးဖိုရွာမှ အရေးပိုင်မင်း



www.burmeseclassic.com

www.burmeseclassic.com



တရားကြီးသည် စစ်သည်အင်အားကြီးမားစွာဖြင့် အထက်ဗမာပြည်တစ်ခွင် သောင်းကျန်းနေကြသော သူခိုး၊ ဓါးမြ၊ တောကြောင်များအားလုံးကို ရှင်းလင်း၍ အနိုင်အမာပြုပြီးသည်နှင့် ၁၇၅၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပြည်မြို့ကို ဝင်သိမ်းလေတော့သည်။

၁၇၅၅ ခုနှစ်၊ မေလတွင် ဒဂုံမြို့ကို ဝင်သိမ်းခဲ့သည်။ အလောင်းမင်းတရားကြီးသည် စစ်တိုက်ရာတွင် ထူးချွန်သလောက် ရက်စက်သည့် နေရာတွင် ပြိုင်စံရှားဖြစ်သည်။ ရန်သူစစ်သည်တော်များကို တိုက်ပွဲအတွင်း အကုန်လုံး အသေသတ်ခဲ့သည်သာမက ရန်သူတို့၏ မြို့ရွာများကို ဝင်ရောက်ပြီး ကျားမ ကြီးငယ်မရွေး အားလုံးကို ရက်ရက်စက်စက် သတ်ဖြတ်ပစ်ခဲ့သည်။ ရက်ရက်စက်စက် သတ်လွန်းသောကြောင့် အလောင်းမင်းတရားကို အားလုံးက ကြောက်ရွံ့ကြသည်။

အလောင်းမင်းတရားသည် ဗုဒ္ဓဘာသာဝင်ဖြစ်သော်လည်း မွန်ဘုန်းတော်ကြီးများကိုလည်း သတ်ဖြတ်ခဲ့သည်။ ပဲခူးမြို့ကို သိမ်းပိုက်ပြီးသောအခါ ဖမ်းဆီးရမိသည့် မွန်ဘုန်းတော်ကြီး အပါးသုံးထောင်(၃၀၀၀)ကို သတ်ဖြတ်လိုက်သည်။

The monks' robes were scattered all over land and water. It is also said that when he took pegu he found mone than three thousand monks in the place, and that he had them all put to death.

အလောင်းမင်းတရားသည် မွန်တို့ဌာနေကို အပြီးတိုင် ဖျက်ဆီးချေမှုန်းဖို့ ရည်ရွယ်ထားပြီး ဖြစ်သည်။ ဗမာတပ်သည် မွန်တို့ထက် အဆပေါင်းများစွာ အင်အားကြီးသည်။ သို့သော် မွန်တို့၏ အဓိကခုခံနေသော သန်လျင်မြို့ကို ရေလမ်းခရီးဖြင့် သွားရမည်ဖြစ်သောကြောင့် ဗမာတို့ အခက်ကြုံနေသည်။ မွန်တို့သည် အင်အားနည်းသော်လည်း ပြင်သစ်တို့ထံမှ လက်နက်ခဲယမ်းများ ရထားသောကြောင့် တိုက်ခိုက်နိုင်သော စွမ်းရည်မြင့်လေသည်။ မွန်တို့ဘက်မှ ပြင်သစ်ကွန်မင်ဒါ ဘရူနို (The Sieur Bruno) က ဦးဆောင်ပြီး ခုခံကာကွယ်လေသည်။

အလောင်းဘုရားသည် ဒဂုံတွင် ဌာနချုပ်စခန်းဖွင့်ပြီး မွန်တို့ဌာနေတစ်ခုလုံးကို သိမ်းယူဖျက်ဆီးဖို့ ကြံစည်နေခဲ့သည်။ အလောင်းဘုရားသည် ပြင်သစ်ကွန်မင်ဒါ ဘရူနိုထံ လူလွှတ်ပြီး စည်းရုံးသည်။ မရပါ။ အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီမှ တာဝန်ခံများထံ စည်းရုံးရာ အောင်မြင်ခဲ့သည်။ အင်္ဂလိပ်တို့က အလောင်းမင်းတရားကို အရာရှိနှစ်ဦးနှင့် အမြောက်များ ပေးလိုက်သည်။





ဆယ့်နှစ်ပေါင်အမြောက် တစ်လက်၊ ကိုးပေါင်ဒါအမြောက်နှင့် ယမ်းမှုန့်များစွာ ပေးလိုက်သည်။ သို့သော်အင်္ဂလိပ်သင်္ဘောတွင် အမြောက်များ ပါလာကြောင်း မွန်တို့သိထားသောကြောင့် ပဲခူးမြစ်ကို ပိတ်ထားလိုက်သည်။ ဒဂုံမြို့၏ အရှေ့မြောက်ဖက်ရှိ ကာမွေတွင် အင်အားများစွာ ချပြီး ဒဂုံမြို့အဝင်အထွက်ကို ပိတ်ဆို့ဖို့ မွန်တို့က ကြိုးစားလေသည်။

မွန်တပ်သည် သေနတ်နှင့် အမြောက်များသာ အသုံးပြုသည်။ အလောင်းမင်းတရားတွင် အိန္ဒိယမှ သင်္ဘောလေးစီးအပြည့် ကြိုတင်ခေါ်ယူထားသော သေနတ်ကိုင် အိန္ဒိယစစ်သားများ ရှိသည်။

ဇွန်လတွင် သင်္ဘောကို ပြုပြင်ရန်အတွက် ဒဂုံဆိပ်ကမ်းတွင် ကျောက်ချရပ်နားခွင့်ပြုဖို့ ကပ္ပတိန်ရောဘတ်ဂျက်ဆင်က မွန်တို့အား တောင်းဆိုသည်။ မွန်တို့သည် ပြင်သစ်စစ်သင်္ဘောများ၏ အကူအညီဖြင့် ဒဂုံကို လာရောက်တိုက်ခိုက်ကြသည်။ ထို့ကြောင့် အလောင်းမင်းတရားသည် အမြောက်ကို အလွန်လိုချင်နေသည်။ ထို့ကြောင့် အလောင်းမင်းတရားက ကပ္ပတိန်ဂျက်ဆင်အား မွန်တို့၏ အဘားအဆီးများကို ပစ်ခတ်နှိမ်နင်းပြီး ရန်ကုန်ဆိပ်ကမ်းသို့ ကပ်စေရန် ညွှန်ကြားသည်။ သို့သော် ကပ္ပတိန်ဂျက်ဆင်က မွန်တို့နှင့် ပြဿနာမတက်လိုသောကြောင့် သင်္ဘောကို ပြန်လှည့်ရန် ပြင်ဆင်လေတော့သည်။

သန်လျင်ဆိပ်ကမ်းမှ ပြန်အထွက်တွင် စစ်ဆေးပါက အမြောက်လက်နက်များကိုတွေ့ပြီး သိမ်းယူလိုက်ပါက မွန်တို့ဖက်က ပိုပြီး အင်အားကောင်းသွားမည်။ ထို့ကြောင့် အလောင်းမင်းတရားစေလွှတ်လိုက်သော ဗမာတပ်သားများသည် သင်္ဘောကို ဝင်စီးပြီး ဒဂုံ၌ ကမ်းကပ်စေသည်။

ထို့နောက် ခြိတ်သျှတို့ ပို့လိုက်သော အမြောက်များ၊ သေနတ်များကို ဒဂုံတွင် ချပြီးမှ သင်္ဘောကို ပြန်လွှတ်လိုက်သည်။ အလောင်းမင်းတရားသည် ဒဂုံမြို့နှင့် အနီးပါတ်ဝန်းကျင် ရွာသားများအားလုံးကို အမိန့်ပေးပြီး၊ တိုက်လှေတစ်ထောင်ကို နိုင်ဝင်ဘာလတွင် နောက်ဆုံးထားပြီး ထုတ်လုပ်ကြဖို့ အမိန့်ပေးလိုက်သည်။ စစ်သည်အင်အားတစ်သိန်း စုဆောင်းပြီး နေ့စဉ် စစ်ရေးလေ့ကျင့်နေခဲ့သည်။

သို့သော် တိုက်လှေတစ်ထောင် အပြည့်မရဘဲ တိုက်လှေငါးရာကျော်မျှသာ ရပေသည်။ စစ်သည်အင်အားတစ်သိန်းဟု ဗမာရာဇဝင်အရ ဆိုထားသော်လည်း၊ ထိုခေတ်ကာလ ဒဂုံမြို့နှင့် အနီးပါတ်ဝန်းကျင် ရွာများတွင် နေထိုင်သော လူဦးရေသည် ယခုခေတ်အခါလို များများစားစား ရှိသေးသည် မဟုတ်ပေ။ ထို့ကြောင့် တိုက်ခိုက်နိုင်



www.burmeseclassic.com

www.burmeseclassic.com



သော စစ်သည်အရေအတွက်သည် ငါးသောင်းမျှသာ ရနိုင်မည်ဟု ခန့်မှန်းကြသည်။

အလောင်းမင်းတရားသည် နေပြည်တော်မှ ပြန်လာပြီး စစ်သည်အင်အားကို စစ်ဆေးသောအခါ သူအလိုရှိသော တစ်သိန်းမပြည့်ဘဲ၊ ငါးသောင်းမျှသာရသည်။

တိုက်လှေတစ်ထောင် အလိုရှိသော်လည်း တိုက်လှေငါးရာမျှသာဖြစ်သည်။ အလောင်းမင်းတရား မရှိသော အချိန်ကာလတွင် သန်လျင်သားတို့သည် ဒဂုံကို အကြိမ်ကြိမ်လာတိုက်သည်။ ကပ္ပတိန်ဂျက်ဆင်၏ သင်္ဘောမှ မွန်တို့အား ပစ်ခတ်ဟန့်တားနိုင်သော်လည်း ကပ္ပတိန်ဂျက်ဆင်မှာ ဘာမျှမလုပ်ဘဲ၊ သန်လျင်သားတို့နှင့် ရင်းရင်းနှီးနှီး ဆက်ဆံခဲ့သည်ဟု ဒဂုံမြို့စောင့်တပ်က အလောင်းမင်းတရားကြီးကို လျှောက်တင်ကြသည်။ ထို့ကြောင့် အလောင်းမင်းတရားသည် ကပ္ပတိန်ဂျက်ဆင်ကို အညှိုးထားခဲ့လေသည်။

အမှန်စင်စစ် ကပ္ပတိန်ဂျက်ဆင်သည် မွန်တို့နှင့်ဖြစ်စေ၊ ဗမာတို့နှင့်ဖြစ်စေ၊ ပြဿနာတက်လိုသူ မဟုတ်ပေ။

အင်္ဂလိပ်သင်္ဘောဆိုက်ကပ်ထားသောကြောင့် အမှန်တကယ် သင်္ဘောကို ကျွန်းတင်ပြီး ပြင်ဆင်နေတာလားဆိုတဲ့ အချက်ကို ကွဲကွဲပြားပြား သိရဖို့အတွက်၊ မွန်တို့က ရက်အနည်းငယ်မျှ ငြိမ်နေပြီးနောက် တစ်ညတွင် ရေတက်ချိန်တွင် ရေစီးဖြင့် စစ်လှေများ လိုက်ပါလာကာ ပဲခူးမြစ်ကို ဖြတ်ကျော်၍ ကုန်းပေါ်တက်ပြီး တိုက်သည်၊ စစ်လှေအချို့က မြစ်ကြောင်းအတိုင်း မြို့ကိုပတ်ပြီး ကမ်းပေါ်မှ ဗမာတပ်သားများကို ပစ်ခတ်ကြသည်။ ဗမာတို့က ရွှေတိဂုံကုန်းတော်တစ်လျှောက် ခံစစ်အနိုင်အမာပြုပြီး ခုခံခဲ့ကြသည်။

နံနက် မိုးလင်းကာနီးမှ မွန်တပ်များ ဆုတ်သွားကြသည်။ တစ်ညလုံးတိုက်ခိုက်ကြရာ နှစ်ဖက်စလုံး အသေအပျောက် များလှသည်။ အင်္ဂလိပ်စစ်သင်္ဘောသည် ကြားနေအဖြစ် ပြတ်သားစွာ နေခဲ့သည်။ သို့သော် မွန်တို့က ဗမာတို့ဘက်လိုက်သည်ဟု တပိုင်ပြီး အပြစ်တင်သလို၊ ဗမာတို့ဖက် ကလည်း မွန်တို့ဖက်လိုက်သည်ဟု စာရေးပြီး အပြစ်တင်လေသည်။ ထို့ကြောင့် ကပ္ပတိန်ဂျက်ဆင်သည် "မွန်တို့နှင့် ဗမာတို့အား မိမိသည် အရှေ့အိန္ဒိယကုမ္ပဏီ၏ ဝန်ထမ်းမျှသာဖြစ်သည်။ မိမိသဘောဖြင့် ဘာမျှ လုပ်ခွင့်မရှိပါ။ ကုမ္ပဏီ၏ အမိန့်အရ လိုက်နာဆောင်ရွက်နေခြင်းမျှသာဖြစ်သည်။ ယခုဖြစ်ပွားနေသော မွန်နှင့် ဗမာတို့၏ စစ်ပွဲသည် အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီနှင့် သက်ဆိုင်ခြင်း မရှိပါ။ ထို့ကြောင့် သာစေနာစေသဘောဖြင့် မည်သည့်ဖက်မှ ဝင်ရောက်ခြင်းမပြုရဟု ကုမ္ပဏီက တင်းကြပ်စွာ တားမြစ်ထားပါသည်"ဟု ရှင်းပြသည်။





မွန်တို့က ဗြိတိသျှတို့၏ Arcot စစ်သင်္ဘောသည် တိုက်ပွဲအကြီးအကျယ် ဖြစ်ပွားချိန်တွင် ဗမာတို့ဖက်က ဝင်တိုက်ဖို့ပြင်နေသည်ဟု သံသယဝင်နေသည်။ ထို့ကြောင့် အင်္ဂလိပ်သင်္ဘောကို လက်ဦးမှုရယူပြီး ဖျက်ဆီးချေမှုန်းထားလိုသည်။

ထို့ကြောင့် တစ်နေ့နံနက်တွင် နှင်းများထူထပ်စွာ ကျနေချိန်၊ မွန်တို့၏ တိုက်လှေနှစ်ရာသည် ပြင်သစ်သင်္ဘောနှစ်စီးကို ရှေ့မှ ဦးဆောင်ပြီး ပဲခူးမြစ်အတွင်း ဝင်လာခဲ့ကြသည်။ မြစ်ဆုံသို့ ရောက်သောအခါ ညဖက်ဒီရေတက်ချိန်တွင် လှိုင်မြစ်ကြောင်းအတိုင်း ဒဂုံသို့ ချီတက်သွားလေသည်။

နံနက်လင်းသော် မွန်ရေတပ်သည် ရန်ကုန်မြို့ကို ဝိုင်းထားပြီးဖြစ်သည်။ ထို့ကြောင့် ဗမာတပ်မှူးက ကပ္ပတိန်ဂျက်ဆင်အား ရန်သူဗမာတို့ကို ကူညီပစ်ခတ်ပေးဖို့ အကူအညီ တောင်းရလေတော့သည်။ သို့သော် ကပ္ပတိန်ဂျက်ဆင်က အရှေ့အိန္ဒိယကုမ္ပဏီမှ အမိန့်ရရှိမှ ဆောင်ရွက်ခွင့်ရှိကြောင်း ရှင်းပြသည်။

ထိုအချိန်တွင် ပြင်သစ်သင်္ဘောနှစ်စင်းက အမြောက်များဖြင့် စတင်ပစ်ခတ်နေပြီ ဖြစ်သည်။ မွန်တို့ကလည်း လှေများပေါ်မှ မတ်စကက်သေနတ်များဖြင့် အဆက်မပြတ် ပစ်ခတ်နေကြပြီဖြစ်သည်။ ဗမာရေတပ်သည် ယှဉ်ပြိုင်တိုက်ခိုက်နိုင်စွမ်း မရှိသောကြောင့် ချောင်းများအတွင်း ဝင်ပြီးဆုတ်ပေးလိုက်ကြသည်။ ထိုအချိန်က ချောင်းများသည် ဆူးလေဘုရားအထိ ရောက်လေသည်။ ထိုနေရာတွင် ကမ်းခြေ၌ အမြောက်နှစ်လက် တပ်ဆင်ထားသည်။ သို့သော် ပြင်သစ်စစ်သင်္ဘောမှ အမြောက်ကိုမူ ယှဉ်နိုင်စွမ်း မရှိပေ။ ယခုအချိန်တွင်မှ အင်္ဂလိပ်သင်္ဘောမှ ပြန်လည်ပစ်ခတ်တိုက်ခိုက်သော်လည်း ပြင်သစ်စစ်သင်္ဘောနှစ်စီးနှင့် မွန်ရေတပ်ကို ယှဉ်ပြိုင်တိုက်ခိုက်ရန် မလွယ်ကူတော့ပေ။ အချိန်နှောင်းနေပြီဖြစ်သည်။

ပြင်သစ်စစ်သင်္ဘောနှစ်စီးနှင့် မွန်ရေတပ်တို့၏ ပူးပေါင်းစစ်ဆင်မှုသည် လွန်စွာ ထိရောက်လှသည်။ ဗမာရေတပ်သားများသည် လှေများပေါ်မှ ဆက်လက်တိုက်ခိုက်ရန် မဖြစ်နိုင်တော့သည့်အတွက် ကုန်းပေါ်တက်၍ သရက်ပင်များကို အကာအကွယ်ယူပြီး ပုန်းအောင်နေကြသည်။

ဗြိတိသျှ Arcot စစ်သင်္ဘောပေါ် တက်လာသော မွန်တပ်သားများကို ကပ္ပတိန်ဂျက်ဆင်က ပစ်သတ်လိုက်ရသည်။ မွန်တပ်သားများသည် ကမ်းတက်လာပြီးနောက် ဗမာလှေများကို အလုအယက် ယူငင်နေကြသည်။ ထိုအချိန်တွင် ဗမာတပ်သားများက မတ်စကက်သေနတ်များဖြင့် ပစ်ခတ်ရာ မွန်စစ်သည်များ ထွက်ပြေးလေတော့သည်။ တိုက်ပွဲသည် ညအထိ ဆက်လက်ဖြစ်ပွားနေသည်။ ထို့ကြောင့် ညရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် အင်္ဂလိပ်သင်္ဘောသည် ရေလယ်သို့ ထွက်လာခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ဗမာမာတ်စကက်တပ်သားများက သင်္ဘောကို ပစ်ခတ်တိုက်ခိုက်နေကြသောကြောင့် ဖြစ်သည်။

အချင်းချင်း ပစ်ခတ်တိုက်ခိုက်မှုသည် နှစ်ရက်မျှကြာသည်။ မွန်တို့ဘက်မှ ယူလာသော လက်နက်ခဲယမ်းများ ကုန်သွားသောကြောင့် ဆုတ်ပြေးသွားကြသည်။

မွန်တို့ဖက်က အသာစီးရသော်လည်း မွန်တပ်သားတို့သည် ဗမာတပ်သားတို့ကို အနီးကပ် လက်တစ်ကမ်းတိုက်ပွဲ၌ မယှဉ်နိုင်ပေ။ အဝေးမှ ပစ်ခတ်တိုက်ခိုက်ခြင်းတွင် ထိုအချိန်က ဗမာတပ်သားတို့ လွန်စွာ ညံ့ဖျင်းကြသည်။ မွန်တပ်သားများက အဝေးမှ ပစ်ခတ်ရာတွင် များစွာ ထူးချွန်ကြသည်၊ လက်တစ်ကမ်း အနီးကပ်တိုက်ပွဲတွင် ဗမာတပ်သားတို့က များစွာသာလေသည်။

ကပ္ပတိန်ဂျက်ဆင်သည် ဝမ်းကိုက်ဝမ်းလျှောရောဂါ ခံစားရသောကြောင့် သန်လျင်ဆိပ်ကမ်းတွင် သင်္ဘောဆိုက်ကပ်ပြီး ပြင်သစ်ဆရာဝန်ထံ ဆေးဝင်ကုနေခဲ့သည်။

မွန်တို့သည် ဗမာတို့ဖက်က မကျေပွဲ နွှဲလာနိုင်သောကြောင့် အင်အားဖြည့်ဆည်းထားလိုက်ကြသည်။ အလောင်းမင်းတရားသည် ကပ္ပတိန်ဂျက်ဆင်က မွန်တို့နှင့် ပူးပေါင်းသည်ဟု ယူဆပြီး ငြိုးထားခဲ့သည်။ နောင်လေးနှစ်အကြာတွင် Negrais ရှိ အင်္ဂလိပ်များကို လက်စားချေပြီး သတ်ဖြတ်ခဲ့သည်။

မွန်တို့က ဒဂုံကို တိုက်ဖို့ လှုပြန်စုနေချိန်တွင် အလောင်းမင်းတရားသည် တပ်မှူးအသစ်အဖြစ် မင်းလှမင်းခေါင်ကျော်ကို ခန့်အပ်ပြီး ရန်ကုန်ကို ကာကွယ်ဖို့ တာဝန်ပေးထားသည်။ ဒီဇင်ဘာလတွင် မွန်ဘုရင်သည် ဒဂုံကို ချေမှုန်းရန်အတွက် အင်္ဂလိပ်စစ်သင်္ဘောသုံးစီး၊ ပြင်သစ်စစ်သင်္ဘောတစ်စီး၊ စစ်လှေ အစီးသုံးရာ၊ စစ်သည် တစ်သောင်း အင်အားဖြင့် ကမ်းတက်တိုက်ခိုက်ရန် ထွက်လာခဲ့ကြသည်။

ဗမာတပ်သည် ဘုရားတောင်ကုန်း ခံတပ်စခန်းမှ ခုခံကြသည်။ ဘုရားခံတပ်ကို အခိုင်အမာ ပြုလုပ်ထားသည်။ ရေတက်ချိန်တွင် ဗမာတို့က ရေစီးကြောင်း အတက်အကျအချိန်ကို ကောင်းမွန်စွာ လေ့လာထားပြီးဖြစ်သောကြောင့် မွန်ရေတပ် ချီတက်လာသည်နှင့် မီးဖောင်များ လွှတ်ချလိုက်ပြီးနောက် မွန်တို့ကလည်း ခံတပ်ကို ဝင်စီးရာ၊ ဗမာတို့က အသေခံပြီး အပြင်းအထန် ခုခံကြသောကြောင့် မွန်တို့ ပြန်ဆုတ်ခဲ့ကြသည်။ ဗြိတိသျှသင်္ဘောနှစ်စီးမှာ ပြန်တော့မည်ဖြစ်ရာ မွန်တို့အား The Arcot'guns အမြောက်ငါးလက်ပေးခဲ့သည်။

အလောင်းမင်းတရားသည် အထက်ဗမာပြည်မှ စစ်သည်အင်အား မြောက်များ





ရှာ စုဆောင်းပြီး ပြန်လာ၍ သန်လျင်ကို ရက်ရက်စက်စက် ပြင်းပြင်းထန်ထန် ချေမှုန်းရာ ၁၇၅၆ ခုနှစ် ဇူလိုင်လတွင် သန်လျင်ကို သိမ်းပိုက်နိုင်ခဲ့သည်။

အလောင်းမင်းတရားကြီးသည် သန်လျင်မြို့ရှိ အင်္ဂလိပ်များကို လွှတ်လပ်ခွင့်ပေးခဲ့သော်လည်း ပြင်သစ်ကွန်မင်ဒါဘရူနိုနှင့် အခြားသော ပြင်သစ်အားလုံးကို သတ်ပစ်ခဲ့သည်။

သန်လျင်ကို သိမ်းပိုက်ပြီး နှစ်ရက်အကြာတွင် သန်လျင်ဆိပ်ကမ်းသို့ ရောက်လာသော ပြင်သစ်သင်္ဘောနှစ်စီးကိုလည်း သိမ်းပိုက်ပြီး အရာရှိများကို ခေါင်းဖြတ်သတ်ခဲ့သည်။ သင်္ဘောသားများကို ဖမ်းဆီးပြီးနောက် သစ္စာခံစေသည်။ ပြီးနောက် ဗမာ့တပ်မတော်တွင် စစ်သားများအဖြစ် တာဝန်ပေးခဲ့သည်။ အလောင်းမင်တရားသည် ၁၇၅၇ ခုနှစ် မေလတွင် ပဲခူးမြို့ကို သိမ်းပိုက်ခဲ့သည်။

(၁၇၅၈–၅၉) ခုနှစ်တွင် မွန်တို့သည် ဒဂုံမြို့၊ ဒလမြို့နှင့် သန်လျင်မြို့တို့ကို ပြန်သိမ်းခဲ့ကြသည်။

အလောင်းမင်းတရားသည် အလွန်အင်အားကြီးမားလှသော ဗမာ့တပ်မတော်ကြီးဖြင့် ပုန်ကန်သူတို့ကို ဒဂုံမြို့၊ သန်လျင်မြို့၊ ဒလမြို့များသာမက မြစ်ဝကျွန်းပေါ်ဒေသတစ်ခုလုံးရှိ မြို့အားလုံး နှံ့နှံ့စပ်စပ် တိုက်ခိုက်ဖျက်ဆီးချေမှုန်းခဲ့ရာ မွန်တို့သည် ယိုးဒယားနိုင်ငံဖက်အထိ ထွက်ပြေးကြရလေတော့သည်။

၁၇၅၅ ခုနှစ်တွင် ဒဂုံကို အလောင်းမင်းတရားကြီး သိမ်းပိုက်ခြင်းသည် လောလောဆယ်တွင် စစ်တလင်းဖြစ်ခဲ့ရသော်လည်း နောင်အနာဂတ်ကာလတွင် အရှေ့တောင်အာရှ၌ အကြီးကျယ်ဆုံး အထင်ရှားဆုံးသော မြို့ကြီးဖြစ်လာမည့် လမ်းစဖြစ်သည်။

၁၇၅၆ ခုနှစ် ဇူလိုင်လတွင် သန်လျင်ကို အောင်မြင်ပြီးနောက် မြို့ပျက်ကြီးဖြစ်အောင် အလောင်းမင်းတရားသည် ဒေါသစိတ်အလျောက် ဖျက်ဆီးခဲ့ရာ ယနေ့အထိ သန်လျင်သည် ပင်လယ်ကူးဆိပ်ကမ်းမြို့ကြီး ဖြစ်မလာတော့ပေ။

သန်လျင်သည် မွန်နှင့် ဥရောပသားတို့ ကုန်သွယ်ခဲ့သည့် ဆိပ်ကမ်းမြို့ဖြစ်လေရာ အမျက်ဒေါသကြီးမားပြီး အညိုးအတေးကြီးလွန်းသော အလောင်းမင်းတရားကြီးသည် သန်လျင်ကို ဖျက်ဆီးပြီးနောက် ဗမာအချင်းချင်း ကုန်စည်ကူးသန်းရောင်းဝယ်ကြသော ဆိပ်ကမ်းမြို့ကို ထူထောင်ရန်တွက် ဒဂုံဆိပ်ကမ်းမြို့ကို တည်ဆောက်ခဲ့သည်။

အလောင်းဘုရားသည် ဒဂုံမြို့ကို စည်းကားသော ဆိပ်ကမ်းမြို့သစ်အဖြစ် တည်ဆောက်ပြီးနောက် မွန်ဘာသာဖြင့် Lagun ဟုခေါ်သည်ကို ဗမာအသံထွက်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com




ဒဂုံဟု ခေါ်ဆိုရာမှ 'ရန်အပေါင်း ကုန်ဆုံးစေသော' (The End of Strife') 'ရန်ကုန်မြို့' ဟု အမည်သစ်ပေးခဲ့သည်။

BIBLOGRAPHY


(1) A Dalrymple;Oriental Repertory
(2) D.G.E Hall; The Tragedy of Negrais
(3) R.Halliday (trans) History of Kings
(4) Konbaungset Yazawin
(5) Sannerat ; Voyage aux Indes Orientales (1782)
(6) M. Symes: Embassy to Ava (1800)
(7) H.H.Wilson; Documents Illustrative of the Burmese War (1827)


■■■






၁၈၂၅ ခုနှစ်က ရန်ကုန်မြို့

www.burmeseclassic.com

www.burmeseclassic.com



၁၈၅၂ ခုနှစ် က ရန်ကုန်အနီးမှ စေတီတစ်ဆူ



## အခန်း(၄)
## အလောင်းမင်းတရား၏ ရန်ကုန်

အလောင်းမင်းတရားကြီး၏ ရန်ကုန်မြို့သည် အရွယ်အစား လွန်စွာသေးငယ်လှသည်။ ဆူးလေဘုရားသည် မြို့၏ အလယ်ဗဟိုဌ် ရှိပြီး အရှေ့နှင့် အနောက်၊ တောင်နှင့် မြောက်ဖက်သို့ လူနေရပ်ကွက်များ အချိုးညီစွာ ခွဲဖြာသွားသော်လည်း လူနေအိမ်ခြေ နည်းပါးလွန်းသည်။

ထိုအချိန်က ရန်ကုန်မှာ ဆူလေဘုရားလမ်းနှင့် ယခုလမ်း ၃၀ နေရာမျှသာ ရှိသည်။ မြို့၏ အကျယ်အဝန်းသည် တစ်စတုရန်းမိုင်၏ ရှစ်ပုံတစ်ပုံမျှသာ ရှိလေသည်။ စည်းကားသော မြို့တွင်းဧရိယာကို ပတ်လည်ဝိုင်းထားသော မြို့ပြင်ရပ်ကွက်၏ ဧရိယာအားလုံးထည့်ပေါင်းသော်လည်း စတုရန်းဆယ်မိုင်မျှသာ အကျယ်အဝန်း ရှိလေသည်။

အလောင်းဘုရားက ရန်ကုန်ဆိပ်ကမ်းကို တည်ဆောက်ပေးခဲ့သော်လည်း၊ ပင်လယ်ကူးသင်္ဘောများ ဝင်ရောက်ဆိုက်ကပ်နိုင်သော အတိုင်းအတာတော့ မရှိပေ။ လှေဆိပ်သာသာမျှသာဖြစ်သည်။ ထိုခေတ်က သန်လျင်ဆိပ်ကမ်းသည် အကြီးဆုံးဖြစ်ခဲ့သည်။ အလောင်းဘုရားသည် သန်လျင်ဆိပ်ကမ်းကို ဖျက်ဆီးပြီး ရန်ကုန်ဆိပ်ကမ်းတည်ဆောက်ရာ သန်လျင်ဆိပ်ကမ်းနှင့် ရန်ကုန်ဆိပ်ကမ်းမှာ နှိုင်းယှဉ်လိုက်ပါက၊ ရန်ကုန်ဆိပ်ကမ်းမှာ အဆပေါင်းများစွာ သေးငယ်လှပေသည်။

အနောက်ဖက်တွင် မြို့၏ အလျားသည် တစ်ဖာလုံမျှသာ ရှိသည်။ မြို့၏ အရှေ့ဖက်မျက်နှာစာသည် ကိုက်ခြောက်ရာမျှသာ ရှိသည်။ မြို့၏ မြောက်ဖက်ပိုင်း မျက်နှာပြင်အရှည်သည် ကိုက်ပေါင်း တစ်ထောင့်တစ်ရာ(၁၁၀၀)မျှသာ ရှိသည်။

ထိုအချိန်က မြို့၏အရှေ့ဖက်သည် ဂျူဒါအီစကယ်လမ်း(Judah Ezekiel) မှ ဒါလဟိုဇီလမ်း (Dalhousie) လမ်းအထိ ကျယ်သည်။ မြို့၏အနောက်ဖက်တွင်မူ မောင်ထော်လေးလမ်း (Maung Taulay street) နှင့် မဂိုလမ်း (Mogul Street) စထရင်းလမ်းမှ ကုန်သည်လမ်းအထိ ကျယ်သည်။

ယဉ်မျိုးစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



မြို့၏ မြောက်ဖက်ပိုင်းတွင် ဖယ်ရာလမ်း (Phayre Street) နှင့် စပတ်လမ်း (Sparks Street) အထိ ကျယ်ဝန်းသည်။

ဆူးလေဘုရားသည် မြို့၏ အလယ်ဗဟိုဖြစ်သည်။ မြို့၏ လေးဖက်လေးတန်တွင် အုတ်မြို့ရိုးတည်ဆောက်နိုင်သော အနေအထား မရှိခြင်း၊ ကျွန်းသစ်ကို အလွယ်တကူရနိုင်ခြင်းကြောင့်၊ မြေသားဖို့ပြီး ကျွန်းလုံးကြီးများ စိုက်ထူထားသည်။ မြို့ရိုးအမြင့်သည် အချို့နေရာတွင် ပေ၂၀ အထိ မြင့်သော်လည်း နေရာအများစုတွင် ၁၀ ပေ၊ ၁၂ ပေမျှသာ မြင့်သည် မြို့ရိုးပတ်လည်တွင် မတ်စောက်သေနတ် စင်သည်များ သေနတ်ထိုးပြီး ပစ်ခတ်ရန်အတွက် အပေါက်များကို ကျဲကြဲကျဲကြဲ ပြုလုပ်ထားသည်။ သေနတ်သမားများ မတ်တပ်ရပ်ပြီး ပစ်ခတ်နိုင်ရန် မြို့နားပတ်လည်တွင် စင်မြင့် ပြုလုပ်ပေးထားသည်။ စင်မြင့်ပေါ်မှ တက်ရပ်ပြီး ပစ်ခတ်နိုင်သည်။ မြို့၏တောင်ဖက်ကို မြစ်က အကာအကွယ်ပေးထားသောကြောင့် မြို့ရိုးသုံးဖက်ကို အခိုင်အမာ ပြုလုပ်ထားသည်။

မြို့တွင်း၌ အရှေ့မှ အနောက်သို့ သွယ်တန်းနေသော လမ်းမကြီးသုံးခုသာ ပြုလုပ်ထားသည်။ တောင်ဖက်မှ မြောက်ဖက်သို့ လမ်းမကြီး နှစ်ခုသာ ပြုလုပ်ထားသည်။ တစ်မြို့လုံးတွင် လမ်းမကြီး ၅ ခုသာရှိသည်။

စထရင်းလမ်းဟုခေါ်သည့်နေရာတွင် အလောင်းဘုရားခေတ်ကာလကတည်းက နိုင်ငံခြားသားများသာ စုပေါင်းနေကြသောကြောင့် ကုလားတန် (The Kaladan) ဟု ခေါ်သည်။ ထိုလမ်းတွင် အိန္ဒိယသားနှင့် နိုင်ငံစုံမှ ကုန်သည်ကြီးများ နေထိုင်ကြသည်။

ကုန်သည်လမ်းနေရာတွင် ဟံသာဝတီမြို့ဝန် နေထိုင်သောကြောင့် ပဲခူးအရပ်ဟု ခေါ်ကြသည်။ ကုန်သည်လမ်းနေရာတွင် မင်္ဂလာဈေးတည်ရှိသည်။ ဘားလမ်းနှင့် လူးဝစ်လမ်းတို့သည် ဖြတ်လမ်းခေါ်၊ အလွယ်တကူ ဆက်သွယ်ထားသော လမ်းများသာ ဖြစ်သည်။

အလောင်းမင်းတရားခေတ်က ရန်ကုန်သည် ကိုလိုနီခေတ်ရန်ကုန်နှင့် အဆပေါင်းများစွာ ကွာခြားလေသည်။ ရန်ကုန်မြို့၏ အနောက်ဖက်တွင် ဒီရေအတက်အကျကို မှုတည်သော ချောင်းငယ်လေးများ ရှိသည်။ ထိုအချိန်က ပုဇွန်တောင်ချောင်းနှင့် ဗိုလ်တစ်ထောင်ချောင်းများသာ ထင်ရှားပြီး အခြားသောချောင်းလေးများ သိပ်ပြီး မထင်ရှားခဲ့ပေ။ ကိုလိုနီခေတ်တွင် ချောင်းအနားမှ လမ်းကို ခရစ်လမ်း (Creek Street) ဟုခေါ်သည်။

ကိုလိုနီခေတ် ပုဇွန်တောင်နှင့် မန်းကီးပွိုင့် (Monkey Point) ဧရိယာကို





ဘုရင်မကျွန်းဟု ခေါ်သည်။ ရှေးခေတ်ဟောင်းမြေပုံများတွင် ဖေါ်ပြချက်အရ ဘုရင်မကျွန်းသည် ရန်ကုန်မြို့နှင့် တဆက်တည်းရှိနေခြင်းမဟုတ်ဘဲ ကျွန်းပုံစံသီးခြားဖြစ်နေသည်။ ကိုလိုနီခေတ်မြေပုံတွင် ဘုရင်မကျွန်းသည် ရန်ကုန်မြို့နှင့် တဆက်တည်းဖြစ်နေသည်။

ရန်ကုန်မြို့သည် ဒီရေအတက်အကျရှိသော မြစ်ချောင်းများ ပတ်လည်ဝန်းရံလျက် တည်ရှိသောကြောင့် မိုးတွင်းကာလ မိုးများချိန်တွင် ရေကြီးရေလျှံတတ်သည်။

၁၈၅၂ ခုနှစ်မှတ်တမ်းများအရ ရန်ကုန်မြို့တွင်းလမ်းများသည် မြေနီလမ်းများ ဖြစ်ကြပြီး ၁၈၉၅ ခုနှစ်လောက်မှသာ ရန်ကုန်မြို့တွင်း လမ်းများကို အုတ်နီခဲများဖြင့် ခင်းထားကြလေသည်။ ထိုအချိန်က မြို့တွင်းရှိ ချောင်းများကို သစ်သားတံတားဖြင့် ဖြစ်သလို တည်ဆောက်ထားကြသည်။

ထိုအချိန်က ရန်ကုန်ဆိပ်ကမ်းသို့ အများဆုံးဆိုက်ကပ်သော သင်္ဘောများမှာ ပေါ်တူဂီကုန်သင်္ဘောများသာ ဖြစ်ကြသည်။ ထို့ကြောင့် ပေါ်တူဂီကုန်သင်္ဘောများမှ အခွန်ငွေ ရရှိသည်။ မြို့တွင်း အုတ်ခင်းလမ်းများပေါ်တွင် ဘီးတပ်ယာဉ်များကို မောင်းနှင်သွားလာခွင့်မပြုပေ။

သို့သော် အုတ်ခင်းလမ်းများသည် မူလကတည်းက ခိုင်ခံ့မှုမရှိသောကြောင့် ပျက်ဆီးတတ်သည်။ သို့သော် လမ်းပျက်ဆီးပါက ပြုပြင်ရမည့် မြို့တော်စည်ပင်သာယာရေးအဖွဲ့ဟူ၍လည်း သတ်သတ်မှတ်မှတ် မရှိပေ။

မိုးများသော ဒေသဖြစ်သောကြောင့် မိုးတွင်းအခါတွင် အစဉ်အမြဲ ရေဝပ်ပြီး ပွက်ထနေသောကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါ မကြာခဏ ဖြစ်ပွားတတ်သည်။ မြင်းယင်များ အလွန်ပေါ၍ အဆင့်အတန်းရှိသော မြို့ပြအင်္ဂါရပ်များ လုံးဝမရှိပေ။

တိရစ္ဆာန်များကို မွေးမြူရေးခြံကြီးများဖြင့် စံနစ်တကျ မွေးမြူတက်သော အလေ့အထလည်း မရှိသေးသောကြောင့် မြို့တွင်းလမ်းများတွင် အိမ်မွေး တိရစ္ဆာန်များ၊ ခွေးလေခွေးလွင့်များ၊ ကျွဲနွားများသည် သွားလိုရာ သွားလာနေကြသည်။ တိရစ္ဆာန်တို့၏ မစင်များသည် မြို့တွင်းနေရာအနှံ့တွင် ညစ်ပတ်စွာ ရှိနေကြသည်။

မြို့ကို စံနစ်တကျ အကွက်ချပြီး မြို့ပြအင်ဂျင်နီယာအတတ်ပညာဖြင့် ရေသွင်း ရေထုတ်စနစ်ကို ကောင်းမွန်စွာပြုလုပ်ထားခြင်း မရှိသောကြောင့် ရေဆိုးရေညစ်များနှင့် ညစ်ပတ်ချင်တိုင်း ညစ်ပတ်နေသည်။ လမ်းများ၏ အကျယ်အဝန်းကိုလည်း အတိအကျ တွက်ချက်ပြီး လုပ်ဆောင်ခြင်းမဟုတ်သောကြောင့် မညီမညာအရွယ်အစားဖြစ်နေသည်။

ဆယ်ပေ၊ ဆယ်နှစ်ပေမျှသာ ကျယ်သော လမ်းကျဉ်းလေးများစွာဖြင့် ရှုပ်ထွေးနေသည်။ လမ်းကျဉ်းလေးများမှာ လွန်စွာညစ်ပတ်ကြသည်။ သန့်ရှင်းသော လမ်းကျယ်



www.burmeseclassic.com

www.burmeseclassic.com



ကြီး အနည်းအကျဉ်းမျှသာ ရှိသည်။ ရေချိုးရာတွင် ရွှေတိဂုံဘုရားမြောက်ဖက်ရှိ ရေကန်ကြီးတွင် မြို့နေလူများ ရေချိုးကြသည်။ သုံးရေကိုလည်း ထိုကန်ကြီးမှ ခပ်ကြသည်။

ရန်ကုန်မြို့တွင် လေးလကြာမျှ နေထိုင်ခဲ့သော ဝီလီယမ်ကလက်ဝဲ(လ်)က *"ရန်ကုန်တွင် သောက်ရေသုံးရေ မသန့်ရှင်းသောကြောင့် ရောဂါဘယထူပြောခြင်းဖြစ်သည်"*ဟု ဆိုသည်။

ရွှေတိဂုံဘုရားအနီးမှ ရေကန်ကို သွားပြီးစစ်ဆေးရာ အသုံးပြုသူများသည် သန့်ရှင်းစွာ အသုံးပြုခြင်းမရှိကြောင်း တွေ့ရသည်၊ တွင်းရေသည်လည်း သောက်သုံးရန် သင့်တော်သည့်ရေတွင်း အလွန်ရှားသည်။ ပင်လယ်နှင့် ဆက်စပ်နေသည့် ရေကြောမြေကြောရှိသောကြောင့် သောက်ရေသန့်သန့်မရနိုင်ဘဲ တွင်းထွက်ရေများ (Natural Mineral Water) များသာရှိသည်။ ဥရောပသားများက ဓာတ်ခွဲကြည့်သောအခါ အိုင်ယွန်းဓာတ်နှင့် ကန့် (Sulphur) ပါဝင်မှုများနေကြောင်း တွေ့ရသည်။ မဂ္ဂနီဆီယမ် ပါဝင်မှု အနည်းငယ်ရှိသည်၊ အက်ဆစ်အရသာရှိသည်။ မျူရီယက်တစ်ဆား (Muriatis salt) ပါဝင်မှုလည်းရှိသည်။ ထိုရေကို (The Scotch tank) ခေါ် ဆာလဖါပါဝင်မှုနှုန်း မြင့်မားသော ရေဟု ခေါ်ဆိုကြသည်။

ဘုရင်မရှင်စောပု လက်ထက်တွင် လူအများ ဖျားနာကြသောအခါ ဘုရင်မသည် ရွှေတိဂုံစေတီတော်အနီးရှိ ရေအိုင်မှ ရေကို ဆေးပင်၊ ဆေးမြစ်များ ကျိုပြီး တိုက်ကျွေးရာ ရောဂါများပျောက်ကင်းသွားသည်ဟု ရှေးဟောင်း မှန်ဘုရင်မှတ်တမ်းများမှ သိရသည်။

အလောင်းဘုရား တည်ခဲ့သော ရန်ကုန်မြို့တွင် အိမ်များကို ဓနိမိုးပြီး ဝါးထရံကာထားကြသည်။ မိုးများသော ဒေသဖြစ်ပြီး မိုးတွင်းကာလတစ်လျှောက်လုံး အိမ်အောက်တွင် ရေအိုင်နေသောကြောင့် နေအိမ်များကို ခြေတံရှည်အိမ်ပုံစံ တည်ဆောက်ကြသည်။ မိုးများပြီး အစဉ်အမြဲ စိုစွတ်နေတတ်သောကြောင့် ရန်ကုန်မြို့တွင် ထိုခေတ်က မြေစိုက်အိမ် လုံးဝမရှိပေ။ ခြေတံရှည်အိမ်များတွင် အမြင့်သည် မြေပြင်မှ အမြင့်နှစ်ပေ၊ သုံးပေ၊ လေးပေမှ ငါးပေအမြင့်အထိ ရှိသည်။

အိမ်တိုင်းတွင် ကြက်များ၊ ဘဲများ၊ ခွေးများ၊ ဝက်များသာမက ကျွဲနွားများလည်း မွေးမြူကြလေရာ မြို့အင်္ဂါနှင့် ညီညွတ်မှု လုံးဝမရှိဘဲ တောရွာလေးတစ်ခု အဆင့်အတန်းမျှသာ ရှိလေသည်။

တိရိစ္ဆာန်များနှင့် လူများ ရောနှောပြီး နေတတ်ကြသည်။ ခွေးများ၊ ကြက်များ





သည် လူများနှင့် ရောနှောပြီး နေထိုင်ကြသောအခါ ရောဂါဘယ လွန်စွာထူပြောလေသည်။ စနစ်တကျ မစင်စွန့်သော အလေ့အကျင့် မရှိကြပေ။ မြို့တွင်းနေရာအနှံ့ လူမစင်၊ တိရိစ္ဆာန်မစင်များ ရှိကြသည်။ အော့နှလုံးနာဖွယ်ဖြစ်သည်။ ညဖက်ကြတော့လည်း ခွေးတွေက အမှောင်ထုထဲတွင် အုပ်စုဖွဲ့ပြီး အူဟောင်နေတတ်သည်။ ခွေးဟောင်သံများက ဆူညံကြသလို ခွေးအူသံများက အတိတ်ဆိုးနိမိတ်ဆိုးများကို ဖိတ်ခေါ်နေသယောင် ရှိသည်။

မြို့လယ်တွင် ကျွန်းသစ်ဖြင့် ဆောက်လုပ်ထားသော အိမ်ကြီးအိမ်ကောင်းများစွာ ရှိသော်လည်း မြို့ပြင်တွင် ဝါးထရံကာ ဓနိမိုးအိမ်များသာ ရှိသည်။

ထိုခေတ်က ဥရောပသားများသည် ရန်ကုန်မြို့တွင် လွတ်လပ်စွာ နေထိုင်ခွင့်ရှိသည်။ သို့သော် ရှေးဦးစွာ ရန်ကုန်မြို့ဝန်ထံတွင် နေထိုင်ခွင့်ပြုပါရန် ခွင့်ပြုမိန့်တောင်းရသည်။ ခွင့်ပြုမိန့်ကျသောအခါတွင် ကြီးမားသော အခွန်ငွေပေးဆောင်ပြီးမှ နေထိုင်ခွင့်ရလေသည်၊ ဥရောပသားများအတွက် အခွန်ငွေသည် မှုစရာတော့ မရှိပေ။ သူတို့သည် အလည်အပတ်လာကြသူများ မဟုတ်။ စီးပွားရေးကြောင့် လာရခြင်းဖြစ်လေရာ၊ အခွန်ငွေ ပေးနိုင်ကြသည်။

အိမ်ဆောက်သောအခါ ဥရောပတွင် အုတ်တိုက်များဖြင့် နေထိုင်ကြသော်လည်း ရန်ကုန်မြို့သည် စိုစွတ်သောကြောင့် ရာသီဥတုဒဏ်ခံသော ကျွန်းသစ်ဖြင့် ဆောက်လုပ်သောအိမ်သည် နေထိုင်ရန်အတွက် အသင့်တော်ဆုံးဖြစ်သည်။

သို့သော် ဗမာလက်သမားများသည် အိမ်ဆောက်ရာတွင် လက်ရာကောင်းမွန်သေသပ်ခြင်း မရှိသောကြောင့် ဥရောပသားများက အလွန်စိတ်ပျက်ကြသည်။

*"သူတို့ဆောက်လိုက်တဲ့ အိမ်တွေက အကျဉ်းထောင်ကြီးတွေနဲ့ တူနေတယ်။ သူတို့ ထောင်တွေ အချုပ်ခန်းတွေဘဲ ဆောက်တတ်တယ်လို့ ထင်ပါတယ်"*ဟု ဆိုလေသည်။

အကောက်ခွန်ရုံးနှင့် မြို့ဝန်အိမ်တော်တွေကတော့ အုတ်တိုက်အဆောက်အဦးတွေ ဖြစ်သည်။ လှပမှုမရှိပေမယ့် ခန့်ညားတယ်လို့တော့ ပြောနိုင်ပါသည်။

သစ်လုံးခံတပ် (The Stocgade) အပြင်ဖက်၊ မြစ်ကမ်းပါးတွင် ရေထဲဆင်းရန်အတွက် ကမ်းနား၌ လှေကားထစ်များအဆင့်ဆင့် ပြုလုပ်ထားသည်။

အဓိကဆိပ်ခံတံတားကြီးကို ဘုရင်မင်းမြတ်၏ ဆိပ်ခံတံတားဟု ခေါ်သည်။ တံတား၏ ခေါင်မိုးကို အုတ်ကြွပ်မိုးထားသည်။ ထိုတံတားသည် ထိုအချိန်က ခပ်သေးသေးမျှသာ ဖြစ်သော်လည်း နောင်တွင် ကိုလိုနီခေတ်၌ ဘားလမ်းတံတားကြီး ဖြစ်လာ



www.burmeseclassic.com

www.burmeseclassic.com



သောအခါ လွန်စွာကြီးမားသော တံတားကြီးဖြစ်လာသည်။ တံတားကြီးနှစ်ခုကြားတွင် ညှော်သည်များ၊ ကုန်သည်များနားနေနိုင်ရန် မဏ္ဍပ်ကြီးတစ်ခု ပြုလုပ်ထားသည်။

ရန်ကုန်မြစ်ဖက်မှ တိုက်ခတ်လာသော လေကောင်းလေသန့် လေနု လေအေးများ ရသောကြောင့် ထိုမဏ္ဍပ်ကြီးတွင် နံနက်ခင်းနှင့် ညနေချိန်များတွင် လူများစွာ စုရုံးနေတတ်ကြသည်။

ဘုရင်မင်းမြတ် တံတားကြီးဘေးတွင် သစ်သားဖြင့် တည်ဆောက်ထားသော ခံကတုတ် (Breastwork) ရှိသည်။ ထိုအပေါ်တွင် အမြောက်များကို အထိုင်ချပြီး တပ်ဆင်ထားသည်။ အနီးတွင် အလံတော်လွှင့်ထူထားသည်။ လေတိုက်သောအခါ အလံတော်သည် လေထဲတွင် တလွင့်လွင့် ဖြစ်နေသည်။

မြို့တွင်း၌ ဆိပ်ခံတံတား အငယ်စားလေးများ ရှိသည်။ ထိုအထဲတွင် တရုတ်တန်းရှိ တရုတ်တံတားသည် အကြီးဆုံးဖြစ်သည်။ ကြည့်မြင်တိုင်ဖက်သို့ ကမ်းနားလမ်းမှ လမ်းဖြင့် သွားနိုင်သည်။ ရွှေတိဂုံဘုရားဖက်သို့ သွားသောလမ်း နှစ်လမ်းရှိသည်။

ကိုလိုနီခေတ်တွင် တရုတ်တံတားနှင့် အက်(ဒ)ဝပ်လမ်းကြား ဒါလဟိုဇီလမ်း၏ မြောက်ဖက်တွင် လူသတ်ကုန်း (The Execution) သို့မဟုတ် လူသတ်ဂိတ် (Death Gate) ရှိသည်။ သတ်ဖြတ်ပြီးသော ဒုစရိုက်သား၊ အကျဉ်းသားများကို စုပုံထားသော ကွင်းပြင်ကြီးကို အလောင်းမင်းတရားခေတ်ကာလတွင်း လူသတ်ကွင်းဟု ခေါ်ခဲ့ကြသည်။

ထိုခေတ်က ဆူးလေဘုရားအနီးပတ်ဝန်းကျင်တွင် ချောင်းငယ်မြောင်းငယ် ပေါများသောကြောင့် ဆူးလေဘုရားပေါ်တက်ရာတွင် သစ်သားတံတားအဆင့်ဆင့်ကို ဖြတ်ကျော်ရသည်။

တရုတ်တံတားလမ်းနှင့် ရွှေတိဂုံဘုရားသည် မျဉ်းတစ်ဖြောင့်တည်းဖြစ်သော်လည်း၊ ရွှေတိဂုံဘုရားသည် ကုန်းတွင်းပိုင်း၌ ရှိခြင်း၊ ကုန်းမြင့်ပေါ်၌ တည်ဆောက်ထားခြင်းကြောင့် ဆူးလေဘုရားကဲ့သို့ ရေပတ်လည်ဝိုင်းသော အနေအထားမရှိခဲ့ပေ။

ကိုလိုနီခေတ်တွင် လူးဝစ်လမ်းဟု ခေါ်ခဲ့သော လမ်းသည် အလောင်းမင်းတရားခေတ်က ဝန်ကြီးလမ်းဖြစ်သည်။ ဝန်ကြီးလမ်းသည် မြို့ဝန်မင်းအိမ်အထိ ရှည်လျားသည်။

ဆူးလေဘုရားလမ်းတစ်လျှောက် ရေမြုပ်ပြီး ရွံ့ဗွက်ထသောနေရာကို မွတ်ဆလင်ကုန်သည်ကြီးတစ်ဦးက၊ ငွေကြေးစိုက်ထုတ်ပြီး အုတ်ခင်းလမ်းကြီးအဖြစ် တည်ဆောက်ပေးခဲ့သည်။ ထိုမွတ်ဆလင်ကုန်သည်ကြီးမှာ ပရဟိတလုပ်ငန်းများတွင် တက်ကြွစွာပါသောကြောင့် ဒေသခံဗမာတို့နှင့် အလွန်ရင်းနှီးသည်။ နောင်အခါတွင်





ဗမာအမျိုးသမီးကို အိမ်ထောင်ပြုပြီး ဗုဒ္ဓဘာသာသို့ ကူးပြောင်းခဲ့သူဖြစ်သည်။

ရန်ကုန်မြို့ရှိ ဘုန်းတော်ကြီးကျောင်းများ၊ ဇရပ်များတွင် တိရိစ္ဆာန်မျိုးစုံ ရုပ်ထုများ ပြုလုပ် ထားကြသည်။ မြို့၏အရှေ့ဖက်တွင် လမ်းကျဉ်းလေးနှစ်ခုရှိသည်။ ခနီတောလမ်းနှင့် ပုဇွန်တောင်လမ်းတို့ ဖြစ်သည်။ လမ်းကျဉ်းလေးများသည် ချောင်းများ ရေမြောင်းများကို ဖြတ်ကျော်ပြီး တည်ဆောက်ထားကြပြီး ဝါးတံတားများ သစ်သားတံတားများသည် မိုင်မှတောင့်တင်းမှုမရှိဘဲ ခနော်ခနဲ့ဖြစ်သည်။ ဒေသခံတို့အတွက် ပြဿနာမရှိသော်လည်း နိုင်ငံခြားသားများ ဝင်ထွက်သွားလာရန် မဖြစ်နိုင်ပေ။

ကိုလိုနီခေတ် ဝင်ဒါမီယာလမ်း(Windermere Road) နေရာသည် အလောင်းမင်းတရားခေတ်က ရေအိုင်ကြီးဖြစ်သည်။ ရေအိုင်ကြီးကို တူးပြီး လူအများ အသုံးပြုနိုင်သော ရေကန်အဖြစ် ဖန်တီးထားသည်။ ကိုလိုနီခေတ်တွင် ပြည်လမ်းမကြီးတစ်လျှောက် တံတားကလေး၊ တံတားကြီး နေရာတွင် ထိုအချိန်က နွားလှည်းလမ်းမျှသာ ရှိသည်။

ရန်ကုန်မြို့တွင် စတင်၍ လူနေစည်းကားလာသော နေရာမှာ ရန်ကုန်ဆိပ်ကမ်းကို အခြေခံပြီး ဝင်ငွေရလွယ်သော ကုန်တင်ကုန်ချလုပ်ငန်း လုပ်ကိုင်ကြသည့် ကူလီများ စုပေါင်းနေထိုင်သည့်အရပ် ဖြစ်သည်။ ထိုနေရာသည် ကိုလိုနီခေတ်တွင် စထရင်းရင်း၊ မောင်ခိုင်လမ်းနှင့် မဂိုလမ်းဟူ၍ ပေါ်ပေါက်လာသော နေရာဖြစ်သည်။

ကုန်သည်များနှင့် သဘော်အရာရှိများသည် သစ်လုံးခံတပ်အတွင်းပိုင်းတွင် နေထိုင်ကြသည်။ ထိုနေရာတွင် လှပသောလမ်းများ၊ ပန်းခြံများ၊ ကြီးမားသော လူနေအိမ်ခြံများ ပေါ်ပေါက်လာသည်။ သစ်ခွပန်း၊ နှင်းဆီပန်းများ ဝေဝေဆာဆာနှင့် လှပသော ပန်းဥယျာဉ်များ အစီအရီပေါ်ပေါက်လာသလို အုန်းပင်၊ သရက်ပင်များ မြို့တွင်းနေရာ အနှံ့အပြားတွင် ပေါက်ကြသောကြောင့် အသီးများ စားခွင့်ရသလို စားမြိန်သော အရိပ်အာဝါသလည်း ရလေသည်။

တရုတ်တန်းတွင် တရုတ်ဘုံကျောင်းများ ပေါ်ပေါက်လာသည်။ အာမေးနီးယန်း ဘုရားရှိခိုးကျောင်းကြီးများ ပေါ်လာသည်။ နိုင်ငံခြားသားများနေထိုင်သော အရပ်တွင် စနစ်တကျ ရေနှင့် မီလ္လာစနစ် ပေါ်ပေါက်လာသော်လည်း ဒေသခံဗမာရပ်ကွက်များတွင် အလေးသွားရာ၌ တောတိုးသည့်အလေ့အထမျှသာ ရှိသေးသည်။ ဗမာလူမျိုးများသည် ရွှေတိဂုံဘုရားအနီးတွင် စုပေါင်းနေထိုင်ကြသည်။ ပုဇွန်တောင်ရပ်ကွက်ဖက်တွင်လည်း ထိုခေတ်က တောအုပ်ကြီးများ ထူထပ်စွာရှိလေရာ တောတိုး၍ အလေးသွားသော စနစ်သည် အံဝင်ခွင်ကျ ဖြစ်နေတော့သည်။

ရွှေတိဂုံဘုရား၏ အနောက်ဖက်တွင်လည်း တောအုပ်ထူထပ်စွာရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြစ်၏ လက်ဝဲဖက်ကမ်းတွင်လည်း အလွန်ထူထပ်သော တောအုပ်ကြီး ဖုံးလွှမ်းနေသည်။ တောနက်ကြီးထဲတွင် သားရဲတိရစ္ဆာန်မျိုးစုံ ရှိနေကြသည်။ ဆင်အုပ်ကြီးများနှင့် ကျားကြီးများအထိ ရှိကြသည်။ တောခွေးအုပ်ကြီးများလည်း ရှိသည်။

ရွှေတိဂုံဘုရားပေါ် ကျားတက်သည်ဟု ရေးစာဆိုများလည်း ရှိသည်။ ရွှေတိဂုံအနီးမှ ကန်ကြီးသည် ယခုကန်တော်ကြီး၊ ကန်တော်လေးတို့နှင့် ဆက်သွယ်မှု ရှိသည်။ ထို့နောက် ပုဇွန်တော်ချောင်းထဲသို့ စီးဝင်သွားသည်။

မွန်ဘုရင်များလက်ထက်တွင် သန်လျင်မြို့၊ ဒလမြို့တို့သည် ဆိပ်ကမ်းမြို့ကြီးများဖြစ်ကြပြီး တွံတေးမြို့၏အနေ အထားသည် ဒဂုံမြို့ထက် ပို၍ကြီးမားပြီး လူဦးရေ ပို၍ များခဲ့သည်။

ဟံသာဝတီမြို့ဝန်သည် ရန်ကုန်မြို့ဝန်ဖြစ်လာသည်။ နေပြည်တော်တွင် လွှတ်တော်ရှိသော်လည်း သက်ဦးဆံပိုင်ဘုရင်စနစ်အောက်တွင် ဘုရင်၏အမိန့်သည်သာ အရာရာကို ဖုံးလွှမ်းလေသည်။ မြို့ဝန်သည်လည်း ရန်ကုန်မြို့တွင် ဘုရင်တစ်ပါးဖြစ်သည်။ သေဒဏ်စီရင်နိုင်သည်အထိ အခွင့်အာဏာရှိသည်။ ခိုးမှု၊ ဓါးပြမှု၊ လူသတ်မှုများအတွက် မြို့ဝန်သည် သေဒဏ်အပြစ်ပေးနိုင်သော အခွင့်အာဏာရှိသည်။

အချင်းချင်း မနာလိုမုန်းတီးမှုကြောင့် အပြစ်ရှာပြီး တိုင်တန်းခြင်းမျိုး မတရားအမှုဆင်ပြီး မြို့ဝန်အား တိုင်တန်းခြင်းဖြစ်ပါက မတရားအပြစ်တင်ခံရသော တရားခံဘက်မှ ရှေ့နေငှားပြီး ပြန်လည်ထုချေရှင်းပခွင့် မရှိပေ။ မြို့ဝန်က သတ်စေအမိန့်ချပါက သေရမည်သာ ဖြစ်သည်။ မြို့ဝန်က 'လွှတ်စေ'အမိန့်ချမှသာ လွတ်မြောက်မည်ဖြစ်သည်။ ထို့ကြောင့် နေပြည်တော်နှင့် လွန်စွာအလှမ်းဝေးသော ရန်ကုန်မြို့တွင် မြို့ဝန်သည် သက်ဦးဆံပိုင်အာဏာရှိတစ်ပါး ဖြစ်လာသည်။

ရေဝန်သည် မြစ်ကြောင်းသွားလာသော လှေများကို စောင့်ကြပ်ရသည်။ ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်လာသော နိုင်ငံခြားသင်္ဘောများမှ အခွန်ကောက်သည်။ ကောက်ခံရရှိသော အခွန်တစ်ဝက်ကို မြို့ဝန်အား ဆက်သရပါသည်။

ထိုခေတ်က မင်းမှုထမ်းများသည် နေပြည်တော်နှင့်ဝေးသော နေရာတွင် အမှုထမ်းရသည်ကို သဘောကျနှစ်သက်ကြသည်။ အဘယ်ကြောင့်မူ နေပြည်တော်ကို အလုံးစုံတင်ပြဖို့ မဖြစ်နိုင်သောကြောင့် သူပုန်ထသည့် အရေးအခင်းမှ လွဲ၍ အခြားသော အရေးအခင်းအမှုကိစ္စများကို မိမိတို့တာဝန်ယူထားသော အရပ်ဒေသတွင် မိမိတို့စိတ်ကြိုက် စီရင်ခွင့်ရှိကြသည်။ ဘုရင်တစ်ပါးကဲ့သို့ လုပ်ပိုင်ခွင့်အာဏာရှိကြလေသည်။

မြို့ဝန်၊ ရေဝန်ကဲ့သို့ ဩဇာအာဏာကြီးမားသူသည် အကောက်ဝန်ဖြစ်သည်။





အကောက်ဝန်၏တာဝန်သည် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်လာသော နိုင်ငံခြားကုန်သင်္ဘောများတွင် တင်ဆောင်လာသော ကုန်ပမာဏကို အခြေခံပြီး အခွန်ကောက်ခံရသောကြောင့် နိုင်ငံခြားဘာသာစကားမျိုးစုံ တတ်ကျွမ်းရမည်ဖြစ်၍ ဗမာပြည်သို့ ၁၇၆၀ ခုနှစ်ကတည်းက ရောက်ခဲ့ပြီး ဗမာစကားနှင့် ဗမာစာကောင်းစွာ တတ်သော ပေါ်တူဂီလူမျိုး ဂျိုးဇက်ဇေဗီယာဒါကရု(ဇ်) (Toseph Xavier da Cruz) ကို အကောက်ဝန်တာဝန်ပေးခဲ့သည်။

သူသည် အင်္ဂလိပ်သင်္ဘောတွင် အမြောက်ပစ်ခတ်သူအဖြစ် တာဝန်ယူခဲ့ဖူးသည်။ ဗမာပြည်တွင် သင်္ဘောနားနေစဉ် ကပ္ပတိန်နှင့် ပြဿနာဖြစ်ရာက ကပ္ပတိန်ကို သတ်မိသဖြင့် ဗမာဘုရင်ထံ ခိုလှုံရာ ဗမာဘုရင်က ခိုလှုံခွင့်ပေးသောကြောင့် သစ္စာရှိစွာဖြင့် အကောက်ဝန်ရာထူး ထမ်းဆောင်နေခြင်းဖြစ်သည်။ ကံကောင်းချင်တော့ ဗမာပြည်ရောက်စဉ် ခင်ပွန်းကွယ်လွန်သော ပြင်သစ်မုဆိုးမလေးသည် ဗမာပြည်သောင်တင်နေရာ သူနှင့် အိမ်ထောင်ကျလေသည်။ သူတို့ဇနီးမောင်နှံသည် ဗမာပြည်တွင် သက်ဆုံးတိုင်နေကြမည်ဖြစ်သောကြောင့် မြို့တွင်းလမ်းများကို ပလက်ဖောင်းများခင်းပေးခဲ့သည်။

အလောင်းမင်းတရားထံတွင် အမှုထမ်းခဲ့သော အရာရှိနောက်တစ်ဦးသည် အာမေးနီးယန်း မိဘနှစ်ပါးမှ ဗမာပြည်တွင် မွေးဖွားခဲ့သော ဘာဘာရှင်း (Baba Sheen) ဖြစ်သည်။

၁၇၈၀ တွင် အရှေ့အိန္ဒိယကုမ္ပဏီမှ အရာရှိရော်ဂျာသည် အထက်အရာရှိနှင့် စကားများရာတွင် လူသတ်မှုကျူးလွန်သည်အထိ ဖြစ်ခဲ့သောကြောင့် ဘင်္ဂလားပြည်ဖက်မှ ထွက်ပြေးလာပြီး အလောင်းမင်းတရား၏ သားတော်တစ်ပါးဖြစ်သော ပြည်ဘုရင်ထံ ခိုလှုံလေသည်။ သူသည် ဗမာစကား ကောင်းစွာပြောတတ်သည်။ ဗမာလိုဝတ်ဆင်ပြီး ဗမာ့ဓလေ့ကို ကောင်းစွာနားလည်သူဖြစ်သည်။ သူ့ကို ပြည်ဘုရင်က အကောက်ဝန်ရာထူး ပေးခဲ့သည်။

နောက်တစ်ဦးသည် စပိန်လူမျိုး လန်ဆီဂို (Lanciego) ဖြစ်သည်။ သူသည် ပြင်သစ်တော်လှန်ရေးစစ်ပွဲများတွင် ပါဝင်ခဲ့သည်။ ထို့နောက်စစ်တပ်မှထွက်ပြီး ကုန်သည်ဖြစ်လာသည်။ ဗမာပြည်သို့ ကုန်ရောင်းကုန်ဝယ်ကိစ္စဖြင့် ရောက်လာပြီး ရန်ကုန်မြို့ရှိ အကောက်ဝန် ဂျန်စီ၏ သမီးနှင့် အိမ်ထောင်ကျသောကြောင့် ဗမာဘုရင်၏ အမှုထမ်းဖြစ်လာသည်။ နောင်တွင်သူလည်း အကောက်ဝန်ဖြစ်လာသည်။

နောင်တွင် ရန်ကုန်ဆိပ်ကမ်း၌ အကောက်ဝန်ရုံး ဖွင့်လှစ်ခဲ့သည်။ ဘုရင်



www.burmeseclassic.com

www.burmeseclassic.com



သည် အကောက်ဝန်ကို အစိုးရလစာဟူ၍ သီးသန့်ပေးလေ့ မရှိပေ။ ကောက်ခံရသမျှ အခွန်ငွေကို ဘုရင်အား တစ်ဝက်ပေးပြီး ကျန်တစ်ဝက် ယူခွင့်ရှိသည်။ ဘုရင်အတွက် ရသော ဝေစုကို တစ်ဝက်ခွဲပြီး ဘုရင်က မြို့ဝန်အားပေးလေသည်။

ထိုခေတ်က ရန်ကုန်မြို့တွင် မြို့ဝန်နှစ်ဦးခန့်ထားသည်။အကောက်ဝန်လည်း နှစ်ဦးရှိသည်။ အထွေထွေကိစ္စများဆောင်ရွက်ပေးသော စာရေးနှစ်ယောက်ရှိသည်။ ရေဝန်လည်း နှစ်ယောက်ဖြစ်သည်။ နကန် (NalKan) လည်းနှစ်ယောက်၊ (Sitkes) လည်းနှစ်ယောက် ဖြစ်သည်။

ထိုအခါ ကုန်သဘော်များ ကုန်သည်များနှင့် ပြဿနာတက်လေတော့သည်။ အကောက်ခွန်ကို တစ်ကြိမ်သာ ကောက်ရမည့်အစား အကောက်ဝန်နှစ်ဦးက နှစ်ခါ ကောက်သည်။ ရေဝန်နှစ်ဦးက နှစ်ခါကောက်သည်။ စသည်ဖြင့် အစစအရာရာတွင် အငြင်းပွားစရာ များစွာဖြစ်ခဲ့သည်။ ထိုခေတ်က ရန်ကုန်မြို့ရှိ အမှုစစ်အရာရှိများ တရားသူကြီးများသည် လာဘ်အစားဆုံး အကျင့်အပျက်ဆုံးဖြစ်ခဲ့သည်။

မြို့ဝန်တစ်ဦးသည် အမှုအခင်းအတွက် ဒဏ်ငွေဆောင်စေပြီး မကြာမီ နေပြည်တော်မှ မြို့ဝန်အသစ် ရောက်လာသောအခါ ယခင် မြို့ဝန်စစ်ဆေးခဲ့သော အမှုများကို စစ်ဆေးဖို့ လိုသည်ဟု ထပ်မံစစ်ဆေးပြီး ထပ်မံဒဏ်ရိုက်ခဲ့သော အမှုများစွာ ရှိခဲ့သည်။

ရန်ကုန်မြို့ဝန်သည် လွန်စွာ လာဘ်စားသည်ဟု နာမည်ဆိုးထွက်သောအခါ နေပြည်တော်မှ အပြစ်ဒဏ်ပေးပြီး အကျင့်စာရိတ္တကောင်းမွန်သည်ဟု အလောင်းမင်းတရားကြီးကိုယ်တိုင် ယုံကြည်စိတ်ချရသူကို မြို့ဝန်ခန့်လိုက်သည်။

သို့သော် အစတော့ ရိုးရိုး မကြာမီ ငွေရှာနည်းအတတ်ပညာကို သိသွားသည်။ ငွေကြေးဥစ္စာနေကြွယ်ဝ ချမ်းသာသူတို့သည် ငွေရင်းပြီး ငွေရှာကြသည်။ မြို့ဝန်သည် ဆင်းရဲသော မင်းခယောက်ျား ဝန်ထမ်းမျှသာ ဖြစ်သော်လည်း လုပ်ပိုင်ခွင့်အာဏာရှိသည်။ အာဏာဖြင့် ငွေကို ဖန်တီးယူလေသည်။ ပထမ ကုန်သည်ကြီးများနှင့် ရှယ်ယာ လုပ်သည်။ ကုန်သည်ကြီးများက ငွေစိုက် မြို့ဝန်က အာဏာပါဝါလုပ်ပိုင်ခွင့် အသုံးပြုပြီး အကောက်ခွန် ကင်းလွတ်ခွင့်ယူခဲ့သည်။ ထိုကဲ့သို့ အကြိမ်ကြိမ် မတရားလုပ်သဖြင့် မြို့ဝန်တွင် အရင်းအနှီးများလာသည်။ ကုန်သည်လောကအကြောင်း ကောင်းကောင်း နားလည်ပြီဖြစ်၍ ကိုယ့်အရင်းအနှီးနဲ့ကိုယ် ကုန်ကူးရာ မြို့ဝန်မှာ ရန်ကုန်မြို့တွင် အချမ်းသာဆုံး ပုဂ္ဂိုလ်ကြီး ဖြစ်လာခဲ့သည်။

ထိုအခါ မြို့ဝန်ကို အားကျပြီး အားလုံးသော အာဏာပိုင်များသည် ကိုယ့် အဆင့်အတန်းနဲ့ ကိုယ်၊ ကိုယ့်လုပ်ပိုင်ခွင့်အာဏာရှိသမျှ ကြိုးစားပြီး ကုန်ကူးကြလေရာ





ဘုရင့်အခွန်ဘဏ္ဍာ များစွာနစ်နာလေတော့သည်။

အခွန်ကောက်ခံသောနှုန်းထားမှာ ဗမာ၊ မွန်၊ ရှမ်း၊ ကရင် စသော တိုင်းရင်းသားကုန်သည်များအတွက် ရူပီးဆယ့်နှစ် (RS.12 Per annum) မျှသာ ကောက်ခံသော်လည်း ကြွယ်ဝချမ်းသာသည့် နိုင်ငံခြားသားကုန်သည်များအတွက် အခွန်ရူပီး သုံးရာ (RS.300) ကောက်ခံလေသည်။

ငါးဖမ်းလှေတစ်စီးလျှင် ရူပီးငွေဆယ့်ငါး (RS.15) မှ ရူပီးငွေ နှစ်ဆယ့်ငါး (RS.25) အထိ ကောက်ခံလေသည်။ ဈေးသို့ ငါးပိပို့ရန် လာသော လှေတစ်စီး ဆိုက်ကပ်လာသည်ဆိုပါစို့ ပေးရမည့်အခွန်ကို သတ်မှတ်ပြီးသောအခါ ထိုအခွန်၏ ခွဲဝေပုံမှာ အောက်ပါအတိုင်းဖြစ်သည်။

| | |
|---|---|
| ၁။ မြို့ဝန်၊ | ၂ |
| ၂။ မြို့ဝန်စာရေး၊ | ၂ |
| ၃။ သတင်းပေးများ | ၂ |
| ၄။ မြို့ဝန်၏ကုန်ကျစရိတ် | ၂ |
| ၅။ မြို့သူကြီး | ၃ |
| ၆။ မြို့သူကြီးစာရေး | ၁/၂ စသည်ဖြင့် ခွဲပေးရသည်။ |

ဘုရင်ဘဏ္ဍာတော်အတွက် ငါးပိ၊ ငါးခြောက် ပေးပို့နိုင်သော်လည်း ရာသီ သီးနှံ၊ သရက်သီး၊ မန်ကျည်းသီး၊ စသောသီးနှံများစွာအတွက် အသီးအနှံကို နေပြည်တော် အထိ ပို့ပေးပါက လမ်းခရီးတွင် ပျက်စီးနိုင်သောကြောင့် မြို့ဝန်မြို့သူကြီးနှင့် စာရေးများ ခွဲတမ်းအရ ခွဲဝေယူကြသည်။

ထိုခေတ်က ဗမာပြည်တွင် ငွေဒင်္ဂါးနှင့် အကြွေစေ့များ မပေါ်သေးပါ။ အချို့က ငွေတုံးငွေစများကို ကြားခံအဖြစ် အသုံးပြုကြသည်။ ဆင်းရဲသားများက ကုန်ပစ္စည်းချင်း ဖလှယ်သော စနစ်ကိုသာ အသုံးပြုကြသည်။ ဥပမာ-ငါးပိ၊ ငါးခြောက်ပေးပြီး ဆန်နှင့် လဲလှယ်ကြသည်။ ကောက်ညှင်းပဲအမျိုးအမျိုးနှင့် လဲလှယ်ကြသည်။ နှမ်းဆီ၊ မြေပဲဆီ နှင့် လဲလှယ်ကြသည်။

ကုလီများ၊ ပျံကျအလုပ်သမားများ၊ ပျံကျဈေးသည်များ၊ လက်သမားများ၊ လှေထိုးသားများသာလျှင် အခွန်ကင်းလွတ်ခွင့်ရှိသည်။ သူတို့တွင် အခွန်ဆောင်စရာ ဘာမှမရှိ။ တစ်နေ့လုပ်တစ်နေ့စားများ ဖြစ်ကြသည်။ လူနေမှုအဆင့်အတန်း နိမ့်ကျ သည်။ ဆင်းရဲသား ပေါများသည်။ သူတို့သည် ဘုရားတည်ခြင်း၊ ဇရပ်ဆောက်ခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



လူနေအိမ် ဆောက်လုပ်ခြင်း၊ လမ်းတံတားပြုပြင်ခြင်းများတွင် ဝင်ရောက်လုပ်ကိုင်ပြီး ဝမ်းစာရှာကြသည်။ လယ်သမားများ၏ ဘဝသည်လည်း ဝမ်းစာစပါးပေါ်များသည် ကလွဲပြီး ပိုင်ဆိုင်မှု ဘာမျှမရှိပေ။

ရှင်ဘုရင်က စစ်တိုက်ထွက်သည့်အခါ လူသစ်စုဆောင်းရာတွင် လူငယ်လူရွယ်များနှင့် အရွယ်လတ်ပိုင်း အရွယ်ကောင်းသူများ လိုက်ပါသွားကြသည်။ မင်းမှုထမ်းစဉ် သေဆုံးပါက လျော်ကြေးမရပါ။ အသက်မသေဘဲ ထူးချွန်စွာ စစ်မှုထမ်းနိုင်ပါက ရာထူးကြီးကြီး ရတတ်သည်။ ထို့ကြောင့် ရှေးခေတ်ကာလကတည်းက စစ်သားဘဝကို 'သေမြေကြီး၊ ရှင်ရွှေထီးဟု' ခေါ်ဆိုခဲ့ကြသည်။

မြို့တွင်း တံတားဆောက်ခြင်း၊ လမ်းဖောက်ခြင်း၊ မြို့ရိုးကာခြင်းများ ပြုလုပ်သောအခါ ကြွယ်ဝချမ်းသာသူများက ငွေကြေးပစ္စည်း အကူအညီပေးရသည်။ ဆင်းရဲသားလူမွဲများက လုပ်အားပေးရသည်။ ထမင်းကျွေးသည်။

ရန်ကုန်မြို့ဝန်သည် အခွန်အတုပ်များစွာ ကောက်ခံသော်လည်း လုံခြုံရေးအတွက် အပြည့်အဝ ကာကွယ်ပေးနိုင်စွမ်း မရှိပေ။ သူခိုး၊ ဓါးပြ အလွန်ထူပေါသည့် နယ်မြေဖြစ်သည်။ နိုင်ငံခြားသား စာရေးသူက၊ သူ၏ အတွေ့အကြုံကို ရေးသားဖော်ပြထားသည်။

*"တခါတွင် ကြွယ်ဝချမ်းသာသော သူကြွယ်အိမ်ကို အမျိုးသမီးတစ်ဦးက ဝင်ခိုးရာ အိမ်ရှင်က မိအောင်ဖမ်းပြီး ရုံးတော်၌ ပြသအပ်နှံနိုင်ခဲ့သည်။*

*ရုံးတော်၏ အပြစ်ဒဏ်စီရင်ပုံမှာ ငွေလိုသောသူခိုးမ (သူဆင်းရဲမ)အား ရှုပီးငွေငါးဆယ်ပေးလိုက်ပါ။ ပြီးရင်သူခိုးမ(သူဆင်းရဲမ)၏ သမီးပျိုကို အိမ်ရှင်သူကြွယ်က ကျွန်မအဖြစ် သိမ်းယူစေ"ဟု အမိန့်ချသည်ဟု ဖော်ပြထားသည်။*

တစ်ကြိမ်တွင် ကြောင်တစ်ကောင်က သူများအိမ်မှ ငါးကို ခိုးစားသည်။ ထိုအမှုလည်း ရုံးတော်သို့ ရောက်လာသည်။ အကြောင်းစုံတင်ပြပြီး ကြောင်ပိုင်ရှင်ထံမှ လျော်ကြေးတောင်းသည်။ ထို့အတွက် တရားရုံးက တရားမျှတစွာ စီရင်လိုက်သည်။ စီရင်ပုံကား... ကြောင်ပိုင်ရှင် ခိုးယူစားသောက်ခြင်းမဟုတ်သောကြောင့် ဤအမှုတွင် ကြောင်ပိုင်ရှင်နှင့် ဘာမျှမဆိုင်ပါ ကြောင်ကိုသာ အပြစ်ပေးရမည်ဟု အူကြောင်ကြောင် ဆုံးဖြတ်လိုက်ရာ နောင်တွင် ပြည်သူလူထုသည် တရားရုံးတော်ကို အားမကိုးတော့ပေ။ ကိုယ့်တရားကိုယ်စီရင်လာကြသည်။ 'ခိုးရဲရင်ခိုးကြည့် ဓါးနဲ့ခုတ်သတ်မယ်'ဆိုတာတွေ ဖြစ်လာကြသည်။

ဓါးပြတွေကလည်း သောင်းကျန်းလာသည်။ မြို့ဝန်အိမ်မှာတော့ အစောင့်





စစ်သား များစွာရှိသည်၊ အခြားသော ဝန်ကြီး ဝန်လေး၊ စာရေးအထိ သူ့ရာထူးအလိုက် အစောင့်ရှိသည်၊ မြို့သူမြို့သားများအတွက် အစောင့်မရှိပေ၊ မြို့စောင့်တပ်၏တာဝန်သည် ပုန်ကန်သူတို့ကို နှိမ်နင်းရန်အတွက်မျှသာဖြစ်ပြီး သူခိုး၊ ဓါးပြရန် ကာကွယ်ပေးခြင်း မပြုကြပေ။

ဥရောပသား ကုန်သည်ကြီးများသည် ခိုင်ခံ့သော အုတ်တိုက်ကြီးများ ဆောက်လုပ်လာကြသည်။ မြင့်မားသော အုတ်တံတိုင်းကြီးများ ကာရံထားကြသည်။ ပြူတင်းပေါက်များတွင် ခိုင်ခံ့သော သံတိုင်ကြီးများ သံချောင်းကြီးများ ကာရံထားသည်။

ခြံဝင်းထဲတွင် အယ်ဖေးရှင်းကဲ့သို့သော ခွေးကြီးများ မွေးထားသည်။ သို့သော် ခွေးကြီးများကို သူခိုးများသာ ကြောက်ရွံ့ကြပြီး အုပ်စုဖွဲ့ပြီးလာသော ဓါးပြများက ခွေးကြီးများကို ခုတ်သတ်ပြီး ဝင်လုတတ်သည်။ ထိုအခါ ရဲတပ်ဖွဲ့မရှိ၊ လူဆိုး၊ သူခိုး၊ ဓါးပြ နှိမ်နင်းပေးမည့် စစ်တပ်လည်း မရှိပေ။ ထို့ကြောင့် လူမိုက်များ မွေးထားရသည်။ လက်နက်များ တပ်ဆင်ပေးထားရသည်။

ကိုယ်တွေ့ကြုံခဲ့သော နိုင်ငံခြားသားတစ်ဦး၏ ပြောကြားချက်မှာ–

*"တစ်ညတွင် ကျွန်ုပ်တို့အနီးရှိ အိမ်သို့ ဓါးပြလာတိုက်ကြသည်။ ဓါးပြအင်အား ထယ့်ငါးယောက်မှ နှစ်ဆယ်အထိ ရှိမည်။ ဓါးပြများသည် ဓါးရှည်ကြီးများသာမက သေနတ်ကိုင်ဆောင်သူများလည်း ရှိသည်။ ထို့ကြောင့် လူထုသည် ကြောက်လန့်ပြီး ကားဆီးခြင်းမပြုကြပေ။ အိမ်ရှင်ကို သတ်ပြီး တစ်အိမ်လုံးမှ အဖိုးတန်ပစ္စည်းများကို အတင့်ရဲစွာ လုယူသောအခါ၊ မြို့ဝန်သည် အကြီးအကျယ် ဒေါပွလေတော့သည်။ အရာရှိကြီးများသည် စစ်သည်သုံးရာအင်အားဖြင့် မြို့တွင်းမြို့ပြင် တောအုပ်အဆုံး နှံ့စပ်စွာ ရှာဖွေကြသည်၊ တွေ့လျှင် အသာတကြည် အဖမ်းမခံဘဲ ခုခံမည် ထွက်ပြေးမည် ဆိုပါက အသေသတ်ရန် အမိန့်ပေးထားပြီးဖြစ်သည်။*

*မြို့ဝန်သည် မြို့ကို ရှစ်ပိုင်းခွဲခြားပြီး မြို့သူကြီး ၈ ဦးခန့်ထားလိုက်သည်။ မြို့သူကြီးထံတွင် စစ်သည်အင်အား လုံလောက်စွာရှိသည်။ မြို့တွင်းသို့ လူဆိုး၊ သူခိုးများ ဝင်ရောက်မှုကို မျက်ချည်မပြတ် စောင့်ကြည့်စေသည်။*

အလောင်းမင်းတရားကြီးလက်ထက်ကတည်းက မီးသတ်လုပ်ငန်းပေါ်ပေါက်နေပြီ ဖြစ်သည်။ နိုင်ငံခြားသားများ နေထိုင်သော ရပ်ကွက်တွင် အုတ်တိုက်ကြီးများ တစ်ခုနှင့် တစ်ခု အတော်လေးဝေးသည်။ နောက်ပြီး အုတ်တိုက်များဖြစ်သောကြောင့် မီးမလောင်နိုင်ပေ။ သို့သော် ဆင်းရဲသားရပ်ကွက်များတွင် ဓနိသက်ကယ်မိုး၊ ဝါးထရံကာ အိမ်များဖြစ်လေရာ အလွန်ပူပြင်းခြောက်သွေ့သော နွေရာသီတွင် မကြာခဏ မီးလောင်



www.burmeseclassic.com

www.burmeseclassic.com



တတ်လေသည်။ ထိုအခါ မီးစတင်လောင်သော အိမ်ကို ပြင်းပြင်းထန်ထန် အပြစ်ဒဏ်ပေးသည်။ မီးကို မပေါ့ဆရန် အစဉ်အမြဲ သတိပေးသည် မှန်သော်လည်း လူနေမှုအဆင့်အတန်း နိမ့်ကျလွန်းသောကြောင့် မီးဘေးအန္တရာယ်သည် အစဉ်အမြဲ ကျရောက်နေခဲ့သည်။ ဗမာတို့သည် ဆေးပြင်းလိပ်ကြီးများ ဖက်လိပ်ကြီးများကို မီးတရဲရဲဖြင့် သောက်လေ့ရှိပြီး တွေ့ကရာစွန့်ပစ်တတ်လေရာ၊ ဓနိ၊ သက်ကယ်မိုး၊ ထရံကာ အိမ်များအတွက် မီးဘေးအန္တရယ်က အစဉ်အမြဲ ရှိနေတတ်သည်။ မီးဖိုကို ထင်းချောင်းများဖြင့် မီးမွှေးထားကာ ထမင်းအိုးတည်ပြီး ပစ်ထားကြသည်။ ဥရောပအိမ်များကဲ့သို့ လုံခြုံသော မီးဖိုများ ပေါ်ပေါက်ခြင်း မရှိသေးပေ။

ဗမာမီးသတ်အဖွဲ့သည် ဝါးလုံးရှည်ကြီးများ မီးညှပ်ကြီးများကို အသုံးပြုကြသည်။ ခြောက်သွေ့ရာသီတွင် သက်ကယ်မိုးများကို ပြန်ဖြုတ်ထားပြီး နောက်နှစ်မိုးရာသီရောက်မှ အမိုးပြန်မိုးခွင့်ရှိသည်။ နွေရာသီတွင် အိမ်တိုင်း၌ ရေအိုးများ အဆင်သင့်ပြင်ထားကြသည်။ မီးလောင်သောအခါ မြို့သူမြို့သားအားလုံး စုပေါင်းပြီး မီးကို ဝိုင်း၍ ငြိမ်းသတ်ပေးကြသည်။

တစ်ခါက ရန်ကုန်မြို့တွင်း မီးလောင်မှုတစ်ခုဖြစ်ပွားခဲ့သည်။ မှတ်တမ်းရေးသူ ဥရောပသားသည် အဖြစ်အပျက်အလုံးစုံကို မှတ်တမ်းတင်ခဲ့သည်။

မီးစတင်လောင်ကျွမ်းသောအိမ်သည် အသက်ခုနှစ်ဆယ်အရွယ် ဗမာအဖိုးအို၏ အိမ်မှ ဖြစ်သည်။ ဒဏ်ငွေရူပီးရှစ်ရာ (RS.800) အပြစ်ပေးရာ၊ ဒဏ်ငွေမဆောင်နိုင်သောကြောင့် အပြစ်ဒဏ်ခံရသည်။ အပြစ်ဒဏ်ပေးပုံမှာ လည်ပင်းတွင် စာချိတ်ဆွဲပြီး ရန်ကုန်မြို့ကို အကြိမ်ပေါင်းများစွာ ပတ်ပြီး ပြေးရသည်။ မီးပေါ့ဆသူဟု စာတမ်းချိတ်ဆွဲပြီး ကြိုးစား၍ ပြေးနေသော ဗမာအဖိုးအိုအား လမ်းထောင့်အသီးသီးတွင် စောင့်နေသည့် မြို့ဝန်၏ လူများက ဝါးလုံးဖြင့် အချက်ပေါင်းများစွာ ရိုက်လေသည်။

အိမ်တစ်လုံး မီးလောင်သွားပါက အိမ်ရှင်ကို ဒဏ်ရိုက်သည်။ အိမ်အများ မီးလောင်ပါက မီးလောင်ခံရသော အိမ်များကိုပါ ဒဏ်ငွေဆောင်စေသည်။ ဒဏ်ငွေမပေးနိုင်ပါက မြို့ပတ်ပြေးရသည်။ ဝါးလုံးဖြင့် အရိုက်ခံရသည်။

အပြစ်ပေးပုံ ရက်စက်သော်လည်း နောင်တွင် ရှုမီးမှအပ၊ မတော်တဆ မီးလောင်ကျွမ်းမှု မရှိတော့ပေ။ အလောင်းမင်းတရားခေတ်ကာလ ရန်ကုန်မြို့တွင် နွေရာသီ ပူပြင်းခြောက်သွေ့သော မတ်လ၊ ဧပြီလနှင့် မေလတို့တွင် နံနက် ၁၀ နာရီ မထိုးမီ၊ ထမင်းဟင်းများ ချက်ပြုတ်ရသည်။ ၁၀ နာရီထိုးသည်နှင့် မီးဖိုအားလုံး မီးငြိမ်းသတ်ရသည်။





ညနေ ၄ နာရီထိုးမှ မီးမွှေးခွင့်ရှိသည်။ ညဖက် မီးလောင်မှုကို ကာကွယ်ရန်အတွက် ည ၈ နာရီထိုးပါက မီးများအားလုံး ငြိမ်းသတ်လိုက်ရသည်။ ကျွဲနွားများ သတ်စားခြင်းကိုလည်း ဟန့်တားထားသည်။ အသားစားခြင်းကိုလည်း တားမြစ်သည်။ သို့သော် သတ်ဖြတ်စားသောက်ပါ အရေးယူခြင်းတော့ မရှိပေ။

ဈေးများတွင် ငါးများနှင့် ကြက်များ၊ ဘဲများကို၊ လွတ်လပ်စွာ ရောင်းချနေကြသည်။ သို့သော် အမဲသားကိုမူ တင်းကြပ်စွာ တားမြစ်သည်။ ပြင်သစ်သင်္ဘောတစ်စီးမှ အရာရှိများသည် နွားပေါက်တစ်ကောင် ဝယ်ယူပြီး ရိက္ခာအတွက် အသားဖေါ်ကြရာ၊ ရန်ကုန်မြို့ဝန်ထံ သတင်းရောက်သောကြောင့် ဒဏ်ငွေရူပီးရှစ်ရာ (RS.800) ပေးခဲ့ရသည်။ ဘိန်းရှူသူကို သေဆုံးသည်အထိ ရိုက်နှက်၍ အပြစ်ဒဏ်ပေးသည်။ အရက်သောက်သူကို ခဲရည်ပူလောင်းထည့်ပြီး အပြစ်ဒဏ်ပေးသည်။ သို့သော် လက်တွေ့၌ အရက်သောက်မှုအတွက် အပြစ်ပေးသည်ကိုတော့ မတွေ့ရပေ။ မြို့ဝန်နှင့်တကွ အရာရှိအားလုံး ခွက်ပုန်းသမားများဖြစ်သောကြောင့် ထိရောက်စွာ အရေးယူခြင်း မရှိပေ။

နိုင်ငံခြားသားများ သင်္ဘောသားများသည် အရက်များ၊ ဝိုင်များကို အခွန်ဆောင်ခဲ့ပြီး ဖြစ်သောကြောင့်၊ လွတ်လပ်စွာ သောက်ခွင့်ရှိသည်။ သို့သော် မမြင်ကွယ်ရာတွင် သောက်ရမည်။ တစ်ကြိမ်တွင် ဥရောပသား ကပ္ပတိန်တစ်ဦးသည် ဗမာများကို နိုင်ငံခြားအရက်များ ရောင်းချပေးမိသည်။ ထိုကပ္ပတိန်ကို မြို့ဝန်က သေဒဏ်အပြစ်ပေး လိုက်သည်။ ပြီးမှ အပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်သည်။

အင်္ဂလိပ်ကပ္ပတိန်တစ်ဦးသည် မြို့ဝန်အား၊ နိုင်ငံခြားအရက် ရောင်းချခွင့်ပေးရန် တောင်းဆိုသည့်အတွက် သူ၏သင်္ဘောကို ရန်ကုန်ဆိပ်ကမ်း၌ ကပ်ခွင့်မပေးတော့ဘဲ ကာလကတ္တားသို့ ပြန်လွှတ်လိုက်သည်။

တစ်ချိန်တွင် အင်္ဂလိပ်ကပ္ပတိန်တစ်ဦးသည် ရမ်အရက် တစ်ဂါလံကို ဆယ်ရူပီး (RS.10)ဖြင့် ရောင်းချရန် ရောက်လာသည်။ မြို့ဝန်က ရမ်အရက်တစ်ဂါလံကို နှစ်ရူပီး (RS.2) ဖြင့်ရောင်းပေးပါက သင်္ဘောပေါ်တွင် ပါလာသမျှ ရမ်အရက်အားလုံးကို ချုပ်ပြီး ဝယ်ယူမည်ဟု ကမ်းလှမ်းရာ အင်္ဂလိပ်ကပ္ပတိန်က လက်မခံဘဲ ထွက်သွားခဲ့သည်။

မွန်ဘုရင်များခေတ်ကာလတွင် ရန်ကုန်သည် အဓိကဆိပ်ကမ်းမဖြစ်ခဲ့သော်လည်း အလောင်းမင်းတရား၏လက်ထက်တွင် ရန်ကုန်မြို့သည် အဓိကဆိပ်ကမ်းမြို့ ဖြစ်လာသည်။ သို့သော် မွန်ဘုရင်များခေတ်ကာလတွင် သန်လျင်ဆိပ်ကမ်းမြို့၊ [illegible] ဆိပ်ကမ်းမြို့များ၊ ပဲခူးဆိပ်ကမ်းမြို့များတွင် နိုင်ငံခြားသင်္ဘောများ ဆိုက်ကပ်ရာတွင်



www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်စွာ ဆိုက်ကပ်ခွင့်ရှိခဲ့သည်။ တရားမျှတသော အကောက်ခွန်စနစ်ကြောင့် နိုင်ငံခြားနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းသည် အကြီးအကျယ် ထွန်းကားခဲ့သည်။ အလောင်းမင်းတရားခေတ်ကာလတွင် မြို့ဝန်ကတစ်မျိုး၊ ရေဝန်ကတစ်ဖုံ အကောက်ဝန်က တစ်မျိုးနှင့် အမျိုးမျိုးညှင်းပန်းလေရာ နိုင်ငံခြားကုန်သည်များသည် ရန်ကုန်ဆိပ်ကမ်း ဆိုက်ကပ်ဖို့ စိတ်ပျက်လာကြသည်။

နိုင်ငံခြားသင်္ဘောများ ဗမာရေပိုင်နက်အတွင်း ဝင်ထွက်သွားလာခြင်းကို စစ်ဆေးရန်အတွက် မီးပြတိုက်များ ထားရှိလာကြသည်။ မီးပြတိုက်များကို ကျောက်ဆောင်များပေါ်တွင်ထားပြီး သင်္ဘောများ ရေလမ်းခရီးတွင် ဘေးအန္တရာယ်ကင်းဖို့ အချက်ပြသလို နိုင်ငံခြားသင်္ဘော ဝင်ထွက်ချိန် ထွက်ခွာချိန်နှင့် သင်္ဘောအရေအတွက်တို့ကိုလည်း မှတ်တမ်းတင်နိုင်ခဲ့သည်။

နိုင်ငံခြားကုန်သင်္ဘောများသည် တော်ဝင်ဆိပ်ကမ်းတွင် ဆိုက်ကပ်ပြီးသည်နှင့် သင်္ဘောကပ္ပတိန်နှင့် အရာရှိတို့သည် အကောက်ခွန်ဌာနကို သွားပြီး အကောက်အရာရှိ မေးသော အချက်အလက်များကို ဖြေရသည်။ ပြီးနောက် အစိုးရတရားရုံးတော်သို့ သွားပြီး သင်္ဘောတွင်ပါလာ ကပ္ပတိန်မှစပြီး အရာရှိများ အလုပ်သမားများ ရိုးရိုးသင်္ဘောသားများအားလုံး၏ စာရင်းကို တင်ပြရသည်။ သင်္ဘောပေါ်၌ ပါလာသော အမြောက်အရွယ်အစား အကြီးအသေး၊ အမြောက်အရေအတွက်၊ ယမ်းမှုန့်များ၊ ကျည်ဆံများ၏ ပမာဏကို တင်ပြရသည်။ ပြီးနောက် ရောင်းချဖို့ယူလာသော ကုန်ပစ္စည်းအမျိုးအစားနှင့် အရေအတွက်အားလုံး ပြည့်စုံစွာဖော်ပြရသည်။

အစောင့်စစ်သည်တို့က နိုင်ငံခြားကုန်သင်္ဘောအားလုံးကို သေသေချာချာ စောင့်ကြည့်ကြသည်။ မြို့ဝန်သည် နိုင်ငံခြားကုန်သင်္ဘောများကို တက်ရောက်ကြည့်ရှု စစ်ဆေးသည်။ ထိုအချိန်တွင် ရုံးတော်၌ ကြေညာထားသော ပစ္စည်းစာရင်းတွင် မပါသော ပစ္စည်းများတွေ့ပါက မြို့ဝန်၏ ဆုံးဖြတ်ချက်ဖြင့် ဒဏ်ရိုက်သည်။

ထိုခေတ်က ကုန်သင်္ဘောများသည် ပင်လယ်ဓါးပြတို့၏ ရန်ကို စိုးရိမ်ရသောကြောင့် ကာကွယ်ရန်အတွက် အမြောက်ကြီးများနှင့် လက်နက်မျိုးစုံ သယ်ယူသွားရသည်။ သယ်ဆောင်ခွင့်လည်း ရှိပါသည်။ သို့သော် သယ်ဆောင်လာခဲ့သော မတ်စကက်သေနတ်များ၏ အရေအတွက်နှင့် ကျည်ဆံအရေအတွက်မှအစ တင်ပြရသည်။

သင်္ဘောကပ္ပတိန်မှစပြီး အရာရှိများနှင့် သင်္ဘောသားများပိုင်ဆိုင်သော ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးများ၊ အဖိုးတန်ကျောက်မျက်ရတနာများ၏ အရေအတွက်အမျိုးအစား၊ ပမာဏ အတိုင်းအတာကိုလည်း အတိအကျ ဖော်ပြရသည်။ ဖော်ပြခြင်းမရှိသော ပစ္စည်းကို





မြို့ဝန်တွေ့ရှိပါက ဒဏ်ငွေဆောင်ရမည်ဖြစ်သည်။ ငွေထည်ပစ္စည်းများကို အနည်းဆုံး ရူပီးနှစ်ဆယ် (RS.20) ဒဏ်ငွေပေးဆောင်ရမည်ဖြစ်သည်။ မြို့ဝန်ကို လက်ဖက်ခြောက်များ ကြွေထည်ပစ္စည်းများနှင့် သကြားများ လက်ဆောင်ပေးနိုင်ပါသည်။ သို့သော် သေနတ်၊ လက်နက်များ၊ လက်ဆောင်ပေးခွင့် မရှိ။

ဗမာပြည်မှ နှစ်သက်ရာ ဝယ်ယူခွင့်ရှိပါသည်။ သို့သော် အဖိုးတန် ကျောက်မျက်ရတနာများကို ဝယ်ယူခွင့် မပြုပေ။ သင်္ဘောပေါ်၌ အမျိုးသမီးများ ပါလာခဲ့ပါက စာရင်းအတိအကျ ပေးရမည်။ မြို့ဝန်မင်းစစ်ဆေးချိန်တွင် အမျိုးသမီးလူပိုတွေ့ပါက ဖမ်းဆီးသိမ်းပိုက်မည် ဖြစ်သည်။

အခွန်ပေးဆောင်ပြီးသော ပစ္စည်းပါကင်များပေါ်တွင် မြို့ဝန်မင်း၏ ခွင့်ပြုချက်ဖြင့် တံဆိပ်ခပ်နှိပ်ပေးကြသည်။ ဗမာတို့သည် အလောင်းမင်းတရားခေတ်ကာကအထိ လှည့်ပတ်သုံးစွဲရန် ငွေကြေးမပေါ်သေးပါဟု ဗြိတိသျှမှတ်တမ်းများ၌ ဖော်ပြသည်။ ထို့ကြောင့် ကုန်ပစ္စည်းများ အခွန်ဆောင်ရာတွင် ကုန်ပစ္စည်းများကိုသာ ရယူလေသည်။ သို့သော် နောက်ပိုင်းတွင် အမြောက်လက်နက်များ ဝယ်ယူရန်အတွက် နိုင်ငံခြားငွေ လိုအပ်သောကြောင့် နိုင်ငံခြားငွေများဖြင့် အခွန်ဆောင်ခြင်းကို လက်ခံလာကြသည်။

အကောက်ဝန်သည် အခွန်အကောက်အားလုံးကို အချိုးကျ ခွဲဝေပေးပြီးနောက် ဘုရင်မင်းမြတ်အတွက်ဝေစုကို နေပြည်တော်သို့ အချိန်မှန်မှန် သွားရောက်ဆက်သရလေသည်။

၁၈၁၀ ခုနှစ်တွင် ဗမာပြည်ရောက်ခဲ့သော ခရစ်ယာန်သာသနာပြုတစ်ဦးက သူ၏အတွေ့အကြုံကို ရှင်းပြရာတွင် သွင်းကုန်ပစ္စည်းများအတွက် ၇ ရာနှုန်း (7 percent) အခွန်ဆောင်ရသည်။ အခွန်ကို ငွေဒေါ်လာ(Silver dollar)များဖြင့် အခွန်ပေးရသည်။ ငွေထည်များတင်သွင်းပါက အကောက်ခွန်မဲ့ဖြစ်သည်။ ဝိုင်အရက်ကို တင်သွင်းခွင့်ရှိသည်။ အကောက်ခွန်သည် ၁၅ နှုန်းအထိဖြစ်သည်။

သို့သော် အကောက်ခွန်နှုန်းထားသည် ပုံသေ မဟုတ်ပေ။ အချိန်ကာလအလိုက် အပြောင်းအလဲရှိလေသည်။ ထိုခေတ်က သွင်းကုန်များမှာ သိုးမွေးထည်များ၊ ချည်ထည်များ၊ သံနှင့် သံမဏိထည်များ မီးတောက်လက်နက်များ ကော်ဖီုက် (ဒိုင်းနမိုက်များ)၊ ယမ်းမှုန့်များ၊ ကန့်များ၊ ငွေများ၊ ကြေးနီ၊ တရုတ်ကြွေထည်များ ဘိန်း (ထိုခေတ်က–ဘိန်းကို တရားဝင် တင်သွင်းခွင့်ပြုသည်)။ ဆေးရွက်ကြီး၊ အုန်းသီးများ၊ သကြား၊ အရက်မျိုးစုံတို့ ဖြစ်ကြသည်။

ထိုအချိန်က သွင်းကုန်ပစ္စည်းများကို ကလကတ္တားမြို့မှ သွင်းရသည်။



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်ကုန်သင်္ဘောများဖြင့် သယ်ယူလာခြင်းဖြစ်သည်။ သကြားများနှင့် ချည်ထည်များကို ဘင်္ဂလားမှ သယ်ယူကြသည်။ သင်္ဘောတည်ဆောက်ရာတွင် အသုံးပြုသော သံထည်အစိတ်အပိုင်းကြီးများ၊ မူလီများ၊ သံချောင်းများကို ပြင်သစ်နိုင်ငံမှ အများဆုံးတင်ပို့သည်။ ဗြိတိန်နိုင်ငံက တင်ပို့သော်လည်း ပြင်သစ်နိုင်ငံမှတင်ပို့သည်က ပိုများသည်။ တရုတ်ပြည်နှင့် မလေးရှားမှ၊ တရုတ်ကြွေထည်များ၊ လက်ဖက်ခြောက်၊ ပိုးထည်နှင့် အခွံမာသီးမျိုးစုံ တင်သွင်းကြသည်။

ထုတ်ကုန်ပစ္စည်းများမှာ ချိတ်၊ ရှားစေး၊ ကျွန်းသစ်နှင့် သစ်မာမျိုးစုံကို တင်ပို့ကြသည်။ သို့ရာတွင် ဆန်ကို နိုင်ငံခြားသို့ တင်ပို့ခြင်းမပြုရဟု တင်းကြပ်စွာ တားမြစ်ထားသောကြောင့် စိုက်ပျိုးမြေများပြီး၊ ၁ ကေအထွက်နှုန်း နိမ့်ပါးသော်လည်း ပြည်တွင်း၌ ဆန်ရှားပါးသည့် အခက်အခဲကို တစ်ခါမျှ မကြုံဘူးကြပေ။ ဆင်းရဲသော်လည်း ထမင်းတစ်ဝမ်းတော့ ဗိုက်ပြည့်အောင် စားခွင့်ရကြသည်။

ထိုအချိန်က ဗမာပြည်၏ အကောက်ခွန်စနစ်သည် ညံ့ဖျင်းလွန်းသောကြောင့် နိုင်ငံခြားသားကုန်သည်ကြီးများသာလျှင် ကူးသန်းရောင်းဝယ်ခြင်းပြုလုပ်နိုင်ပြီး ကုန်သည်အငယ်များအနေဖြင့် တစ်ပိုင်တစ်နိုင် ကုန်သွယ်လုပ်ဆောင်ခွင့် မရှိပေ။ ငွေကြေးစနစ်လည်း ထွန်းကားမှုမရှိသေးသောကြောင့် အလွန်ရှုပ်ထွေးသည့် ကုန်ပစ္စည်းချင်း ဖလှယ်ကြသောစနစ်ကို ကုန်သည်ငယ်များ ဝင်ရောက်လုပ်ကိုင်ခွင့် မရကြပေ။

ထို့ကြောင့် ကုန်သွယ်လုပ်ငန်းထွန်းကားတိုးတက်မှု နည်းလေသည်။ ထိုခေတ်က ရန်ကုန်ဆိပ်ကမ်းကို ရောက်ခဲ့သော နိုင်ငံခြားသားတစ်ဦး၏ မှတ်တမ်းတွင် ရန်ကုန်ဆိပ်ကမ်း၌ ကုန်သင်္ဘောဝင်ရောက်မှုသည် ၁၈၀၃ ခုနှစ်တွင် ဇန်နဝါရီလ ၁ ရက်နေ့မှ ဇူလိုင်လ ၁၄ ရက်နေ့အထိ၊ ခြောက်လခွဲအချိန်တာတွင် ကုန်သင်္ဘောကိုးစီးမျှသာ ဆိုက်ရောက်ခဲ့သည်ဟု ဖော်ပြထားသည်။ သင်္ဘောများနှင့် စက်လှေကြီးများသည် ဘင်္ဂလား၊ ပီနန်၊ မဒရပ်၊ ဘုံဘေနှင့် ထားဝယ်မြို့များမှ လာခြင်းဖြစ်သည်။

၁၈၁၇ ခုနှစ်မှ ၁၈၂၂ ခုနှစ်အတွင်း ချည်ထည်များကို အင်္ဂလန်မှ တင်သွင်းခဲ့သည်။ ချည်ထည်ပစ္စည်းတစ်ခု၏ ဈေးနှုန်းသည် ၁၀ ရူပီးဖြစ်သည်။ ရူပီးငွေ စုစုပေါင်း တစ်သန်းခွဲ (RS.15,00,000 per annum) အထိ သုံးစွဲရာမှ၊ ၁၈၂၂ ခုနှစ်လွန်သောအခါ ရူပီးနှစ်သန်းသုံးသောင်း (RS.23,00,000) အထိ သုံးစွဲမှု မြင့်တက်လာသည်။

ပြင်သစ်စစ်ပွဲဖြစ်ပွားလာသောအခါ ရူပီးနှစ်သန်းခွဲ (RS.25,00,000) အထိ မြင့်တက်လာခဲ့သည်။ ၁၈၂၂ ခုနှစ်တွင် သွင်းကုန်ပစ္စည်းတန်ဖိုးသည် ရူပီးငါးသန်း





(RS.50,00,000) အထိ မြင့်တက်လာခဲ့သည်။

ကုန်ပစ္စည်းများကို ကလကတ္တားမြို့တွင် စတာလင်ပေါင် သုံးထောင်ဖြင့် ဝယ်ယူပြီး ဗမာပြည်တွင် စတာလင်ပေါင်ရှစ်ထောင် ($8000) ဖြင့် ရောင်းချကြသောကြောင့် သုံးဆခန့် မြတ်ကြလေသည်။ အမြတ်များစွာရသောကြောင့် ရန်ကုန်မြို့တွင် သင်္ဘောတည်ဆောက်လိုပါက ကုန်ပစ္စည်းများကို ကလကတ္တားမှ သင်္ဘောတစ်စီးစာ အပြည့် တင်ဆောင်ပြီးနောက် ရန်ကုန်ဆိပ်ကမ်းတွင် ရောင်းချလိုက်ကြသည်။ ရရှိလာသော အမြတ်ငွေများစွာဖြင့် ကျွန်းသစ်ပေါသည့် ရန်ကုန်ဆိပ်ကမ်းမှ သင်္ဘောကျင်းတွင် သင်္ဘောအသစ်တစ်စီး ထပ်ပြီး တည်ဆောက်နိုင်လေသည်။

၁၈၀၂ ခုနှစ်မှ ၁၈၀၆ ခုနှစ်အတွင်း ဗြိတိသျှ အိန္ဒိယနှင့် ဗမာပြည်တို့၏ ကုန်သွယ်မှုမှာ အောက်ပါအတိုင်းဖြစ်သည်။

| သွင်းကုန်ပစ္စည်းများ | | ရူပီးငွေ (RS.) |
|---|---|---|
| သံဖြူ | ----- | 1400 |
| ဝိုင်အရက် | ----- | 1400 |
| သိုးမွေးထည်များ | ----- | 5176 |
| ကုန်ပစ္စည်းအသေးစားများ | ----- | 126202 |
| ဘိန်း(Opium) | ----- | 15110 |
| ဘာလီ၊ မုယော | ----- | 2000 |
| ရမ်(Rum)အရက် | ----- | 2336 |
| ကင်းဗတ် | ----- | 1534 |
| အထည်အလိပ် | ----- | 17196 |
| သံချောင်းများနှင့်အိမ်ရိုက်သံများ | ----- | 6528 |
| ဝိုင်နှင့်အရက်မျိုးစုံ | ----- | 2637 |
| ကတ္တီပါစများ | ----- | 8314 |
| သတ္တုထည်၊ ကြွေရည်သုတ်သတ္တုထည်များ | ----- | 4625 |
| တရုတ်ကြွေထည် | ----- | 3085 |
| လက်ပတ်ရတနာ | ----- | 1[illegible]79 |



www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| အခြားပစ္စည်းများ | ----- | ( ? ) |
| စုစုပေါင်း | ----- | 245232 |

နှစ်သိန်းလေးသောင်းငါးထောင့်နှစ်ရာသုံးဆယ်နှစ်ရှပီး

| ထုတ်ကုန်များ | | ရှပီးငွေ |
|---|---|---|
| သစ်များ | ----- | 461158 |
| ငရုပ်ကောင်း | ----- | 18809 |
| Hartal (Orpiment) | ----- | 18788 |
| Coir and (oir Cables) | ----- | 12687 |
| မြင်းပုလေးများ | ----- | 30867 |
| ဖာလာစေ့များ | ----- | 1232 |
| ချပ်တောင့် | ----- | 657 |
| ပျားဖယောင်း | ----- | 3249 |
| အခြားသောသစ်တောထွက်များ | ----- | 28805 |
| ရတနာများ | ----- | 57875 |
| စုစုပေါင်း | ----- | 653602 |

ရှပီးခြောက်သိန်းငါးသောင်းသုံးထောင်ခြောက်ရာနှစ်။

ထို့ကြောင့် သွင်းကုန်သည်နည်းပြီး ထုတ်ကုန်သည် သုံးဆပိုများကြောင်း တွေ့ရသည်။

ဗမာပြည်တွင် အလောင်းမင်းတရားခေတ်ကာလတွင် မည်သည့်စက်မှုပညာမျှ မထွန်းကားသေးသော်လည်း မွန်ဘုရင်များ လက်ထက်ကတည်းက သန်လျင်တွင် ပြင်သစ်တို့သည် သင်္ဘောကျင်းတည်ဆောက်ပြီး သင်္ဘောတည်ဆောက်သော စက်ရုံတည်ဆောက်ခဲ့သည်။ အဓိကအစိတ်အပိုင်းများကို ပြင်သစ်အင်ဂျင်နီယာများက လုပ်ကိုင်ကြပြီး ကျန်သောအစိတ်အပိုင်းများကို ဈေးပေါပေါနှင့် ခိုင်းစေခဲ့ကြသည်။ ထိုအခါ နည်းပညာများ တတ်ကျွမ်းမှုမရှိသော်လည်း လက်မှုပညာထွန်းကားကြသော မွန်နှင့် ဗမာလက်သမားများသည် သင်္ဘောကိုယ်ထည်များကို ကောင်းမွန်စွာ ဆောက်လုပ်နိုင်စွမ်းရှိကြလေသည်။ အလောင်းမင်းတရားခေတ်ကာလတွင် ရန်ကုန်၌ သင်္ဘောကျင်း





တည်ဆောက်နိုင်သောအခါ မွန်နှင့် ဗမာလက်သမားများအတွက် အချိန်အားမရှိတော့ပေ။ နေ့စဉ်နေ့တိုင်း သင်္ဘောတည်ဆောက်ခြင်း လုပ်ငန်းကို လုပ်ဆောင်နေရသည်။

ကုန်သည်များမှာ နိုင်ငံခြားကုန်သင်္ဘောများဖြင့် ရောက်လာပြီးနောက် ကုန်ပစ္စည်းများကို ရောင်းချလိုက်ကြသည်။ အပြန်ခရီးတွင် ဗမာပြည်မှ ကုန်ပစ္စည်းများ မဝယ်တော့ဘဲ ကျွန်းသစ်များ ဝယ်ယူကြသည်။ လက်သမားခ အလွန်ဈေးပေါသည့် မွန်နှင့် ဗမာလက်သမားများ၏ လုပ်အားဖြင့် သင်္ဘောကြီးများ တည်ဆောက်ကြသည်။

ဗမာပြည်တွင် သင်္ဘောတည်ဆောက်သောအခါ ကမ္ဘာပေါ်တွင် အရည်အသွေး အကောင်းဆုံးကျွန်းသစ်ကို ဈေးအပေါဆုံးဖြင့် ဝယ်ယူရရှိသည်။ သင်္ဘောတည်ဆောက်ရာတွင် လက်သမားခသည် ဈေးအပေါဆုံးဖြစ်သည်။ အိန္ဒိယတွင် သင်္ဘောတည်ဆောက်သောအခါ တစ်တန် (One ten) အတွက် ကုန်ကျစရိတ်သည် ရှပီး၇၀ (သို့မဟုတ်) ၈၀ (RS. 70 or RS.80) ကုန်ကျသည်။

သင်္ဘောတည်ဆောက်မှု ကုန်ကျစရိတ်များကို နှိုင်းယှဉ်ပါ။ ဘင်္ဂလားတွင် သင်္ဘောတည်ဆောက်သော စရိတ်ထက် သုံးပုံနှစ်ပုံအထိ သက်သာသည်။ ဗမာပြည်တွင် သင်္ဘောတည်ဆောက်သော ကုန်ကျစရိတ်သည် ဘုံဘေတွင် တည်ဆောက်သော ကုန်ကျစရိတ်ထက် နှစ်ပုံတစ်ပုံ သက်သာသည်။ ပီနန်တွင် သင်္ဘောတည်ဆောက်သော စရိတ်နှင့် နှိုင်းယှဉ်ပါက သုံးပုံတစ်ပုံသက်သာသည်။ ဗမာပြည်တွင် သင်္ဘောတည်ဆောက်သောအခါ ကုန်ကျစရိတ်၏ ၁၀ ရာခိုင်နှုန်းကို အခွန်ဆောင်ရသည်။ ထို့ကြောင့် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက အခွန်နှုန်း အတူတူပင်ဖြစ်သည်။

ကျွန်းသစ်ဈေးပေါခြင်းနှင့် လက်သမားခကုန်ကျစရိတ် သက်သာခြင်းတို့ကြောင့် သင်္ဘော၏ ကုန်ကျစရိတ်သက်သာခြင်း ဖြစ်သည်။ သို့သော် ဗမာပြည်တွင် တည်ဆောက်သော သင်္ဘောများမှာ အခြားတွင်တည်ဆောက်သော သင်္ဘောများနှင့် နှိုင်းယှဉ်ပါက ခိုင်ခံ့မှု နည်းသည်။ ဗမာလုပ်သားများနှင့် လက်သမားများသည် လက်သမားအတတ်ပညာကျွမ်းကျင်သော်လည်း အထိန်းအကွပ်ပြုလုပ်သည့် သံချောင်းများ၊ သံထည်အစိတ်အပိုင်းများ၊ ကြေးနီထည်အစိတ်အပိုင်းများကို အသုံးပြုရာ၌ ကျွမ်းကျင်မှု မရှိပေ။

သို့သော် ဗမာပြည်တွင် အင်္ဂလိပ်ပညာရှင်များ ဦးစီးပြီး တည်ဆောက်သော သင်္ဘောသည် အင်္ဂလန်အထိ သွားနိုင်ခဲ့သည်။ ပြင်သစ်အရာရှိများနှင့် ပြင်သစ်ပညာရှင်များ ဦးစီး၍ ရန်ကုန်သင်္ဘောကျင်းတွင် တည်ဆောက်ခဲ့သော ပြင်သစ်သင်္ဘောများသည် ပြင်သစ်ကုမ္ပဏီ၏ ရေတပ်တွင် အမှုထမ်းနိုင်ကြသောကြောင့် ကျွန်းသစ်ပေါပြီး လုပ်အားခပေါသည့် ရန်ကုန်သင်္ဘောကျင်းသည် ထိုခေတ်က ကမ္ဘာကျော်သည့် သင်္ဘောကျင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့သည်။

သင်္ဘောကျင်းတွင် ကျွမ်းကျင်ဝန်ထမ်း သုံးထောင်ကျော်ရှိသည်။ ဗမာဘုရင်ပိုင်သည့် ပင်လယ်ကူးသင်္ဘောကြီးများတွင် ဥရောပသား ကပ္ပတိန်ကြီးများကို ခန့်ထားကြသည်။

၁၇၈၆ ခုနှစ်မှ ၁၈၂၄ ခုနှစ်အထိ ဥရောပအဆင့်မှီသင်္ဘော အစီးပေါင်း တစ်ရာ (၁၀၀) ကျော် ထုတ်လုပ်နိုင်ခဲ့သည်။ စုစုပေါင်းတန်ချိန် သုံးသောင်းခွဲ (35000 tons) ဖြစ်သည်။ အသေးစိတ်အချက်အလက်ကို အောက်ပါဇယား၌ ဖော်ပြထားပါသည်။

| (ခုနှစ်) | (သင်္ဘောအရေအတွက်နှင့်တန်ချိန်) |
|---|---|
| 1786 | 2 |
| 1790 | 1 of 400 tons |
| 1795 | 1 of 77 tons |
| 1800 | 1 of 400 tons |
| 1801 | 7 of 3096 tons ( aggregate) |
| 1802 | 11 of 3413tons ( aggregate) |
| 1803 | 8 of (2177)tons ( aggregate) |
| 1804 | 8 of (1993)tons ( aggregate) |
| 1805 | 7 of (2705)tons ( aggregate) |
| 1806 | 8 of 1032 tons ( aggregate) |
| 1807 | 9 of 1613 tons ( aggregate) |
| 1808 | 7 of 1395 tons ( aggregate) |
| 1809 | 1 of 411 tons ( aggregate) |
| 1810 | 4 of (1192) tons ( aggregate) |
| 1811 | 1 of 620 tons ( aggregate) |
| 1812 | 1 of (248) tons ( aggregate) |
| 1813 | 4 of (1034)tons ( aggregate) |
| 1814 | 8 of (1835)tons ( aggregate) |
| 1815 | 4 of (1213)tons ( aggregate) |
| 1816 | 3 of (1159) tons ( aggregate) |
| 1817 | 4 of (2039)tons ( aggregate) |
| 1818 | 3 of (1545)tons ( aggregate) |
| 1819 | 3 of (984) tons ( aggregate) |
| 1820 | 1 of (800) tons ( aggregate) |
| 1821 | 1 of (177) tons ( aggregate) |





သင်္ဘောများကို တည်ဆောက်ရာတွင် ပြင်သစ်ပညာရှင်များ၏ ဒီဇိုင်းပုံစံနှင့် နည်းပညာများဖြင့် တည်ဆောက်ခြင်းဖြစ်သည်။ ၁၈၀၂ ခုနှစ် တွင် တည်ဆောက်ခဲ့သော တန်ချိန် ၁၀၅၀ (1050 tons) သင်္ဘောသည် မားကွက်ဝဲလက်(စ်)လီ (The Marquess Wellesley) ဖြစ်သည်။ ပြင်သစ်စက်ရုံမှ ထုတ်လုပ်ခဲ့သော တန်ချိန် ၁၅၀၀ ရှိသော လောရစ်တန်(Lauriston)သင်္ဘောကြီးတွင် အမြောက် အလက် ၅၀ တပ်ဆင်ထားသည်။ သင်္ဘော၏ သံထည်အစိတ်အပိုင်းအားလုံးကို နိုင်ငံခြားမှ တင်သွင်းသည်။ အရှေ့အိန္ဒိယကုမ္ပဏီသင်္ဘောများဖြင့် တင်သွင်းခြင်း ဖြစ်သည်။

သင်္ဘောကျင်းများတွင် ဗမာနှင့် မွန်လက်သမားတို့သည် သင်္ဘောကိုယ်ထည်ကို တည်ဆောက်ပေးရုံမျှမက နိုင်ငံခြားမှ တင်သွင်းလာသော သံထည်အစိတ်အပိုင်းကြီးများကိုလည်း ပြင်သစ်ပညာရှင်များ၊ ပြင်သစ်ပညာရှင်များ၏ ကြီးကြပ်မှုဖြင့် တည်



www.burmeseclassic.com

www.burmeseclassic.com



ဆောက်ရသည်။

ပြင်သစ်ပညာရှင်ကြီးများ၏ ဦးဆောင်မှုအောက်တွင် ရန်ကုန်သင်္ဘောကျင်း၏ ကမ္ဘာ့အဆင့်အတန်းမှီ ကုန်သင်္ဘောများသာမက၊ စစ်သင်္ဘောများအထိ ထုတ်လုပ်နေရာ အိန္ဒိယရှိ အရှေ့အိန္ဒိယကုမ္ပဏီ၏ သင်္ဘောထုတ်လုပ်သောလုပ်ငန်းကို ယှဉ်ပြိုင်နိုင်သော အနေအထား ရှိလာသည်။ ထို့ကြောင့် ရန်ကုန်သင်္ဘောကျင်းလုပ်ငန်းကို ဖျက်ဆီးပစ်ရန် ကြံစည်လာကြသည်။

ပင်လယ်ရေကြောင်းကုန်သွယ်ရေးအတွက် အချက်အချာအကျဆုံးသည် ရန်ကုန်ဆိပ်ကမ်းဖြစ်လာသည်သာမက ဗမာပြည်သူပြည်သားတို့၏ အဓိကစားသောက် ကုန်ပစ္စည်းများကို သယ်ယူပို့ဆောင်ရာတွင်လည်း ရန်ကုန်မြို့သည် အဓိက ကုန်သွယ် ရေးလမ်းကြောင်းပေါ်ရှိ အချက်အချာမြို့ဖြစ်လာသည်။ ထို့အပြင် ဘာသာရေးအရလည်း အချက်အချာကျသောမြို့ဖြစ်လာသည်။

ရှမ်းများသည် ရှမ်းပြည်တွင် အလွန်ပေါများသည့် မြင်းပုလေးများ၊ မြည်းများကို ရန်ကုန်ဆိပ်ကမ်းမှတဆင့် ရောင်းချကြသည်။ တပေါင်းပွဲတော်ကာလတွင် ရွှေတိဂုံဘုရား ပွဲသည် စည်ကားလွန်းသောကြောင့် မြည်းရောင်းရန် လာကြသော ရှမ်းများသည် တပေါင်းပွဲတော် မှီစေရန် ချိန်ပြီးလာကြသကဲ့သို့ တရုတ်ပြည်မှ ဘုရားဖူးများစွာသည် လည်း၊ တပေါင်းပွဲတော်ကာလကို မှီစေရန် ကုန်းလမ်းခရီးဖြင့် လာခဲ့ကြသည်။

၁၈၁၇ တွင် နိုင်ငံခြားသားတစ်ဦး ရေးသားခဲ့သောခရီးသွားမှတ်တမ်းအရ "ကျွန်တော် အင်းဝနေပြည်တော်ရဲ့ တပေါင်းပွဲတော်ကို အကြိမ်ကြိမ်ရောက်ဖူးပါသည်။ စည်ကားခြင်း မရှိပါ။ သို့သော် ရန်ကုန်တပေါင်းပွဲတော်သည် အင်းဝနေပြည်တော်၏ တပေါင်းပွဲတော်နှင့် နှိုင်းယှဉ်ပါက အဆပေါင်းများစွာ ပို၍ စည်ကားသည်"ဟု မှတ်တမ်း ရေးခဲ့ဖူးသည်။ ဝေးလံသောအရပ်မှ လှေများဖြင့် လာကြသလို အချို့က နွားလှည်းများ ဖြင့် လာကြသည်။

ဗမာများနှင့် မွန်များ လာကြသလို နိုင်ငံခြားသားများလည်း လာကြသည်။ အရပ်သားများ လာကြသလို အစိုးရအာဏာပိုင်များလည်း တပေါင်းပွဲ၌ ဝင်တိုးနေကြ သည်ဟု နိုင်ငံခြားသားများက မှတ်တမ်းတင်ခဲ့ကြသည်။

အလောင်းမင်းတရားခေတ်ကာလတွင် ရန်ကုန်မြို့၌ လူဦးရေစာရင်း အတိ အကျ ကောက်ယူခဲ့ခြင်းမရှိသော်လည်း လူဦးရေ အတော်နည်းသည်ဟု ဆိုရလေမည်။ ၁၇၉၅ ခုနှစ်၊ ရန်ကုန်မြို့လူဦးရေကို Symes ၏ အနီးစပ်ဆုံးခန့်မှန်းချက်အရ အိမ်ခြေ ငါးထောင်နီးပါးရှိပြီး လူဦးရေ ၃၀၀၀၀ (သုံးသောင်း) ရှိသည်ဟု ခန့်မှန်းလေသည်။





သို့သော် ဘတ်(ချ်)နန် (Buchanan) ၏ ခန့်မှန်းချက်အရ ထိုအချိန်က ရန်ကုန်မြို့တွင် အမြဲတမ်း အခြေချနေထိုင်သူ အရေအတွက်သည် အလွန်ဆုံး တစ်သောင်း (၁၀၀၀၀) မျှသာ ရှိမည်။ လူစည်ကားခြင်းသည် ဧည့်သည်များနှင့် ကုန်ရောင်းကုန်ဝယ်ကိစ္စများဖြင့် လာရောက်ကြသူများကြောင့်ဖြစ်သည်။ ထိုဧည့်သည်များ ပြန်သွားပါက လူဦးရေအစစ် အမှန်သည် တစ်သောင်းမျှသာ ရှိသည်ဟုဆိုသည်။ ရန်ကုန်မြို့သည် အလောင်းမင်း တရားခေတ်ကာလကတည်းက လူဝင်လူထွက် အလွန်များ၍ ဗမာပြည်တွင် အစည်ကား ဆုံးဖြစ်လေသည်။ အထက်ဗမာပြည် အင်းဝနန်းတော်သည် ရှေးဗမာဘုရင်များ၏ နေရပ်ဒေသဖြစ်သောကြောင့် နေပြည်တော်ဖြစ်ခဲ့သော်လည်း စီးပွားရေးအရ အချက် အချာအကျဆုံး၊ ငွေရှာဖို့ အကောင်းဆုံး၊ လူဦးရေအစည်ကားဆုံးသည် ရန်ကုန်မြို့သာ ဖြစ်သည်။

၁၈၀၉ ခုနှစ်တွင် နိုင်ငံခြားသားများ ခန့်မှန်းသော စာရင်းအရ ရန်ကုန်မြို့၏ လူဦးရေသည် ၆၀၀၀၀ (ခြောက်သောင်း)ဖြစ်သည်။ ၁၈၁၁ ခုနှစ် စာရင်းအရ စနစ်တကျ မှတ်တမ်းပြုလုပ်ထားသော အိမ်အလုံးပေါင်း ၁၅၀၀ (တစ်ထောင့်ငါးရာ) ရှိသည်။ တစ်အိမ်တွင် လူ ၆ ယောက် ခန့်နေထိုင်သည်ဟု တွက်လိုက်သောအခါ စုစုပေါင်း လူဦးရေ ၉၀၀၀ (ကိုးထောင်) ရလေသည်။

၁၈၂၄ ခုနှစ် ပထမအင်္ဂလိပ်–ဗမာစစ်ပွဲကာလတွင် စာရင်းကောက်သောအခါ လူဦးရေ ၄၀၀၀၀ (လေးသောင်း)မှ ၅၀၀၀၀ (ငါးသောင်း)အထိ ရှိသည်ဟု သိရသည်။ ထိုအထဲတွင် ဘုန်းတော်ကြီး အရေအတွက် ၁၅၀၀ (တစ်ထောင့်ငါးရာ) ပါဝင်သည်။

၁၈၂၂ စာရင်းအရ လူဦးရေသည် ၁၀၀၀ (တစ်သောင်း)မျှသာ ရှိသည်။ ၁၈၂၃ ခုနှစ်တွင် ထပ်ပြီး လေ့လာစုံစမ်းသော်လည်း လူဦးရေသည် ၁၀၀၀၀ (တစ်သောင်း) မျှသာ ရှိသည်။ ထို့ကြောင့် စစ်ပွဲကာလအတွင်း အသေအပျောက်နှင့် ထည့်သွင်းတွက်ချက်သော် လူဦးရေ တစ်ဟုန်ထိုးမြင့်တက်လာကြောင်း တွေ့ရသည်။

ထိုခေတ်က ရန်ကုန်မြို့တွင် ကျွန်များ ရှိသည်။ ကျွန်အရေအတွက်ကို စာရင်းအတိအကျ မရနိုင်ပေ။ ထိုခေတ်က ဗမာပြည်တွင် ကျွန်အမျိုးအစားသုံးမျိုးရှိသည်။ ၎င်းတို့မှာ

၁။ ဘုရားကျွန်များ (Pagoda Slaves)
၂။ စစ်ကျွန်များ (War Prisoners)
၃။ ငွေကြေးမဆပ်နိုင်သော အကြွေးကျွန် (The enslaved for debt)

တို့ ဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားကျွန်များကို ပုဂံခေတ်ကာလကတည်းက ဘုရားတည်ပြီးသောအခါတိုင်းတွင် ဘုရား၏ ဝေယျာဝစ္စလုပ်ငန်းတာဝန်များ ထမ်းဆောင်စေရန်အတွက် သက်ဦးဆံပိုင်ဘုရင်မှ ပေးအပ်လှူဒါန်းခြင်း ခံရသူများဖြစ်သည်။ ခေတ်ကာလတိုင်းတွင် သက်ဦးဆံပိုင်ဘုရင်များသည် ဘုရားကျွန်များ လှူဒါန်းခဲ့ကြသည်။

စစ်ကျွန်ဆိုသည်မှာ ယိုးဒယား–ဗမာစစ်ပွဲများတွင် ကျွန်အဖြစ် သိမ်းပိုက်ခဲ့ကြသူများ ဖြစ်သည်။ အကြွေးကျွန်ဆိုသည်မှာ ဒုက္ခဆင်းရဲ အကြပ်အတည်းကြောင့်ငွေ ချေးပြီး မတန်မတရား အတိုးများ တက်လာသောအခါ အကြွေးမဆပ်နိုင်သောကြောင့်ကျွန်ခံပြီး လုပ်အားခဖြင့် အကြွေးဆပ်ခြင်းကို ဆိုလိုသည်။ ငွေကျေပါက ကျွန်ဘဝမှလွတ်မြောက်မည်ဖြစ်သည်။ သို့သော် ငွေရှင်က ယုတ်မာပြီး အကြွေးမကျေသေးဟုညစ်ပတ်နေတတ်သောကြောင့် ကျွန်ဘဝမှ လွတ်မြောက်သူ ရှားသည်။ ထို့ကြောင့်ခရစ်ယာန်သာသနာပြုများသည် ဆင်းရဲပြီး ငွေကြေးမရှိသဖြင့် ချေးငှားပြီး မဆပ်နိုင်သောကြောင့် ကျွန်ဖြစ်ရသူများကို ရှာဖွေပြီး ငွေပေး၍ ရွေးယူကာ ကျွန်ဘဝမှ လွတ်မြောက်အောင် လုပ်ပေးကြသည်။ ထိုကဲ့သို့ ကျွန်ဘဝဆိုးမှ လွတ်မြောက်လာကြသူများသည်ခရစ်ယာန်ဘာသာထဲ ကူးပြောင်းခဲ့ကြသည်။

သက်ဦးဆံပိုင်ပဒေသရာဇ်ခေတ်ကာလတွင် ဗမာပြည်သားတို့သည် လွန်စွာဆင်းရဲကြသောကြောင့် လုပ်အားခ ဈေးပေါလေသည်။ အရွယ်ကောင်းကောင်းအမျိုးသမီးတစ်ဦးကို အိမ်မှုကိစ္စအလုံးစုံ ချက်ပြုတ်၊ လျှော်ဖွတ်၊ ဆေးကြော အားလုံးနိုင်းစေနိုင်သည်။ ထိုသူမ၏ လစာငွေမှာ တစ်လလျှင် ၈ ရူပီး (RS-8) မျှသာဖြစ်သည်။ အသက်အရွယ်ကြီးပြီး လျှော်ဖွတ်ချက်ပြုတ်လုပ်ကိုင်နိုင်သေးသော်လည်း သွက်သွက်လက်လက် လုပ်ဆောင်နိုင်စွမ်း မရှိတော့သည့် ဇရာအိုအရွယ် အမျိုးသမီးတစ်ဦး၏လုပ်ခလစာသည် ၅ ရူပီး (RS-5) မျှသာဖြစ်သည်။

ရန်ကုန်မြို့သည် ဆိပ်ကမ်းမြို့ဖြစ်သောကြောင့် နိုင်ငံခြားသားများသည်လွတ်လပ်စွာ ဝင်ရောက်အခြေစိုက်နေထိုင်ကြသည်။ ကနဦး ရှေးဟောင်းမွန်ဘုရင်များ၏ခေတ်ကာလကတည်းက အိန္ဒိယသားကုန်သည်များ ဝင်ရောက်အခြေစိုက် နေထိုင်ခဲ့ကြသည်။

၁၇၉၅ ခုနှစ်တွင် Symes ၏ စာရင်းကောက်ယူမှုအရ သိရသည်မှာ ဗမာတိုင်းရင်းသားတို့သည် ဆင်းရဲချို့တဲ့ကြသောကြောင့် ငွေကြေးကြွယ်ဝချမ်းသာသောအိန္ဒိယသားများနှင့် နိုင်ငံခြားသားများထံတွင် အခစားဝင်ရောက်လုပ်ကိုင်ကြရသည်။ ကွာခြားချက်မှာ ဗမာလူမျိုး သူဌေးသူကြွယ်များသည် နေရာတကျမောက်ပြီး ဆင်းရဲသားများ





အပေါ် ရိုင်းဆိုင်းစွာ ဆက်ဆံကြသော်လည်း နိုင်ငံခြားသားများသည် သူတစ်ပါးတိုင်းပြည်တွင် လာပြီးအခြေချနေထိုင်ကာ ငွေကြေးရှာဖွေရသောကြောင့် ဒေသခံတို့နှင့် ပြဿနာဖြစ်မည့်ကိစ္စအားလုံးကို လိမ္မာပါးနပ်စွာ ရှောင်တိမ်းကြသည်။ ဆင်းရဲသော ဒေသခံတို့အား လုပ်ခလစာကို ပုံမှန်နှုန်းထက် ပိုပေးခြင်း၊ ဆုကြေးငွေများပေးခြင်းဖြင့် ဆွဲဆောင်ကြသောအခါ ဒေသခံဆင်းရဲသားတို့သည် နိုင်ငံခြားသား၊ အိန္ဒိယတိုင်းရင်းသားလုပ်ငန်းရှင်ကြီးများထံတွင် အလုပ်လုပ်ဖို့ ပို၍ စိတ်ဝင်စားကြသည်မှာ ဆင်းရဲသားများကိုအပြစ်တော့ မဆိုထိုက်ပေ။

ထိုခေတ်ကရန်ကုန်မြို့တွင် အများဆုံးတွေ့ရသော နိုင်ငံခြားသားများမှာမာလဘာများ (Malabars) မဂိုများ (Moguls) ပါရှန်းများ၊ ပါဆီးများ (Parsees) ပေါ်တူဂီများ၊ အာမေးနီးယန်းများ ပြင်သစ်နှင့် အင်္ဂလိပ်တို့ဖြစ်ကြသည်။

၁၇၅၉ ခုနှစ်တွင် Negrais မှ အင်္ဂလိပ်တို့ကို အလောင်းမင်းတရားသတ်ဖြတ်မှုကြောင့် အင်္ဂလိပ်တို့မှာ ဗမာပြည်နှင့် ခပ်ကင်းကင်းနေခဲ့သည်။ အိန္ဒိယသားများသည်သာ ကိုယ့်သဘောနဲ့ကိုယ် စီးပွားရှာပြီးရောက်လာကြခြင်းသာဖြစ်သည်။

၁၇၆၀ ခုနှစ်တွင် အလောင်းမင်းတရားက အရှေ့အိန္ဒိယကုမ္ပဏီအားပုသိမ်မြို့တွင် လက်နက်စက်ရုံအပါအဝင် စက်ရုံများ တည်ဆောက်ရန် နေရာပေးပြီးဖိတ်ခေါ်ခဲ့သည်။ သို့သော် အင်္ဂလိပ်တို့သည် ၁၇၅၉ ခုနှစ်တွင် အင်္ဂလိပ်လူမျိုးတို့အားအစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့သောကြောင့် ဗမာပြည်တွင် စက်ရုံတည်ဆောက်ခြင်းမလုပ်ဆောင်ခဲ့ပေ။ ၁၇၆၇ ခုနှစ်တွင် အလောင်းမင်းတရားသည် အင်္ဂလိပ်တို့အားရန်ကုန်မြို့တွင် စက်ရုံများ တည်ဆောက်ရန်အတွက် နေရာပေးခဲ့သည်။ အင်္ဂလိပ်တို့ကတွေဝေနေသောအခါ အလောင်းမင်းတရားသည် ဘုရင်ခံ 'လော့ကလိုက်'ထံ ဆက်ဆံရေးကောင်းဖို့ အဆက်အသွယ်လုပ်ခဲ့သည်။ ဘုရင်ခံ'လော့ကလိုက်'က အလောင်းမင်းတရားထံ၊ လက်ဆောင်ပဏ္ဏာများစွာ ဆက်သလေရာ အလောင်းမင်းတရားသည်ဝမ်းမြောက်သောကြောင့် ဆင်တစ်ကောင်နှင့် ကျွန်းသစ်များ လက်ဆောင်ပြန်ပေးခဲ့သည်။ သို့သော် ကျွန်းသစ်ကို သယ်ပေးမည်ဟုဆိုသော်လည်း ဆင်ကို မည်သည့်သဘောမျှလက်မခံကြပေ။

အလောင်းမင်းတရားက ရန်ကုန်မြို့တွင် အလျားအလံ ၂၀၀ (တစ်လံကို ၆ ပေ) ရှည်ပြီး အကျယ် အလံ ၁၀၀ ကျယ်သော မြေနေရာကို အင်္ဂလိပ်တို့အားစက်ရုံတည်ဆောက်ဖို့ ပေးလေသည်။ အလောင်းမင်းတရား တောင်းဆိုသည်မှာမီးပေါက်လက်နက်များ၊ ယမ်းမှုန့်များ၊ အမြောက်ကြီးများနှင့် ယမ်းလုံးများ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အလောင်းမင်းတရားက သင်္ဘောတစ်စီးဝယ်လိုသည်ဟု ဆိုသောအခါ အင်္ဂလိပ်ဒီဖိုင်းပညာရှင်က သင်္ဘောဒီဖိုင်းကို ပြသသည်။ အလောင်းမင်းတရားသည် လွန်စွာနှစ်သက်သဘောကျသောကြောင့် ဝယ်မည်ဟုဆိုပြီး အထူးအော်ဒါမှာပြီး အပ်နှံလိုက်သည်။ သို့သော် ဗြိတိသျှတို့က သင်္ဘောအပေါင်းကို ဆေးသုတ်ပြုပြင်ပြီး ပို့လိုက်ရာ အကောက်ဝန်က စစ်ဆေးပြီး တွေ့ရှိသွားသောကြောင့် မင်းဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့လေသည်။

Symes ၏ သုတေသနပြုချက်အရ အင်္ဂလိပ်တို့သည် ၁၈၀၀ ပြည့်နှစ်တွင် အင်းဝနေပြည်တော်၌ စက်ရုံတည်ဆောက်ခဲ့သည်ဟု သိရသည်။ ပြင်သစ်တို့သည် အင်္ဂလိပ်တို့နှင့် ၇ နှစ်စစ်ပွဲ (The Seven Year's War) ဆင်နွှဲရာတွင် အစပိုင်းတွင် အရေးသာခဲ့သော်လည်း နောက်ဆုံးနှစ်များတွင် အရှုံးနှင့် ရင်ဆိုင်ခဲ့ရသည်။ ထို့ကြောင့် ၁၇၆၃ ခုနှစ်တွင် ပဲရစ်ငြိမ်းချမ်းရေးစာချုပ် (The Treaty of Paris) ဖြင့် စစ်ပြေငြိမ်းပြီးနောက် အိန္ဒိယမှ စက်ရုံနေရာ ဆုံးရှုံးခဲ့သည်။

ထိုအခါ ပွန်ဒီချယ်ရီကောင်စီက အိန္ဒိယမှ ဖယ်ပေးလိုက်ရသော စက်ရုံကို ဗမာပြည်တွင် ပြန်လည်တည်ဆောက်ရန် ဆုံးဖြတ်လိုက်သည်။ ပြင်သစ်တို့၏ ရန်ကုန်သင်္ဘောထုတ်လုပ်ရေးစက်ရုံသည် ဗြိတိသျှတို့အတွက် တုန်လှုပ်မှု ဖြစ်ပေါ်လာစေခဲ့သည်။ ဥရောပတွင် ပြင်သစ်ကို အနိုင်ရခဲ့သော်လည်း အရှေ့တောင်အာရှတွင် အရှုံးပေးရတော့မည့် အနေအထားဖြစ်သည်။

ထိုအချိန်တွင် ပွန်ဒီချယ်ရီကောင်စီမှအရာရှိ Lefevre ကို ဗမာဘုရင်ထံ စေလွှတ်ပြီး ၁၇၅၆ ခုနှစ်တွင် သန်လျင်မှ ဖမ်းဆီးခဲ့သော ပြင်သစ်အကျဉ်းသားများကို ပြန်လည်ထုတ်ပေးဖို့ တောင်းဆိုသည်။ ထိုအခါ အလောင်းမင်းတရား၏သားတော် ဆင်ဖြူရှင်မင်းသည် ပြင်သစ်တို့၏ တောင်းဆိုချက်အားလုံးကို လိုက်လျောခဲ့သည်။

အလောင်းမင်းတရား ဖမ်းထားခဲ့သော ပြင်သစ်အကျဉ်းသားအားလုံးကို ပြန်လွှတ်ပေးခဲ့သည်။ ရန်ကုန်တွင် သင်္ဘောစက်ရုံ တည်ဆောက်ရန် ဝါးရှစ်လုံး အကျယ် ခွင့်ပြုခဲ့သည်။ ဝါးလုံးတစ်လုံး၏အလျားသည် ၁၂ ပေဖြစ်ရာ ဝါးလုံး ၈ လုံး၏ အတိုင်းအတာသည် ၉၆ ပေ (ကိုးဆယ့်ခြောက်ပေ) ဖြစ်သည်။ ပြင်သစ်အလံကို လွှင့်ထူခွင့်ပြုသည်။ ထို့နောက် ဒလတွင် သင်္ဘောစက်ရုံ ထပ်ပြီးတည်ဆောက်ခွင့်ရသည်။ ကုန်သင်္ဘောများသာမက၊ ထင်ရှားသော စစ်သင်္ဘောများစွာ ထုတ်လုပ်နိုင်ခဲ့သည်။

၁၇၇၈ ခုနှစ် ပြင်သစ်နှင့် အင်္ဂလိပ်တို့ အိန္ဒိယတွင် စစ်ဖြစ်ကြသောအခါ၊ အိန္ဒိယရှိ ပြင်သစ်ဆိပ်ကမ်းအားလုံးကို အင်္ဂလိပ်တို့က ဖျက်ဆီးခဲ့ကြသည်။ အတော်များ





များကို သိမ်းပိုက်နိုင်ခဲ့သည်။ ထိုအခါ ရန်ကုန်မြို့နှင့် ဒလမြို့များရှိ ပြင်သစ်သင်္ဘောစက်ရုံများအတွက် သံထည်အစိတ်အပိုင်းများ မရနိုင်တော့ပေ။ ထို့ကြောင့် လုပ်ငန်းများ ပျက်ဆီးသွား လေသည်။

ငြိမ်းချမ်းရေးရသောအခါ၊ ပြင်သစ်တို့သည် ဗမာပြည်နှင့် အိန္ဒိယမှ စက်ရုံများ အချိတ်အဆက်မိစွာဖြင့် ကုန်ပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်လုပ်သွားနိုင်ရန် စီစဉ်ကြလေတော့သည်။ ၁၇၈၃ ခုနှစ်တွင် ပြင်သစ်အင်တာပရိုက် ဥက္ကဋ္ဌသည် ဘူဆေး (Bussy)ကို ဗမာပြည်စေလွှတ်ပြီး ဗမာဘုရင်နှင့် စီးပွားရေးစာချုပ်အသစ်တစ်ရပ် ချုပ်ဆိုစေသည်။

ပြင်သစ်တို့က ရန်ကုန်တွင် အင်္ဂလိပ်တို့နှင့် အပြိုင်ဖြစ်နေသောကြောင့် ပဲခူးကို သဘောကျသည်။ သို့သော် ပဲခူးမြို့သည် ယခင်မွန်ဘုရင်များ လက်ထက်မှာကဲ့သို့ ငြိမ်းချမ်းမှု မရှိပေ။ ရက်စက်လွန်းသော ဗမာဘုရင်များကို မွန်တို့က အခါအခွင့်သင့်တိုင်း ပုန်ကန်ရန် အသင့်ဖြစ်နေရာ ပဲခူးမြို့သည် အချိန်မရွေး ထပြီးပေါက်ကွဲသွားနိုင်သော ယမ်းအိုးကြီးနှင့် တူလေသည်။

ပဲခူးမြို့ရှိ ရိုမန်ကက်သလစ်ဘုန်းတော်ကြီးကလည်း "ပဲခူးမြို့၏ အခြေအနေသည် ဗမာဘုရင်များ မင်းပြောင်းမင်းလွဲဖြစ်သည့်အခါမျိုးတွင် အကြီးအကျယ် ပေါက်ကွဲလိမ့်မည်။ လက်ရှိအုပ်ချုပ်သူဗမာဘုရင်သည် စစ်ဝါဒီများဖြစ်သောကြောင့် စစ်ပွဲများ၌ အာရုံစိုက်နေကြသောကြောင့် သူတို့ဖက်က စစ်ပွဲများဖြင့် မအားလပ်ဖြစ်သည်နှင့် ပုန်ကန်သူတို့က အလုံးအရင်းဖြင့် ပုန်ကန်ထကြွကြပေလိမ့်မည်။ ထိုအခါ ဗမာစစ်တပ်က ရောက်လာပြီး တိုက်ခိုက်ကြမည်။ ပြင်သစ်ပညာရှင်များက မွန်တို့ဖက်မှ ပူးပေါင်းပါဝင်သည်ဟု စွပ်စွဲပြီး သတ်ဖြတ်မည်။ စက်ရုံကို မီးရှို့မည်။ အိန္ဒိယတွင် ကြုံတွေ့ရသော အခြေအနေများထက် ပိုပြီးဆိုးတာ ပိုပြီးကြမ်းတာတွေ ဖြစ်လာမည်"ဟု သတိပေးပြီး ကားမြစ်သည်။

ပဲခူး၏ အခြေအနေသည် မွန်လူမျိုးတို့ ထကြွပုန်ကန်မည့်အနေအထားကြောင့် ရန်ကုန်မြို့တွင်သာ နိုင်ငံခြားသားများ အခြေချလေရာ ရန်ကုန်သည် ဒေသခံတို့အတွက် အလုပ်အကိုင် သွားရောက်လုပ်ကိုင်ကြသည့်မှလွဲ၍ အခြေစိုက်နေထိုင်စရာအရပ် မဖြစ်လာတော့ပေ။ ဒေသခံတို့သည် နိုင်ငံခြားသားများထံတွင် ဝန်ထမ်းအခစား လုပ်ကြသည်မှလွဲပြီး အတူယှဉ်တွဲနေထိုင်လိုခြင်း မရှိပေ။ ဒေသခံတို့သည် လယ်ယာစိုက်ပျိုးရေး ဖြစ်ထွန်းသော တောအရပ်ဒေသများတွင်သာ နေထိုင်ကြသည်။

၁၈၀၄ ခုနှစ်တွင် အင်္ဂလိပ်သုတေသီတို့၏ စနစ်တကျကောက်ယူသော



www.burmeseclassic.com

www.burmeseclassic.com



စာရင်းအရ ရန်ကုန်မြို့တွင် မူဆလင်လူဦးရေသည် ၅၀၀၀(ငါးထောင်)ကျော်အထိ ရှိလေရာ ဒေသခံမွန်နှင့် ဗမာတို့၏ လူဦးရေနှင့် သိပ်ပြီးမကွာသော အနေအထားရှိသည်။ ခရစ်ယာန်အရေအတွက်သည် ၅၀၀ (ငါးရာ)မျှသာရှိသည်။

မာလဘာ (Malabars) အယောက် ၅၀၀(ငါးရာ)ကျော်ရှိသည်။ အာမေးနီးယန်း ၄၀(လေးဆယ်)ကျော် ရှိသည်။ ထိုအရေအတွက်သည် ဗမာဘုရင်၏ ခွင့်ပြုချက်ဖြင့် ရာသက်ပန် အခြေစိုက်နေထိုင်ကြသူများ၏စာရင်း ဖြစ်သည်။ ကုန်စည်ကူးသန်း ရောင်းဝယ်ရင်း လာရောက်ကြသူအရေအတွက်မှာ ပို၍ များလေသည်။ သို့သော် သူတို့သည် မကြာမီ ခရီးထွက်ကြမည်ဖြစ်၍ အတည်တကျ အခြေစိုက်နေကြသည် မဟုတ်ပေ။

၁၈၀၂ ခုနှစ်စာရင်းအရ ရန်ကုန်မြို့တွင် အခြေစိုက်နေထိုင်သော ဗြိတိသျှ အရေအတွက်သည် ၆၀ (ခြောက်ဆယ်)မျှသာရှိသည်။ ၁၈၁၀ ခုနှစ်အထိ တိုးတက်မလာသေးပါ။ ယခင်က သင်္ဘောသားများ၊ သင်္ဘောအရာရှိများ ပဲခူးမြို့တွင် နေခဲ့ဘူးပါသည်။ သို့သော် ဗမာပြည်တွင် ထိုအချိန် ဗမာနှင့် မွန်ပြဿနာသည် အတော်ကြီးမားသည်။ မွန်တို့က နိုင်ငံခြားသားများကို သတ်ဖြတ်လေ့ မရှိပေ။ မဆိုင်သူကို ထိပါးလေ့မရှိပေ။ သို့သော် ဗမာစစ်သားများသည် အောင်ပွဲရပါက အောင်သေအောင်သားစားပြီး လူစိတ်ပျောက်ကာ ရက်စက်ကြမ်းကြုပ်စွာ ပြုမူတတ်သောကြောင့် နောင်တွင် ပဲခူးမြို့၌ နိုင်ငံခြားသားများ အခြေချနေထိုင်မှု လျော့နည်းသွားလေသည်။

ကုန်သည်များက အများဆုံးနေထိုင်ကြသည်။ သင်္ဘောသားများနှင့် သင်္ဘောတည်ဆောက်သူများက ဒုတိယအများဆုံးအခြေစိုက်နေထိုင်သူများ ဖြစ်ကြသည်။ ပြင်သစ်လူမျိုး ၃ ဦးသည် အမြဲတမ်းအခြေစိုက်နေထိုင်ကြသည်။ ပြင်သစ်လူမျိုး ပညာရှင် ၄ ဦးသည် သင်္ဘောတည်ဆောက်သော လုပ်ငန်းခွင်ကို ကြီးကြပ်နေကြသည်။ သင်္ဘောတည်ဆောက်ခြင်းပြီးဆုံးပါက ပြန်သွားကြမည်ဖြစ်သည်။

ဒတ်(ချ်)ကုန်သည် ၂ ဦး အခြေစိုက်နေထိုင်သည်ကို တွေ့ရသည်။ ၁၈၂၄ ခုနှစ်တွင် အင်္ဂလိပ်လူမျိုးအရေအတွက် ၇ ဦးရှိပြီး အမေရိကန် ၂ ဦးရှိသည်။ ဂရိ ၁ ဦးရှိသည်။ အခြားဥရောပသား စုစုပေါင်း ၅၀၀(ငါးရာ)မျှရှိသည်။ ခရစ်ယာန် ၄၀၀ (လေးရာ)ရှိသည့်အနက် အများစုသည် ပေါ်တူဂီနှင့် ဂျိန်အာများ ဖြစ်ကြသည်။ အမေရိကန်နှင့် ဂရိအနည်းငယ်ရှိသည်။ ထိုအချိန်ကာလကတည်းက ဥရောပသား ကပြားများ (Anglo Burmeses) အရေအတွက်သည် ဥရောပသားအစစ်အရေအတွက်ထက် အဆပေါင်း များစွာ များပြားနေပြီးဖြစ်သည်။ သို့သော် မူဆလင်အရေအတွက်





သည် ၅၀၀၀ (ငါးထောင်)ကျော်ကျော်ရှိသောကြောင့် ခရစ်ယာန်အရေအတွက်ထက်၊ ဆယ်ဆပိုများလေသည်။

၁၇၆၆ ခုနှစ်တွင် ဗမာအစိုးရ၏ အကောက်ဝန်သည် အမေရိကန်လူမျိုး ဖြစ်သည်။ ရန်ကုန်မြို့ဝန်သည် အမြင်ကျယ်သော ဗမာတစ်ဦးဖြစ်သည်။ နိုင်ငံခြားသား ကုန်သည်ကြီးများသည် စီးပွားရေးလုပ်တတ်ကိုင်တတ်ကြသည်။ ငွေကြေးအရင်းအနှီးများစွာ ရှိသည်။ သူတို့ကို ရန်ကုန်မြို့တွင် တရားဝင်အခြေစိုက်နေခွင့်ပေးလိုက်ခြင်းဖြင့် ဗမာတို့အတွက် ဘာမျှ ထိခိုက်နစ်နာမှု မရှိပါ။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်က ဗမာဘုရင်တစ်ပါးတည်းသာလျှင် သက်ဦးဆံပိုင်အဖြစ်၊ ရေမြေ့အရှင်သခင်အဖြစ် ရေပေါ် ရေအောက်၊ မြေပေါ်မြေအောက် သယံဇာတအားလုံးကို လက်ဝါးကြီးအုပ် ပိုင်ဆိုင်ခွင့်ရှိပြီး ကြွယ်ဝချမ်းသာသော်လည်း ပြည်သူလူထုအများစုသည် ထမင်းနပ်မှန်အောင် စားခွင့်ရသည်မှ လွဲပြီး လူတန်းစေ့ နေထိုင်သုံးစွဲခွင့်ရှိသူများ မဟုတ်ကြပေ။ လယ်ပိုင်ရှိသော လယ်သမားသည် ဝမ်းစာအတွက် ဖူလုံသော်လည်း ဝင်ငွေမရှိသောကြောင့် လူတန်းစေ့ နေနိုင်စားနိုင်ခွင့် မရှိပေ။ ဆင်းရဲသားများနှင့် သူဌေးသူကြွယ်များ ရောနှောနေထိုင်ခြင်းဖြင့် စုတ်ပြတ်နေသော ဆင်းရဲသားများ၏ ဘဝ ပိုပြီး ဆင်းရဲစုတ်ပြတ်သွားရန် မရှိတော့ပေ။ အနည်းနှင့်အများတော့ ချမ်းသာပြည့်စုံလာကြမည်သာ ဖြစ်သည်။ ကာယဉာဏစွမ်းအား အလိုက် အကျိုးခံစားခွင့်ရမည်ဟု သဘောပေါက်ပြီး နိုင်ငံခြားသားများကို အခြေချ နေထိုင်ခွင့်ပေးခဲ့သည်။

ရန်ကုန်အာဏာပိုင်များသည် နိုင်ငံခြားသားများကို ဗမာအမျိုးသမီးများနှင့် အိမ်ထောင်ပြုခွင့်ပေးထားသည်။ သို့သော် ယောင်နောက်ဆံထုံးပါဆိုသကဲ့သို့ နိုင်ငံခြားသားပြန်သွားပါက ဗမာအမျိုးသမီးကို ခေါ်သွားရန် ခွင့်မပြုပေ။ ဇနီး၊ သားသမီးများနှင့် ရာသက်ပန် အတူနေပြီး လုပ်ကိုင်စားသောက်ခြင်းကိုသာ ခွင့်ပြုလေသည်။ ဗမာအမျိုးသမီးများ ခေါ်ဆောင်သွားခြင်းကို လုံးဝခွင့်မပြုပေ။

ထိုအချိန်က ရန်ကုန်မြို့ဝန်သည် နိုင်ငံတကာပြစ်မှုများကိုပါ ဒိုင်ခံပြီး ဖြေရှင်းနေရသည်။ အိန္ဒိယမှ ထွက်လာပြီးလမ်းတွင် သင်္ဘောပိုင်ရှင်ကို သတ်ပြီး သင်္ဘောကို အပိုင်စီးလာသော အမှုများကိုလည်း ဒိုင်ခံပြီး ဖြေရှင်းပေးရသည်။

ထားဝယ်ကို ယိုးဒယားတို့ ဝိုင်းထားစဉ်အခါက ဗမာတို့ဖက်မှ စစ်ကူနှင့် လက်နက်ခဲယမ်းများ တင်ပို့ရာတွင် နိုင်ငံခြားကုန်သင်္ဘောများကို ငှားရမ်းပြီး အသုံးပြုခဲ့ရသည်။ ထိုအခါထိုက်သင့်သော သင်္ဘောငှားရမ်းခငွေကို ဘုရင်က ပေးခဲ့လေသည်။

ဗမာဘုရင်၏အုပ်ချုပ်ရေးသည် သက်ဦးဆံပိုင်အုပ်ချုပ်ဖြစ်သော်လည်း လက်



www.burmeseclassic.com

www.burmeseclassic.com



အောက်ငယ်သားများသည် ဘုရင်ကို ကျော်ပြီး ဩဇာအာဏာပြတတ်သည်။ တစ်ခါသော် ဘုရင့်အတွက် ရန်ကုန်တွင် သင်္ဘောတည်ဆောက်နေသော ကပ္ပတိန်အာချာသည် ဗမာအမှုထမ်းများ၏ အာဏာပါဝါပြလွန်းခြင်း လုပ်ငန်းခွင်ကို နှောင့်ယှက်သည်အထိ ဒုက္ခပေးလာခြင်းကို ကြုံတွေ့ရသောအခါ လက်တွဲပြီး အလုပ်မလုပ်လိုသောကြောင့် မော်တော်ဘုတ်စီးပြီး ထွက်ပြေးလေသည်။ အစိုးရအာဏာပိုင်တို့က သိသောအခါ လက်နက်ကိုင်လှေ များစွာ စေလွှတ်ပြီး ကပ္ပတိန်ကို ရအောင်ဖမ်းဆီးခဲ့သည်။ အကျိုးအကြောင်းမေးရာ ကပ္ပတိန်အာသာက ဗမာအရာရှိများ အာဏာပါဝါ ပြလွန်းသောကြောင့် လက်တွဲပြီး အလုပ်လုပ်ရန် မဖြစ်နိုင်ဟု တင်ပြလေရာ အစိုးရအာဏာပိုင်တို့က အပြစ်ကျူးလွန်သော ဗမာအရာရှိများကို ဖမ်းဆီးပြီး ပြင်းပြင်းထန်ထန် အပြစ်ဒဏ်ပေးသည်။ ကပ္ပတိန်အာသာကို ဆုငွေများစွာ ချီးမြှင့်ပြီး ပြန်၍ တာဝန်ထမ်းဆောင်စေသည်။

ရန်ကုန်မြို့တွင် နိုင်ငံခြားသားများ ကြုံတွေ့ရသော အဓိကအခက်အခဲများသည် ပေါင်မုန့်ကောင်းကောင်း မရနိုင်ခြင်းဖြစ်သည်။ ဗမာတို့သည် ပေါင်မုန့်လုပ်သော အတွေ့အကြုံ မရှိပေ။ အိန္ဒိယသားတို့က ကျွမ်းကျင်ကြသော်လည်း အဆင့်အတန်းမီ ဂျုံမှုန့်ကောင်းကောင်း မရနိုင်သောကြောင့် ပေါင်မုန့်ကောင်းကောင်း မရနိုင်ပေ။ ပေါင်မုန့်အညံ့စား ငါးလုံးကို ၁ ရူပီး ပေးရသည်။ ထောပတ်အကောင်းစား မရနိုင်ပေ။ အိန္ဒိယသားများ ပြုလုပ်သော ထောပတ်အညံ့စားများကိုသာ ရနိုင်သည်။ အမဲသား၊ ဆိတ်သား မရနိုင်ပေ။ ကြက်သားကို ပေါများစွာ ရတတ်သည်။ ကြက်ဥ၊ ကြက်သား အလွန်ပေါသည့်အတွက် နိုင်ငံခြားသားများအတွက် အဆင်ပြေလေသည်။ ထမင်းနှင့် ငါးကြော်၊ ငါးကင်စားသော အလေ့အကျင့်ရဖို့ ကြိုးစားရသည်။

သာသနာပြုများသည် ကြာရှည်အထားခံသော ဘီစကွတ်၊ ထောပတ်နှင့် ဘင်္ဂလားဆပ်ပြာများ လုံလောက်စွာ ယူသွားကြသည်။ ကုန်သင်္ဘောလာတိုင်း၌ အဓိကပစ္စည်းများကို မှာယူကြသည်ဟု မှတ်တမ်းများ၌ ဖော်ပြကြသည်။ ဗမာတို့သည် လက်ဖက်ရည်အချို သောက်သုံးလေ့ မရှိပေ။ လက်ဖက်စိုနှင့် အကြမ်းသောက် လက်ဖက်ခြောက်များသာ ရှိသောကြောင့် အချိုသောက်လက်ဖက်ခြောက် အလိုရှိပါက ဘင်္ဂလားသို့ မှာရသည်။ ရှူးဖိနပ်များ ပြုလုပ်နိုင်စွမ်း မရှိသေးပေ။ ထို့ကြောင့် ဘင်္ဂလားမှ မှာယူရသည်။

ကုန်သွယ်ရေးလုပ်ငန်းအရ အချက်အခြာကျသောကြောင့် ရန်ကုန်ကို လာရသော်လည်း ထိုခေတ်က ရန်ကုန်မြို့တွင် နေထိုင်စားသောက်ရာတွင် ဘာတစ်ခုမျှ အဆင်မပြေဟု အနောက်တိုင်းသားတို့က ညည်းညူကြသည်။





ဘင်္ဂလားသားတို့က အတုမြင် အတတ်သင်ကြသည်။ လွန်စွာပါးနပ်ကြသည်။ ဉာဏ်ပညာထက်သည်။ ဗမာတို့သည် ရိုးအလွန်းသည်။ ဉာဏ်ပညာထက်မြက်မှု မရှိကြပေ။ ရိုးရာဓလေ့အစဉ်အလာကို ဖက်တွယ်တတ်သောကြောင့် ခေတ်ကာလအလိုက် ပြောင်းလဲလာသော အတတ်ပညာ၊ နည်းပညာများကို အတုမြင်အတတ်သင် ပြုလုပ်နိုင်စွမ်း မရှိကြပေဟု အနောက်တိုင်းမှတ်တမ်းများ၌ ဖော်ပြကြသည်။

ထိုခေတ်က အနောက်တိုင်းသားတို့သည် အလုပ်တာဝန်အရ ရန်ကုန်မြို့သို့ ရောက်နေသော်လည်း အစားအသောက်အသုံးအဆောင်များကို အိန္ဒိယသို့ မှာပြီး သုံးစွဲနေရသောကြောင့် ကုန်ကျစရိတ် မြင့်မားပြီး နေထိုင်ရန် ခက်ခဲသောမြို့ဟု သတ်မှတ်ခဲ့ကြသည်။

လူလွတ်တစ်ဦးတည်း နေထိုင်ပါက လစဉ်ကုန်ကျစရိတ်သည် ရူပီး ၁၀၀ ကုန်သည်။ အိမ်ထောင်ရှင်စုံတွဲအတွက် ကုန်ကျစရိတ်သည် ရူပီး ၁၄၀ (တစ်ရာ့လေးဆယ်) ကလေးတစ်ဦးအတွက် ကုန်ကျစရိတ်သည် ၁၀ ရူပီးဖြစ်သည်။ ထိုကုန်ကျစရိတ်သည် ၁၈၀၉ ခုနှစ်တွင် စစ်တမ်းကောက်ယူရာမှ သိရခြင်းဖြစ်သည်။ နေအိမ်ငှားရမ်းစရိတ်သည် အုတ်တိုက်ဖြစ်ပါက လစဉ် ရူပီး ၁၀၀ (တစ်ရာ)ပေးရသည်။ သစ်သားအိမ်ဖြစ်ပါက လစာသည် ၃၅ ရူပီး ဖြစ်သည်။

နေအိမ်ဆောက်လုပ်ရာတွင် အသုံးပြုသော အုတ်များ၊ သံများ၊ ပတ္တာများ အားလုံး ဈေးကြီးလွန်းသည်။ သစ်သားနှင့် လုပ်အားခ သက်သာသောကြောင့် ပျဉ်ထောင်အိမ်များ ဆောက်လုပ်ပါက ကုန်ကျစရိတ်သက်သာသည်။ တိုက်အိမ်ဆောက်ပါက ကုန်ကျစရိတ်သည် အိန္ဒိယနှင့် နှိုင်းယှဉ်ပါက များစွာ ဈေးကြီးနေသည်။ တိုက်အိမ်တစ်လုံးအတွက် ကုန်ကျစရိတ်သည် ရူပီး ၆၀၀၀ (ခြောက်ထောင်)ကျော်ကုန်ကျသော်လည်း ပျဉ်ထောင်အိမ်ကြီးဆောက်ပါက ရူပီး ၃၀၀၀ (သုံးထောင်)မျှသာ ကုန်ကျမည်ဖြစ်သည်။

ထိုခေတ်က ပေါ်တူဂီကုန်သည်များနှင့် ဂျိုနီအာကုန်သည်များအတွက် ပေါ်တူဂီဘုန်းတော်ကြီး မီလီပါ၏ ပေါ်တူဂီဘုန်းတော်ကြီးကျောင်း ရှိသည်။ ၁၇၆၀ ခုနှစ်တွင် Frs.Donati နှင့် Gallizia ဘုန်းတော်ကြီးကျောင်းနှစ်ကျောင်း ဆောက်လုပ်ပြီး ခရစ်ယာန်ဘာသာဝင်များအတွက် ဝတ်ပြုကိုးကွယ်ခြင်းကို အဆင်ပြေအောင် ဆောင်ရွက်နိုင်ခဲ့သည်။ ၁၇၆၁ ခုနှစ်တွင် ရန်ကုန်မြို့သို့ ခရစ်ယာန် ဘုန်းတော်ကြီး ပါကိုတိ ရောက်လာခဲ့သည်။ ၁၇၆၇ ခုနှစ်တွင် ခရစ်ယာန်ဘုန်းတော်ကြီး ကာပါနီ ရောက်လာသည်။ သူတို့သည် အီတာလျံများ ဖြစ်ကြသည်။ နိုင်ငံခြားတွင် မည်သည့်[illegible]ရန်စ



www.burmeseclassic.com

www.burmeseclassic.com



ရှိခဲ့သည်ဟု မသိရပေ။ ဘုန်းတော်ကြီးကာပါနီကို နိုင်ငံခြားသားတစ်ဦးက အဆိပ်ကျွေးပြီး သတ်ဖို့ ကြိုးစားရာ၊ မအောင်မြင်ခဲ့ပေ။ အောင်မြင်ခဲ့ပါက ဗမာဘုရင်အမိန့်အာဏာဖြင့် သေဒဏ်အပြစ်ပေးနိုင်သော်လည်း မအောင်မြင်ခဲ့သောကြောင့် နိုင်ငံခြားသားကို ဖမ်းဆီးပြီး အိန္ဒိယသို့ ပြန်ပို့လိုက်သည်။ သို့သော် လမ်းခရီးတွင် သင်္ဘောပေါ်မှ ခုန်ဆင်းပြီး ရေကူးပြေးရာ မိကျောင်းကိုက်သတ်သောကြောင့် သေသွားလေသည်။

၁၇၈၂ ခုနှစ်တွင် ဘုန်းတော်ကြီး ဖာသာစန်ဂျာမင်ရီ ရောက်လာသည်။ ၁၈၀၈ ခုနှစ်အထိ ရန်ကုန်မြို့၌ နေခဲ့သည်။ ရန်ကုန်မြို့၏ မြောက်ဖက်တွင် စိန့်ဂျွန်း (St.Joh) ဘုန်းတော်ကြီးကျောင်းကို တည်ထောင်ခဲ့လေသည်။ *(နောင်တွင် စိန်ဂျွန်းဈေးသည် ထင်ရှားခဲ့သည်။ (မ၊ဆ၊လ)ခေတ်တွင် စိန်ဂျွန်းဈေးသည် မှောင်ခိုဈေးဖြစ်သည်။ စစ်အစိုးရများလက်ထက်တွင် မင်္ဂလာဈေးအဖြစ် ယခုနေရာသို့ ရောက်ခဲ့သည်။ ဘာသာပြန်သူ)* အီတာလျံတို့ တည်ဆောက်ခဲ့သော စိန့်ဂျွန်းဘုရားရှိခိုးကျောင်းတွင် စာသင်ကျောင်းပါဝင်သည်။ The Church of the Immaculate Conception တွင်လည်း ဘုရားရှိခိုးကျောင်းကို စာသင်ကျောင်းနှင့် တွဲထားသည်။

၁၉ ရာစုအစောပိုင်းတွင် ဘက်ပတစ် (Baptist ) သာသနာပြုများသည် ရန်ကုန်တွင် အခြေစိုက်ပြီး သာသနာပြုလုပ်ငန်း လုပ်ကိုင်ရန် စီစဉ်လာကြသည်။ ၁၈၇၀ ခုနှစ်တွင် ရန်ကုန်မြို့၌ အဖွဲ့ဝင် ၂ ဦးမှစတင်ပြီး သာသနာပြုလုပ်ငန်းကို စတင် ဆောင်ရွက်ခဲ့ကြသည်။ တစ်နှစ်တာ ဆောင်ရွက်ပြီးသမျှ အစီရင်ခံစာကို အရှေ့အိန္ဒိယကုမ္ပဏီသို့ တင်ပြရာ လက်ခံသဘောတူစရာရှိသောကြောင့် နှစ်ကုန်ပိုင်းတွင် ဂျိမ်းချာတာနှင့် ဖဲလစ်ကာရေးတို့ နှစ်ဦးကို ရန်ကုန်မြို့သို့ စေလွှတ်လိုက်သည်။ သူတို့၏ ဖခင်သည် ဆီရမ်ပိုကောလိပ်ကို ထူထောင်သူဖြစ်သည်။ သူတို့သည် ယခုဘားလမ်း (Barr Street) နေရာတွင် မြေကွက်ဝယ်ပြီး ဂရမ်လျှောက်လိုက်သည်။ ဂရမ်ကျသည်နှင့် သာသနာပြုအဆောက်အဦးကို စတင်ဆောက်လုပ်ခဲ့ကြသည်။ အိမ်ကို ရူပီးငွေ ၅၀၀၀ (ငါးထောင်) အကုန်အကျခံပြီး ဆောက်လုပ်ခဲ့ကြသည်။ အဆောက်အဦးသည် ကြီးများကျယ်ပြန့်သည်။ အနီးတွင် ပန်းခြံများရှိသောကြောင့် သာယာလှသည်။ နွေရာသီနှင့် ဆောင်းရာသီ တွင် နေထိုင်ရသည်မှာ ပျော်စရာကောင်းလှသည်။ သို့သော် မိုးရာသီတွင် စိတ်ပျက်ဖွယ် ကောင်းအောင် မိုးများလှသည်။ မိုးရွာသည်နှင့် ရွှံ့ဖွက်များ ထလာပြီး သွားလာရခက်ခဲလေသည်။ ၁၈၁၀ ခုနှစ်တွင် လန်ဒန်မြို့ရှိ သာသနာပြုအဖွဲ့အစည်းမှ သာသနာပြုဆရာ ၂ ဦး ထပ်ပြီးရောက်လာသည်။

အသစ်ရောက်လာသည့် ကော့(ချ်)နှင့် ပရီချက်တို့သည် ဗမာပြည်အကြောင်း





အသေးစိတ်လေ့လာခဲ့ကြသောကြောင့် သာသနာပြုလုပ်ငန်းများ လုပ်ဆောင်ရာ၌ များစွာ အဆင်ပြေခဲ့လေသည်။

ထိုအချိန်တွင် ဂျိမ်းချာတာသည် ကျန်းမာရေးချို့တဲ့လာသောကြောင့် သီရိလင်္ကာသို့ ဇနီးမောင်နှံနှစ်ဦးစလုံး ပြန်သွားခဲ့ကြသည်။ ထိုအခါ ဖဲရမ်ကာရေး တစ်ဦးတည်း သာသနာပြုလုပ်ငန်းကို ဆက်လက်လုပ်ဆောင်နေခဲ့သော်လည်း ဗမာ အစိုးရက သူ့အား နှစ်သက်သည်အတွက် ရာထူးကြီးကြီးပေးလေရာ သူသည် သာသနာ ပြုလုပ်ငန်းကို စွန့်လွှတ်ပြီး အစိုးရပေးသောရာထူးကို လက်ခံခဲ့သည်။

ထိုအခါ သာသနာပြုလုပ်ငန်းကို အားဖြည့်ရန်အတွက် အမေရိကန်သာသနာ ပြုဆရာ ဂျက်ဆင် (Judson) နှင့် သူ့ဇနီးတို့ ရောက်လာကြသည်။ ၁၈၁၃ ခုနှစ် ဇူလိုင်လတွင် ဗမာပြည်ရောက်လာကတည်းက ဂျက်ဆင်သည် သာသနာပြုလုပ်ငန်းကို အင်တိုက်အားတိုက် ပြုလုပ်ခဲ့ကြသည်။ အောင်မြင်မှုများစွာ ရသောကြောင့် နောက်နှစ် များတွင် အမေရိကန်သာသနာပြုများ ဆက်၍ရောက်လာကြသည်။

ထိုအခါ ဗမာပြည်သို့ အစောဆုံးရောက်၍ ဗမာအစိုးရဝန်ထမ်းများစွာ ဖြစ်နေကြသော အာမေးနီးယန်းနှင့် ပေါ်တူဂီတို့က အမေရိကန်နှင့် အင်္ဂလိပ်သာသနာပြု များကို မကြည်ဖြူကြပေ။ ထိုအချိန်က ရန်ကုန်မြို့ရှိ အကောက်ဝန် ဘာဘာရှင်သည် အာမေးနီးယန်းလူမျိုးဖြစ်သည်။

အင်္ဂလိပ်နှင့် အမေရိကန်သာသနာပြုများသည် ဒေသခံဗုဒ္ဓဘာသာဝင်တို့၏ ဘုရားကျောင်းကန်၊ စေတီပုထိုးများ အလည်အပတ် သွားရောက်သောအခါတိုင်းတွင် ဒေသခံများကဲ့သို့ ဘိနပ်ချွတ်ပြီးမှ ဝင်ရောက်ကြသော်လည်း ဥရောပသားများနှင့် အခြားသော သာသနာပြုများသည် အစိုးရခွင့်ပြုချက်ဖြင့် ဖိနပ်စီးပြီး ဝင်ရောက်လေ့ ရှိသည်။ ထိုအချက်မှာ နောင်တွင် ပြဿနာတစ်ရပ်ဖြစ်လာမည်ဟု အမေရိကန် သာသနာပြုတို့က သံသယရှိကြသည်။

သာသနာပြုများသည် ဗမာစာနှင့် ဗမာစကားကို ကောင်းစွာတတ်မြောက်ကြ ပြီး သမ္မာကျမ်းစာကို မြန်မာဘာသာပြန်ခဲ့ကြသောကြောင့် ဒေသခံများ အလွယ်တကူ လေ့လာနိုင်ပေသည်။ ထိုခေတ်က ရန်ကုန်မြို့တွင် အကြီးအကျယ် မီးလောင်မှုကြုံတွေ့ ခဲ့သည်။ အချိန်ကာလမှာ ဗမာနှင့် ယိုးဒယားတို့ စစ်ဖြစ်နေစဉ် အချိန်ကာလဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com




## BIBLOGRAPHY

(1) Rev. H.Basil : Information Rindly Supplied about the history of the Armenian Community in Rangoon.
(2) C.Bennett: Rangoon Fifty Years Ago (1883)
(3) H. Cox: Journal of a Residence in the Burmhan Empire (1821)
(4) A Dalry mple: Oriental Repertory.
(5) F.B.Doveton: Reminiscences of the Burmese War (1852)
(6) T forrest Voyage from Calcutta (1792)

■ ■ ■






၁၈၂၄ ခုနှစ်က ရွှေတိဂုံဘုရား

www.burmeseclassic.com

www.burmeseclassic.com



၁၈၂၄ ခုနှစ် ရန်ကုန်မြို့



## အခန်း(၅)

## အလောင်းဘုရား၏ ရန်ကုန်(၂)

၁၇၅၅ ခုနှစ်မတိုင်မီက ရန်ကုန်မြို့သည် မွန်လူမျိုးတို့ ပိုင်ဆိုင်ခဲ့သော မြို့ဖြစ်ခဲ့သည်။ ၁၇၅၅ ခုနှစ်မှ ၁၈၂၄ ခုနှစ်အထိ ကုန်းဘောင်မင်းဆက်က အုပ်ချုပ်လာခဲ့သည်။ မွန်တို့သည် အလောင်းမင်းတရားမတိုင်မီ ခေတ်ကာလအထိ ဗမာတို့နှင့် သူတစ်ပြန် ကိုယ်တစ်ပြန် တိုက်ခိုက်နိုင်စွမ်းရှိခဲ့သည်။ အလောင်းမင်းတရားသည် ရန်သူကို တိုက်ခိုက်ရာတွင် ဆွေစဉ်မျိုးဆက်နလန်မထူစေရန် ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သောကြောင့် မွန်လူမျိုးတို့သည် ဗမာဘုရင်၏ ဩဇာခံ၊ ဒုတိယတန်းစားလူမျိုး အဖြစ်သို့ ရောက်ရှိခဲ့သည်။

မွန်တို့ အထွတ်အမြတ်ထားသော ရွှေတိဂုံစေတီတော်ကြီးကို မွမ်းမံပြီး ရွှေချကာ အလောင်းမင်းတရားကြီး၏ ကောင်းမှုတော်စေတီမြတ်ကြီးအဖြစ် အသွင်ပြောင်းလိုက်သည်။ မွန်တို့သည် အားမတန်သော်လည်း မာန်မလျှော့ကြပေ။ အလောင်းမင်းတရား ဘုန်းမီးနေလတောက်နေသော ခေတ်ကာလ၏ (၁၇၅၈) မှ (၁၇၅၉) ခုနှစ်တွင် ထကြွပုန်ကန်ခဲ့ကြသည်။ သို့သော် အလောင်းမင်းတရားက ရက်ရက်စက်စက် ချေမှုန်းလိုက်သည်။ ထို့ကြောင့် မွန်တို့သည် အလောင်းမင်းတရားလက်ထက်တွင် ပုန်ကန်ပုံခြင်း မရှိတော့ပေ။

သို့သော် ဆင်ဖြူရှင်ဘုရင် ယိုးဒယားကို ချီတက်တိုက်ခိုက်နေချိန်တွင် ၁၇၇၃ ခု၌ မွန်တို့ဒေသတွင် စစ်သားစုဆောင်ပြီး လက်နက်တပ်ဆင်ပေးခဲ့ရာ၊ အခြေအနေ အခွင့်အခါကောင်းကို အသုံးချပြီး မွန်တို့သည် အင်အားအနည်းငယ်မျှသာရှိသော ဗမာအစောင့်တပ်ကို အောင်မြင်စွာ တိုက်ခိုက်ခဲ့ကြသည်။

မွန်ခေါင်းဆောင်များမှာ ဒလခံ၊ ဒလရှင်နှင့် မိနာစီတို့ ဖြစ်သည်။ သူတို့သည် ဗမာမြို့စောင့်တပ်ကို သတ်လိုက်ကြသော်လည်း မုတ္တမမြို့ဝန်ကို သတ်ဖြတ်ခြင်းမပြုဘဲ လက်ရဖမ်းဆီးထားခဲ့သည်။ သို့သော် စနစ်တကျ အစောင့်ချထားခြင်းမရှိသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မုတ္တမမြို့ဝန်သည် ရန်ကုန်မြို့သို့ ထွက်ပြေးခိုလှုံလေသည်။ ထိုအခါ မွန်တို့က ရန်ကုန်မြို့ကို ဝိုင်းပြီးတိုက်သည်။ ရန်ကုန်မြို့ဝန်သည် ဟင်္သာတ၊ ဓနုဖြူတို့မှ စစ်ကူများစွာ ရယူထားသောကြောင့် မွန်တို့ကို အပြင်းအထန် ခုခံနိုင်လေသည်။

သုံးကြိမ်တိုင်တိုင် အပြင်းအထန်တိုက်ခိုက်သော်လည်း ရန်ကုန်မြို့ကို မရပေ။ ရွှေတောင်နော်ရထာသည် အထက်ဗမာပြည်မှ စစ်အင်အားကြီးများစွာ စုဆောင်းပြီး ရောက်လာရာ ရန်ကုန်မြို့ကို ဝိုင်းနေသော မွန်များသည် နှစ်ဖက်ညှပ်ပြီး တိုက်ခိုက်မှုခံရသော အနေအထားဖြစ်လာသည်။ ဗမာဘုရင်တပ်မှ အကူအညီတောင်းသောကြောင့် ရန်ကုန်ဆိပ်ကမ်းရှိ ဒတ်(ချ်)စစ်သင်္ဘောကလည်း ကူညီ၍ပစ်ခတ် တိုက်ခိုက်ပေးခဲ့သည်။

ဟံသာဝတီမြို့ဝန် ရွှေတောင်နော်ရထာ၏ ဗမာတပ်တွင် စစ်သည်အင်အား ၃၀၀၀ (သုံးထောင်)ကျော် ပါဝင်သောကြောင့် မွန်တို့က မယှဉ်နိုင်တော့ဘဲ သံလျင်မြစ်အထိ ဆုတ်ခွာသွားခဲ့ကြသည်။ သံလျင်မြစ်ကမ်းတွင် လူသူလက်နက်စုဆောင်းပြီး ၁၂ လတိတိ ဗမာဘုရင်တပ်များကို အပြင်းအထန် ခုခံတိုက်ခိုက်ပြီး အင်အားမမျှသောကြောင့် မွန်ခေါင်းဆောင် ဒလခင်ကို ဗမာတို့ ဖမ်းသွားသည်နှင့် ကျန်သော မွန်ခေါင်းဆောင်များနှင့် နောက်လိုက်များ ယိုးဒယားပြည်သို့ ထွက်ပြေးခဲ့ကြလေသည်။

မွန်တို့ ပုန်ကန်စဉ်အချိန်က ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော ပြင်သစ်သင်္ဘောများသည် မွန်သူပုန်တို့အား အကူအညီပေးခဲ့သည်ဟု ဗမာများက စွပ်စွဲကြသည်။ ပြင်သစ်တို့က ကြားနေခဲ့ပါသည်ဟု ပြတ်ပြတ်သားသား ငြင်းဆန်ခဲ့ကြသည်။ ဒတ်(ချ်)တို့က ပြင်သစ်တို့ကို အရေးယူသင့်သည်ဟု ပြောကြသည်။ မြို့ဝန်ကလည်း အာဏာပါဝါပြလိုသည်။ ထို့ကြောင့် ပြင်သစ်သင်္ဘောများမှ အရာရှိများကို ဖမ်းဆီးပြီး သူတို့၏လက်နက်များကို ကျောဖက်၍ ချည်နှောင်ပြီး ရေထဲနှစ်၍ သတ်လေသည်။ ပြင်သစ်အရာရှိအားလုံး အသတ်ခံရသည်။ ဗမာဘုရင်အတွက် တန် ၄၀၀ (လေးရာ) သင်္ဘောကြီး တည်ဆောက်ပေးနေသော အရာရှိ ဘူးတပ်(Boutet) တစ်ဦးတည်း လွတ်မြောက်ခဲ့သည်။ သူ ဦးစီးတည်ဆောက်နေသော သင်္ဘောကြီးကို မွန်တို့က မီးရှို့ဖျက်ဆီးသွားခဲ့ကြသည်။

မြို့ဝန်သည် တရားမျှတမှုတော့ ရှိသည်။ ရေထဲနှစ်ပြီးသတ်ခဲ့သော်လည်း ရေကူးပြီး လွတ်မြောက်လာခဲ့သော ဘူးတပ်ကို နောက်ထပ် ဖမ်းဆီးချုပ်နှောင်ခြင်း ပြုခွင့်မရှိဟု ဆိုပြီး လွှတ်ပေးလိုက်သည်။ သို့သော် မကြာမီ အချိန်ကာလမှ လက်ထပ်ခဲ့သော ဘူးတပ်၏ ဇနီးချောလေးကို မြို့ဝန်က သိမ်းပိုက်ပြီး နောက်တစ်နေ့တွင် အာမေးနီးယန်းတစ်ဦးထံ ရှပီးငွေ ၄၀၀ (လေးရာ) ဖြင့် ရောင်းချလိုက်သည်။





အခြားသော အရာရှိများ၏ ဇနီးများမှ အရွယ်ကောင်းသူများကို ရောင်းစားသည်။ အရွယ်အိုများကို ကျွန်အဖြစ် အသုံးပြုသည်။ ပုန်ကန်မှုတွင် ပါဝင်သည်ဟု စွပ်စွဲခံရသော မွန်အမျိုးသား မြောက်များစွာ အသတ်ခံရသည်။ ဗမာဘုရင်သည် ဓနုဖြူသို့ လာပြီး မွန်တော်လှန်ရေးခေါင်းဆောင် ဒလခင်အား သတ်ဖြတ်သည်ကို လာကြည့်သည်။ ထို့နောက် ရန်ကုန်လာပြီး ၁၇၆၉ ခုနှစ် လျှော်အတွင်း၊ ပျက်ဆီးခဲ့သော ရွှေတိဂုံဘုရားကို ပြုပြင်သည်။ ရှပီး ၉၄၀၀၀ (ကိုးသောင်းလေးထောင်) တန်ဖိုးရှိသော ရွှေဖြင့် ထီးတော်တင်ပြီး ရွှေချခြင်း ပြုလုပ်လေသည်။

လွန်ခဲ့သော ၁၇ နှစ်က အလောင်းဘုရားဖမ်းဆီး၍ အကျဉ်းချထားခဲ့သော မွန်ဘုရင် ဗညားဒလကို အကျဉ်းမှ ထုတ်ပြီး ဆင်ဖြူရှင်မင်းတရား၏ရှေ့တွင် သေဒဏ်ပေးခဲ့သည်။ ပုန်ကန်မှုကို နှိမ်အောင်မထိန်းနိုင်ဘဲ ထွက်ပြေးတိမ်းရှောင်ခဲ့သော ဟံသာဝတီမြို့ဝန်ကိုလည်း သေဒဏ်အပြစ်ပေးခဲ့သည်။

မွန်ဘုရင်ကို ဆူးလေဘုရား ရှေ့ပိုင်းမှ ဖမ်းဆီးခေါ်ဆောင်သွားပြီး လှိုင်မြစ်နှင့် ပန်းလှိုင်မြစ်ဆုံရာတွင် သတ်ဖြတ်ခဲ့ခြင်းဖြစ်သည်။ မွန်ဘုရင် ဗညားဒလသည် အသတ်ခံကာနီးတွင် ဘုန်းတန်ခိုးရှိသော ပတ္တမြားကြီးကို ဆင်ဖြူရှင်ဘုရင်လက်သို့ ပေးအပ်ခဲ့ရသည်။ စော်ကားလွန်းသောကြောင့် မွန်တို့သည် ဗမာတို့ကို များစွာနာကျည်းကြသည်။

ထို့ကြောင့် မွန်တို့၏ ပုန်ကန်မှုသည် ဘယ်သောအခါမှ ကျေအေးသွားမည် မဟုတ်ပေ။ မင်းပြောင်းမင်းလွှဲဖြစ်သည့်အခါတိုင်း ပေါ်ပေါက်လာတတ်သည်။ ၁၇၈၃ ခုနှစ်တွင် ဘိုးတော်ဘုရားလက်ထက်တွင် မွန်ပုန်ကန်မှု ထပ်ပြီးပေါ်ပေါက်ခဲ့သည်။

၁၇၈၃ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့တွင် ညဖက်နေဝင်၍ အမှောင်ထုကြီးစိုးလာသည်နှင့် မွန်အင်အား ၃၀၀ သည် လှံများ၊ ဝါးချွန်များ၊ ဓါးရှည်များ ကိုင်ဆောင်ပြီး ရန်ကုန်မြို့ကို ဝင်စီးကြသည်။ လှေများပေါ်မှ ဆင်းလာသည်နှင့် လမ်းခရီးတွင် တွေ့သမျှ သတ်ပစ်ကြသည်။ ပြင်သစ်သင်္ဘောတစ်စီးကို ဝင်စီးပြီး တွေ့သမျှ သတ်ဖြတ်သည်။ ည ၇ နာရီတွင် မြို့၏ အနောက်ဖက်ဂိတ်ကို ဖေါက်ထွင်းဖျက်ဆီး၍ မြို့ထဲ ဝင်လာကြသည်။ မြို့၏ အနေအထားကို ကောင်းစွာ သိထားကြသောကြောင့် မြို့ဝန်၏ အိမ်၊ အကောက်ဝန်တို့၏ အိမ်များကို ဝင်စီးကြသည်။ မြို့ဝန်နှင့် အကောက်ဝန်ကိုလည်း သတ်လိုက်ကြသည်။

ရုံးတော်ကို ဝင်စီးပြီးတွေ့သမျှ သတ်သည်။ မြို့သူမြို့သားများကို "မသေချင်ရင် ကိုယ့်အိမ်ထဲကိုယ်နေ၊ ဝင်မရှုပ်ရင် ဘာမှမလုပ်ဘူး"ဟု အော်ဟစ်သတိပေးထားသောကြောင့် မြို့သူမြို့သားများ အိမ်ပြင်မထွက်ဝံ့ကြပေ။ အများစုသည် တောထဲသို့ပြေးပုန်း



www.burmeseclassic.com

www.burmeseclassic.com



နေခဲ့ကြသည်။ ပုန်ကန်သူများသည် မတ်စကက်သေနတ်များ ရသွားသောအခါ ကောင်းစွာ အသုံးပြုတတ်သောကြောင့် ယခင်ပုန်ကန်မှုများတွင် ပါဝင်ခဲ့သည့် လူဟောင်းများ ဖြစ်သည်ဟု သိရသည်။

ပေါ်တူဂီနှင့် အာမေးနီးယန်းကပ္ပတိန်များကို ရှာဖွေဖမ်းဆီးလိုက်ကြသည်။ နိုင်ငံခြားသား သင်္ဘောကပ္ပတိန်များနှင့် ကုန်သည်များကို ဖမ်းဆီးပြီး မွန်တို့အား သစ္စာခံကြစေရန်အတွက် သစ္စာရေတိုက်ရာ နိုင်ငံခြားသားများက "ဗမာတို့သည်လည်း ဆိပ်ကမ်းတွင် ဆိုက်ကပ်ချိန်ကတည်းက သစ္စာရေတိုက်ကြသည်။ ငါတို့ထပ်ပြီး မသောက်လို သစ္စာမဖေါက်လိုပါ"ဟု ဆိုကြသည်။ ကြားနေခွင့်ပေးဖို့ တောင်းပန်ကြသည်။

နောက်တစ်နေ့တွင် ရန်ကုန်မြို့၌ မွန်အစိုးရအဖွဲ့ကို ဖွဲ့စည်းလိုက်ကြလေသည်။ မြို့အဝင်အထွက်ဂိတ်များ ပိတ်ထားလိုက်ကြသည်။ ခွင့်ပြုချက်အမိန့်ကို ပြနိုင်မှ ဝင်ခွင့်ထွက်ခွင့်ရှိမည် ဖြစ်သည်။ မြို့ပတ်လည်တွင် မွန်တပ်သားများသည် လှေများစွာဖြင့် စောင့်ကြပ်နေကြသည်။ သို့သော် လက်ရှိအင်းအားဖြင့် မြို့အဝင်ဂိတ်များနှင့် ရုံးတော်တို့ကို ရေရှည်ထိန်းချုပ်ထားရန် လုံးဝ မဖြစ်ကြောင်း သိထားကြသည်။ လက်နက်အင်အား လူအင်အားကို အချိန်တိုအတွင်း အများဆုံး စုဆောင်းထားဖို့ လိုသည်ဟု သဘောပေါက်ကြသည်။ ထို့ကြောင့် မြစ်ဝကျွန်းပေါ်ဒေသ မွန်လူမျိုးအများစုနေထိုင်သော ဒေသများတွင် လူအင်းအားစုဆောင်းသည်။ မြစ်ဝကျွန်းပေါ်ဆိပ်ကမ်းအားလုံးတွင် လာရောက်ဆိုက်ကပ်သော နိုင်ငံခြားသင်္ဘောအားလုံးထံမှ လက်နက်မျိုးစုံ တောင်းပြီး စုဆောင်းနေကြသည်။

ရန်ကုန်မြို့ကို မွန်တို့ သိမ်းယူထားချိန်တွင် ချက်ချင်း အရေးယူဆောင်ရွက်ရန်အတွက် ဗမာဘုရင်သည် အဆင်သင့်မဖြစ်သေးသောကြောင့် ဗမာအင်အား ၃၀၀ ကို မွန်တို့နှင့် ဟန်ဆောင်၍ ပူးပေါင်းစေပြီး အနီးကပ်ပူးပေါင်းကာ ဖြိုခွင်းဖို့ ကြံစည်လေသည်။

ထိုသူလျှိုဗမာတို့က လက်နက်မဲ့ဖြင့် ရန်ကုန်သို့ ရောက်လာကြပြီး ဗမာအချင်းချင်းဖြစ်သော်လည်း ဗမာဘုရင်သည် ဆင်းရဲသားဗမာလယ်သမားများ ပုံကျစေးသည်များအတွက် ဘာတစ်ခုမျှ အကျိုးဆောင်ရွက်ပေးခြင်းမရှိဘဲ မတရားအခွန်ကောက်ခြင်း၊ မတရားစော်ကားထမ်းခိုင်းခြင်းတို့ကို မကျေနပ်၍ ပုန်ကန်ခြားနားရန်အတွက် မွန်အင်အားစုများနှင့် လာရောက်ပူးပေါင်း ရခြင်းဖြစ်သည်ဟု လှည့်စားပြီး အယုံသွင်းရာ၊ ဗမာတို့လောက် ပရိယာယ်မရှိသော မွန်တို့ကလည်း ယုံကြည်ခဲ့ကြလေသည်။





ထို့နောက် မွန်တို့က သစ္စာရေတိုက်သည်။ ဘာကိုမျှ အယုံအကြည်မရှိဘဲ ရှင်ဘုရင်၏အမိန့်ကိုသာ အရိုးကျေကျေ အရည်ခမ်းခမ်း ဆောင်ရွက်တတ်သော ဗမာစစ်သည်တော်တို့သည် မွန်တို့၏ သစ္စာရေသောက်ကိုပြီးနောက် မွန်တို့ကို ဒုက္ခပေးရန် အသင့်ရှိကြလေသည်။

ဗမာတို့က မြို့ပြင်ကာကွယ်ရေးအတွက် တာဝန်ယူပါရစေဟုဆိုပြီး အမြောက်ငယ်လေးများ တပ်ဆင်ထားသော လှေများပေါ်၌ အမှုထမ်းကြလေသည်။ ရန်ကုန်မြို့ကို ကာကွယ်ပေးရန်အတွက် ပြင်သစ်ကပ္ပတိန် The Bien-venue,M-Merlan ကို အကူအညီ တောင်းရာ ပြင်သစ်ကပ္ပတိန်နှင့် သူ့လူ ၈ ယောက် ဘာမျှမလုပ်ရမီ ဗမာတို့က ရန်ကုန်ကို ဝင်စီးကြလေတော့သည်။

မြောက်ဖက် သစ်လုံးခံတပ်ရှိ ဗမာတို့က မြို့တံခါးကို ဖွင့်ပေးလိုက်သောကြောင့် ဗမာ့တပ်က ဝင်စီးနိုင်ခဲ့သည်။ ဗမာစစ်သား ၄၀၀ သည် ရုံးတော်သို့ ဦးတည်ပြီး ချီတက်တိုက်ခိုက်ခဲ့သည်။ သို့သော် ဗမာတို့သည် အပွဲပွဲနွှဲခဲ့သမျှ ယခုတိုက်ပွဲတွင် မွန်တို့အား ကြီးအကျယ် အရေးနိမ့်လေသည်။ ဓါးချင်းယှဉ်ပါက ကြမ်းကြမ်းတမ်းတမ်း၊ ရက်ရက်စက်စက် တိုက်ခိုက်တတ်သော ဗမာတို့က သာသည်။ ခုတော့ မွန်တို့သည် ခုခံရန် ကောင်းမွန်သော အကာအကွယ်များ ယူထားပြီး မတ်စကက်သေနတ်များဖြင့် ပစ်ခတ်ရာ ဗမာတို့ အတုံးအရုံးသေကြသည်။

နေ့လည် ၁၁ နာရီတွင် ဗမာဘုရင်၏သစ္စာခံ ယိုးဒယားစစ်သား ၁၅၀ ကို အနောက်ဖက်ဂိတ်မှ တံခါးဖွင့်ပေးနိုင်ခဲ့ရာ၊ သေနတ်ပစ်အလေ့အကျင့် ပိုများသော ယိုးဒယားစစ်သားတို့၏ တိုက်ခိုက်မှုကို မွန်တို့ မခံနိုင်တော့ပေ။ ထိုအခါ မွန်တပ်အားလုံးက ခုခံရန် အကောင်းဆုံးဖြစ်သော ရုံးတော်၌ စုစည်းလိုက်ပြီး ခံစစ်ဖြင့် တိုက်ကြလေသည်။ ညမှောင်လာသောအခါ မွန်တို့သည် အခြေအနေ မကောင်းကြောင်း သိသောကြောင့် ရန်ကုန်မြို့မှ စွန့်ခွာသွားကြလေသည်။ တိုက်ပွဲအားလုံး ည ၈ နာရီ တွင် ပြီးဆုံးသွားသည်။

သို့သော် ဆုတ်ခွာစဉ် ဒဏ်ရာဖြင့် ကျန်ခဲ့သော မွန်များကို ဗမာတို့က လိုက်လံရှာဖွေသတ်ဖြတ်နေရာ တစ်ညလုံး အော်ဟစ်ကြိမ်းဝါးသံများ၊ အော်ဟစ်ညည်းညူသံများဖြင့် ဆူညံနေပြီး ကြောက်မက်ဖွယ်ရာကောင်းသည်ဟု နိုင်ငံခြားသားများက ရှင်းပြကြသည်။

နံနက်လင်းချိန်တွင် မြစ်ဝကျွန်းပေါ်မှ မွန်များ လှေ ၃ စီးဖြင့် ရောက်လာကြသည်။ ဗမာတို့က အမြောက်ဖြင့် ပစ်ခတ်ရာ လှေ ၁ စီး ထိသွားသည်။ [illegible] စီး



www.burmeseclassic.com

www.burmeseclassic.com



ကမ်းကပ်နိုင်ခဲ့သည်။ တိုက်ပွဲအပြင်းအထန်ဖြစ်ရာ ၂ စီးလုံး သေကြသည်။ ရန်ကုန်မြစ်အတွင်း သွေးနီလွှမ်း၍ အလောင်း ၂၀၀ ကျော်ကျော်ရှိမည်ဟု နိုင်ငံခြားသားတို့က ခန့်မှန်းကြသည်။

ရန်ကုန်မြို့အတွင်း မွန်နှင့် ဗမာတို့ အပြင်းအထန် တိုက်ခိုက်သတ်ဖြတ်နေကြချိန်တွင် ရန်ကုန်မြို့ လုံခြုံရေးကို မြို့ဝန်မရှိတော့သည့်အတွက် ရေဝန်က တာဝန်ယူထားခဲ့သည်။ အထူးသဖြင့် ကြားလူများဖြစ်ကြသော နိုင်ငံခြားသားများ၏ လုံခြုံရေးကို ရေဝန်သည် ကပ္ပတိန် Bien-Venue နှင့် တွဲပြီး တာဝန်ယူပေးခဲ့သည်။

ပုန်ကန်မှုဖြစ်ပေါ်ပြီးနောက် ၁၂ ရက်အကြာတွင် ပုန်ကန်မှုတွင် ဦးဆောင်ခဲ့သော မွန်ခေါင်းဆောင်များကို ဗမာတပ်သားများက လက်ရဖမ်းဆီးနိုင်ခဲ့သောကြောင့် ရုံးတော်ကို ခေါ်လာခဲ့သည်။

''မင်းတို့ဆယ်ယောက်ထဲက ဘယ်သူခေါင်းဆောင်လဲ''ဟု စစ်မေးရာ သူတို့တွင် ခေါင်းဆောင် မရှိကြောင်း၊ အလုပ်အကိုင်စီးပွားရေး အဆင်မပြေသောကြောင့် ချမ်းသာသည့် ရွာ ၁၀၀ ကို ဓါးပြတိုက်ကြမည်ဟု လူစုရာ ဗမာများကို လွန်စွာနာကျည်းမုန်းတီးနေသောကြောင့် လူအင်အား ၅၀ မှ စုစည်းရာ ၃၀၀ အထိ ရခဲ့သောကြောင့် ရန်ကုန်မြို့ကို ဝင်သိမ်းသည်အထိ ဖြစ်ခဲ့ရကြောင်း၊ သူပုန်ထရန် ရည်ရွယ်ချက် မရှိ၊ ခေါင်းဆောင်လည်း မရှိ၊ စနစ်တကျအစီအစဉ်လည်း မရှိ၊ ဗမာများအပေါ် နာကျည်းစိတ်တစ်ခုတည်းကြောင့် လက်စားချေရာ ပုန်ကန်သကဲ့သို့ ဖြစ်ခဲ့သည်ဟု သိရသည်။ သို့သော် ခေါင်းဆောင်ကို ရအောင်ဖော်ထုတ်ပါဟု ဗမာတို့က အတင်းအကြပ် ဖိနှိပ်ရိုက်နှက်ညှင်းပမ်းပြီး စစ်ဆေးသောအခါ တံငါသည်တစ်ဦးမျှသာဖြစ်သော 'ချေင်း'ကို ခေါင်းဆောင်ဟု ဆိုရပေမည်။ ချေင်းသည် တံငါသည်ဖြစ်သော်လည်း စိတ်ဓာတ်ကြံ့ခိုင်သည်။ စိတ်ဓာတ်မြင့်မားသည်။

ချေင်းမှာ ဗမာဘုရင်များသည် ရာစုနှစ်ပေါင်းများစွာ အခြေတည်ခဲ့သော မွန်တို့၏ ဌာနေကို မတရားတိုက်ခိုက်သိမ်းပိုက်ပြီး လွတ်လပ်သော မွန်တိုင်းပြည် ပျောက်ကွယ်ကာ ဗမာဘုရင်လက်အောက်တွင် ကျွန်သဘောက်ဘဝ ရောက်ရသည်ကို စိတ်မကောင်းဖြစ်နေသူ ဖြစ်သည်။ အခါအခွင့်သင့်သည့်တစ်နေ့တွင် မွန်တိုင်းပြည်ကို ပြန်လည် ထူထောင်လိုသူ ဖြစ်သည်။ ထို့ကြောင့် ဓါးပြတိုက်ရန် လူစုရာမှ လူအင်အား သုံးရာမျှ စုမိသည်နှင့် မွန်တိုင်းပြည် ထူထောင်နိုင်ပြီဟု အတွက်အချက် လွဲမှားခဲ့ခြင်း ဖြစ်သည်။

ပုန်ကန်မှုဖြစ်ပွားပြီးနောက် ၁၂ နေ့ညတွင် ရန်ကုန်မြို့ရှိ ဥရောပသား





အားလုံး လက်နက်များ ကိုင်ဆောင်ပြီး ကိုယ်အရပ် ကိုယ်ကာကွယ်နေရသည်။ ကိုယ့်မှမက အနောက်ဖက်ဂိတ် လုံခြုံရေးတာဝန်ကိုလည်း ထမ်းဆောင်ခဲ့ရသည်။ ညဖက်တွင် မွန်များရောက်လာသော်လည်း မြို့တွင်းဝင်ရန် မဖြစ်နိုင်သောကြောင့် လှည့်ပြန်သွားသည်။

နံနက်တွင် လှေ ၂ စီး ထပ်ရောက်လာသည် ဗမာတို့နှင့် တိုက်ပွဲဖြစ်သည်။ ပြန်လှည့်သွားကြသည်။ ညနေဖက်တွင်လှေအစီးပေါင်း ၅၀ ရောက်လာသည်ဟု သတင်းရသည်။ အချို့ကလည်း လာနေကြသည်ဟုဆိုသည်။ တစ်ညလုံး သတိဝီရိယဖြင့် စောင့်နေကြသည်။ နောက်နေ့တွင် လှေများ ရောက်မလာပါ။ နောက်တစ်နေ့တွင် ရေဝန်၏ အမိန့်ဖြင့် ရန်ကုန်မြို့ကို မွန်များ သိမ်းပိုက်စဉ်အခါက မွန်တို့က သစ္စာရေသောက်နိုင်းသောကြောင့် သစ္စာရေသောက်ခဲ့သော မွန်အမျိုးသား ၁၅၀ ကို မြို့တွင်းမှ ဖော်ထုတ်ပြီး လူသတ်ကွင်းသို့ ဖမ်းသွားပြီး သတ်လိုက်ကြသည်။

ပုန်ကုန်မှုဖြစ်ပွားပြီး ၁၅ ရက်မြောက်နေ့တွင် လက်နက်မျိုးစုံကိုင်ထားသော မွန်လူမျိုးတို့သည် လှေ ၂၂ စီးဖြင့် ရန်ကုန်မြို့သို့ ချဉ်းကပ်လာကြသည်။ ဗမာတို့ ပစ်ခတ်တိုက်ရာ မွန်တို့ ပြန်လှည့်သွားသည်။ နောက်တစ်နေ့တွင် ရန်ကုန်မြို့အား မွန်တို့ သိမ်းပိုက်ထားစဉ် အတင်းအကြပ် စေခိုင်းသောကြောင့် သေဘေးကြောက်၍ပြီး သစ္စာရေသောက်ခဲ့သော နိုင်ငံခြားသား ၁ ဦးလျှင် ဒဏ်ငွေရူပီး ၃၀၀၀ (သုံးထောင်) ပေးဆောင်ရန် ဗမာဘုရင်က အမိန့်ထုတ်ခဲ့လေသည်။ ဒဏ်ငွေများသောကြောင့် အယူခံဝင်ရာ ဘုရင်မင်းမြတ်က ဥရောပသားများအတွက် ဒဏ်ငွေရူပီး ၁၅၀၀၊ မာလဘာများ (Malabars) နှင့် မူဆလင်များအတွက် ဒဏ်ကြေး ရူပီး ၇၅၀ သတ်မှတ်ပေးလေသည်။ ထိုပမာဏသည် မများဟု ဆိုရမည်။ အဘယ်ကြောင့်ဆိုသော် ရန်ကုန်မြို့နေ မွန်များ သစ္စာရေသောက်ခဲ့ပါက သေဒဏ်အပြစ်ပေးသောကြောင့် ဖြစ်သည်။

အောက်တိုဘာ ၅ ရက်နေ့တွင် အိမ်ရှေ့ဝန် ရောက်လာသောအခါ မွန်တို့အား သတ်ဖြတ်မှု လုံးဝ ရပ်ဖို့ အမိန့်ပေးသည်။ စတင်ဖြစ်ပျက်ပုံအလုံးစုံကို အသေးစိတ် စစ်ဆေးပြီး ပုန်ကန်မှုတွင် ပါဝင်ခဲ့သော မွန်တို့ကို ကျွန်အဖြစ် နေပြည်တော်သို့ ဖမ်းဆီး၍ ခေါ်သွားသည်။

တာဝန်မကျေသော ဝန်ကြီး (The Minister of the Female Elephants) ကို ဖမ်းဆီးပြီး နေပြည်တော်တွင် အကြောင်းစုံ ရှင်းပြရန် အမိန့်ပေးရာ အဖမ်းခံရပါက အသတ်ခံရဖို့ သေချာနေသောကြောင့် ဝန်ကြီးသည် မိမိဖက်က သက်စွန့်ဆံဖျား အမှုတော်ထမ်းခဲ့သည် မှန်သော်လည်း တာဝန်ကို ကျေပွန်အောင် မထမ်းဆောင်နိုင်သော



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်သည် သေဒဏ်ဖြစ်သောကြောင့် အဖမ်းမခံဘဲ ထွက်ပြေးလေတော့သည်။ သို့သော် မြန်အောင်တွင် အဖမ်းခံခဲ့ရသည်။ ထိုအခါ သံခြေကျင်းခတ်ပြီး နေပြည်တော်သို့ ဖမ်းဆီးခေါ်ဆောင်သွားသည်။

ရန်ကုန်တိုက်ပွဲအတွင်း အရွယ်ကောင်းသော လူငယ် မွန်စစ်သား ၅၀၀ ကျော်ကျော် အသတ်ခံရပြီးနောက် မွန်တို့ ငြိမ်ချက်သားကောင်းနေခဲ့သည်။ နောင်နှစ်ပေါင်း ၄၀ တိုင်တိုင် ထကြွပုန်ကန်မှု မပြုနိုင်တော့ပေ။ ရက်ရက်စက်စက် အသတ်ခံရပြီး သေဆုံးသော အရေအတွက်မှာလည်း စာရင်းအတိအကျရဖို့ ခက်သည်။ သေချာသည့်အချက်က မွန်တွေ တော်တော်ကြောက်သွားသည်ဟု ဆိုရမည်။

အားမတန်၍ မာန်လျှော့ခဲ့ကြသော်လည်း ဗမာဘုရင် အလိုရှိသည်မှာ မွန်တို့သည် မွန်အမျိုးသားဖြစ်သည်ဟူသော အစွဲကို ဖျောက်ရမည်။ မွန်ဘာသာစာပေ မွန်ဘာသာစကားကို ဖျောက်ဖျက်ပစ်ရမည်။ ဗမာများနှင့်အတူနေပြီး ဗမာစကားပြောပါက ပြဿနာမရှိ ဘာမှ အန္တရာယ် မရှိ။ မွန်နှင့် ဗမာသည် ကွာခြားမှု သိပ်မရှိသောကြောင့် ဗမာကဲ့သို့ ဟန်ဆောင်ပြီးနေပါက ဒုက္ခမတွေ့နိုင်ဟူသော ခံယူချက်ကို မွေးစေသည်။

သို့သော် မွန်တို့၏ ရင်ထဲမှ နာကျည်းမှုကို ချေဖျက်၍ မရနိုင်ပေ။ မြစ်ဝကျွန်းပေါ်ဒေသဖက်တွင် မွန်နှင့် ဗမာဟူ၍ ခွဲခြားမရအောင် ရောနှောလာခဲ့သော်လည်း တနင်္သာရီဖက်တွင် ဗမာစကားနှင့် ဗမာစာပေကို လုံးဝ အသုံးမပြုဘဲ မွန်စကားနှင့် မွန်စာပေကိုသာ အသုံးပြုကြသည်ဟု ထိုခေတ်ကဗမာပြည်တွင်ရှိသော ခရစ်ယာန်သာသနာပြုများက မှတ်တမ်းများတွင် ဖော်ပြခဲ့ကြသည်။

၁၇၉၀ တွင် ပဲခူးမြို့ကို ပြန်လည်တည်ဆောက်ခဲ့သော်လည်း ရန်ကုန်မြို့ကို မမှီတော့ပေ။ ၁၇၈၆ ခုနှစ်တွင် ဘိုးတော်ဘုရားသည် ယိုးဒယားပြည်ကို ချီတက်တိုက်ခိုက်ရာတွင် ရှုံးနိမ့်ခဲ့သောကြောင့် နောင်တွင် အရှုံးများ ထပ်ပြီး ပေါ်ပေါက်လာခြင်း မရှိစေရန်အတွက် ရှုံးနိမ့်မှုကို ယတြာချေသည့်သဘောဖြင့် ရွှေတိဂုံဘုရားကို ဖူးမြော်ပြီးနောက် အချင်းခုနစ်ပေခွဲကျယ်သော ခေါင်းလောင်းကြီးတစ်ခု လှူဒါန်းခဲ့သည်။

၁၇၉၀ တွင် ဗမာအစိုးရပိုင်ဆိုင်သော ရခိုင်နှင့် အရှေ့အိန္ဒိယကုမ္ပဏီပိုင်သော စစ်တကောင်းတို့ကြားတွင် မကြာခဏ ပြဿနာတက်လေ့ ရှိသည်။ ထိုအခါများတွင် ဗမာအစိုးရသည် ပြေလည်အောင် ဖြေရှင်းပေးခဲ့သောကြောင့် အဆင်ပြေခဲ့သည်။ ဗြိတိသျှ အရှေ့အိန္ဒိယကုမ္ပဏီသည် ကလကတ္တားနှင့် မဒရပ်တွင် သင်္ဘောထုတ်လုပ်သော လုပ်ငန်းကြီးများ ရှိသည်။ အိန္ဒိယတွင် ကျွန်းသစ်ထွက်သော်လည်း သယ်ယူပို့ဆောင်စရိတ် မြင့်မားသည်။ အရည်အသွေး သိပ်မကောင်းပေ။ ရန်ကုန်ဆိပ်ကမ်းတွင်





ကျွန်းသစ်များကို ဈေးပေါပေါဖြင့် ဝယ်ယူပြီး ကလကတ္တားမြို့နှင့် မဒရပ်ဆိပ်ကမ်းမြို့များသို့ သယ်ဆောင်ပါက ကုန်ကျစရိတ် များစွာသက်သာမည်ဖြစ်သည်။ ထို့ကြောင့် အရှေ့အိန္ဒိယကုမ္ပဏီသည် ဗမာဘုရင်နှင့် ဆက်ဆံရေးကို အထူးကောင်းမွန်စေရန် ဦးစားပေးဆောင်ရွက်ခဲ့သည်။

ရန်ကုန်နှင့် ဗြိတိသျှ-အိန္ဒိယ၏ ကုန်သွယ်ရေးသည် စဉ်ဆက်မပြတ် တိုးတက်နေသည်။ သို့သော် ပြင်သစ်တို့သည် အိန္ဒိယတွင် အင်္ဂလိပ်တို့ကို ရှုံးနိမ့်ခဲ့သောကြောင့် ဗမာပြည်တွင် အင်္ဂလိပ်တို့ ခြေကုပ်မရစေရန် နည်းအမျိုးစုံသုံးပြီး အင်္ဂလိပ်တို့ကို ဖယ်ရှားဖို့ ကြိုးစားခဲ့သည်။ ပြင်သစ်တို့၏ သွေးထိုးမှုကြောင့် ရန်ကုန်မြို့ဝန်နှင့်တကွ ဗမာအမှုထမ်းအားလုံးသည် ပြင်သစ်ကုန်သည်များအပေါ် ဆက်ဆံမှုနှင့် အင်္ဂလိပ်ကုန်သည်များအပေါ် ဆက်ဆံမှုတွင် များစွာကွာခြားသည်ကို တွေ့ရသည်။ တန်းတူအခွင့်အရေး မရခြင်းကို အင်္ဂလိပ်ကုန်သည်တို့က မကျေနပ်ကြပေ။

ပြင်သစ်နှင့် ဆက်ဆံရာတွင် အထူးဒိဂရီပေးထားပြီး ကျန်သော ဥရောပသားများအားလုံးနှင့် ဆက်ဆံရာတွင် အဆင့်တစ်ဆင့် နိမ့်ပြီး ဆက်ဆံခဲ့ကြသည်။ ပြင်သစ်တို့သည် ရန်ကုန်တွင် သင်္ဘောလုပ်ငန်းတည်ဆောက်ပြီး အင်အားစုဆောင်းကာ ကလကတ္တားမြို့ ဆိပ်ကမ်းရှိ ဗြိတိသျှရေတပ်ကို ဖြိုခွင်းရန် ကြံစည်နေသည်။ ပြင်သစ်သင်္ဘောများတွင် ဗမာအလံလွှင့်ထူခွင့်ရခဲ့သည်။ ထို့ကြောင့် ၁၇၉၅ ခုနှစ် မတ်လ ၁၉ ရက်နေ့တွင် ရန်ကုန်မြစ်အတွင်း ပြင်သစ်သင်္ဘောနှင့် အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီသင်္ဘောတို့ ပြဿနာဖြစ်သောအခါ ဗမာဘုရင် အလံလွှင့်ထူထားသော ပြင်သစ်သင်္ဘောမှ များယွင်းမှုအတွက် ထိုက်သင့်သော အပြစ်ဒဏ်ပေးရမည်ဖြစ်သော်လည်း ကင်းလွတ်ခွင့်ပေးခဲ့သည်ဟု ကပ္ပတိန်ဆိုင်းက မှတ်တမ်းတွင် ရေးခဲ့သည်။

ကနဦးတွင် ကပ္ပတိန်ဆိုင်းသည် သင်္ဘောပေါ်တွင် စစ်တရီအစောင့်စစ်သား ၁၆ ဦးနှင့်နေသည်။ ထို့နောက် ကမ်းနားဖက်တွင် မြေဝယ်ပြီး အဆောက်အဦးဆောက်လုပ်ခဲ့သည်။ ထိုနေရာသည် နောင်တွင် ဗိုလ်တထောင်ဘုရား (The Botataung Pagoda) တည်ရှိရာအရပ် ဖြစ်လာမည့်နေရာဖြစ်သည်။ ထိုခေတ်က လူနေအိမ်ခြေ လုံးဝ မရှိသောကြောင့် လွတ်လွတ်လပ်လပ် နေခွင့်ရသည်။ သို့သော် အားနည်းချက်မှာ ဒီရေအတက်အကျရှိသောကြောင့် မကြာခဏ ရေလွှမ်းနေတတ်သည်။ နောင်တွင် ဗြိတိသျှခေတ် ရန်ကုန်မြို့ကို ပြန်လည်တည်ဆောက်သောအခါ မြေသား ထုထု ပြန်ဖို့ပြီး ရေတိုက်စားခြင်း မရှိစေရန် အုတ်ရိုးများ တည်ဆောက်ခဲ့သည်။

ကပ္ပတိန်ဆိုင်း၏သင်္ဘောပေါ်သို့ အခြားသော နိုင်ငံခြားသားများကို တက်



www.burmeseclassic.com

www.burmeseclassic.com



ရောက်ခွင့်မပေးသလို သူ၏သင်္ဘောမှ သင်္ဘောသားများကိုလည်း ဈေးထွက်ဝယ်ခွင့်မပေးပါ။ နောက်မှ ကပ္ပတိန်ဆိုင်းကိုယ်တိုင် မြို့ဝန်ကို တိုင်သောအခါ အားလုံးအဆင်ပြေသွားသည်။

ထိုခေတ်က ဗမာဘုရင်အပါအဝင် ဝန်ထမ်းအားလုံးသည် နိုင်ငံခြားသားကုန်သည်များကို ဒုက္ခပေးလေ့ မရှိပါ။ ရန်ကုန်တွင် အခြေစိုက်နေထိုင်ခြင်း မြေဝယ်၍ အိမ်ဆောက်ခြင်းကို အားပေးခဲ့သည်၊ ဗမာအမျိုးသမီးများနှင့် လွတ်လပ်စွာ အိမ်ထောင်ပြုခွင့်ပေးသည်။ သို့သော် ဗမာအမျိုးသမီးနှင့် သားသမီးများကို နိုင်ငံခြား ခေါ်သွားခွင့်မပြုပေ။

အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီသည် ပြင်သစ်တို့ ဗမာပြည်တွင် အခြေချမှုများသွားပါက ဗြိတိသျှတို့ ဝင်ရောက်ဖို့ ခက်နိုင်သောကြောင့် အင်္ဂလိပ်ကုန်သည်များ ဗမာပြည်တွင် အခြေချနေထိုင်ခွင့်ပြုထားသည်။ ကပ္ပတိန်ဆိုင်းသည် မိုလ်တစ်ထောင်ဖက်မှ နေအိမ်သည် ရေတက်ရေကျဖြစ်နေသောကြောင့် သွားလာရခက်ခဲလေရာ သွားလာဖို့ လွယ်ကူသည့် မြို့ထဲတွင် နောက်ထပ် အိမ်နှစ်လုံး ဆောက်ခဲ့သည်။ ကပ္ပတိန်ဆိုင်းသည် ခရီးထွက်ရာမှ ပြန်လာသောအခါ ပြင်သစ်သူလျှို၏ လွှင့်ထုတ်ခဲ့သော သတင်းများအရ ဥရောပစစ်ပွဲတွင် အင်္ဂလိပ်တို့ အရေးနိမ့်ပြီး အခက်ကြုံနေရပြီဟု သိရသည်။ ထိုသတင်းသည် ရန်ကုန်မြို့ရှိ ကုန်သည်လောကတွင် များစွာ ရိုက်ခတ်သွားသည်။

အရှေ့အိန္ဒိယကုမ္ပဏီသည် ဗြိတိသျှကုန်သည်တို့၏ အခက်အခဲကို ကူညီရန် ကြိုးစားခဲ့သည်၊ ဗမာဘုရင်နှင့် အဆက်အသွယ် ပြုပြီး ဖြစ်ရပ်အမှန် သတင်းအမှန်ပေးရန်နှင့် ကောလဟလသတင်းလွှင့်ထုတ်မှုကို တိုက်ဖျက်ရန် ဖြစ်သည်။ ကုန်သင်္ဘောများ သွားလာရာ လမ်းတစ်လျှောက် မည်သည့်အနှောင့်အယှက်အဟန့် အတားမျှ ပေါ်ပေါက်လာခြင်း မရှိစေရန်အတွက် အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီရေတပ်မှ ရေကြောင်းလုံခြုံရေးအတွက် အကာအကွယ်ပေးထားသည်။ အခွန်ထမ်းဆောင်ရာတွင် အားလုံးအညီအမျှဖြစ်စေဖို့ ညှိနှိုင်းပေးသည်။ ကျွန်းသစ်များ ထုတ်ကုန်အဖြစ် ကုန်သွယ်ရာတွင် အခွန်ငွေသည် ၅ ရာနှုန်းထက်မပိုစေရန် သဘောတူခဲ့ကြသည်။

၁၇၉၆ ခုနှစ်၊ အောက်တိုဘာလတွင် ကပ္ပတိန်ဟီရမ်ကော့ကို ဗြိတိသျှကိုယ်စားလှယ်အဖြစ် ရန်ကုန် စေလွှတ်ခဲ့သည်။ သူသည် ရန်ကုန်တွင် နေထိုင်ပြီး ဘုရင်မင်းမြတ်နှင့် သင့်မြတ်ဖို့ကြိုးပမ်းရမည်။ သူသည် အင်္ဂလိပ်ကုန်သည်များအကျိုးအတွက် ဆောင်ရွက်ပေးရမည်ဖြစ်သည်။ သို့သော် ကော့သည် အောက်တိုဘာတွင် ရန်ကုန်မြစ်ဝ ရောက်သော်လည်း ရန်ကုန်ဆိပ်ကမ်းဝင်ခွင့်မရဘဲ ဒီဇင်ဘာလအထိ





ညှိနှိုင်းနေခဲ့ရသည်။

ကပ္ပတိန်ကော့သည် ဗြိတိသျှတို့၏ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ရမည် ဖြစ်သော်လည်း ဗမာအာဏာပိုင်တို့က ကပ္ပတိန်ကော့ကို အသိအမှတ်မပြုပေ။ သာမန် ကုန်သည်တစ်ယောက်အဖြစ်သာ အသိအမှတ်ပြုသည်။ ထုံးစံအတိုင်း အကောက်ခွန်ရုံးကို ဝင်ရမည်။ အကောက်ခွန်ကောက်သည့် ဝန်မင်းက ထိုက်သင့်သော အခွန်အခတန်ဖိုး တွက်ချက်ပေးပါက ထိုက်သင့်သော အခွန်ပေးဆောင်ပြီးမှ မြို့ထဲဝင်ရန်ဖြစ်သည်။ နိုင်ငံခြားသား ကို ကုန်သည်များအနေဖြင့်သာ လက်ခံသည်။ စေ့စပ်ညှိနှိုင်းရေး သံတမန်အရာရှိအဖြစ် အသိအမှတ်မပြုကြပေ။

အကောက်ရုံးတွင် ဂီတိသမားများနှင့် ယိုးဒယားမှ အကမယ်များရှိသည်ဟု ဆိုသည်၊ ယိုးဒယားများသည် စကားအပြောအဆို အလွန်ကောင်းသည်၊ ဗမာအရာရှိများကလည်း ဘေးအန္တရာယ်ကင်းစွာဖြင့် ရောက်လာသည့်အတွက် ဝမ်းမြောက်သည်ဟု ဆိုကြသည်။

ရန်ကုန်မြို့ဝန်မှာ ပြင်သစ်ကုန်သည်များကို အထူးအခွင့်အရေးပေးသည်သာမက ဘူဟန် (Boodham) အမည်ရှိ မူဆလင်ကုန်သည်ကိုလည်း အထူးအခွင့်အရေးများပေးပြီး မိမိတို့ အင်္ဂလိပ်ကုန်သည်များကို နှိမ်သည်ဟု မှတ်တမ်းများအရ သိရသည်၊ အင်္ဂလိပ်ကုန်သည်တို့က တရားမျှတစွာ ဆက်ဆံမှုပြုရန်အတွက် အင်္ဂလိပ်အစိုးရထံ အကူအညီတောင်းသည်။ ပါရှန်းကုန်သည်များကလည်း မူဆလင်ကုန်သည် ဘူဟန် (Boodham) ၏ လက်ဝါးကြီးအုပ်မှုကို ဆန့်ကျင်ကြသည်။ နောက်ပိုင်းတွင် အာဏာပိုင်တို့ သိသွားကြသောအခါ လက်ဝါးကြီးအုပ် အခွင့်အရေးပေးခြင်းကို ပယ်ဖျက်လိုက်သည်။

ထိုအချိန်တွင် ပင်လယ်ဓါးပြများ သောင်းကျန်းလာပြန်သည်။ ပြင်သစ်တို့ကလည်း တာဝန်မယူကြပေ။ ထိုအချိန်က ကုမ္ပဏီတွင် စစ်သင်္ဘောများ နည်းနေပြီး ကုန်သင်္ဘောများသာ ပိုများနေသည်။ သို့သော် ပြင်သစ်တို့က အင်္ဂလိပ်ရေတပ်သည် ဘင်္ဂလားရေပြင်တွင် အင်အားကြီးမားလွန်းသောကြောင့် မိမိတို့ပြင်သစ်သင်္ဘောများ အခက်ကြုံရသည်ဟု ဗမာအာဏာပိုင်တို့အား ကုန်းချောစကားဆိုကြသည်။

ကပ္ပတိန်ကော့ (Cox)သည် ၁၇၉၇ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် အိန္ဒိယမှ ပြန်ရောက်လာသည်။ ကော့က "သူ့အတွေ့အကြုံအရ ပြောရလျှင် ရန်ကုန်သည် ဆိပ်ကမ်းမြို့ကြီးတစ်ခု၏အင်္ဂါရပ်များ ပြည့်ပြည့်စုံစုံ မရှိပါ"ဟု ဆိုသည်၊ သူသည် ပျင်းရိဖွယ်ကောင်းလှသော ရန်ကုန်မြို့တွင် ကြာရှည်မနေလိုပေ။ ကလကတ္တားသည်



www.burmeseclassic.com

www.burmeseclassic.com



ထိုခေတ်ကာလတွင် အတော်လေးစည်ကားသော မြို့ကြီးဖြစ်နေပြီဖြစ်သည်။ သို့သော် ဗြိတိသျှကုန်သည်များနှင့် ဗမာအာဏာပိုင်တို့ကြောင့် အဆင်မပြေဖြစ်နေသည်များကို ကြားဝင်ဖျန်ဖြေပေးနေသောကြောင့် ဖျင်းစရာကောင်းသည့် ရန်ကုန်မြို့တွင် အချိန်ကြာကြာ နေခဲ့ရသည်ဟု ဆိုသည်။

ယခုတစ်ခေါက်တွင် အင်္ဂလိပ်ကုန်သည်များ၏ ပြဿနာများသာမက အင်္ဂလိပ်သာသနာပြုများ၏ ပြဿနာများကိုပါ ဖြေရှင်း ပေးနေစဉ် ၁၇၉၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကပ္ပတိန်ကော့ကို ကုမ္ပဏီက ပြန်ခေါ်သောကြောင့် အိန္ဒိယသို့ ပြန်ခဲ့ရသည်။ ယခုနောက်ဆုံးအခေါက်တွင် ရန်ကုန်မြို့ဝန်က ကပ္ပတိန်ကော့အား ကလကတ္တားမှ လက်နက်ခဲယမ်းများ တင်သွင်းပေးရန် တောင်းဆိုသည်။ ဖြစ်နိုင်ပါက ရန်ကုန်မြို့တွင် လက်နက်စက်ရုံ တည်ဆောက်ပေးဖို့ တောင်းဆိုခဲ့သည်။

၁၇၉၈ ခုနှစ်၊ မေလ ၁ ရက်နေ့တွင် ကော့သည် အိန္ဒိယမှ ပြန်ရောက်လာသည်။ ရန်ကုန်မြို့ကို ရောက်သည်နှင့် အင်္ဂလိပ်ကုန်သည်များကို အကျိုးအကြောင်းမေးကြည့်သောအခါ မြို့ဝန်သည် ကတိမတည်ခဲ့ပေ။ အင်္ဂလိပ်ကုန်သည်များကို တန်းတူအခွင့်အရေးမပေးဘဲ နှိမ်ထားဆဲဟု သိရသည်။ ယခုအခါတွင် ရန်ကုန်ဆိပ်ကမ်းမှ လွဲ၍ အခြားသော ဆိပ်ကမ်းအားလုံး လုံခြုံမှုမရှိတော့ပေ။ မကြာခဏ ဓါးပြတိုက်ခံရသည်ဟုသိရသည်။ ထို့ကြောင့်လုံခြုံရေးအတွက် အာမခံနိုင်မှုမရှိခြင်း၊ ကုန်သွယ်ရာတွင် တန်းတူအခွင့်အရေး မပေးသောကြောင့် အင်္ဂလိပ်ကုန်သည်များ ရန်ကုန်သို့ မလာတော့ဘဲ ယိုးဒယားနှင့် မလေးရှားဘက်သို့ ခြေဦးလှည့်သွားကြလေတော့သည်။ ၁၈၀၂ ခုနှစ်ရောက်မှ သာသနာပြုများ ရန်ကုန်ကို ပြန်ရောက်လာကြသည်။

ပြင်သစ်–အင်္ဂလိပ်စစ်ပွဲတွင် ပြင်သစ်တို့ ရှုံးနိမ့်ခဲ့သောကြောင့် အိန္ဒိယကို လက်လွှတ်ခဲ့ရသည်။ ထို့ကြောင့် ပြင်သစ်တို့သည် ဗမာဘုရင်နှင့် အာဏာပိုင်တို့အား သင့်မြတ်အောင်ပေါင်းပြီး အင်္ဂလိပ်တို့ကို ဗမာပြည်မလာနိုင်စေရန် နည်းမျိုးစုံဖြင့် အကောက်ကြံခဲ့ကြသည်။ ၁၈၀၂ ခုနှစ်၊ မေလ ၃၀ ရက်နေ့တွင် ဗြိတိသျှကိုယ်စားလှယ် ကပ္ပတိန်ကော့၏ တာဝန်ကို ကပ္ပတိန်ဆိုင်းက လွှဲပြောင်းရယူပြီး ရန်ကုန်မြို့သို့ ရောက်လာခဲ့သည်။ ကပ္ပတိန်ဆိုင်း၏ စစ်သင်္ဘောကြီးတွင် အမြောက်ကြီးများစွာ တပ်ဆင်ထားသည်။ အစောင့်အဖြစ် စစ်ဗာရီ (Sepoys) အယောက် ၁၀၀ ပါသည်။

ကပ္ပတိန်ဆိုင်း၏ တာဝန်သည် ဗြိတိသျှနှင့် ဗမာတို့ကြား ပြတ်တောက်နေသော ကုန်သွယ်မှုကို ပြန်၍ အဆက်အသွယ်ဖြစ်ပေါ်စေပြီး အဆပေါင်းများစွာ တိုးတက်အောင်လုပ်ဖို့ ဖြစ်သည်။ သို့သော် မြို့ဝန်သည် ကပ္ပတိန်ဆိုင်းကို အထူးကိုယ်စား





လှယ်အဖြစ် အသိအမှတ် မပြုပေ။ သာမန် ကုန်သည်တစ်ဦးကဲ့သို့ ကောက်ခွန်ဗွာနဝင်ပြီး စစ်ဆေးမှုခံယူစေသည်။ ထို့နောက် ရေဝန်ထံသွားရသည်။ ရေဝန်၏ ညှော်ခန်းတွင် နိုင်ငံခြားကော်ဇောများ ခင်းထားသည်။ ဗမာမြို့ဝန်အမိန့်အရ စစ်သင်္ဘောကြီးသည် ရန်ကုန်ဆိပ်ကမ်း ကပ်ခွင့်မရပေ။ ပင်လယ်ထဲ၌ ကျောက်ချပြီး ရပ်သည်။ အဘယ်ကြောင့်ဆိုသော် စစ်သင်္ဘောများမှ နံနက်နှင့် ညနေဖက် အမြောက်ပစ်ပေါက်ပြီး အချက်ပေးသံသည် လူမမာများကို အထိတ်တလန့်ဖြစ်စေသည်ဟု အကြောင်းပြသည်။

ကပ္ပတိန်ဆိုင်း သိခဲ့ရသော သတင်းအရ ဗမာဘုရင် ဝယ်ယူထားသော လက်နက်များ တင်လာသည့် ပြင်သစ်သင်္ဘော ၂ စီးတွင် ၁ စီးသည် မုတ္တမပင်လယ်ကွေ့တွင် သင်္ဘောဝမ်းကွဲသွားသောကြောင့် အနီးရှိ မွန်ရွာများမှ လက်နက်များ လုယူသွားသည်ဟုသိရသည်။

ကပ္ပတိန်ဆိုင်းသည် ဗမာဘုရင်နှင့် ဆက်ဆံရေးကောင်းမွန်စေရန် အစွမ်းကုန်ကြိုးစားသော်လည်း ဗမာတို့သည် ပြင်သစ်တို့ကိုသာ ယုံကြည်လေတော့သည်။ အင်္ဂလိပ်တို့အပေါ် ယုံကြည်မှု သိမ်မရှိပေ။

ပြင်သစ်–ဗမာကပြားလူငယ်နှစ်ဦးသည် ပြင်သစ်–ဗမာ–ဆက်ဆံရေးအရာရှိများအဖြစ် တာဝန်ထမ်းဆောင်ရာတွင် ပြင်သစ်တို့အား လိုအပ်သည်ထက်ပို၍ အလေးပေးဆက်ဆံသည်ဟု ထင်မှတ်ဖွယ်ရှိသည်။

၁၈၀၃ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် နေပြည်တော်မှ ရန်ကုန်မြို့သို့ ပြန်လာခဲ့သည့် ကပ္ပတိန်ဆိုင်းသည် မော်တော်ဘုတ်လေးဖြင့် ကမ်းကပ်လာခဲ့သည်။ သို့သော် မြို့ဝန်က မြို့တံခါးဖွင့်မပေးခဲ့ပေ။

နောင်တွင် အကျိုးအကြောင်းမေးမြန်းစုံစမ်းသောအခါ မြို့ဝန်က 'အင်္ဂလိပ်သင်္ဘောမှ အမြောက်သံသည် အလွန်ဆူညံသည်။ မြို့တွင်းရှိ လူမမာများ ထိတ်လန့်နိုင်သည်'ဟု အကျိုးသင့်အကြောင်းသင့် ရှင်းပြရမည့်အစား ပြောချင်တာကိုဘဲ ပြောလိုက်ကြသည်။

ထို့ကြောင့် ကပ္ပတိန်ဆိုင်းသည် ကမ်းဘဲနှင့် သင်္ဘောအရာရှိများကို ရုံးတော်သို့ စေလွှတ်ပြီး အကျိုးသင့်အကြောင်းသင့် ရှင်းပြစေခဲ့သည်။ သို့သော် ရေဝန်က ရှင်းပြမှုကို လက်မခံပေ။ ထိုအမှုကို ရုံးတော်မှ အမိန့်ချမှတ်မည်။ အမိန့်မချမီ အင်္ဂလိပ်သင်္ဘောများကို ထိန်းသိမ်းထားရမည်ဟု ဆိုသည်။ ထို့ကြောင့် ကပ္ပတိန်ဆိုင်းသည် သင်္ဘောများကို အသင့်အနေအထား ပြင်ဆိုင်းထားလိုက်သည်။ အင်္ဂလိပ်ကုန်သည် မက်ဆာတေလာနှင့် မာရေးတို့အား မြို့ထဲသွားပြီး နိုင်ငံခြားသားအားလုံး ရန်ကုန်မြို့နှင့် ဝေးရာသို့ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ထွက်ခွာရှောင်တိမ်းကြရန် သတိပေးထားလိုက်သည်။ သို့သော် ပစ်ခတ်တိုက်ခိုက်ကြသည်အထိ ပြဿနာကြီးကြီးမားမား ပေါ်ပေါက်ခဲ့ခြင်း မရှိပေ။

နောက်ဆုံးတွင် ကာနယ်ဆိုင်းသည် အရှေ့အိန္ဒိယကုမ္ပဏီနှင့် ဗမာပြည်ဘုရင်တို့ကြားတွင် ကြားခံဆက်သွယ်ပေးရမည့်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်နိုင်စွမ်းမရှိခဲ့ပေ။ ထို့ကြောင့် အပြန်ခရီးတွင် အမြောက်ကြီး ၁၇ လက်မှ အဆက်မပြတ်ပစ်ခတ်နှုတ်ခွန်းဆက်ပြီး ပြန်ခဲ့ရလေသည်။

သို့သော် အရှေ့အိန္ဒိယကုမ္ပဏီသည် ဗမာဘုရင်နှင့် အဆက်အသွယ်ပြတ်တောက်သွားမည်ကို မလိုလားပေ။ ကာနယ်ဆိုင်းသည် ရန်ကုန်မြို့ဝန် ရေဝန်တို့နှင့် ပြဿနာတက်ခဲ့သော်လည်း နေပြည်တော်တွင် ဘုရင်မင်းမြတ်မှစပြီး အရေးပါအရာရောက်သောဝန်ကြီးအားလုံးနှင့် အဆင်ပြေသင့်မြတ်စွာ ပေါင်းသင်းနိုင်ခဲ့သောကြောင့် ထိုအစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းရန်အတွက် ကာနယ်ဆိုင်း၏ နေရာတွင် သူ၏လက်ထောက် လက်ဖတင်နင်ဂျွန်ကင်းနင်းကို သံတမန်အဖြစ် ဆောင်ရွက်နိုင်ရန် တာဝန်ပေးခဲ့လေသည်။

လက်ဖတင်နင်ဂျွန်ကင်းနင်း ကံကောင်းခဲ့သည်။ ရန်ကုန်ရေဝန်နှင့် မြို့ဝန်တို့က အကောက်ဝန်နှင့် တွေ့စေသည်။ အားလုံးအကောက်ခွန်ရုံးတွင် လက်ဖက်ရည်အတူသောက်ပြီး မုန့်စား၍ ခင်မင်စွာ ဆက်ဆံခဲ့ကြသည်။ အကောက်ခွန်ရုံးမှ အပြန်တွင် မိမိ၏ ပစ္စည်းများကို စစ်ဆေးရာ လက်ဆောင်အဖြစ် ယူလာခဲ့သောပစ္စည်းများကို သာယူထားပြီး တခြားပစ္စည်းများ လုံးဝမပျောက်ဆုံးကြောင်း တွေ့ရသည်။

ကင်းနင်း၏ အတွေ့အကြုံများစွာမှ တစ်ခုသည် စိတ်ဝင်စားဖို့ကောင်းသည်။ ပြင်သစ်ကုန်သင်္ဘော Jeune Africain ရန်ကုန်ဆိပ်ကမ်းရောက်လာစဉ်၊ အကောက်ဝန်နှင့်အတူ သင်္ဘောပေါ်တက်ခွင့်ရသည်။ သင်္ဘောပေါ်တွင် မတ်စကက်သေနတ်များစွာ တင်ဆောင်လာခဲ့သည်။ ဘုရင်မင်းမြတ်က ကုန်သင်္ဘောတစ်စီးအပြည့် မတ်စကက်သေနတ်များ ဝယ်ယူခဲ့သည်။ ဘုရင်မင်းမြတ်ကို အတော်များများ လက်ဆောင်ပေးသေးသည်။ ဝန်ကြီးတစ်ဦးကို သေနတ်နှစ်လက်စီ လက်ဆောင်ပေးခဲ့သည်။

မြို့ဝန်သည် ကင်းနင်းကို ဒုက္ခပေးရန်အတွက် စာပို့သည်။ ထိုစာကို သတင်းပေးတစ်ဦးက ဖွင့်ဖတ်ပြီး အကြောင်းစုံကို အသိပေးသောကြောင့် မြို့ဝန်ဖက်မှ လက်ဦးမှုမရမီ ကင်းနင်းသည် နိုင်ဝင်ဘာလ ၁၃ ရက်တွင် The Waller သင်္ဘောဖြင့် ဘင်္ဂလားသို့ ပြန်သွားနိုင်ခဲ့သည်။ ဂရိတ်ဗြိတိန်နှင့် ပြင်သစ်တို့၏ စစ်ပွဲပြီးဆုံးချိန်တွင် ပြင်သစ်တို့သည် ဥရောပ၌ အရေးနိမ့်ခဲ့သည်ကို မကျေနပ်သောကြောင့် အရှေ့တောင်အာရှနှင့် တောင်





အာရှပင်လယ်ပြင်တွင် အင်္ဂလိပ်တို့ကို သင်ခန်းစာပေးမည်ဟု ဆုံးဖြတ်ထားကြသည်။

ဥပမာအဖြစ် အဖြစ်အပျက်တစ်ခုကို ဖော်ပြထားပါသည်။ ပုဂ္ဂလိကပိုင်ဆိုင်သော သင်္ဘောပါရီယယ် (Pariel) သည် ၁၈၀၄ ခုနှစ်၊ မတ်လတွင် မော်ရီတေးရီးယတ်(စ်)မှ ထွက်ခွာလာသည်။ ဖွန်လတွင် ဒလဆိပ်ကမ်းသို့ ရောက်သည်။ သင်္ဘောပိုင်ရှင်သည် ပြင်သစ်ဖြစ်သည်။ သင်္ဘောသားအားလုံး ဥရောပသားများဖြစ်ကြသည်။ ထိုသင်္ဘောသည် ဒလမှ မဒရပ်(စ်)သို့ ကုန်သွယ်ရန်အသွား လမ်းတွင် ပြင်သစ်အရာရှိတို့က သင်္ဘောကို သိမ်းပြီး ရန်ကုန်သို့ ပြန်မောင်းစေသည်၊ ကုန်ပစ္စည်းများနှင့်တကွ သင်္ဘောကို သိမ်းဆည်းပြီး ရန်ကုန်တွင် အားလုံးရောင်းစားလိုက်သည်။ ရန်ကုန်ဆိပ်ကမ်းတွင် သင်္ဘောတစ်စီးကို ပါရီယယ် (Pariel) ပုံစံအတိုင်း ပြန်လည်တည်ဆောက်ပြီး ပြန်ထွက်လာစဉ် အဲလီးဖင်းပွိုင့် (Elephant Point) တွင် ပိုင်းလော့လေ့က ဖမ်းဆီးပြီး ကုန်များကို ပီနန်မှလာသော ကာတီယာ (Cartier) သင်္ဘောပေါ်တင်ဖို့ ကြိုးစားသည်။

သို့သော် ကာတီယာ(Cartier) သင်္ဘောပိုင်ရှင်သည် မရိုးသားဟု ယူဆသောကြောင့် အကူအညီမပေးတော့ဘဲ မောင်းထွက်ခဲ့သည်။

သင်္ဘောပိုင်ရှင် 'တန်းဘော'သည် ဇူလိုင်လ ၁၁ ရက်နေ့တွင် ပါရီယယ် (Pariel)သင်္ဘောကို ရောင်းစားခဲ့သော ကပ္ပတိန်ကွင်းနက်ကို စစ်တကောင်းတွင် ဖမ်းမိခဲ့သည်။ ယခုအချိန်တွင် သူသည် သင်္ဘောမာလိန်မှူးဘဝမှ သင်္ဘောပိုင်ရှင် ဖြစ်နေသည်။ သူ့သင်္ဘောမှာ ၁၂ ပေါင်ဒါ အမြောက်လေးလက် တပ်ဆင်ထားပြီး အခြားလက်နက်မျိုးစုံပါသည့် စစ်သင်္ဘောကြီးဖြစ်သည်။ တန်ချိန် ၄၅၀ ရှိသည်။

တရားရုံးတွင် အမှုရင်ဆိုင်ပြီး ထိုက်သင့်သော ဒဏ်ကြေးများရပြီး အဖမ်းခံနေရသော အင်္ဂလိပ်သင်္ဘောသားများကိုလည်း ရန်ကုန်တွင် ပြန်လွှတ်ပေးသောကြောင့် ပြဿနာများ ပြေလည်ခဲ့သည်။

သင်္ဘောပိုင်ရှင် 'တန်းဘော'သည် လျော်ကြေးရသော ငွေဖြင့် သူ့သင်္ဘော ပါရီယယ်(Pariel)ကို ပြန်ဝယ်ပြီး၊ အသစ်မွမ်းမံပြုပြင်ကာ အမည်သစ်အဖြစ် The Ann ဟု အမည်ပေးလိုက်သည်။ သင်္ဘောပေါ်တွင် ကိုယ်တိုင်ဦးစီးလိုက်ပါပြီး ကာလကတ္တားနှင့် ရန်ကုန်မြို့သို့ ခရီးသည်များကို အပြန်အလှန် ပို့ဆောင်ခြင်းကို ၁၈၀၇ ခုနှစ်တွင် စတင်ပြေးဆွဲလေသည်။

ထို ပါရီယယ်(Pariel)သင်္ဘောအမှုသည် ဗမာဘုရင်နှင့် သက်ဆိုင်မှုလုံးဝမရှိဘဲ ပြင်သစ်နှင့် ဗြိတိန်တို့ကြားတွင် ဖြစ်ပွားခဲ့သော တစ်ဦးအပေါ်တစ်ဦး ကလိန်ကျမှုပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ကြိမ်တွင် Sally အမည်ရှိသင်္ဘော ဗမာပြည်ရေပိုင်နက်အတွင်းမှ ထွက်ခွာလာသည်။ မြစ်ဝကျွန်းပေါ်ဖက်ရှိ The China Bakir တွင် ပြင်သစ် ၅ ဦးနှင့် အရှေ့အိန္ဒိယကုမ္ပဏီဝန်ထမ်း ၈ ဦးက ကုန်ပစ္စည်းများကို ပြပြီး သင်္ဘောဖြင့် လိုက်ပါခွင့်ပြုရန် တောင်းဆိုကြသောကြောင့် ကပ္ပတိန်သည် မော်တော်လှေတစ်စင်း လွှတ်ပေးသည်။ ထိုသူတို့သည် လှေကို တိုက်ခိုက်ပြီးလုယူဖို့ ကြိုးစားရာ လှေပေါ်တွင် လိုက်ပါလာသော လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ရာ ခေါင်းဆောင်ဖြစ်သူ ပြင်သစ်သည် ဒဏ်ရာပြင်းထန်စွာ ရသည်။ ထို့ကြောင့် ကျန်လူများအားလုံး လက်နက်ချပြီး အဖမ်းခံကြသည်။

တရားခံများကို ဖမ်းဆီးပြီး သင်္ဘောကို ရန်ကုန်ဖက် ပြန်လှည့်လာပြီး တရားခံများကို ဗမာအစိုးရထံ အပ်ခဲ့လေသည်။ ထိုအခါ ပြင်သစ်တို့သည် အကျင့်စာရိတ္တမကောင်းဟု သတင်းပျံ့နှံ့သွားသောအခါ ပြင်သစ်သင်္ဘောသားများကို ရန်ပြုလိုသူများလာသောကြောင့် ပြင်သစ်တို့ အထူးသတိထားပြီး နေထိုင်ကြရသည်။

ပါရီယယ်(Pariel)သင်္ဘောသည် ဖူလိုင်လကုန်တွင် ပဲခူးကမ်းခြေမှ ထားဝယ်ဆိပ်ကမ်းဖက်သို့ ပုဂ္ဂလိကသင်္ဘောဦးစီးချုပ်၏ဆန္ဒအရ ထွက်ခွာသွားခဲ့သည်။ နောက်တွင် ပါရီယယ်(Pariel)သင်္ဘောနှင့် ပါတ်သက်ပြီး ဘာမှမကြားရတော့ပေ။ ထိုအဖြစ်အပျက်ဖြစ်ပြီး နောက်ပိုင်း အိန္ဒိယနှင့် ဗမာပြည်အကြား ကုန်သွယ်ရာတွင် ရေလမ်းကြောင်းလုံခြုံရေးကို အရှေ့အိန္ဒိယကုမ္ပဏီမှ စစ်သင်္ဘောများဖြင့် အကာအကွယ်ပေးခဲ့လေသည်။ ဗြိတိသျှကုန်သည်များနှင့်အတူ ကွန်မန်ဒါများသည်လည်း ဗမာပြည်သို့ မကြာခဏ ရောက်ခဲ့ကြလေသည်။

၁၈၀၄ ခုနှစ်တွင် Purser သင်္ဘောသည် Danot Watch တွင် ကမ်းကပ်ပြီး ကုန်တင်ကုန်ချလုပ်ကာ အကောက်ခွန် သက်သာဖို့ ကြိုးစားခဲ့သည်။ သို့သော် ကမ်းခြေစောင့် ဗမာတပ်က သိသွားသောကြောင့် ဖမ်းဆီးခဲ့သည်။

၁၈၀၅ ခုနှစ်တွင် H.M.S Albatross သည် ရန်ကုန်မြစ်အတွင်း ရောက်လာပြီး ပြင်သစ်တို့ ယူသွားသော The Betsy သင်္ဘောကို ပြန်အပ်ရန်အတွက် ဗမာအာဏာပိုင်တို့ထံ တောင်းဆိုသည်။ သို့သော် လွယ်လွယ်နှင့်မရပေ။ အတော်လေး အတိုက်အခံဖြစ်ပြီးမှ သင်္ဘောပိုင်ရှင်ကို ပြန်ပေးသည်။ မည်သို့ပင်ဆိုစေကာမူ ဗမာအစိုးရနှင့် အရှေ့အိန္ဒိယကုမ္ပဏီတို့၏ ဆက်ဆံရေးသည် အဆင်မပြေဟု ဆိုရပေမည်။

၁၈၀၉ ခုနှစ်တွင် ပြင်သစ်ကျွန်းများတွင် ဗြိတိသျှကုန်သင်္ဘောများ သွားလာခွင့်ကို ပိတ်ဆို့ဖြတ်တောက်လာသည်။ ထိုအခါ ဗမာပြည်မှ ကုန်ပစ္စည်းများကို ဝယ်ယူရန်





အခက်တွေ့လာသည်။ ၁၈၁၀ ခုနှစ်တွင် မော်ရီတောရီးယတ်(စ်)နှင့် ရီယူနီယံ (Re'union) တို့ကြားတွင် ကုန်သွယ်မှုကောင်းမွန်တိုးတက်လာသော်လည်း ဗမာပြည်နှင့် ကုန်သွယ်ရာ၌ အခက်အခဲရှိလာသည်။ အဘယ်ကြောင့်ဆိုသော် ဗမာဘုရင်သည် ယိုးဒယားနှင့် စစ်တိုက်နေသောကြောင့်ဖြစ်သည်။

၁၈၁၀ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်တွင် ရန်ကုန်မြို့ မီးလောင်သောကြောင့် မြို့တစ်မြို့လုံးနီးပါး မီးထဲ ပါသွားသည်။ လူများစွာ သေဆုံးသွားသည်။ မီးသည် ဆင်းရဲသားရပ်ကွက်များတွင် လောင်ကျွမ်းပြီး ပစ္စည်းများအားလုံး ဆုံးရှုံးသကဲ့သို့ လူသေဆုံးမှုလည်း များစွာ ရှိခဲ့သော်လည်း အနောက်တိုင်းသား ကုန်သည်များ ရပ်ကွက်တွင်တော့ မီးလောင်ခြင်း မရှိပါ။ သို့သော် မီးလောင်သည်ကို အကြောင်းပြုကာ လူဆိုးဓါးပြများက တောမီးလောင် တောကြောင် လက်ခမောင်းခတ် လုပ်ကြသောအခါ ကုန်သည်တို့၏ ပစ္စည်းများအားလုံး လုယက်ခံခဲ့ရသည်။

ထိုမီးလောင်မှုဖြစ်စဉ်မှာ ကောလဟာလသတင်းများအရ–

ဗမာတို့သည် ယိုးဒယား စစ်ပွဲကို အလွယ်တကူ အနိုင်မရဘဲ အချိန်ကာလကြာရှည်စွာ အပြင်းအထန် တိုက်နေခဲ့ရသည်။ ထိုအခါ အရွယ်ကောင်းသည့် လူငယ်များကို စစ်တပ်ထဲ အဓမ္မ ခေါ်သွင်းရသည်။ ဗမာစစ်သားများသည် တိုက်ပွဲတိုင်းတွင် အကျအဆုံးများလေရာ တပ်သားသစ်စုဆောင်းပြီး ထပ်ပို့ရသည်။ စစ်စရိတ်အကုန်အကျများသောကြောင့် ပြည်သူလူထုအပေါ် အခွန်ငွေတိုးမြှင့်ပြီး ကောက်ခံသည်။

ကုန်သည်များထံမှလည်း အခွန်ကိုလည်း တိုးပြီးကောက်ခံသည်။ သို့သော် ကုန်သည်များက အစိုးရတောင်းသော အခွန်ကို ပေးနိုင်သည်၊ ဆင်းရဲသားပြည်သူများက အခွန်တိုးမြှင့်သည်ကို မပေးနိုင်ကြပေ။ ထိုအခါ ပြည်သူများကြား မကျေနပ်မှုများ မြင့်တက်လာပြီး ရန်ကုန်မြို့ကို မီးရှို့ခြင်း ဖြစ်သည်။ ကြိုတင်၍ မြို့ဝန်အိမ်ကို စာပစ်ပြီး ရန်ကုန်မြို့ကို မီးရှို့မည်ဟု သတိပေးငြိမ်းခြောက်ပြီးမှ မီးရှို့ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

ထိုအချိန်တွင် ကောလဟာလသတင်းတစ်ခုလည်း ထပ်ပြီးပေါ်လာသည်။

''ဗမာဘုရင်သည် ယိုးဒယားကို စစ်တိုက်ရန် သွားရာတွင် ကုန်းလမ်းမှ သွားခြင်း ဖြစ်သည်။ ကုန်းလမ်းမှ အသွားအပြန် ကြာချိန်သည် အနည်းဆုံး နှစ်လခန့် ကြာသည်။ ထိုအချိန်တွင် ယိုးဒယားရေတပ်သည် ရန်ကုန်မြို့ကို အလွယ်တကူ ဝင်သိမ်းနိုင်သော အနေအထား ရှိနေသောကြောင့် နိုင်ငံခြားသားများသည် စစ်ပွဲအတွင်း ရောက်နေပြီး ကြားညှပ်မှာ စိုးရိမ်သောကြောင့် ရန်ကုန်မှ ထွက်သွားကြပေတော့သည်။

ရန်ကုန်မှာ နိုင်ငံခြားကုန်သင်္ဘောများ အဝင်အထွက် အသွားအလာမရှိတော့



www.burmeseclassic.com

www.burmeseclassic.com



သည့်အတွက် အခွန်ဘဏ္ဍာရရှိမှု လျော့နည်းလာသည်။ ယိုးဒယားစစ်ပွဲ၏ ဂယက်ကြောင့် ရန်ကုန်မြို့သားများ ဘဝပျက်ပုံကို ၁၈၀၉ ခုနှစ်၊ ဒီဇင်ဘာလတွင် ရန်ကုန်မြို့သို့ ရောက်သွားသော ဥရောပသားကုန်သည်တစ်ဦးက အောက်ပါအတိုင်း မှတ်တမ်းရေးခဲ့သည်။

"ယိုးဒယားစစ်ပွဲရဲ့ဂယက်ဟာ ဗမာပြည်သူပြည်သားတွေကို များစွာ အခက်တွေ့စေပါတယ်၊ ပြည်တွင်းမှာ ကောလဟာလအမျိုးမျိုး ထွက်ပေါ်နေပါတယ်။ ကုန်ပစ္စည်းထုတ်လုပ်သူများ စစ်တပ်ထဲ လိုက်သွားရသောအခါ ကုန်ထုတ်လုပ်မှု ကျဆင်းသွားတယ်၊ စစ်တပ်ထဲ လူသစ်စုဆောင်းရာတွင် အဓမ္မခေါ်ဆောင်ခြင်းခံရသူများလည်း တိုက်ပွဲမှာ ကျဆုံးသွားကြတဲ့အခါ သူတို့ရဲ့ ဇနီးနဲ့ သားသမီးတွေလည်း ဘဝပျက်ရတယ်။ အရွယ်ကောင်းတဲ့ အမျိုးသမီးများ ပြည့်တန်ဆာဖြစ်သွားကြတယ်။ အရွယ်ကြီးသူတွေက ငယ်ရွယ်တဲ့ ကလေးတွေ ချိုပိုးပြီး နိုင်ငံခြားသားကုန်သည်များထံ ကလေးများကို ရတဲ့ဈေးနဲ့ ရောင်းချနေကြပါတယ်။ မွေးစားလိုက မွေးစားပါ ကျွန်အဖြစ် ခိုင်းလိုက ခိုင်းပါ။ ဈေးနှုန်းသတ်မှတ်ချက်လည်း မရှိပါ။ စေတနာရှိသမျှ ပေးရန်ဖြစ်တယ်"ဟု ရေးထားသည်။

တစတစ အစားအသောက် ရှားပါးပြီး စီးပွားရေးကြပ်တည်းလာလေ သူခိုးဓါးပြပေါလေ ဖြစ်လာသည်။ ဓါးပြဂိုဏ်းများသည် အလွန်ကြီးလာသောအခါ သူပုန်များအထိ ဖြစ်လာကြသည်။ ထိုအခါ နိုင်ငံခြားကုန်သည်များထံမှ ငွေကြေးအကူအညီ လုံလောက်စွာ ရနိုင်သော ရန်ကုန်မြို့ဝန်သည် ရန်ကုန်မြို့ လုံခြုံရေးအတွက် မြို့ရိုးကို ခိုင်ခံ့စွာနှင့် မြင့်မြင့်ကာရံနိုင်ခြင်း၊ မြို့ရိုးပတ်လည်တွင် အမြောက်လက်နက် အပြည့်အစုံဖြင့် စောင့်ကြပ်နိုင်ခြင်းကြောင့် သူပုန်–ဓါးပြတို့၏ ရန်ကို ထိရောက်စွာ ကာကွယ်နိုင်သော်လည်း ကျေးလက်တောရွာများနှင့် မြို့ငယ်လေးများ၏ ကံကြမ္မာသည် သူပုန်ဓါးပြတို့၏ လက်ထဲ လုံးဝ ကျရောက်ခဲ့ပြီဖြစ်ရာ သူပုန်ဓါးပြတို့ ဆန္ဒရှိသလို လုပ်ဆောင် နိုင်သော အနေအထား ဖြစ်လာသည်။

တိုင်းရေးပြည်ရေး မငြိမ်သက်သောကြောင့် ကုန်သွယ်မှုလုပ်ငန်း ပျက်ဆီးခဲ့သည်။ ရန်ကုန်ဆိပ်ကမ်းသည် ယခင်အခါများကဲ့သို့ စည်းကားခြင်း မရှိတော့ပေ။ ၁၈၀၉ ခုနှစ်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဝင်ထွက်သွားလာ ဆိုက်ကပ်သော ကုန်သင်္ဘောအရေအတွက်သည် တစ်ဝက်ကျော်ကျော် လျော့နည်းသွားသည်။ ၁၈၁၀ ခုနှစ်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဝင်ထွက် ဆိုက်ကပ်သော ကုန်သင်္ဘောအရေအတွက်သည် မရှိသလောက်နည်းပြီး ဘင်္ဂလားပြည်နှင့် ဗမာပြည်အကြား ကုန်သွယ်မှုမှာ လုံးဝ





ပျက်ဆီးခဲ့လေသည်။ ဥရောပသားကုန်သည်များသည် ရန်ကုန်မြို့ကို စွန့်ခွာသွားကြလေတော့သည်။

၁၈၀၉ ခုနှစ်ဆန်းပိုင်းတွင် ရန်ကုန်မြို့နှင့် ဘင်္ဂလားပြည်ကြား ကုန်ကူးသန်းရောင်းဝယ်မှု ကောင်းခဲ့စဉ်အခါက ပြင်သစ်တို့သည် ဗြိတိသျှကုန်သင်္ဘောများကို နှောက်ယှက်ကြသည်။ ဗမာဘုရင်၏ ရေပိုင်နက်အတွင်း ပြစ်မှုကျူးလွန်သောကြောင့် ဗမာဘုရင်အစိုးရထံ ကင်းနင်းသည် စစ်သင်္ဘောများဖြင့် ရောက်လာပြီး တိုင်တန်းခဲ့သည်၊ သို့သော် ဗမာအစိုးရသည် ပြင်သစ်တို့ကိုသာ ဦးစားပေးခဲ့သည်။ တရားမျှတစွာ ဖြေရှင်းပေးခြင်း မရှိခဲ့ပေ။

၁၈၀၉ ခုနှစ် အောက်တိုဘာလ ၂ ရက်နေ့တွင် ကင်းနင်းသည် ရန်ကုန်မြို့သို့ ရောက်လာခဲ့သည်။ ရေဝန်၏အမိန့်ဖြင့် အကောက်ဝန်နှင့်တကွ အကောက်ဝန်ထမ်းများသည် သံတမန်ဖြစ်သော ကင်းနင်း၏ ပစ္စည်းများကို ကိုင်တွယ်ခွင့် ရှာဖွေခွင့် မရှိသောကြောင့် ကင်းနင်းက ရေဝန်အား ကျေးဇူးတင်ကြောင်း ပြောဆိုပြီး ဗြိတိသျှနှင့် ပြင်သစ်တို့ကြား ဖြစ်ပေါ်နေသောပြဿနာများကို ရေဝန်ထံ တင်ပြသည်။ ရေဝန်က ပြန်မေးသည်။

"ဥရောပမှာ ပြင်သစ်နဲ့ အင်္ဂလိပ်တို့ စစ်ဖြစ်ကြတဲ့အရေးအခင်းနဲ့ ဗမာပြည်ကုန်သွယ်ရေးမှာ ပြင်သစ်နဲ့ ဗြိတိသျှတို့ပြဿနာဖြစ်တာတွေက ဘယ်လိုများ ဆက်စပ်နေသလဲ" ဟုမေးခဲ့သောကြောင့် ကင်းနင်းက အကြောင်းစုံရှင်းပြခဲ့သည်။ အောက်တိုဘာလကုန်တွင် ရန်ကုန်မြို့ဝန်သည် နေပြည်တော်မှ ပြန်ရောက်လာသည်။ မြို့ဝန်သည် ပို၍ ဆက်ဆံရေးကောင်းသည်။

၁၈၁၀ ခုနှစ်ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ကင်းနင်း နေပြည်တော်ကို သွားသည့်အခါ အလွန်ထူးဆန်းသော အဖြစ်အပျက်နှင့် ကြုံတွေ့ရသည်၊ ရာထူးကြီးလေ ဆက်ဆံရေး ကောင်းမွန်ဖော်ရွေလေဖြစ်သည်ကို ထူးဆန်းအံ့သြဖွယ် ကြုံတွေ့ရသည်။ ယခင်အခါ များကဲ့သို့ ပြင်သစ်များကို မြှောက်စားပြီး အင်္ဂလိပ်တို့ကို နှိမ်သောအပြုအမူမျိုး လုံးဝ မရှိတော့ပေ။ ဗမာအစိုးရထံမှ ပြင်သစ်တို့ ငှားရမ်းထားသော ကျွန်းများအနီးတွင် အင်္ဂလိပ်ကုန်သင်္ဘောများ လွတ်လပ်စွာ သွားလာခွင့်ရှိရမည်၊ အင်္ဂလိပ်ကုန်သင်္ဘောများကို ပြင်သစ်တို့အနေဖြင့် စစ်ဆေးခွင့်မရှိ၊ လိုက်နာခြင်းမရှိပါက ကျွန်းများကို ငှါးရမ်းတော့မည် မဟုတ်ဟု ပြင်သစ်ကိုယ်စားလှယ်အား ဗမာအစိုးရက ပြတ်ပြတ်သားသား သတိပေးသောကြောင့် ကင်းနင်း၏ သံတမန်ခရီးစဉ်သည် ရာနှုန်းပြည့် အောင်မြင်ခဲ့ပြီး ဖြစ်လေရာ အမရပူရနေပြည်တော်မှ ရန်ကုန်မြို့သို့ ပြန်ခဲ့ရာ ဧပြီလ ၁[illegible] ရက်တွင်



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန် ရောက်ပြီး မြို့ဝန်အသစ်ကို ခေတ္တစောင့်သည်။ မြို့ဝန်အသစ် ရောက်လာပြီး နောက် အင်္ဂလိပ်ကုန်သည်များအား ယခင်အခါများကဲ့သို့ စိတ်ချလက်ချ လွတ်လပ်စွာ ကုန်သွယ်ခွင့်အတွက် အာမခံချက်ပေးသောကြောင့် ဧပြီလ ၁၉ ရက်နေ့တွင် ကင်းနင်းသည် ဘင်္ဂလားသို့ ပြန်ခဲ့လေသည်။ သို့သော် ဗမာအစိုးရနှင့် အရှေ့အိန္ဒိယကုမ္ပဏီတို့၏ ဆက်ဆံရေးသည် ကြာရှည်မခံခဲ့ပေ။

၁၈၁၁ ခုနှစ်တွင် Magh တို့သည် ရခိုင်နယ်စပ်ကို ကျူးကျော်လာကြသည်။ ထို့ကဲ့သို့ ကျူးကျော်မှုသည် အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီ၏ မြှောက်ပင့်မှုကြောင့် ဖြစ်သည်ဟု ဗမာဘုရင်က ယူဆလေသည်။ ထို့ကြောင့် ကုမ္ပဏီနှင့်ပတ်သက်မှု မရှိကြောင်း ရှင်းပြရန်အတွက် ၁၈၁၁ ခုနှစ် မစ္စတာကင်းနင်းသည် ရန်ကုန်သို့ အမြန်ဆုံး ရောက်လာပြီး ရန်ကုန်မြို့ဝန်အား အကြောင်းစုံ ရှင်းပြခဲ့လေသည်။ မြို့ဝန်သည် မစ္စတာကင်းနင်း နေထိုင်ရန်အတွက် ကန်တော်ကလေးအတွင်းရှိ ဥရောပသားညွှသည်များ တည်းခိုရန် သင့်တော်သည့် အိမ်ကြီးတစ်လုံးတွင် နေထိုင်ခွင့်ပေးလေသည်။ ကောင်းမွန်စွာလည်း ဆက်ဆံသည်။

ကင်းနင်းသည် ရန်ကုန်ဆိပ်ကမ်းတွင် ရခိုင်သွားပြီး Magh တို့ကို နှိမ်နင်းမည့် ဗမာစစ်တပ်ကို တွေ့ရသည်။ စစ်သင်္ဘောကြီးနှစ်စင်းတွင် ခြောက်ပေါင်ဒါ အမြောက် ၆ လက်စီပါသည်။ တပ်သားအင်အား ၂၀၀ ရှိသည်။ ဗမာဘုရင် စစ်သင်္ဘောတစ်စီးကို အင်္ဂလိပ်ကုန်သည်တေလာ (Taylor) က ဦးစီးမည်ဖြစ်သည်။ ကျန်သင်္ဘောတစ်စီးကို ဗမာပြည်၌ မွေးသော ပေါ်တူဂီတစ်ဦးက ဦးစီးမည်ဖြစ်သည်။ ထိုပေါ်တူဂီသည် သာမန် သင်္ဘောမာလိန်မှူးမျှသာဖြစ်သည်။ စစ်ပွဲအတွေ့အကြုံရှိသူ မဟုတ်ပေ။

ဗမာဘုရင့်ရေတပ်မတော်သည် ဒီဇင်ဘာလတွင် ရခိုင်သို့ စတင်ချီတက်လေတော့သည်။ ဘုရင့်ရေတပ်ကို အစစအရာရာ ပြည့်စုံကောင်းမွန်သာလွန်သည်ဟု မဆိုသာပေ။ သို့သော် ကျူးကျော်သူ Maghs များတွင် လက်နက်အင်အား လူအင်အား ဘာတစ်ခုမျှ ပြည့်ပြည့်စုံစုံ မရှိလေရာ အရေးနိမ့်ပြီး စစ်တကောင်းသို့ ထွက်ပြေးကြလေတော့သည်။

သို့သော် ၁၈၁၂ ခုနှစ်တွင် ဗမာတပ်သည် Maghs တို့ကို လိုက်တိုက်ရာတွင် နယ်စပ်ကို ကျော်ပြီး စစ်တကောင်းနယ်ထဲအထိ ဝင်တိုက်သည်။ ထို့ကြောင့် ဗမာဘုရင်အား ကန့်ကွက်သည့်စာကို မစ္စတာကင်းနင်းအား ပေးအပ်လေသည်။ ထိုအချိန်တွင် ဗမာဘုရင်တပ်များသည် အရှေ့အိန္ဒိယကုမ္ပဏီပိုင်နက်ကို ဒုတိယအကြိမ် ကျူးကျော်ပြီး ဝင်တိုက်သည်ဟု ထပ်၍ သိရသည်။ ထို့နောက် အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီမှ





တိုင်စာ ထပ်ပြီးရောက်လာသည်။

ရန်ကုန် မြို့ဝန်က ရှင်းပြသည်မှာ ရည်ရွယ်ချက်ဖြင့် ကျူးကျော်ရန်စခြင်း မဟုတ်ဘဲ ရန်သူများကို တိုက်ခိုက်ချေမှုန်းရန်အတွက် အာရုံစိုက်နေသည့်အတွက် အမှားအယွင်းဖြစ်ခြင်းကို ချစ်ကြည်ရေးရှေ့ရှုပြီး ခွင့်လွှတ်ပါရန် တောင်းပန်သည်။ နေပြည်တော်သို့လည်း တိုင်စာများ ပို့ပေးပါသည်။

ထိုအချိန်တွင် ဖေဖော်ဝါရီ ၁၄ ရက်နေ့၌ ရန်ကုန်မြို့တွင် မီးအကြီးအကျယ် လောင်ပြန်သည်။ ထိုအခါ မစ္စတာကင်းနင်းသည် မီးသတ်အင်ဂျင် Fine-Engine စေလွှတ်ပြီး၊ အင်္ဂလိပ်ကျွမ်းကျင်သူများဖြင့် မီးကို ကူညီငြိမ်းသတ်ပေးရာ မြို့ဖျက်မည့် မီးသည် အချိန်တိုတိုအတွင်း ငြိမ်းသွားလေတော့သည်။ မြို့ဝန်သည် လွန်စွာ ဝမ်းမြောက်ဝမ်းသာဖြစ်နေသည်။ ဗမာပြည်တွင် ပထမဆုံးအကြိမ် မီးသတ်အင်ဂျင်စက်ကို အသုံးပြုနိုင်ခြင်းဖြစ်သည်။ မစ္စတာကင်းနင်းသည် မီးသတ်အင်ဂျင်စက် အသုံးပြုနည်းကို စနစ်တကျ သင်ပေးပြီး ဗမာအာဏာပိုင်တို့ကို လက်ဆောင်ပေးခဲ့လေသည်။

မြို့ဝန်မှာ သဘောထားကောင်းသော်လည်း ဗမာအများစုသည် နိုင်ငံခြားသားများကို ရန်မူလိုသည့်အနေအထားမျိုး တွေ့ရသောကြောင့် အင်္ဂလိပ်တို့အား သူ၏ သင်္ဘောကြီးဖြစ်သော The Amboyna ပေါ်တက်နေကြဖို့ အကြံပေးလိုက်သည်။ အဘယ်ကြောင့်ဆိုသော် မြို့တွင်း၌ တဆင့်ကြားသိရသောသတင်းများအရ မြို့ကို မီးရှို့ခြင်းသည် မြို့ဝန်၏ အစီအစဉ်ဖြစ်သည်။ မြို့ဝန်သည် မြို့ကို မီးရှို့ပြီး တစ်မြို့လုံး မီးဟုန်းဟုန်း တောက်နေချိန်တွင် အင်္ဂလိပ်သံအဖွဲ့သာမက၊ အင်္ဂလိပ်ကုန်သည်များ အားလုံးကို ဓါးပြဟန်ဆောင်ထားသော မြို့ဝန်၏တပ်မှ ဝင်ရောက် သတ်ဖြတ်ကြဖို့ စီစဉ်ထားရာ မစ္စတာကင်းနင်းတို့၏ ရိုးသားသော အကူအညီသည် မြို့ဝန်အတွက် အကူအညီမဖြစ်စေဘဲ လုပ်ကြံမည့်အစီအစဉ်များ ပျက်ဆီးသွားသောကြောင့် မြို့ဝန်ကို စိတ်ပျက်ဖွယ်ဖြစ်စေခဲ့ရာ မြို့ဝန်သည် နောက်ထပ်တစ်မျိုး ကြံစည်မည်ဟု ယူဆသောကြောင့် မစ္စတာကင်းနင်းက အန္တရာယ်ကို ကာကွယ်သောအားဖြင့် အင်္ဂလိပ်အားလုံးကို စစ်သင်္ဘောကြီးပေါ် တင်ထားလိုက်သည်။

ဧပြီလတွင် ရန်ကုန်မှ အင်္ဂလိပ်များအားလုံး သင်္ဘောပေါ် ရောက်ကုန်သည်။ ထိုအခါ မြို့ဝန်သည် မစ္စတာကင်းနင်းကို ဖမ်းဆီးဖို့ ကြံစားလေတော့သည်။ ကင်းနင်းသည် မြို့ဝန်၏ လှုပ်ရှားမှုကို စဉ်ဆက်မပြတ် စောင့်ကြည့်နေသောကြောင့် လွတ်အောင် ပြေးနိုင်ခဲ့သည်။ ထိုအချိန်တွင် အင်္ဂလိပ်စစ်သင်္ဘောကြီးတစ်စီးသည် အာဏာပိုင်တို့၏ ခွင့်ပြုချက်ကို မတောင်းဘဲ ဝင်ရောက်လာသည်ကို တွေ့ရလေတော့သည်။ စစ်တပ်များ



www.burmeseclassic.com

www.burmeseclassic.com



လည်း ထိတ်လန့်သွားသည်။ ကင်းနင်း၏ သင်္ဘောနှင့် နောက်ဝင်လာသည့် သင်္ဘော၊ စစ်သင်္ဘောကြီးနှစ်စီးမှ ပြိုင်တူပစ်ခတ်ပါက အခြေအနေ အတော်ဆိုးသွားမည်။

မြို့ဝန်အမိန့်ဖြင့် ဗမာတပ်သားများ ဘာမျှမလုပ်ဘဲကြည့်နေကြသည်။ အင်္ဂလိပ်လူမျိုးအားလုံးကို ပိုကြီးသည့် သင်္ဘောကြီးပေါ် ပြောင်းပေးလိုက်သည်။ မြို့ဝန်သည် အင်္ဂလိပ်စစ်သင်္ဘောများ ထပ်ပြီးရောက်လာမှာကို စိုးရိမ်နေသည်။ မြို့ရိုးနှင့် သစ်လုံးခံတပ်တွင် အနိုင်အမာ အုတ်စီပြီး အင်္ဂတေကိုင်ထားသော အစိတ်အပိုင်းနည်းပြီး အများဆုံးသော အစိတ်အပိုင်းသည် သစ်သားဖြင့် တည်ဆောက်ထားပြီး ခိုင်ခံ့မှုမရှိပါ။ မွန်သူပုန်တို့၏ ရန်ကို ကာကွယ်ရန်အတွက်မျှသာ ခုခံကာကွယ်နိုင်စွမ်းရှိမည်ဖြစ်ပြီး အင်္ဂလိပ်စစ်သင်္ဘောကြီးများ၏ အမြောက်ဒဏ်ကိုတော့ ခံနိုင်စွမ်းမရှိပေ။

ရန်ကုန်မြစ်ထဲတွင် အင်္ဂလိပ်စစ်သင်္ဘောများသည် ဗမာအာဏာပိုင်တို့၏ တုန့်ပြန်မှုကို စောင့်နေကြသည်။ တိုက်ခိုက်မှု လုံးဝ မပြုခဲ့ပေ။ မြို့ဝန်သည် မြို့တွင်းရှိ ဘာသာရေးအဆောက်အဦးများနှင့် သချိုင်းအုတ်ဂူများမှ အုတ်များကို အမြန်ဆုံး ခွာယူပြီး မြို့ပတ်လည်ကို မြို့ရိုးကာဖို့ အမိန့်ပေးလေသည်။ ထိုအခါ လူကြီးများအားလုံး ကျား၊မ၊ကြီးငယ် အားလုံးသာမက ကလေးများပါ လုပ်အားပေးကြရလေသည်။ စေတီပျက် ကျောင်းပျက်များ ဇရပ်ပျက်များမှအစ သချိုင်းအုတ်ဂူအားလုံးအထိ အားလုံး၊ အုတ်ပုံတာဝ အမြန်ပြောင်းပြီး သယ်ကြယူကြနှင့် အုတ်မြို့ရိုးဖြစ်လာသည်။ သုံးရက်အတွင်း အပြင်းအထန် ခိုင်းစေခဲ့ရာ အုတ်မြို့ရိုးကာရံပြီးသွားလေသည်။ ခိုင်ခံ့မှုတော့ ရှိမည်မဟုတ်ပေ။ အမိန့်အာဏာကို ကြောက်လန့်၍သာ လုပ်ပေးခဲ့ခြင်းမျှသာဖြစ်သည်။

၁၈၀၈ ခုနှစ်တွင် ရန်ကုန်ရောက်စဉ် ကွယ်လွန်ခဲ့သော သာသနာပြုပုဂ္ဂိုလ်ကြီး ရစ်ချက်သော်မဆင်ဘာနေး၏ ခန့်ခန့်ညားညား တည်ဆောက်ထားသော ဂူသချိုင်းကြီးလည်း အုတ်များခွာယူခံရသဖြင့် ပြောင်သလင်းခါခဲ့ပြီ ကနဦးတွင် ဗမာဂူသချိုင်းများကိုသာ အုတ်ခွာခဲ့ပြီး အုတ်လိုအပ်ချက်ကြောင့် ဥရောပသားတို့၏ အုတ်ဂူအားလုံးကိုလည်း ခွာလိုက်ကြသည်။ အုတ်ဂူခွာခြင်းကြောင့် ဥရောပသားမိသားစုများက မြို့ဝန်ကို ကန့်ကွက်ရာ အခြေအနေမှာ အတော်လေးရှုပ်ထွေးနေသည်။ ထို့ကြောင့် ကင်းနင်းတို့အဖွဲ့သည် မြစ်ထဲတွင် နစ်လတိတိ၊ စောင့်နေခဲ့သည်။ ကုမ္ပဏီမှ ပြန်လာဖို့ အမိန့်မပေးသလို တိုက်ခိုက်ဖို့လည်း အမိန့်မပေးပါ။ မြို့ဝန်က ဆွေးနွေးလိုသည်ဟု ဖိတ်ခေါ်သော်လည်း ယုံကြည်ရသော အနေအထားမရှိသောကြောင့် ဆွေးနွေးခြင်း မပြုတော့ပေ။ မြို့ဝန်၏ သဘောထားသည် တင်းမာသည်ဆိုသော်လည်း စစ်အင်အားကြီးမားသော အင်္ဂလိပ်တို့နှင့် ပြဿနာမဖြစ်လိုသောကြောင့် လိုက်လျောမှု များစွာပါသည်။





သို့သော် နေပြည်တော်မှ သဘောထားသည် ယခင်အချိန်က အကောင်းဆုံး ဖြစ်ခဲ့သော်လည်း နယ်စပ်တိုက်ပွဲအငြင်းပွားမှုများသည် အမျက်ဒေါသအလွယ်တကူ ထွက်တတ်ပြီး ဒေါသကို ထိန်းချုပ်နိုင်စွမ်းမရှိသော ဗမာတို့အတွက် ပြဿနာတစ်ခု ဖြစ်လာသည်နှင့် ဝါးဖွဲပြီး တိုက်ခိုက်ဖို့လောက်သာ စိတ်ဝင်စားသည်။ လက်နက်အင်အား မမျှသောကြောင့် မိမိတို့သာ အရေးနိမ့်မည်ကို သဘောပေါက်ဟန်မတူပေ။

ရန်ကုန်မြို့ဝန်သည် နေပြည်တော်၏ သဘောထားကို မစ္စတာကင်းနင်းတို့အား အသိမပေးဘဲ ပြေလည်အောင် တောင်းပန်ပြီး ဘင်္ဂလားသို့ ပြန်ခွင့်ပြုလိုက်သည်။ ၁၈၁၂ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့တွင် မစ္စတာကင်းနင်း ကာလကတ္တားသို့ ပြန်ကာနီးအထိ မြို့ဝန်က တောင်းပန်ပြီး အစစအရာရာ လိုက်လျောခဲ့သည်။ သို့သော် အကြောင်းစုံကို နေပြည်တော်မှ သိသွားသောကြောင့် ရန်ကုန်မြို့ဝန်ကို ရာထူးမှ ဖယ်ရှားပြီး မြို့ဝန်အသစ် ခန့်ထားလိုက်သည်။

အသစ်ရောက်လာသောမြို့ဝန်က မစ္စတာကင်းနင်းတို့၏ အင်္ဂလိပ်သင်္ဘောများကို ရန်ကုန်မှ ထွက်ခွာခွင့်မပြုကြောင်း အမိန့်ထုတ်ပြီး တားမြစ်လိုက်သည်။ သို့သော် ကင်းနင်း၏ အင်္ဂလိပ်သင်္ဘောများသည် အသစ်ရောက်လာသော ရန်ကုန်မြို့ဝန်၏ အမိန့်ကို နာခံမှုမရှိဘဲ အောက်တိုဘာလ ၁၆ ရက်နေ့တွင် ကာလကတ္တားမြို့သို့ ထွက်ခွာသွားခဲ့ကြလေသည်။

ထိုအခါ ဘုရင်သည် အမျက်ဒေါသကြီးစွာထွက်ပြီး ရန်ကုန်မြို့ဝန်အား ဘင်္ဂလားသွားပြီး ဘုရင်ခံကို အကြောင်းစုံ ရှင်းပြရန် တာဝန်ပေးလေသည်။ မစ္စတာကင်းနင်းသည် ဗမာဘုရင်မင်းမြတ်၏ အမိန့်တော်ကို နာခံမှုမရှိဟု တင်ပြစေသည်။

ထိုအချိန်မှ စတင်၍ အင်္ဂလိပ်နှင့် ဗမာတို့၏ သံတမန်အဆက်အသွယ် ပြတ်တောက်မှုသည် ၁၈၂၄ ခုနှစ်တွင် ပထမအင်္ဂလိပ်–ဗမာစစ်ပွဲ ဖြစ်ပေါ်သော အချိန်အထိ ဆက်ဆံရေးအခြေအနေသည် တိုးတက်ကောင်းမွန်ခြင်း၊ မရှိတော့ပေ။

အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီနှင့် ဗမာဘုရင်တို့ သံတမန်အဆက်အသွယ် မရှိခဲ့သော်လည်း ဗမာပြည်နှင့် ဘင်္ဂလားပြည်တို့ကြားတွင် ကုန်ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းသည် ဆုတ်ယုတ်ကျဆင်း သွားခြင်းမရှိဘဲ ပိုမိုတိုးတက်ကောင်းမွန်လာခဲ့သည်။ ထိုကဲ့သို့ ကုန်သွယ်ရေးလုပ်ငန်း တိုးတက်ကောင်းမွန်စေရန်အတွက် ဗမာဘုရင်အစိုးရသည် အကောက်ခွန်နှုန်းထားများကို ၂ ရာနှုန်းမှစပြီး လျှော့ချပေးရာ ကုန်သည်များအတွက် အလွန်ကောင်းသည့် မက်လုံးဖြစ်ခဲ့သည်။ လုံခြုံရေးကိုလည်း တိုးမြှင့်ဆောင်ရွက်ပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



၁၈၁၄ ခုနှစ်၊ မတ်လတွင် ရန်ကုန်မြို့၌ မီးအကြီးအကျယ်လောင်ကျွမ်းမှု ထပ်၍ ဖြစ်ပေါ်ရာ မြို့၏အစိတ်အပိုင်း အတော်များများ ပျက်ဆီးခဲ့သည်။ မြို့ဝန်သည် ထိထိရောက်ရောက် မီးကို ငြိမ်းသတ်ခြင်း မပြုနိုင်ခဲ့ပေ။ ခရစ်ယာန်ဘုန်းတော်ကြီးများသည် အရေးကြီးသော ပစ္စည်းများ ယူပြီး ထွက်ပြေးရာ မြို့အထွက်ဂိတ်ကို ဆင်းရဲသားပြည်သူများက ပိတ်ဆို့ထားလိုက်ကြသည်။ ထို့ကြောင့် အချိန်အတော်ကြာကြာ စောင့်ခဲ့ရသည်။ နောက်မှ တခါးဖွင့်လိုက်သောကြောင့် ဆက်၍ ပြေးခဲ့ကြသည်။ မီးသည် တစ်နေ့လုံး မရပ်မနား ဆက်ပြီးလောင်သည်ဟု ခရစ်ယာန် ဘုန်းတော်ကြီးများက ပြောကြသည်။

၁၈၁၈ ခုနှစ် နွေရာသီတွင်လည်း ရန်ကုန်တွင် အလွန်ဆိုးဝါးပြင်းထန်သော ဝမ်းလျှောရောဂါဖြစ်ပွားခဲ့လေသည်။ ရန်ကုန်မြို့တွင် ထိုအချိန်က ဆေးဝါးအတတ်ပညာ ထွန်းကားမှု မရှိသေးသောကြောင့် ကုသရန် မဖြစ်နိုင်သလို ကာကွယ်ရန်လည်း မတတ်နိုင်ခဲ့ပေ။ Cholera ရောဂါပိုးသည် ကြောက်မက်ဖွယ်ရာ ကူးစပ်မြန်လွန်သောကြောင့် ပက်ပက်စက်စက် သေဆုံးကြသည်မှာ ကြောက်မက်ဖွယ်ဟု မစ္စဂျက်ဆင် (Mrs.Judson) က ပြောပြသည်။

*"ကျွန်မတစ်သက်မှာ တစ်ခါမျှ မမြင်ဘူးပါ။ မိုးသည်းထန်စွာ ရွာလာတဲ့အခါ ရောဂါပြန့်ပွားမှု လျော့နည်းသွားတယ်။ ဒါပေမဲ့ မိုးထဲရေထဲတွင် အလောင်းတွေကို မြှုပ်နှံနေတာ တွေ့နေရသေးတယ်။ သံပုံးတီးသံတွေလည်း ပူပြင်းသော နွေကာလမှစပြီး ဝမ်းလျှောရောဂါအရှိန်အဟုန် ကျဆင်းသွားတဲ့ မိုးရာသီကာလအထိ အဆက်မပြတ် ကြားနေရတယ်။ ဝမ်းရောဂါပိုးကို ဆေးဝါးဖြင့် တိုက်ဖျက်ရသည်ဟု နားမလည်ဘဲ အမှောင်ခေတ်က လူများကဲ့သို့ သံပုံးတီးပြီး မကောင်းဆိုးဝါး နှင်ထုတ်တဲ့ အဆင့်၌သာ ရှိနေသေးသည်ကို စိတ်ပျက်ဖွယ်မြင်တွေ့နေရတယ်"*။

ဗမာတို့၏ အယူအဆအရ ကပ်ရောဂါတစ်ခုခု ကျရောက်ခြင်းသည် မကောင်းဆိုးဝါး မိစ္ဆာဝိဥာဉ်များ၏ နှောင့်ယှက်မှုကြောင့် ဖြစ်သည်။ မကောင်းဆိုးဝါး မိစ္ဆာဝိဥာဉ်များကို ပယောဂဆရာကြီးများက မန်းမှုတ်ပြီး မောင်းထုတ်နေကြသလို ပြည်သူလူထုက သံပုံးကို နာနာတီးပေးနေပါက နေ့ညမပြတ် သံပုံးတီးသော် မိစ္ဆာဝိဥာဉ်များ ကြောက်လန့်ပြီးထွက်ပြေးသွားမည်ဟု ယူဆနေကြသေးသည်။ ဥရောပတိုက်တွင်လည်း အမှောင်ခေတ်က ထိုအတွေးအခေါ်များ ရှိခဲ့ဖူးသည်။ သို့သော် ရာစုနှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်သည်။

*"ဆိုးဆိုးဝါးဝါး ဆူညံခဲ့တာက သုံးနေ့သုံးညတီတီပါ။ အိမ်တိုင်းအိမ်တိုင်း*





*တက်ညီလက်ညီ သံပုံးတီးပါက မိစ္ဆာဝိဥာဉ်အတွက် ဝင်ရောက်နိုင်အောင်းစရာ အိမ်ဟူ၍ ရှိတော့မည် မဟုတ်ပေ။ ထိုအခါ မကောင်းဆိုးဝါးမိစ္ဆာဝိဥာဉ်သည် ထိုမြို့ရွာကို စွန့်ခွာသွားလေတော့သည်ဟု ယုံကြည်ကြသည်"*။

ထိုအချိန်က ဗမာပြည်တွင် မြူနီစပယ်အဖွဲ့အစည်း မရှိသေးပေ။ အခါတရံ အမှိုက်များ ရှင်းလင်းကြတာ ရှိသည်။ သို့သော် မြို့ပြအင်္ဂါရပ်နှင့်ကိုက်ညီစေရန် စနစ်တကျ ရေပေးခြင်း၊ အမှိုက်သိမ်းခြင်း၊ မိလ္လာနှင့် အညစ်အကြေးစွန့်ခြင်းကို စနစ်တကျ ပြုလုပ်ရမည့် သဘောတရားကို နားမလည်ကြပေ။ ရှေးထုံးမပယ်သည့်သဘော ဖြစ်ဟန်တူသည်။

၁၈၁၉ ခုနှစ်၊ ဇွန်လတွင် ဘိုးတော်ဘုရား၏ မြေးဖြစ်သူ ဘကြီးတော်မင်း ထီးနန်းဆက်ခံလေသည်။ ဘကြီးတော်သည် ၁၈၀၈ ခုနှစ်တွင် ဖခင်အိမ်ရှေ့မင်း ကွယ်လွန်သည်နှင့် အိမ်ရှေ့မင်းအရိုက်အရာကို ဆက်ခံခွင့်ရထားသူဖြစ်လေရာ အဖိုး ကွယ်လွန်သည်နှင့် ထီးနန်းရယူသောအခါ ပုန်ကန်ထကြွမှု မဖြစ်တော့ပေ။

ရန်ကုန်မြို့သည် ငြိမ်ချက်သားကောင်းနေသည်။ အစဉ်အမြဲ ဆူညံပူညံဖြစ်နေတက်သော ရန်ကုန်မြို့ကြီး တိတ်ဆိတ်နေခြင်းသည် မကြာမီ ပေါက်ကွဲတော့မည့် အတိတ်နိမိတ်လေလားဟု ထင်မှတ်ရသည်။

## BIBLIOGRAPHY



(1) G.T. Bayfield: Historical Review of the political Relations between the British Government in India and the Empire of A Va (1838)
(2) H.Cox: Journal of a Residence in the Burmban Empire (1821)
(3) A.H Judson: Narrative of the American Baptist Mission .
(4) San germano: Description of the Burmese Empire (1808)
(5) Sonnerat: Voyage oux Indes Orientales (1782)
(6) M.Symes: Embassy to Ava (1800)
(7) T.A.Trant: Two Years in Ava (1827)


■■■




www.burmeseclassic.com

www.burmeseclassic.com




၁၈၂၄ ခုနှစ်က ရန်ကုန်အနီးမှ ဧရာကန်တစ်ခု



၁၈၂၄ ပထမ အင်္ဂလိပ် - ဗမာစစ်ပွဲတွင် အင်္ဂလိပ်တပ်များ ရန်ကုန်ကို ဝင်သိမ်းရန် ကြိုးစားနေစဉ်

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



၁၈၂၄ ခုနှစ်၊ မေဂျာကင်းနင်း၏ စခန်း



၁၈၂၄ ခုနှစ်က ရန်ကုန် အရှေ့တောင်ဘက်ရှိ ဘုရားကြီး

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆)

## ၁၈၂၄ - စစ်ပွဲ

၁၈၂၄ ခုနှစ်တွင် ဗမာပြည်နှင့် အရှေ့အိန္ဒိယကုမ္ပဏီတို့ စစ်ပွဲဖြစ်ခဲ့သည်။ ရှေ့ပိုင်းတွင် တင်ပြခဲ့သည့်အတိုင်း ဗမာဘုရင်နှင့် အင်္ဂလိပ်တို့၏ ဆက်ဆံရေးသည် ကောင်းသည့်အချိန် နည်းပါးပြီး ဆက်ဆံရေးမပြေလည်သည့်အချိန်က ပိုများလေသည်။

ထိုအချိန်က ဗမာဘုရင်အစိုးရသည် အိမ်နီးချင်း ယိုးဒယားနှင့် မကြာခဏ စစ်ဖြစ်ဖူးသည်။ အင်အားကြီးသော တရုတ်နှင့်လည်း တိုက်ဖူးသည်။ ထို့အပြင် ပေါ်တူဂီ ဒတ်(ချ်)တို့ကိုလည်း သိပ်ပြီး အထင်မကြီးခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် ဖေင်ကာသည် အမြောက်လက်နက်များ အသုံးပြုသော်လည်း နောက်ဆုံးတွင် ဗမာတို့သာ အနိုင်ရသည်ဟု ဗမာတို့ တွက်ခဲ့ကြသည်။ ပြင်သစ်၊ အင်္ဂလိပ်တို့နှင့် ဆက်ဆံရသောအချိန်ကာလတွင်လည်း လက်နက်အင်အားကြီးမားသည် မှန်သော်လည်း သူတို့မှာ လူအင်အားနည်းလွန်းသည်ဟု အတွက်မှားကြသည်။

သို့သော် ပထမအင်္ဂလိပ်–ဗမာစစ်ပွဲတွင် အင်္ဂလိပ်ဘက်မှ စုစုပေါင်းစစ်သည် အင်အား ၁၁၀၀၀ (တစ်သောင်းတစ်ထောင်) အသုံးပြုခဲ့သည်။ အမြောက်ကြီး ၄၀ (လေးဆယ်) အသုံးပြုခဲ့သည်။ စစ်ပွဲကို ဆာအာချီဘောကင်းဘဲ (Sir Archibald Campbell) က ဦးဆောင်သည်။ မဒရပ်တပ်နှင့် ဘင်္ဂလားတပ်များ ပါဝင်ကြသည်။ စစ်တပ်ကို ကပ္ပလီပင်လယ်တွင် စုစည်းခဲ့ကြသည်။

မေလ ၉ ရက်နေ့ ညနေပိုင်းတွင် သင်္ဘောကြီးလေးစီး၊ ခရူဇာသင်္ဘောအုပ်စုတစ်စု၊ အမြောက်တင်မော်တော်အုပ်စုတစ်စုနှင့် စုပေါင်းပြီး လာခဲ့ကြခြင်းဖြစ်သည်။ H.M.S. Liffey နှင့် H.M.S Larne သင်္ဘောတို့ကို ကပ္ပတိန်မာရက် (Captain Marryat) က ဦးဆောင်လေသည်။ H.M.S. Sophia နှင့် The Slaney Sloop ကို နာမည်ကြီးကပ္ပတိန်များ ဦးဆောင်သည်။ အမြောက်ကြီး အလက် ၂၀ ပါသည်။





၁၈ ပေါင်ဒါ အမြောက် ၁ ခုစီကို မော်တော်ဘုတ် ၁ ခုစီ၌ တပ်ဆင်ထားသည်။ စစ်သင်္ဘောအုပ်စုသည် ရန်ကုန်မြစ်ဝတွင် ပိတ်ဆို့ပြီး ရပ်ထားလိုက်ကြသည်။ ရန်ကုန်သို့ဝင်ရန် မြင်းကောင်အား ၆၀ ရှိသော ရေနွေးငွေ့အင်ဂျင်တပ်ဆင်ထားသော ဒိုင်ယာနာသင်္ဘောကို ရှေ့ဆုံးမှ စေလွှတ်လိုက်သည်။ ထိုသင်္ဘောသည် ရန်ကုန်ဆိပ်ကမ်းသို့ မကြာခဏ ဝင်ထွက်နေသော သင်္ဘောဖြစ်သည်။

မေလ ၁၀ ရက်နေ့တွင် ရန်ကုန်မြစ်ထဲ ဝင်လာကြသည်။ စစ်သင်္ဘောကပ္ပတိန်များသည် ရန်ကုန်ဆိပ်ကမ်းသို့ အစဉ်အမြဲ ဝင်ထွက်သွားလာဖူးသောကြောင့် မေလ ၁၁ ရက်နေ့ ဒီရေတက်ချိန်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဝင်လေသည်။ ထိုအခါ ဗမာဘုရင်၏ မီးပြတိုက်တွင် တပ်ဆင်ထားသော အမြောက် ၂ လက်နှင့် လှမ်း၍ ပစ်ခတ်တိုက်ခိုက်ကြလေသည်။ သို့သော် စစ်သင်္ဘောများဖြစ်သောကြောင့် ကုန်တင်သင်္ဘောကဲ့သို့ ပစ်ခတ်ဖျက်ဆီးခြင်း မပြုနိုင်ပေ။

စစ်သင်္ဘောများ ရန်ကုန်မြစ်ထဲ ဝင်လာကြသောအခါ အားလုံးအံ့အားသင့်နေကြသည်။ ရန်ကုန်မြို့ရှိ ဗမာများသာမက အင်္ဂလိပ်များကလည်း စစ်ဖြစ်လာမည်ဟု မသိလိုက်ကြပေ။ ဗမာမြို့ဝန်သည် ဗြိတိသျှတို့၏ တိုက်ခိုက်မှုခံရသောအခါ လက်စားချေ လက်တုန့်ပြန်သည့်အနေဖြင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသားအားလုံးကို ဖမ်းဆီးထောင်ချလိုက်သည်။ ထို့ကြောင့် နောင်တွင် အနောက်တိုင်းသားတို့က ဗြိတိသျှတို့သည် သူတို့ကို သတိမပေးဘဲ စစ်တိုက်ခဲ့သည်ဟု စွပ်စွဲကြသည်။ အပြစ်တင်ကြသည်။ သို့သော် စစ်မှာ မတရားဘူးဆိုတာတော့ မရှိပါ။

ရန်ကုန်မြို့ဝန်သည် အခြေအနေကို ကောင်းစွာသဘောပေါက်လိုက်သည်။ ဗြိတိသျှစစ်သင်္ဘောများ၏ အမြောက်ဒဏ်ကို တည်ဆောက်ပုံညံ့ဖျင်းလှသော မြို့ရိုးနှင့် သစ်လုံးခံတပ်က ကာကွယ်နိုင်စွမ်း မရှိပေ။ မြို့တွင်းရှိ ဗမာစစ်အင်အားသည်လည်း ဗြိတိသျှစစ်တပ်ကို ခုခံနိုင်သော အင်အားလည်း မရှိပေ။ ပင်လယ်မှ အလွယ်တကူဝင်သိမ်းနိုင်သော ရန်ကုန်မြို့တွင် မြို့ရိုးကလည်း အမြောက်ဒဏ်ကို ကြံ့ကြံ့ခံနိုင်သော အနေအထား မရှိ။ ကမ်းတက်၍ မြို့ကို သိမ်းပိုက်သောအခါ ခုခံဖို့အတွက် လုံလောက်သော စစ်သည်အင်အားလည်း မရှိပေ။ အရည်အချင်းညံ့ပြီး မူးယစ်ရမ်းနေသော အရာရှိများ အကြပ်တပ်သားများသာ ရှိသည်။ စုစုပေါင်း အင်အား၁၀၀၀ (တစ်ထောင်) ကျော်ရှိသော်လည်း တိုက်ပွဲဝင်နိုင်သော မတ်စကက် (Muskets) သေနတ် ၁၀၀ (တစ်ရာ) မျှသာရှိသည်။ ကျန်သူများသည် ဓါးလှံလက်နက်များသာ အသုံးပြုကြသည် ဖြစ်သည်။ ထို့ကြောင့် တိုင်းတစ်ပါးသားတို့နှင့် အမှန်တကယ် ရင်ဆိုင်တိုက်ကြသောအခါ



www.burmeseclassic.com

www.burmeseclassic.com



ဗမာတို့ ဒုက္ခတွေ့လေတော့သည်။

ယခင်နှစ်ပေါင်းများစွာကတည်းက စိတ်သဘောထားကောင်းမွန်သူများက မြို့ဝန်ကို အသိပေးဘူးသည်။ မြို့ဝန်များ ပြောင်းလဲသွားသော်လည်း စိုးရိမ်စိတ်က ပြောင်းမသွားပေ။ အကယ်၍ တိုင်းတစ်ပါးနှင့် စစ်ဖြစ်ပါက ရန်ကုန်မြို့သည် အကာအကွယ်မဲ့သော အနေအထား၌ ရှိနေသည်ဟု အလောင်းမင်းတရားလက်ထက်မှစပြီး ဘိုးတော်ဘုရား၊ ဘကြီးတော်ဘုရားလက်ထက်အထိ အကြိမ်ကြိမ် သတိပေးဖူးသည်။ သို့သော် ဗမာဘုရင်တို့သည် အနောက်တိုင်းသားများကို အထင်သေးကြသည်။ မွန်တို့ကို သတ္တိရှိစွာဖြင့် ရင်ဆိုင်တိုက်ခိုက်ခဲ့ကြသကဲ့သို့ အနောက်တိုင်းသားတို့ကို တိုက်နိုင်သည်ဟု ယူဆနေကြသည်။

ယခု စစ်ပွဲတွင် ဗြိတိသျှတို့ဖက်မှ အသုံးပြုခဲ့သော စစ်အင်အားမှာ အောက်ပါအတိုင်း ဖြစ်သည်။

**၁။ ဘင်္ဂလားတပ် ဦးဆောင်သူ Colonel -MoCreagh**

| | | |
|---|---|---|
| H.M. 13th Regt | - 727 ranks | 1085 |
| H.M. 38th Regt | - | |
| 4oth Bengal N.I | - | 86 |
| ဥရောပအမြောက်တပ်သား | - | 360 |
| စုစုပေါင်း | - . | 2208 |

**၂။ မဒရပ်တပ်ဖွဲ့ဦးဆောင်သူ အမှတ်(၁)တပ်- Colonel Maclean**

| | |
|---|---|
| H.M. 41st Regt | - 762 |
| Madras European Regt | - 863 |
| 1st Battalion Pioneers | - 552 |
| 3rd Madras N.I | - 676 |
| 7th M.N.I | - 695 |
| 8th M.N.I | - 652 |
| 9th M.N.I | - 658 |
| 10th M.N.I | - 609 |





| | |
|---|---|
| 17th M.N.I | - 617 |
| 22nd M.N.I | - 711 |

| | |
|---|---|
| (၁) စုစုပေါင်း အသုံးပြုသော်တပ်သားအရေအတွက် (ဘင်္ဂလားတပ်နှင့်မဒရပ်တပ်) | - 6795 |
| (၂) H-M.89 Regt | - 1012 |
| (၃) မဒရပ် အမြောက်တပ်ဖွဲ့ Ma dras FootArtillery | - 560 |
| (၄) ဘုံဘေအမြောက်တပ်ဖွဲ့ (Bombay Foot Artillery) | - 69 |
| စုစုပေါင်း | - (10644) ယောက် |

အင်္ဂလိပ်တို့၏ စစ်အင်အားမှာ လွန်စွာကြီးမားသည်။ ယှဉ်ပြိုင်တိုက်ခိုက်ရန် မဖြစ်နိုင်ဟု ဆုံးဖြတ်ပြီးသည်နှင့် ဗမာတပ်သားအများစုသည် မြို့ပြင်ရှိ တောအုပ်များတွင် ပုန်းအောင်းလိုက်ကြသည်။ ဗြိတိသျှတို့က သူသေကိုယ်သေ အပြင်းအထန်တိုက်ကြဖို့ ရည်ရွယ်ပြီး အမြောက်လက်နက်ကြီးများ အသင့်ပြင်ဆင်ထားသော်လည်း အသုံးပြုစရာ မလိုတော့ပေ။

ဗမာဘုရင်ဆိပ်ကမ်းမှ ပစ်ခတ်မှု အနည်းငယ်ရှိခဲ့သော်လည်း အနီးကပ်ရင်ဆိုင် တိုက်ပွဲတော့ မဖြစ်ပေ။ ဗမာတပ်မှာ အဝေးမှ ပစ်ခတ်ပြီး ထွက်ပြေးသွားကြသည်။ ဗြိတိသျှတို့ဖက်က ပစ်ခတ်မှုများ စတင်ပြုလုပ်သောအခါ အမေရိကန်သာသနာပြု ဘုန်းတော်ကြီး Mr.Hough သည် လှေငယ်တစ်စီးနှင့် ကမ်းမှ ခွာလေတော့သည်။

ဗမာတို့ဖက်မှ ပစ်ခတ်မှုအချို့ ရှိနေသေးသော်လည်း ဗြိတိသျှစစ်သင်္ဘောကြီးများမှ ထပ်၍ ပစ်ခတ်မှုမရှိတော့ဘဲ ကမ်းတက်ခဲ့ကြသည်။ ဗြိတိသျှစစ်သင်္ဘောကြီးများမှ ပစ်ခတ်မှု ရပ်ဆိုင်းလိုက်ခြင်းသည် ရေဝန်၏ ခြိမ်းခြောက်မှုကြောင့်ဖြစ်သည်။ ရေဝန်က ခရစ်ယာန်ဘုန်းတော်ကြီး Mr.Hough မှတဆင့် ပေးပို့သောစာတွင်–

"ဗြိတိသျှစစ်သင်္ဘောများမှ ပစ်ခတ်မှုကို ချက်ချင်းရပ်ဆိုင်းပစ်ရမည်။ မလိုက်နာပါက ဖမ်းဆီးထားသော ဥရောပသား၊ ဓါးစာခံများကိုသတ်ပစ်မည်ဟု ခြိမ်းခြောက်[illegible] သောကြောင့်ဖြစ်သည်"။

ရေဝန်၏ ခြိမ်းခြောက်စာရသည်နှင့် ဗြိတိသျှစစ်သင်္ဘောကြီးများ[illegible] ပစ်ခတ်



www.burmeseclassic.com

www.burmeseclassic.com



မှုကို ရပ်လိုက်ကြသည်။ သို့သော် ဗမာတပ်သားများက အမြောက်လက်နက်များဖြင့် လှမ်း၍ ပစ်ခတ်နေခဲ့ကြသည်။ အင်္ဂလိပ်စစ်သင်္ဘောကြီးများမှ ကမ်းတပ်တိုက်မည့် တပ်ဖွဲ့သုံးဖွဲ့သည် စစ်လှေကြီးများဖြင့် မြို့ကို ဝင်စီးကြသည်။ ပထမအဖွဲ့သည် မြို့၏ အပေါ်ဖက်မှ ကမ်းတက်ခဲ့ကြသည်။ ဒုတိယအဖွဲ့သည် မြို့၏အောက်ပိုင်းမှ ကမ်းတက်ခဲ့ကြသည်။ တတိယအဖွဲ့သည် ရန်ကုန်ဆိပ်ကမ်းမှ ကမ်းတက်ခဲ့ကြသည်။

ဗမာတပ်မှာ အင်္ဂလိပ်ကမ်းတက်အဖွဲ့ကို ခုခံမှုမရှိကြဘဲ ထွက်ပြေးသွားကြသည်။ ရှေးဦးစွာ ဥရောပသားဓါးစာခံများကို ဖမ်းဆီးထားသော အကောက်ခွန်ရုံးကို ပိုင်းရာ ဗမာဘုရင့်စစ်သားများနှင့် အရာရှိများသည် ဓါးစားခံ ၇ ဦးကို ခေါ်ဆောင်သွားပြီး ထွက်ပြေးသွားကြသည်။ ကျန်နေသော ဥရောပသား ဓါးစာခံအားလုံးကို ကမ်းတက်အဖွဲ့မှ ကယ်တင်နိုင်ခဲ့သည်။ ဗမာအရာရှိနှင့် စစ်သည်တော်များ ဖမ်းဆီးသွားသည့် ဓါးစာခံ ၇ ဦး၏ အလောင်းများကိုမူ နောက်တစ်နေ့ ဗြိတိသျှစစ်သားများ ကင်းလှည့်နေစဉ် ဘုရားအနီးတွင် အလောင်းများကို တွေ့ရသည်။ ကယ်တင်နိုင်ခဲ့သော ဓါးစာခံများမှာ –

၁။ ဂျေစနီးဘော
၂။ ဂျေတာနာ
၃။ ဝီလီယမ်နို္ဒင်း
၄။ အာ(ရ်)ဝုမ်
၅။ ဂျီအိတ် ရော (သူသည် ရန်ကုန်မြို့တွင် မွေးဖွားကြီးပြင်းခဲ့သူဖြစ်သည်)
၆။ အာရတွန်း (အာမေးနီယန်း)
၇။ အာဂျေထရေး
၈။ အလက်ဇင်းဒါးတင့်(ခ်)
၉။ အိတ်(ခ်)ဒဗလျူသော်မဆင်
၁၀။ ဂျေဝါဒီ (အမေရကန်သာသနာပြု) နှင့်
၁၁။ ပီးအိုက်ဒီ (ဂရိ) တို့ ဖြစ်ကြသည်။

ရန်ကုန်မြို့ကို ပထမဆုံးကမ်းတက်ခဲ့သော တပ်က ဆက်လက်ထိန်းချုပ်ထားသည်။ ၁၂ နေ့ နံနက်အထိ တပ်များအားလုံး ကမ်းတက်ခြင်း မပြုကြသေးပေ။ ဗမာတပ်များသည် မြို့ကို စွန့်ခွာမသွားမီ ဥရောပသားကုန်သည်များ၏ ဂိုဒေါင်များကို ဖေါက်ပြီး အဖိုးတန်ပစ္စည်းအားလုံး သယ်ယူသွားသည်။ ဘရမ်ဒီအရက်ပုလင်းများ သိုလှောင်ထားသော ဂိုဒေါင်ကို ဖွင့်ပြီး အရက်များ သောက်ကြသည်။ ကျန်သောပုလင်း





များကို ရိုက်ခွဲပြီး မီးရှို့ခဲ့ကြသည်။ မြို့သူမြို့သားများကိုလည်း သယ်နိုင်သမျှသယ်ပြီး [illegible]
ထွက်ပြေးစေသည်။ ထို့နောက် မြို့ကို နေရာအနှံ့ မီးတင်ရှို့ပြီး ထွက်ပြေးသွားကြလေ[illegible]
သည်။ မီးသည် တစ်မြို့လုံးကို ကူးစက်ခြင်းမရှိဘဲ လူနေရပ်ကွက်မှ တဲအိမ်များကိုသာ [illegible]
ဝါးမြိုခဲ့သည်။ ထိုညက ဗမာတို့သည် ကြီးမားသော စစ်အင်အားဖြင့် ဝင်တိုက်ပါက [illegible]
ကမ်းတက်တပ်သည် အင်အားနည်းလွန်းသောကြောင့် ခုခံရန် မလွယ်ကူပေ၊ သို့သော် [illegible]
နိုင်ငံတကာစစ်ပွဲအတွေ့အကြုံ မရှိသောကြောင့် ဗမာတပ်သားများသည် အခွင့်အရေးကို [illegible]
အသုံးချရကောင်းမှန်း မသိကြပေ။

နောက်တစ်နေ့နံနက်တွင် သင်္ဘောကြီးများ ဆိပ်ကမ်းတွင် ကပ်ပြီး ကမ်းသို့ [illegible]
လာကြသောအခါ မြို့တွင်း၌ ဘာမျှမရှိတော့ပေ။ မြို့ပျက်ကြီး ဖြစ်သွားသည်။ တဲသာ [illegible]
ရောဟူ၍ ကြက်များသာ ရှိသည်။ မြို့သူမြို့သားအားလုံးသည် ပိုင်ဆိုင်သမျှသော [illegible]
ပစ္စည်းဥစ္စာများကို ယူပြီး မြို့နှင့်ဝေးရာသို့ ထွက်ပြေးသွားကြပြီဖြစ်သည်။

အစိုးရအရာရှိအချို့သာလျှင် ရှေးဟောင်းလက်နက်များဖြင့် အစိုးရ [illegible]
အဦးထဲတွင် ရှိနေကြသည်။ ထိုခေတ်က ရန်ကုန်မြို့တွင် ဘုရားလမ်း (The Pa –
goda Road) နှင့် ဆူးလေဘုရားလမ်း (The Sule Pagoda Road) မှသာ [illegible]
တပ်များကို အုပ်စုနှစ်စုခွဲပြီး လမ်းတစ်လျှောက် ချီတက်ခဲ့ကြသည်။ လမ်းတစ်လျှောက်တွင် [illegible]
ဗမာတို့ဖက်မှ ခုခံမှု လုံးဝမရှိတော့ပေ။

အင်္ဂလိပ်တပ်သည် ရွှေတိဂုံကုန်းမြင့်ပေါ်တွင် ခံတပ်ကြီးများ ဆောက်ပြီး [illegible]
အမြောက်ကြီးများကို စနစ်တကျ အထိုင်ချပြီး တပ်ဆင်လိုက်သောအခါ ရန်ကုန်တစ်မြို့ [illegible]
လုံးရှိ ပစ်မှတ်များကို စိတ်ကြိုက်ပစ်ခတ်နိုင်သော အနေအထားတွင် ရှိလာသည် [illegible]
တပ်ဖွဲ့များကို ပုဇွန်တောင်နှင့် သိမ်ဖြူတွင် ချထားလိုက်သည်။ ထိုခေတ်က သိမ်ဖြူ [illegible]
သိမ်ဖြူစတော့ကိတ် (The White House Stockade) ဟုလည်း ခေါ်သည်။

သင်္ဘောသားများကို ရန်ကုန်မြစ်အတွင်း စေလွှတ်ပြီး လက်နက်တပ်ဆင်ထား [illegible]
သော လှေများနှင့် မီးဖေါင်များကို ရှာဖွေပြီး ဖျက်ဆီးစေခဲ့သည်။ ဗြိတိသျှစစ်သင်္ဘောများ [illegible]
သည် မြစ်ဝတွင် ၂၄ နာရီစောင့်နေခဲ့သောကြောင့် ဗမာဘုရင့်စစ်တပ်သည် မြို့ကို [illegible]
မြေလှန်စနစ်ဖြင့် ဖျက်ဆီးနိုင်ခဲ့သည်။ မြို့တွင်း၌ လူတစ်ယောက်မျှမရှိ။ ကျွဲနွား [illegible]
ဆိတ်များ မရှိတော့ပေ။ အကယ်၍ စစ်သင်္ဘောကြီးများ ၂၄ နာရီ အချိန်စောင့် [illegible]
မြို့ကို ဝင်သိမ်းလိုက်ပါက မြို့သူမြို့သားများ ကျန်နေဦးမည်၊ စားနပ်ရိက္ခာများ သယ် [illegible]
နိုင်ဦးမည်ဖြစ်သည်။ ယခု ဗြိတိသျှတပ်သားတို့သည် စားနပ်ရိက္ခာရှာဖွေ မရနိုင်သော [illegible]
[illegible]ကို ခံစားရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အနီးအနား ကျေးရွာများသို့ သွားပြီး စားနပ်ရိက္ခာ ဝယ်ယူရေးမှာလည်း ထင်သလောက် မလွယ်ပေ။ မုတ်သုန်မိုးက အားကောင်းလှသည်။ သို့သော် အင်္ဂလိပ်တို့သည် ကြိုးစားပြီး အနီးအနားဒေသများတွင် ကြိုးစားပြီး ရှာဖွေသော်လည်း ကျွဲနွားနှင့် ဆန်ကို လုံးဝ ရှာမတွေ့နိုင်တော့ပေ။

ဗမာဘုရင်၏ အမိန့်ဖြင့် ဗမာများအားလုံး စားနပ်ရိက္ခာများကို ဖုက်ထားလိုက်ကြလေသည်။ မွန်တို့သည် သူတို့အား အစဉ်အဆက် အနိုင်အထက်ပြုထားကြသော ဗမာတို့ အရေးနိမ့်ချိန်တွင် ဗြိတိသျှတို့အလိုရှိသော စားနပ်ရိက္ခာကို ဈေးကောင်းကောင်းဖြင့် ရောင်းချခြင်းဖြင့် အမြတ်အစွန်းများစွာ ရရှိနိုင်သည်ဟု သဘောထားခဲ့ကြသည်။ သို့သော် လက်တွေ့တွင် ထင်သလိုဖြစ်မလာခဲ့ပေ။ ဗမာတို့က မြေလှန်စနစ်ကို ထိထိရောက်ရောက် လုပ်ဆောင်ခဲ့ကြသည်။ မြစ်ဝကျွန်းပေါ် မွန်တို့ဒေသတွင် ဆန်စပါးနှင့် ကျွဲနွား လွန်စွာပေါများသော်လည်း ရန်ကုန်သို့ သယ်ခွင့်မပြု။ သယ်လာပါက သိမ်းဆည်းခံရမည်ဟု ဗမာဘုရင်က အမိန့်ထုတ်ထားပြီး ဗမာစစ်သားများစွာ အဓိက အချက်အချာနေရာတိုင်းတွင် ရှိနေသောကြောင့် မွန်တို့သည် ဆန်စပါးနှင့် ကျွဲနွားများကို ရောင်းချခြင်း မပြုနိုင်တော့ပေ။ ရန်ကုန်မြို့မှ ထွက်ပြေးလာကြသူများသည် တနယ်တကျေးတွင် နေထိုင်စားသောက်ရေး အခက်ကြုံသောကြောင့် ရန်ကုန်မြို့တွင် ပြန်လည်နေထိုင်လိုသော်လည်း ဗမာတပ်များက နေရပ်ပြန်ခွင့် မပြုသောကြောင့် နီးစပ်ရာရွာများ၌ သောင်တင်နေကြသည်။

ထို့ကြောင့် အင်္ဂလိပ်တပ်သည် ရန်ကုန်မြို့ကို သိမ်းပိုက်ပြီးဖြစ်သော်လည်း ကိုးလတိုင်အောင် စားနပ်ရိက္ခာအခက်အခဲနှင့် ရင်ဆိုင်နေရသည်။ ဘင်္ဂလားနှင့် မဒရပ်မှ စားနပ်ရိက္ခာများ လုံလောက်အောင် အဆက်မပြတ် ပို့ပေးနေသော်လည်း မုတ်သုန်ရာသီတွင် အခက်ကြုံနေရသည်။ ဗမာတို့ဖက်ကလည်း ဗြိတိသျှတို့ကို ထိုးစစ်ဆင်တိုက်ခိုက်ရန် အဆင်သင့်မဖြစ်သေးပေ။

ဗမာပြည်ကို ဝင်ရောက်ကျူးကျော်နေသော ဗြိတိသျှအတွက် စားနပ်ရိက္ခာပေးသွင်းရသော ကန်ထရိုက်သည် အလွန်ညံ့သည်။ အင်္ဂလိပ်တပ်မှာ ဆားစိမ်အမဲခြောက်၊ အနံ့အရသာ မကောင်းသော ဘီစကွက်ကြမ်း၊ အညံ့စားဒိန်ခဲများကိုသာ စားသုံးရသည်။ နောင်တွင် ဆန်အနည်းငယ်ဝယ်၍ ရနိုင်သောကြောင့် ထမင်းကောင်းကောင်း စားခွင့်ရသည်။ အမဲသားခြောက်မရသောအခါ ငါးခြောက်ကို အဓိကထားပြီး စားသောက်ရလေသည်။

ဗြိတိသျှစစ်သားများသည် ကိုကိုးနှင့် ကော်ဖီကို လွှမ်းနေကြသည်။ သကြား





မရနိုင်သောကြောင့် အရသာကင်းမဲ့စွာ စားသောက်နေရသည်။ ပေါင်မုန့်မစားရသည်မှာကြာလေပြီ။ ဥယျာဉ်များမှ နာနတ်သီးများ အလျှံပယ်ရသည်။ တောထဲဝင်ပြီး ရှာရင်း သီးနှံမျိုးစုံ ရနေသည်။ ထို့ကြောင့် ဗီတာမင်ချို့တဲ့မှုတော့ မဖြစ်ပေ။

ဗြိတိသျှစစ်သားများသည် ငှက်များကို ပစ်ခတ်ပြီး ချက်ပြုတ်စားသောက်ကြသည်။ မကြာမီ မွန်တို့ထံမှ နွားအကောင်ရေ ၄၀၀၀ (လေးထောင်) ဝယ်ယူနိုင်ခဲ့သည်။ ဗမာစစ်သားများ၏ စောင့်ကြပ်မှုသည် အချိန်ကြာလာသည်နှင့်အမျှ ဟာကွက်များ ရှိလာသည်။ ထို့ကြောင့် မွန်များသာမက၊ ဗမာဆင်းရဲသားများလည်း သိုး၊ နွား၊ ဆိတ်၊ ကျွဲ၊ ဘဲသား၊ ကြက်သားမှ စပြီး နွားနို့၊ ထောပတ်၊ ဒိန်ခဲ၊ လက်ဖက်ခြောက်၊ ဝိုင်အရက်၊ ချက်အရက်များအထိ စုံလင်စွာ လာရောက်ရောင်းချကြလေသည်။ ဈေးနှုန်းမှာ –

- သိုးသားတစ်ပေါင်လျှင် ငါးသျှိလင်၊ (Shillings)
- ဘဲတစ်ကောင်လျှင် (၁၈) သျှိလင်
- ကြက်တစ်ကောင် (၂၀) သျှိလင်
- ပေါင်မုန့်တစ်ပေါင် (၂၀) သျှိလင်
- ထောပတ်တစ်ပေါင်လျှင် (၄) သျှိလင်
- ဒိန်ခဲတစ်ပေါင်လျှင် (၅) သျှိလင်
- လက်ဖက်ခြောက်တစ်ပေါင်လျှင် (၂၀) သျှိလင်
- အာလူးတစ်ခြင်း (၁၃၀ပေါင်) အတွက် ဈေးနှုန်းသည် (၂၀) သျှိလင်
- ဝိုင်အရက် (သို့မဟုတ်) ချက်အရက်တစ်ပုလင်းလျှင် (၁၀) သျှိလင်

ဤသည့်ဈေးနှုန်းများဖြင့် ဝယ်ယူနိုင်သောအခါ ဈေးသက်သာစွာဖြင့် အစားအသောက်မျိုးစုံ ဝယ်ယူနိုင်သောကြောင့် ဗြိတိသျှစစ်သားများသည် စုဆောင်းထားသော လစာငွေဖြင့် စားနပ်ရိက္ခာ တွေ့သမျှ ဝယ်သည်။ ဗမာများနှင့် မွန်များဖက်ကလည်း စားဝတ်နေရေးအတွက် အရေးကြီးသောကြောင့် မိမိတို့တိုင်းပြည်ကို ကျူးကျော်ရောက်လာသော စစ်တပ်ဟု နားမနိုင်လည်ဘဲ လက်တလော ဝမ်းရေးအဆင်ပြေဖို့ အပြေးအလွှား လာရောက်ရောင်းချခဲ့ကြလေသည်။

ဗမာပြည်ရာသီဥတုသည် ဒေသခံများအတွက် ယဉ်ပါးနေသော်လည်း တိုင်းတစ်ပါးသားတို့အတွက်မူ များစွာ အခက်တွေ့ကြသည်။ အအေးမိ၍ ဖျားနာခြင်း၊ ဝမ်းကိုက်ဝမ်းလျှောခြင်း၊ အဆစ်အမြစ်ကိုက်ခဲခြင်းများ ဖြစ်ပွားလေသည်။

ဇူလိုင်လတွင် စကာဗီ (Scurvy) ရောဂါ ပြင်းပြင်းထန်ထန် ဖြစ်ပွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က ဟင်းသီးဟင်းရွက်နှင့် အမဲသား ကြက်သားများ ဝယ်ယူခွင့်မရသေးသောကြောင့် စကာဗီရောဂါ အဖြစ်များခဲ့ကြခြင်းဖြစ်သည်။ ဆေးရုံတွင်လည်း ထိုအချိန်က ဆေးဝါးများ ပြတ်တောက်နေသည်။

ဖွန်လမှ အောက်တိုဘာလအထိ ဆေးရုံတက်ပြီး ကုသခဲ့ရသော အင်္ဂလိပ်တပ်သား အရေအတွက်သည် အမြောက်တပ်မှ ၁၂၇ ယောက် ဖြစ်သည်။ ကျန်တပ်မှ လေးပုံတစ်ပုံ လစဉ် ဆေးရုံတက်ရသည်။

နိုဝင်ဘာလတွင် ဥရောပတပ်သား ၅၀၀၀ (ငါးထောင်)အနက် တိုက်ပွဲဝင်နိုင်သူ အရေအတွက်သည် ၁၃၀၀ (တစ်ထောင့်သုံးရာ)မျှသာ ရှိတော့သည်။ ဗမာပြည်ရောက်ပြီး ပထမ ၁၁ လအတွင်း ဥရောပတပ်သားထက်ဝက်မျှ သေဆုံးခဲ့သည်။

ဩဂုတ်လတွင် ပေါင်မုန့်၊ ဘီစကွတ်မုန့်မျိုးစုံ ဖုတ်နိုင်သော မုန့်ဖိုများ တည်ဆောက်ခဲ့ကြသည်။ ပေါင်မုန့်ကောင်းကောင်းကို လုံလောက်စွာ ထုတ်လုပ်နိုင်ခဲ့သောကြောင့် နေမကောင်းသူအများစု နေကောင်းလာကြသည်။

သယ်ယူပို့ဆောင်ရေးကပ္ပတိန်များသည် မြစ်ရိုးတက်လျှောက် ငါးဖမ်းကြရာ ရိက္ခာအတွက် များစွာအထောက်အကူရသည်။ ဗမာဘုရင်နှင့် ဗြိတိသျှတို့ စစ်ဖြစ်နေသောကြောင့် ကုန်သည်များအားလုံး ရန်ကုန်မြို့ကို ဝင်ထွက်ခြင်း မပြုကြသော်လည်း၊ နိုင်ငံခြားကုန်သည်တစ်ဦးနှင့် ဒေသခံများ ပူးပေါင်းပြီး ဗြိတိသျှစစ်သားများကို ဘီယာ လာရောင်းကြသည်။ ဘီယာပုလင်း ၁ ဒါဇင် ၁၂ လုံးအတွက် ၈ ရူပီး၊ ဘီယာတစ်စည်လျှင် ၉၀ ရူပီး နှုန်းဖြစ်သည်။ ထိုနှုန်းဖြင့် ကုန်သည်များက ဝယ်ယူပြီး ဗြိတိသျှစစ်သားတို့ကို အမြတ်တင်ပြီး ရောင်းချကြသည်။

ဘီယာစည်အတွင်းမှ ဘီယာကို ပုလင်းများထဲတွင် ထည့်သွင်းပြီး တစ်ပုလင်း (RS-1.8) ရူပီး ၁.၈ ဈေးနှုန်းဖြင့် လာရောက်ရောင်းချကြသည်။ သံဘူးသေး ၁ ဘူးလျှင် (RS-1.4) ၁.၄ ရူပီးနှုန်းဖြင့် ရောင်းချရာ အမြတ်ငွေ ရူပီး ၁၀၀၀၀ (RS.10,000) အထိ ရရှိကြသည်။

ဒုတိယနှစ် မိုးရာသီ၏ဒဏ်ကို ဗြိတိသျှနှင့် အိန္ဒိယစစ်သားများ ခံနိုင်ရည်ရှိလာသောကြောင့် ဖျားနာသူအရေအတွက် များစွာ လျော့ကျသွားသည်။ ထိုအချိန်တွင် ဗြိတိသျှစစ်တပ် အကြီးအကျယ်ကံကောင်းသွားမှာ ပီနန်မှ တရုတ်ကုန်သည်များသည် ပင်လယ်ပြင် သွားလာရေးအခြေအနေကောင်းသည်နှင့် ရန်ကုန်မြို့ကို သိမ်းထားသော ဗြိတိသျှစစ်တပ်အတွက် ပေါင်မုန့်၊ လက်ဖက်ခြောက်၊ သကြား၊ အမဲသား၊ ဝက်သား၊ ဟင်းသီးဟင်းရွက်များကို နေ့စဉ်နေ့တိုင်း လတ်လတ်ဆတ်ဆတ် သယ်လာပြီး ရောင်းချ





ကြလေတော့သည်။

ရန်ကုန်မြို့ကို ဝင်ရောက်သိမ်းပိုက်ခဲ့ခြင်းအတွက် အစီစဉ်အမိန့်ပေးသူ လော့(ဒ်)ကွမ်ဘာမီယာ (Lord Combermer) ကိုလည်း ဝမ်လင်တန်မြို့စားက အပြစ်တင်လေသည်။

ရခိုင်နယ်စပ်ပြဿနာကို ရခိုင်မှာ စေ့စပ်ဖြေရှင်းလို့ ရသည်။ ဗမာတို့က ကြီးမားသော စစ်အင်အားသုံးပါက အင်္ဂလိပ်တို့ကလည်း ကြီးမားသော စစ်အင်အားကို အသုံးပြုနိုင်သည်။ အင်္ဂလိပ်တို့က စစ်မြေပြင်သုံး အမြောက်ကြီးများစွာရှိသည်။ ဗမာတပ်တွင် လက်နက်ကောင်းကောင်း မရှိ။ သို့သော် လော့(ဒ်)ကွမ်ဘာမီယာသည် ရခိုင်စစ်မျက်နှာတွင် စစ်မြူပြီး အကာအကွယ်မဲ့နေသော ရန်ကုန်ကို ဝင်သိမ်းလိုက်သည်။

စစ်ပျူဟာအရ ရန်ကုန်မြို့သည် လွန်စွာအရေးပါသော ပင်လယ်ထွက်ပေါက်ဖြစ်သည်။ ရန်ကုန်ကို သိမ်းယူပြီး ပိတ်ဆို့ထားလိုက်ခြင်းဖြင့် ဗြိတိသျှတို့နှင့် စစ်ဖြစ်နေသော ဗမာအစိုးရသည် ပြင်သစ်တို့ထံမှ အမြောက်လက်နက်ကြီးများ ဝယ်ယူတင်သွင်းနိုင်သော အနေအထား မရှိတော့ပေ။ ဗြိတိသျှတို့ဖက်က အကြံပိုင်ပါသည်။ သို့သော် ကြီးမားစွာ ဒုက္ခခံလိုက်ရသည်က ဗြိတိသျှစစ်သားများဖြစ်ကြသည်။ ဗြိတိသျှစစ်သားတို့၏ စားသောက်ရေးအတွက် ဘာတစ်ခုမျှ အစီအစဉ်လုပ်ပေးခြင်းမရှိဘဲ လွှတ်လိုက်သည်။

ဗမာဘုရင်သည် အထက်ဗမာပြည်မှ စစ်သည်အင်အား ၁၀၀၀၀၀ (တစ်သိန်း) ကျော်ရှိပြီး ရန်ကုန်ကို လာတိုက်စဉ်က စားစရာမရှိသော စစ်သားများသည် အသက်ဘေးကြောင့် အငတ်ဘေးဒဏ်ကို မမှုကြတော့ဘဲ ရဲဘောစားပြီး တိုက်ပွဲဝင်ခဲ့ကြသည်။ ဗြိတိသျှတို့သည် အနီးကပ်တိုက်ပွဲအတွက် အားအင်ကုန်ခမ်းနေသောကြောင့် အဝေးပစ်အမြောက်ကြီးများ အသုံးပြုပြီး ဗမာဘုရင်တပ်များ အနီးမကပ်မီ အဝေးမှ ဖြိုခွင်းခဲ့ကြသည်။ အကျအဆုံး များလွန်းသောကြောင့် ဗြိတိသျှတပ်များကို ရင်ဆိုင်တိုက်ခိုက်ဖို့ ကြိုးပမ်းခြင်းမပြုတော့ဘဲ ဗမာတပ်များ ကစင့်ကလျားဖြင့် ထွက်ပြေးသွားကြလေတော့သည်။

ဗမာတပ်သည် ကြည့်မြင်တိုင်၊ ကမာရွတ်၊ ကုက္ကိုင်းရွာများတွင် စစ်တပ်ပြန်လည်ဖွဲ့စည်းပြီးနောက် ဗမာစစ်တပ် အဖွဲ့ငယ်များက အကြိမ်ကြိမ် ထိုးဖောက်တိုက်ခိုက်ခဲ့ကြသေးသည်။ သို့သော် ဗြိတိသျှတို့၏ မတ်စကက်သေနတ်နှင့် အဝေးပစ်အမြောက်ကြီးများကို မယှဉ်နိုင်ပေ။ မေလကုန်တွင် ဗမာဘုရင့်တပ်သည် လုံးဝ အရေးနိမ့်သွားပြီဖြစ်သည်။ ထိုအချိန်ကာလတွင် အင်္ဂလိပ်တို့သည် ဗမာစစ်တပ်၏ တိုက်ခိုက်မှုအပြင် ရာသီဥတု၏ တိုက်ခိုက်မှုကို အပြင်အထန် ခံနေရလေတော့သည်။ ရန်သူနှင့် တိုက်ခိုက်



www.burmeseclassic.com

www.burmeseclassic.com



စဉ်အခါက ထိခိုက်ကျဆုံးမှုမရှိခဲ့သော်လည်း မှတ်သုန်မိုး၏ဒဏ်ကြောင့် အဖျားဒဏ် ဝမ်းလျှောဒဏ်မျိုးစုံဖြင့် သေဆုံးခဲ့ကြလေသည်။

မေလကုန်ပိုင်းတွင် ဗမာဘုရင့်တပ်မတော်သားများသည် ရန်ကုန်တိုက်ပွဲတွင် လုံးဝ ရှုံးနိမ့်ခဲ့ကြပြီဖြစ်သောကြောင့် တပ်ပျက်ပြီး ဆုတ်ခွာခဲ့ကြသော်လည်း မျိုးချစ်စိတ်ဓာတ် ပြင်းထန်လွန်းသူများသည် ဆက်လက်၍ ခုခံနေကြသည်။ ထို့ကြောင့် မေလ ၂၈ ရက်နေ့တွင် ဗိုလ်ချုပ်ကင်းဘဲ(လ်)သည် တပ်အချို့နှင့်အတူ ရန်ကုန်မြို့၏ မြောက်ဖက်သို့ ချီတက်ပြီး ဗမာစစ်သားများ တပ်စွဲခဲ့သည့် သစ်လုံးခံတပ်(စတော့ကိတ်)သုံးခုကို သိမ်းပိုက်လိုက်သည်။ တောင်ကုန်းကြီးများတွင် အဝေးပစ်အမြောက်ကြီးများ တပ်ဆင်ပြီးနောက် ကျန်းမာရေးမကောင်းသည့် အမြောက်တပ်သားများကို အမြောက်ကြီးများနှင့်အတူ ရန်ကုန်ပြန်လွှတ်လိုက်သည်။ အစောင့်အဖြစ် သုံးပုံတစ်ပုံ ပြန်လွှတ်လိုက်သည်။ ကျန်သောတပ်အင်အား သုံးပုံနှစ်ပုံနှင့်အတူ ရှေ့ဆက်ချီတက်ခဲ့ကြသည်။

ထိုရက်ပိုင်းအတွင်း မိုးက သည်းသည်းမည်းမည်း ရွာခဲ့သောကြောင့် ရွှံ့ဗွက်များ ထနေသည်။ ရေလည်း အတော်များသည်။ ကြို့ကုန်းရွာအထိ ရှစ်မိုင်မှ ဆယ်မိုင်အထိ ကြိုးစားပြီး သွားခဲ့ကြသည်။ ကြို့ကုန်းရွာတွင် ဗမာဘုရင့်တပ်မတော်သားများသည် သစ်လုံးခံတပ်နှစ်ခု တည်ဆောက်ထားသည်။ ထို့ကြောင့် တိုက်ပွဲအပြင်းအထန် ဖြစ်သည်။ ဗြိတိသျှတို့သည် လက်နက်ကြီးများ အသုံးပြုနိုင်သော်လည်း အကာအကွယ်မဲ့ အနေအထားဖြစ်သောကြောင့် ကျဆုံးမှု ရှိသည်။ ထို့ကြောင့် ကင်းဘဲ(လ်)သည် အချိန်မဆွဲတော့ဘဲ ဖိတိုက်ရာ ဗမာစစ်သည်တို့ အရေးနိမ့်လေသည်။ ထို့ကြောင့် တောထဲဝင်၍ အကာအကွယ်ယူကြလေတော့သည်။

မေလ ၂၉ ရက်နေ့တွင် နောက်ထပ် အင်္ဂလိပ်တပ်တစ်ခု စေလွှတ်ပြီး တောထဲဝင် သွားသူများကို ရှာဖွေတိုက်ခိုက်ကြသည်။ သို့သော် ဗမာစစ်သားတို့က တောကျွမ်းသော ကြောင့် ရှာဖွေတိုက်ခိုက်ရန် မဖြစ်နိုင်ခဲ့လေ။

မေလ ၃၀ ရက်နေ့တွင် ရွှေတိဂုံအနီး တောနက်ကြီးထဲရှိ ဗမာတို့၏ သစ်လုံးခံတပ်ကို သိမ်းပိုက်လိုက်ကြသည်။ ထိုနောက် သန်လျင်ဘက်သို့ စေလွှတ်ပြီး ဖေင်ကာ၏ ရှေးဟောင်းပေါ်တူဂီခံတပ်ကို ရှာဖွေရာ အနီးပါတ်ဝန်းကျင်တွင် ဗမာဘုရင့်တပ်မတော်သားများ လုံးဝ မရှိသောကြောင့် ပေါ်တူဂီခံတပ်ပေါ်ရှိ ခြုပင်၊ သစ်ပင်များကို ရှင်းလင်းလိုက်ကြသည်။ ပေါ်တူဂီခံတပ်၏ အနေအထားသည် သေနင်္ဂဗျူဟာအရ အလွန်အချက်အချာကြပြီး ခုခံကာကွယ်ရန် အကောင်းဆုံးအနေအထား၌ ရှိသည်။

ရန်ကုန်တိုက်ပွဲကာလတွင် ဗမာ့တပ်မှ ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်





ခုခံတိုက်ခိုက်ခဲ့သော နေရာသည် ကြည့်မြင်တိုင်မှ ဖြစ်သည်။ ထိုအချိန်က ကြည့်မြင်တိုင်တွင် သစ်လုံးခံတပ်များစွာ တည်ဆောက်ထားသောကြောင့် ထိရောက်စွာ ခုခံနိုင်ခဲ့ကြလေသည်။ ဇွန်လ ၃ ရက်နေ့တွင် ရွှေတိဂုံဘုရားအနောက်ဖက်ရှိ တောအုပ်အတွင်း အခိုင်အခံ့တည်ဆောက်ထားသော သစ်လုံးခံတပ်များကို သိမ်းပိုက်ရာတွင် အကြီးအကျယ် တိုက်ခိုက်မှုများနှင့် ကြုံတွေ့ခဲ့ရလေသည်။

ထိုအချိန်တွင် ဗမာ့တပ်သည် လှေများဖြင့် ချီတက်လာပြီး အနီးရှိ ရွာမှ လူများကို ဖယ်ရှားပြီး ရွာကို မီးတင်ရှို့လိုက်ကြသည်။ မီးလောင်ပြင်နှင့် တိုက်ပွဲ ရောနှောနေသည်။ ဗမာ့တပ်က အသက်ပေါင်းများစွာ စွန့်လွှတ်ပြီး ဗမာ့သတ္တိသွေးကို ပြခဲ့ကြသည်။ သို့သော် လက်နက်အင်အား ကွာခြားမှုသည် တိုက်ပွဲတစ်ခုကို အနိုင်အရှုံး အဆုံးအဖြတ်ပေးသောကြောင့် ဗမာ့တပ်သားများ လှေများဖြင့် ဆုတ်ရာ ဗြိတိသျှက လှေများကို အမြောက်နှင့် လှမ်းပစ်သောကြောင့် လှေများ ပျက်ဆီးကုန်သည်။ ထို့ကြောင့် ဗမာတပ်သားများ တောထဲ ဝင်ပြေးရလေသည်။

ဇွန်လ ၁၀ ရက်နေ့တွင် အကွဲကွဲအပြားပြားဖြစ်နေသော ဗမာတပ်သားများကို စနစ်တကျ စုစည်းနိုင်ခဲ့ပြီဖြစ်သောကြောင့် တန်ပြန်ထိုးစစ်ဆင်ရာ ဇွန်လ ၁၀ ရက်နေ့တစ်နေ့လုံး ပြင်းပြင်းထန်ထန် တိုက်ခဲ့ကြသည်။ သို့သော် ဇွန်လ ၁၁ ရက်နေ့တွင် ကြည့်မြင်တိုင် သစ်လုံးခံတပ်ကို ဗြိတိသျှတပ်က သိမ်းပိုက်နိုင်ခဲ့လေသည်။

ဇွန်လတွင် ရန်ကုန်မြို့ရှိ ဗြိတိသျှတပ်များ ကြားရသောသတင်းအရ ဗမာဘုရင်၏ အမိန့်ဖြင့် ဒလမြို့ဝန်သည် မန်းကီးပွိုင့် (Mankey Point) ကို ပိတ်ဆို့ပြီး ဗြိတိသျှတပ်ကို ဘင်္ဂလားနှင့် အဆက်အသွယ်ဖြတ်တောက်ဖို့ ကြိုးပမ်းခဲ့သည်။ သို့သော် အောင်မြင်မှုမရခဲ့ပေ။

ဗမာဘုရင်၏အမိန့်အရ ရေကြောင်းနားလည်သူများသည် ရန်ကုန်မြို့ အောက်ဖက်ပိုင်းရှိ ပဲခူးမြစ်မှ မြစ်ကျဉ်းနေရာများကိုလည်း ပိတ်ဆို့ရန် ကြိုးစားခဲ့သည်။

ဗြိတိသျှတို့က မြစ်ကျဉ်းနေရာအားလုံးတွင် အစောင့်ချထားပြီး ဆီးကြိုတိုက်ခိုက်ခဲ့ကြသည်။ ဇွန်လတစ်လလုံး ဗမာတပ်နှင့် အင်္ဂလိပ်တပ်တို့သည် အဆက်မပြတ် တိုက်ခိုက်နေခဲ့ကြသည်။ အကြီးအကျယ် ထိုးစစ်ဆင်ဖို့ ရည်ရွယ်သော်လည်း အင်အား မရှိတော့ပေ။ မေလနှင့် ဇွန်လ နှစ်လတာအပြင်းအထန် ခုခံတိုက်ခိုက်သော်လည်း အောင်မြင်မှု မရခဲ့သောကြောင့် ဗမာ့တပ်မှူးဝန်ကြီး သတိုးမင်းကြီးမဟာနှင့် သတိုးမဟာ သေနာပတိတို့ကို ရာထူးမှ ဖယ်ရှားပြီး ဝန်ကြီးသတိုးမင်းခေါင်နှင့် ဝန်ကြီးသတိုးမဟာ သေနာပတိတို့နှင့် အစားထိုးလဲလှယ်လိုက်ပြီး ထိုးစစ်အတွက် အပြင်းအထန် ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



လာကြသည်။

ဗမာတပ်သည် မြစ်ကြောင်းတစ်လျှောက် အင်္ဂလိပ်စစ်သင်္ဘောများကို ဖျက်ဆီးရန် ရည်ရွယ်၍ မီးပေါင်ကြီးများ မျှောချလိုက်သည်။ ဗမာတပ်မှူး ၂ ဦးသည် ကမာရွတ်တွင် ဠာနချုပ် ဖွင့်လှစ်လိုက်သည်။ ပြီးနောက် ဝိုင်းပတ်၍ တိုက်ခိုက်ကြသည်။

ဇွန်လိုင်လ ၁ ရက်နေ့နံနက်တွင် ဗမာတပ်သည် မီးပေါင်ဖြင့် တိုက်ခိုက်မှုအစီအစဉ်ကို လုံး၀ ရပ်တန့်လိုက်ပြီးနောက် ဗမာ့တပ်မှ ထိုးစစ် စတင်ဆင်နွှဲခဲ့လေသည်။

ဗမာတပ်သားတို့သည် ရွှေတိဂုံနှင့် ကြည့်မြင်တိုင်ကြားရှိ တောအုပ်အတွင်းမှ ထွက်၍ အပြင်းအထန် တိုက်ခိုက်ကြလေသည်။ ရွှေတိဂုံအရှေ့ဖက်တွင် အပြင်းအထန် တိုက်ခိုက်ခဲ့ကြသည်။ ဗမာ့တပ်များကိုလည်း အင်္ဂလိပ်တို့က ကြံ့ကြံ့ခံ တိုက်ထုတ်နိုင်ခဲ့သည်။ ဇူလိုင်လ ၈ ရက်နေ့တွင် အလွန်ပြင်းထန်သော တိုက်ပွဲတွင် လှိုင်နှင့်ပန်းလှိုင်မြစ်တို့ ဆုံရာအရပ်တွင် အခိုင်အမာ ပြုလုပ်ထားသော ဗမာတို့၏ ခံစစ်ကြောင်း ပျက်ဆီးသွားသည်။ ကမာရွတ်ခံစစ်ကြောင်းလည်း ပျက်ဆီးသွားသည်။ ဗမာ့တပ်မှူးကြီးနှစ်ဦးအနက် သတိုးမင်းကြီး ကျဆုံးသွားသည်။ ဗမာ့တပ်များသည် မင်္ဂလာဒုံနယ်အတွင်းရှိ ကျိုက်ကလို့တွင် စစ်အင်အား ပြန်လည် စုဆောင်းကြသည်။

ဇူလိုင်လ ၉ ရက်နေ့တွင် ဗမာ့တပ်မတော်သည် ကျိုက်ကလို့မှ ထိုးစစ်ဆင်သည်။ ရေတပ်သည် ပုဇွန်တောင်ဖက်မှ ထိုးပေါက်ဝင်ရောက်ဖို့ ကြိုးစားသည်။ ရည်ရွယ်ချက်မှာ စစ်ကြောင်းနှစ်ခု ရန်ကုန်မြို့တွင်း၌ ပြန်ဆုံကြရန်ဖြစ်သည်။ သို့သော် ကျိုက်ကလို့ဖက်မှ ထိုးဖောက်သော တပ်များအားလုံး ချေမှုန်းခံလိုက်ရသလို ပုဇွန်တောင်ဖက်မှ တက်ဖို့ကြိုးစားသော တပ်များလည်း ချေမှုန်းခံလိုက်ရသည်။

ဩဂုတ်လတွင် ဗမာ့တပ်မတော်၌ အင်အားလွန်စွာ နည်းသွားပြီဖြစ်ရာ၊ စစ်မြေပြင်တွင် နှစ်ဖက်စစ်တပ် မျက်နှာချင်းဆိုင်ပြီး တိုက်ရန်မဖြစ်နိုင်တော့ပေ။ ထို့ကြောင့် ရံဖန်ရံခါ အုပ်စုငယ်လေးများဖြင့် အလစ်ဝင်ရောက်တိုက်ခိုက်ခြင်းမျှသာ ပြုလုပ်နိုင်လေတော့သည်။

စက်တင်ဘာလကုန်ပိုင်းတွင် ဗမာ့တပ်မှ တိုးစစ်ဆင်မှု မရှိတော့သည့်အတွက် ပန်းလှိုင်ဖက်ရှိ သစ်လုံးခံတပ်ကို ဖျက်ဆီးခဲ့သည်။ အောက်တိုဘာလအတွင်း ဗြိတိသျှတပ်များ ကျိုက်ကလို့ကို သိမ်းပိုက်ထားခဲ့သည်။ တံတားကလေးမြောက်ဖက်ရှိ တံတားကြီးသစ်လုံးခံတပ်ကို ဝင်သိမ်းခဲ့ကြသည်။

နိုဝင်ဘာလတွင် ဗမာတို့၏အားအကိုးရဆုံး စစ်သူကြီးမဟာဗန္ဓုလသည် ရန်ကုန်အနီးသို့ ရောက်လာသည်။ မဟာဗန္ဓုလ၏ တပ်တွင် တိုက်ပွဲတိုင်းအောင်မြင်သော





စစ်ရေးအတွေ့အကြုံ ရင့်ကျက်သည့် စစ်သည်တော် ၅၀၀၀၀ (ငါးသောင်း)ကျော်ပါလာသည်။ မဟာဗန္ဓုလသည် ကျိုက်ကလို့တွင် ဌာနချုပ်ဖွင့်လိုက်သည်။

ဒီဇင်ဘာလ ၁ ရက်နေ့တွင် ကြည့်မြင်တိုင်မှ ပုဇွန်တောင်အထိ ကာကွယ်ရေးလိုင်း တည်ဆောက်နိုင်ခဲ့သည်။ မဟာဗန္ဓုလ၏ ရှေ့တန်းစစ်မျက်နှာသည် ဝရိယာ ကျယ်ပြန့်သည်။ ဗမာ့တပ်သည် ကျူးကျော်သူ အင်္ဂလိပ်တပ်ထက် အင်အား ၆ ဆမျှ ပိုများလေရာ လက်နက်ကောင်း မရှိသော်လည်း တိုက်ပွဲအတွေ့အကြုံ ကောင်းစွာရှိသောကြောင့် လိမ္မာပါးနပ်ကြသည်။ ကျယ်ပြန့်သော ရှေ့တန်းဧရိယာဖြန့်ပြီး ဝင်လေရာ အင်္ဂလိပ်တို့ဖက်က စစ်အင်အားသည် ဗမာတို့ကဲ့သို့ ကျယ်ပြန့်သော ဧရိယာဖြန့်ဖို့ မလွယ်သောကြောင့် အဓိကအချက်အချာကျသော နေရာများမှ ရင်ဆိုင်လိုက်ကြသည်။ ထိုအခါ ခွဲဖြန့်ထားသော ဗမာ့တပ်ကို ဗြိတိသျှတို့နှင့် ရင်ဆိုင်တိုက်ခိုက်နေရသော ဧရိယာသို့ ပြန်စုလိုက်ရသည်။

ဒီဇင်ဘာလ ၁ ရက်နေ့တွင် ကြည့်မြင်တိုင်ဘက်မှ ထိုးဖောက်ဝင်ရောက်လာသော ဗမာ့တပ်နှင့် အင်္ဂလိပ်တို့ အပြင်းအထန်တိုက်နေစဉ် ဗြိတိသျှရေတပ်က အမြောက်ကြီးများဖြင့် လှမ်းပစ်ကြသည်။ ဗမာတပ်မှ လွန်စွာအထိနာသောကြောင့် မြစ်အတွင်းမှ ဗြိတိသျှတိုက်သင်္ဘောလေးများကို မီးဖောင်မျှောပြီး ဖျက်ဆီးခဲ့သည်။ သို့သော် မီးဖောင်များ အနားမရောက်မီ အမြောက်ဖြင့် ပစ်ခတ်ဖျက်ဆီး လိုက်ကြသောကြောင့် ထိရောက်မှုတော့ မရှိခဲ့ပေ။

ညနေဖက်တွင် ဗမာ့တပ်သားများသည် ရွှေတိဂုံဘုရား၏ အရှေ့မြောက်ဖက်မှ ထပ်၍ အပြင်းအထန် ထိုးစစ်ဆင်ပြီး တိုက်ခိုက်ခဲ့ကြလေသည်။ ဘုရားမြောက်ဘက်အဝင်ဝအထိ ထိုးဖောက်လာနိုင်ခဲ့ပါသည်။ သို့သော် ဗြိတိသျှတပ်များသည် ရွှေတိဂုံကုန်းပေါ်တွင် စနစ်တကျ အကာအကွယ်ယူပြီး ပစ်ခတ်နေရာ ဗမာတပ်သည် အကျအဆုံးများစွာဖြင့် ဆုတ်ခွာခဲ့ရသည်။ နောက်ထပ် ၃ ရက်တိတိ အမြောက်အများ အသေခံပြီး ရွှေတိဂုံကုန်းတော်ကို တက်ရောက်သိမ်းပိုက်ဖို့ ကြိုးစားရာတွင် မြို့၏ အရှေ့ဖက်နှင့် မြောက်ဖက်စစ်မြေပြင်များတွင် ပြင်းပြင်းထန်ထန် တိုက်ခဲ့ကြသည်။

ရွှေတိဂုံဘုရားအနီး မြောက်ဖက်ရှိ တောအုပ်မှ ဘုရားပေါ်သို့ ပစ်ခတ်ရန် အကွာအဝေးသည် သိပ်မဝေးလှပေ။ မက်စကက်သေနက် ကောင်းကောင်းရှိပါက ဗြိတိသျှတို့ အထိနာမည်ဖြစ်သည်။ သိမ်ဖြူတွင် အနီးကပ်တိုက်ကြသော်လည်း ဗြိတိသျှတို့က အနိုင်ရခဲ့သည်။

ပုဇွန်တောင်ချောင်းအနီးတွင် ဗမာစစ်သည်တော်များသည် [illegible]များဖြင့်



www.burmeseclassic.com

www.burmeseclassic.com



စခန်းချထားစဉ် ဗြိတိသျှစစ်သင်္ဘောသည် ဒီဇင်ဘာလ ၅ ရက်နေ့တွင် အပြင်းအထန် ပစ်ခတ်လေရာ ဗမာ့တပ်သားများ ထွက်ပြေးချိန်မရဘဲ ပိတ်မိသော အနေအထားတွင် အများအပြား သေဆုံးခဲ့ရသည်။

ဗြိတိသျှစစ်သင်္ဘော ပုဇွန်တောင်ဖက်လာသည်ကို မသိလိုက်သောကြောင့် ပြန်လည်ခုခံဖို့ ဝေးစွ ထွက်ပြေးချိန်ပင် လုံလောက်စွာ မရသောကြောင့် ဗမာစစ်သည် အများစု ကျဆုံးခဲ့ရပြီး ရန်ကုန်မြို့သိမ်းပွဲအတွက် များစွာအထိနာခဲ့သဖြင့် မဟာဗန္ဓုလသည် တာဝန်ရှိသော အရာရှိများကို ရာထူးမှ ထုတ်ပစ်ခဲ့သည်။

မြို့၏ အရှေ့ဖက်တွင် ဆက်၍ခုခံရန် မဖြစ်နိုင်တော့သည့်အတွက် ဗမာစတပ်မှာ မြောက်ဖက်မှ ခုခံပြီး အခါအခွင့်သင့်ပါက ထိုးဖောက်စစ်ဆင်ရန် ပြင်ဆင်ခဲ့ကြသည်။ ဒီဇင်ဘာ ၇ ရက်နေ့တွင် ဗြိတိသျှတို့က အပြင်းအထန် စစ်ဆင်ရာ စစ်သူကြီးဗန္ဓုလသည် ကဏ္ဍိုင်းသို့ ဆုတ်ခွာခဲ့ရသည်။ .ကဏ္ဍိုင်းသည် ရွှေတိဂုံဘုရား၏မြောက်ဖက် ၄ မိုင်အကွာအဝေး၌ ရှိသည်။ ထိုနေ့တွင် ဗမာတပ်မှ အကျအဆုံးများစွာ ခုခံခဲ့သော်လည်း ရှုံးနိမ့်ခဲ့ရသည်။

ဒီဇင်ဘာလ ၈ ရက်နေ့တွင် ရန်ကုန်တိုက်ပွဲ ပြီးဆုံးသွားလေတော့သည်။ ဗမာစစ်တပ်သည် ရန်ကုန်နှင့်ဝေးရာသို့ ဆုတ်ခွာသွားပြီး တပ်များပြန်စုရလေသည်။ စစ်သူကြီးမဟာဗန္ဓုလအနေဖြင့် ဗြိတိသျှတို့ကို နောက်ထပ်တစ်ကြိမ် ရင်ဆိုင်တိုက်ခိုက်ဖို့ အင်အားမရှိတော့ကြောင်း သေချာပေါက်သိသွားသောအခါ ရန်ကုန်သို့ ဗမာများ၊ မွန်များ၊ ဗမာစစ်တပ်မှ ဘက်ပြောင်းလာသူများ၊ တပ်ပြေးများ၊ ဘုန်းတော်ကြီးများ၊ ဥရောပသားကုန်သည်များ၊ အိန္ဒိယသားများအားလုံး ပြန်လာကြသည်။ ရန်ကုန်သို့ ပြန်လာပြီး နေထိုင်ကြသူများထဲတွင် ရိုးရိုးသားသား ပြန်လည်အခြေစိုက်နေထိုင်ကြသူများရှိသလို ဗြိတိသျှတို့ကို တန်ပြန်တိုက်ခိုက်ရန် ကြိုးပမ်းမည်၊ .တနည်းနည်းဖြင့် အကောက်ကြံမည်ဟု ရည်ရွယ်သူများလည်း ရှိကြသည်။

ထို့ကြောင့် ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ရန်ကုန်မှာ မီးရှို့ခံရပြီး အိမ်ခြေအတော်များများ ပျက်ဆီးသွားပြန်လေသည်။ လေတိုက်ချိန်ဖြစ်သောကြောင့် မီးပြန့်ပွားပြီး မြို့တစ်ဝက်လောက် လောင်သွားသည်။ ဗြိတိသျှစစ်တပ်သည် လက်နက်တိုက် မီးထဲမပါစေရန် အဓိကထားပြီး ကာကွယ်ခဲ့သည်။ မြို့တစ်ဝက်လောက် မီးလောင်ကျွမ်းရာတွင် ဆင်းရဲသားလူထုများ၏ ပစ္စည်းများ ဆုံးရှုံးသွားခဲ့လေသည်။

ဗမာတပ်၏ အစီအစဉ်မှာ မြို့ကြီးကို မီးရှို့ထားပြီး မီးလောင်နေစဉ် ဝင်စီးကြရန် ဖြစ်သော်လည်း မီးရှို့မည့်နေ့ရက်နှင့် တပ်မှူးကြီးများ ရောက်လာမည့်အချိန်တို့ အချိတ်





အဆက် မရှိသောကြောင့် မြို့မီးလောင်ပြီး ပုဂ္ဂလိကစီးပွားဥစ္စာများ အလဟဿ ဆုံးရှုံးခြင်းသာ အဖက်တင်ခဲ့သည်။

ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် အင်္ဂလိပ်တို့သည် ကုက္ကိုင်းသစ်လုံးခံတပ်ကို အပြီးဖျက်ဆီး ပြီးနောက် ဖေဖော်ဝါရီလတွင် ထန်းတပင်သစ်လုံးတပ်ကိုလည်း လုံးဝဖျက်ဆီးခဲ့သည်။

ထိုအခါ ဗမာတပ်သည် မြို့၏ မြောက်ဖက်သို့ ဝေးနိုင်သမျှဝေးအောင် ဆုတ်ခွာခဲ့ကြသည်။ တပ်ပြေးအချို့သည် မြစ်ဝကျွန်းပေါ်ဖက်သို့ ထွက်ပြေးခဲ့ကြသည်။ စစ်သူကြီးမဟာဗန္ဓုလကိုယ်တိုင် ဦးဆောင်ပြီး ဝင်သိမ်းသော်လည်း မရဘဲ အရေးနိမ့်ပြီး ထွက်ပြေးခဲ့ရသောကြောင့် မြစ်ဝကျွန်းပေါ်ဒေသမှ မွန်များသည် ရန်ကုန်သို့ လှေများဖြင့် ရောက်လာပြီး ဆန်နှင့် စားသောက်ကုန်မျိုးစုံလာ၍ ရောင်းချကြသည်။

၁၈၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ဗြိတိသျှတို့သည် ရန်ကုန်တွင် မြို့စောင့်တပ်မျှသာထားပြီး ဆုတ်ခွာသွားသော ဗမာတပ်များနောက်သို့ လိုက်ပြီး တိုက်ခိုက်ကြလေသည်။

ကုက္ကိုင်းတိုက်ပွဲသည် စစ်သူကြီးမဟာဗန္ဓုလအတွက် အောင်မြင်မှုသရဖူ အသိမ်းခံလိုက်ရသော နောက်ဆုံးတိုက်ပွဲဖြစ်သည်။ လက်နက်အင်အား ကွာခြားမှုသည် ခေတ်သစ်စစ်ပွဲများအတွက် အဆုံးအဖြတ်ပေးနိုင်သည်ဟု စစ်သူကြီးမဟာဗန္ဓုလသည် အခြေအနေမှန်ကို သဘောပေါက်လိုက်ပြီ ဖြစ်သည်။ မိမိခေါ်လာခဲ့သော စစ်ရေးအတွေ့အကြုံ ကောင်းစွာ ရှိသော ဝါရင့်စစ်သားဟောင်းကြီးများ ငါးသောင်းသည် ယခုအခါ အသက်ရှင်သူ သိပ်မရှိတော့ပေ။

ကုက္ကိုင်းတိုက်ပွဲတွင် ဗမာစစ်တပ်သည် ပြတ်ပြတ်သားသား အရေးနိမ့်သွားပြီ ဖြစ်လေရာ ဗမာဘုရင်သည် ရှေ့ဆက်ပြီး ကြိုးပမ်းရန် အင်အားချိနဲ့သွားပြီဖြစ်သည်။ စစ်ကြီးပြီးတော့မည်၊ နယ်မြေဆုံးရှုံးမှု ရှိမည်။ သူ့ကျွန်ဘဝသို့ စတင်ကျရောက်တော့မည် ဖြစ်သည်။ ဤသည်မှာ ဝံသာနုစိတ်ဓာတ်အရ လက်မခံနိုင်စရာဖြစ်သော်လည်း ရေမြေသခင်ကိုယ်တိုင် လက်မြှောက်အရှုံးပေးခဲ့ရသည်ကို တစ်သက်လုံး ထမင်းတစ်ဝမ်းနပ်မှန်အောင် စားရဖို့အတွက်သာ လုံးပမ်းခဲ့ရသော ပြည်သူလူထုက ဘာတတ်နိုင်ဦးမည်နည်း ....။

တိုင်းပြည်ဘဏ္ဍာအလုံးစုံအား ပိုင်စိုးထားသည့် ရှင်ဘုရင် မတတ်နိုင်သည့်ကိစ္စကို ပြည်သူက ဘာများတတ်နိုင်ဦးမည်နည်း.... ။ တိုင်းပြည် လွတ်လပ်ချိန်ကာလတွင် ရှင်ဘုရင်သည် တိုင်းသူပြည်သားများ၏ ဘဝလူနေမှုအဆင့်အတန်းကို မြှင့်တင်ပေး



www.burmeseclassic.com

www.burmeseclassic.com



ထားရမည်။ ခေတ်ကာလပြောင်းလဲမှုကို မျက်ခြည်မပြတ် သိထားရမည်။ ယခု သူ့ကျွန်ဘဝကျရောက်ခဲ့ခြင်းသည် ဘုရင်နှင့် မင်းမှုထမ်းများ ရာထူးကြီးငယ်အလိုက် တာဝန်ရှိကြမည်သာ ဖြစ်သည်။

ပြည်သူလူထုသည် ဗြိတိသျှတို့ ရန်ကုန်ကို သိမ်းပိုက်ထားစဉ် တောထဲ၌နေပြီး ရသမျှ ရှာဖွေစားသောက်ရသည်။ မုတ်သုန်မိုးဒဏ်ကြောင့် ကလေးသူငယ်များနှင့် သက်ကြီးရွယ်အို များစွာသေဆုံးခဲ့ရသည်။ ထို့ကြောင့် သူတို့ဘဝကို တစ်ကပြန်စဖို့ အရေးကြီးသည်။ မည်သူ့ လက်အောက်ကျရောက်ပါစေ မိမိတို့မိသားစုဘဝ အသက်ရှင်သန်ရေးအတွက် ကြိုးစားရပေမည်။

ယခုအခါ ရန်ကုန်မြို့တွင် ဈေးများ နေရာအနှံ့ ဖွင့်လာကြသည်။ အိမ်ဆိုင်များ အလျှိုလျှိုပေါ်လာသည်။ ဗမာ့စစ်တပ်မှ မီးရှို့ဖျက်ဆီးခဲ့သောကြောင့် မြို့တစ်ဝက်မျှ လောင်ကျွမ်းပျက်ဆီးခဲ့ပြီးဖြစ်သော်လည်း တဖြေးဖြေးနှင့် တဲအိမ်များ အစီအရီ ပေါ်ပေါက်လာပြီး မီးလောင်ပြင်ကြီး ပျောက်ကွယ်သွားသည်။ ဈေးများ၌ ကျွဲနွားများကို သတ်ပြီး လွတ်လပ်စွာ ရောင်းဝယ်ကြလေရာ ဗြိတိသျှစစ်သားများ အကြိုက်တွေ့နေသည်။

၁၈၂၄ ခုနှစ်၌ မြစ်ဝကျွန်းပေါ်ဒေသတွင် စစ်ဘေးစစ်ဒဏ်ကြောက်၍နေရခြင်း၊ ဗမာစစ်တပ်အတွက် စစ်သည်တော်များ စုဆောင်းခြင်းတို့ကြောင့် လယ်စိုက်သူနည်း၍ စပါးအထွက်နည်းခဲ့သော်လည်း ၁၈၂၅ ခုနှစ်တွင် စပါးစိုက်ပျိုးသူ များသောကြောင့် စပါးအထွက်တိုးလာသည်။ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံအားလုံး ပေါ်ကြွယ်လာသည်။

ရန်ကုန်ကို ကော်မရှင်နာမင်းကြီးမေဂျာကင်နင်းက တာဝန်ယူခဲ့သည်။ သို့သော် မေဂျာကင်နင်းမှာ ကျန်းမာရေးအခြေအနေ ဆိုးဝါးလာသောကြောင့် ဘင်္ဂလား ပြန်ပြီး အနားယူစဉ် ကွယ်လွန်ခဲ့လေသည်။ ထိုအခါ ကော်မရှင်နာမင်းကြီးအသစ်အဖြစ် ၁၈၂၅ ခုနှစ်တွင် ဘင်္ဂလား အရပ်ဖက်အရာရှိ တီစီရောဘက်ဆင် (T.C.Robertson) ကို တာဝန်ပေးခဲ့သည်။ တွဲဖက်အရာရှိအဖြစ် ဆာအာချီဘောကင်းဘဲ(လ်)က တာဝန်ယူခဲ့သည်။

ကော်မရှင်နာမင်းကြီး ရောဘတ်ဆင်ရောက်လာသည်နှင့် မြစ်ဝကျွန်းပေါ်ဒေသကြီး တစ်ခုလုံး၏ ငြိမ်ဝပ်ပိပြားရေးကိုပါ တာဝန်ယူခဲ့သည်။ ပြည်မြို့၊ သာယာဝတီမြို့၊ ပဲခူးမြို့၊ မုတ္တမမြို့နှင့် ရေးမြို့များတွင် စစ်တပ်အရာရှိတစ်ဦးစီ ခန့်ထားလိုက်သည်။ ရန်ကုန်မြို့ကို အုပ်ချုပ်ရန်အတွက် ဘင်္ဂလားစစ်တပ်မှ မေဂျာနီကိုဆင်ကို တာဝန်ပေးခဲ့သည်။

ထိုအခါ ပဲခူးမြို့တွင် ဓါးပြဂိုဏ်းများနှင့် လူသတ်သမားများကို အများဆုံး





ဖမ်းဆီးအရေးယူနိုင်ခဲ့သည်။ ၁၈၂၆ ခုနှစ်ဩဂုတ်လတွင် ရန်ကုန်မြို့၌ အိမ်ခြေ ၁၈၂၆ လုံးရှိပြီး လူဦးရေ ၈၆၆၆ ယောက်ရှိလေသည်။ ရန်ကုန်ဆိပ်ကမ်းကိုလည်း ပြန်လည်ဖွင့်လှစ်ခဲ့သည်။ အခွန်နှုန်းထားကို ထိုခေတ်ကာလ နိုင်ငံတကာစံနှုန်းဖြင့် ပုံသေကောက်ခံခဲ့ကြသည်။

စစ်ပွဲကာလဟု အကြောင်းပြပြီး ရန်ကုန်မြစ်ကမ်းပါးတစ်လျှောက် အဆင်ပြေသော နေရာများတွင် ကပ်ပြီး အရောင်းအဝယ်ပြုခြင်းကို တားမြစ်ပြီး ယခင်အကောက်ခွန်ရုံးဟောင်းကို ဝင်၍ စစ်ဆေးမှုခံယူပြီးနောက် မျှတစွာကောက်ခံသော အခွန်နှုန်းထားဖြင့် အခွန်ငွေများ ပေးဆောင်စေသည်။ အခွန်ဆောင်ပြီးသော ကုန်ပစ္စည်းများကို လွတ်လပ်စွာ ရောင်းဝယ်ခွင့် ပေးထားသည်။ ဝိုင်အရက်ကို အခွန်ကောက်ရာတွင် ပုလင်းများကို ၄ ရူပီအခွန်ကောက်ပြီး စည်ဖြင့် ထည့်ထားသော ဝိုင်ကိုမူ ၁ ရူပီကောက်သည်။ ရန်ကုန်ဆိပ်ကမ်းအကောက်ခွန်အရာရှိအဖြစ် ကပ္ပတိန် နီကိုးလ်ကို တာဝန်ပေး ခဲ့သည်။ ဗြိတိသျှစစ်ဘက်ဆိုင်ရာ ပစ္စည်းအားလုံးအတွက် ကောက်ခွန်ကင်းလွတ်ခွင့် ပေးထားသည်။

ဗိုလ်ချုပ်ကင်းဘဲလ်သည် ဗမာပိုင်နက်နယ်မြေ မြစ်ဝကျွန်းပေါ်ဒေသကို ထာဝရအပိုင်စီးထားနိုင်စေရန် ကြိုးပမ်းခဲ့သည်။

သင်္ဘောများ ဘေးကင်းစွာ သွားလာနိုင်ရန် ရန်ကုန်မြစ်ဝတွင် မီးရှူးလှေ (Pilot-bring) တစ်စီးကို အထိုင်ချ တပ်ဆင်ပေးထားသည်။ ရေကြောင်းထိန်းသိမ်းမှု ကျွမ်းကျင်သော ကပ္ပတိန် ဟွန်းဘလိုးကို တာဝန်ပေးထားလိုက်သည်။ သူသည် သယ်ယူပို့ဆောင်ရေး အေးဂျင့်အဖြစ် မဒရပ်မြို့တွင် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ထို့ကြောင့် သူ့ကို ရန်ကုန်ဆိပ်ကမ်းထိန်းသိမ်းရေးအတွက် တာဝန်ပေးခဲ့သည်။

ဗြိတိသျှတို့နှင့် ဗမာတို့သည် ၁၈၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ရန္တပိုစာချုပ် (The Treaty of Yandabo) ဖြင့် စစ်ပြေငြိမ်းခဲ့သည်။ စာချုပ်အရ စစ်ရှုံးသော ဗမာဘုရင်အစိုးရသည် စစ်နိုင်သော အရှေ့အိန္ဒိယကုမ္ပဏီသို့ စစ်လျော်ကြေး ရူပီးတစ်ကုဋေ (One crore rupees) ပေးရမည်ဖြစ်သည်။ စစ်လျော်ကြေးငွေ၏ လေးပုံတစ်ပုံရသည်နှင့် ဗမာပြည်အတွင်း ရေနံချောင်းမြို့အလွန် ရန္တပိုရွာအထိ သိမ်းပိုက်ထားသော ဗြိတိသျှတပ်များသည် ရန်ကုန်မြို့သို့ ဆုတ်ခွာသွားကြမည်။ နောက်ထပ် စစ်လျော်ကြေးငွေ၏ လေးပုံတစ်ပုံ ထပ်၍ ရရှိသည်နှင့် ရန်ကုန်မြို့ကို ဗမာမြို့ဝန်အသစ်ထံ လွှဲပြောင်းပေးပြီး စစ်လျော်ကြေးအဖြစ် ရခဲ့သော ရခိုင်နှင့် တနင်္သာရီဒေသများသို့ စစ်တပ်များကို ရွှေ့ပြောင်းပေးမည်ဖြစ်သည်။ ၁၈၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့အထိ



www.burmeseclassic.com

www.burmeseclassic.com



စစ်လျော်ကြေးငွေ ဒုတိယလေးပုံတစ်ပုံကို ထပ်၍ မရသောကြောင့် ဗြိတိသျှတပ်သည် ရန်ကုန်မြို့မှ ထွက်ခွာသွားခြင်း မပြုသေးပေ။

ရန်ကုန်မြို့ဝန်အသစ်သည် ဗိုလ်ချုပ်ကင်းဘဲ(လ်)၏ ခွင့်ပြုချက်ဖြင့် ကြည့်မြင်တိုင်သို့ ရောက်ရှိစခန်းချနေပြီဖြစ်သည်။ မြို့ဝန်မှာ နိုဝင်ဘာလ ၂၄ ရက်နေ့တည်းက ရောက် နေသော်လည်း မြို့တွင်း ဝင်ခွင့်မရသေးပေ။ ၁၈၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင် စစ်လျော်ကြေးငွေ၏ ဒုတိယ လေးပုံတစ်ပုံ ထပ်မံရရှိသောကြောင့် ဗြိတိသျှတပ်များသည် သင်္ဘောများပေါ်တက်ပြီး သိမ်းပိုက်ခွင့်ရသော ရခိုင်နှင့် တနင်္သာရီသို့ ထွက်ခွာသွားကြသည်။

ဗမာမြို့ဝန်သည် ရန်ကုန်မြို့ကို ရသည်နှင့် မြို့တွင်းရှိ မွန်လူမျိုးတို့၏ နေအိမ်များမှ လက်နက်များ ရှာဖွေသိမ်းဆည်းခဲ့သည်။ ရန္တပိုစာချုပ်အရ ဗြိတိသျှတို့သည် မွန်တို့အား လွတ်ငြိမ်းချမ်းသာခွင့်ပေးရမည်ဟု တောင်းဆိုခဲ့သော်လည်း ဗမာတို့သည် ဂရုမစိုက်... ဂတိမတည်ပေ။ မွန်အတော်များများကို အင်္ဂလိပ်တို့နှင့် ပူးပေါင်းသည်ဟု စွပ်စွဲပြီး သတ်ဖြတ်ခဲ့ကြသည်။

ဗြိတိသျှအရာရှိ ဂူဂါ(Gouger)သည် *'ရက်ရက်စက်စက် သတ်ဖြတ်ခံခဲ့ရသော မွန်အရေအတွက် အတိအကျသတင်းရဖို့ ကြိုးစားခဲ့သေးသော်လည်း မွန်ရွာသားများသည် ကြောက်ရွံ့သောကြောင့် ဘာမျှ ပြောကြားခြင်းမပြု'*ဟု ရေးသားဖော်ပြခဲ့သည်။

၁၈၂၅ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့တွင် အင်္ဂလိပ်ကပ္ပတိန် မက်(စ်)တွန် (Captain Maxton) သည် ပဲခူးမြို့၌ တာဝန်ကျနေသည်။ *'ထိုနေ့က မွန်လူမျိုးရွာသူကြီး ၃၄ ယောက်ကို ဆင့်ခေါ်ပြီး လိုအပ်သော အကူအညီများ တောင်းခဲ့သည်။ ထိုမွန်သူကြီးများက ဗြိတိသျှအစိုးရထံမှ အကာအကွယ် တောင်းခံခဲ့ကြသည်။ ထို့ကြောင့် စစ်ပြေငြိမ်းပြီး ကိစ္စအားလုံး အေးချမ်းသောကာလအထိ အကာအကွယ်ပေးခဲ့ရသည်'*ဟု ရေးသားခဲ့သည်။

၁၈၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့တွင် မွန်လူမျိုးများစွာ ဗြိတိသျှစစ်တပ်ထံ ရောက်လာပြီး သူတို့ကို အကာအကွယ်ပေးရန် တောင်းဆိုခဲ့ကြသည်ဟု လက်ဖတင်နင် ကာနယ်စမဲ(လ်) (Lt-Col-Smelt) ကလည်း ရေးသားဖော်ပြခဲ့သည်။ ရန္တပိုစာချုပ် ချုပ်ပြီး စစ်ပြေငြိမ်းခဲ့သော်လည်း ဒုက္ခမငြိမ်းသူမှ မွန်များဖြစ်ကြသည်။ သူတို့ကို အကူအညီပေးဖို့ တောင်းခံကြသည်။ ရန္တပိုစာချုပ်အရ မွန်တို့ကို လွတ်ငြိမ်းချမ်းသာခွင့် ပေးရမည်ဖြစ်သော်လည်း မွန်တို့က စိုးရိမ်မှုလွန်ကဲနေသောကြောင့် ဗြိတိသျှတို့သည် ဖြစ်ဝကျွန်းပေါ်ဒေသနှင့် ရန်ကုန်မြို့မှ ထွက်ခွာပြီး ဗြိတိသျှလက်အောက်ခံ





ရခိုင်ဒေသ၌ဖြစ်စေ၊ တနင်္သာရီဒေသ၌ ဖြစ်စေ၊ လွတ်လပ်စွာ အခြေချ နေထိုင်ခွင့်ပြုမည်ဟု ကမ်းလှမ်းရာ မွန်တို့သည် တနင်္သာရီဒေသသို့ ထွက်ခွာသွားခဲ့ကြလေသည်။ အိုးပစ်အိမ်ပစ်ပြီး နေရာသစ်တွင် ဘဝသစ်ကို တည်ဆောက်ကြမည် ဖြစ်သည်။

ရန်ကုန်မြို့ကို ဝင်ရောက်စဉ်အခါက ဗမာလူမျိုးလက်နက်ကိုင်များကို လူဆိုးများအဖြစ် ဖမ်းခဲ့သော်လည်း ရန်ကုန်မြို့တွင် ဗြိတိသျှတို့ လုံးဝ မရှိတော့သည့်အခါ ဗမာတပ်သည် လူဆိုး၊ လူမိုက်များကို အချုပ်မှ လွှတ်ပြီး မွန်တို့အား ဒုက္ခပေးရာ၌ အသုံးပြုခဲ့ကြသည်။ အင်္ဂလိပ်တို့ ဝင်ကာစတွင် ဗမာဘုရင့်သစ္စာခံ မွန်သူကြီးမောင်ဆက် (Maung Sat) သည် ဗမာဘုရင်ဖက်မှ ဝင်တိုက်ပေးခဲ့သည်။ အကျအဆုံးများသောကြောင့် ပျောက်ကွယ်သွားသည်။

အင်္ဂလိပ်-ဗမာ စစ်ပြီးကာလတွင် ဗမာတို့က မွန်တို့အပေါ် ရက်ရက်စက်စက် ပြုမူဆက်ဆံလာသောအခါ သူကြီးမောင်ဆက်သည် ၁၈၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်တွင် ဗမာဘုရင်ကို အတိအလင်း တော်လှန်ပုန်ကန်ခဲ့လေသည်။ ပုဇွန်တောင်နှင့် ဗိုလ်တစ်ထောင်တွင် ဗမာတပ်နှင့် မွန်တပ်တို့အကြီးအကျယ် တိုက်ခိုက်ခဲ့ကြသည်။ ထိုအချိန်က နေပြည်တော်တွင် စစ်အင်အားနည်းနေသောကြောင့် အထူးလက်ရွေးစင် စစ်သား ၁၅၀၀ (တစ်ထောင့်ငါးရာ)ကို သန်လျင်သို့ စေလွှတ်ပြီး သူပုန်ခေါင်းဆောင် မောင်ဆက်ကို ဖမ်းဖို့ ကြိုးစားသည်။ သို့သော် အထူးစစ်သည်တို့ အရေးနိမ့်သွားသည်။ မောင်ဆက်သည် ဒလမြို့ရှိ ကရင်များ၏ အကူအညီရသောအခါ အင်အားကြီးမားလာသောကြောင့် ရန်ကုန်မြို့ကို ရေလမ်း၊ ကုန်းလမ်း အဆက်အသွယ် ဖြတ်တောက်ပိတ်ဆို့လိုက်သည်။ အထူးသဖြင့် နေပြည်တော်မှ စစ်ကူမရောက်စေရန်အတွက် ပန်းလှိုင်တွင် စစ်သည်အင်အားများစွာ အသုံးပြုပြီး ပိတ်ဆို့ထားသည်။

မွန်သူပုန်စစ်သည်တို့မှာ အင်အားများသည်ဟုဆိုသော်လည်း နေပြည်တော်မှ စစ်သားစုဆောင်းပါက အချိန်တိုတိုအတွင်း သူပုန်တို့ထက် ပိုများသော အရေအတွက်ကို ရနိုင်ပါသည်။ သို့သော် အင်္ဂလိပ်တို့နှင့် တိုက်ခဲ့ရသော စစ်ပွဲတွင် လူအင်အား၊ လက်နက်အင်အား၊ ငွေကြေးစွမ်းအင်အားတို့ကို ပုံအောပြီး အသုံးပြုခဲ့ရသောကြောင့် ဗမာတို့ဘက်မှ နောက်ထပ်စစ်ပွဲတစ်ခုအတွက် အဆင်သင့် မရှိသေးပေ။ ထို့ကြောင့် ရန်ကုန်မြို့တော်ဝန်သည် ရှိသမျှအင်အားနှင့်သာ ခုခံခဲ့ရသည်။

မွန်တို့သည် ကြည့်မြင်တိုင်အထိ သိမ်းပိုက်ထားသည်။ အစောင့်စစ်သားများက ရန်သူကို စောင့်ကြပ်နေစဉ် ချက်ပြုတ်ရေးတာဝန်ခံများက ထမင်းဟင်းများ ချက်နေကြသည်။ ညဖက်လုံခြုံရေးတာဝန်ယူခဲ့သူများက နေ့ခင်းဘက်တွင် ဖြစ်သလို အိပ်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။

မွန်နှင့် ဗမာတို့ တိုက်ပွဲကို ဥရောပသားများက "အရိုင်းခေတ်က တိုက်ပွဲမျိုး အတိုင်း ဓါးလှံလက်နက်များ ကိုင်စွဲပြီး စစ်ယူနီဖောင်းမရှိ ရသည့်အဝတ် ဝတ်ဆင်ပြီး ဖြစ်သလို စစ်တိုက်ကြသည်။ စစ်ဗျူဟာလည်းမရှိပေ"ဟု မှတ်တမ်းများ ရေးသားခဲ့ ကြသည်။ ဗမာတပ်သည် ရွှေတိဂုံဘုရားတွင် ဗြိတိသျှစစ်သားများ ပြုလုပ်ခဲ့ကြသော ခံကတုတ်များအတွင်းမှ စနစ်တကျ ခုခံသောကြောင့် မွန်တပ်ဖွဲ့သည် နေရာတိုင်းတွင် အောင်မြင်သော်လည်း ရွှေတိဂုံဘုရားအနီးတိုက်ပွဲများတွင် အရေးနိမ့်လေသည်။ နေ့စဉ် သေဆုံးသော အရေအတွက် မနည်းလှပေ။

ရန်ကုန်မြို့စောင့်တပ်မှ စစ်သား၅၀၀၀ (ငါးထောင်)အနက် ၁၀၀၀ (တစ်ထောင်) မျှ ထိခိုက်ဒဏ်ရာ ရသူများ၊ ကျဆုံးသူများအဖြစ် ကုန်ဆုံးသွားပြီး တပ်သား ၄၀၀၀ (လေးထောင်)ကျော် ကျန်လေသည်။ ရန်ကုန်မြို့ အဝင်အထွက်လမ်းကြောင်းအားလုံးကို မွန်တို့က ပိတ်ဆို့ထားသောကြောင့် ဗမာတပ်သားများ အငတ်ဘေး ကြုံတွေ့ရလေ သည်။ သို့ရာတွင် မွန်တို့သည် ပင်လယ်ထွက်ပေါက်ကို ပိတ်ဆို့နိုင်စွမ်းမရှိသောကြောင့် ဗမာများသည် အင်္ဂလိပ်တို့ထံမှ ဆန်ပမာဏ တင်း ၅၀၀ (Five thousand baskets) ဝယ်ယူဖြည့်တင်းနိုင်ခဲ့သည်။

အင်္ဂလိပ်တို့ သိခဲ့ရသည်မှာ ဗမာတို့သည် မွန်တို့ကို နာကျည်းမုန်းတီး သောကြောင့် တုန့်ပြန်လက်စားချေရာသည့်အနေဖြင့် သူပုန်အဖွဲ့တွင် ပါဝင်သော မွန်တို့၏ ဇနီးမယားများနှင့် သားသမီးများကို အရှင်လက်လက် မီးရှို့သတ်ဖြတ်သည်အထိ ကျူးလွန်ခဲ့ကြသည်။ ထိုအခါ မွန်တို့က ပို၍နာကျည်းလာပြီး ခံကတုတ်ကောင်းစွာ မရှိသော နေရာများမှ ထိုးဖောက်တိုက်ခိုက်ကြလေရာ၊ တိုက်ပွဲများ အဆက်မပြတ် ဖြစ်ပေါ်နေသည်။ တိုက်ပွဲဧရိယာအတွင်း ပိတ်မိသွားပြီး အဖမ်းခံလိုက်ရသော တရုတ် များကို နိုင်ငံခြားသားများထံ ကျွန်များအဖြစ် ရောင်းချခြင်းကို မွန်နှင့် ဗမာ နှစ်ဖက်စလုံးက ပြုလုပ်ခဲ့ကြသည်။

ဖေဖော်ဝါရီလဆန်းတွင် နေပြည်တော်မှ စစ်ကူများ လုံလောက်စွာ ရောက်လာ သောအခါ မွန်တို့သည် မြို့တွင်းမြို့ပြင် နှစ်ဖက်ညှပ် တိုက်ခိုက်ခြင်းခံရသောကြောင့် တပ်ပျက်ပြီး ထွက်ပြေးကြလေတော့သည်။

ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် ဗမာတပ်များ အင်အားအလုံးအရင်းဖြင့် သန်လျင်ကို ဝင်ရောက်တိုက်ခိုက်ရာ မွန်သူပုန်ခေါင်းဆောင် မောင်ဆက်သည် ဗြိတိသျှ ပိုင်နက် တနင်္သာရီဖက်သို့ ထွက်ပြေးသွားလေတော့သည်။





မောင်ဆက်သည် အရှေ့အိန္ဒိယကုမ္ပဏီထံ ခိုလှုံရာ ကုမ္ပဏီက လစာရူပီး ၂၅၀ (နှစ်ရာ့ငါးဆယ်) ပေးခဲ့သည်။ ၁၈၃၀ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့တွင် မွန်ခေါင်းဆောင် မောင်ဆက် ကွယ်လွန်လေသည်။

အင်္ဂလိပ်-ဗမာစစ်ပွဲဒဏ်နှင့် မွန်သူပုန်တိုက်ပွဲတို့၏ ဒဏ်များကြောင့် ရန်ကုန်မြို့ သည် မြို့ပျက်ကြီး ဖြစ်သွားလေတော့သည်။ အမေရိကန်သာသနာပြု ဂျပ်ဆင်က ယခုလို ပြောခဲ့သည်။

"ရန်ကုန်စစ်ပွဲရဲ့ဒဏ်၊ မွန်သူပုန်တိုက်ပွဲရဲ့ ဒဏ်ကြောင့် နှစ်ပေါင်းများစွာ အပင်ပမ်းဆင်းရဲခံ ငွေမြောက်များစွာ အကုန်ခံပြီးဆောက်လုပ်ခဲ့သော သာသနာပြုတို့၏ နေအိမ်များသည် ခေါင်မိုးမျှသာရှိတော့သည်။ ရှိမင်ကက်သလစ်ဘုရားကျောင်းလည်း လုံးဝ ပျက်ဆီးခဲ့ပြီဖြစ်သည်။ ကန်တော်ကလေးမှ ရေကန်နှင့် လှပသော သစ်ပင်များရှိရာ စစ်ပွဲကာလအတွင်း မသွားရပါ။ စစ်ပြီးကာလတွင် သွားကြည့်သောအခါ ရေကန်လည်း ပျက်ဆီးသွားသည်။ သစ်ပင်များကိုလည်း ခုတ်လှဲဖျက်ဆီးခဲ့ကြသည်"။

"ကျွန်တော့်ရေကူးကန်လေးသည် ဗြိတိသျှစစ်တပ်အတွက် အဝတ်လျှော် သည့်ရေကန် ဖြစ်ခဲ့သည်"ဟု မစ္စတာဂျက်ဆင်က ပြောပြခဲ့သည်။ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး အပါအဝင် ဘုရားပုထိုးများစွာသည် ပထမအင်္ဂလိပ်-ဗမာစစ်ပွဲနှင့် မွန်သူပုန်တိုက်ပွဲအတွင်း အလုံးစုံ ပျက်ဆီးခဲ့သည်။ ခရစ်ယာန်သာသနာပြု ကျောင်းတော်များအားလုံးလည်း ပျက်ဆီးခဲ့သည်။ လုပခန့်ညားကောင်းမွန်စွာဖြင့် အကောင်းပကတိ ကျန်ရစ်သော အဆောက်အဦးဟူ၍ လုံးဝ မရှိတော့ပေ။

ဗိုလ်ချုပ်ကင်းဘဲ(လ်)သည် ရန်ကုန်တိုက်ပွဲမစမီကတည်းက တပ်သားများကို ပေးထားသည်။ "ငါတို့တိုက်နေတာ စီးပွားရေးရှုထောင့်အရ အင်္ဂလိပ်အရှေ့ အိန္ဒိယကုမ္ပဏီရဲ့ အကျိုးစီးပွားအတွက် စစ်တိုက်ခြင်းမျှသာ ဖြစ်သည်။ ငါတို့စစ်နိုင်ခဲ့သော် နယ်မြေ ဒေသများကို သိမ်းပိုက်ပြီး လက်ဝါးကြီးအုပ်၍ ငါတို့အင်္ဂလိပ်လူမျိုးတစ်မျိုးတည်း အကျိုးခံစားခွင့်အတွက် စီးပွားရေးစစ်တိုက်ခြင်းမျှသာဖြစ်သည်။ ဗမာလူမျိုးများကို မုန်းတီး၍ စစ်တိုက်ခြင်းမဟုတ်။ သူတစ်ပါးဘာသာ သာသနာကို စော်ကားဖျက်ဆီးရန် စစ်တိုက်ခြင်းမဟုတ် သင်တို့ကို ကုမ္ပဏီက ထိုက်တန်သော လစာငွေ ချီးမြှင့်ထားပြီး ဖြစ်သည်။ ကျဆုံးခဲ့သော် အသက်လျှော်ကြေးကိုလည်း ထိုက်ထိုက်တန်တန်ချီးမြှင့်မည်။ ဘုရားများကို ဖျက်ဆီးခြင်း၊ ဗုဒ္ဓရုပ်ပွားတော်များနှင့် ဌာပနာပစ္စည်းများကို ခိုးယူခြင်း လုံးဝမပြုရ"ဟု တားမြစ်ခဲ့သည်။

ထို့ကြောင့် ဘုရားများ ပျက်ဆီးခြင်းသည် တမင်ရည်ရွယ်၍ ဖျက်ဆီးခြင်း



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘဲ နှစ်ဖက်တိုက်ပွဲအတွင်း ကျရောက်နေသောကြောင့် ပျက်ဆီးခြင်းမျှသာ ဖြစ်သည်ဟု ဆိုသည်။

ဗြိတိသျှတို့သည် ရွှေတိဂုံဘုရား ကုန်းပေါ်တွင် ခံကတုတ်ပြုလုပ်ခဲ့သော်လည်း စစ်သားများကို ဘုရားရင်ပြင်ပေါ်သို့ တက်ခွင့်မပေးခဲ့ပေ။ သို့သော် စစ်သားများကို ဥပဒေအမိန့်အာဏာဖြင့် မည်မျှထိန်းနိုင်ပါမည်နည်း။ အခွင့်အရေးရတဲ့အချိန်မှာ ဘုရားပေါ်တက်ပြီး ရုပ်ပွားတော်လေးများ ခိုးလာခဲ့သည်။ ဗြိတိသျှအရာရှိက ရွှေအစစ်ဟုထင်ပြီး ရူပီး ၃၀၀ (သုံးရာ) ပေး၍ ဝယ်ယူလိုက်သည်။ ကလကတ္တားပြန်ခွင့်ရသောအခါ ရွှေဆိုင်မှာ သွားရောင်းသည်။ ရွှေအစစ် မဟုတ်သောကြောင့် ရူပီး ၃၀၀ (သုံးရာ) ဆုံးရှုံးခဲ့သည်ဟု ဆိုကြသည်။ *(ကျောက်မျက်ရတနာများ ရသွားသူများလည်း ရှိနိုင်ပါသည်။ မှတ်တမ်းတွင် ဖော်ပြခြင်းမပြုဘဲ လျှို့ဝှက်ထားနိုင်ပါသည်။)*

အင်္ဂလိပ်တို့သည် ဘိုးတော်ဘုရား၏ ခေါင်းလောင်းကြီးကို ကလကတ္တားသို့ ယူသွားရန် ကြိုးစားခဲ့သေးသည်။ သို့သော် အောင်မြင်မှုမရဘဲ မြစ်ထဲကျသွားသည်။ ၁၈၂၆ ဇန်နဝါရီတွင် မြစ်အတွင်း ပြန်ရှာရာ တွေ့လေသည်။ ရအောင်ဆယ်ယူပြီး ဘုရားပေါ်တွင် နေရာတကျပြန်ထားခဲ့ကြသည်။

အလံပြဘုရားကို ထိုအချိန်က Sale's Pagoda ဟုခေါ်ကြသည်။ လက်ဖတင် နင်မှ ဗိုလ်ချုပ်ဖြစ်လာသော Sale ၏အမည်ကို ခေါ်ဆိုခြင်းဖြစ်သည်။ ထို့အပြင် တပ်မှူး Brigadier Mc Creagh ၏နာမည်ကို အစွဲပြုပြီးလည်း ထိုခေတ်က ခေါ်ခဲ့ကြသေးသည်။

၃၁ လမ်း ရှိ ရှိမန်ကက်သလစ်ဘုရားကျောင်း အတွင်းမှ ကျောက်စာတိုင်သည် ၁၈၂၄ ခုနှစ်၊ ဒီဇင်ဘာလတွင် ကျဆုံးခဲ့သော မဒရပ်စစ်တပ်မှ မေဂျာတီဝေါ(လ်)ကာ (Major T.Wakler) ၏ အထိမ်းအမှတ် ကျောက်တိုင်ဖြစ်သည်။

BIBLOGRAPHY



(1) J.E. Alexander : Travels From India to England.

(2) F.B.Doveton; Reminiscences of the Burmese War (1852)

(3) H.Have lock: Memoir of the three Campaingns (1828)


■ ■ ■





ရန်ကုန်ဝင်ပေါက်ဝိုင်

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇)

## သာယာဝတီမင်းလက်ထက် ရန်ကုန်မြို့

ပထမ–အင်္ဂလိပ်ဗမာစစ်ပွဲမတိုင်မီကာလတွင် ရန်ကုန်ဆိပ်ကမ်းသည် ဗမာပြည် ၏ အဓိကအချက်အချာဆိပ်ကမ်း ဖြစ်ခဲ့သည်။ သို့သော် ရခိုင်နှင့် တနင်္သာရီဒေသများ ဗြိတိသျှလက်အောက် ကျရောက်ချိန်တွင် ဗြိတိသျှတို့သည် မော်လမြိုင်ဆိပ်ကမ်းမြို့သစ်ကို တည်ဆောက်ခဲ့ကြသည်။ ဗမာဘုရင်အစိုးရသည် ရန်ကုန်မြို့ပျက်ကို ပြန်လည်မွမ်းမံ တည်ဆောက်ရန် အင်အားမရှိခဲ့သလို မော်လမြိုင်ဆိပ်ကမ်းကိုသာလျှင် နိုင်ငံတကာမှ ကုန်သင်္ဘောများ ဝင်ထွက်သွားလာနေကြသောကြောင့် ရန်ကုန်ဆိပ်ကမ်းသည် အသုံးမဝင်တော့ချေ။

ရန်ကုန်မှာ အုပ်ချုပ်ရေးပုံစံ အပြောင်းအလဲ မရှိပေ။ မြို့ဝန်၏လက်အောက်တွင် အကောက်ဝန်နှင့် ရေဝန်တို့ ရှိကြသည်။ အကောက်ဝန်ရာထူးကို နိုင်ငံခြားသားကို ဆက်လက်တာဝန်ပေးထားသည်။ ထိုသူမှာ စပိန်လူမျိုး လန်စီယာကိုဖြစ်သည်။ စစ်ပွဲကာလအတွင်း ဖမ်းဆီးခဲ့သော နိုင်ငံခြားသားများကို ယခင်ရာထူးနေရာများတွင် တာဝန်ပေးထားလိုက်သည်။ သို့သော် အကောက်ဝန် လန်စီယာကိုမှာ ကြာရှည်လုပ်ဆောင်ခြင်း မရှိဘဲ ထွက်လိုက်သောကြောင့် ပေါ်တူဂီ (ဂိုနီအာ) လူမျိုးတစ်ယောက်ကို တာဝန်ပေးသည်။ ထိုပေါ်တူဂီသည် ဆယ်နှစ်တိတိ တာဝန်ထမ်းဆောင်ခဲ့သည်။

စစ်မဖြစ်မီကဲ့သို့ အသားစားခြင်းကို ရန်ကုန်တွင် ပိတ်ပင်ထားမြဲဖြစ်ခဲ့သည်။ အရက်နှင့် ဘိန်းကိုလည်း ပိတ်ပင်ခဲ့သည်။ မီးဘေးအန္တရာယ်ကို အကြိမ်ကြိမ် ကြုံတွေ့ခဲ့ရသောကြောင့် မီးဘေးအန္တရာယ်အတွက် အကာအကွယ်များစွာ ပြုလုပ်ခဲ့သည်။ နွေရာသီတွင် သက်ကယ်မိုးအိမ်များကို ခေါင်းမိုးများအား နေ့ဖက်တွင် ဖယ်ရှားသော ပုံစံကို ပြန်လည်ကျင့်သုံးခဲ့သည်။

ထိုအချိန်က ရန်ကုန်မြို့တွင် ရှိနေသော အမေရိကန်တစ်ဦးက ပြောပြသည်မှာ





"အင်္ဂလိပ်–ဗမာစစ်ပြီးနောက်ပိုင်း တစ်နှစ်တာကာလအထိ ရန်ကုန်မြို့၏ အခြေသည် ပုံမှန်အနေအထား မရောက်သေးပေ။ လူတိုင်းလူတိုင်း စစ်ဘေးစစ်ဒဏ် ဒုက္ခတွင်းမှ မလွတ်ကင်းနိုင်ကြပေ။ နေတော့ အိမ်ပျက်၊ စားတော့အညံ့စား၊ ရှေ့ရေးတွေးတော့ အားလုံးမရေမရာနှင့် ဖြတ်သန်းနေကြရသည်။ ထိုအခြေအနေသည် တိုးတက်မှု လုံးဝ မရှိတော့ပေ" ဟူသည်။

၁၈၃၆ ခုနှစ်၊ ဩဂုတ်လ ရန်ကုန်မြို့ရောက်ခဲ့သော ခရီးသည်တစ်ဦးကလည်း သူ၏ အတွေ့အကြုံကို အောက်ပါအတိုင်း ရေးသားခဲ့သည်။

"၁၈၂၄ ခုနှစ်တွင် ပထမ အင်္ဂလိပ်–ဗမာစစ်ပွဲကာလအတွင်း မြို့ရိုးများသည် လုံလောက်သော အတိုင်းအတာအထိ ခိုင်ခံ့မှု မရှိကြပေ။ သစ်သားဖြင့် ပြုလုပ်ထားသော ခံတပ်သည် ဆယ့်ရှစ်ပေအမြင့်ရှိသော်လည်း သင်္ဘောမှ အမြောက်ဖြင့် ပစ်ခတ်ဖျက်ဆီးပါက အလွယ်တကူ ပစ်ခတ်ဖျက်ဆီးနိုင်သော အနေအထားၡ ရှိသည်။ မြို့ရိုးအတွင်းပိုင်းတစ်လျှောက် ကျဉ်မြောင်းသည်။ ပလက်ဖေါင်းတစ်လျှောက် မစ်စကက်သေနတ် ပစ်ခတ်ရန် အပေါက်များစွာ ပြုလုပ်ထားသည်၊ ခပ်ညံ့ညံ့အမြောက်အိုကြီးများ ရှိသော်လည်း ရင်ဆိုင်ယှဉ်ပြိုင်တိုက်ခိုက်နိုင်သော အနေအထားမရှိပေ"။

မြို့တွင် လူဦးရေ ၅၀၀၀၀ (ငါးသောင်း) အထိရှိလာပြီဖြစ်သောကြောင့် စစ်မဖြစ်မီကာလထက် ပိုများလာသည်ကို တွေ့ရသည်၊ နိုင်ငံတကာကုန်သွယ်ရေးလုပ်ငန်းသည် လုံးဝ ပျက်ဆီးသွားပြီး ဖြစ်သည်။ ဒေသတွင်းလှေငယ်လေးများဖြင့် သွားလာကုန်သွယ်ခြင်းနှင့် အင်းဝနေပြည်တော်နှင့် ကုန်းတွင်းပိုင်း ကုန်သွယ်ရေးမျှသာ ရှိတော့သည်။

သို့ဖြင့် မော်လမြိုင်မြို့သည် စီးပွားရေးအရအချက်အချာ ဖြစ်လာတော့သည်။ သို့သော် မော်လမြိုင်မြို့၏ လမ်းများမှာ အလွန်ကျဉ်းမြောင်းသည်၊ ၁၈၃၆ ခုနှစ်ရောက်မှ မော်လမြိုင် ဆိပ်ကမ်းတွင် ဆိပ်ခံဘောတံတား ရှိလာသည်၊ မော်လမြိုင်ဆိပ်ကမ်းသည် ရန်ကန်ဆိပ်ကမ်းထက် ပို၍ ကောင်းသော်လည်း အမြောက်ကြီးများ တပ်ဆင်ထားခြင်း မရှိပေ၊ သစ်လုံးခံတပ် (စတော့ကိတ်)တွင်လည်း အမြောက်ကြီးများသည် သိပ်မကြီးသော်လည်း အိမ်ကောင်းကြီးများတော့ ရှိသည်။ မွန်သူဌေးကြီးများနှင့် အိန္ဒိယသားသူဌေးကြီးများစွာရှိသည်။ ဥရောပသားသူဌေးများသည် ယခုမှ ရောက်လာကြခြင်းဖြစ်သည်။

ကုလားတန်းမှ အဆောက်အဦးများသည် အတော်ကောင်းသည်၊ လူချမ်းသာများအားလုံး စုပြီးနေကြသောကြောင့် အိမ်ကြီးအိမ်ကောင်းများ ဖြစ်ကြသည်။ အိမ်ကြီးများသည် ဆီမီးပတ်ကား (Semi-pukka) ဖြစ်သည်၊ အောက်ထပ်မှာ အုတ်များ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့်တည်ဆောက်ထားပြီး အပေါ်ထပ်ကို ဝါး၊ သစ်တို့နှင့် ဆောက်လုပ်ကြသည်။ အမိုးကို ဝါးထရံဖြင့် မိုးပြီး အပေါ်မှ ဓနိသက်ကယ်တို့ဖြင့် ပြန်မိုးထားသည်။ မိုးများသည့်ဒေသ ဖြစ်သောကြောင့် အမိုးကို ဂရုစိုက်ကြသည်။

"မွန်တို့အုပ်စိုးစဉ်ကာလတွင် နိုင်ငံတကာကုန်သွယ်ရေးအချက်အချာဖြစ်ခဲ့သော ဒလမြို့သို့ ရောက်ခဲ့သေးသည်။ ဗမာဘုရင်၏ လက်အောက်ခံဖြစ်သော်လည်း ရန်ကုန်မြို့ကို ပြုပြင်ရန် အင်အားမရှိလေရာ ဒလ၏ အခြေအနေမှာမူ အတော်လေး ဆိုးဆိုးဝါးဝါး ဖြစ်နေသည်။ မွန်လူမျိုးများသည် ကျွန်ုပ်တွေ့ခဲ့သည်မှာ ကူးတို့လှေလှော်သူ ဗမာအိမ်ခြေ တစ်ရာမျှသာ ရှိသည်"။

"ဒလမှ လှေစီးပြီး ရန်ကုန်မြို့ဖက် ကူးလာသောအခါ ပိုလ်တစ်ထောင်ဘုရား အနီးတွင် လှေဆိုက်လေသည်။ ပိုလ်တစ်ထောင်ဘုရားအနီးတွင် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း တွေ့ရသည်။ အနီးရှိ ရွံ့ဗွက်တောထဲတွင် ကျွဲများစွာ ရွံ့လူးနေသည်ကို တွေ့ရသည်။ ပုဇွန်တောင်ဖက် လှေလာသောအခါ ငါးဖမ်းနေသူ အများအပြားတွေ့ရ သည်"။

"ရန်ကုန်မြို့၏ မြောက်ဖက်တွင် ဥယျာဉ်ခြံကြီးများစွာ တွေ့ရသည်။ သရက်သီး၊ နာနတ်သီး၊ ပိန္နဲသီးပင် များစွာတွေ့ရသည်။ အသီးအနှံ ပေါလှသည်။ အောက်ဗမာပြည်နှင့် ရခိုင်ပြည်တွင် လွတ်လပ်စွာ ကုန်သွယ်ခွင့်ရှိသည်။ လွတ်လပ်စွာ ရောင်းဝယ်ခွင့်ရှိသည်။ ဗမာဘုရင်လက်အောက်မှ နယ်ပယ်များတွင် ကုန်သည်များ စိတ်ကြိုက် ရောင်းဝယ်ခွင့်တော့ မရှိပေ။ ဘုရင်ကတစ်မျိုး မြို့ဝန်ကတစ်ဖုံ ဥပဒေအမျိုးမျိုးထုတ်ပြီး လုပ်ချင်ရာ လုပ်နေကြသောကြောင့် ပြည်တွင်းကုန်သွယ်ရေးလည်း ထွန်းကားတိုးတက်မှု မရှိပေ။ ပြည်သူလူထုအများစုသည် လွန်စွာဆင်းရဲ ကြပ်တည်းကြသည်။ ရန်ကုန်မှ ချည်ကြမ်းများကို ဒက္ကားမြို့ရှိ အထည်စက်ရုံသို့ တင်ပို့သော လုပ်ငန်းတစ်ခုသာ ကျန်ရစ်လေသည်။ တစ်နှစ်လျှင် ချည်ကြမ်းပေါင်ချိန် နှစ်သန်းအထိ တင်ပို့ခဲ့ရလေသည်။ ကျွန်းသစ်များကို သံလွင်မြစ်ကြောင်းအတိုင်း ဖောင်ဖြင့် မျှောလာသောကြောင့် ဗြိတိသျှတို့ ပိုင်သော မော်လမြိုင်ဆိပ်ကမ်းအရောက် ပို့နိုင်ပါက အလွယ်တကူ သယ်ယူနိုင်သော်လည်း ရန်ကုန်မှ ကျွန်းသစ်များကို ရောင်းချခဲ့သည်မှာ အချိန်ကာလ ကြာပြီဖြစ်သောကြောင့် မူလလမ်းကြောင်းရှိနေသည်။ ထို့ကြောင့် ဗြိတိသျှတို့သည် ကျွန်းသစ်များကို ရန်ကုန်ဆိပ်ကမ်းမှ သယ်ယူနေရလေသည်။ ရွှေငွေနှင့် အဖိုးတန်ကျောက်မျက်ရတနာများသည် မင်းဘဏ္ဍာဖြစ်သောကြောင့် မည်သူမျှ ပိုင်ဆိုင်ခွင့်မရှိသကဲ့သို့ တရားဝင်ရောင်းချခွင့်လည်း မရှိပေ။ ထို့ကြောင့် ရန်ကုန်ဆိပ်ကမ်းတွင် အရောင်းအဝယ် မရှိသောနေ့ရက်များ





ပိုများလာသည်။ ထိုအခါ နိုင်ငံခြားသားများ ဝင်ထွက်သွားလာခြင်း မရှိတော့ပေ"။

၁၈၃၂ ခုနှစ် ရွှေတိဂုံဘုရားပွဲတော်သည် စစ်မဖြစ်မီကာလများကဲ့သို့ စည်ကားမှု မရှိတော့ပေ။ ရှမ်းပြည်ဖက်မှ ကုန်သည်များသည်လည်း အနည်းငယ်မျှသာ လာကြလေတော့သည်။ ရန်ကုန်စျေးကွက် ပျက်သွားပြီဖြစ်သောကြောင့် အများစုသည် မော်လမြိုင်မြို့ရှိ ဘုရားပွဲများသို့ ခြေဦးလှည့်ကြလေသည်။

ရန်ကုန်ဆိပ်ကမ်းသို့ ကုန်များ ဝင်ရောက်မှုလည်း အလွန်နည်းသွားသည်။ တင်သွင်းလာသော ကုန်ပစ္စည်းများကို အကောက်ခွန်ဝန်ကြီးက အကောက်ခွန်ကောက်ပြီးသောအခါ ဒေါင်းတံဆိပ်ရိုက်ပေးသည်။ မှင်အစား မဲနယ်ရည်ကို အသုံးပြုကြသည်။ တံဆိပ်ရိုက်ပြီးသော ပစ္စည်းများကို သယ်ယူမသွားမီ ဗမာအာဏာပိုင်တို့က တာဝန်ယူပြီး ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်သော်လည်း ထိန်းသိမ်းမည့် တာဝန်မယူကြပေ။ သူခိုး အလွန်ပေါလာသည်။

ပထမ အင်္ဂလိပ်-ဗမာစစ်မဖြစ်မီက ရန်ကုန်မြို့တွင် ဗမာအရေအတွက်နှင့် နိုင်ငံခြားသားအရေအတွက်မှ ဆတူမျှဖြစ်သည်။ မူဆလင်များ၊ ဟိန္ဒူများ၊ ပါးရှားများ၊ အာမေးနီးယန်းများ၊ တရုတ်များနှင့် ဥရောပသားများ အနည်းငယ်စီ ရှိကြသည်။ စစ်ပြီးနောက်ပိုင်းကာလတွင် ဥရောပသားများအနက် ပြင်သစ်များ၊ ပေါ်တူဂီများ၊ ဒတ်(ချ်)နှင့် အာမေးနီးယန်းများ ဆက်၍ နေထိုင်ကြသည်။ အတော်များများမှာ အခြားနိုင်ငံသို့ ထွက်သွားကြသည်။

သင်္ဘောတည်ဆောက်ခြင်းလုပ်ငန်းတစ်ခုသာလျှင် ရန်ကုန်တွင် ဆက်လက် ကျန်ရှိနေသောကြောင့် လက်သမားအတတ်ပညာ၊ သင်္ဘောတည်ဆောက်မှု အတတ်ပညာ ကျွမ်းကျင်သော အိန္ဒိယသားအတတ်ပညာရှင်များနှင့် သူတို့၏ မိသားစုများ ကျန်ရစ်လေသည်။ သို့သော် မော်လမြိုင်သင်္ဘောကျင်း၌ သင်္ဘောတည်ဆောက်ခြင်း လုပ်ငန်းသည် လွန်စွာ လွတ်လပ်သွားသောကြောင့် မော်လမြိုင်သင်္ဘောကျင်းတွင် ပို၍ သင်္ဘောတည်ဆောက်မှု များလာလေရာ ရန်ကုန်သင်္ဘောကျင်းမှ သင်္ဘော တည်ဆောက်ခြင်းလုပ်ငန်း ကျဆင်းလာခဲ့လေသည်။

ရန္တပိုစာချုပ်တွင် စစ်နိုင်သော ဗြိတိသျှတို့က သူတို့၏ လိုလားချက်များကို တင်ပြပြီး စိတ်ကြိုက်ရေးဆွဲခဲ့ကြသော်လည်း ဗမာတို့သည် သဘောတူစာချုပ်ကို အတိအကျ လိုက်နာခြင်း မရှိပေ။ ဗြိတိသျှကုန်ပစ္စည်းများအပေါ်တွင် အခွန်ကို အလွန် များစွာ တိုးပြီးကောက်ခံခဲ့ကြသည်။

ရန္တပိုစာချုပ်အရ ဗြိတိသျှအေးဂျင့်များကို ကာကွယ်စောင့်ရှောက်ပေးရမည်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ သို့သော် ဗမာအစိုးရသည် စာချုပ်ကို အတိအကျလိုက်နာမှု မရှိပေ။

၁၈၃၀ တွင် ရစ်ချက်သော်မဆင်၏ဖခင် ကာနယ်ဟင်နရီဘာနေး လုပ်ကြံသတ်ဖြတ်ခံလိုက်ရသည်။ သူသည် ၁၈၀၈ ခုနှစ်ကတည်းက ရန်ကုန်တွင် အခြေစိုက်နေထိုင်ခဲ့သူ ဖြစ်သည်။

ပြဿနာ ရှုပ်ထွေးစွာ ဖြစ်ပေါ်ပြီးနောက် ဗမာအာဏာပိုင်တို့က လူသတ်တရားခံနှစ်ဦးကို မိအောင်ဖမ်းဆီးနိုင်ခဲ့သည်။ ထို့ကြောင့် ဗမာတို့ ကံကောင်းသွားသည်။ လူသတ်သမားနှစ်ဦးသည် နိုင်ငံရေးအကြောင်းအရာများ ရှုပ်ထွေးစေရန် ရည်ရွယ်ပြီး လုပ်ကိုင်ကြခြင်း မဟုတ်ပေ။ ဘားနေးထံမှ စုဆောင်းထားသော ငွေများစွာကို လိုချင်သောကြောင့် လုပ်ကြံသတ်ဖြတ်ခဲ့ကြခြင်းဖြစ်သည်။ လူသတ်သမားနှစ်ဦးစလုံး တပ်ပြေးများ ဖြစ်ကြသည်။ မော်လမြိုင်မှ လာပြီး လူသတ်ခြင်းဖြစ်သည်။ မြို့ဝန်က လူသတ်သမားကို ဗမာဥပဒေအရ သေဒဏ်ပေးလိုသည်။ ကုမ္ပဏီက လူသတ်သမားနှစ်ဦးကို ကလကတ္တားသို့ လွှတ်ပေးပါ။ တရားစီရင်ပြီး အပြစ်ဒဏ်ပေးမည်ဟု တောင်းဆိုသောကြောင့် ကလကတ္တားသို့ ပို့ပေးလိုက်ရသည်။

၁၈၃၇ ခုနှစ်၊ အောက်တိုဘာလတွင် ဒေါက်တာဘေးဖီ(လ်)သည် ရန်ကုန်မြို့တာဝန်ခံအဖြစ် တာဝန်ယူပြီး ရန်ကုန်ဆိပ်ကမ်းတွင် ပေါ်ပေါက်သော မကျေနပ်မှုပြဿနာများကို ဗမာအာဏာပိုင်များထံ တင်ပြပြီး နှစ်ဦးနှစ်ဖက် မျှမျှတတ ညှိနှိုင်းကာ ဖြေရှင်းခဲ့သောကြောင့် ပြဿနာ ကြီးကြီးမားမား မရှိခဲ့ပေ။

တစ်ကြိမ်တွင် ထားဝယ်သားညိုဆိုသူသည် ဒေါက်တာဘေးဖီး(လ်)ထံ တိုင်ကြားသည်။ သူသည် ဖယောင်းတိုင် ၂ စီးမျှသာ ယူလာပါသည်။ ထိုခေတ်ထိုအခါက ဖယောင်းတိုင်းဈေးနှုန်းနှင့် အမြတ်ငွေသည် သယ်ယူပို့ဆောင်ခများ နှုတ်လိုက်ပါက ဘာမျှ မပြောပလောက်ပေ။ ရေဝန်သည် အခွန်ငွေ ၂ ရူပီး အထိ ကောက်ခံခြင်းသည် တရားမျှတမှု မရှိပါဟု ဖြေရှင်းပေးရန် တောင်းဆိုသောကြောင့် ထိုက်သင့်သော အခွန်နှုန်းထားဖြင့် ကောက်ခံပါရန် ညှိနှိုင်းပေးနိုင်ခဲ့သည်။

နောက်ထပ်ပြဿနာတစ်ခုမှာ ထားဝယ်သား မောင်ရွှေဘို၏ ပြဿနာဖြစ်သည်။ သူသည် အထက်ဗမာပြည် အနှံ့အပြား သွားလာ၍ ကုန်ကူးသန်းခြင်း ပြုလုပ်လိုသည်။ သို့သော် ဗြိတိသျှပိုင်နက်နယ်ပယ်ထဲမှ လာသူဖြစ်သောကြောင့် သူလျှိုဟု ထင်ပြီး သွားလာကုန်သွယ်ခွင့်မပြုပေ။ ရန်ကုန်၌ ရောင်းဝယ်ပြီး ထားဝယ်ပြန်လှည့်ရန် ညွှန်ကြားသည်။ ထို့ကြောင့် အကူအညီတောင်းခံသောကြောင့် ဒေါက်တာဘေးဖီး(လ်)က ဝင်ရောက်ဖြေရှင်းပေးခဲ့သည်။





နောက်ပြဿနာတစ်ခုသည် မစ္စတာစနီးဘော၏ အမှုဖြစ်သည်။ သူသည် ဗမာပြည်ကို မကြာခဏ ဝင်ထွက်ပြီး ကုန်သွယ်နေသော ကုန်သည်ဖြစ်သည်။ မြို့ဝန်နှင့် ရင်းနှီးသော ကုန်သည်လည်းဖြစ်သည်။ ယခုတစ်ခေါက်တွင် မြို့ဝန်က ပုံမှန်ပေးနေကြ အခွန်အပြင် အပိုထပ်ဆောင်းငွေ ရူပီး ၆၀ (ခြောက်ဆယ်) ထပ်၍တောင်းသည်။ ထိုအခါ မစ္စတာစနီးဘောက အကူအညီတောင်းသည်။ ဒေါက်တာဘေးဖီး(လ်) ဝင်ရောက် ဖြေရှင်းပေးသောကြောင့် စနီးဘောအပြစ်မှ လွတ်လေသည်။

နောက်ပြဿနာတစ်ခုမှာ မော်လမြိုင်သူ ဗမင်းသာကို လွှန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်က သူမ၏ မိခင်သည် စီးပွားရေးအခက်အခဲ ငွေကြေးအကြပ်အတည်းကြောင့် ဦးရွှေအိုးထံ ၁၂ (ဆယ့်နှစ်) ရူပီးဖြင့် ရောင်းစားခဲ့သည်။ မကြာမီ ပထမအင်္ဂလိပ်-ဗမာစစ်ပွဲ ဖြစ်သောအခါ သူမ၏ မိခင်သည် စစ်ဘေးစစ်ဒဏ်ကြောင့် မော်လမြိုင်မြို့ဖက်သို့ ရောင်ပြေးချိန်တွင် ဦးရွှေအိုးသည် ဝယ်ထားသော ကျွန်များကို ပစ်ထားပြီး ကိုယ်လွတ်ရုန်းထွက်သွားသည်။ ထို့ကြောင့် သူမ၏မိခင်က ဗမင်းသာကို ခေါ်ပြီး မော်လမြိုင်သို့ ပြေးသည်။

မော်လမြိုင်တွင် ဗမင်းသာအရွယ်ရောက်ပြီး အိမ်ထောင်ကျလေသည်။ ထို့နောက် ရွှေတိဂုံဘုရားသို့ ဘုရားဖူးလာခဲ့ရာတွင် ဦးရွှေအိုးနှင့် ဆုံတွေ့ပြီး ဦးရွှေအိုးက ပြန်လည်သိမ်းပိုက်သည်။ နှစ်ပေါင်းများစွာ ကြာသွားပြီး ကလေးမလေးသည် အိမ်ထောင်သည် ဖြစ်လာသည်။ စစ်ဘေးစစ်ဒဏ် ကြုံရစဉ်က စွန့်ပစ်သွားခဲ့ပြီး ယခု ပြန်လည်သိမ်းပိုက်ခြင်းသည် တရားမျှတမှု မရှိပေ၊ သူများမယားကို သိမ်းပိုက်သကဲ့သို့ ဖြစ်နေသည်။

ထို့ကြောင့် မြို့ဝန်အား အကျိုးအကြောင်း ရှင်းပြပြီး ပြန်လွှတ်ပေးရန် တောင်းဆိုရာ မြို့ဝန်၏အမိန့်ဖြင့် ချက်ချင်း အပြစ်မှ လွတ်လေသည်။ ထိုမျှမက မစဉ်းစားမဆင်ခြင်ဘဲ ဖမ်းဆီးသော အရာရှိကိုလည်း မြို့ဝန်က အပြစ်ဒဏ်ပေးလေသည်။

ဒေါက်တာဘေးပီး(လ်) အခက်ကြုံခဲ့သောအရာ တစ်ခုရှိသည်။ ရန်ကုန်မြို့သို့ အလည်အပတ် ရောက်နေသော ကပ္ပတိန်နှစ်ကိုးသည် ဗမာအရာရှိတစ်ဦး၏ ဇနီးမယားနှင့် ဖောက်ပြန်သည်ကို နံနက် ၁၀ နာရီတွင် အတူအိပ်နေစဉ် လက်ပူးလက်ကြပ် ဖမ်းမိခဲ့သည်။

ထိုညက ဗမာအရာရှိ ညဖက် အိမ်မပြန်ခဲ့ပါ။ အိမ်နားနီးချင်းများ၏ ထွက်ဆိုချက်အရ အင်္ဂလိပ်သည် ည ၉ နာရီနှင့် ၁၀ နာရီအတွင်း တိတ်တဆိတ် ရောက်လာသည်ဟု သိရသည်။ သို့သော် အိမ်ကို တံခါးဖျက်ပြီး အဓမ္မဝင်ရောက်ဟန် မရှိပေ။ အလိုတူပြီး အတူတူအိပ်လိုက်သောကြောင့် အပြစ်ပေးရခက်နေသည်။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ရေဝန်သည် အပြစ်ဒဏ်အဖြစ် ရူပီးငွေ ၄၀ (လေးဆယ်)ဖြင့် အမှုကို ကျေအေး လိုက်သည်။

၁၈၃၈ ခုနှစ်၊ ဇူလိုင်လတွင် ကာနယ် ဘင်ဆွန်ကို ဒေါက်တာ ဘေးဖီး(လ်) နေရာတွင် တာဝန်ပေးပြီး ဆက်လက်ထမ်းဆောင်စေသည်။ ကာနယ်ဆင်ဆွန်အား မြို့ဝန်က ကောင်းမွန်စွာ လက်ခံလေသည်။ ရေဝန်သည် ဆိပ်ကမ်းတွင် အခမ်းအနားနှင့် ကြိုဆိုပြီး မြို့တွင်းသို့ အတူတူဝင်ကြသည်။ ဘေးဝဲယာတွင် အစောင့်များ ဝိုင်းရံ ထားသည်။

ကုန်သည်လမ်းနှင့် ၃၆ လမ်း လမ်းဆုံတွင် အိမ်ကြီးတစ်လုံး၌ နေထိုင်ခွင့်ပြု သည်။ အိမ်လခ တစ်လလျှင် ရူပီး ၂၀၀ (နှစ်ရာ)ဖြစ်သည်။ သို့သော် လွတ်လပ်စွာ သွားလာခွင့်မပြုပေ။ သာယာဝတီမင်း၏ အမိန့်သည် ရန္တပိုစာချုပ်ပါ သဘောတူညီချက် များနှင့် ဆန့်ကျင်လေသည်။ ကာနယ်ဘင်ဆွန်ကို မြို့ဝန်၏ အဆင့်နှင့် တန်းတူ သတ်မှတ်ထားသောကြောင့် နေပြည်တော်သို့ လာစရာမလို ဘယ်လိုကိစ္စဖြစ်ပါစေ မြို့ဝန်နှင့် ရအောင် ညှိနှိုင်းပါဟု သာယာဝတီမင်းက မိန့်မှာထားခဲ့သည်။ ထိုကဲ့သို့ မောက်မာခတ်ထန်စွာ ဆက်ဆံခြင်းသည် ရန္တပိုစာချုပ်ကို ဖောက်ဖျက်ခြင်းဖြစ်သည်။

တစ်ခါသော် ပြဿနာတစ်ခုမှာ သင်္ဘောပိုင်ရှင်တစ်ဦးကို ဖမ်းဆီးမှု ဖြစ်သည်။ ပီနန်မှလာသော ကုန်သင်္ဘောတစ်စီးမှ ပစ္စည်းများကို ထိုက်သင့်သည့် အခွန်မှုသာ ဆောင်စေရမည်။ အကယ်၍ ဗမာအစိုးရမှ ခွင့်မပြုသော ကုန်ပစ္စည်း များ ပါလာပါက ဒဏ်ရိုက်နိုင်သည်။ ပစ္စည်းများ သိမ်းခွင့်မရှိ၊ သင်္ဘောပိုင်ရှင်ကို ဖမ်းဆီးခွင့် လုံးဝ မရှိပါ။ ယခု သင်္ဘောပိုင်ရှင် ဝါ(စ်)ဂျီအား ဖမ်းဆီးခြင်းသည် တရားမျှတမှု မရှိကြောင်း ကာနယ်ဘင်ဆွန်က တိုင်တန်းရာတွင် မြို့ဝန်က မချေမငံပြန် ပြောပြီးမှ သင်္ဘောပိုင်ရှင်ကို ဝါ(စ်)ဂျီကို ပြန်လွှတ်ပေးခဲ့သည်။

၁၈၃၉ ခုနှစ်၊ ဧပြီလတွင် ကာနယ်ဘင်ဆွန် ဗမာပြည်မှ ထွက်ခွာသွားသည်။ သို့သော် အမရပူရနေပြည်တော်တွင် သူ၏ လက်ထောက် W.C.Mc Leod ကျန်ရစ် သည်။ သို့သော် အမရပူရ နေပြည်တော်မှ ဆက်ဆံမှုသည် တဖြေးဖြေး ဆိုးဝါးလာ သောကြောင့် ဇူလိုင်လတွင် ရန်ကုန်သို့ ပြောင်းခဲ့သည်။ ရန်ကုန်သို့ ရောက်သောအခါ ဘာနေး ငါးရမ်းနေထိုင်ခဲ့ဘူးသောအိမ်တွင် နေခဲ့သည်။ ပထမ အဆင်ပြေပါသည်။ သို့သော် အချိန်ကြာလေလေ ပြဿနာရှုပ်ထွေးလာလေ ဆက်ဆံရေး ကြမ်းတမ်းလာ လေ ဖြစ်သည်။ ဗြိတိသျှနှင့် ဥရောပသားများအတွက် အစားအသောက်ချက်ပြုတ် ပေးရသော ဘင်္ဂါလီတစ်ဦးကိုလည်း မြို့ဝန်က သေဒဏ်အပြစ်ပေးခဲ့သည်။ နွားသတ်မှုနှင့်





အပြစ်ပေးခြင်းဖြစ်သည်။

ထိုအပြစ်ဒဏ်သည် ဗမာများအတွက် ဖြစ်သည်။ ဗမာများ အသားစားခွင့် မရှိသော်လည်း နိုင်ငံခြားသားများ စားခွင့်ရှိသည်။ အပြစ်ဒဏ် အလွန်ကြီးသောကြောင့် လျှော့ပေါ့ပေးရန် ပြောဆိုကြသော်လည်း မရပေ။ ထိုအခါ ဗမာနှင့် အင်္ဂလိပ်တို့ကြား ပြဿနာတစ်ပို့ အကြောင်းဖန်လာသည်။

အင်္ဂလိပ်တို့က ကာနယ်ဘင်ဆွန်နေရာတွင် သူ၏ လက်ထောက် Mc Leod ကို ထားခဲ့သောကြောင့် သာယာဝတီမင်းသည် ရန်ကုန်မြို့ဝန်ကို နေပြည်တော်သို့ ပြန်ခေါ်ပြီး အဆင့်နိမ့်အရာရှိကို စေလွှတ်ခဲ့သည်။ ထိုသူသည် မြို့ဝန်မဟုတ်သကဲ့သို့ ဥပဒေရေးရာလည်း ဘာမျှနားလည်သူ မဟုတ်ပေ။ အချိန်ပြည့် အရက်ဝိုင်းနှင့် ဟန်ကျ နေသည်။ သူ့ထံသွားလိုက်တိုင်း အရက်အညှီစာ၏ အနံ့များ စူးရူးဝါးဝါး နံနေသည်။ လူကြီးလူကောင်းပီသသူ မဟုတ်ပေ။ သူ့အစောင့်များသည် မက်စကက်သေနတ် တကားကားနှင့် ရမ်းရမ်းကားကားပုံစံများ ဖြစ်ကြသည်။

ထို့ကြောင့် Mc leod က သူလို အမူးသမားမြို့ဝန်နှင့် ရှေ့ဆက်အလုပ်တွဲပြီး လုပ်ဖို့ လုံးဝမဖြစ်နိုင်ကြောင်း ကုမ္ပဏီသို့ အကြောင်းကြားလိုက်သောအခါ ကုမ္ပဏီက သူ့ကို မော်လမြိုင်ထွက်ခွာသွားရန် ခွင့်ပြုပေးလိုက်သည်။ သူ့အတွက် စစ်သင်္ဘော H.M.S.Conway ကို စေလွှတ်လိုက်သည်။ မြို့ဝန်က တောင်းပန်သည်။ မရသောအခါ ဘေးဖီး(လ်) နေခဲ့ဖူးသော ထိုအိမ်ကို ဖျက်ဆီးလိုက်ကြသည်။ ဗမာနှင့် အင်္ဂလိပ်တို့၏ ဆက်ဆံရေး အလွန်တင်းမာနေချိန်တွင် သာယာဝတီမင်းက အမိန့်အသစ်ထုတ်သည်။

သာယာဝတီမင်း၏ ခွင့်ပြုချက်မရှိဘဲ နိုင်ငံခြားသားများ မြေဝယ်ခြင်းကို လုံးဝ အသိအမှတ်မပြုဟု တားမြစ်လေသည်။ ထို့အပြင် နိုင်ငံခြားသားများ၏ နေအိမ်တွင် ဗမာများကို အခိုင်းအစေအဖြစ် ငှားရမ်းခြင်းကိုလည်း လုံးဝ ခွင့်မပြုဟု အမိန့်ထုတ်လိုက် သည်။ ကျွန်များကိုလည်း ပြန်လွှတ်ရမည်။ နိုင်ငံခြားသားများနှင့် အိမ်ထောင်ကျနေသော ဗမာအမျိုးသမီးများလည်း နိုင်ငံခြားသားနှင့် အဆက်အသွယ်ဖြတ်ရမည်ဟု ကြေညာ သည်။

မြို့ဝန်သည် Mc Leod ကို ပြေပြေလည်လည် ဆက်ဆံလာခဲ့ပါသည်။ ဘုရင့်အမိန့်ကို မဖြစ်မနေ နာခံကြရမည်ဟု ပြေလည်စွာ ပြောဆိုရှင်းပြပါသည်။ The Conway သင်္ဘော ထွက်မည့်အချိန်နှင့် ပတ်သက်၍ ဗမာအာဏာပိုင်တို့အား အလုံးစုံ အသိပေးထားပြီးဖြစ်သည်။ သို့သော် သင်္ဘောထွက်ချိန်တွင် ဗမာအရာရှိတို့က အမိန့်မပေးသောကြောင့်ဟုဆိုပြီး ဂိတ်စောင့်က ဂိတ်တံခါးကို ဖွင့်မပေးချေ။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် လက်ဖတင်နင် ရှ(ဒ်)နီနှင့် အရာရှိများ မကျေမနပ်ဖြစ်ကြသည်။ စကားပြန် မစ္စတာအာ(ရ်)အက်(စ်)အက်ဒဝပ်သည် မြို့ဝန်ထံသွားပြီး အကျိုးအကြောင်း ရှင်းပြရာ မြို့ဝန်သည် လူကြီးလူကောင်းမပီသဘဲ ဗမာစကားဖြင့် ညစ်ညမ်းစွာ ဆဲဆိုသည်။ စိတ်ဓာတ်အောက်တန်းကျသူ ဖြစ်လေရာ ဒေါသစိတ်ပြေသည်အထိ အားရပါးရ ဆဲပြီးမှ ဂိတ်တံခါးဖွင့်ရန် အမိန့်ပေးသည်။ ထိုအဖြစ်အပျက်တွင် မြို့ဝန်ဖက်က ပေါ့လျော့မှုကြောင့် တစ်ဖက်နှင့်တစ်ဖက် မပြေမလည်ဖြစ်ရခြင်းအတွက် မြို့ဝန်ဖက်က မိမိအမှားကို ဝန်ခံလိုက်ပါက ပြဿနာကြီးကြီးမားမားတက်မည် မဟုတ်ဘဲ ပြေလည်သွားနိုင်ပါသည်။ သို့သော် ဗမာဘုရင်သည် နိုင်ငံခြားသားများနှင့် လူကြီးလူကောင်းပီသစွာ ဆက်ဆံနိုင်မည့် သူကို မြို့ဝန်ခန့်ရမည့်အစား မည်သည့်အရည်အချင်းမျှမရှိ အရက်မူးပြီး ဒေါသကြီးရုံမျှသာ အရည်အချင်းရှိသူကို ခန့်ခြင်းသည် ဗမာဘုရင်ကိုယ်တိုင် ပြဿနာရှာလိုခြင်းဟု နိုင်ငံခြားသားများကို ထင်မြင်ယူဆစေသည်။

မြို့ဝန်၏ ရမ်းကားမှုသည် ဤမျှနှင့် ရပ်တန့် မသွားပါ။ Mc Leod အား နေအိမ်ကို ရှင်းလင်းထား၊ အားလုံးဖယ်ထားဟု အမိန့်ပေးသည်။ အဓိပ္ပါယ်မှာ ဗမာပြည်က ထွက်သွားဟု ဆိုလိုခြင်းဖြစ်သည်။ သို့သော် မြို့ဝန်အမိန့်ပေးရုံဖြင့် ထွက်သွား၍ မဖြစ်ပါ။ ကုမ္ပဏီထံ အကျိုးအကြောင်း တင်ပြပြီးပြန်လာခွင့်တောင်းရသည်။ ခွင့်ပြုချက်ရသောအခါ ၁၈၄၀ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့တွင် ဗြိတိသျှသံအရာရှိ Mc Leod သည် ရန်ကုန်မြို့မှ ထွက်ခွာသွားခဲ့လေသည်။ ထိုအချိန်မှစပြီး ၁၈၅၁ ခုနှစ်အထိ ဗြိတိသျှအိန္ဒိယအစိုးရနှင့် ဗမာအစိုးရတို့သည် သံတမန်ဆက်ဆံမှု လုံးဝ မရှိတော့ပေ။

သာယာဝတီမင်းသည် အင်္ဂလိပ်တို့နှင့် နောက်ထပ်တစ်ကြိမ် စစ်ဖြစ်မည်ကို မလိုလားပေ။ သို့သော် စစ်ဖြစ်လာပါက ခုခံနိုင်စေရန်အတွက် မြို့ရိုးကို ပြုပြင်သည်။ သစ်လုံးခံတပ်တွင် အမြောက်များ တပ်ဆင်ထားသည်။ သစ်လုံးခံတပ်များကိုလည်း အခိုင်အမာ ပြန်လည်တည်ဆောက်ထားသည်။

၁၈၃၂ တွင် သံတမန်တာဝန်ယူခဲ့သော ဘာနေးက ဤသို့ ရေးသားထားသည်။ 'ရန်ကုန်တွင် ဗမာစစ်သား ၂၀၀၀ (နှစ်ထောင်)သည် ဓါးရှည်များဖြင့် အသင့်အနေအထား ရှိနေကြသည်။ မက်စကက်သေနတ်ကိုင်သော တပ်သား များစွာရှိသည်။ ရွှေတိဂုံဘုရားကြီးအနီးတွင် အင်အားအလွန်များသည်'ဟု ရေးထားသည်။

ဘကြီးတော်မင်းလက်ထက်တွင် စစ်ဖြစ်ပွားခဲ့သော် စစ်ပြီးနောက်ပိုင်းကာလ ဆက်ဆံရေးသည် လိမ္မာပါးနပ်မှုကြောင့် အင်္ဂလိပ်တို့နှင့် ဒုတိယအကြိမ်စစ်ဖြစ်မည့် အခြေအနေကို ရှောင်ရှားနိုင်ခဲ့သည်။ ၁၈၃၇ ခုနှစ်တွင် သာယာဝတီမင်း ထီးနန်းစိုးစံ





သောအခါ စစ်ကိုမလိုလားသော်လည်း အင်္ဂလိပ်အပါအဝင် အနောက်တိုင်းသားများ ဗမာ့မြေပေါ်တွင် ရှိနေခြင်းကိုတော့ မလိုလားခဲ့ပေ။ ဆက်ဆံရေးကောင်းမွန်ပါက စစ်ပွဲကို ရှောင်နိုင်သည်ဟု သဘောထားရမည့်အစား အနောက်တိုင်းသားများ မနေနိုင်အောင် ဖိနှိပ်ပေးခြင်းဖြင့် အနောက်တိုင်းသားများ ဗမာပြည်တွင် မနေဝံ့တော့ဘဲ ထွက်ပြေးသွားကြမည်။ ဗမာပြည်ကို စိတ်ကုန်သွားမည်ဟု ယူဆသည်။ သာယာဝတီမင်း၏ အတွေးအခေါ်သည် အင်္ဂလိပ်တို့နှင့် နောက်ထပ်စစ်ဖြစ်ရန် ဖန်တီးနေသကဲ့သို့ ရှိတော့သည်။

၁၈၃၉ ခုနှစ်၊ ဇန်နဝါရီလတွင် စကြာမင်းခေါ် မင်းလောင်းပေါ်သည်။ ဘကြီးတော်၏ သားကြီးသည် မင်းလောင်းအဖြစ် ရဲရဲဝံ့ဝံ့ပေါ်ထွက်လာသည်။ နောက်လိုက်အင်အား ကြီးမားစွာဖြင့် သာယာဝတီမင်းကို အန်တုသည်။ သို့သော် ပုန်ကန်သူများသည် စစ်သည်များ မဟုတ်ကြဘဲ အရပ်သားများဖြစ်လေရာ တစ်လအတွင်း စိစိညက်ညက်ကျေအောင် ချေမှုန်းပစ်နိုင်ခဲ့လေသည်။

ဒေါက်တာဘေးဖီး(လ်)က သူတွေ့ရှိသမျှ ဤသို့ ဖော်ပြခဲ့သည်။

"တိုက်ပွဲဖြစ်စဉ် အသေးစိတ်တော့ မသိရပါ။ သို့သော် အလွယ်တကူ နှိမ်နင်းပြီး ပုန်ကန်သူများကို ဖမ်းဆီးခေါ်ဆောင်လာပြီး သတ်ဖြတ်သည်ကိုတော့ တွေ့မြင်ရပါသည်"ဟု ရေးသားထားသည်။

၁၉၃၈ ခုနှစ်၊ ဒီဇင်ဘာလတွင် ဗမာအာဏာပိုင်တို့ထံ ခွင့်ပြုချက်မတောင်းဘဲ ဗြိတိသျှစစ်သင်္ဘောကြီး ဖေးဘရိုက်သည် ရန်ကုန်ဆိပ်ကမ်းတွင် ရပ်နားခဲ့သောကြောင့် ရန်ကုန်တစ်မြို့လုံး အထိတ်တလန့် ဖြစ်ကုန်သည်။ မြို့ဝန်သည် ပိုင်းလော့ အန်တိုနီကို ရှုပ်း ၅၀ (ငါးဆယ်) ဒဏ်ရိုက်ခဲ့သည်။

၁၈၃၉ ခုနှစ်တွင် မူဆလင်ကုန်သည် မီယာဓာမိုဟာမက်အလီ (Mira Mahomed Ali) က မြို့ဝန်အား 'ဗြိတိသျှစစ်သင်္ဘောသည် မတော်တဆ ရောက်လာခြင်း မဖြစ်နိုင်၊ သူတို့ အိန္ဒိယကို နယ်ချဲ့ခဲ့ကြသလို ဗမာပြည်ကိုလည်း နယ်ချဲ့ရန်အတွက် အင်အားပြခြင်းမျှသာ ဖြစ်သည်၊ မပေါ့ဆသင့်'ဟု အကြံပေးရာ မြို့ဝန်က သာယာဝတီမင်းထံ အကျိုးအကြောင်း ရှင်းပြခဲ့သည်။ ထိုအခါ သာယာဝတီမင်းက နေပြည်တော်မှ လက်ရွေးစင်စစ်သည် ၇၀၀၀ (ခုနှစ်ထောင်)ကို ရန်ကုန်သို့ စေလွှတ်လိုက်သည်။ လိုအပ်သော နေရာတိုင်းတွင် အုတ်တံတိုင်းများ အခိုင်အခံ့ပြုလုပ်စေသည်။ အထူးသဖြင့် ရွှေတိဂုံကုန်းတော်၌ စစ်သည်အင်အား များစွာချထားခဲ့သည်။

အင်္ဂလိပ်သံအရာရှိ Mc Leod က ဤသို့ မှတ်တမ်းရေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဗမာတို့သည် မကြာမီ စစ်ဖြစ်တော့မည်ဟု ထင်မြင်ယူဆကြသည်မှာ သေချာသည်။ မြို့ရိုးများကို သေသေချာချာ အုတ်ဖြင့် ကာရံနေသည်။ လက်နက်ကိုင် စစ်သည်အရေအတွက် များလွန်းလှသည်။ မတ်စကက်သေနတ်များနှင့် အမြောက်များ၊ ခဲယမ်းမီးကျောက်များကို ပြင်သစ်ပိုင် မွန်စီချယ်ရီနှင့် ချန်ဒါနဂိုတို့မှ အဓိက သယ်ယူနေကြသည်"။

အင်္ဂလိပ်ကုန်သည်များထံမှလည်း လက်နက်မျိုးစုံ ရနိုင်သမျှ ဝယ်သည်။ ၁၈၃၉ ခုနှစ်ကတည်းက ဗမာတို့သည် ရွှေတိဂုံဘုရားကို အဓိကဌာနချုပ်ဖွင့်ပြီး စစ်ပြင်နေသည်။ ဂျူဗလီဟောနေရာတွင် သာယာဝတီမင်းသည် နန်းတော်တစ်ခု တည်ဆောက်ခဲ့သည်။ မြို့၏ အနောက်နှင့် တောင်ဖက်တွင် စစ်တပ်များကို ထူထပ်စွာ ချထားခဲ့သည်။ စစ်သားများအတွက် ရေလုံလောက်စွာ ရစေရန် အကယ်၍ မီးလောင်ပါကလည်း ရေဖြန်းမီးငြိမ်းသတ်ရန်အတွက် ရေတွင်းအသစ် သုံးဆယ်တူးထားသည်။ ရေကန်များကို မြို့၏ နေရာအနှံ့ပြုလုပ်ထားသည်။

မြို့ကို ဂိတ် ၁၃ ဂိတ် ခွဲထားလိုက်သည်။ ၎င်းတို့မှာ –

၁။ မြောက်ဂိတ်(သို့မဟုတ်) မြေနီဂိတ် *(နောင်တွင် ကာလကြာသော် မြေနီကုန်းဟုခေါ်သည်။ ယခုအထိလည်း မြေနီကုန်းဟုခေါ်သည်။)*

၂။ ရွှေဂိတ်

၃။ လိပ်ခင်ဂိတ်

၄။ ရှင်စုဂိတ်

၅။ ကန်တော်ကလေးဂိတ်

၆။ ပန်းပဲတန်းဂိတ် (Smith's Gate)

၇။ တောင်ဂိတ်

၈။ ညောင်ပင်ဂိတ်

၉။ ရှင်စောပုဂိတ်နှင့်

၁၀။ အမည်မသိရသော ဂိတ်တို့ဖြစ်ကြသည်။

၁၈၄၀ နောက်ပိုင်းတွင် ရန်ကုန်မြို့ဝန်သည် ဦးမောင်အုပ်ဖြစ်သည်။ သူသည်လည်း ဆက်ဆံရေးကောင်းသူ မဟုတ်ပေ။ မောင်အုပ်သည် အခွန်အတုပ်များကို မတရားတိုးမြှင့်ကောက်ခံသည်။ နိုင်ငံခြားသားများသည် ထိုအချိန်ကာလတွင် ကုန်သွယ်မှု နည်းပါးသောကြောင့် ဗမာအချင်းချင်း ဒုက္ခပေးနေခဲ့သည်။

ဦးမောင်အုပ် မည်မျှချမ်းသာသနည်း.... ဆိုသော် မိန်းမချောလေးတစ်ဦးကို





ချစ်ကြိုက်သောကြောင့် သွား၍ တောင်းရမ်းရာ ငြင်းဆန်ကြလေသည်။ ထိုအခါ ဦးမောင်အုပ်သည် ယောက္ခမများအတွက် နန်းတော်တမျှ ကောင်းမွန်သော အဆောက်အဦးကြီးတစ်ခု ဆောက်လုပ်ပေးခဲ့သည်။

၁၈၅၂ ခုနှစ်တွင် ရန်ကုန်မြို့ ရောက်ခဲ့သော အနောက်တိုင်းသားတို့သည် ယခုမြို့ဝန်အပေါ် တူညီသော သဘောထားရှိခဲ့ကြသည်။ အခွန်အတုပ်ကို ယခင်သတ်မှတ်နှုန်းထားထက် အဆပေါင်းများစွာ တိုး၍ ကောက်သည်။ ရှင်ဘုရင်၏အမိန့်ဖြင့် တားမြစ်ထားသော ကုန်ပစ္စည်းများကို လွတ်လပ်စွာ ကုန်သွယ်ခွင့်၊ ရောင်းဝယ်ခွင့်ပြုပြီး ခွင့်ပြုပေးခြင်းအတွက် ငွေကြေးများစွာ လာဘ်စားသည်။ ယခင်မြို့ဝန်များထက် အဆပေါင်းများစွာ အကျင့်ပျက်သူဟု မှတ်ချက်ပေးကြသည်။

BZBLIOGRAPHY

(1) T.T Baker; Recert Operations of the British Forces at Rangoon and Martaban (1852)


(2) W.W.Desai The British Resi dency in Burma

■■■



www.burmeseclassic.com

www.burmeseclassic.com



ရွှေတိဂုံဘုရား မြောက်ဘက်မုခ် (၁၈၅၅)



အခန်း(၈)

## ၁၈၅၂ ခုနှစ်စစ်ပွဲ

၁၈၅၂ ခုနှစ် ဖွန်လတွင် ကပ္ပတိန်ရောဘတ်ရှက်ပတ် (Captain Robert Sheppard) ဦးစီးသော တန်ချိန် ၂၅၀ ရှိသည့် barque Monarch သင်္ဘောကြီး ရန်ကုန်မြို့သို့ ရောက်လာသည်။ မော်လမြိုင်ဆိပ်ကမ်းမှ လာခဲ့ခြင်းဖြစ်သည်။ ရန်ကုန်ဆိပ်ကမ်းကပ်သောအခါ ဟာဂျင်အမည်ရှိ စစ်တကောင်းသား သင်္ဘောသားသည် ရန်ကုန်မြို့ဝန်ထံ လာပြီး သူ၏အစ်ကို ရေကြောင်းပြအရာရှိနှင့် ကပ္ပတိန်တို့ ပင်လယ်အတွင်း စကားများစဉ် ကပ္ပတိန်သည် သူ့အစ်ကိုကို သင်္ဘောပေါ်မှ ရေထဲတွန်းချခဲ့သည်။ သူ့အစ်ကိုအီစွတ် မတရားအသတ်ခံရခြင်းအတွက် အရေးယူပေးပါရန် လာရောက်တိုင်ကြားသည်။

ကပ္ပတိန်ရှက်ပတ်သည် အသာတကြည့် အဖမ်းခံခဲ့သည် မဟုတ်ပေ။ လှည့်ပတ်ရှောင်တိမ်းခဲ့ရာ ကြိုးစားပြီး ရှာဖွေဖမ်းဆီးရသည်။ မြို့ဝန်က အသက်လျှော်ကြေးရှူး ၅၀၀ (ငါးရာ)ပေးဆောင်စေသည်။ လျှော်ကြေးရသည်နှင့် တိုင်ကြားသူ ဟာဂျင်ကို ရှာမတွေ့တော့ပေ။ ဟာဂျင်နှင့် ညီအစ်ကိုတော်စပ်သည့် ဒီဝန်အလီသည်း သူ့အစ်ကို၏ အသက်လျှော်ကြေးကို သူလည်းရသင့်သည်ဟု မြို့ဝန်က ဆုံးဖြတ်ပြီး ကပ္ပတိန်ရောဘတ်ရှက်ပတ်ကို ဒဏ်ငွေထပ်တိုးကာ စုစုပေါင်းဒဏ်ငွေ ၁၀၀၀ (တစ်ထောင်) ရူပီ ဒဏ်ပေးခဲ့လေသည်။

ထိုသည်ကို မကျေနပ်၍ ကပ္ပတိန်ရှက်ပတ်သည် တနင်္သာရီကော်မရှင်နာမင်းကြီးထံ တိုင်သည်။ ဒဏ်ကြေးနှစ်ဆပေးခဲ့ရခြင်းနှင့် သူ၏သင်္ဘော ရန်ကုန်ဆိပ်ကမ်းတွင် ၈ ရက်ကြာ အပိုနေခဲ့ရသောကြောင့် ကုန်ကျစရိတ်များ တောင်းခံလေသည်။

နောက်ထပ် ပြဿနာ တစ်ခုမှာ ဩဂုတ်လတွင် တန်ချိန် ၄၁၀ ရှိသော ချန်ပီယံ(Champion)သင်္ဘောကြီး ရန်ကုန်ဆိပ်ကမ်း ကပ်လာသည်။ ထိုအခါ ကပ္ပတိန်



www.burmeseclassic.com

www.burmeseclassic.com



တာရိုးလူးဝစ်က သင်္ဘောသားတစ်ယောက် မွေတာအတိုင်း သေဆုံးမှုဖြစ်ပေါ်ခဲ့သည်ဟု အကြောင်းကြားပြီး ရန်ကုန်တွင် သဂြိုလ်ခွင့်တောင်းသည်။ မြို့ဝန်က ခွင့်ပြုခဲ့သည်။

သို့သော် ထိုသင်္ဘော ကုန်တင်ကုန်ချပြုလုပ်စဉ် ကုလီဘင်္ဂါလီကုလီ ၂ ဦးအား သင်္ဘောသားများက အဖြစ်မှန်ကို ရှင်းပြပြီး အကူအညီတောင်းသည်။ အဖြစ်မှန်မှာ သေဆုံးသူမှာ သာမန်ရိုးရိုး သေဆုံးခြင်း မဟုတ်ဘဲ အသတ်ခံရခြင်း ဖြစ်သည်။ ကပ္ပတိန် ဟာရိုးလူးဝစ်သည် ရက်ပတ်ကဲ့သို့ အရပ်ထောင်ထောင်မောင်းမောင်း လူဖြူလူဆိုးလူမိုက် ဖြစ်သည်။ သင်္ဘောသားများသည် အာရှသားများဖြစ်လေရာ မကျေမနပ်ဖြစ်၍ ရင်ဆိုင်ရသောအခါ ကပ္ပတိန်ကို မယှဉ်နိုင်ပေ။ ထိုအခါ အသတ်ခံခြင်း ဖြစ်သည်သည်။

အကြောင်းစုံ သိသောအခါ မြို့ဝန်က လူသတ်မှုအတွက် ကပ္ပတိန်ဟာရိုးလူးဝစ်ကို ဒဏ်ငွေရှပီး ၇၀၀ (ခုနစ်ရာ) ဒဏ်ရိုက်သည်။ ကပ္ပတိန်က မကျေနပ်သောကြောင့် ကလကတ္တားအာဏာပိုင်တို့ထံ တိုင်သည်။ ထိုအချိန်တွင် ဘုရင်ခံအသစ် လော့ဒလဟိုစီ (Lord Dalhousie) ရောက်လာသည်။ သူသည် ယခင်ဘုရင်ခံကဲ့သို့ အချို့သော ပြဿနာများကို အချိန်ဆွဲထားခြင်းမပြုဘဲ ကပ္ပတိန်နှစ်ဦး၏ အမှုကို ချက်ချင်း ဖြေရှင်းစေသည်။ စနစ်တကျ တွက်ချက်လိုက်သောအခါ ကုမ္ပဏီမှ နစ်နာသော ငွေကြေးပမာဏအတိုင်းအတာသည် ရှပီး ၁၉၂၀၀ (တစ်သောင်းကိုးထောင့်နှစ်ရာ) ဖြစ်ကြောင်း တွေ့ရသည်ဟုဆိုကာ ဗမာတို့ဖက်မှ ရှပီး ၉၂၀၀ (ကိုးထောင့်နှစ်ရာ) လျော်ကြေးပေးရန် တောင်းဆိုသည်။ လျော်ကြေးတောင်းခံသော စာကို ကွန်မင်ဒို လင်းဘတ် (Commodre G.R Lambert) က ယူဆောင်လာခဲ့သည်။

လင်းဘတ်၏ သင်္ဘောသည် H.M.S.Fox ဖြစ်သည်။ လင်းဘတ်နှင့်အတူ ကုမ္ပဏီပိုင်စစ်သင်္ဘောဖြစ်သော တနင်္သာရီသင်္ဘောကြီး Tenasserim ကို ကပ္ပတိန်ဒီစီကို ဦးစီးလာသည်။ ပရိုဆာပိန် (Proserpine) စစ်သင်္ဘောကြီးကို ကပ္ပတိန် ဘရွတ်ကင်းက ဦးစီးလာသည်။ ဆောင်ရွက်မည့်အစီအစဉ်ကို ရှင်းပြရာတွင် ကပ္ပတိန်များအားလုံးသာမက ကပ္ပတိန်သောမတ်နှင့် မစ္စတာအာ(ရ်)အက်(စ်)အက်ဒဝပ်တို့လည်း တက်ရောက်ကြသည်။ လင်းဘတ်၏ အစီအစဉ်မှာ ကုမ္ပဏီ၏ တောင်းဆိုချက်ကို ရန်ကုန်မြို့ဝန်ထံ တောင်းဆိုရန်ဖြစ်သည်။ ရန်ကုန်မြို့ဝန်က လိုက်လျောနိုင်ခြင်းမရှိသော် နေပြည်တော်အထိ သွားပြီး အရေးဆိုရန် ဖြစ်သည်။

နိုဝင်ဘာလ ၂၅ ရက်နေ့တွင် လင်းဘတ်သည် ရန်ကုန်ဆိပ်ကမ်း ရောက်လာသည်။ ညှိနှိုင်းကြသည်။ မြို့ဝန်သည် အတော်လေး စိတ်ပျက်နေသည်။ ကြံရာမရ





လည်း ဖြစ်နေသည်။ သူ့မှာ လိုက်လျောဖို့ အခွင့်အာဏာမရှိပေ။

နိုဝင်ဘာ ၂၇ ရက်တွင် ကပ္ပတိန်လင်းဘတ်သည် တောင်းဆိုချက်ရေးပြီး မြို့ဝန်ထံ ပို့လိုက်သည်။ မြို့ဝန်သည် စကားပြန်ကို ခေါ်ထားသည်။ ဗြိတိသျှအရာရှိကြီးများအပြင် ဥရောပသားအားလုံးကို အသိသက်သေများအဖြစ် မြို့ဝန်က ခေါ်ထားသည်။ မြို့ဝန်သည် ဘာသာပြန်သူ ရှင်းပြသမျှကို ဆေးလိပ်ကြီးခဲပြီး နားထောင်နေသည်။

မြို့ဝန်သည် အင်္ဂလိပ်စာနှင့် အင်္ဂလိပ်စကားကို အနည်းငယ်မျှသာ သိဟန်တူသည်။ နိုဝင်ဘာ (၂၆) ရက်နေ့တွင် ရန်ကုန်မြို့အတွင်း ထွက်ပေါ်နေသော ကောလဟာလသတင်းအရ အင်္ဂလိပ်ခေါင်းတစ်ခုလျှင် စတာလင်ပေါင် ၁၀၀ ဆုငွေထုတ်ထားသည်ဟု သိရသည်။

မြို့ဝန်က အင်္ဂလိပ်စစ်သင်္ဘောများကို မြို့နှင့်ဝေးရာ၌ ရပ်နားစေလိုသည်။ ထို့ကြောင့် ဖယ်ရှားပေးပါဟု တောင်းဆိုသည်။ လင်းဘတ်က လက်မခံ၊ လျော်ကြေးကိစ္စပြေလည်အောင် ဆောင်ရွက်ပေးဖို့သာ တောင်းဆိုသည်။ လျော်ကြေးကိစ္စကို ပြေလည်အောင် ဖြေရှင်းပေးနိုင်သော အခွင့်အာဏာသည် မြို့ဝန်၌မရှိပေ။

လင်းဘတ်က တောင်းဆိုချက်တစ်ခု ထပ်ပြီးတောင်းပြန်သည်။ သာယာဝတီမင်းထံ စာရေးပေးသည်။ နိုင်ငံခြားသားများနှင့် အဆင်ပြေအောင် ဆက်ဆံနိုင်စွမ်းမရှိသော မြို့ဝန်ကို ရာထူးမှ ဖယ်ရှားပြီး မြို့ဝန်အသစ် ခန့်ပေးပါ။ ဆွေးနွေးစရာရှိသည်များကို မြို့ဝန်အသစ်နှင့်သာ ဆွေးနွေးမည်ဟု တောင်းဆိုလိုက်သည်။ ပြီးနောက် လင်းဘတ်သည် The Proserpine သင်္ဘောကို ကလကတ္တားစေလွှတ်ပြီး 'ဗမာပြည်တွင် အခြေအနေအလွန်တင်းမာနေသည်'ဟု အကျိုးအကြောင်း အသိပေးလိုက်သည်။

မြို့ဝန်သည် သာယာဝတီမင်းထံ စစ်အင်အား ၁၀၀၀၀ (တစ်သောင်း) မှာလိုက်ရာ နေပြည်တော်မှ မြို့ဝန်ထံ စစ်သည် ၁၀၀၀၀ (တစ်သောင်း) စေလွှတ်ပေးသည်။ ဆိပ်ကမ်းရှိ ဘုရင့်သင်္ဘောကိုလည်း တိုက်ပွဲဝင်ရန် အသင့်အနေအထား ရှိစေသည်။ ရန်ကုန်မြို့တွင် အချိန်မရွေး ဒုတိယစစ်ပွဲ စတင်နိုင်သည့်အနေအထားကြောင့် ဗြိတိသျှတို့သည် ကုန်သည်ကြီးဘာရယ်၏ အိမ်တွင် စုရုံး၍ နေထိုင်စေသည်။ ဘာရယ်သည် ၂ ပေါင်ဒါအမြောက်တစ်ဆင်ပြီး ဗြိတိသျှအလံ ထောင်ထားလိုက်သည်။ မြို့ဝန်က အလံနှင့် အမြောက်ကို ဖယ်ရှားရမည်ဟု အမိန့်ပေးသည်။

အမေရိကန်သာသနာပြု ကင်ဆစ်သည် နေမကောင်း။ ကျန်းမာရေး အပြင်းအထန်ဖြစ်နေသောကြောင့် သင်္ဘောပေါ် သွားခွင့်ပြုလိုက်သည်။ ထိုအခါ အင်္ဂလိပ်တို့အား သတ်ပစ်မည်ဟု ဗမာစစ်သားတို့က မကြာခဏ လာရောက်ခြိမ်းခြောက်ကြသည်ဟု



www.burmeseclassic.com

www.burmeseclassic.com



သိရသည်။ စစ်ဖြစ်ကာနီးအခြေအနေတွင် သာယာဝတီမင်းက ဗြိတိသျှတို့ထံ စာတစ်စောင် ပေးလိုက်သည်။ ထိုစာတွင် အင်္ဂလိပ်တို့နှင့် မိတ်မပျက်ဆက်ဆံလိုသောကြောင့် မြို့ဝန်ကို ရာထူးမှ ဖယ်ရှားပေးပါမည်။ မကြာမီ မြို့ဝန်အသစ် ရောက်လာပါမည်ဟု အကြောင်းကြားသောကြောင့် ဗြိတိသျှတို့က အခြေအနေကို စောင့်ကြည့်နေသည်။

၁၈၅၂ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် နေပြည်တော်မှ မြို့ဝန်အသစ် ရောက်လာသည်။ မြို့ဝန်အသစ်က ဗြိတိသျှတို့နှင့် ခင်မင်မပျက် ဆက်လက်၍ ဆက်ဆံလိုပါသည်။ စစ်သင်္ဘောများကို မြို့နှင့်ဝေးရာ ဖယ်ရှားပေးရန် တောင်းဆိုသည်။

ဇန်နဝါရီလ ၆ ရက်နေ့တွင် မြို့ဝန်အသစ်က ရှင်းလင်းတင်ပြစရာရှိသည်များကို ရှင်းလင်းတင်ပြမည်။ ဆွေးနွေးလိုသည်များကို ဆွေးနွေးကြမည်ဟု စာပို့ပြီး ဖိတ်ခေါ်သောကြောင့် အင်္ဂလိပ်ဖက်မှ အက်ဒဝပ်၊ ကပ္ပတိန်ဖစ်(ရှ်)ဘွန်းနီနှင့် အရာရှိနှစ်ဦး လိုက်သွားကြသည်။

မြို့ဝန်၏ အိမ်စောင့်သည် အင်္ဂလိပ်အရာရှိတို့ကို ရိုင်းစိုင်းစွာ ဆက်ဆံသည်။ ထို့ကြောင့် ပြဿနာတက်တော့မည့် အခြေအနေတွင် မြို့ဝန်ကိုယ်တိုင် ရိုင်းစိုင်းစွာ ဆက်ဆံသော အစောင့်ကို ဆံပင်ဆွဲပြီး ပါးရိုက်၍ ဆုံးမအပြစ်ပေးသည်။

ထို့နောက် နှစ်ဖက်ဆွေးနွေးကြသောအခါ မြို့ဝန်က သူ၏အဆင့်သည် ဗမာတို့တွင် ရာထူးအကြီးဆုံးဖြစ်သည်။ ထို့ကြောင့် အင်္ဂလိပ်တို့ဖက်မှ ရာထူးအကြီးဆုံးနှင့်သာ တွေ့ဆုံဆွေးနွေးလိုသည်ဟု ဆိုသည်။

အက်ဒဝပ်နှင့် မဆွေးနွေးလိုဟုဆိုသောအခါ အင်္ဂလိပ်အရာရှိများက အမျက်ဒေါသကြီးစွာ ဖြစ်ကြသည်။ ယခုကိစ္စသည် ပြေလည်အောင်ဖြေရှင်းဖို့ အဓိကဖြစ်သည်။ ဘယ်သူနဲ့ ဆွေးနွေးပါစေ ပြေလည်ဖို့ အဓိကဖြစ်သည်။ ယခု ဗမာမြို့ဝန်သည် နှစ်နိုင်ငံ စစ်ဖြစ်ကာနီးအခြေအနေတွင် ရာထူးအဆင့်အတန်းမတူတဲ့ကိစ္စကို ရှေ့တန်းတင်ခဲ့သည်။

သို့သော် အက်ဒဝပ်က အလျှော့ပေးပြီး အရာရှိများကို သင်္ဘောသို့ စေလွှတ်လိုက်သည်။ သင်္ဘောသို့ အသွားအပြန် ခရီးမှာလည်း ဝေးသောကြောင့် မြင်းများ၊ ခေတ္တငှားပြီး သွားခဲ့ကြသည်။ အပြန်တွင် မြို့ဝန်မင်းအိမ်ထဲ မြင်းစီးပြီး ဝင်မိသောကြောင့် ပြဿနာတက် ပြန်သည်။ ကွန်မင်ဒိုလင်းဘတ်က အက်ဒဝပ်အား ညှိနှိုင်းတိုင်ပင်ရာတွင် စိတ်ကြိုက်ဆုံးဖြတ်လုပ်ကိုင်ခွင့် ပေးထားသည်ဟု အမိန့်စာထုတ်ပေးလိုက်သည်။ အက်ဒဝပ်ကလည်း အကျိုးအကြောင်း ရှင်းပြပြီး ဆွေးနွေးကြရန် တောင်းဆိုသောအခါ မြို့ဝန်မင်း အိပ်နေသည်။ အိမ်အပြင်ဖက်မှ စောင့်ပါဟု နှင်ထုတ်လိုက်သည်။





ဗြိတိသျှတို့သည် အိမ်ရှေ့နေရောင်ထဲတွင် အတန်ကြာအောင် စောင့်နေကြသော်လည်း မြို့ဝန်မင်းက အိပ်ကောင်းဆဲဖြစ်သောကြောင့် အင်္ဂလိပ် ကိုယ်စားလှယ်အဖွဲ့ စိတ်ဆိုးပြီး လှည့်ပြန်သွားကြလေသည်။ ဗမာမြို့ဝန်သည် သူ့အဆင့်အတန်းသည် ကွန်မင်ဒိုလင်းဘတ်နှင့်သာလျှင် အဆင့်အတန်းတူသောကြောင့် ကွန်မင်ဒိုလင်းဘတ်မှ တစ်ပါး မည်သည့်အင်္ဂလိပ်ကိုမျှ တန်းတူရည်တူဆက်ဆံရန်မလိုဟု ဂုဏ်မောက်သည်၊ ဩဇာအာဏာပြလိုက်သည်။

လင်းဘတ်သည် သင်္ဘောသို့ ရောက်လာသော ဗမာအားလုံးကို တန်းတူရည်တူ ဆက်ဆံသည်။ မည်သူ၏ ရာထူးအဆင့်အတန်းသည် မည်မျှရှိသည်ဟု မေးမြန်းခြင်းလည်း မရှိ၊ လိုရင်းကိုသာ ပြောဆိုကြသည်။ မြို့ဝန်အိမ်ဝင်းထဲ မြင်းစီးပြီး ဝင်ခဲ့ခြင်းသည် မြို့ဝန်နှင့် ဆွေးနွေးနေဆဲ... ၊ မြို့ဝန်က တန်းတူဆက်ဆံနိုင်ခြင်းမရှိဟု ဆိုသောကြောင့် မြို့ဝန်မင်းထံမှ မြင်းများကို ငှားပြီး မြစ်ဆိပ်ကို အမြန်သွားရသည်။ ကွန်မင်ဒိုလင်းဘတ်ကို အကြောင်းကြားရသည်၊ လင်းဘတ်၏ အက်ဒဝပ်အား အာဏာကုန် လွှဲအပ်ကြောင်း စာကို ယူပြီးပြန်လာကြသည်။ အလျှင်အမြန် ဆောင်ရွက်နေသောကြောင့် မြို့ဝန်မင်းအိမ်ဝင်းထဲသို့ အလျှင်စလို ဝင်ရောက်မိသည်ကို အချင်းချင်း ဇေ့စပ်ညှိနှိုင်းနေသော အချိန်ကာလဖြစ်သောကြောင့် ခွင့်လွှတ်နားလည်ပေးသင့်သည်။

ထိုသို့ ဖြစ်ရခြင်းမှာ ဗမာတို့ဖက်က ပြေပြေလည်လည်ဖြစ်ဖို့ထက် စစ်ဖြစ်ဖို့ ပို၍လိုလားသည်ဟု လင်းဘတ်က ဆုံးဖြတ်ချက်ချပြီး ရန်ကုန်မြစ်ကို ပိတ်ဆို့လိုက်သည်၊ ထို့နောက် ပုသိမ်မြို့ကိုလည်း ပိတ်ဆို့လိုက်သည်။ မော်လမြိုင်မှစပြီး သံလွင်မြစ်ကိုလည်း ပိတ်ဆို့ထားလိုက်သည်။

ရန်ကုန်မြို့ရှိ အင်္ဂလိပ်များအားလုံး အမြန်ဆုံး ထွက်ခွာသွားကြရန် အမိန့်ထုတ်လိုက်သည်။ အင်္ဂလိပ်ကုန်သင်္ဘောအားလုံးကို စစ်သင်္ဘောကြီးများက ပင်လယ်ဖက်သို့ ဆွဲထုတ်လိုက်ကြသည်။ ထို့မျှမက ဗမာဘုရင်ပိုင်သော သင်္ဘောကြီးကိုလည်း ဆွဲထုတ်သွားခဲ့သည်။

The Fox စစ်သင်္ဘောနှင့်တကွ စစ်သင်္ဘောကြီးများအားလုံးသည် ရန်ကုန်မြို့ကို တိုက်ခိုက်ရန် အသင့်ဖြစ်နေကြသည်။ နောက်တစ်နေ့တွင် ဒလမြို့ဝန်သည် လင်းဘတ်၏ စစ်သင်္ဘောပေါ် ရောက်လာပြီး ဘုရင့်သင်္ဘောကြီးကို ပြန်ပေးရန် တောင်းဆိုသည်။ လင်းဘတ်က လက်မခံသောအခါ နောက်တစ်နေ့တွင် ရန်ကုန်မြို့ဝန်က စာပို့ပြီး ဖြေရှင်းသည်။

ရန်ကုန်မြို့ဝန် ဖြေရှင်းထားသည်မှာ “အဆင့်နိမ့်အရာရှိ ၄ ဦး အမေရိကန်



www.burmeseclassic.com

www.burmeseclassic.com



ကောမြင်း ၁ ဦးနှင့် အက်ဒဝပ်တို့သည် မြို့ဝန်ထံလာရာတွင် အရက်သေစာသောက်စား ပြီး လာကြကြောင်း ဆက်ဆံရေးမပြေပြစ်သောကြောင့် ပြဿနာ ဖြစ်ခဲ့ရပါသည်။ အကယ်၍ လင်းဘတ်ကိုယ်တိုင် လာခဲ့ပါက ပြေလည်အောင်ဖြေရှင်းပေးပါမည်''ဟု ဖြေရှင်းထားသည်။

၁၈၅၂ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့ ညမတိုင်မီ အင်းဝတုရင်၏ သဘောကို ပြန်အပ်ရန် တောင်းဆိုသည်။ လင်ဘတ်ကလည်း ယခင်တောင်းဆိုချက်အားလုံး ပြန်၍ တောင်းဆိုသည်။ ဇန်နဝါရီ ၇ ရက်နေ့၊ ညနေ ၆ နာရီ နောက်ဆုံးထားပြီး တောင်းဆိုချက်အားလုံးကို လက်ခံရန် တောင်းဆိုသည်။ သို့သော် ညနေတွင် မြို့ဝန်ထံမှ မည်သည့်သတင်းမျှမလာဘဲ စစ်လှေများစွာ မြစ်ထဲတွင် အသင့်အနေအထားဖြင့် တိုက်ပွဲဝင်ရန် ပြင်ဆင်နေသည်ကို တွေ့ရသည်။ ဗမာတို့ဖက်က တောင်းဆိုချက်များကို တစ်ခုမျှလိုက်လျှောခြင်း မပြုနိုင် စစ်ပွဲကို ရင်ဆိုင်ဆင်နွှဲရန် အသင့်ရှိသည်ဟု ဗမာ သတ္တိကို ပြလိုက်ကြသည်။

ဇန်နဝါရီ ၉ ရက်နေ့နံနက်တွင် အင်္ဂလိပ်စစ်သင်္ဘောများသည် ပင်လယ်ဝသို့ ထွက်သွားလိုက်ကြသည်။ ပင်လယ်ဝတွင် ပိတ်ဆို့ပြီး ရပ်နေကြသည်။ ထိုအချိန်တွင် ပရိုဆာပင်းသင်္ဘောသည် ကာလကတ္တားမြို့သို့ သွားပြီး ရှေ့ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်များကို မေးမြန်းသည်။

ဇန်နဝါရီ ၁၀ ရက်နေ့တွင် ဗမာ့ကမ်းခြေစောင့် အမြောက်ကြီးများဖြင့် ဗြိတိသျှစစ်သင်္ဘောများကို စတင် ပစ်ခတ်တိုက်ခိုက်ကြလေတော့သည်။ ထိုအခါ ဗြိတိသျှစစ်သင်္ဘောကြီး Phlegethore ရောက်လာပြီး အဝေးပစ်အမြောက်ကြီးများဖြင့် ပြန်လည်ပစ်ခတ်ရာ ဗမာ့ကမ်းခြေစောင့် အမြောက်တပ်မှ အမြောက်ကြီးများ ပျက်ဆီး သွားလေတော့သည်။ ဗမာ့စစ်လှေများအားလုံး ဖျက်ဆီးခံလိုက်ရသည်။ ထို့နောက် ဗြိတိသျှကမ်းတက်တပ်ဖွဲ့က ကမ်းတက်ပြီး တိုက်ခိုက်မှု စတင်ပြုလုပ်ခဲ့ကြသည်။

ထို့နောက် ဗမာတပ်သည် သီလဝါဖက်ရှိ အမြောက်ကြီးများဖြင့် ဗြိတိသျှ စစ်သင်္ဘောကြီးများကို လှမ်း၍ ပစ်ခတ်ကြသည်။ သို့သော် အမြောက်ချင်း မယှဉ်နိုင် သောကြောင့် ဗမာ့အမြောက်ကြီးများအားလုံး ပျက်ဆီးသွားလေသည်။ နှစ်ရက်တိတိ ပစ်ခတ်တိုက်ခိုက်ကြပြီးနောက် လင်းဘတ်သည် ကာလကတ္တားသို့ ပြန်သွားပြီး တိုက်ပွဲ အခြေအနေကို အစီရင်ခံသည်။

လင်းဘတ်၏ သဘော ပြန်ဝင်လာသောအခါ ဗမာဘုရင့်သဘောကြီး ပါလာ သောကြောင့် ဗမာ့စစ်တပ်မှ ပစ်ခတ်တိုက်ခိုက်ခြင်း မပြုကြတော့ပေ။ ဇန်နဝါရီ ၁





ရက်နေ့တွင် မြို့ဝန်က ဘုရင့်သဘော ပြန်ပေးပါက ဗြိတိသျှတို့၏ တောင်းဆိုချက် အားလုံးကို လိုက်လျှောမည်ဟု အကြောင်းပြန်သည်။

အမှန်စင်စစ်အားဖြင့် လော့(ဒ်)လာဟိုဇီသည် စစ်ကို လိုလားသူ မဟုတ်ပေ။ သို့သော် ကွန်မင်ဒိုလင်းဘတ်က သွေးဆိုးသည်။ သူ့ကို ဗမာတို့က အကြိမ်ကြိမ် ရှုံ့စော်ကားပြီးပြီဖြစ်သောကြောင့် စစ်တိုက်ဖို့ ဆုံးဖြတ်ထားပြီးဖြစ်သည်။ သို့သော် ကုမ္ပဏီက စစ်တိုက်ဖို့ ခွင့်မပြုသေးပေ။

ဌျုန်လောရင့်က မှတ်ချက်ပေးဖူးသည် ''လော့(ဒ်)ဒလာဟိုဇီသည် စစ်ကို လိုလားသူမဟုတ်ပါက အလွန်သွေးဆိုးသည့် လင်းဘတ်ကို ဘာကြောင့် စေလွှတ်ခဲ့ရ သနည်း''ဟု မှတ်ချက်ရေးခဲ့သည်။ ထိုသို့ စစ်ဖြစ်တော့မည့် အနေအထားကို ရှောင်ရန် လော့(ဒ်)ဒလာဟိုဇီက လင်းဘတ်မှတဆင့် ဗမာဘုရင်ထံ စာပို့သည်။

''ကုမ္ပဏီ၏ ဆုံးရှုံးနစ်နာမှုများအတွက် လျော်ကြေးပေးရန် မလိုတော့ပါ။ ကပ္ပတိန်ရှက်ပတ်နှင့် ကပ္ပတိန်လူးဝစ်တို့၏ နစ်နာကြေးများကိုသာ ပြန်ပေးပါ။ ယခင် အတိုင်း ချစ်ကြည်စွာ ပြန်လည်နေထိုင်ကြမည်''ဟု စာပေးလိုက်သည်။ ထိုစာရောက် လာချိန်တွင် လင်းဘတ်နှင့် ဗမာ့တပ်မတော်တို့ ရင်ဆိုင်တိုက်ပွဲ အကြိမ်ကြိမ်ဆင်နွှဲပြီးပြီ ဖြစ်လေရာ နောက်ဆုတ်နိုင်သောအနေအထား မရှိတော့ပေ။

သို့သော် လက်ဖတင်နှင့် စပရက်သည် လော့(ဒ်)ဒါလဟိုဇီ၏စာကို ဘုရင့် ထိပ်ကမ်းသို့ ဖေဖော်ဝါရီ (၁) ရက်နေ့ နံနက်တွင် ပေးအပ်ခဲ့သည်။

သို့သော် စစ်ပွဲကို ရှောင်လွှဲမရတော့ပေ။ ဘင်္ဂလားမှအမိန့်ကို စောင့်နေစဉ် လင်းဘတ်သည် တနင်္သာရီဖက် ခေတ္တထွက်သွားသည်။ ရန်ကုန်မြို့ကို ဆက်၍ ပိတ်ဆို့ထားခဲ့သည်။ ဖေဖေါ်ဝါရီ ၂၈ တွင် ဗြိတိသျှတို့၏ လိုက်လျှောမှုအား ဗမာတို့က လက်မခံဘဲ ရင့်သီးရန်လိုသော တောင်းဆိုချက်များ ပြန်၍ တောင်းဆိုသောကြောင့် ဘင်္ဂလားဘုရင်ခံချုပ်က တောင်းဆိုချက်များ ထပ်ပြီတောင်းလေတော့သည်။ ထိုအခါ အခြေအနေသည် လွန်စွာ တင်းမာလာလေတော့သည်။

ဗြိတိသျှတို့ဖက်က တောင်းဆိုချက်အားလုံးကို ဧပြီလ ၁ ရက်နေ့ နောက် ဆုံးထားပြီး လိုက်လျှောရန် တောင်းဆိုသည်။ ဗမာတို့ဖက်က လိုက်လျှောမှုမပြုဘဲ စစ်ပြင်ဆင်သည်။ စစ်ဖြစ်ပါက မြို့ဟောင်းကို မြေလှန်ဖျက်ဆီးပြီး မြို့သစ်မှ ခုခံ ကာကွယ်ရန် ဗမာတို့က စီစဉ်ထားပြီးဖြစ်သည်။ မြို့သစ်တွင် လက်ရွေးစင်တပ်သား ၃၀၀၀ (သုံးသောင်း)သည် အသင့်အနေအထားဖြင့် စောင့်နေသည်။ ရွှေတိဂုံဘုရား ကုန်းမြင့်တွင် နိုင်ငံခြားမှ ဝယ်ယူထားသော အမြောက်ကြီးများ တပ်ဆင်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



မြို့တွင်း၌ မည်သည့်နေရာတွင် အမြောက်မည်မျှ တပ်ဆင်ထားသည်ကို အင်္ဂလိပ်တို့က ကြိုတင် ထောက်လှမ်းထားသောကြောင့် ဘင်္ဂလားဌါနချုပ်က အလုံးစုံသိနေသည်။ ရွှေတိဂုံဘုရား၏ အရှေ့ဖက်၊ တောင်ဖက်နှင့် အနောက်ဖက်တွင် အမြောက်ကြီး ၈ ခု နေရာချထားသည်။ မြောက်ဖက်တွင် အမြောက်ကြီး ၁ ခုသာ တပ်ဆင်ထားသည်။ ၁၈ ပေါင်ဒါ အမြောက်ကြီး ၃ လက်ရှိပြီး ကျန်အမြောက်များသည် ၁၂ ပေါင်ဒါမှ ၆ ပေါင်ဒါအတွင်း ဖြစ်သည်။

မြို့ဝန်နေအိမ်တွင် အမြောက်ငယ် ၁၂ လက်နှင့် ၂၄ ပေါင်ဒါ အမြောက်ကြီး ၂ လက် တပ်ဆင်ထားသည်။ ဘုရား၏ တောင်ဖက်တွင် အုတ်နံရံကို ထူထဲစွာ တည်ဆောက်ထားပြီး အမြောက်များ တပ်ဆင်ထားသည်။ ဗမာတို့၏ ရည်ရွယ်ချက်သည် အလောင်းဘုရား တည်ထောင်ခဲ့သော မြို့ဟောင်းနှင့် သာယာဝတီမင်း၏ ခံတပ်မြို့သစ်ဟူ၍ နှစ်ပိုင်းခွဲထားသည်။

အင်္ဂလိပ်တို့ တိုက်ခိုက်လာသောအခါ မြို့ဟောင်းတွင် ဟန်ပြခုခံပြီး မြို့သစ်သို့ ဆုတ်ပေးလိုက်မည်။ အကာအကွယ်ကင်းမဲ့နေသော မြို့ဟောင်းကို ဝင်ရောက်သိမ်းပိုက်ထားသော အင်္ဂလိပ်တို့ကို စနစ်တကျ တည်ဆောက်ထားသော မြို့ရိုး၊ စနစ်တကျ တပ်ဆင်ထားသော အမြောက်များဖြင့် ပစ်ခတ်ချေမှုန်းပါက အင်္ဂလိပ်များ မျိုးပြုတ်သွားမည်ဟု စီစဉ်ထားသည်။ ထိုဗျူဟာသည် အင်္ဂလိပ်–ဗမာ ပထမစစ်ပွဲတွင် အရေးနိမ့်ခဲ့သော အခြေအနေကို အခြေခံပြီး ရေးဆွဲထားသော ဗျူဟာဖြစ်သည်။

မြို့သစ်၏ အရှေ့ဖက်နှင့် မြောက်ဖက်သည် ရန်သူများ ဝင်ရောက်လာမည့်နေရာများ မဟုတ်သောကြောင့် သစ်သားဖြင့်သာ ကာထားသည်။ ဘကြီးတော်မင်းလက်ထက် ရန်ကုန်မြို့၏ ခုခံကာကွယ်မှုအနေအထားထက် အဆပေါင်းများစွာသာလေသည်။ အောက်ဖက်မြေသားခံတပ်သည် ၄၅ပေ မြင့်သည်။ အပေါ်တွင် သစ်လုံးကြီးများကို အလျားလိုက်၊ ဒေါင်လိုက် စနစ်တကျ တပ်ဆင်ထားသည်။ မြေသားထုနံရံ၏ အပေါ်ဖက်တွင် ၂၄ ပေ ကျယ်ပြန့်သည်။

ဘုရင်မင်းမြတ်၏ ဆိပ်ကမ်းတွင် ရေကန်များစွာ ထားရှိသည်။ အမြောက်ကျည်ဆံ ကျရောက်ပါက ပေါက်ကွဲခြင်း မဖြစ်ဖို့ စီစဉ်ထားခြင်းဖြစ်သည်။ ထိုအချိန်က ရန်ကုန်မြို့တွင် ဘုရားအသေးလေး များစွာရှိသည်။ ဘုရားတစ်ဆူအနီးတွင် သစ်လုံးဂိတ်တစ်ခုစီ ထားရှိသည်။

ဗြိတိသျှတို့ဖက်ကလည်း စစ်ပွဲအတွက် ပြင်ဆင်ရာတွင် ပထမစစ်ပွဲတွင် ကြုံတွေ့ခဲ့ရသော စားနပ်ရိက္ခာပြတ်တောက်ခြင်း၊ ဆေးဝါးပြတ်တောက်ခြင်း မရှိရန်





စီစဉ်သည်။ ဗမာတို့၏ ဗျူဟာအရ စစ်ပွဲစတင်သည်နှင့် မြို့ဟောင်းကို မီးရှို့ဖျက်ဆီးထားပြီး အကာအကွယ်မဲ့ နားခိုရာမဲ့သော အနေအထားတွင် ဗြိတိသျှတို့ကို ချေမှုန်းမည်ဖြစ်ရာ ဗြိတိသျှတို့ကလည်း မော်လမြိုင်မှ တရုတ်လက်သမားများကို ခေါ်ထားလိုက်သည်။ အိမ်ဆောက်ရန်နှင့် ဆေးရုံဆောက်ရန် လိုအပ်သမျှ စီစဉ်လိုက်သည်။ အဆင်သင့်တပ်ဆင်နိုင်သော အိမ်များကို မော်လမြိုင်မြို့တွင် ဆောက်လုပ်ပြီး သယ်ယူလာခဲ့ကြသည်။ ရန်ကုန်မြို့၏ မြို့ဟောင်းဖက်ကို သိမ်းပိုက်ပြီးမှ သင့်တော်သည့်နေရာတွင် အိမ်ဆောက်ရန် စီစဉ်ခြင်း ဖြစ်သည်။ စစ်မြေပြင်ဆေးရုံ တည်ဆောက်ရန် အဆင်သင့်ပြင်ထားသည်။ ထိခိုက်ဒဏ်ရာရသူများကို စစ်မြေပြင်ဆေးရုံတွင် ခွဲစိတ်ကုသပေးပြီးနောက် မော်လမြိုင်ဆေးရုံတွင် ဆက်လက်ကုသပေးရန်လည်း စီစဉ်ထားသည်။

ဧပြီလ ၁ ရက်နေ့တွင် ရေတပ်ကွန်မင်ဒါချုပ် ရန်ကုန်မြစ်ဝသို့ ရောက်လာသည်။ ရှေးဦးစွာ ကပ္ပတိန်လက်တာ၏ ပရိုဆာပိန်းသင်္ဘောသည် ဗမာတို့နှင့် အဆက်အသွယ် လုပ်သည်။ အဆက်အသွယ်မရသောအခါ ရှေ့တိုးလာသည်။ သစ်လုံးဂိတ်ရောက်သောအခါ ဗမာ့အစောင့်တပ်သည် ဗြိတိသျှစစ်သင်္ဘောကို ဆက်လက်သွားခွင့်မပြုစေရန် ဟန့်တားပြီး အမြောက်ဖြင့် ပစ်ခတ်သည်။ ထိုအခါ ဗြိတိသျှတို့ဖက်ကပြန်လည် ပစ်ခတ်သည်။ အမြောက်အမျိုးအစား ပစ်ခတ်နိုင်မှုစွမ်းအား အစစအရာရာ မယှဉ်နိုင်သောကြောင့် ဗမာတို့ဖက်မှ အထိနာခဲ့သည်။

ငြိမ်းချမ်းရေးသည် လုံးဝ မဖြစ်နိုင်တော့ပေ။ လွှန်လွှန်ကျူးကျူး ပစ်ခတ်တိုက်ခိုက်ခဲ့ကြပြီးသောကြောင့် အရှုံးအနိုင် အဖြေပေါ်သည်အထိ ဆက်လက်တိုက်ခိုက်ကြဖို့သာ ရှိတော့သည်။

ဧပြီလ ၄ ရက်နေ့တွင် ဗြိတိသျှစစ်သင်္ဘောအားလုံး မြစ်ထဲဝင်လာပြီး ပစ်ခတ်တိုက်ခိုက်ရန် အကွက်အကွင်းကောင်းသော အနေအထား ရာနေကြသည်။ The Manoel de Silva သစ်လုံးဂိတ်ကို သိမ်းပိုက်လိုက်ကြသည်။ Fox စစ်သင်္ဘောနှင့် တနင်္သာရီစစ်သင်္ဘောတို့သည် The Danot guardpost ကို အပြင်းအထန် ပစ်ခတ်တိုက်ခိုက်ကြသည်။ ပြီးနောက် ကမ်းတက်ပြီး မီးရှို့ဖေါက်ခွဲဖျက်ဆီးလိုက်ကြသည်။ ယခုအခါ ဗြိတိသျှစစ်သင်္ဘောများကို တိုက်ခိုက်ဟန့်တားပေးရမည့် သစ်လုံးဂိတ်များအားလုံးနီးပါး ဖျက်ဆီးသွားပြီဖြစ်လေရာ ဗြိတိသျှစစ်သင်္ဘောများသည် မြို့တွင်းပစ်မှတ်များကို ပစ်ခတ်တိုက်ခိုက်နိုင်သော အနေအထားရှိလာသည်။

ဧပြီလ ၁၀ ရက်နေ့တွင် မဒရပ်တပ်ဖွဲ့ ရောက်ရှိလာသည်။ ဧပြီလ ၁၁ ရက်နေ့ ဒီရေတက်ချိန်တွင် ပထမစစ်သင်္ဘော ကမ်းတက်နိုင်ခဲ့သည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



ဗမာစစ်တပ်မှာ အရှုံးမပေးပါ။ မြစ်၏ ဝဲယာနှစ်ဖက်မှ အပြင်းအထန် ပစ်ခတ်တိုက်ခိုက်ကြသည်။

ထိုအခါ ဗြိတိသျှစစ်သင်္ဘောမှ ပြန်လည်ပစ်ခတ်သည်။ ဗြိတိသျှစစ်သင်္ဘောမှ အမြောက်များသည် ပစ်မှတ်ကို တွက်ချက်ပြီးသည်နှင့် လိုအပ်သော ဦးတည်ချက်ကို အလွယ်တကူ လှည့်ပတ်ပြီး ပစ်ခတ်နိုင်သည်။ လျှင်မြန်စွာ တိုက်ခိုက်နိုင်သောကြောင့် ဗမာတို့ဖက်မှ တိုက်ခိုက်ရန် အခက်ကြုံလေသည်။ ဗမာတို့၏ အမြောက်များသည် လေးလံပြီး ရွှေ့ပြောင်းပစ်ခတ်ရန် မဖြစ်နိုင်သောကြောင့် ဗမာတို့ အထိနာလေသည်။

တိုက်ပွဲအရှိန်အဟုန် ပြင်းထန်နေချိန်တွင် ဘုရင့်ဆိပ်ကမ်းရှိ ၁၈ ပေါင်ဒါ အမြောက်ကြီး ၉ ခုစလုံး မီးလောင်ပေါက်ကွဲသွားလေသည်။ ဗြိတိသျှ အမှတ် ၁၈ တပ်သည် ဒလက်ဘက်ကမ်းတွင် ကမ်းတက်နိုင်ခဲ့လေသည်။ အင်္ဂလိပ်စစ်သင်္ဘောများ ကမ်းမကပ်နိုင်စေရန်အတွက် သစ်လုံးဂိတ်များမှ အပြင်းအထန် ခုခံကြသော်လည်း ဗြိတိသျှတို့၏ တိုက်ခိုက်မှုကို မခံနိုင်သောကြောင့် အရှုံးပေးရသည်။

အမြောက်ချင်းတူသော်လည်း ဗမာတို့ ဝယ်ယူနိုင်သော အမြောက်များသည် လေးလံပြီး လုပ်ဆောင်ပုံ ညံ့ဖျင်းသည်။ ဗြိတိသျှ စစ်သင်္ဘောများသည် ကြည့်မြင်တိုင်တွင် ကျောက်ချရပ်နားပြီး ဗမာ့တပ်မတော်မှ စစ်လှေများကို ဖမ်းဆီးသည်။ ဗမာတို့ဘက်မှ မီးဖောင်မျှောပြီး တိုက်ခိုက်သော်လည်း ဖောင်၏ အသွားနှုန်းသည် နှေးလွန်းသောကြောင့် ဗြိတိသျှစက် အမြောက်ကြီးများဖြင့် စိတ်ကြိုက်ပစ်ခတ်နိုင်စွမ်း ရှိလေသည်။ ထို့ကြောင့် ဗမာစစ်တပ် သည် မြစ်အတွင်းမှ သင်္ဘောများကို မီးဖောင်ဖြင့် တိုက်ခိုက်မှုလည်း မအောင်မြင်သော အခါ ဆက်လက်တိုက်ခိုက်ရန် မဖြစ်နိုင်တော့ပေ။

ဗြိတိသျှတို့သည် မြစ်ကြောင်းတစ်လျှောက် လှည့်ပတ်ပြီး သစ်လုံးဂိတ်အားလုံးကို ပစ်ခတ်ဖျက်ဆီးလိုက်သည်။ ဗြိတိသျှတို့သည် ဗမာတို့ဖက်မှ တန်ပြန်ပစ်ခတ်တိုက်ခိုက်နေသမျှ ကမ်းတက်ဖို့ ထပ်မံကြိုးစားခြင်း မပြုတော့ဘဲ မြစ်ကြောင်းတစ်လျှောက် အစုန်အဆန်သွားလာပြီး သစ်လုံးဂိတ်အားလုံးကို ရှာဖွေပစ်ခတ်ဖျက်ဆီးနေတော့သည်။

ဧပြီလ ၁၂ ရက်နေ့ နံနက် ၄ နာရီတွင် ဗြိတိသျှတို့သည် ပထမရက်များတွင် မြစ်ကြောင်းတစ်လျှောက် အစုန်အဆန်သွားရင်း ပစ်မှတ်အားလုံးကို ရှာဖွေခဲ့ပြီးဖြစ်သောကြောင့် ဝေလီဝေလင်းတွင် စတင်ပစ်ခတ်ကြလေရာ ရွှေတိဂုံဘုရားအနီး ဗမာတို့ အခိုင်အမာ တည်ဆောက်ထားသော သစ်လုံးဂိတ်ကို ထိအောင်ပစ်ခတ်နိုင်သည်။ ထို့ကြောင့် အဓိကခုခံမည့် ခံတပ် လုံးဝပျက်ဆီးသွားပြီဖြစ်သည်။ ဗြိတိသျှတို့၏ စစ်သင်္ဘောများမှ အမြောက်ကျည်ဆံများသည် ပုံသေအတိုင်ချတပ်ဆင်ထားသော





ဗမာတို့၏ အမြောက်ကြီးများကို သေသေချာချာ ဖျက်ဆီးနိုင်ခဲ့သည်။

ရွှေတိဂုံ သစ်လုံးခံတပ်ကို အလုံးစုံ ပျက်ဆီးအောင် ဖျက်ဆီးခဲ့ပြီး ဖြစ်သောကြောင့် ဗြိတိသျှစစ်သားများသည် ရွှေတိဂုံဘုရားသို့ ဦးတည်ချီတက်လေတော့သည်။ ဗမာစစ်တပ်သည် အခြေအနေမကောင်းတော့သည့်အတွက် မြို့သစ်ဖက်သို့ ဆုတ်ခွာပြီး တံတားများကို ဖျက်ဆီးလိုက်ကြသည်။ သို့သော် ဗြိတိသျှတို့သည် ဗမာတပ်များ ဆုတ်ခွာရာတွင် တံတားများကို ဖျက်ခဲ့မည်ဟု ကြိုတင်သိထားသောကြောင့် တံတား ပြုပြင်သော စစ်အင်ဂျင်နီယာတပ်ကို ခေါ်လာခဲ့ရာ ဗမာတပ်မှ ဖျက်ခဲ့သော တံတားများကို ဗြိတိသျှတို့က လျှင်မြန်စွာ ပြုပြင်နိုင်ခဲ့လေသည်။

ဗြိတိသျှတပ်များ ရွှေတိဂုံခံတပ်ကို သိမ်းပိုက်ခြင်း မပြုနိုင်စေရန်အတွက် သိမ်ဖြူ (White House) ခံတပ်မှ အပြင်းအထန် ခုခံတိုက်ခိုက်ခဲ့လေသည်။ သို့သော် ဗြိတိသျှတို့ ယူလာသော ၂၄ ပေါင်ဒါ ဟောင်ဝစ်ဇာ (Twenty Four pounder Howitzers) ၂ ခုသည် ပစ်ခတ်အားကောင်းလွန်းလှသည့် နောက်ဆုံးပေါ် အမြောက် ဖြစ်လေရာ ခံတပ်မှ ဗမာ့တပ်သားများသည် လက်နက်အင်အားကွာခြားမှုဖြင့် ဗြိတိသျှတို့က အနိုင်ယူကြပြီဟု သိလိုက်ကြတော့သည်။

နေ့လည် ၁၁ နာရီတွင် ဗမာစစ်တပ်မှ အမြောက်အတော်များများ ဖျက်ဆီးခံလိုက်ရပြီဖြစ်သောကြောင့် ခုခံမှုအား လျော့လာလေတော့သည်။ သိမ်ဖြူခံတပ်ကို သိမ်းပြီးနောက် ရွှေတိဂုံကို ဆက်လက်သိမ်းပိုက်ရမည်ဖြစ်သော်လည်း ဗမာတို့ဖက်မှ တိုက်ခိုက်မှုအရှိန် ကျဆင်းသွားပြီဖြစ်သောကြောင့် ရွှေတိဂုံကို အေးအေးဆေးဆေး သိမ်းပိုက်နိုင်သော အနေအထားကြောင့် ဗြိတိသျှတပ်မှူးများသည် တပ်သားများကို အနားပေးလိုက်သည်။ ညအိပ်နားပြီးမှ နောက်နေ့နံနက်စောစောတွင် ရွှေတိဂုံ ခံတပ်ကို သိမ်းပိုက်ရန် ကြိုးစားကြသည်။

သို့သော် အင်္ဂလိပ်ကမ်းတက်အဖွဲ့ တစ်ညတာ အိပ်စက်အနားယူနေချိန်တွင် စစ်သင်္ဘောကြီးများက မြို့သစ်၏ အဓိကအချက်အချာ ပစ်မှတ်များကို တစ်ညလုံး မရပ်မနား ပစ်ခတ်ဖျက်ဆီးနေခဲ့သည်။ ဗမာတို့ဖက်က အသင့်ဆီးကြိုနေကြသော်လည်း အမြောက်ကြီးများ မရောက်သေးသောကြောင့် တစ်ညတာလုံး တစ်နေ့တာလုံး အနားယူ နေကြသည်။

ဗြိတိသျှများသည် ရွှေတိဂုံကို သိမ်းပိုက်ရန်အတွက် တောင်ဖက်မုဒ်ဝဖက်မှ လာရမည် ဖြစ်သည်။ ထိုအချိန်က တောင်ဖက်မုဒ်ဝလမ်းမှာ တစ်ခုသာရှိသည်။ ထိုနေရာတွင် ခံတပ်ကို အခိုင်အမာတည်ဆောက်ထားသည်။ စစ်သည်အင်အား အများ



www.burmeseclassic.com

www.burmeseclassic.com



အပြား စုရုံးထားခဲ့သည်။ ဧပြီလ ၁၄ ရက်နေ့ နံနက်တွင် ဗြိတိသျှတို့သည် သိမ်ဖြူ ခံတပ်မှ ထွက်ပြီး တောအုပ်ကြီးကို ဖြတ်ကျော်လာခဲ့ကြသည်။ ကန်တော်ကလေးနှင့် ကန်တော်ကြီးကို ဖြတ်ကျော်လိုက်သောအခါ ရွှေတိဂုံခံတပ်မှာ အကောင်းပကတိ ကျန်နေသေးသည်။ အမြောက်ကြီးများနှင့် နီးကပ်လာပြီး ဖြစ်သောကြောင့် အထူး သတိထားပြီး တဖြေးဖြေး ရှေ့တိုးခဲ့ကြသည်။

ခြေလျင်တပ်ဖွဲ့သည် ရွှေတိဂုံဘုရားမှ ဗမာအမြောက်ကြီးများကို ရင်ဆိုင်နိုင်မည့် မြေပြင်အနေအထားကို စိတ်ကြိုက်ရွေးချယ်သောအခါ ကန်တော်ကြီး၏ အနောက်တောင် ဖက်မှ ကုန်းမြင့်ပေါ်တွင် နေရာကောင်းတစ်ခု ရှာတွေ့သွားသောအခါ အမြောက်တပ်ကို အကြောင်းကြားလိုက်သည်။ ထိုအခါအမြောက်တပ်သည် တိုက်ခိုက်မှုစွမ်းအား အထက် ဆုံးသော အမြောက်ကြီးများကို စနစ်တကျ အထိုင်ချလိုက်ကြသည်။

ရေတပ်အမြောက်တပ်ဖွဲ့မှ အမြောက်ကြီးများလည်း ရွှေတိဂုံခံတပ်ကို ချေမှုန်း ရန် အဆင့်ရှိနေပြီဖြစ်သည်။ တိုက်ခိုက်မှုကို ညနေစောင်းတွင် စတင်ရန် စီစဉ်ထားသည်။ ထိုအချိန်တွင် နေ့လည်သ၁ နာရီတွင် ဗမာတို့၏ ခံစစ်ကြောင်းကို အသေးစိတ်လေ့လာ ရန် တာဝန်ယူထားသော ကပ္ပတိန်လက်တာက ဗမာတို့သည် ရွှေတိဂုံဘုရား၏ တောင်ဖက်မှ ခံတပ်တွင် ရှိသမျှအင်အား စုစည်းထားသည်။ အရှေ့ဖက်တွင် တပ်များချ ထားသော်လည်း ဟန်ပြမျှသာဖြစ်သည်။ လုံလောက်သော အတိုင်းအတာအထိ ချထားခြင်းမရှိဟု သတင်းပို့လေသည်။

ထို့ကြောင့် ဗိုလ်ချုပ်ဂေါ့ဒွင်၏ မုန်တိုင်းတပ်သည် ညနေစောင်းသည်နှင့် အရှေ့ဖက်မုခ်မှ ထိုးစစ်ဆင်ရန် အသင့်ပြင်ထားလိုက်သည်။ တဖြေးဖြေး လျှို့ဝှက် ချီတက်လာခဲ့ကြသည်။ ဘုရားရောက်ကာနီး ကိုက ၈၀၀ အကွာအဝေးတွင် ပြင်းပြင်း ထန်ထန် ပစ်ခတ်တိုက်ခိုက်ပြီး ဝင်စီးကြလေတော့သည်။ ထို့ကြောင့် ဗမာတပ်သည် အငိုက်မိပြီး အကျအဆုံးများစွာဖြင့် ဆုတ်လိုက်ကြသည်။

အင်္ဂလိပ်တို့သည် ဘုရားအရှေ့ဖက်မှ ဖြတ်ပြီး ပိတ်ဆို့ထားနိုင်ခဲ့သည်။ ကမ်းတက်တပ်ဖွဲ့က ရွှေတိဂုံကုန်းမြင့်ကို သိမ်းပိုက်လိုက်သောကြောင့် ခုခံနေသော ဗမာ့တပ်သည် အခြေအနေဆိုးသွားသောကြောင့် မြို့သစ်၏ အတွင်းပိုင်းသို့ ဆုတ်ခွာ လိုက်ကြသည်။ မြို့သစ်၏ အနောက်ဖက်နှင့် တောင်ဖက်ရှိ ခံတပ်များကို မြစ်အတွင်းရှိ သင်္ဘောများရှိ အမြောက်ကြီးများဖြင့် ပြင်းပြင်းထန်ထန် ချေမှုန်းကြလေသည်။ စစ်သင်္ဘောများမှ ပစ်ခတ်သော အမြောက်ကြီးများ၏ ဒဏ်ကြောင့် ဗမာစစ်သား မြောက်များစွာ သေဆုံးကြသောကြောင့် ရန်ကုန်မြို့ကို လက်လွှတ်ရလေသည်။





၁၈၂၄ ခုနှစ် ပထမအင်္ဂလိပ်–ဗမာစစ်ပွဲတွင် ရန်ကုန်မြို့ကို သိမ်းပိုက်ရာ၌ ကျဆုံးသူ လုံးဝ မရှိခဲ့ပေ။ ယခု ၁၈၅၂ စစ်ပွဲတွင် ဗြိတိသျှ ရေတပ်မှ ၃၀ ဒဏ် ရာရသည်။ ကြည်းတပ်မှ ၁၆ ဦး ကျဆုံးသည်။ ဒဏ်ရာပြင်းထန်စွာရသူ ၁၃၃ ယောက်ရှိသည်။ မေဂျာအောအက်(ဖ)အိုကီသည် အပူဒဏ်ကြောင့် အမောဆို့ပြီး သေဆုံး ခဲ့သောကြောင့် ဗိုလ်တစ်ထောင်ဘုရားအနီးတွင် မြှုပ်နှံခဲ့သည်။ သေဆုံးသော နောက် တစ်ဦးသည် မဒရပ်စစ်တပ်မှ မေဂျာအိတ်(ချ်)ဂရစ်ဖစ် ဖြစ်သည်။ သူသည် ပြည်လမ်း နေရာတွင် သေဆုံးခဲ့ခြင်းဖြစ်သည်။

ဗြိတိသျှတို့သည် ရန်ကုန်ဧရိယာတစ်ခုလုံးကို သိမ်းပိုက်ပြီးသည်နှင့် မြစ်ဝကျွန်း ပေါ်ဒေသတစ်ခုလုံးကို လျှင်မြန်စွာ သိမ်းပိုက်လိုက်လေသည်။ ဗမာအစိုးရသည် စစ်ပြေငြိမ်းရန် ကမ်းလှမ်းလာသောကြောင့် ၁၈၅၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် စစ်ပြေငြိမ်းခဲ့လေသည်။

BIBLIO GRAPHY


(1) T.T.Baker; Recent Operations of the British Forces at Rangoon and Martaban (1852)
(2) W.F.B. Laurice. The Secand Burmese War (Rangoon) (1853)

■■■




www.burmeseclassic.com

www.burmeseclassic.com





မောင်ဂိုမာရီ အကြံပြုထားသည့် ရန်ကုန်မြို့ဒီဇိုင်း

G - ဂေါ်ဒဝင်းဆိပ်ကမ်း။ C.H - အကောက်ခွန်ရုံး။ G.D - အစိုးရသင်္ဘောကျင်း။ R - ရေလှောင်ကန်၊ S.P - ဆူးလေဘုရား





မောင်ဂိုမာရီ၏ အကြံပြုချက်ကို အခြေခံကာ ဖရေဇာက ပြန်လည်ရေးဆွဲခဲ့သော ရန်ကုန်မြို့ဒီဇိုင်း

www.burmeseclassic.com




တရားဝင် အတည်ပြုတည်ဆောက်ခဲ့သော ရန်ကုန်မြို့တည်ဆောက်ရေးပုံစံ




ဖရေဇာတည်ဆောက်ခဲ့သော ရန်ကုန်မြို့ပုံစံ

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉)
## ရန်ကုန်မြို့ကို ခေတ်မီမြို့တော်ကြီးအဖြစ်တည်ဆောက်ရန် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ခြင်း

အလောင်းမင်းတရားတည်ခဲ့သော မြို့သည် မွန်တို့ တည်ထားသော ဒဂုံမြို့ကို အနည်းငယ်မျှသာ ပြုပြင်ခြင်းဖြစ်သောကြောင့် မြို့အင်္ဂါရပ်နှင့် ညီပါသည်။ မြို့ကွက်သေးသော်လည်း အချိုးအစားကျသည်။ မြို့ကို တိုးချဲ့လိုပါက ကုန်းမြေဖက်အပိုင်းကို ရပ်ကွက်အလိုက် တိုးချဲ့သွားရုံမျှသာ ဖြစ်သည်။

ဘကြီးတော်မင်းတရားလက်ထက်တွင် ရန်ကုန်မှာ စစ်မြေပြင်အကြိမ်ကြိမ်ဖြစ်ခဲ့သောကြောင့် အဆောက်အဦးအများစု ဖျက်ဆီးခဲ့သည်။ သာယာဝတီမင်းလက်ထက်တွင် မြို့ကို ပြုပြင်ခြင်းမပြုဘဲ နောက်တစ်ကြိမ်စစ်ဖြစ်ပါက ခုခံရန် အကောင်းဆုံးအနေအထားဖြစ်ရန်အတွက်သာ လိုအပ်သောနေရာများတွင် ကျုံးများ တူးထားကြသည်။ အချို့နေရာများတွင် ခံစစ်ကောင်းစေရန်အတွက် ကုန်းမြင့်ဖြစ်ပေါ်စေရန် မြေသားများကို ဖို့ထားသည်။

ထို့ကြောင့် ရှေးဦးစွာ ညီညာပြန့်ပြူးသော မြေသားရဖို့အတွက် ကုန်းမြင့်ဂမူများကို ဖြိုဖျက်ရသည်။ ကျုံးများ၊ တွင်းများကို မြေဖို့ကြသည်။ ညီညာသော အုတ်စီကွန်ကရစ်လမ်းများ ပြုလုပ်ကြသည်။ ကြည့်မြင်တိုင်ဖက်သို့ သွားသောလမ်းသည် လမ်းကျဉ်းတစ်ခုမျှသာဖြစ်သည်။ လွန်စွာလည်း ညစ်ပတ်သည်။ ထိုလမ်းကို အုတ်နက်များ ခင်းလိုက်သည်။

၁၈၂၄ တွင် စစ်ဒဏ် မီးလောင်ဒဏ်ကြောင့် ရန်ကုန်မှာ မြို့ပျက်ကြီးဖြစ်ခဲ့သည်။ ၁၈၅၂ ခုနှစ်စစ်ပွဲသည် အချိန်တိုလွန်းလှသည်။ တစ်ဖက်နှင့် တစ်ဖက် အပြန်အလှန် တိုက်ခိုက်ခဲ့ကြခြင်းမဟုတ်ဘဲ ဗမာစစ်တပ်သည် အချိန်တိုတိုအတွင်း အရေးနိမ့်သွားသောကြောင့် မြို့တွင်းရှိအဆောက်အဦးများ ပျက်ဆီးမှု သိပ်မရှိပေ။





မြို့ကို တစ်ပတ်အတွင်း သိမ်းယူနိုင်ခဲ့သောကြောင့် မြို့လည်း ပျက်ဆီးမှုမရှိသလို မြို့သူမြို့သားများလည်း စီးပွားရေးအလုပ်များကို အချိန်တိုတိုအတွင်း ပြန်၍ လုပ်ဆောင်နိုင်ခဲ့ကြသည်။ စစ်ပွဲပြီးစကာလတွင် ဝမ်းလျှောရောဂါ ကူးစက်ပြန့်ပွားမှုဖြစ်ခဲ့သော်လည်း ပြန်၍ ထိန်းချုပ်နိုင်ခဲ့သည်။ မိုးရာသီကျရောက်လာသောအခါ ကုန်စည်စီးဆင်းမှုသည် ပုံမှန်အနေအထား ပြန်လည်ရောက်ရှိနေပြီဖြစ်သောကြောင့် နယ်ချဲ့သိမ်းပိုက်ထားသော ကျူးကျော်သူအင်္ဂလိပ်စစ်တပ်အတွက် စားနပ်ရိက္ခာဖူလုံခဲ့သည်။

မေလလယ်မှ ဖွန်လလယ်အထိ အချိန်ကာလတွင်ဘင်္ဂလားတပ်မှ စစ်သည်အင်အား ၃၃၀၀ (သုံးထောင့်သုံးရာ)အနက် ဖျားနာသူ ၂၂ ယောက်သာ ရှိသည်။ စစ်ပြီးသည်နှင့် ရန်ကုန်မြို့တွင် အခြေစိုက်နေထိုင်သူအရေအတွက် ပြန်လည် တိုးပွားခဲ့ရာ ၆၀၀၀၀ (ခြောက်သောင်း)ကျော် ၇၀၀၀၀ (ခုနှစ်သောင်း)အထိ ရှိလာခဲ့သည်။

သာယာဝတီမင်း၏ အမိန့်ဖြင့် ရန်ကုန်မြို့ဟောင်းကို မြေလှန်ထားခဲ့သောကြောင့် ဗြိတိသျှတို့သည် စနစ်တကျ ပြန်လည် တည်ဆောက်ရာတွင် လွယ်ကူခဲ့သည်။ စစ်အုပ်ချုပ်ရေးကာလမျှသာ ရှိသေးသည်။ ရှေ့ရေးတွေးတက်သော အိန္ဒိယသားများက မော်လမြိုင်တွင် အခြေစိုက်နေထိုင်ရာမှ ရန်ကုန်ဖက်သို့ အစုလိုက်အပြုံလိုက် ပြောင်းရွှေ့လာကြသည်။ မော်လမြိုင်မြို့ကို သံလွင်မြစ်ကြီး ပတ်လည်ဝိုင်းထားသည်။ မြစ်ဝသည် အလွန်ကျယ်သည်။ လှေသင်္ဘောများ ကူးသန်းရာတွင် မိုးလေသည်းထန်သော အချိန်များတွင် အခက်အခဲရှိသည်။ တနင်္သာရီဒေသသည် လူဦးရေ နည်းပါးသည်။ ရန်ကုန်မြို့သည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် တဆက်တစပ်တည်း ရှိသောကြောင့် နောင်အခါတွင် တိုးတက်ရန် အလားအလာများသည်။ ထို့ကြောင့် ရန်ကုန်သို့လာပြီး စစ်အာဏာပိုင်ထံ အခြေချနေထိုင်ခွင့် တောင်းခံကြသည်။

စစ်အာဏာပိုင်တို့က ရာနှုန်းပြည့်ပျက်ဆီးပြီး အုတ်ပုံနှင့် ပြာပုံမျှသာဖြစ်သော မြေကွက်များကို ယာယီအကွက်ရိုက်ပြီး ယာယီဂရမ် ထုတ်ပေးခဲ့သည်။ အမှန်စင်စစ် ရန်ကုန်မြို့ကို သိမ်းပိုက်ထားသော စစ်အာဏာပိုင်အနေဖြင့် ဂရမ်ထုတ်ပေးခွင့် မရှိပါ။ စစ်လည်း မပြီးဆုံးသေးပါ။ ဗြိတိသျှစစ်တပ်နှင့် အင်းဝဘုရင်၏ စစ်တပ်တို့ စစ်တိုက်နေကြဆဲဖြစ်သည်။

စစ်ပြီးနောက် ဗြိတိသျှတို့ ရန်ကုန်မြို့ကို အပိုင်ရသောအခါ ရောက်လာမည့် ဗြိတိသျှကော်မရှင်နာမင်းကြီးကသာလျှင် မြေဂရမ် ထုတ်ပေးနိုင်မည်ဖြစ်သည်။ သို့သော် ယခု ပြောင်းရွှေ့လာကြသူများကို ငဲ့ညှာပြီး ပိုင်ရှင်မရှိသော မီးလောင်ပြင်နှင့် အုတ်ပုံများတွင် အကွက်ရိုက်ပြီး နေရာပေးခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဧပြီလတွင်း ရန်ကုန်ဆိပ်ကမ်းကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။ ကွန်မင်နီ လင်းဘတ်၏ အမိန့်ဖြင့် ကုန်ပစ္စည်းများကို နံနက်စောစောမှ ညနေစောင်းအထိ သတ်မှတ်အခွန် နှုန်းထားအတိုင်း ပေးသွင်းပြီး လွတ်လပ်စွာ ကုန်သွယ်နိုင်ပါသည်။ လုံခြုံရေးအခြေအနေအရ ညဖက် ကုန်တင်ကုန်ချ ပြုလုပ်ခြင်းကို လုံးဝ ခွင့်မပြုပေ။

အရပ်သားများသည် ဘိန်း၊ အရက်မျိုးစုံ၊ လက်နက်ခဲယမ်းများ သယ်ယူလာခွင့် လုံးဝ မရှိ။ ထုတ်ကုန်အနေဖြင့် ဆန်နှင့် ကောက်ပဲသီးနှံများကို ပိတ်ပင်ထားသည်။ စားသောက်ကုန်များသာမက သစ်များကိုလည်း ရောင်းချခွင့် မပြုတော့ပေ။

မေလ ၂၂ ရက်နေ့တွင် ရန်ကုန်ဆိပ်ကမ်းကို ထိန်းချုပ်ရန်အတွက် မစ္စတာ အာ(ရ်)အက်(စ်)အက်ဒဝပ်ကို တာဝန်ပေးခဲ့သည်။ သူ၏ လက်အောက်တွင် စစ်ဖက် အရာရှိကြီးဖြစ်သော ကပ္ပတိန်လက်တာကို တာဝန်ပေးသည်။ ထို့နောက် လက်ဖတင်နင် အာ(ရ်)ဒီအာဒက်(ရှ်)ကို ခန့်ထားလိုက်သည်။ ၁၈၅၂ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် ဗမာ့တပ်သားများ စုဆောင်းထားခဲ့သော လက်နက်တိုက်တစ်ခု ပေါက်ကွဲလေသည်။ ရွှေတိဂုံဘုရားအနီးရှိ ခုခံရေးစခန်းတစ်ခုတည်ရှိရာ မြေအောက်မှ ပေါက်ကွဲထွက်လာခြင်းဖြစ်သည်။ အဘယ်ကြောင့်ပေါက်ကွဲသည်ဟုတော့ မသိရပေ။ လူ ၆ ယောက် သေဆုံးခဲ့သည်။ ကိုက်ရာပေါင်းများစွာ ဝေးကွာသော နေရာရှိ အိမ်ခေါင်မိုးပေါ်သို့ မတ်စကက်ကျည်ဆံများ ကျရောက်လေသည်။

ဒုတိယအကြိမ်တွင် ၁၈၅၃ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက် ညတွင် ဗမာလက်ရွေးစင်စစ်သည်များ မြို့တွင်းဝင်ပြီး အင်္ဂလိပ်အရပ်သားများကို သတ်ဖြတ်ရန် စီစဉ်ခဲ့ကြသည်။ သို့သော် သစ္စာဖောက်သူရှိသောကြောင့် သတင်းပေါက်ကြားပြီး မြို့တွင်းရောက်နေသော လက်ရွေးစင်စစ်သည်ကောင်းများစွာ ဖမ်းဆီးခံလိုက်ရပြီး အစီအစဉ်ပျက် သွားသည်။

ပေါက်ကွဲမှုနှင့် လူသတ်ရန် ကြံစည်မှုအားလုံးတွင် ရွှေတိဂုံဘုရားဂေါပကအဖွဲ့မှ ပုဂ္ဂိုလ်များ ပါဝင်ပတ်သက်နေသည်ဟု ဗြိတိသျှတို့က အကြောင်းပြပြီး ဂေါပကအဖွဲ့ဝင် လူဟောင်းများကို ထုတ်ပယ်ပြီး ဂေါပကအသစ် ပြန်ခန့်ကြရသည်။ လော့(ဒ်)ဒါလဟိုဇီ သည် ပဲခူးတွင် အရပ်သားအစိုးရ ဖွဲ့စည်းပေးပြီး ကပ္ပတိန်ဖယ်ရာကို ကော်မရှင်နာ မင်းကြီး ခန့်လိုက်သည်။ ကပ္ပတိန်တီပီဖပတ်ကို လက်ထောက်ကော် မရှင်နာမင်းကြီး ခန့်လိုက်သည်

ကပ္ပတိန်ဖယ်ရာသည် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ရန်ကုန်မြို့သို့ ရောက် သည်။ ဒီဇင်ဘာလ ၁၉ ရက် နံနက်တွင် ကမ်းပေါ်တက်သည်။ ဒီဇင်ဘာလ ၂၀





ရက်နေ့ နံနက် ၆ နာရီတွင် သစ်လုံးဂိတ်အပြင်ဖက်၌ ရန်ကုန်အရပ်သား အစိုးရသစ် ဖွဲ့စည်းခြင်းအခမ်းအနားကို စစ်တီးဝိုင်းဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပ ခဲ့လေသည်။

ရန်ကုန်အစိုးရသစ်သည် အစိုးရသစ်တို့၏ ထုံးစံအတိုင်း ပြဿနာပေါင်း သောင်းခြောက်ထောင်နှင့် ရင်ဆိုင်ရလေတော့သည်။ ဖရေဇာသည် ရန်ကုန်ဆိပ်ကမ်း ဖွဲ့စည်းပုံနှင့် အခွန်အကောက်များကို နိုင်ငံတကာစံချိန်စံနှုန်းနှင့်ညီ ပြောင်းလဲပေးလိုက်သည်။ ပုသိမ်ဆိပ်ကမ်းကိုလည်း ရန်ကုန်ဆိပ်ကမ်းနှင့် တပြေးညီ သတ်မှတ်ပေးလိုက်သည်။ အခွန်နှုန်း များစွာလျှော့နည်းသွားသော်လည်း ဆိပ်ကမ်းဝင်ငွေမှာ လျော့နည်းခြင်း မရှိဘဲပို၍ များလာသည်။ ထို့ကြောင့် သင်္ဘောများ ဘေးအန္တရာယ်ကင်းစွာ ဆိုက်ကပ်နိုင် စေရန်အတွက် ဆိပ်ခံဘောတံတားများ ဝယ်ယူတပ်ဆင်နိုင်ခဲ့လေသည်။

ရန်ကုန်မြစ်ဝတွင် ခေတ်မီမီးပြတိုက် တည်ဆောက်ခဲ့သည်။ မီးပြသင်္ဘောလည်း ထားပေးသည်။ လစာငွေကို လုံလောက်စွာ ပေးသောကြောင့် အရာရှိများနှင့် ဝန်ထမ်း များသည် တာဝန်ကျေပွန်စွာ လုပ်ကိုင်ကြလေသည်။ ၁၈၅၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် သွင်းကုန်ထုတ်ကုန်လိုင်စင်နှုန်းထားများကို ကာလကတ္တားမြို့မှ နှုန်းထားအတိုင်း သတ်မှတ်သည်။ ဝင်ငွေခွန်ကောက်ခံခြင်းကိစ္စအားလုံးကို မစ္စတာအက်ဒဝပ်က တာဝန်ယူ ဆောင်ရွက်ရလေသည်။

၁၈၅၄ ခုနှစ်တွင် အကောက်ခွန်အက်ဥပဒေ (Act XXX Customs) ကို ပြဋ္ဌာန်းပြီး ရခိုင်၊ တနင်္သာရီနှင့် ပဲခူးတို့တွင် အခွန်နှုန်းထားကို အိန္ဒိယနှုန်းထားအတိုင်း ကောက်ခံသည်။ နောက်ပိုင်းတွင် စစ်တွေဆိပ်ကမ်းနှင့် မော်လမြိုင်ဆိပ်ကမ်းများ စည်ကားတိုးတက်စေရန် ရည်ရွယ်ပြီး အကောက်ခွန် ကင်းလွတ်ခွင့်ပေးလိုက်လေသည်။

ဗမာဘုရင်များလက်ထက်တွင် စာတိုက်စာပို့စနစ် မရှိခဲ့ပေ။ ထို့ကြောင့် ပြစ်ချက်ရှိသော C.M Crisp ကို ခွင့်လွှတ်ပြီး ရွှေတိဂုံဘုရင်ခံတပ်ကို ဝင်သိမ်းသော တိုက်ပွဲတွင် ထူးချွန်စွာဆောင်ရွက်ခဲ့မှုကို ထောက်ထားပြီး သူ၏ကုမ္ပဏီဖြစ်သော Messrs. Crisp and Co. ကို စာတိုက်လုပ်ငန်းလုပ်ကိုင်ခွင့် ပေးလိုက်လေသည်။

ရန်ကုန်မြို့ဟောင်းပိုင်းသည် အုတ်ပုံနှင့် ပြာပုံမျှသာဖြစ်သည်။ မြို့သစ်ပိုင်းတွင် လည်း စစ်ဒဏ်ကြောင့် ထိခိုက်ပျက်ဆီးမှုများအတွက် အရပ်သားအစိုးရသည် ပုဂ္ဂလိက နစ်နာမှုများကို အဓိကထားပြီး ဖြေရှင်းပေးခဲ့သည်။ မီးလောင်ပြင်တွင် မူလမြေပိုင်ရှင် အားလုံးကို အထောက်အထား ခိုင်လုံပါက မြေနေရာပြန်ပေးပြီး ဂရမ်ကိုပါ ထုတ်ပေး လိုက်သည်။

ပိုင်ရှင်မဲ့မြေကွက်များကိုသာ မော်လမြိုင်မြို့မှ လာခဲ့ကြသော အိန္ဒိယသားများ



www.burmeseclassic.com

www.burmeseclassic.com



ကို မြေကွက်ရောင်းချပြီး ဂရမ်ထုတ်ပေးခဲ့သည်။ အဆောက်အဦးများ မီးလောင်ခြင်းနှင့် ပတ်သက်၍ ဗြိတိသျှစစ်တပ်က မီးရှို့ခဲ့ခြင်းမဟုတ်ဘဲ ဗမာစစ်တပ်က မီးရှို့ခဲ့ခြင်းဖြစ်လေရာ ဖြေရှင်းဖို့ အလွန်ခက်သည်။ စစ်ဘေးစစ်ဒဏ်ကြောင့် ပျက်ဆီးခြင်းအတွက် လျော်ကြေးပေးရမည်။ ထိုအမှုများသည် လွန်စွာရှုပ်ထွေးသည်။ ဗမာဘုရင်ဖက်က ကြည့်သော် ပိုင်နက်နယ်မြေများစွာ ဆုံးရှုံးခဲ့ပြီးပြီ။ ဗြိတိသျှတို့သိမ်းပိုက်ထားသော နယ်မြေများမှ ပြဿနာကို ဗြိတိသျှတို့ကိုယ်တိုင် ဖြေရှင်းကြဟုဆိုပြီး တာဝန်မယူကြပေ။ ထိုအခါ စစ်ဘေးစစ်ဒဏ်နှင့် မီးလောင်ပြီး ပျက်ဆီးဆုံးရှုံးခဲ့ရသည်များကို ပြန်လည်ထူထောင်ရေးအတွက် အရင်းအနှီးရစေရန် ထိုက်သင့်သော လျော်ကြေးကို အိန္ဒိယအစိုးရက ပေးအပ်ခဲ့လေသည်။ ကုန်သွယ်ရေးလုပ်ငန်းလုပ်ကိုင်ရန် အခြေအနေ ဖန်တီးပေးသောကြောင့် အချိန်တိုတိုအတွင်း ရန်ကုန်မှာ ပြန်လည်စည်ကားလာသည်။

စစ်ပွဲဆုလာဒ် (Prize of War) အဖြစ် ကျွန်းသစ်များကို အလျှံပယ်အသုံးပြုပြီး သင်္ဘောတည်ဆောက်သော လုပ်ငန်းကို တိုးချဲ့လေသည်။ ဗမာဘုရင်လက်ထက်တွင် သစ်လုပ်ငန်းကို ဘုရင်တစ်ဦးတည်းက လက်ဝါးကြီးအုပ်ထားသည်။ သို့သော် ကုမ္ပဏီ အနေဖြင့် လက်ဝါးကြီးအုပ်လုပ်ဆောင်ပါက ဖြစ်နိုင်သော်လည်း မလုပ်လိုပေ။ သို့သော် ပုဂ္ဂလိက လွတ်လပ်ခွင့်ပေးလိုက်ပါက ရန်ကုန်မြို့ပျက်မှ အဆောက်အဦးများကို ပြုပြင်တည်ဆောက်ရန်အတွက် သစ်ကို ဈေးပေါပေါနှင့် လိုသလောက်ရနိုင်ဖို့ အခက်အခဲရှိနိုင်လေသည်။ ထို့ကြောင့် အခြေအနေ အတည်ငြိမ်အေးချမ်းလာသောအခါမှ ပုဂ္ဂလိက လွတ်လပ်ခွင့်ပေးမည်ဟု အကြောင်းပြထားပြီး ရန်ကုန်မြို့ပြုပြင်ရေးနှင့် စစ်ဆင်ရေးကုန်ကျစရိတ် ကာမိစေရန် သင်္ဘောကျင်းများမှ သင်္ဘောအရေအတွက်များစွာ ထုတ်လုပ်ပြီး ရောင်းချဖို့ ကြိုးစားလာကြသည်။

၁၈၃၃ ခုနှစ်မေလတွင် သစ်လုပ်ငန်းကို လွတ်လပ်ခွင့်ပေးလိုက်သည်။ သို့သော် Prize Agents နှင့် ယှဉ်ပြိုင်ရာတွင် ပုဂ္ဂလိကတို့ ဒုက္ခတွေ့ကြလေသည်။ အိန္ဒိယအစိုးရ၏ ကျောထောက်နောက်ခံရှိသော Prize Agents က သစ်လုပ်ငန်းကို တစ်ဖက်လှည့်ဖြင့် ချုပ်ကိုင်လိုက်သည်။ အမှန်စင်စစ် Prize Agents သည် ဒါလဟိုစီနှင့် ဖယ်ရာကို ကိုယ်စားပြု လုပ်ကိုင်ခြင်းမျှသာ ဖြစ်သည်။

၁၈၂၄ စစ်ပွဲကာလကတည်းက ဗြိတိသျှတပ်သားများသည် ဆင်ဖြူရှင်မင်း၏ ရတနာသိုက်ရှိသော ရွှေတိဂုံဘုရားဌာပနာတိုက်ကို မြေလှန်ပြီး ရှာဖွေလိုသည်။ သို့သော် အာဏာပိုင်များက ဘာသာရေးအရ စော်ကားခြင်း လုံးဝမပြုရဟု တင်းကျပ်စွာ တားမြစ်ထားသည်။





၁၈၅၂ စစ်ပွဲတွင်လည်း ကွန်မင်ဒိုလင်ဘာတ်၊ ဗိုလ်ချုပ်ဂေါ်ဒွန်နှင့် ဖရေဇာတို့က ဘုရားများ ဖျက်ဆီးခြင်း ဌာပနာဖောက်ခြင်းများ မလုပ်ရန် တားမြစ်ခဲ့သည်။ ဗြိတိသျှတို့သည် ဗမာပြည်ကို ကျူးကျော်သိမ်းပိုက်ရာတွင် စီးပွားရေးအကျိုးအမြတ် တစ်ခုတည်းကိုသာ ကြည့်ခဲ့သည်။ ဘာသာရေးအရ သာသနာပြုရန်လည်း မဟုတ်၊ လူမျိုးရေးအရ စော်ကားရန် ရည်ရွယ်ချက်လည်း မရှိပေ။

ဘာသာရေး လူမျိုးရေးအရစော်ကားပါက အိန္ဒိယနိုင်ငံမှ စစ်ဟာရီအရေးတော်ပုံကြီးက သူတို့ကို သင်ခန်းစာပေးခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် စစ်တိုက်ရာတွင် ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်တန်ဖိုးထားရာဖြစ်သော ဘုရားများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဗုဒ္ဓရုပ်ပွားတော်များကို ဖျက်ဆီးခြင်း အဖိုးတန်ဌာပနာများကို ဖောက်ထွင်းယူခြင်း လုံးဝ မပြုရ။ လစာအဖြစ် ထိုက်ထိုက်တန်တန် ပေးထားပြီး ဖြစ်သောကြောင့် လုယက်မှုများ ခွင့်မပြုဟု အမိန့်ထုတ်ထားသည်။

သို့သော် စစ်သားများသည် စရိုက်ကြမ်းသူများဖြစ်လေရာ အမိန့်ထုတ်ထားသော်လည်း အတိအကျလိုက်နာသူ ရှားသည်။ လစ်ရင် လစ်သလို လုပ်မည့်သူများဖြစ်ကြသည်။ ဗြိတိသျှတို့၏ ရည်ရွယ်ချက်သည် ဗမာပြည်တွင် နှစ်ကာလပေါင်း၊ ရာပေါင်းများစွာ ကျွန်ပြုပြီး အုပ်စိုးရာတွင် ဗြိတိသျှတို့ဖက်ကလည်း သက်ညှာစွာဖြင့် ကျွန်ပြုမည်။ ဗမာတို့ဖက်ကလည်း အင်္ဂလိပ်တို့သည် ကယ်တင်ရှင်များ ဖြစ်ကြသည်ဟု ထင်မှတ်ပြီး နှစ်ပေါင်းရာပေါင်းများစွာ ကျွန်ပြုထားဖို့ ရည်ရွယ်သော ကြောင့် မုန်းတီးမှု နာကျည်းမှုများကို ရှောင်ရှားလိုကြသည်။

ရန်ကုန်အုပ်ချုပ်သူများ ကြုံတွေ့ရသော အဓိကအခက်အခဲသည် မြို့ကွက်ချခြင်းဖြစ်သည်။ မြို့ကို တည်ဆောက် ရာတွင် အဆောက်အဦးကြီးများကို နေရာတကျ အကွက်ကျကျ နေရာချလိုက်ကြသည်။ ပြီးနောက် လိုအပ်ချက်ဒီဇိုင်းအရ အဆောက်အဦး တစ်ခုပြီးတစ်ခု တည်ဆောက်လိုက်သည်။

တစ်ခုတော့ရှိသည်။ အဆိုးထဲကအကောင်းဟု ဆိုရမည်။ တကယ်တော့ အလောင်းဘုရားတည်ခဲ့သော မြို့ဟူသည် ယခုအချိန်တွင် အုတ်ခဲပုံနှင့် ပြာပုံမျှသာဖြစ်လေရာ မြို့နေလူထုအတွက် ယခင် လူနေရပ်ကွက်များကို နေရာချပေးပြီး မြို့လယ်တွင် အစိုးရအဖွဲ့တစ်ရပ်၏ အင်္ဂါရပ်နှင့်အညီ ဖြစ်လာစေရန်အတွက် အဆောက်အဦးကြီးများ စတင်ဆောက်လုပ်ခဲ့လေသည်။

မြို့ဟောင်းတည်ဆောက်ရာတွင် ဗမာ့ဗိသုကာအရ မြို့ကွက်ကို အစလေးပေးထားခြင်းမရှိဘဲ မင်းနေပြည်တော်ကို ပထမဦးစားပေးသည်။ ယခု ရန်ကုန်မြို့သည်



www.burmeseclassic.com

www.burmeseclassic.com



မင်းနေပြည်တော်မဟုတ်သောကြောင့် နန်းတော်အစား မြို့ဝန်မင်း၏အိမ်တော်ကို အဓိကထားသည်။ ဒုတိယဦးစားပေးအနေဖြင့် မြို့ရိုးနှင့် သစ်လုံးကိတ်များကို နေရာချသည်။ မြို့တွင်း၌ အထင်ကရအဆောက်အဦးအဖြစ် ဗမာလူမျိုးတို့အထွတ်အမြတ်ထားသော စေတီပုထိုးများ တည်ရှိကြလေသည်။

ရွှေမရှိသောဘုရား ကိုးကွယ်သူနည်းသည် ဆိုသည့်အတိုင်း ရွှေရှိသောဘုရားကို လိုအပ်သောအခါတိုင်း ရွှေပြားကပ်ကြသည်။ ထုထည် ကြီးမားစွာ တည်ဆောက်ကြသည်။ စေတီပုထိုးကြီးငယ်များ၊ ဘုန်းတော်ကြီးကျောင်းကြီးငယ်များ ပြီးသည်နှင့် လူနေရပ်ကွက်များ ဥဒဟို တည်ရှိကြသည်။ ဟိုနားတစ်စု ဒီနားတစ်စုဖြစ်သည်။ ၁၈၅၂ ခုနှစ်စစ်ပွဲကာလတွင် ရန်ကုန်မြို့သည် မြို့ဟောင်းနှင့် မြို့သစ်ဟူ၍ ရှိသည်။ အလောင်းဘုရားမြို့ဟောင်းကို စစ်ရေးနိမ့်လာသည်နှင့် ဗမာ့တပ်မတော်သားများက မီးရှို့ခဲ့ကြသည်။ ထို့ကြောင့် အလောင်းဘုရားမြို့သည် ရာနှုန်းပြည့်ပျက်ဆီးခဲ့သည်။

သာယာဝတီမင်းမြို့သစ်သည် စတင်တည်ဆောက်စဉ်ကာလတွင် လူနေရန် ရည်ရွယ်ပြီး ဆောက်လုပ်ခဲ့ခြင်းမဟုတ်ဘဲ အင်္ဂလိပ်တို့နှင့် နောက်ထပ်စစ်ပွဲတစ်ခု မလွဲမသွေ ထပ်ဖြစ်မည်ဟု ကြိုတင်တွက်ထားသောကြောင့် စစ်ပွဲအတွက်လိုအပ်သလို စီစဉ်ခဲ့ရာ ဗြိတိသျှရေတပ်က ပစ်မှတ်များကို မြစ်အတွင်းမှ ပစ်ခတ်ချေမှုန်းရာတွင် လူနေအဆောက်အဦးများစွာ ပျက်ဆီးရလေသည်။

စစ်ဒဏ်ကြောင့် အလုံးစုံပျက်ဆီးနေသော ရန်ကုန်မြို့ကို ပြန်လည် တည်ဆောက်ခြင်း မပြုမီ လော(ဒ်)ဒါလဟိုဇီသည် မြို့ပျက်ကြီးကို အသေးစိတ်လေ့လာပြီး မည်ကဲ့သို့ ပြန်လည်တည်ဆောက်မည်ဟု အစီအစဉ်အသေးစိတ်ရေးဆွဲခဲ့ကြလေသည်။

အဓိကပင်လယ်ဆိပ်ကမ်းမြို့အဖြစ် တည်ဆောက်ရန်အတွက် မြို့ကွက် (Ground-Plan) ကို နိုင်ငံတကာအဆင့်အတန်းမီ ပုံစံဒီဇိုင်း ရေးဆွဲခဲ့ကြသည်။ အလောင်းမင်းတရားတည်ခဲ့သော ရန်ကုန်မြို့ဟောင်းသည် မြစ်ကမ်းနာဘေးတွင် မည်သည့်အကာအရံ အတားအဆီးမျှမလုပ်ဘဲ မြေကွက်ရှိသမျှ အဆောက်အဦးဆောက်သော ပုံစံဖြင့် မြို့တည်ခဲ့ရာ ဒီရေတက်လာတိုင်း ရေများ တက်လာပြီး ဖုံးလွှမ်းသွားသည်။ ဒီရေကျသောအခါ ပြန်ကျသွားသည်။ ထိုသို့ ဒုက္ခမျိုးမကြုံတွေ့ဖို့ အဓိကထားပြီး စီမံခဲ့သည်။

မြို့အတွက် ဒီဇိုင်းရေးဆွဲသော အင်ဂျင်နီယာအဖွဲ့ကို ၁၈၅၂ ခုနှစ် စစ်ပွဲကာလအတွင်း ခွဲစိတ်ကုဆရာဝန်အဖြစ် အမှုထမ်းခဲ့သော ဒေါက်တာဝီလီယံမောင်ဂိုမာရီက အကြံပေးခဲ့သည်။ ဒေါက်တာမောင်ဂိုမာရီသည် ၁၈၁၉ ခုနှစ်တွင် စင်ကာပူ၌





အမှုထမ်းခဲ့သည်။ စင်ကာပူ၌ ၁၈၄၂ အထိ တာဝန်ယူခဲ့သည်။ စင်ကာပူမြို့သစ်ကို ဆာစတမ်ဖို့ရာဖဲလ် (Sir Stamford Raffles) ဦးဆောင်၍ စင်ကာပူမြို့သစ်တည်ဆောက်ရာတွင် ဒေါက်တာမောင်ဂိုမာရီအတွက် အတွေ့အကြုံကောင်းများစွာ ရရှိခဲ့လေသည်။

၁၈၅၂ ခုနှစ်၊ စက်တင်ဘာလတွင် ရန်ကုန်မြို့သစ်ပုံစံ အကြမ်းရေးဆွဲပြီးစီးလေတော့သည်။ မြစ်ကမ်းပါးအားလုံးကို ခိုင်ခံ့သော အုတ်ရိုးကြီးများဖြင့် ထိန်းချုပ်ထားလိုက်သည်။ လမ်းများ၏အကျယ်သည် ပေ ၆၀ ရှိသည်။ လမ်းတစ်ခုနှင့် တစ်ခုကြား အကွာအဝေးသည် ပေ ၂၀၀ ဖြစ်သည်။ စထရင်းလမ်းမှ ကိုးဆယ်ဒီဂရီထောင့်ချိုးအနေအထားအတိုင်း စီစဉ်ထားသည်။ လမ်းများကို မြောက်ဖက်မှ တောင်ဖက်သို့ ဖောက်လုပ်ထားသည်။ လမ်းနားဖက်မှ လေများ မြို့တွင်းသို့ ညီညာမျှတစွာ ဝင်ရောက်ဖို့ စီစဉ်ထားသည်။ လေဝင်လေထွက်ကောင်းသောကြောင့် အအေးဓာတ်လုံလောက်စွာ ရရှိသည်။ မြို့တွင်း၌ အဆောက်အဦးများကို ယခင်ကဲ့သို့ ပြွတ်သိပ်ကြပ်ညပ်မထားဘဲ အဆောက်အဦးများကို ဝေးနိုင်သမျှ ဝေးဝေးအနေအထားဖြင့် တည်ဆောက်ခဲ့သောကြောင့် မီးဘေးအန္တရာယ်ကို စိုးရိမ်ရသောအနေအထား မရှိတော့ပေ။

ဆူးလေဘုရားမှ ရွှေတိဂုံဘုရားအထိ ရေဆင်းပိုက်ကြီးတစ်ခု တည်ဆောက်လိုက်သည်။ သန့်ရှင်းရေးလုပ်ရန် လိုအပ်သောအခါ ဝင်ရောက်လုပ်နိုင်ရန်အတွက် လူတစ်ယောက် ကောင်းစွာဝင်ရောက်ပြီး သန့်ရှင်းရေးလုပ်နိုင်သော အနေအထားဖြစ်သည်။ မြို့တွင်း၌ ပေတစ်ရာအကွာအဝေးတိုင်းတွင် ရေတွင်းများကို ညီညီညာညာ တူးထားလိုက်သည်။

မြို့တွင်း၌နေထိုင်သူများ ရေအသုံးပြုရာ၌အဆင်ပြေသွားသည်။ ထိုမျှမက မြေအောက်အနက် ၁၂ ပေနှင့် ၁၅ ပေတွင် မီးသတ်ရေပိုက်များ မြှုပ်နှံထားသည်။ ထိုမီးသတ်ရေပိုက်ကို မြေအောက်ရေကန်များနှင့် ဆက်သွယ်ထားသည်။ စထရင်းလမ်းအနီးအတွင် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်လာကြသော ကုန်သည်များ အသုံးပြုနိုင်ရန်အတွက် ရေသန့်ရေကန်ကြီးတစ်ခု တည်ဆောက်ပေးထားသည်။ အကျယ် ပေ ၄၀ ရှိပြီး အနက်သည် ပေပေါင်း ၁၅၀ အထိ နက်သည်။

ယခင်က အညစ်အကြေးစွန့်သော မြောင်းများ မရှိခဲ့ပေ။ ထို့ကြောင့် မြို့တွင်းနေရာအနှံ့မှ အညစ်အကြေးစွန့်သော မြောင်းများကို မြေအောက်တွင် ဆက်သွယ်ပြီး ဆူးလေဘုရားကြီးအနီးရှိ မြေအောက်အညစ်အကြေးစွန့် ပိုက်ကြီးမှတဆင့် ရန်ကုန်မြစ်အတွင်းသို့ စနစ်တကျ စွန့်ထုတ်နိုင်ရန် စီစဉ်ခဲ့သည်။ ယခင်က မိလ္လာစနစ် လုံးဝမရှိပေ။

မောင်ဂိုမာရီ၏ အကြံပေးချက်အရ စင်ကာပူပုံစံဖြင့် ရပ်ကွက်အသီးသီးမှ



www.burmeseclassic.com

www.burmeseclassic.com



နေအိမ်များရှိ မိလ္လာပိုက်များကို စုပေါင်းဆက်သွယ်ပြီး မြေအောက်ပိုက်လိုင်းမှတဆင့် လူနေရပ်ကွက်နှင့် ဝေးသော မြစ်အတွင်းသို့ မိလ္လာစွန့်သော နည်းကို အသုံးပြုခဲ့သည်။ နောင်တွင် ဗိုလ်တထောင်မြို့နယ်အတွင်းရှိ မိလ္လာသန့်စင်စက်ရုံသို့ ပို့ပြီး အညစ်အကြေးများကို စက်ကြီးများဖြင့် သန့်စင်ပြီး နောက်ဆုံးအဆင့်ကို ရန်ကုန်မြစ်အတွင်း စွန့်သော နည်းကို အသုံးပြုခဲ့သည်။

မိလ္လာစက်များ မတပ်ဆင်ရသေးသော ကာလတွင် ရန်ကုန်မြစ်ရေ အတက်အကျကို စနစ်တကျ စီမံလေသည်။ မြစ်ရေတက်လာသောအခါ ရေလှောင်ကန်များ အားလုံးတွင် ရေများ အလိုအလျောက်ပြည့်ပြီး ဖြစ်သွားသည်။ မြစ်ရေကျချိန်တွင် မိလ္လာပိုက်များမှ အညစ်အကြေးများကို မြစ်အတွင်းသယ်သွားသည်။ ထို့နောက် ရေကန်များမှ ရေများကို ဖွင့်ချလိုက်သောအခါ မိလ္လာပိုက်လိုင်းများကို ဆေးကြောပြီး ဖြစ်သွားသည်။

မြို့တွင်းလမ်းများသည် မြောက်ဖက်မှ တောင်ဖက်သို့ သွယ်တန်းထားသော အနေအထားရှိသည်။ ရပ်ကွက်အသီးသီးမှ အညစ်အကြေးစွန့် မြောင်းများကို ဆေးကြောရန်အတွက် ရေကန်များ စီစဉ်ထားသည်။ အညစ်အကြေးများစုစည်းရန် အနက် ပေ ၈၀ ရှိသော အညစ်အကြေးစွန့်တွင်းကြီးများ ပြုလုပ်ထားသည်။

အရှေ့မှ အနောက်သို့ သွယ်တန်းထားသော အဓိကလမ်းမကြီးများလည်း ရှိသည်။ မြို့တွင်း၌ ယခင် အလောင်းမင်းတရားမြို့တွင် သစ်ပင်များ စိမ်းစိမ်းစိုစိုဖြစ်ခဲ့သော်လည်း အစိုးရမှ စနစ်တကျ စိုက်ပျိုးပေးခဲ့ခြင်း မဟုတ်ဘဲ မြို့သူမြို့သားများက ကိုယ့်အိမ်ရှေ့ မြေကွက်လပ်တွင် ကိုယ်စိတ်ကိုယ်သဘောနဲ့ အဆင်ပြေသလို စိုက်ခဲ့ကြသောကြောင့် ညီညီညာညာ မရှိဘဲ ထိုးထိုးထောင်ထောင်ဖြစ်နေသည်။ သစ်ပင်အရေအတွက် အလွန်များသောကြောင့် အရိပ်ကောင်းစွာရပြီး စိမ်းစိမ်းစိုစို ရှိနေသော်လည်း မြို့ပြအင်္ဂါရပ်နှင့် ကိုက်ညီမှုမရှိပေ။

တိုသည့်အပင်နှင့် ရှည်သည့်အပင်တွေ ရောချင်သလို ရောနှောနေကြသည်။ လုလုပပ သပ်သပ်ရပ်ရပ် မရှိ။ အင်္ဂလိပ်တို့က မြို့ကွက်ချရာတွင် မြို့အတွက် မီးသတ်စနစ်၊ ရေထောက်ပံ့စနစ် အညစ်အကြေးစွန့်စနစ်များကို စနစ်သစ်ဖြင့် ပြုလုပ်ပြီးနောက် အရိပ်ရအပင်များ၊ စားသုံးပင်များကို စနစ်တကျ ညီညီညာညာ စိုက်ပျိုးပေးခဲ့သည်။ သရက်ပင်၊ မန်ကျည်းပင်၊ မရမ်းပင်များကို အချိုးအစားကျနစွာ ညီညာသော အကွာအဝေးများတွင် စနစ်တကျ စိုက်ပေးထားခဲ့သည်။

မြို့သူမြို့သားများ ရေချိုးရန်အတွက် သုံးရေရန်ကို ရေတွင်းများဖြင့် စနစ်တကျ





ညီညီညာညာ ပြုလုပ်ပေးခဲ့သည်။ ရပ်ကွက်နေ လူအများ ရေချိုးနိုင်ရန်အတွက် ရေချိုးခန်းများကို လူဦးရေများသော ရပ်ကွက်များတွင် အများအပြား ဆောက်လုပ်ပေးခဲ့သည်။

မိလ္လာစနစ်ကို စဉ်းစားသောအခါ မြစ်နှင့် နီးခြင်းသည် သန့်ရှင်းရေးအတွက် အကောင်းဆုံးဖြစ်သောကြောင့် (The back drainage Spaces) များပြုလုပ်ပြီး မြစ်ရေဖြင့် ဆေးကြောသောစနစ် ပြုလုပ်ပေးခဲ့သည်။ မြို့ပြင်ဖက်တွင် လူနေထူထပ်မှုကြောင့် အိမ်များ ပွတ်သိပ်ကြပ်ညှပ်မှု မဖြစ်စေရန် အထူးကြပ်မတ်ပြီး အကွက်ချပေးခဲ့သည်။ မြို့တွင်းမြို့ပြင် လမ်းများအားလုံးကို သန့်ရှင်းရေးပြုလုပ်ရာတွင် လွယ်ကူစေရန် စီစဉ်ခဲ့သည်။

မောင်ဂိုမာရီက မြို့ကွက်ဖော်ရာတွင် စစ်တုရင်ကွက်ပုံစံ (Chess board pattern) ပြုလုပ်ဖို့ အကြံပြုခဲ့သည်။ မောင်ဂိုမာရီ အကြံပြုစဉ်က မိလ္လာနှင့် အညစ်အကြေး ရေဆိုးရေညစ်များကို စွန့်ထုတ်ရာတွင် စက်ကိရိယာများ တပ်ဆင်အသုံးပြုရန် အကြံပြုခဲ့သော်လည်း စစ်ပွဲကုန်ကျစရိတ်လည်း မြင့်မားနေသည်။ နောက်တစ်ချက်က ရန်ကုန်မြို့ကြီးကို ထာဝရအပိုင်ရလိုက်ပြီဟု မဆိုနိုင်ပါ။ စက်ံသူကို မလေးအာဏာပိုင်များထံမှ ဈေးပေါပေါဖြင့် ဝယ်ထားပြီးဖြစ်သောကြောင့် ပိုင်ဆိုင်မှုရှိလေရာ တန်ဖိုးကြီးမြင့်သော မိလ္လာစနစ်စက်များ ရေဆိုးရေညစ်များ ဖယ်ရှားခြင်း သန့်စင်ခြင်းပြုလုပ်သော စက်များကို ငွေကုန်ခံပြီး တပ်ဆင်အသုံးပြုနိုင်သော်လည်း ရန်ကုန်မြို့အနေအထားသည် ရာနှုန်းပြည့် ပိုင်ဆိုင်ခွင့်ရသောအနေအထား မဟုတ်ပေ။ နောင်တစ်ချိန်တွင် ဗမာတို့ အင်အားတောင့်တင်းလာပါက ပြန်လည်သိမ်းပိုက်ယူနိုင်သော အနေအထားလည်းဖြစ်ရာ သိပ်ပြီး အကုန်အကျမခံလိုခြင်းလည်း ဖြစ်သည်။ မောင်ဂိုမာရီ၏ အကြံပြုချက်ကို လက်ဖတင်နင် ဖရေဇာ (Lieutenant A.Fraser) နှင့် ဘင်္ဂလားအင်ဂျင်နီယာအားလုံးက သဘောတူကြသည်။

ရန်ကုန်မြို့ပျက်ကြီးသည် သုညအနေအထားအထိ လုံးဝပျက်ဆီးခဲ့ပြီဖြစ်ရာ ပြန်လည်တည်ဆောက်ရန် လွန်စွာ လွယ်ကူလေသည်။ ထို့ကြောင့် အင်ဂျင်နီယာ ရှုထောင့်အရ ကြည့်ပါက သုညအနေအထားမှ တည်ဆောက်ရသောကြောင့် အကောင်းဆုံး အပြည့်စုံဆုံး တည်ဆောက်လိုသည်။ သို့သော် အာဏာပိုင်အဖွဲ့က နိုင်ငံရေးရှုထောင့်မှသုံးသပ်ပြီးနောက် ဘဏ္ဍာငွေကို ခွင့်မပြုခဲ့ခြင်းဖြစ်သည်။

လက်တွေ့တည်ဆောက်မှုကြီးကြပ်ရသော ဖရေဇာသည် အထ[illegible]ပေးသော ဘဏ္ဍာငွေကို မူတည်ပြီး အကောင်းဆုံးတည်ဆောက်နိုင်စေရန် အ[illegible]စိတ် ထပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ရေးဆွဲခဲ့လေသည်။ မြို့တွင်းသန့်ရှင်းရေးအတွက် မြစ်ရေသွင်းယူခြင်းကို အဓိကထားခဲ့ပါက မြို့၏ ကမ်းနားလမ်းနှင့် အနိမ့်ပိုင်းရပ်ကွက်များ ရေလွှမ်းမိုးခြင်းကို ရေတက်သည့်အချိန်တိုင်း၌ ခံစားနေရမည်။

မြို့တွင်းမိလ္လာစနစ်အတွက် မြစ်ရေးဖြင့် ဆေးကြောသည့်အစီအစဉ်ကိုလည်း မလုပ်လျှင် မဖြစ်သောကြောင့် မိလ္လာပိုက်လိုင်းများ၏ ထွက်ပေါက်နေရာ မြို့တွင်းရေဆိုးရေညစ်စွန့်သောပိုက်များ ထွက်သည့်နေရာမှအပ ကျန်နေရာအားလုံးကို ကွန်ကရစ်ဖြင့် အခိုင်အခန့် ပိတ်ဆို့တည်ဆောက်လိုက်သည်။ သို့မဟုတ်ပါက မြစ်ရေ တိုက်စားမှုကြောင့် အစဉ်အမြဲ ကမ်းပါးပြိုပြီး အကြီးအကျယ် ဒုက္ခရောက်နိုင်သော အနေအထားရှိလေသည်။ မြစ်ရေကြီးခြင်းကို ကာကွယ်ရန်အတွက် (God win's) ဆိပ်ကမ်းမှ အစိုးရသင်္ဘောကျင်းအထိ အကွာအဝေး ကိုက်ပေါင်း ၂၅၀၀ (နှစ်ထောင့်ငါးရာ)ကို သစ်သားချောင်း ပိုင်များ ရိုက်သွင်းထားပြီး အကာအကွယ်ပြုလုပ်ခဲ့သည်။ လိုအပ်သမျှ သစ်ချောင်းများကို သာယာဝတီမင်း တည်ဆောက်ခဲ့သော သစ်လုံးခံတပ်အားလုံးကို ဖြုတ်ထုတ်ပြီး အသုံးပြုခဲ့ရာ လုံလောက်ရုံမျှမက များစွာ ပိုလျှံလေသည်။ ပိုင်သစ်ချောင်းများသည် အမြင့်ဆုံးတက်နိုင်သော ရေမျက်နှာပြင်အထက်တွင် တစ်ပေခွဲထပ်ပြီး မြင့်သောကြောင့် မည်မျှအတိုင်းအတာအထိ ရေကြီးပါစေ မြို့တွင်းကို ရေမဝင်နိုင်တော့ပေ၊ သစ်ချောင်းများ ဆွေးသောအခါမှ ဖြုတ်ပြီး လဲလှယ်ပေးရမည်ဖြစ်သည်။

မြို့တွင်းမှ အညစ်အကြေး ရေပေါင်းများကို စထရင်းလမ်းနှင့် ဆူးလေဘုရားလမ်းတို့မှ ရန်ကုန်မြစ်အတွင်းသို့ စွန့်ထုတ်ရန် စီစဉ်ထားသည်။ ရေပေါင်းစွန့်ထုတ်ပိုက်များသည် ၈ ပေနက်၍ ၁၅ ပေ ကျယ်သည်။ မြို့၏အထက်ပိုင်းမှ စွန့်ထုတ်သော ရေပေါင်းများအားလုံးကို စုဆောင်းပြီး စွန့်ထုတ်ခြင်းဖြစ်သည်။

မြို့တွင်း၌ မီးဘေးအန္တရာယ်ကျရောက်ပါ မြေအောက်ရေကန်များမှ စုဆောင်းထားသောရေများကို အလွယ်တကူ စုပ်ယူနိုင်ရန် စီစဉ်ထားကြသည်။ ရေပေါင်းစွန့်ထုတ်သော ပိုက်များ တစ်ခုနှင့်တစ်ခု ကိုက်ပေါင်း ၂၅၀ ကိုက် ကွာခြားထားသည်။ လမ်းတစ်ခု၏အကျယ်သည် ပေပေါင်း ၄၀ (လေးဆယ်) ဖြစ်သည်။

မောင်ဂိုမာရီ အကြံပြုထားသည်မှာ မြောက်ဖက်မှ တောင်ဖက်သို့ သွယ်တန်းထားသော လမ်းများကို ပေ ၆၀ (ခြောက်ဆယ်) အကျယ်ထားပေးရမည်ဟု အကြံပြုခဲ့သော်လည်း လက်တွေ့တည်ဆောက်သောအခါ မြို့၏ အကျယ်အဝန်းသည် ပေ ၆၀ ကျယ်သောလမ်းများ ပြုလုပ်ပါက မဖြစ်နိုင်သောကြောင့်လမ်း၏ အကျယ်ကို ပေ ၄၀ (လေးဆယ်)မျှသာ ထားပေးရလေသည်။





လော့(ဒ်)ဒါလဟိုဇီက ယခု လက်ရှိ ဖရေဇာရေးဆွဲထားသော မြို့သစ်စီမံကိန်းတွင် မြို့၏ အလယ်ဗဟိုအဖြစ် ဆူးလေဘုရားကို ဗဟိုထားပြီး ရေးဆွဲသောကြောင့် အလောင်းမင်းတရားတည်ခဲ့သော ရန်ကုန်မြို့ဟောင်း၏ အကျယ်အဝန်းမျှသာ ရှိနိုင်သည်၊ ထို့ကြောင့် မြို့ကို ကျယ်နိုင်သမျှ ကျယ်အောင် တိုးချဲ့ရေးဆွဲပါဟု ဆိုသောကြောင့် (Godwin's Wharf) မှရွှေတိဂုံဘုရားကြီးအထိ လမ်းမကြီးကို ပေ ၁၀၀ ကျယ်သော လမ်းမကြီးအဖြစ် တည်ဆောက်လိုက်သည်။ ထိုလမ်းမကြီးသည် အလောင်းဘုရား၏ ရန်ကုန်မြို့တွင် မရှိခဲ့သလို သာယာဝတီမင်း၏ ရန်ကုန်မြို့တွင်လည်း ထိုလမ်းမကြီး မရှိပေ၊ ထိုလမ်းမကြီးကြောင့် မြို့ကို အရှေ့ဖက်၊ တောင်ဖက်နှင့် မြောက်ဖက်သို့ တပြေးပြေး တိုးချဲ့သွားနိုင်သော အနေအထားရှိလာသည်။

အဓိကလမ်းမကြီးများကို ပေ ၃၀ အကျယ်အဝန်းရှိသော ကန့်လန့်ဖြတ်လမ်းများဖြင့် ပိုင်းခြားထားသည်။ ဒီရေအတက်အကျ ဖြစ်ပေါ်လေတိုင်း ရန်ကုန်မြို့၏ အနိမ့်ပိုင်းရပ်ကွက်များတွင် ရေလွှမ်းမှုကို ထိန်းချုပ်ရန်အတွက် တူးမြောင်းတစ်ခု ဖောက်လုပ်ခဲ့သည်။ မြို့၏ မြောက်ဖက်အကျဆုံး မြို့စွန်ပိုင်းမှ မိလ္လာများကို တောင်ဖက်အစွန်ဆုံးမှ မြစ်ထဲ စွန့်ပစ်ရန် မြောက်မှ တောင်သို့ သွယ်တန်းထားသော မိလ္လာစွန့်ပိုက်ကြီးကို အကျယ် ၁၅ ပေထားရှိပြီး မြောက်မှ တောင်ဖက်သွားသော လမ်းမကြီးနှင့် အပြိုင်အနေအထား စီစဉ်ပေးထားသည်။

ရန်ကုန်မြို့၏ အရှေ့မှ အနောက်သို့ ဖောက်လုပ်ထားသော တူးမြောင်းကြီးသည် ၂၅ ပေ ကျယ်သည်။ Goodwin's Road မှ အရှေ့ဖက်သင်္ဘောကျင်းအထိ ရှည်လျားသည်၊ ၎င်းတွင် ဒီရေအတက်အကျကို အလိုအလျောက် ထိန်းချုပ်နိုင်သော ရေတံခါးများ ပါရှိလေသည်၊ တူးမြောင်းအတွင်း လှေများနှင့် သင်္ဘောငယ်လေးများ ဝင်ရောက်နိုင်သည်။

တူးမြောင်းတူးရာမှ ထွက်လာသော မြေသားများကို မြို့တွင်းရှိ မြေဖို့ရန်လိုအပ်သော နေရာများတွင် အသုံးပြုခဲ့သည်၊ စထရင်းလမ်းမှ တူးမြောင်းဖြတ်ကျော်ရန်အတွက် ယာယီအသုံးပြုနိုင်သော တံတားတစ်စင်း တည်ဆောက်ခဲ့သည်။ မောင်ဂိုမာရီ အကြံပြုခဲ့သော ပေ ၁၀၀ လမ်းများကို ဖရေဇာက လက်တွေ့တည်ဆောက်ရာတွင် မြေနေရာ အခက်အခဲကြောင့် ပေ ၄၀ လမ်းများနှင့် အစားထိုးခဲ့ရသည်။ လော့(ဒ်)ဒါလဟိုဇီ လာရောက်ကြည့်ရှုစစ်ဆေးချိန်တွင် ရန်ကုန်ဆိပ်ကမ်းကို နိုင်ငံတကာ ကုန်သွယ်ရေးဆိပ်ကမ်းအဖြစ် တည်ဆောက်ရန်အတွက် ကမ်းနားလမ်းတစ်လျှောက်တွင် မြင်သည့် လူနေအိမ်အဆောက်အဦးမျှ ဆောက်လုပ်ခွင့်မပြုဘဲ ကွက်လပ်ထားပေးရမည်ဟု ဆိုခဲ့



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ကုန်သေတ္တာများ ထားရန် ကုန်တင်ကုန်ချ ဝန်ချီစက်ကြီးများထားရှိရန် အတွက် နေရာများစွာ လိုအပ်သောကြောင့်ဖြစ်သည်။

လော့(ဒ်)ဒါလဟိုဇီက ဖရေဇာအား ယခုလောလောဆယ်တွင် အခြေခံ အဆောက်အဦးများ ရေးပေးဝေစနစ်၊ မီးသတ်စနစ်နှင့် မိလ္လာစနစ်ကို အဓိကထားပြီး ရူပီးငွေ ၅ ကုဋေမှ ၆ ကုဋေအတွင်း အကုန်အကျခံနိုင်သော ငွေဖြင့် ကြံကြံဖန်ဖန် ထားရန် ပြောခဲ့သည်။ နောင်တွင် ကုမ္ပဏီများ၊ သူဌေးများက သူတို့၏ အဆောက် အဦးများကို အကောင်းဆုံး တည်ဆောက်ကြမည်။ သူတို့ အဆောက်အဦး၏ အနီးပတ် ဝန်းကျင် ကောင်းမွန်စေရေးအတွက် သူတို့ဖာသာ ကြိုးစားပါက အားလုံးအဆင်ပြေသွား မည်ဟု ရှင်းပြခဲ့သည်။

မောင်ဂိုမာရီလမ်းနှင့် ကော်မရှင်နာလမ်းကို အခြေခံပြီး လူဦးရေ ၃၆၀၀၀ (သုံးသောင်း ခြောက်ထောင်)အတွက် မြို့ကို အစီအစဉ် ရေးဆွဲထားခြင်း ဖြစ်သည်။ မြို့၏အလယ်ဗဟို ဖြစ်သော ဆူးလေဘုရားအနီးတွင် လူနေအိမ်ခြေသိပ်မရှိပေ။ မြို့စီမံ ကိန်းတွင် ကန်တော်မင်ဧရိယာ (The Cantonment) ဧရိယာလည်း ပါဝင်သည်။

မူလက စစ်အာဏာပိုင်များနှင့် အရပ်ဖက်အာဏာပိုင်တို့ ပူးပေါင်းပြီး မြို့ကွက် ရေးဆွဲတည်ဆောက်ရာတွင် စစ်တပ်ကစားကွက်ပုံစံကို အဓိကထားခဲ့သော်လည်း လက်တွေ့တည်ဆောက်သောအခါ လိုအပ်သော နေရာများတွင် တိုးချဲ့ပေးခဲ့ရသည်။ အထူးသဖြင့် သာယာဝတီမင်း၏ မြို့သစ်အပိုင်းကို ထည့်သွင်းပေးရသောအခါ ပုံစံ အနေအထားပျက်ရလေသည်။ ထို့ကြောင့် မြို့ပုံစံအသစ် ထပ်ပြီး ရေးဆွဲရလေသည်။

မြို့ပုံစံသစ်အရ မြို့၏အနောက်ဖက် ၁၇ လမ်းမှ မြို့၏အရှေ့ဖက် ၄၄ လမ်း ဘေးဖက်သို့ မြေအနေအထားပေါ် မူတည်၍ တိုးချဲ့သွားရလေသည်။ လော့(ဒ်) ဒါလဟိုဇီက လမ်းများကို အောက်ပါအတိုင်း အမည်များပေးခဲ့သည်။

၁။ အရှေ့ဖက်လမ်း (East Street) ကို ဂျူဒါအီစကယ်လမ်းဟု အမည်ပေးလိုက်သည်။ ၁၈၇၇ ခုနှစ်တွင် မြို့သစ်တည် ဆောက်ရန်အတွက် သူပိုင်ဆိုင်သမျှ ငွေများကို လှူဒါန်းခဲ့သော ဂျူးသူဌေး ကြီး၏ အမည်ကို ဂုဏ်ပြုပြီး မှည့်ခေါ်ခဲ့ ခြင်းဖြစ်သည်။

၂။ ဘရွတ်ကင်းလမ်း (Brooking Street) ရန်ကုန်တိုက်ပွဲတွင် စစ်သင်္ဘော ပရိုဆာပိန်းကို ဦးစီးခဲ့သော ကပ္ပတိန်ဘရွတ်ကင်းကို ဂုဏ်ပြု၍ မှည့်ခေါ်သော အမည် ဖြစ်သည်။

၃။ စပတ်လမ်း (Sparks Street ) သည် ရန်ကုန်မြို့တွင် လက်ထောက်





ကော်မရှင်နာမင်းကြီးတာဝန်ထမ်းဆောင်ခဲ့သော ကပ္ပတိန်တီပီစပတ် (Captain T.P. Sparks) ကို ဂုဏ်ပြုပြီးခေါ်ဆိုခြင်း ဖြစ်သည်။

၄။ လူးဝစ်လမ်း (Lewis Street) သည် ကပ္ပတိန်ဟာရိုးလူးဝစ်ကို ဂုဏ်ပြုပြီး ခေါ်ဆိုခြင်းဖြစ်သည်။

၅။ ဖယ်ရာလမ်း (Phayre Street) ပဲခူးဒေသအတွက် ပထမဆုံး ကော်မရှင် နာမင်းကြီးတာဝန်ထမ်းဆောင်ခဲ့သော ဆာအာသာဖယ်ရာ (Sir Arthur Parvis Phayre) ကို ဂုဏ်ပြုပြီးခေါ်ဆိုခြင်းဖြစ်သည်။

၆။ ဘားလမ်း (Barr Street) မော်လမြိုင်တွင် ကော်မရှင်နာမင်းကြီးတာဝန် ထမ်းဆောင်ခဲ့ပြီးနောက် ရန်ကုန်မြို့တွင် လက်ထောက် ကော်မရှင်နာမင်းကြီး တာဝန်ထမ်းဆောင်ခဲ့သော ဂျီအီးဘား (G.E.Barr) ကို ဂုဏ်ပြုပြီး အမည် ပေးထားခြင်း ဖြစ်သည်။

၇။ ဆူလေဘုရားလမ်း

၈။ စစ်ကဲမောင်ထော်လေးလမ်း (Sitke Maung Tawlay Street) စစ်ကဲ ကြီးမောင်ထော်လေးကို ဂုဏ်ပြု ခေါ်ဝေါ်ခဲ့ခြင်း ဖြစ်သည်။

စစ်ကဲမောင်ထော်လေးကို ၁၇၇၆ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ဗမာဘုရင်များ လက်ထက်တွင် ဒလမြို့စားရာထူး ရခဲ့သည်။ ပထမအင်္ဂလိပ်-ဗမာစစ်ပွဲပြီး ကာစတွင် မွန်သူပုန်တို့ တော်လှန်ရေးပြုလုပ်ကြသောအခါ ဦးဆောင်ပါဝင် ခဲ့သည်။ ဗမာဘုရင့်တပ်မတော်မှ အောင်ပွဲရသောအခါ ဗြိတိသျှပိုင်နက်ဖြစ် သောမော်လမြိုင်မြို့သို့ ၁၈၂၇ ခုနှစ်တွင် ထွက်ပြေးခိုလှုံခဲ့သည်။ ၁၈၅၂ ခုနှစ် ဒုတိယ အင်္ဂလိပ်-ဗမာစစ်ပွဲတွင် စစ်ကဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့ သည်။ ၁၈၅၄ ခုနှစ်တွင် ရွှေတိဂုံဘုရားကို ရွှေသက်န်းကပ်ရာ၌ ဦးဆောင် ခဲ့သည်။ ၁၈၆၉ ခုနှစ်တွင် တွံတေး၌ ကွယ်လွန်ခဲ့သည်။ ဗြိတိသျှတို့ထံ အမှုတော်ထမ်းခဲ့သောကြောင့် ဂုဏ်ပြုပြီး လမ်းအမည်မှည့်ခေါ်ခဲ့ခြင်းဖြစ်သည်။

၉။ မဂိုလမ်း (Mogul Street) ဗြိတိသျှတို့ ပြန်လည်တည်ဆောက်သော ရန်ကုန်မြို့တွင် ယခင်ဗမာဘုရင်လက်အောက်တွင် နေထိုင်ခဲ့သော အိန္ဒိယ မူဆလင်ကုန်သည်များသည် အရေအတွက်များစွာ တိုးပွားလာပြီး ရန်ကုန် မြို့၏ လေးပုံတစ်ပုံအထိ အရေအတွက်ရှိသောကြောင့် ဗြိတိသျှတို့က မူဆလင်ကုန်သည်များကို ဂုဏ်ပြုပြီး မဂိုဘုရင်အမည်ကို ယူ၍ မဂိုလမ်းကို ဂုဏ်ပြုပြီး အမည်ပေးခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



၁၀။ အက်ဒဝပ်လမ်း (Edwards Street) ရှေ့ဘတ်ဆယ်မြူရယ်အက်ဒဝပ် (Robert Samuel Edwards) ကို ဂုဏ်ပြုပြီး ခေါ်ဆိုခဲ့ခြင်းဖြစ်သည်။ သူသည် နီဂရိုးကပြားဖြစ်သည်။ တစ်ချိန်က ကျွန်တစ်ဦးဖြစ်ခဲ့သည်။ မဒရပ်၊ ပီနန်နှင့် မော်လမြိုင်တို့တွင် စာရေးအဖြစ် အလုပ်လုပ်ခဲ့ဖူးသည်။ ၁၈၅၂ ခုနှစ်ပွဲတွင် စကားပြန်အဖြစ် သက်စွန့်ဆံဖျား အမှုတော်ထမ်းခဲ့သောကြောင့် စစ်ပြီးကာလတွင် အကောက်ခွန်အရာရှိကြီးအဖြစ် တာဝန်ပေးခဲ့သည်။

၁၁။ တရုတ်တန်း (China Street) တာရိုတန်ကွာတာ (The Taroktan quarter) တွင် နေထိုင်ကြသော တရုတ်ကုန်သည်များကို ဂုဏ်ပြုပြီး အမည်ပေးခဲ့ခြင်း ဖြစ်သည်။

၁၂။ စစ်ကဲမောင်ခိုင်လမ်း (Sitke Maung Khine Street) စစ်ကဲမောင်ခိုင်သည် ဦးထော်လေး၏ သမက်ဖြစ်သည်။ ၁၈၅၂ ခုနှစ် အင်္ဂလိပ်စစ်တပ်နှင့် လက်တွဲပြီး တိုက်ခိုက်ခဲ့သူဖြစ်သည်။ ၁၈၆၄ ခုနှစ်တွင်ကွယ်လွန်ခဲ့သည်။

၁၃။ လသာလမ်း (Latter Street) ၊ ကပ္ပတိတ်သောမတ်လတ်သာ (Captain Thomas Latter) မှာ အမှတ် ၆၇ ဘင်္ဂလားတပ်မှ ဖြစ်သည်။ ကပ္ပတိန်သည် ပြည်မြို့တွင် လက်ထောက်ကော်မရှင်နာမင်းကြီးတာဝန် ထမ်းဆောင်နေစဉ် ၁၈၅၃ ခုနှစ်တွင် လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည်။ ကပ္ပတိန်သောမတ်(စ်)လတ်သာကို ဂုဏ်ပြုပြီး ခေါ်ဆိုခြင်းဖြစ်သည်။

၁၄။ ခရစ်လမ်း (Crisp Street) စာတိုက်မှူးနှင့် အခွန်ကောက်ခံရေးဌာနမှူး အဖြစ် ဆောင်ရွက်ခဲ့သော ချား(လ်)မာ(လ်)ကွန်ခရစ် (Charles Malcom Crisp) ကို ဂုဏ်ပြုပြီးခေါ်ဆိုခြင်းဖြစ်သည်။

၁၅။ ဂေါ်ဒွင်လမ်း (Godwin Street) ၊ ဗိုလ်ချုပ်ဂေါ်ဒွင် (သို့မဟုတ်) ဗိုလ်ချုပ်ဆာဟင်နရီသောမတ်(စ်)ဂေါ်ဒွင် (General Sir Henry Thomas Godwin) ကို ဂုဏ်ပြုပြီး အမည်ပေးထားသည်။

၁၆။ စထရင်းလမ်းသည် မြို့၏ အရှေ့နှင့် အနောက် လန့်လန့်ဖြတ်လမ်းကို ခေါ်သည်။

၁၇။ ရှာဖရက်(ဇ်)လမ်း (Shafraz Road) သည် အမေရိကန်လူမျိုး ကန်ထရိုက်တာသူဌေးကြီး၏ အမည်ကို ဂုဏ်ပြုပြီး ခေါ်ဆိုခြင်းဖြစ်သည်။ ရန်ကုန်မြို့တွင် ပထမဆုံးဟိုတယ်ဖွင့်ခဲ့သော သူဌေးကြီးဖြစ်သည်။

၁၈။ ကုန်သည်လမ်း (Merchant Street) ကုန်သည်များ စုဝေးပြီး အရောင်းအဝယ်ပြုလုပ်ကြသောကြောင့် ကုန်သည်လမ်းဟု အမည်ပေးခဲ့ခြင်းဖြစ်သည်။





၁၉။ ဒါလဟိုဇီလမ်း (Dalhousie Street) အိန္ဒိယဘုရင်ခံ ဒါလဟိုဇီ၏ အမည်ကို ဂုဏ်ပြုပြီး ခေါ်ဆိုခြင်းဖြစ်သည်။

၂၀။ တူးမြောင်းလမ်း (Canal Road) တူးမြောင်းကို အစွဲပြုပြီး ခေါ်ဆိုခြင်းဖြစ်သည်။

၂၁။ ဖရေဇာလမ်း (Fraser Street) ရန်ကုန်မြို့အတွက် ဒီဇိုင်းရေးဆွဲခဲ့သော ပညာရှင် ဖရေဇာကို ဂုဏ်ပြုပြီးခေါ်ဆိုခြင်းဖြစ်သည်။

၂၂။ မောင်ဂိုမာရီလမ်း (Montgometrie Street) ရန်ကုန်မြို့တည်ဆောက်ရန်အတွက် ဒီဇိုင်းရေးဆွဲရာတွင် အကြံပေးသော ဒေါက်တာဝီလီယံ မောင်ဂိုမာရီကို ဂုဏ်ပြုပြီး ခေါ်ဆိုခဲ့ခြင်းဖြစ်သည်။

၂၃။ ကော်မရှင်နာလမ်း (Commissioner Road) ကော်မရှင်နာမင်းကြီး နေထိုင်သော လမ်းကို ခေါ်ဆိုခြင်းဖြစ်သည်။

ရန်ကုန်မြို့တွင် နာမည်များပေးသောအခါ ဂျူနီယာအဆင့်မှူးသာရှိသော အရာရှိအား (Barr) ကို ဂုဏ်ပြုသော အမည်မှည့်ပြီး ကွန်မင်ဒိုလင်းဘတ်၏ အမည်ကို ဘာကြောင့်မထားသလဲဟု အချို့က မေးကြသည်။ အဘယ်ကြောင့်ဆိုသော် ကွန်မင်ဒိုလင်းဘတ်က သူ့အမည်ကို မသုံးပါနဲ့ဟု တားမြစ်သောကြောင့် ဖြစ်သည်။ ကပ္ပတိန်တာရွတ်ကင်းကလည်း သူ၏အမည်ကို လမ်းနာမည် မှည့်ခွင့်မပြုပေ။

ကန်တုံမင်ဇရီယာသည် ကိုလိုနီခေတ်ကာလ၏ နောက်ဆုံးအချိန်များတွင် မထင်မရှားဖြစ်လာပြီး လမ်းမတော် (Lanmadaw) ဟု ထင်ရှားလာသည်။ ဖရေဇာသည် လမ်းများကို မောင်ဂိုမာရီအကြံပြုသကဲ့သို့ ပေတစ်ရာအကျယ်ထားလိုသည်။ လူနေရပ်ကွက်များကို တစ်ခုနှင့်တစ်ခု ဝေးကွာစွာ ထားပေးလိုသည်။ အပူပိုင်းဒေသဖြစ်သောကြောင့် အိမ်များပွတ်သိပ်နေပါက လေဝင်လေထွက် ညံ့ဖျင်းနိုင်သည်။ ထို့ကြောင့် အိမ်များကို တစ်လုံးနှင့်တစ်လုံး ခပ်ဝေးဝေးထားပြီး ဒီဇိုင်းရေးဆွဲ ပုံစံချပေးခဲ့ပါသည်။ သို့သော် နောက်ပိုင်းကာလများတွင် လူဦးရေ သုံးသောင်းခြောက်ထောင်မျှသာ နေထိုင်ကြရန် ဒီဇိုင်းရေးဆွဲထားသော မြို့သည် လူဦးရေအဆမတန် တိုးပွားထူထပ်လာသောအခါ ကြပ်ညပ်ပြီး မြို့အင်္ဂါပျက်ဆီးလေတော့သည်။ ထိုကဲ့သို့ ရန်ကုန်မြို့ကို ဒီဇိုင်းအကွက်ချပြီးချိန်အထိ ဗမာပြည်တွင် မီးရထားမရှိသေးပေ။

၁၈၇၄ ခုနှစ် ဖေဖော်ဝါရီလဆန်းတွင် ရန်ကုန်၊ ပဲခူးနှင့် ပြည်ကို ဆက်သွယ်မည့် ရထားလမ်းတည်ဆောက်ရန်အတွက် မြေပြင်အနေအထားကို အသေးစိတ်လေ့လာပြီး



www.burmeseclassic.com

www.burmeseclassic.com



လမ်းအသွယ်ကြောင်း ရှာဖွေမှုကို စတင်ခဲ့သည်။ ရန်ကုန်မြို့တွင်၌ ဘူတာကြီးတည်ဆောက်ပြီး မြို့တွင်းဆက်သွယ်ရေးလမ်းနှင့် အခြားမြို့ကြီးများသို့ ဆက်သွယ်သော လမ်းများ ထည့်သွင်းတည်ဆောက်သောအခါ ဖရေဇာ၏ မူလအစီအစဉ်ကို လိုအပ်သလို မြို့ပြ ရလေတော့သည်။

မြို့သစ်တည်သောအခါ ပြဿနာအများဆုံးဖြစ်ရသော အပိုင်းသည် မြေပိုင်ဆိုင်ခွင့်ဖြစ်သည်။ ဗမာများက သူတို့ပိုင်သော မြေများဖြစ်သည်ဟု ဆိုသည်။ ထို့ကြောင့် အာဏာပိုင်တို့က ပိုင်ဆိုင်မှုဂရမ်ကိုပြပါက မြို့သစ်ဥပဒေထွက်လာသောအခါ နစ်နာမှု မရှိစေရန် စီစဉ်ဆောင်ရွက်ပေးမည်ဟု ဂတိပေးသည်။ သို့သော် ပိုင်ဆိုင်သည်ဟု ဆိုသူများသည် မြေပိုင်ဆိုင်မှုဂရမ် လုံးဝမရှိကြပေ။ ဗမာဘုရင်များလက်ထက်တွင် ကိုယ်ကြိုက်တဲ့ နေရာမှာ လူမရှိသေးရင် ဝင်ပြီး ဆောက်လုပ်လိုက်ပါက ကိုယ်ဆောက်နိုင် သလောက် ကြီးကြီးဆောက်ပြီး ခြံကျယ်ကျယ်ခတ်လိုက်ပါက မြေအကျယ်ကြီး ပိုင်ဆိုင် သည့်ပုံစံမျိုးဖြစ်ခဲ့သည်။

၁၈၅၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် မြေပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ ဖယ်ရာကအောက်ပါအတိုင်းပြောဆိုခဲ့သည်။

(မူရင်းအတိုင်း ဖော်ပြလိုက်ပါသည်။)

"Notice is here by given that the whole of the land occupied by the town of Rangoon to gether with the adjoining suburbs and vacant lands, as also both banks of the River extending from the mouth of the Panlan Creek to the mouth of the Pegu River is Owned by the Government . No buildings now existing or which may here after be built without Sanction from the authorities will be cansidered to entitle the occupants to property in the soil they cover. Arrangements are now making for an immediate Survey of the town and adjoining Country with the view of aregular plan of the town being laid out . When this is completed the manner in which it is proposed to dispse of building lots will be publicly notified. In the meantime all persons are here by in formed that no buildings should be erected without permission from the Magistrate and that due public notice will be given before building lots are disposed of "





ဖရေယာ၏ပြောစကားအရ ဗြိတိသျှတို့သည် ဗမာဘုရင်အစိုးရထံမှ ရန်ကုန် မြို့ကို တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီးဖြစ်သောကြောင့် မိမိတို့သည် ဗမာဘုရင်ကဲ့သို့ မြေပိုင်ရှင်ဖြစ်လာပြီး မြို့သစ်ပြန်လည်တည်ဆောက်ခဲ့ပြီဖြစ်သည်။ မြို့ဟောင်း မရှိတော့ပါ။ ယခု မြို့သစ်ဖြစ်လာပြီး မြို့ဟောင်းမှ ပိုင်ဆိုင်မှုများ တရားမဝင်တော့ပါ။ ပြန်လည် အခြေစိုက်နေထိုင်သူများသည် သတ်မှတ်ထားသော မြေဈေးနှုန်းအတိုင်း ငွေပေးချေ၍ ဝယ်ယူကြရမည်သာဖြစ်သည်။ ငွေပေးချေ၍ ဝယ်ယူသူသည် ပိုင်ရှင်ဖြစ်သည်။

သို့ရာတွင် မြေဈေးနှုန်းသည် ဗမာဘုရင်ခေတ်တွင် အရပ်သားအချင်းချင်း သဘောတူညီမှုဖြင့် အရောင်းအဝယ်ပြုလုပ်ကြသော ဈေးနှုန်းမျှသာ ရှိသည်။ အစိုးရ သစ်ဖက်ကလည်း အကြောင်းပြစရာ များစွာရှိသည်။ လမ်းများ၊ တံတားများ၊ ရေတွင်း ရေကန်များ၊ မိလ္လာစနစ်၊ ရေဆိုးရေညစ် ထုတ်ပစ်ရမည့်စနစ်အားလုံး စံချိန်မီ ဖြစ်ဖို့ လိုသည်။ ထိုအရာတွေအားလုံး ဆောက်လုပ်ရန်အတွက် ငွေများစွာ လိုအပ်သောကြောင့် မြေတန်ဖိုးကို မြို့တွင်းဈေးနှင့် မြို့ပြင်ဈေး သတ်မှတ်ပြီး မြို့တွင်းမြေဈေးကို နိုင်ငံ တကာဈေးနှုန်းသတ်မှတ်ပြီး မြို့ပြင်ဈေးနှုန်းကို ဆင်းရဲသားဗမာလူမျိုးတိုင်း ဝယ်ယူနိုင်သော မြေဈေးအထိ အဆပေါင်းများစွာ လျှော့ချပေးခဲ့သည်။ မြေဝယ်ပါက ဂရမ်ထုတ် ပေးခဲ့သည်။

မြေကွက်ရောင်းချရာမှ ရရှိသော ငွေများသည် ရူပီးငါးကုဋေကျော်ကျော် ဖြစ်သည်။ ထိုငွေများကို ရန်ကုန်မြို့ ပြန်လည် တည်ဆောက်ရေးရံပုံငွေအဖြစ် အသုံးပြု သည်။ မြို့ပြတည်ဆောက်သောအခါ မီးဘေးကာကွယ်ရေး၊ ကူးစက်ရောဂါများ ပြန့်ပွားခြင်း မဖြစ်စေရန် ကာကွယ်ရေး အစရှိသည်ဖြင့် ဆောင်ရွက်ပေးရမည့်လုပ်ငန်း စသဖြင့် တာဝန်များစွာရှိသည်။

နှစ်စဉ်အခွန်ငွေများ ကောက်ရသည်။ ဗမာဘုရင်များလက်ထက်ကလည်း အခွန်များစွာ ကောက်ခံခဲ့ကြပေသည်။ ဗြိတိသျှတို့ ကောက်ခံသော အခွန်ငွေသည် နိုင်ငံတကာစံချိန်စံနှုန်းမျှသာ ဖြစ်သည်။ ဗမာဘုရင်များလက်ထက်တွင် ကောက်ခံသော အခွန်နှုန်းသည် အဆပေါင်းများစွာ ပိုလေသည်။

မြူနီစပယ်အခွန်ကိစ္စမှာလည်း ထိုနည်းတူဖြစ်သည်။ ပြည်သူလူထုအတွက် အသက်သာဆုံးဖြစ်စေရန် သင့်တင့်လျောက်ပတ်သော အခွန်ကိုသာ ကောက်ခံကြလေ သည်။ ပြည်သူလူထု၏ အသက်အန္တရာယ်၊ စည်းစိမ်ဥစ္စာအကာအကွယ်ပေးရာတွင် ရဲများကို တာဝန်ပေးထားရသည်။ မြို့ပြပြုပြင်ထိန်းသိမ်းရေး စရိတ်များလည်း ရှိသည်။ ထိုစရိတ်များကို ပြည်သူလူထုထံမှ နှစ်စဉ်ကောက်ခံရရှိသော အခွန်ငွေမှ အသုံးပြုသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖယ်ရာ ဖေါ်ပြခဲ့သည်မှာ နှစ်စဉ်ရရှိသော မြူနီစပယ်အခွန်သည် ရှပီး ၅၀၀၀၀ (ငါးသောင်း) ဖြစ်သည်။ မြေငှားခအတွက်ရသော မြေခွန်တန်ဖိုးသည် တစ်နှစ်လျှင် ရှပီး ၁၅၀၀၀ (တစ်သောင်းခွဲ) ဖြစ်သည်။

ဗမာဘုရင်ခေတ်က အခွန်နှုန်းသည် မိသားစုတစ်စုလျှင် ၄ (လေး)ရှပီးဖြစ်သည်။ ထို့ကြောင့် နှစ်စဉ်ရှပီး ၅၀၀၀၀ (ငါးသောင်း) အခွန်ငွေရရှိလေသည်။ မြစ်ကမ်းဖက်နှင့် မြို့တွင်း အချက်အချာကျသော နေရာများတွင် တည်ဆောက်ထားသော အုတ်တိုက်အဆောက်အဦးများအတွက် ၁၈၅၂ မှ ၁၈၅၅ အထိ အုပ်ကြွပ်များ ဝယ်ယူရန် မဖြစ်နိုင်သေးသောကြောင့် ကြီးကြီးကျယ်ကျယ် တည်ဆောက်ထားသော အဆောက်အဦးကြီးများကို ဝါးဖျာချပ်များပေါ်မှ ထုံးသုတ်ပြီး အသုံးပြုကြလေသည်။ ၁၈၅၂ မှ ၁၈၅၅ အထိ မြို့ပြင်တည်ဆောက်ရေးကို အားသွန်ခွန်စိုက် ပြုလုပ်ခဲ့ကြသောကြောင့် မြို့လူထု၏ အဆင်မပြေမှုပြဿနာများကို သေချာစွာ ဂရုစိုက်ပြီး ဖြေရှင်းခြင်း မပြုနိုင်ခဲ့ပေ။ ထိုအခါ ကမ်းနားဖက်တွင် ငါးလုပ်ငန်း လွန်စွာထွန်းကားလာသည်။ သို့သော် ကျွဲများ၊ နွားများနှင့် ခွေးများက များစွာ ဒုက္ခပေးကြသည်။ ခွေးများက ငါးများကို ဝင်ဆွဲကြသည်။ ထို့ကြောင့် မြို့တွင်းဧရိယာ၌ ကျွဲ၊ နွား၊ ဝက်နှင့် ခွေးများကို စည်းကမ်းမဲ့မွေးမြူခြင်း မပြုရ၊ မြို့ပြင်ဖက်၌သာ မွေးမြူခွင့်ရှိသည်ဟု သတ်မှတ်ပြီး ဥပဒေဖြင့် စနစ်တကျဆောင်ရွက်ခဲ့သည်။

နွားသတ်ရုံများ၊ ဝက်သတ်ရုံများကို စနစ်တကျ လုပ်ငန်းလိုင်စင် ရယူစေသည်။ မြို့၏ စည်ပင်သာယာနယ်နိမိတ်ပြင်ပတွင်သာ ခွင့်ပြုခဲ့သည်။ သတ်ဖြတ်ပြီးသော အသားများကို လုံခြုံစွာ သယ်ယူလာပြီးနောက် အဆင်ပြေသည့် ဈေးတွင် လွတ်လပ်စွာ ရောင်းချခွင့်ပြုခဲ့သည်။ ထိုခေတ်က ယမ်းမှုန့်များကို အသုံးများကြသည်။ နိုင်ငံခြားသင်္ဘောများမှ လာရောက်ရောင်းချရာတွင် သွင်းကုန်ပစ္စည်းတစ်မျိုးအနေဖြင့် တင်သွင်းရောင်းချကြရာ လုံးဝ အရောင်းအဝယ်မပြုရ၊ သွင်းကုန်အဖြစ် တင်သွင်းခြင်း မပြုရဟု ဟန့်တားရန် မဖြစ်နိုင်ပေ။ သို့သော် စည်းကမ်းသတ်မှတ်ချက်အရ ယမ်းမှုန့် ၁၂ ပေါင်ထက် ပို၍ တွေ့ပါက သိမ်းဆည်းအရေးယူမည်ဟု အမိန့်ထုတ်ခဲ့သည်။

၁၈၅၃ ခုနှစ်ကုန်ပိုင်းတွင် စထရင်းလမ်းနှင့် ကုန်သည်လမ်းတစ်လျှောက်မှ လူနေရန် သတ်မှတ်ပေးထားသော အကွက်များအားလုံးကို ရောင်းချပြီးခဲ့ပြီဖြစ်သည်။ ဆူးလေဘုရားလမ်းဖက်တွင် သက်ဆိုင်ရာဘာသာအသီးသီးအတွက် ဘုရားရှိခိုးကျောင်းများအတွက် နေရာများ အကွက်ချပေးလေသည်။ ထိုအခါ မြို့လူဦးရေ၏ လေးပုံတစ်ပုံကျော်ကျော်ရှိသော မူဆလင်များအတွက် မဂိုဗလီ (Mogul Mosque) နှင့် စူရတီဗလီ





(Soor tees Mosque) များကို နေရာပေးခဲ့ခြင်းဖြစ်သည်။

ဒါလဟိုဇီလမ်း၏ တောင်ဖက်ပိုင်း ၂၉ လမ်းနှင့် လမ်း ၃၀ တွင် ဗလီများကို နေရာပေးခဲ့ခြင်းသည် ထိုရပ်ကွက်များတွင် ထိုခေတ်က အစ္စလာမ်ဘာသာဝင်များသာ စုရုံးပြီး နေထိုင်ကြသောကြောင့်ဖြစ်သည်။ မြေကွက်များကို လုံလောက်စွာ ရောင်းချထားသောကြောင့် ဘာသာရေးအဆောက်အဦးအတွက် နေရာကို အခမဲ့ပေးပြီး ဂရမ်များ ထုတ်ပေးခဲ့ခြင်းဖြစ်သည်။

ကုန်သည်လမ်း၏အနောက်တောင်ဖက်တွင် အာမေးနီးယန်းဘုရားရှိခိုးကျောင်းအတွက် နေရာကို အခမဲ့ပေးပြီး ဂရမ်ထုတ်ပေးခဲ့သည်။ ဒါလဟိုဇီလမ်း၏ အနောက်မြောက်ဖက်ထောင့်နှင့် ဖယ်ရာလမ်းဆုံတွင် ဟိန္ဒူဘုရားကျောင်းအတွက် မြေကို အခမဲ့ပေးထားခဲ့ခြင်းဖြစ်သည်။

၂၅ လမ်းနှင့် ၂၆ လမ်း၊ ဒါလဟိုဇီလမ်းတောင်ဖက်ပိုင်းတွင် ဂျူးဘုရားကျောင်း (The Synagogue) တည်ဆောက်ရန် မြေနေရာပေးခဲ့သည်။ လသာလမ်းနှင့် လမ်း ၂၀ ကြားတွင် တရုတ်ဘုံကျောင်းအတွက် မြေနေရာပေးခဲ့သည်။ ၁၈ လမ်းနှင့် ခရစ်လမ်းကြား စထရင်းလမ်းပေါ်တွင် တရုတ်ဘုံကျောင်း (The Foken Chinese Temple) အတွက် နေရာပေးလိုက်သည်။

သို့သော် ၁၈၅၄ ခုနှစ်တွင် လော့(ဒ်)ဒါလဟိုဇီ ရောက်လာသောအခါ ရုံပုံငွေလိုအပ်ချက်ရှိသောကြောင့် အခမဲ့ပေးထားသော ဘာသာရေးမြေများကို ရောင်းချရာ သက်ဆိုင်ရာဘာသာဝင်များက စုပေါင်းပြီး ဝယ်ယူခဲ့ရသည်။ နောက်ပိုင်းတွင် မြေဈေးနှုန်းသည် တစတစ မြင့်တက်လာခဲ့သည်။ သို့သော် ကူးသန်းရောင်းဝယ်ရေး အချက်အချာကျသောကြောင့် နေထိုင်ကြခြင်းမျှသာဖြစ်သည်။ မည်မျှပင် မြေသားကို ပြုပြင်စေကာမူ မြေသားကျစ်လစ်သိပ်သည်းမှု မရှိသောကြောင့် လမ်းများပေါ်တွင် ဖုန်တထောင်းထောင်း ထနေသည်။

လုံခြုံရေးအရ မြို့၏ အနေအထားသည် စိတ်မချရသေးသောကြောင့် ခြေလျင်တပ်၊ မြင်းတပ်နှင့် အမြောက်တပ်ကို ကြီးမားသော အဆောက်အဦးကြီးထဲတွင် အသင့်အနေအထားဖြင့် ထားရှိသည်။ ဘုရားလမ်းတွင် လက်ထောက်ကော်မရှင်နာမင်းကြီးရုံး ရှိသည်။ နောင်တွင် အုပ်ချုပ်ရေးရုံးအချို့သည် စာသင်ကျောင်းများ ဖြစ်လာသည်။

ဘုရားလမ်းနှင့် ဖရေဇာလမ်းတို့ ဆုံသောထောင့်တွင် တရားရုံးရှိသည်။ ဗြိတိသျှစစ်သားများအတွက် စစ်တန်းလျားကို သစ်သားဖြင့် ဆောက်လုပ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က ဗမာများ နေထိုင်သော မြို့ပြင်ရပ်ကွက်တွင် ဝါးတဲအိမ်လေးများ အတော်များများ ရှိခဲ့သည်။ သစ်သားအိမ်ရှိသော်လည်း ရှားသည်။ ကုန်သည်များသာလျှင် သစ်သားအိမ်နှင့် နေနိုင်သည်။ စစ်ဘေး၊ စစ်ဒဏ်ကို နှစ်ကြိမ်တိုင်တိုင် ခံစားခြင်း မွန်သူပုန်ထစဉ်ကာလတွင် မီးရှို့ခံရခြင်း၊ သာယာဝတီမင်းလက်ထက်တွင် မြို့ကို မီးရှို့ခြင်း စသည်ဖြင့် မီးရှို့ဖျက်ဆီးခံရတိုင်း နေစရာအိမ်ကို အသစ်ပြန်ဆောက်ရသောကြောင့် စီးပွားပျက်ပြီး ဝါးအိမ်မျှသာ ဆောက်လုပ်နိုင်လေတော့သည်။

၁၈၅၄ ခုနှစ်၊ ဇန်နဝါရီလတွင် လော(ဒ်)ဒါလဟိုဇီက ရန်ကုန်မြို့ အာဏာပိုင်တို့အား ပြောပြခဲ့သည်။

*"နိုင်ငံခြားခရီးသွားတစ်ယောက်က တိုင်စာပေးသွားသည်။ ထိုတိုင်စာတွင် အင်္ဂလိပ်တို့သည် ဗမာပြည်ဆိပ်ကမ်းမြို့ဖြစ်သော ရန်ကုန်မြို့ကို သိမ်းယူပြီး ဇကာ်ပူကဲ့သို့ မြို့ကြီးတည်ဆောက်နေသည်ဟု သတင်းလွှင့်သောကြောင့် စိတ်ဝင်စားစွာဖြင့် ရန်ကုန်မြို့သို့ လာခဲ့သည်။ ပင်လယ်မှ ရန်ကုန်မြစ်ထဲဝင်လာတော့ များစွာ စိတ်လှုပ်ရှားမိသည်။ သို့သော် ကမ်းနားလမ်းကိုမြင်တော့ စိတ်ပျက်သွားသည်။ တိုက်တာ အဆောက်အဦးကြီးများ ရှိလိမ့်မည်ဟု ထင်မှတ်ခဲ့တာ မှားနေသည်။ တဲစုတ်လေးများသာ ဟိုနားတစ်ခု ဒီနားတစ်စု ရှိနေသည်။ နီးကပ်လာ၍ သေသေချာချာလေ့လာမှ အိမ်ကြီး အိမ်ကောင်း အချို့ကို တွေ့ရသည်။*

*မြို့ထဲ လှည့်ပတ်ကြည့်တော့ မှန်လုံမြင်းလှည်း ကောင်းကောင်း မရှိပေ။ ဘယ်သွားသွား လမ်းလျှောက်သွားရသည်။ ဟိုတယ်ကောင်းကောင်းတစ်ခုမျှ မရှိပေ။ မီးရထားဟိုတယ် (Rail Way Hotel) တစ်ခုတော့ ရှိသည်။ မီးရထားဟိုတယ်ဟု အမည်ပေးထားသော်လည်း မီးရထားက မရှိပေ။ တည်းခိုခ တစ်ရက်လျှင် ၅ ရူပီး ပေးရသည်။ သို့သော် အိပ်ဖို့ ခုတင်မရှိ၊ မွေ့ရာ၊ ခေါင်းအုံး၊ စောင်တွေ ဘာမျှ မရှိ၊ ကိုယ့်ဖာသာ စီစဉ်ရသည်။ အရက်ကို လိုင်စင်နှင့် ရောင်းသည်။ နိုင်ငံခြား အရက်မျိုးစုံ ရသည်။ ဘီလိယက်ထိုးသော အခန်းထဲတွင် အရက်မူးသမားများ စုဝေးနေကြသည်"* ဟု တိုင်စာတွင် ရေးထားသည်။

ဗမာဘုရင့်လက်ထက်တွင် မြို့ဝန်နေထိုင်ခဲ့သော နေရာတွင် မူလအဆောက်အဦးသည် ပျက်ဆီးသွားပြီး အသစ်ပြန်ဆောက်သောအခါ ကော်မရှင်နာမင်းကြီး၏ ညွှန်ရုံးသာ ဖြစ်လာသည်။ မြို့၏အရှေ့တောင်ဖက် ပိုလ်တထောင်တွင် သင်္ဘောကျင်းကို အကြီးအကျယ် တည်ဆောက်သောအခါ ဝန်ထမ်းများနေထိုင်ရန်အတွက် အိမ်များ မရှိသောကြောင့် အခက်အခဲကြုံတွေ့ရလေသည်။ ထို့ကြောင့် လူနေအိမ်တန်းလျားများစွာ ဆောက်လုပ်ခဲ့ရသည်။





ထိုအိမ်ခန်းများကို Godfree's Range ဟု ခေါ်သည်။ လူများစွာ စုဝေးလာသောအခါ စားသောက်ရေးပြဿနာ ပေါ်လာသောကြောင့် အာဏာပိုင်တို့က ရပ်ကွက်ဈေးကြီး တည်ဆောက်ပေးလိုက်သည်။ ဝါးထရံကာ သက်ကယ်မိုးနှင့် ဖြစ်သည်။ ထိုဈေးတွင် ရာသီအလိုက်ပေါ်သည့် ဟင်းသီးဟင်းရွက်များ၊ သစ်သီးဝလံများ စုံလင်စွာ တွေ့ရသည်။ အသားစိမ်း၊ ငါးစိမ်းများကို လတ်လတ်ဆတ်ဆတ် ရနိုင်သောကြောင့် အင်္ဂလိပ်များနှင့် ဥရောပသားများအတွက် အဆင်ပြေသည်။ သို့သော် ဝန်ထမ်းအများစုသည် ဗမာလူမျိုးများဖြစ်ကြသောကြောင့် ငါးပိတို့စရာမပါလျှင် မပြီးပါ။ ငါးပိအနံ့ကို ဥရောပသားတို့ မခံနိုင်သောကြောင့် ဝေးဝေးမှ ရောင်ကြသည်။

ရန်ကုန်မြို့ထဲတွင် အစိုးရဈေးကြီး ရှိသည်။ အစိုးရဈေးကြီးသည် လွန်စွာကျယ်သောကြောင့် အသီးအနှံများက သီးသန့်၊ ဟင်းသီးဟင်းရွက်များက သီးသန့်၊ အသားငါးများက သီးသန့်၊ ငါးပိငံပြာရည်၊ တို့စရာများက သီးသန့် ဖြစ်သောကြောင့် ဈေးဝယ်ရာတွင် အားလုံးအတွက် အဆင်ပြေလေသည်။ လူသုံးအိမ်သုံး ကုန်ပစ္စည်းမျိုးစုံကို Messrs Jordan & Co က ဖွင့်လှစ်လိုက်သော စတိုးဆိုင်ကြီးတွင် အလုံအလောက် ဝယ်ယူနိုင်သော အခြေအနေရှိလေသည်။

၁၈၅၅ ခုနှစ်တွင် လော့(ဒ်)ဒါလဟိုဇီ ရန်ကုန်မြို့သို့ အလည်လာသောအခါ ရန်ကုန်မြို့နေ ပြည်သူလူထု၏ အခြေအနေသည် စိတ်ကျေနပ်ဖွယ်ကောင်းသော အနေအထား၌ ရှိနေကြောင်းတွေ့ခဲ့ရသောကြောင့် ကျေနပ်မိလေသည်။ စထရင်းလမ်းသည် ကောင်းမွန်စွာ ပြီးဆုံးသောအနေအထား ရောက်နေပြီဖြစ်သည်။

မြို့တွင်း လှည့်ပတ်ကြည့်ရှုစစ်ဆေးသောအခါ မြို့တွင်းလမ်းများအားလုံး ကောင်းမွန်နေပြီကို တွေ့ခဲ့ရသည်။ မြို့တွင် ရေဆိုးရေညစ်များကို စွန့်ထုတ်သော စနစ် ရှိနေပြီဖြစ်သည်။ ကောင်းမွန်သော မိလ္လာစွန့်စနစ် ရှိနေပြီဖြစ်သည်။ လမ်းမီးတိုင်များမှ မီးများသည် ညဖက်တွင် ထိန်လင်းနေပြီဖြစ်သည်။

မြို့တွင်း လှည့်လည်ကြည့်ရှုလိုက်သောအခါ အုတ်တိုက်ကြီးများ အစီအရီ ပေါ်ပေါက်လာသည်ကို တွေ့လိုက်ရသောအခါ ဒါလဟိုဇီသည် သူတူထောင်လိုက်သော မြို့သစ်အတွက် ပီတိဝေဖြာနေတော့သည်။ မြေအများစုကို ရောင်းချထားပြီးဖြစ်သော်လည်း မြို့ပြင်ရပ်ကွက်များမှ ဆင်းရဲသားများသည် မြေကွက်များကို အပိုင်ဝယ်ရန် ငွေကြေးမတတ်နိုင်သောကြောင့် မြေအငှားချပေးထားခဲ့သည်။ ဆင်းရဲသားရပ်ကွက်များတွင် သစ်သားနှင့် ဆောက်လုပ်သော အိမ်များသည် အကောင်းဆုံးသော အိမ်များ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြသည်။ အများစုမှာ ဝါးလုံးတိုင်ထူ၍ ဝါးထရံကာပြီး ဓနိမိုး အိမ်စုတ်လေးများသာ ဖြစ်ကြသည်။ မြို့သစ်မှာ ကောင်းစွာအထိုင်ကျလာသောအခါ တဲစုတ်လေးများသည် ပျဉ်ထောင်အိမ်များဖြစ်လာပေမည်။

ထိုနှစ်က အသစ်ပြန်လည်တည်ထောင်ပြီးကာစ ရန်ကုန်မြို့တွင် မီးအကြီး အကျယ်လောင်ခဲ့ပြန်သည်။ ကော်မရှင်နာမင်းကြီး ဖယ်ရာက ၅ ကုဋေ (သို့မဟုတ်) ၆ ကုဋေဖိုးမျှ လောင်ကျွမ်းခဲ့သည်ဟု ဆိုသည်။ ဒေသခံတို့၏ ပြောစကားကို အခြေခံပြီး ထွက်ပေါ်လာသော သတင်းများအရ ၁၅ ကုဋေဖိုးမျှအထိ ပျက်ဆီးခဲ့သည်ဟု ဆိုသည်။ မီးလောင်မှုသည် အရှိန်အဟုန်ရနေသော မြို့သစ် တည်ထောင်မှုကို အရှိန်အဟုန်ပျက် စေသည်။ နောက်ကြောင်းပြန်လှည့်နေရတော့သည်။


" BIBL IOGRAPHY "


(1) Anon Golden Dagon
(2) D.G.E. Hall: Dalhousie- Phayre Correspondence.
(3) India and Bengal Despatches.
(4) India Secret Proceedings
(5) W.F.B. Laurie: Second Burmese War-Rangoon
(6) W.H. Marshall: Four Years in Burmah.
(7) Our Monthy (Hanthawaddy Press, 1880-85)
(8) B.R.Pearn: Memorial in 33rd Street
(9) Sir Arthur Phayro: Ms.Diary in the pssession of the University of Rangoon.
(10)Report of the Suburban Development Committee,Rangoon, 1917.
(11)Report of the Departmental Committee on Town planning, Burma, 1917.
(12)Selections from papers regarding the laying out of the town of Rangron,1861)


■ ■ ■




BURMESE CLASSIC .com



၁၈၆၉ ခုနှစ်က ကုန်သည်လမ်း မြင်ကွင်း

www.burmeseclassic.com

www.burmeseclassic.com





TRINITY CHURCH 1869



ရန်ကုန် ဖယ်ရာပြတိုက် ၁၈၇၂

BURMESE CLASSIC .com

www.burmeseclassic.com



၁၈၅၈ ခုနှစ်က ရန်ကုန်ဆင်ကပွဲ

www.burmeseclassic.com



အခန်း(၁၀)

## ခေတ်မီ ရန်ကုန်မြို့

(၁၈၅၅–၁၈၇၄)

ရန်ကုန်မြို့ကို လက်တွေ့ဒီဇိုင်းရေးဆွဲပြီး တည်ဆောက်ရာတွင် ဖရေဇာ (Lieutenant Fraser) သည် အခက်အခဲများစွာ ကြုံတွေ့ခဲ့ရသည်။ အဓိက အခက်အခဲ တစ်ခု သည် မိလ္လာစနစ်ဖြစ်သည်။ မြို့တွင် ရပ်ကွက်အသီးသီးမှ စွန့်ထုတ်လိုက်ကြသော မိလ္လာများကို စုပေါင်းပြီး စက်များဖြင့် ချေဖျက်ကာ ရန်ကုန်မြစ်အတွင်း စွန့်ပစ်လိုက်ပါက မြစ်ရေဖြင့် မျောပါသွားပေမည်။ မြို့ကို ပြန်ပြီး ဒုက္ခမပေးနိုင်ပါ။ မိလ္လာများကို ချေဖျက်သော စက်ကြီး ဝယ်ယူရန် ရန်ပုံငွေမရှိသေးသောကြောင့် သဘာဝနည်းဖြင့် ကြိုးပမ်း ခဲ့ရသည်။ ထိုအခါ မြို့တွင်းမှ စွန့်လိုက်သော မိလ္လာများသည် ရေကျချိန်တွင် ပင်လယ်သို့ စီးသွားမည်ဟု တွက်ထားသော်လည်း လက်တွေ့တွင် အကုန်အစင် ထွက်သွားကြ သည်မဟုတ်ဘဲ အတော်များများသည် ရေတက်ချိန်တွင် မြို့ထဲပြန်ပြီး ဝင်လာကြသည်။

နောက်တစ်ချက်က မြစ်ရေသည် အစဉ်အမြဲ ညစ်ညမ်းနေပါက မြို့တွင်းရှိ ရေတွင်းများထဲသို့ စိမ့်ဝင်ပြီး ဒုက္ခပေးမည့်အချက်ကို ထည့်သွင်းစဉ်းစားရလေသည်။

မြို့၏ အနောက်ဘက်တွင် မြစ်ရှိနေသောကြောင့် အရှေ့ဘက်၊ မြောက်ဘက် နှင့် တောင်ဘက် ပတ်၍ တူးမြောင်းကြီးတစ်ခု တူးလိုက်သည်။ တူးမြောင်းတူးရာမှ ထွက်လာသော မြေများကို မြေနိမ့်ရာအရပ်များကို ဖို့ရာ၌ အသုံးပြုလိုက်သည်။

တူးမြောင်းတူးခြင်း၊ မြေသားဖို့ခြင်းများသည် (၁၈၅၄–၅၅) အထိ ပြုလုပ်ခဲ့ ရသည်။ တူးမြောင်း တူးရာမှ ထွက်သော မြေဖြင့် မြို့၏ အမြင့်သည် နှစ်ပေကျော် ကျော် သုံးပေအထိ မြင့်တက်လာခဲ့သည်။

မြေသားသစ်ဖို့သော ပမာဏသည် တစ်နှစ်လျှင် ကုဗပေ ၄ သန်းကျော် ကျော် ဖြစ်သည်။ ထိုမြေသား တူးဖော်စရိတ်နှင့် မြေနိမ့်အရပ်သို့ သယ်ဆောင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပို့ချရသော စရိတ်ငွေကို ရှာဖို့အတွက် အိမ်ဆောက်ရန် အသင့်ဖြစ်သော မြေကွက်ရောင်းချရသော ငွေဖြင့် အသုံးပြုခဲ့လေသည်။ အစောပိုင်းတွင် ရန်ပုံငွေ လိုအပ်ချက်မြင့်မားနေသောကြောင့် မြေကွက်များ ဝယ်နိုင်သူများကိုသာ ရောင်းချခဲ့သည်။ ၁၈၆၀ ပြည့်လွန်နောက်ပိုင်းတွင် မြို့သစ် တည်ဆောက်မည့် ရန်ပုံငွေလုံလောက်မှု ရှိလာသောကြောင့် မြေကွက်ဝယ်ယူရန် ငွေကြေးမတတ်နိုင်သူများကို အစိုးရအာဏာပိုင်တို့က မြေအငှားပေးခဲ့သည်။ အကယ်၍ ငှားထားသော မြေကွက်ကို ဝယ်ယူမည့်သူရှိလာပါက သုံးလကြိုတင်အကြောင်းကြားမည်။ သုံးလအတွင်း တဲအိမ်ကို ဖျက်သိမ်းပြီး ဖယ်ပေးရမည်။ အခြားအသင့်တော်သည့် မြို့စွန်ပိုင်းတွင် နောက်ထပ်ငှားရမ်း၍ နေထိုင်ခြင်းပြုလုပ်နိုင်လေသည်။

နောက်ပိုင်းကာလများတွင် ရန်ကုန်မြို့ တည်ဆောက်ရန်အတွက် ရန်ပုံငွေများလုံလောက်စွာ ရှိနေပြီဖြစ်သောကြောင့် မြို့ပြစည်ကားရေးအတွက် မြေဝယ်ခြင်းကိုလက်ခံသကဲ့သို့ မြေငှားခြင်းကိုလည်း လက်ခံခဲ့သည်။ တာဝန်ယူဆောင်ရွက်ရန်အတွက် (Rangoon Land Sale and Rent Fund) ကို ဖွဲ့စည်းခဲ့သည်။ မြေရောင်းခြင်း၊ မြေငှားခြင်းကို ထိုအဖွဲ့က တာဝန်ယူခဲ့သည်။

၁၈၆၈ မှ ၁၈၆၉ အထိ ရန်ပုံငွေနည်းပါးသောကြောင့် မြေရောင်း၊ မြေငှားကိစ္စကို တင်းတင်းကျပ်ကျပ် ဆောင်ရွက်ခဲ့သော်လည်း ၁၈၇၀ နောက်ပိုင်းကာလများတွင် ဖြေလျှော့ပေးခဲ့သည်။

ဆူးလေဘုရားအနီး ယခုမဟာဗန္ဓုလပန်းခြံနေရာတွင် ရေလှောင်ကန် (Tank Square) တည်ဆောက်ရန်အတွက် ဖရေဇာက နေရာလပ်ထားခဲ့သောကြောင့် ထိုနေရာကို အဆောက်အအုံ ဆောက်လိုသူများ ဝယ်ယူခွင့်၊ ငှားရမ်းခွင့် မရှိပေ။

၁၈၆၇ မှ ၁၈၆၀ တွင် မြို့နေပြည်သူလူထု အပန်းဖြေစေရန်အတွက် ထိုမြေကွက်လပ်ကို ရှင်းလင်းပြီး ပန်းခြံတည်ဆောက်ကာ Fgtche Square ကို ဂုဏ်ပြုပြီး အမည်ပေးခဲ့သည်။ မြို့တွင်းလမ်းများ ဖောက်လုပ်မှု အခြေအနေမှာ ၁၈၅၈ ခုနှစ်တွင် ၃၆ မိုင်ဖောက်လုပ် ပြုပြင်ခဲ့ပြီးဖြစ်သည်။ ၁၈၇၄ ခုနှစ်တွင် မိုင်ပေါင်း ၅၀ အထိ ပြုပြင်နိုင်ခဲ့ပြီဖြစ်သည်။

ထိုအချိန်က လမ်းမြေသားကို၊ မာအောင်ပြုလုပ်ပြီးမှ ကောင်းစွာ မီးအပူပေးထားသော ဒဏ်ခံအုတ်အကောင်းစားများ အစီအရီ ခင်းရသောကြောင့် များစွာအချိန်ကြာလေသည်။ ရန်ကုန်မြို့ကို မြို့တည်ခဲ့သည်မှာ ကြာပြီဖြစ်သော်လည်း အောက်ခံမြေကို စနစ်တကျ ပြုပြင်ခဲ့ခြင်း မရှိသောကြောင့် မြေသား အလွန်ပွနေသည်။ မြေနီလမ်းကဲ့သို့





ဖုန်တထောင်းထောင်းဖြစ်နေသည်။ ထိုမြေသားပွပွကို အသားကျစေရန်အတွက် အချိန်များစွာ ယူပြီး မြေသားကို ပြုပြင်ခဲ့ကြသည်။ မြေသားပြုပြင်သော အင်ဂျင်နီယာများ၊ လွန်စွာ စိတ်ပျက်ခဲ့ကြသည်။ ရန်ကုန်မြို့ မြေသားသည် စိတ်ပျက်ဖွယ်ကောင်းလောက်အောင် ပွလွန်းသောကြောင့် လမ်းဖောက်ရာတွင် အချိန်များစွာ ယူပြီး ကြိုးပမ်းခဲ့ရသည်။

ထိုအချိန်က ရန်ကုန်မြို့တွင် အိမ်ဆောက်ပစ္စည်း အလွန်ရှားပါးသည်။ အုတ်ဖုတ်သူ အလွန်ရှားသောကြောင့် အလွယ်တကူ ပေါပေါများများရသော သစ်သားကို အိမ်ဆောက်ရာ၌ အသုံးပြုကြသည်။ သစ်သားအိမ်များသည် မီးလောင်ရန် အလွန်လွယ်သော အားနည်းချက်ရှိသည်။ ၁၈၅၅ ခုနှစ်၊ ဒီဇင်ဘာတွင် လောင်ခဲ့သော မီးသည် သစ်သားအိမ်တို့ မီးစွဲလောင်ရာမှ စတင်ခြင်းဖြစ်သည်။

၁၈၅၇ ခုနှစ်တွင် မီးလောင်ပြီး ဘလောက် (Block) နှစ်ခု မီးလောင်ခဲ့သည်။ စူရာတီဈေး (The Surqti Bqzaar) တစ်ခုလုံး မီးလောင်ရာတွင် ပါဝင်ခဲ့သည်။ စနစ်တကျ မီးသတ်ရန် ဖွဲ့စည်းထားသော မီးသတ်အဖွဲ့လည်း ဘာမျှမတတ်နိုင်ပေ။ ဓနိ သက်ကယ်မိုးများသည် ခြောက်သွေ့ရာသီတွင် မီးလောင်မှုအန္တရာယ် လွန်စွာကြီးမားသည်။

နောင်တွင် မီးသတ်အင်ဂျင်မှ ရောက်သည့်နေရာတိုင်းတွင် အနီးဆုံးရှိ ရေကန်မှ ရေကို အသုံးပြုပြီး မီးငြိမ်းသတ်ခြင်း ပြုလုပ်နိုင်စေရန်အတွက် အထူးပြုလုပ်ထားသော ရေပေးစနစ် အသုံးပြုခဲ့ကြသည်။ ဆန်စက်အင်ဂျင်များ၊ သစ်စက်အင်ဂျင်များနှင့် မီးသတ်အင်ဂျင်များကို ပုဂ္ဂလိက အင်တာပရိုက်(စ်)များအား အများအပြား တင်သွင်းခွင့်ပြုခဲ့သည်။

နောက်ပိုင်းတွင် မြို့တွင်း ဧရိယာ၌ သစ်သားအိမ်များနှင့် တဲအိမ်များကို တည်ဆောက်ခွင့် မပြုတော့ပေ။ နိုင်ငံခြားမှ အုတ်ကြွပ်များ တင်သွင်းပေးသည်။ ရန်ကုန်မြို့ပြ ဧရိယာများတွင် အုတ်ဖုတ်လုပ်ငန်းကို အကြီးအကျယ် တိုးချဲ့လုပ်ကိုင်ခဲ့သည်။ သို့နှင့် အုတ်ပတ်ကား အဆောက်အအုံများ တဖြည်းဖြည်း ပေါ်လာခဲ့သည်။ အဘယ်ကြောင့်ဆိုသော် မြို့သစ်တွင် စီးပွားရေးအခြေအနေသည် တိုးတက်မှုနှေးကွေးနေသောကြောင့် ဖြစ်သည်။

၁၈၇၆ ခုနှစ်အထိ အစိုးရရုံးများနှင့် တရားရုံးများသည်လည်း တဲအိမ်မျှသာဖြစ်သည်။ ပြည်သူလူထုအပန်းဖြေသည့် (Fgtche Square) သည်လည်း သာမန်ကွင်းပြင်တစ်ခုမျှသာ ဖြစ်သည်။

စထရင်းလမ်းပေါ်တွင် ဗြိတိသျှဘားမား စီကရီတာရီယက် (The British Burma Secre Tariat) ကို တည်ဆောက်ခဲ့ရာ ၁၈၆၇ ခုနှစ်တွင် ပြီးမြောက်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အဆောက်အအုံကြီးကို ကြေးနန်းရုံးအဖြစ် ၁၈၉၅ ခုနှစ်တွင် ပြောင်းခဲ့သည်။ (၁၉၇၁ ခုနှစ်တွင် ဗဟိုစာတိုက်ကြီးအဖြစ် ပြောင်းလဲခဲ့သည်။) ထို့နောက် ရန်ကုန်မော်တော်ကားရုံး (The Motor Vehicles Department) ကို တည်ဆောက်ခဲ့သည်။

ဆူးလေဘုရားလမ်းပေါ်တွင် ရီဆာ့တ်ဘဏ် (The Reserve Bank) ကို တည်ဆောက်ခဲ့ကြသည်။

ရန်ကုန်မြို့ ဒေသနယ်နိမိတ်အတွင်း ဖြစ်ပွားသော မှုခင်းမျိုးစုံကို တရားဥပဒေအတွင်းမှ ဖြေရှင်းပေးပြီး ထောင်ဒဏ်အပြစ်ပေးဖို့ လိုအပ်ပါက ထောင်ဒဏ်အပြစ်ပေးနိုင်စေရန်အတွက် အရပ်ဖက်တရားရုံးကို ၁၈၆၃ ခုနှစ်တွင် တည်ဆောက်ခဲ့သည်။ စထရင်းလမ်းရှိ အကောက်ခွန်ရုံးဘေးနားတွင် ရန်ကုန်တရားရုံးကို ခန့်ညားထယ်ဝါစွာ တည်ဆောက်ခဲ့သည်။

ကုန်သည်လမ်းမကြီးပေါ်တွင် (Fytche Square) အနီး၌ ရိုမန်ကက်သလစ်ဘုရားရှိခိုးကျောင်းကြီးကို တည်ဆောက်သွားခဲ့ရာ ၁၈၉၉ တွင် ပြီးစီးခဲ့သည်။ ဘေးနားတွင် ဟောင်ကောင်ရုံးနှင့် ရှန်ဟိုင်းဘဏ်ကော်ပိုရေးရှင်းတို့ ရှိကြလေသည်။

ဖယ်ရာလမ်းနှင့် ကုန်သည်လမ်းဆုံရာ လမ်းထောင့်တွင် အမေရိကန်သာသနာပြု ဘုရားရှိခိုးကျောင်း (The American Baptist Mission Church) တည်ရှိလေသည်။

ကုန်သည်လမ်းနှင့် စပတ်လမ်း (Sparks Street) ထောင့်တွင် အမေရိကန်ဘုရားရှိခိုးကျောင်းတစ်ခု ရှိသည်။ ရန်ကုန်မြို့ကို သိမ်းယူကာစတွင် ကော်မရှင်နာမင်းကြီးနေထိုင်ခဲ့သော အိမ်သည် သစ်သားအိမ်မျှသာဖြစ်သောကြောင့် ကော်မရှင်နာလမ်းတွင် အုတ်တိုက်အဆောက်အအုံကြီး တည်ဆောက်ပြီးစီးသောအခါ စတိုင်ကျကျနေနိုင်ဖို့အတွက် ကော်မရှင်နာမင်းကြီး ပြောင်းရွှေ့သွားသောကြောင့် ယခင် ကော်မရှင်နာမင်းကြီးနေသော အိမ်ကို အစိုးရကျောင်းမှ ကျောင်းအုပ်ကြီးနေသော အိမ်အဖြစ်သတ်မှတ်ပေးလိုက်သည်။

၁၈၉၅ ခုနှစ်တွင် ဘားလမ်းနှင့် လူထုအပန်းဖြေကွင်းအနီးတွင် ကလကတ္တားအခြေစိုက် စိန့်အင်ဒရူးဘုရားရှိခိုးကျောင်း (Church of St. Andrew) ကို စတင်တည်ဆောက်ခဲ့လေသည်။ ကျောက်တုံးမြင့်မြင့်ဖြင့် အခိုင်အမာတည်ဆောက်ခြင်းဖြစ်သည်။ သို့သော် ကျောက်တုံးများဖြင့် အခိုင်အမာ အုတ်မြစ်ချပြီးသည့်နောက်ပိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့် ဆက်၍ တည်ဆောက်ခြင်း မပြုနိုင်ခဲ့ပေ။ ဗြိတိသျှတို့သည် ဘုရားရှိခိုးကျောင်းကော်မတီ (Town Church Committee) ကို ဖွဲ့စည်းလိုက်ကြသည်။





ပါဝင်သူများမှာ ကပ္ပတိန်ဘရွတ်ကင်း၊ စီအမ် ခရစ်၊ လက်ဖတင်ဒင်ထရီဗာနှင့် ဂျီဘီဟိုဝပ်(ဒ်)တို့ ပါဝင်ကြလေသည်။

၁၈၆၅ ခုနှစ်တွင် (The Holy Trinity Church) ကို အင်ဂျင်နီယာကြီး၊ ကပ္ပတိန်ဂျေအမ်ဝီလီယမ်က ဦးဆောင်ပြီး ဆောက်လုပ်ခဲ့သည်။ စထရင်းလမ်းနှင့်မဂိုလမ်းထောင့်တွင် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

အစိုးရ ငါးဈေးကြီးကို ကုန်သည်လမ်းနှင့် ၂၇ လမ်းထောင့်တွင် ကြီးကျယ်ခိုင်ခံ့စွာ ပြုလုပ်ပေးခဲ့သည်။ ၁၈၅၇ ခုနှစ်တွင် ရန်ကုန်သို့ ဒါလဟိုဇီ အလည်အပတ်လာစဉ်ရွှေတိဂုံဘုရားကို ရွှေသက်န်းကပ်လှူရန်၊ အလှူငွေကောက်ခံချိန်နှင့် ကြုံကြိုက်သောကြောင့် လော့(ဒ်)ဒါလဟိုဇီက သူ၏ ကိုယ်ပိုင်ငွေ ရူပီး ၂၅၀ ပေးအပ်လှူဒါန်းခဲ့သည်။

လူဦးရေ တစ်စတစ်စများလာသော ရန်ကုန်မြို့တွင် ရေနှင့် မိလ္လာစနစ်ကိုအကောင်းဆုံးဖြစ်အောင် စီမံခဲ့သောကြောင့် ရေမသန့်ခြင်းကြောင့် ပေါ်ပေါက်သည့်ရောဂါများ၊ မိလ္လာမှ ကူးစက်သော ရောဂါများကို ထိရောက်စွာ ကာကွယ်တားဆီးနိုင်ခဲ့လေသည်။ သို့သော် အခြားသော အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ပေါ်သည့် ရောဂါဘယများစွာ ရှိလေရာ မြို့တစ်မြို့တွင် ဆေးရုံတစ်ခုတော့ ရှိဖို့ လိုအပ်သည် ဖြစ်၍ ရေတပ်အခြေစိုက် ဆေးရုံကို ရန်ကုန်မြို့ဆေးရုံအဖြစ် ပြောင်းလဲရန် ဒေါက်တာ ဒေါ်ဆွန် (Dr. Dawson) က အကြံပြုခဲ့သည်။ သူသည် လက်ရှိသင်္ဘောကုမ္ပဏီတွင် အမှုထမ်းနေသော သင်္ဘောဆရာဝန်ဖြစ်ရာ ကုမ္ပဏီပိုင်ရှင် သူဌေးက လိုအပ်သမျှ ကူညီမည်ဟု အာမခံကတိပေးပါသည်။ သို့သော် ထိုခေတ်ကာလကတည်းက တစ်ယောက်တစ်ပေါက်ပြဿနာရှာပြီး ဆရာလုပ်ကြသောကြောင့် ဆေးရုံ တည်ဆောက်မည့် အကြံအစည်သည် ဝေဖန်ရေးများကြောင့် အကောင်အထည်မပေါ်ခဲ့ပေ။

ဒေါက်တာကိုဝီ လက်ထက်တွင် ပြည်သူ့ဆေးရုံကို အကောင်အထည်ဖော်ရန် ဆက်လက်ကြိုးစားပေးခဲ့သော်လည်း ဆရာဝန်အလုပ်နှင့် မသက်ဆိုင်သော ရုံးလုပ်ငန်းအကုန်လုံး စီစဉ်နေရသောကြောင့် ဆေးရုံဖြစ်မလာခဲ့ပေ။ ၁၈၅၆ ခုနှစ်တွင် ရန်ကုန်ဆေးရုံ အကောင်အထည်ဖော်ရေးကော်မတီကို တည်ထောင်လိုက်ကြသည်။ ပါဝင်သူများမှာ

၁။ လက်ထောက်ကော်မရှင်နာမင်းကြီး ကပ္ပတိန်ဂရင်း၊

၂။ ခွဲစိတ်ကုဆရာဝန် ဒေါက်တာ ဂျေဒီးဒစ်ကင်ဆွန်နှင့်

၃။ ပဲခူးတိုင်း ဆရာဝန် Doctor J.Forsyth တို့ ဖြစ်ကြသည်။

ရှေးဦးစွာ ဆေးရုံအဆောက်အအုံကြီးကို ကော်မရှင်နာလမ်း၏ မြောက်ဘက်ရှိ



www.burmeseclassic.com

www.burmeseclassic.com

တရုတ်လမ်းနှင့် မဂိုလမ်းကြားတွင် တည်ဆောက်ရန် မြေနေရာရွေးချယ်ခဲ့ကြသည်။ သို့သော် အစီအစဉ်အောင်မြင်မှု မရှိခဲ့ပေ။

၁၈၆၀ တွင် ခွဲစိတ်ဆရာဝန်များ ဦးစီး၍ ဖြစ်သလို ဆေးရုံဆောက်ပြီး ဆေးဝါးကုသမှုကို စတင်လိုက်ကြသည်။ နောင်တွင် ကောင်းမွန်သော ဆေးရုံသစ်ကြီး ပေါ်ပေါက်လာဖို့ ရည်ရွယ်သည်။ ဆေးရုံဖွင့်ကာစတွင် လူနာ ၂၂၉ ဦးမျှသာ တက်ရောက်ကုသကြသော်လည်း ၁၈၆၀ တွင် လူနာ ၅၀၀ ကျော် ကုသရသည်။ ၁၈၆၅–၆၆ တွင် လူနာ ၅၃၁၅ ယောက်အထိ ကုသခဲ့ရသည်။ ပြည်သူလူထုသည် တိုင်းရင်းဆေးထက် အနောက်တိုင်းဆေးဝါးအပေါ် ယုံကြည်မှု မြင့်တက်လာသောကြောင့် ဆေးရုံကို ၁၈၇၃ ခုနှစ်တွင် ကော်မရှင်နာလမ်းပေါ်တွင် သစ်သားဖြင့် သပ်ရပ်နိုင်ခန့်စွာ တည်ဆောက်ပေးခဲ့သည်။ နောင်တွင် ထိုအဆောက်အအုံသည် ဗမာအစိုးရဆေးကျောင်း (The Burma Government Medical School) ဖြစ်လာသည်။

စိန့်ဂျွန်းလမ်း၏ ဆန့်ကျင်ဘက်တွင် ဆေးရုံ ဆောက်လုပ်ခဲ့သည်။ နောင်တွင် ပြည်သူ့ဆေးရုံကြီးအဖြစ် ဖွင့်လှစ်တည်ဆောက်မည့် အဆောက်အအုံသည် ၁၈၆၀ တွင် စိုက်ပျိုးရေးဥယျာဉ်အဖြစ်သာ ရှိသေးသည်။ ထိုဥယျာဉ်အတွင်း ဖယ်ရာပြတိုက်ရှိသည်။ ပြတိုက်ကို ၁၈၇၁ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ဖယ်ရာပြတိုက်အတွက် မတည်ငွေကို စိန့်အာသာဖယ်ရာက ပေါင်စတာလင် ၅၀၀ မတည်ပေးခဲ့သည်။

အဆောက်အအုံကို ဒီဖိုင်းရေး ရေးဆွဲသူသည် မစ္စတာအိတ်(ချ်)အမ်သူး ဖြစ်သည်။ ပြတိုက်တွင် လိုအပ်သမျှ သုံးစွဲရန် စရိတ်အဖြစ် နှစ်စဉ်စတာလင် ၁၀ ပေါင် နှုန်း၊ အစိုးရမှ ထောက်ပံ့သည်။ ဂျူဗလီဟောကြီးကိုလည်း ကနဦးတွင် သစ်သားဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

၁၈၅၇ ခုနှစ်တွင် လူငယ်စာပေအစည်းအရုံး (The Yang Men's Literary Society) ဖွဲ့စည်းပြီး စာကြည့်တိုက်များ ထူထောင်ခဲ့သည်။ လူငယ်များအတွင်း စာဖတ်သော အလေ့အထကို ပျိုးထောင်ပေးခဲ့သည်။ ၁၈၇၃ ခုနှစ်တွင် အဆောက်အအုံ တည်ဆောက်ရန်အတွက် အစိုးရမှ ရူပီးငွေ ၂၅၀၀ မတည်ပေးခဲ့သည်။ ၁၈၇၀ တွင် ရန်ကုန်စာပေအစည်းအရုံး (Rangoon Literary Society) ဟု အမည်ပြောင်းခဲ့သည်။ အင်ယားလိတ်(အင်းယားကန်)အနီးတွင် ဒါလဟိုဇီပန်းခြံ တည်ဆောက်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် လော့(ဒ်)ဒါလဟိုဇီသည် ဗမာပြည်သို့ အလည်အပတ်လာရောက်သည့်အခါတိုင်းတွင် အင်းယားကန်၏ ရှုခင်းအလှအပကို မက်မောတွယ်တာစွာဖြင့် အရသာခံပြီး ကြည့်ရှုတတ်သောကြောင့် ရန်ကုန်အာဏာပိုင်တို့က လော့(ဒ်)ဒါလ





ဟိုဇီကို ဂုဏ်ပြုပြီး အင်ယားကန်ဘေးတွင် ဒါလာဟိုဇီပန်းခြံကို တည်ဆောက်ပေးခဲ့ကြခြင်းဖြစ်သည်။ ပန်းခြံအတွင်းသာမက၊ ပန်းခြံ၏ အနီးပတ်ဝန်းကျင်၌လည်း သာယာလှပသော ပန်းပင်များအစီအရီ စိုက်ပျိုးထားခဲ့သည်။

သို့သော် အင်းယားကန်ပတ်လည်ကို တရုတ်များက ဈေးပေါပေါနှင့် ဝယ်ထားပြီး ဖြစ်သောကြောင့် ကုန်းမြေများတွင် ပန်းခြံကို အနိုင်အမာ တည်ဆောက်လိုက်ကြသည်။ တောများ ထူထပ်စွာရှိသောကြောင့် တောရှင်းရာတွင် မြွေမြောက်များစွာကိုပါ ရှင်းပစ်ခဲ့ရသည်။

ထိုခေတ်က ရန်ကုန်တွင် ရှမ်းမြင်းပုလေးများ အလွန်ဈေးကောင်းသည်။ ကြည့်မြင်တိုင် ရှမ်းရွာတွင် ရှမ်းမြင်းပုများကို အလိုရှိသမျှ ဝယ်ယူနိုင်သည်။ နောင်တွင် ကြည့်မြင်တိုင် ရှမ်းများနေထိုင်ရာကို ရှမ်းလမ်းဟု ခေါ်သည်။

ဗမာဘုရင်လက်ထက်တွင် စနစ်မကျသော ဘုန်းတော်ကြီးကျောင်းပညာရေးမျှသာရှိခဲ့သည်။ ဗမာဘုရင်များ၏ အစီအစဉ်ဖြင့် ဘုန်းတော်ကြီး စာသင်ကျောင်းများ ပေါ်ပေါက်လာခဲ့ခြင်းတော့ မဟုတ်ပေ။ ယခုအခါ ရန်ကုန်မြို့သည် ဗြိတိသျှကိုလိုနီဖြစ်လာသောကြောင့် ကိုလိုနီပညာရေးကို စတင်ထူထောင်ခဲ့သည်။

၁၈၅၆ ခုနှစ်တွင် အစိုးရစာသင်ကျောင်းကြီးကို စတင်ဖွင့်လှစ်ပေးသည်။ အဆင့်မြင့် အင်္ဂလိပ်ပညာရေးစနစ်ကို စတင်အသက်သွင်းသောကြောင့် ကျောင်းသားဦးရေ ၃၅ ယောက်မျှသာ ကန့်သတ်ပြီး လက်ခံခဲ့သည်။ ထိုအခါ ခေတ်အတွေးအမြင်ရှိကြသော ရန်ကုန်မြို့သူ၊ မြို့သားများသည် မိမိတို့ ရင်သွေးများ၏ ဘဝရေးရေးအတွက် ပုဂ္ဂလိက ကျောင်းများတွင် အင်္ဂလိပ်စာနှင့် ခေတ်မီသိပ္ပံ၊ ဝိဇ္ဇာပညာများ သင်ယူစေသည်။ ထို့ကြောင့် ပုဂ္ဂလိက စာသင်ကျောင်း တည်ထောင်သော လုပ်ငန်းသည် လုပ်ငန်းကြီးတစ်ခု ဖြစ်လာခဲ့လေသည်။

စိန့်ပေါကျောင်း (St. Pauls School) ကို တည်ထောင်ခဲ့သော ဘုန်းတော်ကြီး Bishop Bigandet သည် ၁၈၅၆ ခုနှစ်မှစပြီး စာသင်ကျောင်းကို အောင်မြင်စွာ ရပ်တည်နိုင်ရေးအတွက် ကြိုးပမ်းခဲ့ရာ ၁၈၉၄ ခုနှစ် ကွယ်လွန်ချိန်အထိ ကြိုးပမ်းခဲ့သည်။ ထိုခေတ်က ရန်ကုန်မြို့ရှိ ကျောင်းများတွင် စိန့်ပေါသည် အကောင်းဆုံးကျောင်းဖြစ်သည်။ စိန့်ပေါကျောင်းထွက်များသည် အင်္ဂလိပ်စာနှင့် အင်္ဂလိပ်စကားကို နိုင်ငံတကာအဆင့် တတ်မြောက်ကြသည်။ (၁၉၆၄ ခုနှစ်တွင် ဗိုလ်ချုပ်ကြီးနေဝင်း အာဏာသိမ်းသည့်အခါ စနစ်သစ်ပညာရေးကို ထူထောင်သည်။ ထိုအခါ အင်္ဂလိပ်စာ တတ်ဖို့ မလိုအပ်သောကြောင့် စိန့်ပေါကျောင်းကို နိုင်ငံပိုင်သိမ်းပြီး အထက (၆)၊ ဗိုလ်တထောင်အဖြစ်


www.burmeseclassic.com

www.burmeseclassic.com



*ပြောင်းလဲချိန်မှစပြီး စိန့်ပေါကျောင်း၏ အစဉ်အလာကောင်းများ နိဂုံးချုပ်ခဲ့သည်။)*

၁၈၆၁ ခုနှစ်၊ မေလတွင် ဘားလမ်းနှင့် ၃၅ လမ်းထောင့်တွင် သာသနာပြုစာသင်ကျောင်းတစ်ခု ဖွင့်လှစ်ခဲ့သည်။ ၁၈၆၂ တွင် ဘုရားလမ်းပေါ်၌ အင်ဂလီကန်ဒိုင်အာစီစန်ကျောင်းများ (The Anglican Diacesan Schools) ဖွင့်လှစ်ခဲ့သည်။ အမေရိကန်သာသနာပြုအသင်းမှ မစ္စတာဗင်တွန်သည် ကြည့်မြင်တိုင်တွင် အမေရိကန်သာသနာပြုကျောင်း ဖွင့်လှစ်ခဲ့သည်။

စတင်ဖွင့်လှစ်သော ကျောင်းများသည် ကျား/မသီးသန့်ခွဲထားသော ကျောင်းများ မဟုတ်ပေ၊ သို့သော် အလယ်မှ သစ်သားကွက် ကာရံထားပြီး ယောက်ျားလေးနှင့် မိန်းကလေးများကို သီးခြားစီ ခွဲခြားထားသည်။

၁၈၆၄ ခုနှစ်တွင် စိန့်ဂျွန်းကောလိပ် (St. Johns Collge) ကို ထူထောင်ခဲ့ကြသည်။ ၁၈၆၉ ခုနှစ်တွင် စိန့်ဂျွန်းအထက်တန်းကျောင်းကို တည်ထောင်ခဲ့သည်။ သို့သော် ထိုခေတ်က ဗမာပြည်တွင် ကောလိပ်ကျောင်းတက်ရန် အရည်အချင်းမီသူ မရှိသေးပေ၊ ဗမာဘုရင်များ လက်ထက်တွင် စနစ်တကျ စာပေသင်ကြားမှု မထွန်းကားခဲ့သောကြောင့် ဖြစ်သည်။

၁၈၆၉ ခုနှစ်တွင် စိန့်မိုက်ကယ်ကျောင်း (St. Michael's School) ကို တည်ထောင်ဖွင့်လှစ်ခဲ့သည်။

၁၈၆၆ ခုနှစ်တွင် မစ္စကွတ် (Miss Cook) သည် စိန့်မေရီ (St, Mary's) အမျိုးသမီးကျောင်းကို တည်ထောင်ခဲ့သည်။

၁၈၇၂ ခုနှစ်တွင် အမေရိကန်သာသနာပြုကျောင်းကို ဖွင့်လှစ်ခဲ့သည်။ ကျောင်းအုပ်ကြီး မစ္စတာ ဂျေအင်ကူရှင်း (Mr. J.N. Cushing) ကို အစွဲပြုပြီး ကူရှင်ကျောင်းဟု လူသိများခဲ့သည်။ မစ္စတာကူရှင်သည် ကျောင်းအုပ်ကြီးအဖြစ် ၁၈၉၄ ခုနှစ်မှ ၁၉၀၆ အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ပညာရေးဆိုင်ရာများ ဆောင်ရွက်ရန်အတွက် (Pulolic Instruction) ကို ဖွဲ့စည်းခဲ့သည်။ ကျောင်းများ ခိုင်ခံ့စေရန်အတွက် ယာယီဆောက်လုပ်ခဲ့သော သစ်သားအဆောက်အအုံများ နေရာတွင် ခိုင်ခံ့သော ဗြိတိသျှပုံစံ မိသုကာဖြင့် ဆောက်လုပ်ကြသော အုတ်တိုက်အဆောက်အအုံကြီးများ ဖြစ်လာစေရန် ကြိုးပမ်းခဲ့ကြသည်။

စိန့်ပေါကျောင်းကို ပြန်လည်တည်ဆောက်ရန်အတွက် ရန်ပုံငွေစုဆောင်းခဲ့ရာ ရူပီး ၂၀၀၀၀ (နှစ်သောင်း)ရလေသည်။ ထို့ကြောင့် အချိန်တိုတိုအတွင်း ထိထိရောက်ရောက် တည်ဆောက်နိုင်ခဲ့သောကြောင့် ၁၈၆၈ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင်





ဖွင့်လှစ်နိုင်ခဲ့သည်။ နောင်တွင် စိန့်ပေါကျောင်းအနီး၌ မြို့တော်ခန်းမ (City Hall) ကို တည်ဆောက်ခဲ့လေသည်။ စိန့်ပေါကျောင်းမှာ ဗမာပြည်တွင် ပထမဆုံးသော ကျောင်းကြီးဖြစ်သည်။ ကျောင်းတည်ဆောက်ပုံ လွန်စွာခံ့ညားသည်။ ယနေ့ခေတ်ကာလအထိ တည်ဆောက်ခဲ့ကြသော ကျောင်းများ သည် စိန့်ပေါကျောင်းကို မမီကြပေ။ ထိုခေတ်က ကျောင်းသားအများဆုံးကျောင်းလည်း ဖြစ်သည်။

၁၈၇၂ မှတ်တမ်းအရ နေ့စဉ်ကျောင်းတက်သော ၂၄၅ ယောက်ရှိလေရာ ကျောင်းသားအရေအတွက် သုညများသာရှိခဲ့သော ယခင်ရန်ကုန်မြို့၏ ကျောင်းသားအရေအတွက်နှင့် နှိုင်းယှဉ်ပါက အဆပေါင်းနှစ်ရာငါးဆယ်မြင့်တက်လာသည်ဟု ဆိုရပေမည်။ ရှေးဟောင်းသမိုင်း၊ ပထဝီ၊ ဂဏန်းသင်္ချာနှင့် လိုအပ်သော ဘာသာရပ်မျိုးစုံ ထည့်သွင်းသင်ကြားပေးခဲ့သည်။

၁၈၆၇ ခုနှစ်တွင် အစိုးရအထက်တန်းကျောင်း ဖွင့်လှစ်ခဲ့သည်။ ၁၈၇၄ တွင် ပို၍ကောင်းမွန်သော အစိုးရအထက်တန်းကျောင်းတစ်ခု ထပ်ဖွင့်လှစ်ခဲ့သည်။

မော်လမြိုင်မြို့အတွက် The Town School ကို ကျောင်းအုပ်ကြီး မစ္စတာ ဂျေအိတ်(ဇ်)ဂေး(လ်)ဘတ် (Mr. J.H Gitbert) ၏ အုပ်ချုပ်မှုဖြင့် ဖွင့်လှစ်ခဲ့လေသည်။ ၁၈၇၃ ခုနှစ်တွင် ဗမာအမျိုးသမီးများအတွက် အစိုးရကျောင်း ဖွင့်လှစ်ခဲ့သည်။

၁၈၅၃ ခုနှစ်တွင် မော်လမြိုင်မြို့မှ ရှေ့နေ မစ္စတာ အိတ်(ချ်)ဒဗလျူလူးဝစ်သည် မော်လမြိုင်ခရိုနီကယ် (The Maulmain Chromcle) သတင်းစာ ဖွင့်လှစ်ခဲ့သည်။ အပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့် စနေနေ့များတွင် ထုတ်ဝေသည်။ လွန်စွာအောင်မြင်သောကြောင့် ရန်ကုန်မြို့တွင် ရန်ကုန်ခရိုနီကယ် (The Rangoon Chronicle) ကို ဗုဒ္ဓဟူးနှင့် စနေနေ့တိုင်း ထုတ်ဝေခဲ့လေသည်။ တစ်လအတွက် ကျသင့်ငွေ ၃ ရူပီ ဖြစ်သည်။ အမှန်စင်စစ် လူးဝစ်သည် ဂျာနယ်သမား မဟုတ်ပေ။ အတွေ့အကြုံနှင့် အတတ်ပညာလည်း မရှိပေ၊ သို့သော် ရန်ကုန်တွင် မည်သည့်ခေတ်ကာလတွင်မှ သတင်းစာ မရှိသောကြောင့် သတင်းစာတစ်စောင် ကြိုးစားပြီး ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ အရေးအသားနှင့် တင်ပြပုံများ ညံ့ဖျင်းသော်လည်း လွန်စွာအောင်မြင်ခဲ့သည်၊ သို့သော် စာပေသမားစစ်စစ်မဟုတ်သောကြောင့် ရေရှည်မလုပ်နိုင်။ ထို့ကြောင့် လုပ်နိုင်သူထံ ရောင်းချခဲ့သည်။ ပိုင်ရှင်ဂေါ့(ဒ်)ဖရီး (Gad Free) လက်ထက်တွင် နာမည်ပျက် ထွက်လာသောကြောင့် ပြည်သူလူထုကို လှည့်စားရန် ပဲခူးဂေဇက် (The Pegu Gazette) ဟု အမည်ပြောင်းပြီး ဆက်လက်ထုတ်ဝေခဲ့သည်။ သို့သော် ၁၈၅၈ ခုနှစ်တွင် လုံးဝ ပျက်စီးသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ ရန်ကုန်တိုင်းသတင်းစာ (The Rangoon Times) ပေါ်ပေါက်လာခဲ့သည်။ စာပေသမားများ စုပေါင်းတည်ထောင်ခဲ့ခြင်းကြောင့် လောကဓံတရားကို ကြံ့ကြံ့ခံနိုင်ခဲ့သည်။ ယခုစာအုပ်ရေးသားပြုစုချိန် ၁၉၃၉ ခုနှစ်အထိ အောင်မြင်စွာ ရပ်တည်နေဆဲဖြစ်သည်။

ရန်ကုန်မြို့တွင် နေထိုင်ရန် ဖရေဇာပြုလုပ်ခဲ့သော စီမံချက်သည် လူဦးရေ ၃၆၀၀၀ (သုံးသောင်းခြောက်ထောင်)အတွက် စနစ်တကျ အကွက်ချခဲ့သော်လည်း ၁၈၅၆ ခုနှစ် တွင် လူဦးရေ (၄,၆၀၀၀) လေးသောင်းခြောက်ထောင် ကျော်လာခဲ့ပြီဖြစ်သည်။ ၁၈၆၀ တွင် ရန်ကုန်မြို့ လူဦးရေသည် ၆၀၀၀၀ (ခြောက်သောင်း) ကျော်ခဲ့ပြီဖြစ်သည်။

ကနဦးတွင် မြို့ကို အနောက်ဘက်သို့ တိုးချဲ့ခဲ့ကြသည်။ သို့သော် အနောက်ဘက်တွင် မြေနေရာ နည်းပါးသောကြောင့် အခက်အခဲရှိနေသည်။

ဂေါ်ဒွင်လမ်းဘေးဖက်မှ လမ်းမတော်ကွာတာကို အခြေပြုပြီး လမ်းများ ထပ်၍ ဖောက်လုပ်ခဲ့ရသည်။ အသစ်ဖောက်လုပ်ခဲ့သော လမ်းများမှာ

၁။ စတီဗင်ဆင်လမ်း (Stevenson Street)

၁၈၆၂ မှ ၁၈၆၈ ခုနှစ်အထိ ပဲခူးတိုင်းတွင် ကော်မရှင်နာမင်းကြီး တာဝန်ထမ်းဆောင်ခဲ့သော မရောဂျေအက်(ဖ)ဂျေစတီဗင်ဆင်ကို ဂုဏ်ပြုပြီး ခေါ်ဆိုခြင်း ဖြစ်သည်။

၂။ အိုလီဖင့်လမ်း (Oliphant Street)

၁၈၆၀ မှ ၁၈၇၀ အထိ ရန်ကုန်မြို့တော် တည်ဆောက်ရေးလုပ်ငန်းခွင်များကို ကြီးကြပ်ခဲ့သော အင်ဂျင်နီယာချုပ် လက်ဖတင်နင်းကာနယ်ဒဗလျူအက်(စ်) အိုလီဖင့် (Lt-Col. W.S. Oliphant) ကို ဂုဏ်ပြုပြီး အမည်ပေးခြင်းဖြစ်သည်။

၃။ ဘုန်းကြီးလမ်း (Phoongyel Street)

ထိုခေတ်က လမ်းမတော်မြို့နယ်တွင် ဘုန်းကြီးကျောင်း အရေအတွက် များစွာရှိသောကြောင့် ဘုန်းကြီးကျောင်းများကို ဂုဏ်ပြုပြီး ခေါ်ဆိုခြင်းဖြစ်သည်။

၄။ ဝီလီယမ်လမ်း (Williams Street)

ရန်ကုန်မြို့ တည်ဆောက်ရေးတွင် (၁၈၆၀) ကတည်းက လက်ထောက်အင်ဂျင်နီယာ တာဝန်ထမ်းဆောင်ခဲ့ပြီး နောင်တွင် အင်ဂျင်နီယာချုပ် တာဝန်ထမ်းဆောင်ခဲ့ သော လက်ဖတင်နင်-ဂျေအမ်ဝီလီယမ် (Lieut J.M.Williams) ကို ဂုဏ်ပြုပြီး ခေါ်ဆိုခြင်းဖြစ်သည်။





၅။ ကီလီ (Keighly) လမ်း

ရန်ကုန်မြို့ တည်ဆောက်ရေးအတွက် ၁၈၅၉ ကတည်းက လက်ထောက်အင်ဂျင်နီယာ တာဝန်ထမ်းဆောင်ခဲ့သော ကပ္ပတိန် (H.P.Keighly) ကို ဂုဏ်ပြုပြီး ခေါ်ဆိုခဲ့ခြင်းဖြစ်သည်။

၆။ အနောက်လမ်း (West Street)

ဗြိတိသျှကိုလိုနီ ခေတ်ကာလတွင် မြို့၏ အနောက်ဘက်အကျဆုံး နယ်နိမိတ်သတ်မှတ်သော လမ်းဖြစ်သည်။

ရန်ကုန်အရှေ့ပိုင်းသည် ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးခဲ့သည်။ မောင်ဂိုမာရီလမ်းကို တိုးချဲ့ပြီး ပုဇွန်တောင်နယ်မြေနှင့် ဆက်သွယ်ပေးလိုက်သည်။ ထိုအချိန်က ရန်ကုန်အရှေ့ပိုင်းရှိ ပုဇွန်တောင်နှင့် ဗိုလ်တထောင်တို့တွင် ဗမာများသာ စုပေါင်းနေထိုင်ကြသည်။ ဆင်းရဲသားရပ်ကွက်များ ဖြစ်သောကြောင့် အိမ်ကြီး၊ အိမ်ကောင်းများ သိပ်မရှိပေ။

၁၈၅၀ ရန်ကုန်မြို့ အခြေအနေနှင့် ဒုတိယကမ္ဘာစစ်မတိုင်မီ ၁၉၃၉ ခုနှစ် ရန်ကုန်မြို့၏ အနေအထားသည် နှစ်ပေါင်းကိုးဆယ်အတွင်း ဓါးပြည်နှင့် နတ်ပြည်တမျှ ကွာခြားခဲ့လေပြီး . . .။

၁၈၅၀ စစ်ပြီးကာစ ရန်ကုန်သည် သုသာန်အလားဖြစ်သည်။ ဗြိတိသျှတို့သည် မီးလောင်ပြင်ကြီးတစ်ခုလုံးကို မြေလှန်ပြီး တည်ဆောက်ခဲ့သော်လည်း နှစ်ပေါင်း ၂၀ ကြာသည်အထိ ၁၈၇၀ အတွင်း ငွေကြေးဥစ္စာ ကြွယ်ဝချမ်းသာသူ အရေအတွက်သည် လက်ချိုး၍ ရေတွက်နိုင်သော အနေအထား၌ ရှိနေဆဲဖြစ်သည်။

သို့သော် ၁၉၀၀ ပြည့်လွန်နှစ်များတွင် အိန္ဒိယမှ ချမ်းသာသော ကုန်သည်ကြီးများ၊ လုပ်ငန်းရှင်ကြီးများ လာရောက်အခြေချကြသည်။ အင်္ဂလိပ်နှင့် ဥရောပသား သူဌေးကြီးများ လာရောက်အခြေချသောကြောင့် ကြွယ်ဝချမ်းသာသော မြို့ကြီးဖြစ်လာရခြင်းဖြစ်သည်။

ချမ်းသာသူများ ရောက်လာသည်နှင့် စီးပွားရေးလုပ်ငန်းကောင်းလာသည်။ ရှေးဗမာဘုရင်များ လက်ထက်တွင် ပြည်တွင်း၌ ဆန်ဖူလုံရေးအတွက် နိုင်ငံခြားသို့ တင်ပို့ရောင်းချခွင့် မရှိပေ။ ဗြိတိသျှအာဏာပိုင်များ လက်ထက်တွင်လည်း အခြေခံစားကုန်ဖြစ်သော ဆန်စပါးကို တင်ပို့ရောင်းချခွင့် မပြုခဲ့ပေ။ ထိုအချိန်က အဓိကပို့ကုန်သည် ကျွန်းသစ်များသာ ဖြစ်သည်။ သို့သော် မကြာမီ ကမ္ဘာ့ဈေးကွက်တွင် ဆန်သည် ဈေးကောင်းရသော ပို့ကုန်ဖြစ်လာသည်၊ ထို့ကြောင့် ဆန်ကို နိုင်ငံခြားသို့ ထုတ်ကုန်အဖြစ် ရောင်းချခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗြိတိသျှတို့ သိမ်းပိုက်ထားသော အောက်ဗမာပြည်တွင် ဆန်စပါးစိုက်ပျိုးရေးကို အဆပေါင်းများစွာ တိုးချဲ့ရန်အတွက် စိုက်ပျိုးနိုင်သော မြေများလုံလောက်စွာ ရှိသောကြောင့် လယ်ယာမြေများစွာ ဖော်ထုတ်ခဲ့သည်။ ၁၈၅၀–၅၁ တွင် စပါးဈေးသည် တင်းတောင်း ၁၀၀ လျှင် ၁၅ ရူပီးရှိခဲ့ရာမှ ၁၈၅၃ တွင် ၃၅ ရူပီးအထိ နှစ်ဆကျော်ကျော် ဈေးတက်ခဲ့သည်။ ၁၈၅၈ ခုနှစ်မှ ၁၈၅၉ ခုနှစ် အတွင်း ရန်ကုန်ဆိပ်ကမ်းကို ရောက်ရှိလာသော ဆန်စပါးတန်ဖိုးသည် ရူပီး ၁၂ သန်း ၇ သိန်း ၄ သောင်း ၃ ထောင် ၇ ရာ ၄၄ (Rs. 127,43,744) ဖြစ်သည်။ နိုင်ငံခြားသို့ တင်ပို့ရောင်းချရသော ငွေတန်ဖိုးသည် ရူပီး ၈ သန်း ၅ သိန်း ၆ သောင်း ၆ ထောင် ၈ ရာ ၁၇ (Rs-85,66,817) ဖြစ်ပြီး ကမ်းရိုးတန်း ကုန်သွယ်ရေးသည် ရူပီး ၂၁ သန်း ၃ သိန်း ၁ သောင်း ၅ ရာ ၆၁ (Rs-213,10,561) ဖြစ်သည်။ ထို့ကြောင့် ပြည်တွင်းစားသုံးသော ပမာဏလည်း များစွာမြင့်တက်ခဲ့ကြောင်း တွေ့ရသည်။

၁၈၅၅–၅၆ တွင် ရန်ကုန်မြို့ ဆိပ်ကမ်းအကောက်ခွန်ဌာန၏ စာရင်းအရ သွင်းကုန်များကို ဘင်္ဂလားမှ အများဆုံးတင်သွင်းခဲ့ကြောင်း သိရသည်။ အများဆုံး တင်သွင်းသည်မှာ အတည်အလိပ်များ၊ အဝတ်အထည်များ ဖြစ်သည်။ ကျွန်းသစ်များကို ဥရောပနှင့် ဗြိတိန်သို့ ၇၇ ရာခိုင်နှုန်းအထိ တင်ပို့ပြီး ကမ်းရိုးတန်းဒေသများနှင့် တရုတ်ပြည်သို့ တင်ပို့မှုအနည်းငယ်မျှသာ ရှိသည်။

၁၈၆၂ ခုနှစ်တွင် ဗမာဘုရင်နှင့် စီးပွားရေး သဘောတူစာချုပ် တစ်ခုချုပ်ဆိုခဲ့သည်။ ၁၈၆၇ ခုနှစ်တွင် နောက်ထပ်စာချုပ်တစ်ခု ထပ်ပြီး ချုပ်ဆိုခဲ့သည်။ ထိုစာချုပ်များအရ ဗမာဘုရင်အစိုးရအတွက် လိုအပ်သော ကုန်ပစ္စည်းမျိုးစုံကို နိုင်ငံခြားမှ မှာယူတင်သွင်းရာတွင် ရန်ကုန်ဆိပ်ကမ်းကို အသုံးပြုခဲ့ကြသည်။ ထို့ကြောင့် ရန်ကုန်ဆိပ်ကမ်းသည် ဗမာပြည်တစ်ခုလုံး၏ ကုန်ပစ္စည်းတင်ပို့ရောင်းချသော နိုင်ငံခြားမှ ကုန်ပစ္စည်းမျိုးစုံ တင်သွင်းသော အဓိကဆိပ်ကမ်းမြို့ကြီး ဖြစ်လာသည်။ မော်လမြိုင်ဆိပ်ကမ်းမြို့ကြီးသည်လည်း လွန်စွာထွန်းကားတိုးတက်လာခဲ့ပါသည်။ သို့သော် ရန်ကုန်ဆိပ်ကမ်းကို မမီတော့ပေ။

ထိုခေတ်က ရန်ကုန်ဆိပ်ကမ်းမြို့ကြီးကို နိုင်ငံခြားသားများက လွန်စွာနှစ်သက်သဘောကျသည်။ Every Where Throught Rangoon abndance prevails. There is oun air of Plenty that Cannot Fail to Strike the newly-arrived visitor. The people male and Females look in good condition Well clothed, well fed and certainly happy in circumstances, if their faces





Speak true. ဟု ပြောဆိုခဲ့ကြသည်။

၁၈၅၂ မတိုင်က ရန်ကုန်မြို့သည် အချိန်အခါမရွေး ထပြီးပေါက်ကွဲတော့မည့် အနေအထားကြောင့်၊ စီးပွားရေးအရ အချက်အချာကျသော်လည်း တော်ရုံတန်ရုံ ကုန်သည်များ ရန်ကုန်သို့ မလာဝံ့ကြပေ။ ထိပ်တန်းကုန်သည်ကြီး အနည်းငယ်ကသာ လျှင် စွန့်စားလာရောက်ပြီး ကုန်သွယ်ကြသည်။ လက်ဝါးကြီးအုပ် ကုန်သွယ်နိုင်သောကြောင့် အကျိုးအမြတ် အလွန်များလေသည်။

ထို့နောက် ရန်ကုန်မြို့သာမက စစ်တွေမြို့နှင့် မော်လမြိုင်မြို့များတွင်လည်း ဥရောသားကုန်သည်ကြီးများ အပြိုင်အဆိုင် နေရာလုခဲ့ကြသည်။ Messrs. Todd Findlay & Co. သည် ရန်ကုန်မှတစ်ဆင့် စစ်တွေနှင့် မော်လမြိုင်မြို့များတွင် အခြေစိုက်ခဲ့သည်။ ရန်ကုန်တွင် ဖယ်ရာလမ်းနှင့် စထရင်းလမ်းထောင့်တွင် ကုမ္ပဏီရုံးခန်း ဖွင့်သည်။ သူတို့သည် ဗမာပြည်မှ ဆန်နှင့် ကျွန်းသစ်ကို နိုင်ငံတကာဈေးကွက်သို့ ပို့ပြီး ဗမာပြည်၌ လိုအပ်သော ပစ္စည်းအားလုံးကို နိုင်ငံခြားမှ သွင်းလေသည်။

နောက်ထပ် ရောက်လာသော ကုမ္ပဏီကြီးသည့် ဧရာဝတီဖလုတ်တီလာ (Irrawaddy Flotilla Company) ဖြစ်သည်။ ဖလုတ်တီလာကုမ္ပဏီသည် ၁၈၅၂ ခုနှစ်ကတည်းက အစိုးရသင်္ဘောကျင်းတွင် သင်္ဘောများကို ပြုပြင်ထိန်းသိမ်းရေး လုပ်နေခဲ့သည်။

၁၈၆၀ တွင် Messrs. P. Henderson & Co. လာရောက် အခြေစိုက်သည်။ ၁၈၆၂ တွင် ဧရာဝတီဖလုတ်တီလာသည် ကိုယ်ပိုင်သင်္ဘောကျင်းများ တည်ထောင်နိုင်ခဲ့ပြီဖြစ်သည်။

၁၈၆၅ ခုနှစ်တွင် သင်္ဘောတည်ဆောက်သော Denny Bros နှင့် Messrs. Henderson & Co. တို့ အပြိုင်အဆိုင် ကြိုးစားလာကြသည်။ ၁၈၆၀ တွင် အမေရိကန်နှင့် နယူးဇီလန်တို့က ဗမာပြည်နှင့် တိုက်ရိုက်ကုန်သွယ်မှုရရန် ကြိုးပမ်းလာကြသည်။ အဓိက ဝယ်ယူမည့် ကုန်ပစ္စည်းမှာ ဆန်စပါး ဖြစ်သည်။

၁၈၆၃ ခုနှစ်တွင် Messrs. Denny မှ သင်္ဘောများဖြင့် အင်္ဂလန်နှင့် ဗမာပြည် တိုက်ရိုက်ကုန်သွယ်ရေး စတင်ခဲ့သည်။ ယခင်အခါက အိန္ဒိယမှတစ်ဆင့် ကုန်သွယ်ခဲ့ခြင်းဖြစ်သည်။ ဖလုတ်တီလာအင်တာပရိုက်(စ်) (The Flotilla Enterprise) သည် သင်္ဘောတည်ဆောက်ခြင်းလုပ်ငန်းအတွက် စတာလင်ပေါင် ၂၀၀၀၀ (နှစ်သောင်း) ကုန်ထရိုက်ရသောကြောင့် Messrs. Henderson's ကုမ္ပဏီ၊ ဧရာဝတီဖလုတ်တီလာ ကုမ္ပဏီနှင့် ဘားမားစတီး(မ်)ရေကြောင်းကုမ္ပဏီ (Burma Steam Navigation



www.burmeseclassic.com

www.burmeseclassic.com



Company) တို့ စုပေါင်းပြီး သင်္ဘောတည်ဆောက်ခြင်းလုပ်ငန်းကို ကြီးကြီးမားမား ကျယ်ပြန့်စွာ လုပ်ဆောင်ခဲ့ကြသည်။ နောင်တွင် ပင်လယ်ရေကြောင်းသွား သင်္ဘောကြီးများအထိ ထုတ်လုပ်နိုင်သောအခါ သင်္ဘောကြီးတည်ဆောက်ရေးလုပ်ငန်းနှင့် သင်္ဘောငယ် တည်ဆောက်ရေးလုပ်ငန်းဟူ၍ ခွဲခြားလိုက်သည်။ ကုမ္ပဏီ ၃ ခု စုပေါင်းပြီး ရောဝတီဖလုတ်တီလာကုမ္ပဏီ အမည်ဖြင့် ဆက်၍ လုပ်ဆောင်ခဲ့ကြသည်။

ရန်ကုန်နှင့် စစ်တွေမြို့အကြား ဒေသထွက်ကုန်များ အပြန်အလှန်ကုန်သွယ်သော လမ်းကြောင်းအတွက် အင်္ဂလိပ်သင်္ဘောကုမ္ပဏီများဖြစ်ကြသော Messrs. Gladstone Wylie, Messrs. J. and G Bulloch တို့က ဆောင်ရွက်ခဲ့ကြသည်။

ရန်ကုန်မြို့နှင့် ကလကတ္တား တိုက်ရိုက်ကုန်သွယ်ရေးအတွက် Messrs. Gillanders ကုမ္ပဏီနှင့် Ogilvy and Co. of Calcutta တို့က ဆောင်ရွက်ခဲ့ကြသည်။

ကျွန်းသစ်နှင့် သစ်မာကြီးများ တင်ပို့ခြင်းကို ၁၈၆၀ အထိ ပုဂ္ဂလိကလုပ်ငန်းရှင်များက လုပ်ဆောင်ခဲ့ကြသည်။ ၁၈၆၀ တွင် Messrs. W.Q.Rowell & Co. ဝင်ရောက်လုပ်ကိုင်လာပြီး ၁၈၆၇ တွင် တစ်ဦးတည်း လက်ဝါးကြီးအုပ်လုပ်ကိုင်ခွင့်အတွက် ရန်ကုန်အာဏာပိုင်တို့နှင့် စာချုပ်ချုပ်ခဲ့သည်။

၁၈၆၃ ခုနှစ်တွင် ဘုံဘေဘားမား ကော်ပိုရေးရှင်း (The Bombay Burmah Trading Corpora Tior) သည် စာချုပ်ချုပ်ဆိုပြီး အထက်ဗမာပြည်မှ ကျွန်းသစ်များကို လက်ဝါးကြီးအုပ်ဝယ်ယူပြီး ကမ္ဘာသို့ ဖြန့်ချိသော လုပ်ငန်းကို စတင်လုပ်ကိုင်ခဲ့သည်။ ကနဦးတွင် မော်လမြိုင်၌ အခြေစိုက်ပြီး သစ်ထုတ်လုပ်ရာတွင် သစ်များ လုံလောက်စွာ ရနိုင်ခြင်း မရှိပေ။ ယခုအခါ မင်းတုန်းမင်း၏ ခွင့်ပြုချက်မိန့် လိုင်စင်ဖြင့် ပျဉ်းမနားတောအုပ်ကြီးအတွင်းမှ သက်တမ်းရင့် ကျွန်းပင်များကို မြောက်များစွာ ခုတ်ယူခွင့်ရလေတော့သည်။ လက်တွေ့သစ်ထုတ်လုပ်ရာတွင် ဘုံဘေဘားမားကော်ပိုရေးရှင်းအနေဖြင့် အခက်အခဲများစွာ ကြုံတွေ့ရသောကြောင့် Messrs. Darwood & Goldenberg ၏ အကူအညီကို များစွာရယူခဲ့ရသည်။

အမှန်စင်စစ် သစ်လုပ်ငန်း ကျွမ်းကျင်သူသည် မော်လမြိုင်ရုံးမှ အရာရှိဒါဝတ်သာဖြစ်ပေသည်။ သို့သော် သစ်လုပ်ငန်း ကျွမ်းကျင်သူ ဒါဝတ်သည် ယခုအခါ ပျဉ်းမနားတောကြီးထဲ ဝင်ရောက်ကြီးကြပ် ကွပ်ကဲနိုင်စွမ်း မရှိတော့ပေ။ ၁၈၂၄ တွင် မုတ္တမတိုက်ပွဲတွင် ပိတ်မိနေပြီး ခြေထောက်တစ်ဖက်တွင် ဒဏ်ရာရခဲ့သောကြောင့် ယခုအခါ မော်လမြိုင်ရုံးတွင် အရာရှိအဖြစ် လုပ်ကိုင်နေသော်လည်း တောထဲ ကိုယ်တိုင်ဝင်ပြီး ကြီးကြပ်နိုင်စွမ်း မရှိတော့ပေ။





၁၈၆၂ ခုနှစ်တွင် ဝီလီယမ်စတေရင့်စတီးသည် ရန်ကုန်မြို့သို့ ရောက်လာခဲ့ပြီး ထင်ရှားသော အိန္ဒိယကုန်သည် Nanavhoy Burgorjee နှင့် တွဲပြီး လုပ်ငန်းလုပ်ခဲ့သည်။ ၈ နှစ်အကြာ ၁၈၇၀ တွင် အိန္ဒိယကုန်သည်ကြီး သေဆုံးသွားခဲ့သည်။ ထိုအခါ စတီးသည် သူ၏အစ်ကိုဖြစ်သူ ရမ်အဲလစ်ဆွန်စတီးနှင့် ပူးပေါင်းပြီး စတီးဘရားသား Stee (Brothers) ကုမ္ပဏီကို တည်ထောင်လိုက်ကြသည်။ ရုံးခန်းကို ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် မောင်ထော်လေးလမ်းထောင့်၌ ဖွင့်ထားလိုက်သည်။ ဆန်စက်များနှင့် သစ်စက်များ၊ စက်အစိတ်အပိုင်းများကို ရောင်းချကြသည်။

ဂျာမန် စီးပွားရေးလုပ်ငန်းရှင်ကြီးများသည် စစ်တွေမြို့သို့ ဝင်ရောက်အခြေစိုက်ခဲ့ကြသည်။ ၁၈၃၇ ခုနှစ်တွင် ဂျာမန်တို့၏ Mohr Brothers ကုမ္ပဏီကို စစ်တွေမြို့တွင် ဖွင့်လှစ်ခဲ့သည်။ ၁၈၉၉ ခုနှစ်ရောက်မှ စီးပွားရေးအရ ပို၍ကောင်းသော ရန်ကုန်မြို့တွင် ရုံးခန်းထပ်ဖွင့်သည်။

၁၉၁၅ ခုနှစ်တွင် Niebur & Co ဒိုက်ဖင်းဘာ့ဟောင်စင်ကုမ္ပဏီ Diekmann Barkhausen & Co. နှင့် The Ellerman Rice Mills Ltd တို့ လာရောက်အခြေချကြသည်။

၁၉၀၇ ခုနှစ်တွင် Barma Rice & Trading Co.၊ စတော့ဟာမ်းကုမ္ပဏီနှင့် ကရှရာကုမ္ပဏီတို့ ရောက်လာကြသည်။

၁၈၆၇ ခုနှစ်ကတည်းက ရန်ကုန်မြို့တွင် အခြေစိုက်နေကြသော ဂျာမန်ကုန်သည် များအတွက် ဂျာမန်ကလပ်ကို ကော်မရှင်နာလမ်းပေါ်၌ ဖွင့်လှစ်ခဲ့သည်။ သို့သော် အဆောက်အအုံကြီးကို ၁၈၉၀ ရောက်မှ အပြီးသတ်နိုင်လေသည်။

ဒတ်(ဖ်)ကုမ္ပဏီကို သင်္ဘောကပ္ပတိန်ဘဝမှ အငြိမ်းစားယူထားသော Eiytenhors က ဦးဆောင်ပြီး ဖွင့်လှစ်ခဲ့သည်။ ကုမ္ပဏီအဆောက်အအုံ နေရာသည် နောင်တွင် စထရင်းဟိုတယ်ဖြစ်မည့် အဆောက်အအုံဖြစ်သည်။

ထိုအချိန်က ထိုအဆောက်အအုံမှာ သင်္ဘောများပေါ်မှ ချသည့် ကုန်ပစ္စည်းများကို ပထမအကြိမ် စုဆောင် သိုလှောင်ရာ ဂိုဒေါင်ကြီးဖြစ်လာလေသည်။ ထို့နောက် မြို့တွင်းရှိ အရောင်းဆိုင်အသီးသီးသို့ သင့်တော်သည့် ကုန်ပစ္စည်းများနှင့် စက်ပစ္စည်း အစိတ်အပိုင်းများကို သယ်ဆောင်ကြလေသည်။ ဝါဂွမ်းနှင့် အထည်အလိပ်လုပ်ငန်း Messrs. Cotton Hertz Co. က ချုပ်ကိုင်ထားသည်။

၁၈၇၀ တွင် ရန်ကုန်မြို့၌ အခြေစိုက်သော ဒတ်(ဖ်)ကုမ္ပဏီကြီးသည် [illegible] ခုနှစ်တွင် လုပ်ငန်းတိုးတက်မှု မရှိသောကြောင့် ရန်ကုန်မြို့မှ ထွက်သွားသည်။ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ခေတ်ကာလကတည်းက ရန်ကုန်ရောက်နေသော ပြင်သစ်ကုမ္ပဏီများအနက် ဗြိတိသျှတို့လက်ထက်တွင် M. Frassinet of Marseilles သည် လုပ်ငန်းတွင်ကျယ်ခဲ့သည်။ ၁၈၇၀ တွင် Messrs. Gillanders ကို ရောင်းချခဲ့ပြီးနောက် ကုမ္ပဏီသည် ဆက်လက်ကြိုးပမ်းခဲ့ရာ အောင်မြင်မှုရလေသည်။ နောင်တွင် ဘားမားကုမ္ပဏီ (Burma Company) ဟု အမည်ပြောင်းခဲ့သည်။ ကုမ္ပဏီနာမည်အမျိုးမျိုးပြောင်းခဲ့သော်လည်း မန်နေဂျာသည် မစ္စတာလီယွန်ဟာနန်ဒီသာဖြစ်လေသည်။

ခေတ်အဆက်ဆက် သစ်ထုတ်လုပ်ပုံသည် စက်ယန္တယားများဖြင့် ထိရောက်စွာ အသုံးပြုနိုင် မရှိပေ။ ဗမာပြည်ရှိ သစ်တောများသည် အလွန်ထူထပ်သောကြောင့် ကုမ္ပဏီတာဝန်ခံက ခုတ်မည့်အပင်ကို သတ်မှတ်ပေးရုံမျှသာ ပြုလုပ်နိုင်ပြီး ဗမာလူမျိုးသစ်ခုတ်သမားများက လူအင်အားဖြင့် ကျွမ်းကျင်စွာ ခုတ်လှဲပြီး ပဲခူးမြစ်အနီးတွင် သစ်ဖောင်ဖွဲ့ကာ မြစ်အတွင်း မျှောချခဲ့ကြသည်။ ရန်ကုန်မြစ်အတွင်းရောက်မှ ဆယ်ယူကြလေသည်။ သစ်ခုတ်လုပ်ငန်း၊ သစ်ဖောင်မျှောလုပ်ငန်းနှင့် သစ်လုံးများကို ပြန်ဆယ်သော လုပ်ငန်းများအတွက် သစ္စာရှိသော ဗမာအလုပ်သမားများစွာကို ထိုက်သင့်သလို ငွေပေးပြီး စည်းရုံးထားရသည်။

သစ်လုပ်ငန်းတွင် ဒေသခံဗမာများသာလျှင် အကျင့်စာရိတ္တ ပျက်ပြား ကြသည် မဟုတ်ပေ။ သစ်ကုမ္ပဏီ၏ အကြီးတန်းအရာရှိကြီး ဂရေဟမ်၏ အကျင့်စာရိတ္တ ပျက်ပြားမှုသည် ဂရေဟမ် ဖမ်းဆီးခံရရုံနှင့် မပြီးခဲ့ပေ။ ဘားမားကုမ္ပဏီ ဒေဝါလီခံပြီး ပျက်စီးသွားသည်အထိ အခြေအနေဆိုးဝါးခဲ့သည်။ ထိုမျှမက ဗြိတိသျှအစိုးရ အာဏာပိုင်တို့က ဘားမားကုမ္ပဏီ ပြုတ်သွားသည်အထိ ဒုက္ခပေးရာတွင် ပါဝင်ခဲ့သူများကို ရှာဖွေဖော်ထုတ်ရာ ဟာနန်ဒက်(ဇ်) (Hernandez) သည် အဖမ်းမခံဘဲ သတ်သေခဲ့လေသည်။

၁၈၇၃ ခုနှစ်တွင် ဘားမားစိုက်ပျိုးရေးကုမ္ပဏီ (Burma Agricu Hural Compny) သည် ဂုန်လျှော်အကြီးအကျယ်စိုက်ပျိုးခဲ့ရာ ကံဆိုးပြီး မြစ်ရေလျှံမှုကြောင့် စိုက်ခင်းများအားလုံး ပျက်ဆီးခဲ့ရာ ရှုံး ၄ ကုဋေ့ဖိုး ဆုံးရှုံးခဲ့သောကြောင့် ကုမ္ပဏီပြုတ်လေသည်။ ထိုဆုံးရှုံးမှုတွင် ဘားမားကုမ္ပဏီလည်း အဆစ်ပါသည်။ ဘားမားကုမ္ပဏီ၏ ကံဆိုးမိုးမှောင်ကျမှုသည် ဤမျှနှင့် ရပ်နားမသွားခဲ့ပါ။ မင်းတုန်းမင်းက (Stern Wheel) လေးခု တပ်ဆင်ထားသော ရေနွေးငွေ့သင်္ဘောများ တည်ဆောက်နိုင်သမျှ ဝယ်ယူမည်ဟု ကတိပြုသော်လည်း သင်္ဘောတည်ဆောက်ရန်အတွက် အစိတ်အပိုင်းများ ဝယ်ယူရန် မတတ်နိုင်တော့သည်အထိ၊ အခက်အခဲကြီးမားစွာ ကြုံတွေ့နေသောကြောင့် သေချာပေါက် ငွေရမည့်အခွင့်အရေးများကို အကောင်အထည် မဖော်နိုင်ခဲ့ပေ။





၁၈၅၅ တွင် အနောက်တိုင်းဆေးဝါး ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းကို Edmund Jones & Co က စတင်ဆောင်ရွက်ခဲ့သည်။

၁၈၆၇ ခုနှစ်တွင် Messrs Row & Co ကို မစ္စတာ အာ(ရ်)ဗ်ရိုဗ်မှ ဦးဆောင်၍ အနောက်တိုင်းဆေးဝါးများ ဖြန့်ဖြူးရောင်းချသော ဆေးဆိုင်ကို မဂိုလမ်းတွင် စတင်ဖွင့်လှစ်ခဲ့သည်။ ထို့နောက် ကုန်သည်လမ်းနှင့် မောင်ထော်လေးလမ်းထောင့်တွင် ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။ အနောက်တိုင်းဆေးဝါးများသည် ဗမာပြည်တွင်း ဆေးဝါးများနှင့် နှိုင်းယှဉ်ပါက အဆပေါင်းများစွာ ဆေးစွမ်းထက်ကြောင်း ကိုယ်တွေ့ သိလာသောအခါ ဆေးဝယ်သူ အဆမတန်များလာသော်လည်း အိန္ဒိယမှလာသော ဆေးဝါးများ တင်ဆောင်လာသည့် သင်္ဘောများမှာ ရန်ကုန်သို့ အချိန်မှန်မရောက်နိုင်သောကြောင့် ဆေးဆိုင်တွင် ဆေးဝါးများ အစဉ်အမြဲ ပြတ်လပ်နေတတ်သည်။ ဆေးဝါးဈေးနှုန်းကိုလည်း ပုံသေနှုန်းဖြင့် ရောင်းချပေးခဲ့သည်။ ဆေးဝါးများ တင်ဆောင်လာသော သင်္ဘောရောက်သည်နှင့် ဆေးဝါးများ ရောင်းချပေးသည်။ ကုန်သွားပြီး ရောင်းစရာမရှိဖြစ်သွားတတ်သည်။ သို့သော် ဈေးနှုန်းမှာ ပုံသေဖြစ်သည်။

ဥပမာ– ငှက်ဖျားရောဂါ ပျောက်ဆေး ကွီနိုင် (Quinine) တစ်အောင်စလျှင် ၁၂ ရူပီး ဖြစ်သည်။ ထိုဈေးနှုန်းသည် အင်္ဂလန်နိုင်ငံမှ ဈေးနှုန်းထက် ၁၆ ရာနှုန်း ပိုများလေသည်။

ဗမာတို့တွင် ဆီမီးတိုင်များသာရှိသည်။ ရေနံချေး ကညင်ဆီတို့ဖြင့် မီးထွန်းခဲ့ရာမှ အနောက်တိုင်းသားတို့ တင်သွင်းရောင်းချလာသော ဖယောင်းတိုင်ကို လူကြိုက်များလာသည်။ ပြင်သစ်ဖယောင်းတိုင်များက ဖယောင်းငိုင်ဈေးကွက်ကို ချုပ်ကိုင်ထားသည်။

နိုင်ငံခြားအရက်များအနက် ဘရန်ဒီကို လူကြိုက်များခဲ့သည်။ ကျန်းမာရေးအတွက် အထောက်အကူပြုသည်ဟု အရက်သမားတို့က ဆိုကြသည်။

ထိုခေတ်က ဗမာတို့သည် ရေခဲကို မမြင်ဖူးကြပေ။ အမေရိကန်မှ အအေးခန်းသင်္ဘောများ ရောက်လာသောကြောင့် ရေခဲနှင့် အချိုရည်၊ ဆိုဒါရည် ရောစပ်သောက်သုံးခြင်းကို သိလာပြီး လူကြိုက်များလာသည်။ သို့သော် ထိုအချိန်က ရေခဲသည် လွန်စွာ ဈေးကြီးခဲ့သည်။

၁၈၇၂ ခုနှစ်တွင် ကော်မရှင်နာမင်းကြီး Ashley Eden တက်လာသောအခါ အလွန်ပူပြင်းလှသော ဗမာပြည်တွင် ရေခဲသည် နွေရာသီ၏ အပူဒဏ်ကို အန်တုရာတွင် လွန်စွာအဖိုးတန်သောကြောင့် ပြင်သစ်ပညာရှင် Jarry ၏ အကူအညီဖြင့် ဗိုလ်လေဘုရားလမ်းတွင် ရေခဲစက်ကြီး တည်ဆောက်ခဲ့သည်။ ၁၈၉၂ ခုနှစ်တွင် Messrs. Du



www.burmeseclassic.com

www.burmeseclassic.com



Bern's ၏ ရေခဲနှင့် မင်နရယ်တာစက်ရုံ (Ice and Mineral Water Factory) ကို ဆူးလေဘုရားလမ်းပေါ်၌ ထပ်ပြီး တည်ဆောက်ခဲ့သည်။ ၁၈၇၀ ပြည့်နှစ်ကာလ ကတည်းက ဘီယာများကို ရန်ကုန်မြို့၌ စတင်ထုတ်လုပ်ရောင်းချနေပြီဖြစ်သည်။

အသေးစား အိမ်သုံးလူသုံးကုန်ပစ္စည်း အမျိုးအစားစုံလင်စွာ တင်သွင်းပြီး ရောင်းချသော လုပ်ငန်းကို ၁၈၅၆ ခုနှစ်ကတည်းက အာမေးနီးယန်းကုန်သည်များက စတင်တည်ထောင်ခဲ့ကြသည်။ ဈေးကွက်တင်ရောင်းချခြင်းကို Mr. Balthazar H. Balthazar က တာဝန်ယူခဲ့သည်။

၁၈၆၀ ပြည့်နှစ်ကာလနှင့် အနည်းငယ်မျှစောသော အချိန်ကာလကတည်းက မွန်ဆလင်ကုန်သည်များသည် ရန်ကုန်မြို့မှ စီးပွားရေးလုပ်ငန်း အတော်များများကို ချုပ်ကိုင်ထားခဲ့ကြသည်။ ထင်ရှားသူများမှာ အဂ္ဂါအာမက် (Aga Ahmed Ispahanee)၊ မိုဟာမက် အီဘရာဟင်ရီဒိုပလီ (Mahomed Elerahimjee Doopley)၊ မိုလာဒါဝတ် (Moolla Dawood) နှင့် ဂျမားညီအစ်ကိုများ (Jamal Brathers) တို့သည် ထိုခေတ်ကာလတွင် အိန္ဒိယ၌ ဗြိတိသျှကုန်သည်ကြီးများနှင့် အပြိုင်ကြဲခဲ့ရုံမျှမက ဗမာပြည်ဈေးကွက်တွင်လည်း ဗြိတိသျှကုန်သည်များနှင့် အပြိုင်ကြဲခဲ့ကြသည်။

ဟိန္ဒူကုန်သည်များသည် ထိုခေတ်ကာလတွင် သိပ်မရှိကြသလို ဘဂ္ဂဝန်ဒက်(စ်) (Bugwan Dass) တစ်ဦးတည်းသာ ရှိခဲ့သည်။ နောင်တွင် ရာ့(ဂျ်) ဗဟာဒူး (Raj Bahadur) သည် ထင်ရှားခဲ့သည်။ ၁၈၆၃ ခုနှစ်တွင် Chambur of ommerce ပေါ်ပေါက်လာသည်။

ရန်ကုန်ဆိပ်ကမ်းသည် နိုင်ငံတကာ ကုန်သွယ်လုပ်ငန်းအထိ တိုးတက်လာသောအခါ ဘဏ်လုပ်ငန်း ဖွံ့ဖြိုးလာခဲ့သည်။

၁၈၆၁ ခုနှစ်တွင် ဘင်္ဂလားဘဏ်တို့ စတင်တည်ထောင်ခဲ့သည်။ နောင်တွင် လုပ်ငန်းကြီးမားလာသောအခါ ဖယ်ရာလမ်းရှိ အဆောက်အအုံသည် လုံလောက်မှု မရှိသောကြောင့် ၁၈၇၀ တွင် နေရာသစ်၌ အဆောက်အအုံအသစ်ကြီးဖြင့် ဆောင်ရွက်ခဲ့သည်။ ဘဏ်အမည်ကို အိန္ဒိယဘဏ် (The Imperial Bank of India) ဟု အမည်ပြောင်းခဲ့သည်။ ၁၈၅၈ ခုနှစ်ကတည်းက ချာတာဘဏ် (The Chartered Bank) ကို ဖယ်ရာလမ်းပေါ်တွင် ဖွင့်လှစ်ခဲ့သည်။ ထို့နောက် စထရင်းလမ်းသို့ ပြောင်းရွှေ့ဖွင့်လှစ်သည်။ ထိုလမ်းသည် ဆိပ်ကမ်းနှင့် နီးသောကြောင့် ဘဏ်လုပ်ငန်းသည် ပို၍ တွင်ကျယ်ခဲ့သည်။

ဗမာပြည်အတွင်း နိုင်ငံခြားအရက်များကို နိုင်ငံခြားသားများသာမက ဗမာများ





လည်း ဝယ်ယူသောက်သုံးကြသောကြောင့် နိုင်ငံခြားအရက်ရောင်းအား တွင်ကျယ်လာသည်။

၁၈၅၄ ခုနှစ်အထိ သင်္ဘောလုပ်ငန်းသည် Messrs. P.Henderson နှင့် ဗြိတိသျှ အိန္ဒိယရေနွေးငွေ့သင်္ဘောကုမ္ပဏီ The British India Steam Navingation တို့၏ လက်ထဲ၌သာ ရှိခဲ့သည်။ ထိုအချိန်က သင်္ဘောခရီးစဉ်သည် ရန်ကုန်မြို့နှင့် ကလကတ္တားမြို့သို့ အပြန်အလှန် ကူးသန်းသွားလာခြင်းမျှသာ ရှိခဲ့သည်။

၁၈၅၄ ခုနှစ်တွင် ရေကြောင်းသွားလာရေးခရီးစဉ်များစွာ တိုးချဲ့ရန် လိုအပ်သောကြောင့် အရှေ့အိန္ဒိယကုမ္ပဏီမှ တင်ဒါခေါ်ခဲ့ရာ ကလကတ္တားအခြေစိုက် Messrs. Mackinnon Mackenzie & Co. of Calcutta က ဝင်ရောက်လုပ်ကိုင်လေသည်။ အစောပိုင်းတွင် ရေနွေးငွေ့သင်္ဘောငယ်နှစ်စီးဖြစ်သော ဘောလတစ် (The Baktic) သင်္ဘောနှင့် ဂွတ်ဟုတ်အင့ (The Cape of Good Hope) နှစ်စီးဖြင့် စတင်ပြေးဆွဲခဲ့သည်။ ၁၈၅၆ ခုနှစ်တွင် ရေကြောင်းသွားလာရေးလုပ်ငန်းအတွက် ကန်ထရိုက်အဖြစ် ကလကတ္တားနှင့် ဘားမားရေနွေးငွေ့သင်္ဘောကုမ္ပဏီ Calcutta and Burmah Steam Navigation Co. က ရရှိခဲ့သောကြောင့် ပြည်တွင်း ရေကြောင်းသွားလာရေးလုပ်ငန်း ဖွံ့ဖြိုးလာသည်။ ၁၈၅၈ ခုနှစ်ရောက်သောအခါ တန်ချိန် ၉၀၀ (ကိုးရာ)ရှိသော ဘားမာ (Burmah) သင်္ဘောကြီးဖြင့် ရေကြောင်းသွားလာရေးလုပ်ငန်းကို တိုးချဲ့ခဲ့လေသည်။

နောက်ထပ်လေးနှစ်ကြာသော် ပြည်တွင်းရေကြောင်းသွားလာရေးမှတစ်ဆင့် အိန္ဒိယသမုဒ္ဒရာကိုဖြတ်ပြီး နိုင်ငံတကာသွားလာရေးနှင့် စာပို့လုပ်ငန်းများ လုပ်ကိုင်လာခဲ့လေသည်။ စာပို့လုပ်ငန်း၊ ကုန်သွယ်လုပ်ငန်းသည် ရန်ကုန်၊ မော်လမြိုင်၊ စစ်တွေနှင့် ကလကတ္တားကို ပုံမှန်ဆက်သွယ်ပေးနေသည်။ ထို့နောက် စင်ကာပူ၊ မဒရပ်နှင့် ကလကတ္တားခရီးစဉ်ကို လစဉ်ပုံမှန်သွားလာနိုင်ခဲ့သည်။

၁၈၆၃ ခုနှစ်တွင် ကုမ္ပဏီကို အမည်ပြောင်းခဲ့သည်။ ဗြိတိသျှ-အိန္ဒိယ-ရေနွေးငွေ့သင်္ဘောကုမ္ပဏီ The British-India Steam Navigation Co. ဖြစ်လာသည်။ ရန်ကုန်ဆိပ်ကမ်း၏ အခြေအနေသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်လာခဲ့သည်။

၁၈၅၅-၅၆) တွင် ရန်ကုန်သို့ နိုင်ငံတကာသွားသော သင်္ဘော ၁၃၃ စီး ဝင်ရောက်ဆိုက်ကပ်ခဲ့သည်။ ကုန်ပစ္စည်းတန်ချိန် ၆၅၇၃၀၇ (ခြောက်သောင်းငါးထောင် ခုနစ်ရာသုံးဆယ်ခုနစ်တန်) အတင်အချ ပြုလုပ်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၈၆၁–၆၂ တွင် ပင်လယ်ကူးသင်္ဘော ၄၃၀ စီး ဝင်ရောက်ဆိုက်ကပ်လာခဲ့ကြသည်။ တန်ချိန်စုစုပေါင်း ၁၅၇၄၇၂ (တစ်သိန်းငါးသောင်းခုနစ်ထောင်လေးရာခုနစ်ဆယ့်နှစ်)ဖြစ်သည်။ ၁၈၆၇–၆၈ ခုနှစ်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဝင်ထွက်သောသင်္ဘောအရေအတွက်သည် ၅၁၉ စီးဖြစ်သည်။ တန်ချိန် ၂၄၆၈၅၄ (နှစ်သိန်းလေးသောင်းခြောက်ထောင်ရှစ်ရာငါးဆယ့်လေး) ဖြစ်သည်။ ၁၈၇၀–၇၁ တွင် သင်္ဘောအရေအတွက် ၆၈၉ စီး အဝင်အထွက်ရှိခဲ့ပြီး တန်ချိန် ၃၁၃၉၉၈ (သုံးသိန်းတစ်သောင်းသုံးထောင့်ကိုးရာကိုးဆယ့်ရှစ်) ဖြစ်သည်။

ဆိပ်ကမ်းလုပ်ငန်းသည် လွန်စွာကြီးမားလာသောကြောင့် The Town Magistrate က စီမံခန့်ခွဲပေးရလေသည်။ သို့သော် စီမံခန့်ခွဲမှုကို မနိုင်သောကြောင့် ၁၈၆၁ ခုနှစ်တွင် အုန်းသီးများ တင်ဆောင်လာသော သင်္ဘောများသည် ကော်မရှင်နာမင်းကြီးထံ ခွင့်ပြုချက်တောင်းပြီး တရုတ်တန်းတွင် သင်္ဘောများ ဆိုက်ကပ်ခဲ့ရသည်။ နောင်တွင် အုန်းခွံများကို စည်းကမ်းမဲ့ စွန့်ပစ်မှုကြောင့် အပုပ်နံ့များ ထွက်လေရာ အနီးပတ်ဝန်းကျင်၌ နေထိုင်သူများ ကန့်ကွက်ကြသောကြောင့် အုန်းသီးသင်္ဘောများ၊ တရုတ်တန်းတွင် ဆိုက်ကပ်ခွင့်မရှိတော့ပေ။ သို့သော် ဂေါ်ဒွင်လမ်းနှင့် အရှေ့ဘက်ကမ်းကြားတွင် အုန်းသီးသင်္ဘောများကို ဆိုက်ကပ်ရန် စီစဉ်ပေးခဲ့သည်။

၁၈၅၉ ခုတွင် ပြုလုပ်ခဲ့သော သစ်သားတံတားနှင့် ဆိပ်ခံနေရာတွင် သံထည်ဖြင့် တည်ဆောက်ထားသော တံတားနှင့် အစားထိုးလဲလှယ်သည်။ ဆိပ်ခံဘောတံတားကို သံထည် ခေါင်းပွတည့်ဆောက်ထားသောကြောင့် ရေပေါ်တွင် ကောင်းစွာပေါ်နိုင်သည်။ ကော်မရှင်နာမင်းကြီး၏ အမိန့်ဖြင့် ရန်ကုန်ဆိပ်ကမ်းသန့်ရှင်းရေး၊ ရန်ကုန်မြစ်ကမ်းပါး တစ်လျှောက်သန့်ရှင်းရေးကို အထူးဂရုစိုက်ပြီး ဆောင်ရွက်ကြရသည်။ ရေတက်ချိန်တွင် မြစ်ကမ်းပါး၌ စွန့်ပစ်ရန်ရှိသော အမှိုက်များအားလုံး သိမ်းဆည်းစုဆောင်းပြီး ပုံထားရသည်။ ဒီရေအကျတွင် အမှိုက်များအားလုံး ပင်လယ်ထဲမျောသွားစေသောနည်းကို အသုံးပြုခဲ့ကြသည်။ သို့သော် နိုင်ငံခြားသင်္ဘောများအနေဖြင့် တာဝန်မကျေသော ပြဿနာများ ရှိလာသောကြောင့် ဆိပ်ကမ်းသန့်ရှင်းရေးအဖွဲ့ကို ဖွဲ့စည်းပေးလိုက်သည်။ ထိုအဖွဲ့က ဆိပ်ကမ်းသန့်ရှင်းရေးဆောင်ရွက်သည်။ ထိုအဖွဲ့ကို ပုံမှန်လစာပေးသွားနိုင်ရန်အတွက် သင်္ဘောအားလုံး သန့်ရှင်းရေးခွန်ဆောင်ရသည်။

၁၈၆၀–၆၁ တွင် ကောက်ခံရရှိသော ဆိပ်ကမ်းရန်ပုံငွေသည် ရူပီးငွေ ၆၀၀၀၀ (ခြောက်သောင်း)အထိ ရှိလာသောကြောင့် သန့်ရှင်းရေးဝန်ထမ်းများကို ထိုက်တန်သော လစာပေးနိုင်ရုံမှမက ဂိုဒေါင်များ တိုးချဲ့တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်း





ခြင်းနှင့် သင်္ဘောငယ်များ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကိုပါ ဆောင်ရွက်နိုင်ခဲ့လေသည်။

၁၈၅၉ ခုနှစ်တွင် အသစ်တည်ဆောက်ခဲ့သော ဖယ်ရာလမ်းအနီးမှ သစ်သားတံတားတစ်ခု မီးလောင်ပျက်စီးသောကြောင့် ၁၈၇၆ ခုနှစ်တွင် နေရာအနည်းငယ်ပြောင်းပြီး ဖယ်ရာလမ်းနှင့် ပို၍နီးသော နေရာဖက်တွင် ဆိပ်ခံတံတားအသစ် ဆောက်လုပ်ရန် နေရာရွေးချယ်ခဲ့သည်။ သင်္ဘောများ သွားလာရန် အဆင်ပြေသောနေရာတွင် သံဖြင့် တည်ဆောက်သော ဆိပ်ခံတံတားနှင့် အစားထိုးလိုက်သည်။

အသစ်တည်ဆောက်ထားသော သံထည်တံတားသည် ကောင်းမွန်သော်လည်း ပင်လယ်ကူးသင်္ဘောကြီးများ ဆိုက်ကပ်ရန် အခက်အခဲရှိသောကြောင့် စထရင်းလမ်းဖက်တွင် အလွန်ကြီးမားသော သံထည်တံတားကြီးတစ်ခု ထပ်၍ တည်ဆောက်လိုက်သည်။

၁၈၇၄ ခုနှစ်တွင် ဆူးလေဘုရားအနီးတွင် သံထည်ဆိပ်ခံတံတားကြီးတစ်ခု တည်ဆောက်ခဲ့လေသည်။ သို့သော် အားနည်းချက်တွေ့ရသည်မှာ တံတားကြီးအနီး မြစ်ကမ်းပါးသည် မြေပြိုတတ်သောကြောင့် မြေသားနံရံကို ပြုပြင်ပြီး အင်္ဂတေကိုင်ထားလိုက်ရသည်။ အုတ်စီပြီး အင်္ဂတေကိုင်ခြင်းကို ထိုခေတ်က ရန်ကုန်ဆိပ်ကမ်းတစ်လျှောက်လုံးတွင် ငွေကြေးမြောက်များစွာ အကုန်အကျခံပြီး တည်ဆောက်ခြင်းဖြစ်ကြောင်း။ တိမ်ကောပျောက်ခြင်း မရှိစေရန်အတွက် သဲသောင်တူးခြင်းများကို သောင်တူးစက်ကြီးများဖြင့် တူးထုတ်ခဲ့ခြင်းကြောင့် ဗြိတိသျှတို့ အုပ်စိုးခြင်းမပြုမီ ရာစုနှစ်အနည်းငယ်မှာ နွံနှင့်မြေနုများ ကျစ်လာ၊ မာကျောလာသောနေရာတွင် မွန်တို့တည်ဆောက်ခဲ့သော မြေသားမခိုင်မာသည့် ဒဂုံမြို့သည် ဘကြီးတော်မင်းတရားလက်ထက်အထိ တောမြို့လေးအဆင့်မျှသာရှိလေသည်။ ဗြိတိသျှတို့ လက်ထက်တွင် မြေသားခိုင်မာမှု မရှိသော မြစ်ကမ်းနားပတ်လည်အားလုံးကို အုတ်စီပြီး ကွန်ကရစ်လောင်းခဲ့သောကြောင့် မြေသားခိုင်မာခဲ့ပြီဖြစ်သည်။ မြစ်ရေတိုက်စားမှုကြောင့် မြေသားပျက်စီးမှုကို ပြုပြင်ပြီးသောအခါ The Viceroy Lord Mayo ကိုယ်တိုင် လာရောက်စစ်ဆေးလေသည်။ ထိုအချိန်အထိ ကမ်းနားမြေသား ဆုံးရှုံးမှုပမာဏသည် ပေါင်ချိန် တစ်သိန်းနီးပါးရှိမည်ဟု ပညာရှင်တို့က ခန့်မှန်းကြသည်။

ရန်ကုန်ဆိပ်ကမ်းသည် နိုင်ငံတကာဆိပ်ကမ်းဖြစ်လာသောအခါ ပင်လယ်ကူးသင်္ဘောများ၊ ကမ်းရိုးတန်းသွားသင်္ဘောများ ဝင်ထွက်လာမှု လွန်စွာများလာလေသည်။ ထိုအခါ ရှေးက ဗမာပြည်တွင် မရှိခဲ့သော သင်္ဘောသား လူတန်းစားတစ်ရပ် စတင်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ပေါက်လာသည်။ သဘော်သားအဖြစ် အသက်မွေးပြီး ကိုယ်လုံးကိုယ်ထည် တောင့်တင်းသူ ဗမာအမျိုးသားအားလုံးကို လက်ခံခဲ့သည်။ သို့သော် သဘော်အရာရှိအဖြစ် လုပ်ကိုင်လိုပါက မိမိ၏ အရည်အချင်းကို ကော်မရှင်နာမင်းကြီးထံ တင်ပြပြီး ကော်မရှင်နာမင်းကြီး လက်မှတ်ဖြင့် ထုတ်ပေးသော လက်မှတ်ဖြင့် သဘော်အရာရှိအဖြစ် သဘော်လိုက်ခွင့်ရလေသည်။

ရေကြောင်းအချက်ပြ ဆိပ်ကမ်းအဖြစ် ဆူးလေဘုရားအနီးမှ ဆိပ်ကမ်းကို အသုံးပြုခဲ့လေသည်။ ထို့ကြောင့် ထိုခေတ်ကာလတုန်းက ဆူးလေဘုရားကို အလံပြဘုရား (သို့မဟုတ်) အချက်ပြဘုရား (The Signal Pagoda) ဟု ခေါ်ခဲ့သည်။ ဗြိတိသျှခေတ်က ရန်ကုန်ဆိပ်ကမ်းသည် ယနေ့ စင်ကာပူဆိပ်ကမ်းကဲ့သို့ သဘော်အဝင်အထွက် အလွန်များသည်။ နေ့ဖက်တွင် ပြဿနာမရှိသော်လည်း ညဖက်တွင် အန္တရာယ်ရှိသည်။ ထို့ကြောင့် အချက်ပြစနစ်သည် လွန်စွာအရေးကြီးသည်။

ဗြိတိသျှတို့သည် ရန်ကုန်မြို့ကို သိမ်းပိုက်ပြီးနောက် နှစ်ပေါင်းသုံးဆယ်ကြာသည်အထိ အုပ်ချုပ်ရေးမှူးရာထူး အပါအဝင် မည်သည့်ရာထူးကိုမျှ ရွေးချယ်တင်မြှောက်ခြင်း မရှိခဲ့ပေ။ မည်သူမဆို၊ သတ်မှတ်ထားသော မြူနီစပယ် အခွန်ထမ်းဆောင်ပြီး စိတ်ကြိုက်နေထိုင်ခွင့်ရှိသည်။ ကုန်ရောင်းကုန်ဝယ် လုပ်ပါက ဆိပ်ကမ်းအခွန်၊ ကုန်ပစ္စည်းအခွန်များ မှန်ကန်စွာ ပေးဆောင်ပါက လွတ်လပ်စွာ အခြေချနေထိုင်ခွင့် ရှိသည်။ မည်သည့် ရာဇဝတ်ပြစ်မှုမျှ မကျူးလွန်ပါက ရန်ကုန်မြို့သည် အခြေချနေထိုင်ဖို့ အကောင်းဆုံးမြို့ဖြစ်သည်။

၁၈၅၃ ခုနှစ်တွင် ရန်ကုန်မြို့ဧရိယာကို တပ်နယ် (The Cantonment Lands) ဧရိယာအထိ သတ်မှတ်ထားသည်။ တပ်နယ်ဧရိယာတွင် ဗြိတိသျှစစ်တပ်ရှိသည်။ စစ်အာဏာပိုင်တို့အတွက် ယူထားသော ဧရိယာသည် ၂ စတုရန်းမိုင်ဖြစ်သည်။

မြို့၏ မြောက်ဘက်ပိုင်း နယ်နိမိတ်သည် ကန်တွန်မင်ဘောင်ဒရီလမ်း (The Cantonment Boundary Road) နောင်တွင် ဝင်ဆာလမ်း (Windsor Road)နှင့် ဘောင်ဒရီးလမ်းဟု ခေါ်သည်။ လူနေအိမ်များသည် Tiger Alley ၌ ထူထပ်စွာရှိကြသည်။ အရှေ့တောင်ဘက်လမ်းဆုံသည် ပတ်လမ်း (Park Road) နှင့် ချာချီလမ်း (Churchill Road) ဖြစ်သည်။

မြို့၏ အရှေ့ဘက်တွင် ခေတ်မီအဆောက်အအုံကြီးများ ဆောက်လုပ်ထားသော ဗဟန်းလမ်း (Bahan Road)၊ တောင်ဘက်တွင် ကန်တော်ကလေးအထိ ကျယ်ပြန့်သော ဧရိယာရှိသည်။ လန်ကက်စတာလမ်းဟောင်းနှင့် ကန်တော်မင်လမ်း





ဟောင်းတို့တွင် နောင်အခါ၌ မီးရထားလမ်းဖောက်လုပ်ခဲ့သည်။

ကန်တော်မင်ဧရိယာသည် ရန်ကုန်မြို့၏ စည်ပင်သာယာနယ်နိမိတ်တစ်ခုလုံးအတွက် စီမံခန့်ခွဲသော အင်ဂျင်နီယာများ၊ သန့်ရှင်းရေးအတွက် စီမံပေးသော အင်ဂျင်နီယာများရှိပြီး မြူနီစပယ်ကော်မတီလည်း ရှိသည်။ ကန်တော်မင်ဧရိယာတွင် ရွှေတိဂုံဘုရားအပါအဝင် အနီးရှိ တောအုပ်များကို ခုတ်ထွင်ရှင်းလင်းထားသော ဧရိယာအထိ ပါဝင်သည်။ ကန်တော်မင်ဧရိယာတွင် ၁၈၅၄–၅၄ ခုနှစ်၌ ကလကတ္တား ရုက္ခဗေဒဥယျာဉ် (Botaic Gardens) မှ ပညာရှင် မစ္စတာစကောက်က ရုက္ခဗေဒဥယျာဉ်တစ်ခု တည်ဆောက်ခဲ့သည်။

ရန်ကုန် ကန်တော်မင်တွင် မဂိုဧကရာဇ်မင်းဆက်မှ နောက်ဆုံးဧကရာဇ် အဘူဇာဖာဗဟာဒူးရှား (Abu Zafar Bahadur Shah) ၏ ဂူသင်္ချိုင်းရှိသည်။ တပ်တွင်းပုန်ကန်မှုအရေးနိမ့်ပြီးနောက် မဂိုဧကရာဇ်၏ အဆက်အနွယ်မှ အမျိုးသား၊ ကလေး၊ လူကြီးအားလုံးကို ဗြိတိသျှတို့က ကျူပင်ခုတ်၊ ကျူငုတ်မကျန် သတ်ဖြတ်ပြီး ဇရာအိုအရွယ် မဟာဒူးရှားကို ရန်ကုန်မြို့သို့ ဖမ်းဆီးခေါ်ဆောင်ခဲ့သည်။ မဟာဒူးရှားသည် ၁၈၆၂ ခုနှစ်တွင် ကွယ်လွန်ခဲ့လေသည်။ မဟာဒူးရှားကို (Theatre Road) ၏ တောင်ဘက်ရှိ အကျဉ်းစံအိမ်အတွင်း မြှုပ်နှံသင်္ဂြိုဟ်ခဲ့သည်။

ထိုအချိန်က မြို့တွင်းဧရိယာကို လွန်သည်နှင့် တောအုပ်ကြီးများ ထူထပ်စွာရှိလေရာ သူခိုး၊ ဓားပြ၊ ဒုစရိုက်သမားတို့ လွန်စွာပေါများလေသည်။ ထို့ကြောင့် ရဲတပ်ဖွဲ့အင်အားကို လုံလောက်စွာ အသုံးပြုရသည်။ ထိုအချိန်က ရန်ကုန်မြို့ ဧရိယာလွန်သည်နှင့် လယ်ကွင်းများနှင့် တောအုပ်များသာ ရှိခဲ့သည်။ ရွာငယ်လေးများရှိသော်လည်း အိမ်ခြေနည်းလွန်းသည်။

မြူနီစီပယ်အရာရှိသည် မြို့၏ သာယာဝပြောရေး၊ လူးဆိုးဓားပြရန် ကင်းဝေးရေး အလုံးစုံကို တာဝန်ယူရသောကြောင့် မြို့ကို အခြေအနေပေးသလို ထပ်မံတိုးချဲ့ရသည်။ မြို့ကွက်ဖော်ဆောင်ပြီး ရလာသောမြေကွက်များကို စနစ်တကျရောင်းချပြီး စည်ပင်သာယာရေးအတွက် အသုံးပြုရသည်။ ၁၈၅၇–၆၀ တွင် မြို့သစ်မြေကွက်ဖော်ပြီး ရောင်းချရသော တန်ဖိုးသည် ရူပီး ၁၂ ကုဋေဖြစ်သည်။

၁၈၅၆ နှင့် ၁၈၆၂ တို့တွင် ရန်ကုန်မြို့တော် မြူနီစပယ်ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ သို့သော် နိုင်ငံသစ်၊ မြို့သစ်တည်သော ကိစ္စသည် ငှက်ပျောသီးအခွံနွာပြီး စားသလို လွယ်ကူသောကိစ္စ မဟုတ်ပေ။ ဗမာဘုရင်များလက်ထက်နှင့် မွန်ဘုရင်များ လက်ထက်တွင် သူခိုး၊ ဓားပြလွန်စွာပေါသည်။ ဒေသခံတို့သည် ...ပတတ်

www.burmeseclassic.com

www.burmeseclassic.com



မြောက်မှု မရှိကြ၊ အလုပ်အကိုင်စီးပွားရေး ကောင်းမွန်ခြင်း မရှိကြပေ။ ထိုသို့ အဖက်ဖက်က မပြည့်စုံသော အခြေအနေကို မြတ်ဗုဒ္ဓ၏ သားတော်များ ထိန်းကျောင်းထားသည့် လူ့အဖွဲ့အစည်းဖြစ်လင့်ကစား အရှုမတော့မှ သီလစောင့်နိုင်မည်ဖြစ်ရာ မည်သူ့ကိုမျှ အပြစ်မဆိုနိုင်ပေ။ ထို့ကြောင့် ဗြိတိသျှမြူနီစီပယ်အဖွဲ့သည် ရန်ကုန်မြို့ ငြိမ်ဝပ်ပိပြားရေးအတွက် ကြိုးပမ်းရာတွင် မြို့တွင်းကိုသာ တာဝန်ယူနိုင်ပြီး မြို့ပြင်အတွက် တာဝန်ယူနိုင်စွမ်း မရှိပေ။

ရဲတပ်ဖွဲ့အင်အား မည်မျှတိုးချဲ့ပါစေ လွန်စွာကျယ်ပြန့်သော ဧရိယာကို ထိန်းချုပ်ရန် ခက်ခဲလေသည်။ ရန်ကုန်မြို့သည် အနီးအနားဒေသအားလုံးနှင့် မနှိုင်းယှဉ်ကောင်းလောက်အောင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု လျင်မြန်လေရာ သူဌေးအလုပ်ကို သူဌေး လုပ်ကြသလို ဆင်းရဲသားများအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းပေါများလာသည်။ ဆိပ်ကမ်းကုန်တင်ကုန်ချ အလုပ်သမားတို့၏ ဝင်ငွေသည် မိုးရေရေထဲ၊ ရွှံ့ထဲမှာ မျှော့တွယ်၊ ကျွတ်တွယ်ခံပြီး နွားနှင့် ဖက်ပြီး ရုန်းကန်ရတဲ့ လယ်သမားတွေ ထက် ဝင်ငွေကောင်းသောကြောင့် လယ်ယာမြေ ကောင်းကောင်းမရှိသူများသည် စိုက်ပျိုး၍ ကောင်းစွာ မဖြစ်ထွန်းသည့် လယ်ယာမြေများကို စွန့်ပြီး ရန်ကုန်မြို့သို့ တက်၍ အလုပ်အကိုင်ရှာဖွေလုပ်ကိုင်ပြီး ရိုးသားစွာ အသက်အမွေးကြသည်။

အချို့တောသားများမှာ စရိုက်ကြမ်းသည်၊ နီးတတ်ဝှက်တတ်သည်။ အလုပ်ကို လက်ကြောတင်းအောင် မလုပ်တတ်ကြပေ။ ထိုအခါ အလုပ်ရှင်များက အလုပ်ထုတ်ပစ်ကြသည်။ တောကို စွန့်ပြီး မြို့တက်ခဲ့သည်။ မြို့ပေါ်မှာလည်း အဆင်မပြေသောအခါ တေလေဂျပိုးဘဝဖြင့် မြို့အစွန်အဖျားတွင် ခိုးဆိုးတိုက်ခိုက် လုယက်သူများဖြစ်လာကြလေတော့သည်။ မြို့၏ စီးပွားရေး တစ်ရှိန်ထိုး တိုးတက်ကောင်းမွန်လာသကဲ့သို့ တောအရပ်မှ ရွှေ့ပြောင်းလာကြသူများနှင့် လူဦးရေသည် အချိန်တိုတိုအတွင်း အဆမတန် တိုးပွားလာသောအခါ ရဲတပ်ဖွဲ့ဝင်အင်အား နည်းပါးနေသောကြောင့် ခိုးဆိုးတိုက်ခိုက် လုယက်မှုများနှင့် နောက်ဆက်တွဲပြန်ပေးမှု၊ လူသတ်မှု၊ မုဒိမ်းမှုများကို ရင်ဆိုင်လာကြသည်။

ထိုအချိန်က ကြည့်မြင်တိုင်နှင့် ပုဇွန်တောင်ရပ်ကွက်များရှိ ဆင်းရဲသားများထဲတွင် သူခိုး၊ ဓားပြများ ရောနှောနေထိုင်တတ်ကြသည်။ ၁၉၅၈ ခုနှစ်တွင် ဓားရှည်များ၊ လှံရှည်များကို ရှာဖွေသိမ်းဆည်းပြီးနောက် နောင်ဓားရှည်၊ လှံရှည်များ တွေ့ရှိပါက ဖမ်းဆီးအရေးယူမည်ဟု ပြတ်ပြတ်သားသား ဆောင်ရွက်ခဲ့ကြသည်။ ဥရောပသား ပုလိပ်အရာရှိ အင်စပတ်တော်များကို အိန္ဒိယရဲများနှင့်တွဲပြီး တာဝန်ပေးခဲ့သည်။ အစ





ပိုင်းတွင် ရာဇဝတ်မှုများ လုံးဝ ပျောက်ကင်းခဲ့သည်။ ဓားပြဂိုဏ်းများစွာကို အိန္ဒိယရဲပဲ့ကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

သို့သော် နောက်နှစ်များတွင် အိန္ဒိယရဲများသည် သူခိုး၊ ဓားပြများကို ထိရောက်စွာ နှိမ်နင်းနိုင်ခြင်း မရှိတော့ပေ။ ထို့ကြောင့် သက်ဆိုင်ရာမှ အကြောင်းစုံကို အသေးစိတ် စုံစမ်းသောအခါ အိန္ဒိယရဲသားတစ်ဦး၏ လစာသည် ၁၂ (ဆယ့်နှစ်)ရူပီးမှ ၁၅ (ဆယ့်ငါး)ရူပီးမျှသာရသည်။ သို့သော် လက်တွေ့တွင် အထက်အရာရှိများက လစာဖြတ်သောကြောင့် ၉ (ကိုး)ရူပီး နှင့် ၁၁ (ဆယ့်တစ်)ရူပီးမျှသာရသည်။ ထိုဝင်ငွေသည် ကူလီအထမ်းသမားတို့၏ ဝင်ငွေကို မယှဉ်နိုင်ပေ။ ထို့ကြောင့် သူခိုး၊ ဓားပြများသည် အိန္ဒိယရဲသားများနှင့် သင့်မြတ်အောင် ပေါင်းသင်းပြီး အပေးအယူလုပ်၍ ခွင့်ပြုသမျှ အတိုင်းအတာမျှသာ ခိုးဆိုးတိုက်ခိုက်ကြသည်။ အမှုကြီးများ၊ ရက်စက်သော အမှုများတော့ ပေါ်ပေါက်ခြင်း မရှိတော့ပေ။ သို့သော် မှုခင်းများကျဆင်းသွားခြင်းမရှိသည်ကို တွေ့ရလေသည်။ ၁၈၇၀–၇၁ ခုနှစ်တွင် ရဲတပ်ဖွဲ့အင်အားကို ၃၈ (သုံးဆယ့်ရှစ်ရာခိုင်နှုန်း) (38%) အထိ တိုးမြှင့်နိုင်ခဲ့သည်။

ရန်ကုန်မြူနီစီပယ်မှ ကြုံတွေ့ရသော နောက်ထပ်ပြဿနာကြီးတစ်ခုမှာ အညစ်အကြေး စွန့်ခြင်းဖြစ်သည်။ ဗမာတို့၏ အစဉ်အလာအရ ကျင်ကြီးကျင်ငယ် စွန့်ခြင်းမှစပြီး နေအိမ်ထွက် အမှိုက်များကို တောထဲပစ်သော အလေ့အထမျှသာရှိသည်။ယခုအခါ မြို့ပြစည်ပင်သာယာဖွံ့ဖြိုးလာသောအခါ အမှိုက်မျိုးစုံ စည်းကမ်းမဲ့ စွန့်ပစ်နိုင်သည့် တောများလည်း မရှိတော့ပေ။ မြို့သစ်တည်ချိန် ဒီဖိုင်းရေးဆွဲစဉ်အခါက အလွန်ကောင်းမွန်သော အညစ်အကြေး စွန့်သည့် စနစ်ပါသော်လည်း မကြာမီ အချိန်အတွင်း မြို့ကို ပတ်လည်တိုးချဲ့ရသောအခါ အသစ်တိုးချဲ့ချိန်တွင် ဘဏ္ဍာငွေလုံလောက်မှု မရှိသောကြောင့် စနစ်တကျ မလုပ်နိုင်၍ နောင်တွင် အခက်အခဲကြီးမားစွာ ကြုံတွေ့ရလေတော့သည်။ မြို့ပြင်ရပ်ကွက်များတွင် ရေများများ နက်နက်တူးခြင်း၊ မိလ္လာတွင်းများတူးခြင်း၊ စည်ပင်အမှိုက်သိမ်းအဖွဲ့ကို အသုံးပြုခြင်းဖြင့် ဖြေရှင်းခဲ့ကြသည်။ သို့သော် အညစ်အကြေးများ လုံးဝကင်းစင်သည်တော့ မဟုတ်ပေ။ ထိုခေတ်က Police Magistrate ရေးသားသော ဆောင်းပါးကို Rangoon Chronicle ၌ အောက်ပါအတိုင်းဖော်ပြထားပါသည်။

"မြို့ရဲ့နေရာအနှံ့အပြားမှာ ချေးသေကောင်တွေ ပုပ်ပွနေတာတွေ့ခဲ့ရပါတယ်။ ချေးများ၊ ကြောင်များသာမက ဆင်းရဲသားရပ်ကွက်များတွင် ကလေးများသည် [illegible] တွင် မစင်စွန့်ကြသည်။ ကျွဲနွားနှင့် ဝက်များကို မြို့စွန်ပိုင်းရှိ အိမ်များ၌ စည်းကမ်းမဲ့



www.burmeseclassic.com

www.burmeseclassic.com



သတ်ဖြတ်ကြသည်။ သတ်ဖြတ်ရာမှ ထွက်ပေါ်လာသော အညစ်အကြေးများနှင့် သွေးများကို စည်းကမ်းမဲ့စွန့်ပစ်ထားကြသည်။ လူသွားလမ်းပေါ်တွင် ဟင်းသီးဟင်းရွက် စိုက်ခင်းများ ရှိနေသည်။ ရန်ကုန်ကို ပြောရလျှင်တော့ ရန်ကုန်မြို့စွန်ရှိ ဆင်းရဲသား ရပ်ကွက်များ၏ အခြေအနေသည် အဆင့်အတန်းနိမ့်ကျလွန်းသည်ဟု ဆိုရပေမည်''ဟု ရေးသားခဲ့သည်။

၁၈၆၁ ခုနှစ်တွင် ကော်မရှင်နာမင်းကြီးကလည်း အောက်ပါအတိုင်း မှတ်ချက်ရေးသားခဲ့သည်။

''စည်းမဲ့ကမ်းမဲ့ ပရမ်းပတာဖြစ်နေသော ရန်ကုန်မြို့စွန် တိုးချဲ့ရပ်ကွက်များ၏ သန့်ရှင်းရေးအတွက် ဘယ်ကနေဘယ်လိုစပြီး လုပ်ပေးရမလဲဆိုတာ မသိနိုင်တော့ပါ''ဟု စိတ်ညစ်ပြီး ရေးသားခဲ့ဖူးသည်။

၁၈၆၅ ခုနှစ်၊ ဇူလိုင်လတွင်း ရန်ကုန်မြို့ အမှိုက်သိမ်းအဖွဲ့ကို စနစ်တကျ ဖွဲ့စည်းလိုက်သည်။ မဂိုလမ်း၏ အရှေ့ပိုင်းနှင့် အနောက်ပိုင်းဟူ၍ မြေနှစ်ခုခွဲခြားပြီး လူနေရပ်ကွက်များနှင့် ဈေးများကို ဝင်ရောက်စစ်ဆေးကြသည်။

ရန်ကုန်မြို့တွင်း၌ ဒုက္ခအပေးဆုံးသည့် လူဆိုး၊ သူခိုးများမဟုတ် ပိုင်ရှင်မဲ့ ခွေးလေခွေးလွင့်များ ဖြစ်သည်။ ဆင်းရဲသားဗမာများသည် စေတနာ၊ သဒ္ဓါတရားထက် သန်ကြသောကြောင့် ခွေးလေခွေးလွင့်များကို ကျွေးထားကြသည်။ ခွေးများမှာ ဝဝ လင်လင် စားသောက်ရသောကြောင့် အရေအတွက် အဆမတန်တိုးပွားလာသည်။ တွေ့ကရာမြင်ကရာ ဟောင်တတ်သည်၊ ကိုက်တတ်သည်၊ ရပ်ကွက်ထဲမှ ခွေးပြဿနာ တော်တော်ဆိုးလာသည်။ အဆိုးဆုံးမှာ မိုးအကုန်၊ ဆောင်းအကူး၊ ဗမာတို့က ခွေးရူး ရောဂါထသောအချိန်ဟု ဆိုကြသည်။ ထိုအချိန်ကာလတွင် ခွေးရူးပြန်ရောဂါကြောင့် သေဆုံးသူ အရေအတွက် အလွန်များလာသည်။ ထိုအချိန်က ခွေးရူးပြန်ရောဂါကုသရန် ဆေးဝါးလည်း လုံးဝမရှိသေးပါ။ တစ်လမ်းတည်းသာ ရှိတော့သည့် ပိုင်ရှင်မဲ့ ခွေးလေ ခွေးလွင့်များကို သုတ်သင်ရှင်းလင်းဖို့ ကြိုးပမ်းရလေသည်။

အမှတ် ၄၅ တပ်မှ စစ်သားတစ်ဦး ခွေးကိုက်ခံရပြီးနောက် ခွေးရူးပြန်ရောဂါနှင့် သေဆုံးခဲ့ရသောကြောင့် ခွေးရူးနှိမ်နင်းရေး၊ ခွေးလေခွေးလွင့် နှိမ်နင်းကို မြူနီစပယ် နှင့် လက်တွဲပြီး လုပ်ခဲ့ကြလေသည်။

၁၈၆၀-၆၁ တွင် ရရှိသော မြူနီစပယ်အခွန်ငွေသည် ရူပီး ၃၇၀၀၀ (သုံးသောင်းခုနစ်ထောင်)ဖြစ်ပြီး ရဲတပ်ဖွဲ့ကို ပေးခဲ့ရသော လစာငွေသည် ရူပီး ၃၅၀၀၀ (သုံးသောင်းငါးထောင်) ဖြစ်သည်။ သို့သော် ရဲတပ်ဖွဲ့ကို ပေးရသော လစာငွေမှာ





ပုံသေဖြစ်သော်လည်း မြူနီစီပယ် အခွန်ငွေသည် နောက်နှစ်တွင် ရူပီး ၉၀၀၀၀ (ကိုးသောင်း)အထိ တိုးတက်များပြားလာသောကြောင့် ရန်ကုန်မြို့တော် စည်ပင်သာယာ ရေးအတွက် ပို၍ ကောင်းမွန်အောင် ဆောင်ရွက်လာနိုင်သည်။ လမ်းဟောင်းပြုပြင်ခြင်း၊ လမ်းသစ်ဖောက်ခြင်း၊ တံတားဟောင်းပြုပြင်ခြင်း၊ တံတားအသစ်ဆောက်ခြင်း၊ တောများ ရှင်းခြင်း၊ ချိုင့်ခွက်များ၊ ရေအိုင်များ ဖို့ခြင်းကို ပြုလုပ်နိုင်ခဲ့သည်။

၁၈၆၀-၆၁ တွင် ရန်ကုန်မြို့ရှိ လူဦးရေသည် ၅၅၆၈၄ (ငါးသောင်းငါးထောင် ခြောက်ရာ ရှစ်ဆယ့်လေးယောက်) မျှသာ ရှိပြီး မြို့ကို ပြုပြင်ထိန်းသိမ်းရမည့်လုပ်ငန်း ပမာဏကြီးမားသောကြောင့် ပြည်သူလူထုသည် အခွန်ငွေများစွာ ပေးခဲ့ရသည်။ နောင် တွင် လူဦးရေအဆမတန် တိုးလာသောအခါ အခွန်ငွေကို အထိုက်အလျောက် လျှော့ချ ပေးခဲ့သောကြောင့် ပြည်သူများသက်သာခဲ့သည်။

၁၈၇၃-၇၄ ခုနှစ်တွင် ရန်ကုန်မြူနီစီပယ်ကော်မတီကို တည်ထောင်ခဲ့သည်။ ပြီးနောက် စစ်တွေမြို့၊ မော်လမြိုင်၊ ပုသိမ်မြို့၊ ဟင်္သာတမြို့၊ ပြည်မြို့နှင့် တောင်ငူ မြို့များတွင် မြို့နယ်စည်ပင်သာယာကော်မတီများကို ဆက်လက်ဖွဲ့စည်းခဲ့သည်။ ၁၈၅၀ မှ ၁၈၇၀ အထိ ရန်ကုန်မြို့တွင် ပြဿနာကြီးကြီးမားမား မရှိခဲ့ပေ။

၁၈၆၉ ခုနှစ်တွင် ထီးတော်လဲလှယ်ရန်အတွက် မင်းတုန်းမင်းက တောင်းဆို သည်။ ရန်ကုန်သို့ လာပြီး ရွှေတိဂုံဘုရား ထီးတော်လဲလှယ်ခြင်း အပါအဝင် ပြုဖွယ် ရှိသော ကိစ္စများကို ပြုလုပ်ခွင့်ပေးထားခဲ့သော်လည်း မင်းတုန်းမင်းသည် ရန်ကုန်သို့ မလာသောကြောင့် ထီးတော်ကို မန္တလေးပို့ပေးခဲ့သည်။ ထို့နောက် ၁၈၇၀ တွင် ဗမာတို့၏ မင်းခမ်းမင်းနားဖြင့် ရွှေတိဂုံဘုရားကို ထီးတော်တင်ခြင်း ပြုလုပ်ခဲ့ကြလေသည်။

ထီးတင်ပွဲကို ကော်မရှင်နာမင်းကြီး ကိုယ်တိုင်ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။ ထီးတော်ကို မန္တလေးမှ သယ်ယူရာတွင် ဗြိတိသျှတို့၏ ရေနွေးငွေ့သင်္ဘောဖြင့် သယ် ဆောင်ပေးခဲ့သည်။ ထီးဟောင်းဖယ်ရှားပြီး ထီးသစ်တင်ခြင်းပွဲသည် လွန်စွာစည်ကား လှသည်။ နိုဝင်ဘာလ ၂၁ ရက်မှ ၂၆ ရက်နေ့အထိ ၅ ရက်တာသည် အလွန်ပင်ပန်း ခဲ့ရသော ရက်များဖြစ်သည်။ ထီးတင်ခြင်းကိစ္စပြီးသည်နှင့် ပုပ္ပားဝန်ထောက်လည်း မန္တလေးသို့ ပြန်လေတော့သည်။ ထီးတင်ပွဲတွင် ငြိမ်းဆင်ရာ၌ ဝါးလုံး ၅၀၀၀၀ (ငါး သောင်း) အသုံးပြုရသည်။ ကြိမ်ဖြင့် လက်ရာမြောက်စွာ ပြုလုပ်ထားသော လှေကားလေး များ အခုပေါင်း ၇၀ အထိ အသုံးပြုရသည်။ သစ်လုံးပိုးတိုင် (Poles) ရာပေါင်းများစွာ အသုံးပြုခဲ့ရသည်။ ထီးတော်နှင့် ရွှေဆိုင်းအတွက် ကုန်ကျငွေကို ဘုရင်မင်းမြတ်ပေးသော ပမာဏမှာ ရူပီး ၂၃၆၁၈၇ (နှစ်သိန်း သုံးသောင်း ခြောက်ထောင် တစ်ရာ ရှစ်ဆယ့်ခုနစ်)



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ရန်ကုန်မြို့သားများ လျှုဒါန်းသော ငွေသည် ရူပီး ၃၁၃၃၇ (သုံးသောင်း တစ်ထောင် သုံးရာ သုံးဆယ့်ခုနစ်) ဖြစ်သည်။ အဖိုးတန် ကျောက်မျက်ရတနာတန်ဖိုး မှာ ရူပီး ၁၅၀၇၉ (တစ်သောင်း ငါးထောင် ခုနစ်ဆယ့်ကိုး) ဖြစ်သည်။

ထီးတင်ပွဲနေ့တွင် လူထုပရိသတ် တစ်သိန်းကျော် ရှိလေသည်။ ထိုခေတ် ကာလ လူဦးရေနှင့်ဆိုပါက မတရားများလွန်းသည်ဟု ဆိုနိုင်သည်။ ရန်ကုန်မြို့ လူဦးရေသည် ထိုအခါက ၅၀၀၀၀ (ငါးသောင်း)မျှသာ ရှိသေးသည်။ ဘုရားပွဲရှိ လူတစ်သိန်းသည် ဧည့်သည်များဖြစ်ကြသည်။

အကောက်ခွန်ရာထူးမှ ပင်စင်ယူကာနီးတွင် မစ္စတာ အက်ဒဝ်သည် ထီးတင်ပွဲ တွင် သူတတ်စွမ်းသမျှ အကောင်းဆုံး အကူအညီပေးခဲ့သည်။ သူသည် ပင်စင်ယူပြီး သည်နှင့် ဘိလပ်သို့ ပြန်ရမည်ဖြစ်ရာ မပြန်မီတွင် အကောင်းဆုံး ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

Bibliography.


(1) A-Agabeg, Recollections and Reflections.
(2) Annual Reports on the Administration of British Burma, 1861-62.
(3) Annual Reports on The Administration of Pegy 1856-57 to1860-61.
(4) Fvincent, Land of the white Elephant.


■ ■ ■






၁၈၉၀ ခုနှစ်က ကျားလမ်း (Tiger Aller)

www.burmeseclassic.com

www.burmeseclassic.com




MESSRS. HEGT & CO.' PREMISES 1868




ဘားလမ်းရှိ ရိုးကုန်တိုက် ၁၈၈၃

www.burmeseclassic.com

www.burmeseclassic.com



၁၈၇၈ ခုနှစ်က စထရင်းလမ်း



အခန်း(၁၁)

## ခေတ်မီရန်ကုန်

(၁၈၇၄-၁၈၈၂)

၁၈၇၄ ခုနှစ်တွင် ရန်ကုန်မြူနီစီပယ်ဥပဒေကို ရေးဆွဲအတည်ပြုခဲ့သည်။ မြူနီစီပယ်အဖွဲ့ဝင်အားလုံးကို ရာထူးခန့်ခြင်း (သို့မဟုတ်) ရာထူးထုတ်ပယ်ခြင်းပြုလုပ်ရာတွင် ကော်မရှင်နာမင်းကြီး၏ ဆန္ဒတစ်ခုတည်းဖြင့် ပြုလုပ်နိုင်မည်ဖြစ်သည်။ ကော်မတီလူကြီးမှ စပြီး နောက်ဆုံးအထိ ကော်မရှင်နာမင်းကြီးက ခန့်အပ်နိုင်သည်။

မြူနီစီပယ်ကော်မတီသည် ရန်ကုန်မြို့တွင်းရှိ နေအိမ်တိုက်တာအဆောက်အအုံများကို အခွန်ဆောင်စေခြင်း၊ နွားလှည်းများ၊ မြင်းလှည်းများ၊ လှေများ၊ သင်္ဘောများကို အခွန်ကောက်ခံနိုင် သော အခွင့်အာဏာရှိသည်။ စက်များကို လိုင်စင်ထုတ်ပေးခြင်း၊ လှေသင်္ဘောငှားခြင်းနှင့် စည်ပင်သာယာရေးအသစ်များ တည်ဆောက်ခြင်းတို့အတွက် အခွင့်အာဏာရှိလေသည်။ အသားငါးများ ရောင်းဝယ်ခွင့်ပြုပေးခြင်း၊ သက်သတ်ရုံ၊ အမဲသတ်ရုံများကို လိုင်စင် ခွင့်ပြုပေးခြင်း၊ အခွန်ငွေကောက်ခံခြင်းများ ပြုလုပ်နိုင်သည်။ လမ်းများဖောက်လုပ်ခြင်း၊ ရေတွင်း၊ ရေကန်တူးခြင်းကို မြူနီစီပယ်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် လက်အောက်ခံဝန်ထမ်းတို့က တာဝန်ယူကြလေသည်။

ကော်မတီသည် စည်ပင်သာယာလုပ်ငန်းများကိုသာ ပူးပေါင်းဆောင်ရွက်သည် မဟုတ်ပေ။ မြို့ရှာငြိမ်ဝပ်ပိပြားရေးအတွက် ရဲလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း အကူအညီပေးရလေသည်။ ၁၈၇၄ တွင် ကော်မတီအဖွဲ့ဝင်အဖြစ် ၃၂ ဦးက ပုံသေ တာဝန်ယူပြီး အရန် ၆ ဦးသည် လိုအပ်သလို အကူအညီပေးရန်ဖြစ်သည်။

တာဝန်ခံများမှာ ပဲခူးတိုင်းမင်းကြီး၊ သန့်ရှင်းရေး ကော်မရှင်နာမင်းကြီး၊ မြို့အုပ် ချုပ်ရေးမှူး၊ လက်ထောက်အုပ်ချုပ်ရေးမှူး၊ အရက်ဖက်တာဝန်ခံဆရာဝန်ကြီးနှင့် မြို့ပြ အင်ဂျင်နီယာချုပ်တို့ဖြစ်ကြသည်။

ယဉ်မျိုးစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



အရာရှိများမှာ ကာနယ်အာဒက်(ရှ်)ဆာဂျင်မေဂျာ ဒဗလျူပီကာယ်လီ၊ ကပ္ပတိန်အိုင်ဗင်ဆွန်၊ မစ္စတာ ပီရူး၊ ဆာဂျင်မေဂျာအီတ်(ချ်)ဂရစ်ဖစ်နှင့် အီတ်(ချ်)အမ်မက်သသူးတို့ဖြစ်ကြသည်။ ထိုအရာရှိကြီးများ၏ လက်အောက်တွင် တာဝန်ခံအရာရှိ ၂၆ ယောက်ခန့်ထားသည်။

၁၈၅၈ ခုနှစ်တွင် မစ္စတာပီအေအက်ဒလတ်သည် စတင်အမှုထမ်းခဲ့ပြီး ၁၈၆၉ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။ ထို့ကြောင့် အဂ္ဂါအာမက်အစ်ဖနီကို တာဝန်ပေးခဲ့ရသည်။ သူသည် ရှီယာမွတ်စလင် ခေါင်းဆောင်တစ်ဦးဖြစ်သည်။

မြို့တော်စည်ပင်၏ ဘဏ္ဍာထိန်းအဖြစ် ဘင်္ဂလားဘဏ်မှ ဌာနေကိုယ်စားလှယ်နှင့် Treasurer Bank မှ ဌာနေကိုယ်စားလှယ်တို့ကို တာဝန်ပေးခဲ့လေသည်။ ရဲအင်စပတ်တာမင်းကြီးအဖြစ် ဘားမားကုမ္ပဏီမှ မစ္စတာ အမ်(လ်)ဟာနန်ဒက်(ဖ်)ကို တာဝန်ပေးခဲ့ကြသည်။ ရွှေတိဂုံဘုရား ဂေါပကလူကြီးများအဖြစ် မောင်ပေါ်၊ မောင်ဖိုးကြီးနှင့် မောင်ဖိုးရင်တို့ကို တာဝန်ပေးခဲ့သည်။ သူတို့သည် ချမ်းသာသော ကုန်သည်ကြီးများ ဖြစ်ကြသည်။ သူတို့သည် အက်ဒဝမ်လမ်း၌ နေကြသည်။ မြို့ပြအင်ဂျင်နီယာချုပ်အဖြစ် လက်ဖတင်နင်ကာနယ် ဒဗလျူအက်(စ်)အော်လီဖင့်ကို တာဝန်ပေးထားသည်။

အသစ်ခန့်လိုက်သော မြူနီစီပယ်ကော်မတီသည် ၁၀ စတုရန်းမိုင် ပတ်လည် ဧရိယာရှိသောမြို့ကို အလုံးစုံတာဝန်ယူထားရသည်။

၁၈၆၇ ခုနှစ်တွင် ရန်ကုန်မြို့ဧရိယာသည် အရှေ့ဘက်နှင့် မြောက်ဘက်တွင် ဟံသာဝတီလမ်းနှင့် ပြည်လမ်းဆုံသည်။ မြောက်ဘက်အစွန်ဆုံးဖြစ်ပြီး အရှေ့ဘက်အစွန်ဆုံးသည် နတ်ချောင်း (The Nat Chaung) အထိ ဖြစ်သည်။ နတ်ချောင်းမှ ပုဇွန်တောင်ချောင်းအထိ ဧရိယာအားလုံးသည် ရန်ကုန်မြို့၏ အရှေ့ဘက်နယ်နိမိတ်ဖြစ်သည်။ ၁၈၇၂ အထိ ရန်ကုန်လူဦးရေသည် ၈၉၇၄၅ (ရှစ်သောင်း ကိုးထောင်ခုနစ်ရာလေးဆယ့်ငါး) ယောက်ဖြစ်သည်။ ၁၈၇၃–၇၄ ခုနှစ်အတွက် မြူနီစီပယ်ရန်ပုံငွေသည် ရူပီး ၂၇၂၀၀၀ (နှစ်သိန်း ခုနစ်သောင်း နှစ်ထောင်) ဖြစ်သည်။ နောက်တစ်နှစ်တွင် ရူပီးငွေ ၂၇၃၀၀၀ (နှစ်သိန်းခုနစ်သောင်း သုံးထောင်)မျှသာ တိုးတက်ရရှိလေသည်။

ထို့နောက် ကော်ပြာလုပ်ငန်းနှင့် ပုံနှိပ်လုပ်ငန်းထွန်းကားလာခဲ့သည်။ ရန်ကုန်တွင် ကြေးနန်းဆက်သွယ်ရေးရုံး တည်ဆောက်ခဲ့သည်။ ထို့နောက် စင်ကာပူ မြူနီစီပယ်နှင့် ဆက်သွယ်ခဲ့သည်။ နောက် အချိန်ပိုင်းကျန်းမာရေးစောင့်ရှောက်မှုရုံးကို ဖွင့်လှစ်ခဲ့သည်။ အရာရှိကို လစာအဖြစ် ရူပီး ၁၀၀ (တစ်ရာ)ပေးခဲ့သည်။ ထို့နောက် အုပ်ချုပ်ရေး ပိပြင်လာပြီး ရုံးဌာနများစွာ တစ်ခုပြီးတစ်ခု ပေါ်ပေါက်လာသောအခါ





စာရေးဝန်ထမ်း လိုအပ်ချက်မြင့်မားလာသည်။ ကနဦးတွင် ဗမာလူမျိုးပညာတတ်မရှိသေးသောကြောင့် အိန္ဒိယသား ခေတ်ပညာတတ် အရာရှိကြီးများနှင့် စာရေးများစွာကို ခန့်ထားပြီး အစိုးရအုပ်ချုပ်ရေးစနစ် ပိပြင်စွာ လည်ပတ်စေရန် ကြိုးပမ်းခဲ့ကြသည်။

အုပ်ချုပ်ရေးအရာရှိ ၁၉ (ဆယ့်ကိုးဦး)၏ လက်အောက်တွင် တာဝန်ထမ်းဆောင်ကြသော စာရေးအရေအတွက် ၆၆၈ (ခြောက်ရာခြောက်ဆယ့်ရှစ်ဦး) ရှိခဲ့သည်။ သူတို့ကို လစာအပြင် ရူပီး ၈၇၂၅ (ရှစ်ထောင် ခုနစ်ရာ နှစ်ဆယ့်ငါး)ပေးရသောကြောင့် တစ်နှစ်အတွက် ကုန်ကျငွေပမာဏသည် ရူပီး ၁၀၀၇၇၀၀ (တစ်သိန်းလေးထောင့်ခုနစ်ရာ) ဖြစ်သည်။

ထိုအချိန်ကလမ်းများပေါ်တွင် နွားလှည်းများ မောင်းနေကြသောကြောင့် လမ်းများ လွန်စွာပျက်စီးသည်။ ထို့ကြောင့် စည်ပင်သာယာရေးအဖွဲ့သည် လမ်းပြင်ခြင်းကို အစဉ်အမြဲ ပြုလုပ်နေရသည်။

ရာသီဥတု သုံးပါးအနက် မိုးရာသီကာလရှည်လျားပြီး လွန်စွာဒုက္ခပေးသည်။ လမ်းများသည် ရွံ့ဗွက်ထနေတတ်သည်။ ထို့ကြောင့် လှည်းလမ်းကြောင်းများကို ကန့်သတ်ပြီး လမ်းဟောင်းများတွင် မောင်းခွင့်ပေးလိုက်သည်။ လမ်းသစ်များကို အထူးကောင်းမွန် ခိုင်ခံ့စွာ တည်ဆောက်ပြီး မြင်းရထားများကိုသာ သွားလာခွင့်ပေးခဲ့သည်။

၁၈၇၅ ခုနှစ် ဖွန်လမှ စပြီး လမ်းမီးတိုင်များ တပ်ဆင်ပေးခဲ့သည်။ ရန်ကုန်မြို့တွင်း အချက်အချာနေရာများတွင် ရေနံဆီမီးအိမ် ၄၉၈ ခု တပ်ဆင်ပေးခဲ့သည်။ ညနေစောင်းတွင် မီးထွန်းပေးပြီး နံနက်မိုးစင်စင်လင်းသည်နှင့် မီးအိမ်များမှ မီးများကို ငြိမ်းသတ်ကြသည်။

၁၈၇၃ ခုနှစ်မှစပြီး မြို့တွင်းသန့်ရှင်းရေးအတွက် မိလ္လာများကို မြင်းလှည်း၊ နွားလှည်းများဖြင့် နေ့စဉ်သယ်ဆောင်ပြီး မြစ်အတွင်း၌ စနစ်တကျ စွန့်သောစနစ်ကို ကျင့်သုံးခဲ့သည်။

၁၈၇၆–၇၇ ခုနှစ်တွင် ရန်ကုန်မြို့ လူဦးရေသည် အဆမတန်တိုးပွားလာပြီဖြစ်သောကြောင့် မူလရှိပြီးဖြစ်သော ရေတွင်း၊ ရေကန်များနှင့် လုံလောက်မှုမရှိတော့ပေ။ ထို့ကြောင့် မြို့ပြင်မှ ရေသန့်ရေကောင်းရသော စမ်းချောင်းများမှ ရေကို လှည်းများဖြင့် သယ်ယူကြခြင်းနည်းကို သုံးခဲ့သည်။ ရေသန့်ကို သောက်သုံးရန်ဖြစ်သည်။ မသန့်သောရေကို မီးသတ်ကိစ္စအတွက် အသုံးပြုသည်။ မြို့ရေပေးဝေရေးအင်ဂျင်နီယာအဖွဲ့မှ မစ္စတာ အီတ်(ချ်)အမ်မက်သသူးကိုယ်တိုင် ဦးဆောင်ပြီး အင်းယားကန်မှ ရေများကို သန့်စင်ပြီး အသုံးပြုနိုင်ရန် စီစဉ်ခဲ့ရာ ထိုခေတ် အတိုင်းအတာအရ အဆင်ပြေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရေမပြတ်လပ်စေရန်အတွက် မြို့၏ အရှေ့တောင်ဘက်တွင် ရေကန်ကြီး ၂ ခု ပြုလုပ်ခဲ့သည်။ ပုဇွန်တောင်ချောင်းမှ ရေကို တူးမြောင်းဖြင့် သွယ်ပြီး ရေကန်ကြီးနှစ်ခုထဲကို ထည့်ပေးခဲ့သည်။ ရေသန့်ထုတ်လုပ်သော စနစ်သည် ကုန်ကျစရိတ်အလွန်များခဲ့သည်။ ရှူပီး ၃ ကျပ်မှ ရူပီး ၄ ကုဋေကြား ကုန်ကျခဲ့သည်။ သို့သော် အားနည်းချက်မှာ ဝမ်းလျှောရောဂါပိုး ပါဝင်မှုနှုန်း မြင့်မားနေခြင်းကြောင့် ရေသန့်ပြုပြင်စရိတ် အလွန်မြင့်မားသောကြောင့် ပုဇွန်တောင်ချောင်းမှရေကို သုံးရေအတွက်သာ အသုံးချပြီး သောက်ရေအတွက် ရေသန့်အလွန်ပေါပြီး မြို့တွင်း၌ သွားလာရလွယ်ကူသလို အကွာအဝေးနီးသော ကုက္ကိုင်းနှင့် ပြည်လမ်းထောင့်တွင် ရေကန်ကြီး တည်ဆောက်ခဲ့သည်။ မြို့တွင်းနှင့် အကွာအဝေးခြောက်မိုင်ခန့်သာ ကွာဝေးလေသည်။

၁၈၇၀ အထိ အစိုးရကျောင်း ၇၁ ကျောင်းတွင် ကျောင်းသား ၂၉၄၉ ယောက် ရှိပြီး ကျောင်းသူ ၇၂၃ ယောက်ရှိခဲ့သည်။

၁၈၇၇ ခုနှစ်တွင် ရန်ကုန်နှင့် ပြည်မြို့ကို ဆက်သွယ်သော မီးရထားလမ်းဖောက်လုပ်ခဲ့သောကြောင့် ရန်ကုန်မြို့မှ ပြည်မြို့အထိ ဆက်သွယ်ရေးလွန်စွာကောင်းလာပြီး စီးပွားရေး လွန်စွာ တိုးတက်လာခဲ့သည်။

၁၈၆၉ ခုနှစ်တွင် ရူးအက်တူးမြောင်းကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သောအခါ ဗမာပြည်သည် ကမ္ဘာ့ကုန်သွယ်ရေကြောင်းလမ်းတွင် အရေးပါသော နေရာဖြစ်လာသည်။ သို့သော် ထိုအချိန်တွင် ဗမာဘုရင့်နိုင်ငံတော်သည် ကုန်းတွင်းပိတ်နိုင်ငံဖြစ်နေသည်။ စစ်တွေဆိပ်ကမ်းမြို့၊ ပုသိမ်ဆိပ်ကမ်းမြို့၊ ရန်ကုန်ဆိပ်ကမ်းမြို့ကြီး၊ မော်လမြိုင်ဆိပ်ကမ်းမြို့၊ ထားဝယ်ခရိုင်ဆိပ်ကမ်းမြို့၊ မြိတ်ဆိပ်ကမ်းမြို့များသည် ကမ္ဘာ့ကုန်သွယ်ရေးလမ်းကြောင်းတွင် အရေးပါသော ဆိပ်ကမ်းမြို့ကြီးများဖြစ်ပေါ်လာသည်။

ရန်ကုန်နှင့် ဥရောပသို့သွားသော ကုန်ကျစရိတ်များစွာ လျော့ကျသွားလေရာ ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးမှုသည် ကြောက်မက်ဖွယ်ကောင်းလောက်အောင် တိုးတက်လာခဲ့သည်။

၁၈၇၃–၇၄ ခုနှစ်တွင် သွင်းကုန်တန်ဖိုး ရူပီး ၃၂၆၀၉၄၈၀ (သုံးရာ နှစ်ဆယ့်ခြောက်သိန်း) ရှိခဲ့သည်။ ထုတ်ကုန်တန်ဖိုး ရူပီး ၃၄၅၆၆၄၈၈ (သုံးရာလေးဆယ့်ငါးသိန်းခြောက်သောင်းခြောက်ထောင်လေးရာ ရှစ်ဆယ့်ရှစ်) ရှိခဲ့သည်။ ၁၈၇၇–၇၈ ခုနှစ်တွင် သွင်းကုန်ပမာဏ ရူပီး ၃၇၇၇၇၂၄၉ (သုံးရာခုနှစ်ဆယ့်ခုနှစ်သိန်း ခုနှစ်သောင်း ခုနှစ်ထောင် နှစ်ရာလေးဆယ့်ကိုး) ရှိသည်။ ထုတ်ကုန်တန်ဖိုးသည် ၄၄၁၄၃၀၁၅ (လေးရာလေးဆယ့်တစ်သိန်း လေးသောင်းသုံးထောင်တစ်ဆယ့်ငါး)အထိ ရှိလာသည်။ ထုတ်ကုန်





အများစုသည် ဆန်စပါး ဖြစ်သည်။ ရူးအက်တူးမြောင်းကြောင့် သယ်ယူစရိတ်များစွာသက်သာသောကြောင့် အာရှမှ ဆန်များကို ဥရောပမှ ဝယ်ယူလာကြခြင်းဖြစ်သည်။ ထိုအခါ ရန်ကုန်ဆိပ်ကမ်းသည် ကမ္ဘာပေါ်တွင် ကုန်ပစ္စည်း အများဆုံးတင်ပို့သော ဆိပ်ကမ်းကြီးတစ်ခုဖြစ်လာခဲ့သည်။

၁၈၇၃ တွင် ဆန်စပါး ၂၂၆ ကုဋေ (Rs-226 lakhs) ထုတ်လုပ်ခဲ့သည်။ နောက်နှစ် ၁၈၇၄ တွင် ဆန်စပါးရောင်းချငွေသည် ၃၀၂ ကုဋေ (Rs-302 lakhs) အထိ ရှိလာသည်။ ကျွန်းသစ်အတွက် ရောင်းရငွေသည် ရူပီးငွေ ကုဋေ ၂၀ ဖြစ်သည်။ နောက်တစ်နှစ်တွင် ရူပီးငွေ ၂၇ ကုဋေအထိ တိုးတက်ခဲ့သည်။

၁၈၇၇ ခုနှစ်တွင် ရန်ကုန်မြို့၏ စီးပွားရေးလုပ်ငန်းများသည် လွန်စွာ ဖွံ့ဖြိုးတိုးတက်နေသောကြောင့် ထိန်းချုပ်ရန်အတွက် The Chamber of Commerce ကို ဖွဲ့စည်းခဲ့သည်။

သင်္ဘောလုပ်ငန်းလည်း တိုးတက်လေသည်။ ၁၈၇၀–၇၁ တွင် ဆိပ်ကမ်းသို့ ဝင်ရောက်ဆိုက်ကပ်သော သင်္ဘောအရေအတွက်သည် ၆၈၉ စီးရှိသည်။ တန်ချိန် ၃၁၃၉၉၈ (သုံးသိန်း တစ်သောင်း သုံးထောင် ကိုးရာ ကိုးဆယ့်ရှစ်) အထိရှိသည်။

၁၈၈၀–၈၁ တွင် ဆိပ်ကမ်းသို့ ဝင်ရောက်ဆိုက်ကပ်သော သင်္ဘောအရေအတွက်သည် ၈၇၄ စီးရှိလာပြီး ကုန်ပစ္စည်းတန်ချိန် ၅၉၈၃၀၃ (ငါးသိန်း ကိုးသောင်း ရှစ်ထောင် သုံးရာသုံးတန်) ရှိလေသည်။

၁၈၇၄ ခုနှစ်မှစ၍ မြူနီစီပယ်ကော်မတီသည် ဆိပ်ကမ်းထိန်းချုပ်ကွပ်ကဲမှုကို ကြပ်ကြပ်မတ်မတ်လုပ်ခဲ့သည်။

၁၈၇၆ ခုနှစ်တွင် အထူးစထရင်းဘဏ် (Special. Strand Bank) ကော်မတီကို ဖွဲ့စည်းခဲ့သည်။

၁၈၇၉ ခုနှစ်တွင် ဆိပ်ကမ်းကော်မရှင်နာ အက်ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။

၁၈၈၀ ဇွန်လ ၁ တွင် အဖွဲ့ဝင်ဟောင်းအများ နုတ်ထွက်ပြီး အဖွဲ့ဝင်သစ်များက တာဝန်ကို လွှဲပြောင်းရယူခဲ့ကြသည်။ ၁၈၇၁ ခုနှစ်တွင် ဗြိတိသျှရေနံကုမ္ပဏီသည် ဗမာပြည်မှ ရေနံများကို ဝယ်ယူပြီး ချက်လုပ်ခဲ့ကြသည်။ ထို့နောက် ၁၈၇၆ ခုနှစ်တွင် ဗမာပြည်၌ ဘီအိုစီကုမ္ပဏီ (The Burma Oil Company) ကို တည်ထောင်ခဲ့သည်။

၁၈၇၉ ခုနှစ်တွင် စီးပွားရေးလုပ်ငန်း လွန်စွာထွန်းကားနေသောကြောင့် နိုင်ငံတကာ ကုန်သွယ်ရေးလုပ်ငန်း ထွန်းကားစေရန်အတွက် အိန္ဒိယချာတာမာကင်တိုင်းဘဏ် (The Chartered Mercantile Bank of India) သည် ရန်ကုန်မြို့၌ ရုံးခွဲ



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်လှစ်ခဲ့သည်။ စထရင်းလမ်းတွင် ချာတာဘဏ်ရုံးခွဲဖွင့်လှစ်ခဲ့သည်။ သို့သော် ၁၈၉၂ ခုနှစ်တွင် ရုံးခွဲကို ပြန်ပိတ်လိုက်သည်။

ရန်ကုန်မြို့၏ လူဦးရေသည် တဟုန်းထိုး တိုးတက်လာသောအခါ စာပေ လုပ်ငန်းလည်း ဖွံ့ဖြိုးလာသည်။

၁၈၇၈ ခုနှစ်နှင့် ၁၈၇၉ ခုနှစ်တို့တွင် ရန်ကုန်ဒေးလီးမေးသတင်းစာ (Rangoon Daily Mail) နှင့် ဒေးရီဗျူးသတင်းစာ (Daily Review) တို့ ပေါ်ပေါက်လာကြသည်။ ထိုသတင်းစာများတွင် အင်္ဂလိပ်လို ရေးသားကြသည်။ ထို့နောက် ဗမာလိုရေးသော Burma Herald သတင်းစာပေါ်လာသည်။ ထို့နောက် တိုင်း(မ်)သတင်းစာ (Time)နှင့် ဂေဇက် (Gazette) တို့ ပေါ်လာသည်။ ၁၈၈၀ တွင် ဟံသာဝတီတိုက်မှ ထုတ်ဝေသော လစဉ်ထုတ်မဂ္ဂဇင်းများ ပေါ်လာသည်။

ရန်ကုန်မြို့၏ စီးပွားရေးလွန်စွာ တိုးတက်လာသောအခါ စီးပွားရေးလုပ်ကိုင်မှု ကျွ ကျင်သော အိန္ဒိယသားများကသာလျှင် ကုန်ထုတ်လုပ်ငန်း၊ ကုန်သွယ်လုပ်ငန်း များကို ဥရောပသားတို့နှင့် ယှဉ်ပြိုင် လုပ်ကိုင်နိုင်ခဲ့ပြီး ဗမာတို့သည် အနည်းငယ်မျှ ကုန်သွယ်လုပ်ငန်း၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းများ လုပ်ကိုင်ကြပြီး အများစုသည် ဆင်းရဲချို့တဲ့ကြသည်။

၁၈၇၂ ခုနှစ် စာရင်းအရ ရန်ကုန်မြို့ရှိ အိန္ဒိယသားအရေအတွက်သည် ၁၆၀၀၀ (တစ်သောင်း ခြောက်ထောင်)ရှိရာ မြို့လူဦးရေ၏ ၁၆ ရာခိုင်နှုန်း ဖြစ်သည်။

၁၈၈၁ ခုနှစ်တွင် အိန္ဒိယသားအရေအတွက်သည် ၆၆၀၀၀ (ခြောက်သောင်း ခြောက်ထောင်)အထိ တိုးတက်ခဲ့သောကြောင့် ရန်ကုန်မြို့လူဦးရေ၏ ၄၄ ရာနှုန်း ဖြစ်သည်။ ထိုအချိန်က ရန်ကုန်မြို့ရှိ ဗမာလူဦးရေသည် ၆၇၀၀၀ (ခြောက်သောင်း ခုနစ်ထောင်)မှ ၆၉၀၀၀ (ခြောက်သောင်း ကိုးထောင်)မျှသာရှိသည်။ ထို့ကြောင့် ၅၀ ရာခိုင်နှုန်းမျှသာ ရှိလေသည်။

ထိုအိန္ဒိယသားများအနက် လူချမ်းသာကြီးများနှင့် ဆင်းရဲသားအခြေအနေမဲ့များ သာလျှင် အိန္ဒိယမှ လာခဲ့ကြပြီး အများစုသည် ယခင်ရာစုနှစ်ပေါင်းများစွာကတည်းက မွန်တို့ဒေသနှင့် တနင်္သာရီတစ်ကြောတွင် ဒေသခံတို့နှင့် သွေးနှောခဲ့ကြသူများသာ ဖြစ်လေရာ လူဝင်မှုကြီးကြပ်ရေးဥပဒေအရ ထိန်းချုပ်ရန် လုံးဝ မဖြစ်နိုင်ပေ။

လုပ်ငန်းရှင်သူဌေးကြီးများ ဝင်ရောက်မှုကိုလည်း ဟန့်တားရန် မလိုသည့်အပြင် အခွင့်အရေးများ ပေးရသည်။ အိန္ဒိယအလုပ်ကြမ်းသမားများသည် လုပ်ခလစာနည်းငယ် ဖြင့် ပင်ပန်းကြီးစွာ လုပ်ကိုင်နိုင်ကြသလို ဆိပ်ကမ်း ကုန်တင်ကုန်ချလုပ်ငန်းကိုလည်း





အိန္ဒိယအလုပ်သမားများက ပို၍ ကျွမ်းကျင်ကြသည်။ ၁၈၇၂ မှ ၁၈၈၁ အတွင်းရှိ ရန်ကုန်မြို့ လူဦးရေကို အောက်ပါဇယား၌ ဖော်ပြထားပါသည်။

## ၁၈၇၂ မှ ၁၈၈၁ အတွင်း လူဦးရေ

| | | ၁၈၇၂ ခုနှစ် | ၁၈၈၁ ခုနှစ် |
|---|---|---|---|
| ၁။ | ဗမာ | ၅၉၉၁၈ | ၆၄၉၄၈ |
| ၂။ | ကရင် | - | ၁၇၁ |
| ၃။ | ကပြားများ | ၉၃၈၈ | ၁၈၉၀ |
| ၄။ | စုစုပေါင်း | (၆၉၃၀၆) | (၆၇၀၀၉) |
| ၅။ | ဟိန္ဒူ | ၁၅၂၆၁ | ၄၄၉၀၈ |
| ၆။ | မွတ်စလင် | ၄၁၆ | ၂၁၁၆၉ |
| ၇။ | စုစုပေါင်း | (၁၅၆၇၇) | (၆၆၀၇၇) |
| ၈။ | တရုတ် | ၃၁၈၁ | ၃၇၅၂ |
| ၉။ | ဥရောပသားများ | ၃၈၆၇ | ၂၈၁၅၆ |
| ၁၀။ | အင်္ဂလိပ်-အိန္ဒိယကပြား | - | ၁၄၈၇ |
| ၁၁။ | အာမေးနီးယန်း | ၁၈၇ | ၅၅ |
| ၁၂။ | ဂျူးလူမျိုး | ၈၃ | ၁၇၂ |
| | စုစုပေါင်းလူဦးရေ | (၉၈၁၃၈) | (၁၃၄၁၇၆) |

ရှုးအက်တူးမြောင်းကြီးကို အောင်မြင်စွာ ဖွင့်လှစ်နိုင်သောကြောင့် ရန်ကုန်ဆိပ် ကမ်းမှ ဆန်များကို ဥရောပသို့ တင်ပို့ရောင်းချသောလုပ်ငန်း အကြီးအကျယ်ထွန်းကားလာ သောအခါ မြေဩဇာကောင်းပြီး စိုက်ပျိုးလယ်မြေကများစွာရှိသော ဧရာဝတီမြစ်ဝ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းပေါ်ဒေသရှိ လယ်ကွင်းများအတွက် အလုပ်သမားများစွာ လိုသောကြောင့် အိန္ဒိယမှ လယ်မြေယာမြေမဲ့ ဆင်းရဲသားလယ်ကူလီများအတွက် ကျယ်ပြန့်သော အလုပ်အကိုင်ဈေးကွက်ဖြစ်လာခဲ့သည်။

အိန္ဒိယသားတို့သည် မတ်၊ ဧပြီ၊ မေလများတွင် ဝင်ရောက်လာကြပြီး ၂ နှစ်ခန့် ဆက်တိုက်အလုပ်လုပ်ကြပြီး နိုဝင်ဘာလ၊ ဒီဇင်ဘာလများတွင် လုပ်အားခငွေများ ပိုက်ပြီး အိန္ဒိယသို့ ပြန်ကြလေသည်။ အိမ်ထောင်သည်များ အိန္ဒိယသို့ ပြန်ကြသော်လည်း အိန္ဒိယတွင် အိမ်ထောင်မရှိသော ဆင်းရဲသားလယ်ကူလီ၊ လူပျိုလူလွတ်များသည် ရန်ကုန်ဆိပ်ကမ်းတွင် ကြုံသလို တဲလေးများထိုးပြီး နေကြသည်။ မြို့စွန်များမှ ဗမာရပ်ကွက်များတွင် ဗမာဆင်းရဲသားများနှင့် ရောနှောပြီး ယာယီတဲများထိုး၍ နေကြရာ မြို့တော်မြူနီစပယ်အဖွဲ့သည် ကျူးကျော်တဲများကို လိုက်လံရှင်းလင်းပြီး မြို့ပြင်ရှိ တိုးချဲ့ရပ်ကွက်များတွင် နေရာချထားပေးခဲ့ရသည်။ ကျူးကျော်တဲများတွင် နေထိုင်ကြသူများသည် ရေနှင့် မိလ္လာပြဿနာကို ဖြစ်သလို ဖြေရှင်းရာ မြို့တော်သန့်ရှင်းရေးနှင့် သာယာရေးအတွက် အကြီးအကျယ်ပြဿနာ ဖြစ်စေသည်။

၁၈၇၀ မှ ၁၉၀၀ ပြည့်နှစ်အထိ ရန်ကုန်မြို့သည် စီးပွားရေး လွန်စွာတိုးတက်ကောင်းမွန်လာခဲ့သော်လည်း တည်းခိုခန်းများ၊ ဟိုတယ်များ ကောင်းကောင်းမွန်မွန် မရှိသေးသောကြောင့် ဥရောပသားကုန်သည်ကြီးများအတွက် များစွာအခက်အခဲ ကြုံတွေ့နေရလေသည်။

ရန်ကုန်မြို့၌ ကူလီများအရေအတွက်လည်း လွန်စွာတိုးတက်လာသည်။ ထို့ကြောင့် မြို့စွန်တွင်ရှိသော အိမ်အိုအိမ်ဟောင်း ပိုင်ရှင်ကြီးများသည် ကူလီများကို အခန်းငှားစားသော လုပ်ငန်းဖြင့် ဝင်ငွေကောင်းနေကြသည်။ သို့သော် ကူလီများထံမှ ပိုက်ဆံရဖို့သာ အဓိကထားပြီး ကျန်းမာရေး၊ သန့်ရှင်းရေးအတွက် ဘာတစ်ခုမျှ စနစ်တကျစီစဉ်ပေးခြင်း မရှိပေ။ လေဝင်လေထွက် ညံ့ဖျင်းသလို နေရောင်ခြည်ကောင်းစွာ မဝင်သော အမှောင်ခန်းကြီးများအတွင်း ညစ်ညစ်ပတ်ပတ် နေထိုင်ကြရသည်။ မြူနီစပယ်အဖွဲ့အနေဖြင့် ကူလီများအတွက် လေဝင်လေထွက်ကောင်းမွန်ပြီး သန့်ရှင်းသပ်ယပ်သော အဆောက်အအုံကြီးများ ဆောက်လုပ်ပေးလိုသော်လည်း ငွေကြေးအင်အားမတတ်နိုင်သောကြောင့် လက်မှိုင်ချနေရသည်။ ရန်ကုန်မြူနီစီပယ်အဖွဲ့သည် အုပ်ချုပ်ရေးအာဏာပိုင်အစိုးရ မဟုတ်သောကြောင့် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်များ ထုတ်ပြန်ပြီး မြို့တော်စည်ပင်သာယာရေးအတွက် ကြိုးပမ်းနိုင်စွမ်းမရှိလေရာ မြို့တွင်း အဓိက အချက်အချာနေရာများကိုသာ စည်ပင်သာယာရေးအတွက် ဆောင်ရွက်နိုင်ခဲ့





သည်။

၁၉၀၀ ပြည့်နှစ်တွင် မြူနီစီပယ်ကော်မတီသည် ဟံသာဝတီလမ်းနှင့် ရန်ကုန်အရှေ့ပိုင်းတို့တွင် ပြုပြင်ထိန်းသိမ်းမှု များစွာလုပ်ခဲ့သည်။

၁၈၇၅ ခုနှစ်တွင် နောက်ဆုံးပေါ် မီးသတ်အင်ဂျင်စက်ကြီး ၄ ခုကို စည်ပင်သာယာပိုင် ရန်ပုံငွေဖြင့် ဝယ်ယူခဲ့သည်။ အထူးပြုလုပ်ထားသော မီးသတ်စက်သည် မီးသတ်ခြင်းကို ထိရောက်စွာ ဆောင်ရွက်နိုင်သည်။ ရန်ကုန်မြို့၏ မီးဘေးအန္တရာယ်အတွက် နောက်ဆုံးပေါ်အင်ဂျင်စက်ကြီး ၄ ခုကို အသုံးပြုပြီး ထိန်းချုပ်ထားနိုင်ပြီးသော အခါ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးအတွက် ရဲစခန်းများကို လုံလောက်စွာ ဆောက်လုပ်ပေးခဲ့သည်။ အက်ဒဝပ်လမ်းတွင် စခန်း ၁ ခု၊ ပုဇွန်တောင်တွင် ရဲစခန်း ၁ ခု၊ ကြည့်မြင်တိုင်ကဲ့သို့ လူဆိုး၊သူခိုးပေါသော အရပ်တွင် ရဲစခန်း ၁ ခုနှင့် စထရင်းဈေးကဲ့သို့ အမှန်စည်ကား၊ အလွန်လူရှုပ်ပြီး ဒုစရိုက်မှုပေါများသော နေရာတွင် ရဲစခန်းကြီး ၁ ခု တည်ဆောက်ပြီး အင်အားအပြည့်အစုံဖြင့် ထိန်းချုပ်ခဲ့သည်။ ယခင်ခေတ်ဟောင်း မီးသတ်အဖွဲ့တွင် ရေလှည်းများဖြင့် တွန်းပြီး မီးသတ်ရသောကြောင့် လူအင်အားများစွာ အသုံးပြုရပြီး ကုန်ကျစရိတ်များသလောက် ထိရောက်မှု မရှိပေ။

ယခုအခါ ခေတ်မီမီးသတ်အင်ဂျင်နှင့် မီးသတ်ဖွဲ့သည် လူအင်အားအနည်းငယ်ဖြင့် ထိရောက်စွာ မီးသတ်နိုင်သောကြောင့် ရင်းနှီးမြှုပ်နှံမှု များခဲ့သော်လည်း ဝန်ထမ်းလစာ လျော့နည်းသွားလေသည်။ သို့သော် ခေတ်မီမီးသတ်အင်ဂျင်ရှိသော်လည်း ၁၈၇၇ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ကြည့်မြင်တိုင်မီးလောင်မှုတွင် အိမ်ခြေ ၄၀၀ ပျက်စီးခဲ့သည်။ စုစုပေါင်းတန်ဖိုး ရူပီး ၂၁၉၄၁၀ (နှစ်သိန်း တစ်သောင်း ကိုးထောင် လေးရာတစ်ဆယ်) ဖြစ်သည်။ နောက်နှစ်တွင် ပုဇွန်တောင်၌ မီးလောင်ရာ ရူပီးငွေ ၁၆၂၁၃၀ (တစ်သိန်း ခြောက်သောင်း နှစ်ထောင် တစ်ရာသုံးဆယ်)ဖိုး ပျက်စီးဆုံးရှုံးခဲ့သည်။ အိမ်ခြေ ၂၇၀ (နှစ်ရာခုနှစ်ဆယ်) ဆုံးရှုံးခဲ့သည်။

ထိုအခါ ဗြိတိသျှဘားမားကော်မရှင်နာမင်းကြီး ဆာချား(လ်)ဘားနဒ် (Sir Charles Bernard) က မြူနီစီပယ်ကော်မတီအကြီးအကဲ မေဂျာအက်ဗင်ဆွန်အား အကြီးအကျယ် အပြစ်တင်လေတော့သည်။ "မင်းတို့ လူလိမ်လူညာတွေ ခေတ်မီမီးသတ်အင်ဂျင်စက်တွေရှိရင် မီးဘေးအန္တရာယ် လုံးဝမရှိဘူးလို့ အာမခံခဲ့ကြတယ်။ ခုတော့ ဒုက္ခလှလှကြီး တွေ့ပြီ ကောင်းကြသေးရဲ့လား"ဟု အပြစ်တင်လေသည်။

၁၈၈၀ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် အက်ဒဝပ်လမ်းရှိ ဗမာလူမျိုးပိုင်သော ပန်းတိမ်အလုပ်ရုံမှ မီးစွဲလောင်မှု စတင်ဖြစ်ပေါ်သည်။ ဗမာအလုပ်သမားများသည်



www.burmeseclassic.com

www.burmeseclassic.com



လူအင်အားဖြင့် စုပေါင်း၍ မီးကို ငြိမ်းသတ်သော်လည်း မရပေ။ ရပ်ကွက်အတွင်း အနီးအနားရှိ အိမ်များသည် သစ်သားအိမ်နှင့် ဝါးအိမ်များသာဖြစ်လေရာ မီးတောက်အရှိန်အဟုန် လွန်စွာကြီးမားခဲ့သည်။

ရန်ကုန်မြို့ အနောက်ပိုင်းအတော်များများ မီးကူးစက်လောင်ကျွမ်းမှုဒဏ်ကို ခံရ သည်။ ခေတ်မီမီးသတ်အင်ဂျင်များသည် မီးလောင်မှုသတင်းကြားသည်နှင့် အမြန်ဆုံးလာ၍ ငြိမ်းသတ်ခဲ့ကြသည်။ မီးလောင်မှုကြောင့် ဆုံးရှုံးခဲ့သော တန်ဖိုးပမာဏသည် ရူပီး ၅၈၂၁၀၀ (ငါးသိန်း ရှစ်သောင်း နှစ်ထောင်) ဖြစ်သည်။ သို့သော် ဒေသထုတ် သတင်းစာများ၌ ဖော်ပြကြသောတန်ဖိုးသည် ရူပီး ၁၉ ကုဋေဟု ဖော်ပြကြသည်။

မြူနီစီပယ်၏ ရှင်းလင်းချက်မှာ အိမ်ခြေများစွာ မီးလောင်ခြင်းသည် မြို့ပြင် ရပ်ကွက်များ၏ ထုံးစံအတိုင်း နေအိမ်များကို သတ်မှတ်ဧရိယာအတွင်း သတ်မှတ်ပုံစံဖြင့် စနစ်တကျ ဆောက်လုပ်ခြင်း မရှိသောကြောင့် လမ်းကြားများ၊ လမ်းကျဉ်းများ၊ မြွေလိမ်မြွေကောက်ပုံစံ ရှိနေသောကြောင့် မီးသတ်သားများ ဝင်ရောက်ငြိမ်းသတ်ရန် အခက်အခဲ ရှိသောကြောင့် ဖြစ်သည်ဟု ဆိုကြသည်။ ထို့အပြင် မီးလောင်သော နေရာထဲ ဝင်ဖို့ခက်ခဲခြင်းသည် မီးမလောင်သေးသော နေရာမှ အိမ်များက မီးကူးစက်လာမည်ဟု စိုးရိမ်ပြီး အိမ်ထောင်ပရိဘောဂများ၊ အိမ်တွင်းပစ္စည်းများအားလုံးကို လူသွားလမ်းပေါ် စုပုံထားခြင်းကြောင့် ရေလှည်းနှင့် မီးသတ်ယာဉ်များ လျင်မြန်စွာ ဝင်ထွက်သွားလာ ငြိမ်းသတ်ခြင်းမပြုနိုင်ခဲ့ဟု ရှင်းပြကြသည်။

မီးစတင်လောင်သော နေရာနှင့် စူရတီဈေး (Sarati Bazaar) တို့သည် အလွန်ဝေးသော်လည်း စနစ်တကျ မီးငြိမ်းသတ်ခြင်း မပြုနိုင်သောကြောင့် စူရတီဈေး အထိ လောင်ကျွမ်းခဲ့သည်။

ရန်ကုန်ဂေဇက်က ရေးသားထားသည်မှာ မီးလောင်မှုစတင်ဖြစ်ပေါ်သည်နှင့် ဆူးလေဘုရားလမ်းရှိ မီးသတ်ရုံးချုပ်သို့ အကြောင်းကြားပေးခဲ့ကြသော်လည်း တစ်နာရီ ကျော်ကျော်ကြာမှ မီးသတ်အင်ဂျင်များ ရောက်လာသည်။ အလျင်စလို ပြေးလာရ ရေမပါလာဟု သိရသည်။ ထို့ကြောင့် ရေလှည်းကို စောင့်ရသည်ကလည်း အချိန်များစွာ ကြာခဲ့သည်ဟု ရေးသားထားသည်။

မကြာမီ ပြဿနာတက်တော့သည်။ စူရတီများနှင့် ဂျူးများ မြူနီစပယ်ရုံးသို့ ရောက်လာကြသည်။ မိမိတို့၏ လုပ်ငန်းများအတွက် မြူနီစပယ်အခွန်ငွေ မြောက်များစွာ ပေးထားရသည်။ မြူနီစီပယ်သည် အခကြေးငွေ ကြီးမားစွာ ယူထားပြီး အလုပ်ကို ကောင်းကောင်းမလုပ်ပါ၊ လျော်ကြေးငွေ ရလိုပါသည်ဟု တောင်းဆိုကြသည်။





“မီးသတ်အင်ဂျင်၊ ရေစုပ်ပန့် ရေပြွန်းပိုက်တွေဟာ တန်ဖိုးကြီးမားသလောက် ဘာမှ အသုံးမဝင်ပါလား''ဟု ဆူညံလာကြသည်။ ဘားနပ်သည် အကြောင်းစုံကို သေချာစွာ စုံစမ်းလေ့လာပြီးနောက် အာဗင်ဆွန်ထံ စာရေးသည် “အများပြည်သူတို့ ပြောတာ မှန်သည်၊ မီးသတ်အဖွဲ့သည် လုပ်ရည်ကိုင်ရည် လွန်စွာညံ့ဖျင်းသည်''ဟု အကြောင်းကြားလိုက်သည်။

ထို့ကြောင့် ရန်ကုန်မြူနီစီပယ်သည် များစွာနစ်နာဆုံးရှုံးခဲ့သော သူများကို မြူနီစီပယ်အခွန်ငွေပေးဆောင်သည့် နှုန်းထားကို အခြေခံပြီး လျော်ကြေးပေးလိုက်သည်။ ပြီးနောက် ရေနွေးငွေ့အင်ဂျင်စက်ဖြင့် မောင်းသော မီးသတ်စက်အသစ်ကြီးနှစ်ခု ထပ်ဝယ်လိုက်သည်။ လူဟောင်းအားလုံးကို အလုပ်မှ ထုတ်လိုက်ပြီး မီးသတ်ဖွဲ့အသစ် ပြန်လည်ဖွဲ့စည်းလိုက်သည်။ လုပ်အားပေးများကိုလည်း တစ်ပတ်တစ်ကြိမ် မီးသတ်လေ့ကျင့်ခန်းများ ပြုလုပ် ပေးခဲ့သည်။ အင်ဂျင်သစ်များရောက်လာသော်လည်း မီးသတ်အင်ဂျင်အသုံးပြုပြီး ခေတ်မီ မီးငြိမ်းသတ်ခြင်းစနစ်ကို အသုံးပြုနေစဉ် ဗမာတို့၏ လူအင်အားသုံးပြီး မီးငြိမ်းသတ်သော စနစ်ကိုလည်း တွဲပြီး အသုံးပြုနိုင်ရန် စီစဉ်ထားသည်။ ၁၈၈၄ ခုနှစ်ထိ ရဲတပ်ဖွဲ့သည် လုပ်ငန်းများကို ပြီးပြည့်စုံအောင် လုပ်ဆောင်နိုင်စွမ်း မရှိသေးပေ၊ ရဲတပ်ဖွဲ့ဝင်အင်အားမှာ ၂၄၅ ယောက်ရှိသည်။ သို့သော် အရာရှိများနှင့် ရုံးလုပ်ငန်း ဆောင်ရွက်သူများကို ဖယ်လိုက်ပါက ပတ္တရောင်လှည့်နိုင်သော ရဲသားအရေအတွက်သည် ၁၆၁ ယောက်မျှသာရှိလေသည်။

ထို့ကြောင့် ရဲ ၁ ဦးသည်မြို့သား ၆၇၀ ၏ လုံခြုံရေးကို တာဝန်ယူထားသကဲ့သို့ ဖြစ်သည်။ ထိုအချိန်က ကလကတ္တားမြို့တွင် လူဦးရေ ၅၃၉ လျှင် ရဲ ၁ ယောက်နှုန်းရှိပြီး မဒရပ်မြို့တွင် လူဦးရေ ၄၇၀ လျှင် ရဲ ၁ ယောက်နှုန်းဖြစ်သည်။ ထို့ကြောင့် ၁၈၇၉-၈၀ ခုနှစ် တွင် ရဲတပ်ဖွဲ့ဝင်အင်အား အယောက် ၃၀၀ (သုံးရာ) ထပ်ပြီး တိုးပေးခဲ့သည်။ မြို့တော်တွင် ရဲတပ်ဖွဲ့အင်အား နည်းနေသည်ကို ပြန်ဖြည့်နိုင်သော်လည်း အုပ်ချုပ်ရေး ဝန်ထမ်းများနှင့် စာရေးဝန်ထမ်းများ လွန်စွာနည်းပါးသည့် အခက်အခဲကို ဖြေရှင်းဖို့ ခက်နေသည်။ ဗမာလူမျိုးတို့သည် စာရင်းဇယားနှင့် လုပ်ကိုင်တတ်သူများ မဟုတ်သောကြောင့် စာရေးဝန်ထမ်း လုံးဝမရှိပေ၊ အုပ်ချုပ်ရေးဝန်ထမ်းလည်း မရှိပေ။

ရန်ကုန်မြို့အုပ်ချုပ်ရေးအဖွဲ့သည် ရန်ကုန်မြို့ကို မြို့နယ် ၇ ခုခွဲခြားလိုက်သည်။ သူကြီး ၇ ယောက်ခန့်ထားလိုက်သည်။ မြူနီစီပယ်အခွန်ကို သူကြီးများက ကောက်ပေးရသည်။ လမ်းမီးထွန်းပေးရာတွင် ကုန်ကျစရိတ်အတွက် မြို့လူထုထံမှ မီးထွန်းအခွန်ပါ



www.burmeseclassic.com

www.burmeseclassic.com



ကောက်ရာ တာဝန်ကြီးလာသည်။ ထို့ကြောင့် မြို့ကို အပိုင်း ၁၄ ပိုင်း ပိုင်းခြားလိုက်သည်။ ထိုအခါ သူကြီး ၁၄ ဦးဖြစ်လာသည်။ အခွန်ကောက်ခြင်းကို ပို၍ ထိရောက်စွာ ဆောင်ရွက်နိုင်သည်။

သို့သော် ဗမာသူကြီးများသည် အလုပ်ကို အပင်ပန်းခံပြီးလုပ်သည်၊ ကြိုးစားကြသည်။ သစ္စာရှိသည်။ သို့သော် နှစ်ကုန်သည့်အခါ တစ်နှစ်တာ ဆောင်ရွက်ခဲ့သမျှအတွက် နှစ်ချုပ်အစီရင်ခံစာ တင်နိုင်းသောအခါ စိတ်ပျက်ဖွယ်ကောင်းသည်ကို တွေ့ရလေသည်။ အလုပ်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ပါလျက် နှစ်ချုပ်အစီရင်ခံစာ မရေးတတ်သောကြောင့် အားလုံးအခက်ကြုံရတော့သည်။

၁၈၇၂ ခုနှစ်အထိ မြေကွက်များကို ရောင်းချပြီး ဂရမ်ထုတ်ပေးခဲ့သည်။ သို့သော် ဗမာလူမျိုးတို့သည် လွန်စွာဆင်းရဲသောကြောင့် မြေကွက်ဝယ်ယူနိုင်သော အခြေအနေမရှိသောကြောင့် မြေငှားခြင်း ပြုလုပ်ရသည်။

၁၈၈၁ ခုနှစ်တွင် ရန်ကုန်မြို့ မြူနီစီပယ်ကော်မတီတွင် အဖွဲ့ဝင်ဦးရေ ၃၂ အထိ ရှိရာ နှစ်ကုန်တွင် ၁၈ ဦးမျှသာရှိတော့သည်။


Bibliography.

(1) A-Agabeg, Recollections and Reflections.
(2) Annual Reports on the Administration of British Burma.
(3) Annual Statements of the Sea-Borre Trade and Navigatior.
(4) C.A Gordon
Our Trie to Burmch,
(5) J.J.Nola
Side Lights on Rangoon in the Seventies.



■ ■ ■





၁၈၇၅ ခုနှစ်က အလံပြဘုရား

www.burmeseclassic.com



မီးရထား



1938 TIGER ALLEY

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



၁၉၃၈ ခုနှစ်က ကုန်သည်လမ်း



၁၉၂၀ က စထရင်း

www.burmeseclassic.com

www.burmeseclassic.com



၁၉၃၈ ခုနှစ်က ဆူးလေဘုရား



၁၉၃၈ ခုနှစ်၊ ရန်ကုန်မြစ်အတွင်းမှ မြင်ရသော ရန်ကုန်မြို့ရှုခင်း

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၂)
## ခေတ်သစ်ရန်ကုန်
## (၁၈၈၂-၉၈)

၁၈၈၁ အထိ မြူနီစီပယ်ကော်မတီကို ရွေးချယ်တင်မြှောက်ခြင်း မပြုခဲ့ပေ။ ၁၈၇၄ ခုနှစ် အက်ဥပဒေအရ ရန်ကုန်မြို့တော် အုပ်ချုပ်ရေးမှူးအဖွဲ့ကို တိုက်ရိုက်ရွေးချယ်ခွင့်ရှိလာသည်။ ကော်မရှင်နာမင်းကြီး ရွေးချယ်သော အစိုးရအဖွဲ့ဝင် ၆ ဦးနှင့် ရန်ကုန်မြို့သူမြို့သားများ ရွေးချယ်သော ရန်ကုန်သားကိုယ်စားလှယ် ၁၈ ဦးဖြင့် ရန်ကုန်မြူနီစပယ်ကို ဖွဲ့စည်းလိုက်သည်။ သက်တမ်းမှာ ၂ နှစ်ဖြစ်သည်။

ထို မြို့သူမြို့သားများကိုယ်စားလှယ်ကို အသက် ၂၁ ပြည့်ပြီးသူတိုင်း ဝင်ရောက်အရွေးခံခွင့်ရှိသည်။ အခွန်ဆောင်မှု အတိုင်းအတာသည် အနည်းဆုံး ၅ ရူပီး ရှိရမည်။ အစိုးရအဖွဲ့မှ ကောက်ခံသော အခွန်အားလုံးကို ပုံမှန်ပေးဆောင်ခဲ့သူဖြစ်ရမည်။

ထိုကိုယ်စားလှယ်နေရာကို ဥရောပသားများသာလျှင် အများဆုံးအရွေးခံရသည်။ မဲပေးစာရင်းပေးသွင်းသော အရေအတွက်မှာ အောက်ပါအတိုင်းဖြစ်သည်-

| | | |
|---|---|---|
| ၁။ | ဥရောပသား | ၇၇၉ ဦး |
| ၂။ | ဗမာလူမျိုး | ၃၈၄ ဦး |
| ၃။ | မွတ်စလင် | ၁၂၀၄ ဦး |
| ၄။ | တရုတ် | ၆၃၇ ဦး |
| ၅။ | ဟိန္ဒူ | ၇၅၄ ဦး |
| ၆။ | ကရင် | ၂၆ ဦး |
| မဲပေးနိုင်သူစုစုပေါင်း | | ၃၂၇၅ ဦး |





စုစုပေါင်းရှိသော လူဦးရေမှာ ၁၃၄၁၇၆ (တစ်သိန်း သုံးသောင်း လေးထောင် တစ်ရာ ခုနစ်ဆယ့်ခြောက်ယောက်) ဖြစ်သည်။ ထို့ကြောင့် မဲပေးနိုင်သူ နည်းသည်ဟု ဆိုရမည်။ ၁၈၈၁ ခုနှစ်တွင် စုစုပေါင်းရှိသော လူဦးရေ ၁၅၄၁၇၆ အနက် ဥရောပသားအရေအတွက်သည် ၄၅၇၀ ရှိသည်။ မဗာလူမျိုး အရေအတွက်သည် ၆၆၈၃၈ ယောက် ဖြစ်သည်။ မူဆလင်အရေအတွက်သည် ၂၁၁၆၉ ဖြစ်သည်။ ဟိန္ဒူ အရေအတွက်သည် ၄၄၉၀၈ ဖြစ်သည်။ တရုတ်အရေအတွက်၃၇၁၅၇ ရှိသည်။ ကရင်လူမျိုး ၁၇၁ ဦးရှိသည်။

ပထမဆုံး ရွေးကောက်ပွဲကို ၁၈၈၂ ခုနှစ်၊ ဇွန်လ ၂၃ ရက် နေ့တွင် ကျင်းပခဲ့သည်။ ဇွန်လ ၂၉ ရက်နေ့တွင် ကော်မတီအသစ်သည် မြူနီစီပယ် တာဝန်ကို စတင်ထမ်းဆောင်သည်။

၁၈၈၂ တွင် ဗမာကိုယ်စားလှယ် ၁ ဦးသာ ရွေးချယ်ခံရပြီး ၁၈၈၅ ခုနှစ် နောက်ပိုင်းတွင် ဗမာကိုယ်စားလှယ် ၅ ဦးထိရွေးချယ်ခွင့်ရလေသည်။ ဥရောပသားမှာ အများစု ဖြစ်သည်။ မူဆလင် ၂ ဦးနှင့် ဟိန္ဒူ ၂ ဦး ရွေးချယ်ခံရသည်။

ထိုအချိန်တွင် ရန်ကုန်မြို့ လူဦးရေသည် ၁၃၀၀၀၀ (တစ်သိန်း သုံးသောင်း)ကျော်ကျော် ရှိလာပြီဖြစ်သည်။ မြူနီစီပယ် အခွန်ငွေသည် ရူပီး ၁၀ ကုဋေကျော်ကျော်ရလာပြီ ဖြစ်သည်။

၁၈၈၂ မှစပြီး မြူနီစီပယ်ကော်မတီသည် အခြေခံပညာကျောင်းအရေအတွက်ကို အတတ်နိုင်ဆုံး တိုးမြှင့်ခဲ့ပြီး အထက်တန်းကျောင်းနှင့် နည်းပညာကျောင်းများကိုလည်း အတတ်နိုင်ဆုံး တိုးချဲ့ဖွင့်လှစ်ပေးခဲ့သည်။ မြို့တွင်း ပညာရေးစနစ်ကို ကော်မတီမှ အစွမ်းကုန် ကူညီသည်။ အဆောက်အအုံစရိတ်၊ ကျောင်းဆရာများကို ပေးရသော အခကြေးငွေ စရိတ်များကြောင့် အခမဲ့ပညာရေးတော့ မဟုတ်နိုင်သော်လည်း ကမ္ဘာ့အဆင်မီပညာရေးကို ကုန်ကျစရိတ်အသက်သာဆုံးနှင့် သင်ယူနိုင်ဖို့ စီစဉ်ပေးနိုင်ခဲ့သည်။

၁၈၈၃ ခုနှစ်တွင် ရန်ကုန်မြူနီစီပယ်ကော်မတီ ရန်ပုံငွေဖြင့် ဗမာပြည်တွင်း ပထမဆုံးသော ဆေးရုံးကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။ ဗြိတိသျှအစိုးရက အရပ်ဖက် ခွဲစိတ်ကုဆရာဝန် ၂ ဦးစေလွှတ်ပြီး အချိန်ပြည့်တာဝန်ထမ်းဆောင်စေသည်။

၁၈၈၂ တွင် အချိန်ပြည့် ကျန်းမာရေးအရာရှိအဖြစ် ခန့်အပ်ထားသော ဒေါက်တာ ပက်လေး (Dr. Pedley) ကလည်း ဆေးရုံတွင် ကူညီပေးလေသည်။

၁၈၈၀ မှ ၁၈၉၀ ကာလများအထိ ရန်ကုန်မြို့တွင် လူခိုး သူခိုး



www.burmeseclassic.com

www.burmeseclassic.com



ဓားပြမှုများ သောင်းကျန်းလျက်ရှိသည်။ မြို့တွင်း၌ သူဌေးများ ရှိသော်လည်း ရဲတပ်ဖွဲ့၏ စောင့်ရှောက်မှုအောက်တွင် ရှိနေသောကြောင့် အလစ်သုတ်များနှင့် သူခိုးများသာ သောင်းကျန်းကြသည်။ မြို့စွန်ရပ်ကွက်များတွင် သူဌေးသူကြွယ်များ မရှိသော်လည်း တောသူဌေးများ၊ ရိုးသားစွာ စီးပွားရှာဖွေစားသောက်မှာမှ စုမိဆောင်းမိရှိသူများတော့ ရှိသည်။ ထိုအခါ အလုပ်အကိုင်ကို ရိုးရိုးသားသား လုပ်ကိုင်စားသောက်လိုစိတ် မရှိသော လူဆိုးလူမိုက်တို့က မိုက်ကြေးခွဲကြသည်။ ရံဖန်ရံခါ ဓားပြတိုက်ရာမှ လူသတ်မှု ကျူးလွန်သည်အထိ ဖြစ်လာသည်။ ၁၈၈၅ တွင် အင်္ဂလိပ်တို့ ဗမာပြည်တစ်ခုလုံးကို သိမ်းပိုက်နိုင်သောအခါ ဆူပူမှုများ၊ ရာဇဝတ်မှုများသည် အထက်ဗမာပြည်တွင်သာ အဖြစ်များပြီး ရန်ကုန်မြို့တွင် သိသာစွာ လျော့နည်းသွားလေသည်။ ရာဇဝတ်မှုများမှာ ငြိမ်ဝပ်ပိပြားမှုကင်းမဲ့သော ဒေသများဘက်သို့ ရောက်သွားသည်မှာ ဖြစ်တတ်သည့် သဘောမျှသာဖြစ်ပြီး နိုင်ငံရေးနှင့် မဆိုင်ပေ။

ရန်ကုန်မြို့ရေယာတွင် စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ ဂုဏ်သရေရှိ လူကြီးများကို သေနတ် လိုင်စင်ဖြင့် ကိုင်ဆောင်ခွင့်ပေးလိုက်ခြင်းကြောင့် ညဖက်ဓားပြတိုက်သောအမှု အတော်လေးလျော့နည်းသွားသည်။ ထိုအချိန်က ဓားပြများသည် ဓားရှည်များကိုသာ ကိုင်ဆောင်ကြလေရာ ဓားပြတိုက်ရာတွင် ပစ္စည်းမရဘဲ အသက်ပေးရသူများ၊ ခြေလက်ဖြတ်လိုက်ရသူများ ဖြစ်လာသောကြောင့် လုပ်ငန်းရှင်ကြီးများကို ဓားပြမတိုက်ဝံ့တော့ပေ။

သို့သော် ပဲခူးတိုင်း ကော်မရှင်နာမင်းကြီးက ရန်ကုန်မြို့ကော်မရှင်နာမင်းကြီးအား သူဌေးနဲ့ ဓားပြတို့၏ တိုက်ပွဲကြောင့် ဓားပြများစွာ သေဆုံးခဲ့ပြီဟု ဆင်ခြေမပေးဘဲ နောင်တွင် မြို့တွင်း၌ ဓားပြတိုက်မှုလည်း လျော့နည်းစေရမည်။ အပြန်အလှန်ပစ်ခတ်မှုကိုလည်း မလိုလားပါ၊ ငြိမ်ဝပ်ပိပြားရေးကိုသာ ဦးစားပေးပြီး တည်ဆောက်ပါဟု ပြင်းပြင်းထန်ထန် သတိပေးရာ ရဲတပ်ဖွဲ့ဝင် အင်အားတိုးမြှင့်ပြီး ဒုစရိုက်သမား ရှာဖွေချေမှုန်ရေးကို တတ်နိုင်သမျှ ကြိုးပမ်းခဲ့ကြသည်။

ရဲတပ်ဖွဲ့ကို မြူနီစီပယ် လက်အောက်တွင် မထားတော့ဘဲ ဗြိတိသျှအစိုးရ လက်အောက်တွင် ထားခဲ့သည်။ လက်နက်ကောင်းများ တပ်ဆင်ပေးပြီး ဓားပြဂိုဏ်းများကို စုံစမ်းဖော်ထုတ်ကြသည်။ ဓားပြဂိုဏ်းများကို ချေမှုန်းရာတွင် စစ်တပ်ကို တွဲ၍တာဝန်ပေးထားသည်။ ထို့အပြင် ဓားပြနှိမ်နင်းရေးအတွက် အထူးရဲအရာရှိ (Special Superintendent) ကို တာဝန်ပေးထားသည်။

၁၈၈၆ ခုနှစ်တွင် အထက်ဗမာပြည်၌ ဓားပြမှုများစွာပေါ်ပေါက်ခဲ့သော်လည်း ရန်ကုန်မြို့တွင် ဓားပြမှု အလွန်နည်းပါးသွားသည်။ ရဲတပ်ဖွဲ့ဝင်အင်အားမှာ ၁၈၈၁ ခုနှစ်တွင် အင်အား ၃၀၅ ဦးရှိခဲ့သော်လည်း ၁၈၈၆ တွင် ရဲတပ်ဖွဲ့ဝင်အင်အား ၆၀၀ အထိ တိုးပွားလာခဲ့သည်။





မြူနီစီပါယ်ကော်မတီသစ်တွင် ဆပ်ကော်မတီ ငါးခုဖွဲ့လိုက်သည်။ ၎င်းတို့မှာ–

၁။ ဆောက်လုပ်ရေးနှင့် လူထုလုပ်ငန်းကော်မတီ၊

၂။ ပညာရေးကော်မတီ၊

၃။ ကျန်မာရေးနှင့် ဆေးရုံကော်မတီ

၄။ ကျန်းမာရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး ကော်မတီနှင့်

(၈)၅။ ဘဏ္ဍာရေးနှင့် ဥပဒေပြုရေး ကော်မတီတို့ဖြစ်ကြသည်။

ကော်မတီငါးခုခွဲပြီး မြို့တော်စည်ပင်သာယာဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ရေပေးစနစ် ညံ့ဖျင်းခြင်း၊ အဆင်မပြေခြင်းနှင့် အစားအသောက်များတွင် အမျိုးအစား ညံ့သောအရာများ ရောနှောရောင်းချခြင်းတို့ ဖြစ်လာသောအခါ ဆပ်ကော်မတီကို ထပ်၍ တိုးချဲ့ခဲ့ရသည်။ ထပ်မံတိုးချဲ့သော ကော်မတီလေးခုမှာ–

၁။ ငွေကြေးလုပ်ငန်းဆပ်ကော်မတီ

၂။ လူထုလုပ်ငန်းဆပ်ကော်မတီ

၃။ ဆေးရုံလုပ်ငန်းဆပ်ကော်မတီ

၄။ ဈေးများဆိုင်ရာဆပ်ကော်မတီ တို့ဖြစ်ကြသည်။

ကော်မတီ၏ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဥရောပသားများ၊ အိန္ဒိယသား ဟိန္ဒူများ၊ မူဆလင်များနှင့် ဗမာများအားလုံး စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်ခဲ့သောကြောင့် အစစ အရာရာ အဆင်ပြေခဲ့ပါသည်။ သို့သော် နောက်ပိုင်းတွင် လုပ်ရှားမှုများ ပေါ်ပေါက်ခဲ့သောအခါ မြူနီစပယ်ကော်မတီအတွင်း စိတ်ဝမ်းကွဲပြားမှုများ ရှိလာပြီး ကော်မတီ၏ လုပ်ငန်းများ အောင်မြင်မှု ကျဆင်းလာခဲ့သည်။

၁၈၈၃ ခုနှစ်တွင် ဆာချား(လ်)က ရော့(စ်)ဝိတ်သည် ရန်ကုန်မြို့သို့ အလည်အပတ်ရောက်ခဲ့ဖူးသည်။ ထိုအခါ ရန်ကုန်မြို့စွန် ရပ်ကွက်များတွင် ဓားပြဂိုဏ်းများစွာကို မိမိမျက်မြင်တွေ့ခဲ့ရသည်ဟု သူ၏ စာအုပ်ဖြစ်သော Pacification of Burma စာအုပ်၏ စာမျက်နှာ ၂၃ တွင် အပြည့်အစုံဖော်ပြခဲ့သည်။

၁၈၈၃ ခုနှစ်တွင် ဟိန္ဒူလူမျိုးကိုယ်စားလှယ် Bugwan Das သည် ကော်မတီအစည်းအဝေး တက်ရောက်ခြင်း မရှိပေ၊ သုံးလကျော်သည့်အခါ ကော်မတီက အပြစ်တင်သည်။ ထိုအခါကော်မတီမှ နုတ်ထွက်ခွင့် တောင်းခံလေသည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



ကော်မရှင်နာမင်းကြီးက နုတ်ထွက်ခွင့် မပြုပေ။ ၁၈၈၃ မှ ၁၈၈၄ အထိ တစ်နှစ်အချိန်ကာလတွင်း အစည်းအဝေးများ ကျင်းပရာတွင် ကော်မတီအဖွဲ့ဝင် ၂၃ ဦးရှိသည့်အနက် ၁၀ ဦးမျှသာ အစည်းအဝေး ပုံမှန်တက်ရောက်လေ့ရှိသည်။

၁၈၈၃ ခုနှစ်တွင် မြူနီစပါယ်ကော်မတီသည် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ချေးငွေ ရူပီး ၄ ကုဋေအထိ ချေးငှားခဲ့သော်လည်း တင်ဒါခေါ်ယူရာတွင် ရူပီး ၃၇၀၀၀ (သုံးသောင်း ခုနစ်ထောင်)မျှသာ ရသောကြောင့် ငွေများစွာ ပိုလျှံခဲ့သည်။ ထိုငွေကို ပြည်သူ့ဘဏ္ဍာမှ သုံးစွဲရခြင်းဖြစ်သည်။ ထိုခေတ်က ကော်မတီအဖွဲ့ဝင်အားလုံးသည် သိက္ခာရှိသောကြောင့် ကိုယ်ကျိုးတစ်ပြားမှာ အသုံးမပြုဘဲ ပိုလျှံငွေကို ဘင်္ဂလားဘက်သို့ ပြန်သွင်းပေးခဲ့သည်။

၁၈၈၄ ခုနှစ်တွင် ဂျပန်မြူနီစီပယ်ဥပဒေနှင့် ဆင်တူသော ဗမာပြည်မြူနီစပယ်ဥပဒေကို ပြဋ္ဌာန်းပေးခဲ့သည်။ (The Act Cxvll of 1884) အရ တရားဝင်လုပ်ပိုင်ခွင့် ဘဏ္ဍာငွေ ပိုင်ဆိုင်ခွင့်၊ အဆောက်အအုံများ ပိုင်ဆိုင်ခွင့်၊ ကောက်ခံရရှိသော အခွန်ငွေကို အပြည့်အဝ သုံးစွဲခွင့် အာဏာများ ရှိလာသည်။

ရေနှင့် မီးလွှာများအတွက် အခွန်ငွေများ ကောက်ခံခြင်း၊ သန့်ရှင်းရေးအတွက် ပြန်လည်ဆောင်ရွက်ပေးခြင်း၊ ပြည်သူလူထုကျန်းမာရေးအတွက် ငွေကြေးအကုန်အကျခံပြီး ဆောင်ရွက်ခွင့်များ ရှိလာသည်။ ကော်မတီ၏သက်တမ်းသည် ၃ နှစ်ဖြစ်သည်။

အဖွဲ့ဝင်တစ်ဦးသည် အစည်းအဝေးကို သုံးလဆက်တိုက် ပျက်ကွက်ပါက အဖွဲ့ဝင်အဖြစ်မှ ထုတ်ပစ်သည်။ ကော်မတီသည် ဥက္ကဋ္ဌကို ရွေးချယ်တင်မြှောက်ခွင့်ရှိသည်။ ကော်မတီမှ ရွေးချယ်တင်မြှောက်သော ဥက္ကဋ္ဌကို ဒေသဆိုင်ရာအစိုးရက လုပ်ပိုင်ခွင့်အာဏာ အပြည့်အဝ အပ်နှင်းမည်ဖြစ်သည်။ ပြည်သူ့အကျိုးပြုလုပ်ငန်းနှင့် ဘေးအန္တရာယ်ကင်းစေသော လုပ်ငန်းများအတွက် အစိုးရသည် ကော်မတီကို တာဝန်ပေးနိုင်သည်။

၁၈၈၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော မြူနီစီပါယ်ဥပဒေအရ ကော်မတီတွင် ဥရောပသားကိုယ်စားလှယ် ၅ ဦး၊ ဗမာလူမျိုးကိုယ်စားလှယ် ၅ ဦး၊ မူဆလင်လကိုယ်စားလှယ် ၂ ဦး၊ ဟိန္ဒူကိုယ်စားလှယ် ၂ ဦး၊ တရုတ်ကိုယ်စားလှယ် ၁ ဦးတို့ ပါဝင်ကြသည်။ ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံမည့် ပုဂ္ဂိုလ်သည် အသက် ၂၁ နှစ် ပြည့်ပြီးသူ ဖြစ်ရမည်။ မရွှေ့မပြောင်းနိုင်သော ပစ္စည်း ရူပီး ၅၀၀ (ငါးရာ) အနည်းဆုံး ပိုင်ဆိုင်မှုရှိရမည်။ လစဉ်ဝင်ငွေ ၁၀ ရူပီးထက် ပိုများသော ဝင်ငွေရှိသူ၊ ကိုယ်ကျင့်တရားကောင်းသူ ဖြစ်ရမည်။





၁၈၈၆ ရွေးကောက်ပွဲတွင် ဟိန္ဒူနှင့် ကရင်ကိုယ်စားလှယ်များ ပါဝင်ခြင်း မပြုကြပေ။ ၁၉၈၀ ရွေးကောက်ပွဲကို ဟိန္ဒူနှင့် တရုတ်ကိုယ်စားလှယ်များကို ၁ ဦးစီမျှသာ ပါဝင်ခွင့်ပြုခဲ့သည်။ ၁၉၁၂ ခုနှစ်အထိ ဟိန္ဒူနှင့် တရုတ်ကိုယ်စားလှယ် အရေအတွက်မှာ ၁ ဦးစီသာ ဖြစ်သည်။

၁၈၉၄ တွင် ဗမာကိုယ်စားလှယ် ၅ ဦးအစား ၂ ဦးသာခွင့်ပြုခဲ့သည်။ ၁၈၈၄ ဥပဒေအရ ကော်မတီဥက္ကဋ္ဌသည် ဒုတိယကော်မရှင်နာမင်းကြီး (သို့မဟုတ်) လက်ထောက် ကော်မရှင်နာမင်းကြီးဖြစ်လာသည်။

ဆိပ်ကမ်းတာဝန်ခံအဖွဲ့အစည်းသည် ၁၈၈၀ တွင် အခက်အခဲများစွာ ကြုံတွေ့ခဲ့ရသည်။ ထို့ကြောင့် ဆိပ်ကမ်းကော်မရှင်နာမင်းကြီးသည် ရေဆိုးရေညစ်များကို စထနင်းလမ်းမှ မြောင်းကြီးထဲ စီးဝင်စေပြီး မြစ်ထဲသို့ စွန့်ထုတ်ပြီး ဖယ်ရှားလိုက်သည်။ တရုတ်တန်းနှင့် ဘရွတ်ကင်းလမ်းတို့ကို ကမ်းနားအထိ ဆက်သွယ်ထားလိုက်သည်။

ပညာရေးကော်မတီသည် ၁၈၈၈ ခုနှစ်တွင် မြူနီစီပယ်လက်အောက်ခံ ကျောင်းများအားလုံးကို ပညာရေးဆင်ဒီကိတ် (The Educational Syndicate) လက်အောက်သို့ လွှဲပြောင်းပေးအပ်လိုက်ရသည်။ ပညာရေးဆင်ဒီကိတ်သည် ၁၈၈၁ ခုနှစ်တွင် ပညာရေးလုပ်ငန်းများနှင့် စာမေးပွဲစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး မြူနီစပယ် ကျောင်းများအတွက် စာမေးပွဲစစ်ဆေးပေးသော တာဝန်ကို ထမ်းဆောင်ခဲ့သည်။

၁၈၈၄ တွင် အစိုးရအထက်တန်းကျောင်းများ ဖွင့်လှစ်ခဲ့သည်။ ကလကတ္တား တက္ကသိုလ်၏ လက်အောက်ခံဖြစ်သည်။ ၁၈၈၅ တွင် ကလကတ္တားလက်အောက်ခံ အထက်တန်းကျောင်းများမှ အထက်တန်းပညာအောင်မြင်သူများအတွက် ကလကတ္တား တက္ကသိုလ်လက်အောက်ခံ ရန်ကုန်ကောလိပ် (Rangoon College) ကို ထူထောင်ခဲ့သည်။ ၎င်းတို့ကို ပညာရေး ဆင်ဒီကိတ်က ထိန်းချုပ်ခဲ့သည်။

၁၈၉၁ ခုနှစ်တွင် ရန်ကုန်မြို့၌ အသက်၁၅ နှစ်အရွယ် လူငယ်အရေအတွက် ၃၇၀၀၀ (သုံးသောင်း ခုနစ်ထောင်) ရှိသည့်အနက် ကျောင်းသူကျောင်းသား အရေအတွက် ၅၃၂၅ (ငါးထောင် သုံးရာ နှစ်ဆယ့်ငါး) ယောက်ရှိသည်။ ကော်မတီသည် ၁၈၈၉ ခုနှစ်မှ ၁၈၉၀ အထိ ပညာရေးအတွက် ရူပီး ၅၅၀၀၀ (ငါးသောင်း ငါးထောင်) သုံးစွဲခဲ့သည်။

၁၈၈၈ ခုနှစ်တွင် မြူနီစီပယ်ကော်မတီသည် မြို့စွန်ကူလီများနေသော ရပ်ကွက်များတွင် မြို့တော်စည်ပင်အခွန် ပေးဆောင်မှုအနေအထားကို စစ်ဆေးရာ ဆင်းရဲသား ကူလီများသည် အိမ်များကို ဝယ်ယူနိုင်ခြင်းမရှိသကဲ့သို့ ငှားရမ်းနိုင်ခြင်းလည်း



www.burmeseclassic.com

www.burmeseclassic.com



မရှိကြပေ။ အိမ်တန်းလျားများမှ အခန်းလေးများကို ငှားပြီးနေကြသည်။ သူတို့ကို အခွန် ကောက်ရန် မဖြစ်နိုင်ပေ၊ သို့သော် အိမ်ပိုင်ရှင်ကိုမူ အခွန်ကောက်ရပေမည်။ အိမ်ပိုင်ရှင်များသည် ဆင်းရဲသားကုလီများစွာကို ငှားရမ်းသဖြင့် ရသည့်ငွေမှာ မနည်းပေ။ မြူနီစပယ်ခွန်ကို ပေးဆောင်ပါက ဖြစ်နိုင်သော်လည်း သူကြီးများက သူတို့သဘောနှ့် သူတို့ အခွန်နှုန်းကို ပြင်ဆင်လိုက်ကြပြီး မြူနီစီပယ်သို့ အခွန်ဆောင်သောအခါ ထိုအခွန်များ ကို ဖယ်ထားခဲ့သည်။ ထို့ကြောင့် ပြစ်မှုထင်ရှားသည့် သူကြီးအားလုံးကို ရာထူးမှ ထုတ်ပယ်လိုက်သည်။ ၁၈၅၂ မှ ၁၈၉၈ ကြားကာလသည် အထက်ဗမာပြည် တွင် မျိုးချစ်တို့၏ ဒေသအလိုက်၊ ပုန်ကန်မှုရှိနေသေးသောကြောင့် စီးပွားရေးလုပ်ငန်းများ စတင်ရန် မဖြစ်နိုင်သလို မြို့ပြတူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် မဖြစ်နိုင်သေးပေ။

ထို့ကြောင့် အေးချမ်းသာယာနေပြီး နိုင်ငံတကာနှင့် အဆက်အသွယ်ရှိသော ရန်ကုန်မြို့၏ စီးပွားရေးလုပ်ငန်းများသည် အားကောင်းသည်ထက် အားကောင်းလာကြ သည်။ စီးပွားဖြစ်ထွန်းသည်ထက် ဖြစ်ထွန်းလာကြသည်။

အထက်ဗမာပြည်သည် သာယာဝတီမင်းလက်ထက်တွင် စီးပွားရေးပျက်ခဲ့ သော်လည်း အရည်အချင်းပြည့်ဝသော မင်းတုန်းမင်းလက်ထက်တွင် စီးပွားရေး တိုးတက် ကောင်းမွန်ခဲ့သည်။ သီပေါမင်းလက်ထက်တွင် စီးပွားကျပြီး သီပေါမင်း ပါတော်မူချိန် တွင် စီးပွားပျက်ခဲ့သည်။

၁၈၆၇ ခုနှစ်တွင် မင်းတုန်းမင်းနှင့် ကာနယ် Fytche တို့ ချုပ်ဆိုသော စာချုပ်အရ ဗမာအစိုးရသည် ဗြိတိသျှတို့နှင့် လွတ်လပ်စွာ ကုန်ရောင်းကုန်ဝယ်ပြုနိုင်သော် လည်း အခြားမည်သည့်နိုင်ငံခြားသားကိုမျှ ဆက်သွယ်ခြင်း၊ အရောင်းအဝယ်စာချုပ် ချုပ်ဆိုခြင်းများ မပြုရဟု ပိတ်ပင်ခဲ့သည်။

အမြော်အမြင်ဉာဏ်ကြီးမားသော မင်းတုန်းမင်းသည် အားမတန်သောကြောင့် မာန်လျှော့ပြီး ဗြိတိသျှတို့နှင့် စီးပွားရေးဆက်ဆံခြင်းဖြင့် နှစ်ဦးနှစ်ဖက် အကျိုးမယုတ် နိုင်သောကြောင့် အလိုက်အထိုက် ဆက်ဆံရာ စီးပွားရေး အလွန်ကောင်းခဲ့သည်။ စီးပွားရေးဆိုသည်မှာ များများအလုပ်ဖြစ်လေ၊ များများအကျိုးရှိလေဖြစ်ပါသည်။ စီးပွား ရေးအဆင်ပြေနေသောအခါ ဗြိတိသျှနယ်ချဲ့တို့အနေဖြင့် အထက်ဗမာပြည်ကို အကြောင်း ရှာပြီး သိမ်းပိုက်ရန် အခက်အခဲရှိလေသည်။ သီပေါမင်းလက်ထက်တွင် သီပေါမင်း သည် လွန်စွာဒေါသကြီးပြီး အရည်အချင်းညံ့ဖျင်းသည်ကတစ်ကြောင်း၊ ကမ္ဘာ့အခြေအနေ အရ တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ အင်္ဂလိပ်တို့အနေဖြင့် လုပ်ချင်တာလုပ် ရန် အခွင့်အရေးသာနေပြီဖြစ်သည်။ အာဖရိကမှ ဖုံးလုံးစစ်ပွဲကို ပြတ်ပြတ်သားသား





အနိုင်ရလိုက်ပြီး အိန္ဒိယတွင် တပ်တွင်းပုန်ကန်မှု၏ နောက်ဆက်တွဲပြဿနာများကို လည်း ဖြေရှင်းပြီးဖြစ်ရာ အင်္ဂလိပ်တို့မှာ ဆက်လက်နယ်ချဲ့ရန် အသင့်ဖြစ်နေသည်။

သီပေါဘုရင်ကလည်း တစ်ယူသန်ဖြစ်လေရာ ဗြိတိသျှတို့ဖက်က ကျူးကျော် စစ် ဆင်နွှဲရန် အခွင့်အခါကောင်းရပြီဖြစ်သောကြောင့် စီးပွားရေးကောင်းနေသော အင်္ဂလိပ်ကုန်သည်များသည်လည်း ဗြိတိသျှအစိုးရမှ ဖိအားပေးသောကြောင့် ပြဿနာ ရှာပြီး စီးပွားရေးလုပ်ငန်းများအားလုံးကို ရပ်ပစ်လိုက်ရသည်။ အင်္ဂလိပ်ကုန်သည်များသည် ရေတိုကာလတွင် နစ်နာခဲ့သော်လည်း အင်အားနည်းပါးသော ဗမာပြည်အထက်ပိုင်းကို ကျူးကျော်သိမ်းပိုက်ပြီးသည်နှင့် ထာဝရစီးပွားရေးကောင်းမွန်တော့မည်ဟု အင်္ဂလိပ်ကုန် သည်တို့က ယုံကြည်ကြသည်။

၁၈၅၁ ခုနှစ်တွင် The Chamber of Commerce သည် အမိန့်ထုတ်ပြီး အထက်ဗမာပြည်နှင့် ကူးသန်းရောင်းဝယ်ခြင်း မပြုရဟု တားမြစ်ခဲ့သည်။

ထိခိုက်မှုသည် အတော်လေးဆိုးဝါးသည်။ ဈေးများတွင် လက်လီအရောင်း အဝယ် အဆိုးဝါးဆုံး ထိခိုက်လာသည်။ ကမ်းနားလမ်းရှိ ဒိုင်ကြီးများသည် အကြီး အကျယ် ထိခိုက်ကြလေသည်။ ရန်ကုန်မြို့တွင် ထိခိုက်သော အတိုင်းအတာသည် အရောင်းအဝယ်မကောင်းသော အနေအထားမျှသာဖြစ်ပြီး အထက်မဗာပြည်မှာတော့ အကြီးအကျယ် စီးပွားပျက်လေသည်။ ၁၈၆၇ ခုနှစ်က အင်္ဂလိပ်အောက်ပိုင်းတို့နှင့် မင်းတုန်းမင်းတို့ ချုပ်ဆိုထားသော ကုန်သွယ်ရေးစာချုပ် ပျက်စီးလေတော့သည်။

၁၈၈၄–၈၅ တွင် အထက်ဗမာပြည်၌ စပါးခင်းများသည် ရာသီဥတု ဖောက်ပြန်သောကြောင့် အကြီးအကျယ် ပျက်စီးလေရာ အောက်ဗမာပြည်မှ ဆန်များ အထက်ဗမာပြည်သို့ အကြီးအကျယ်တင်ပို့ခဲ့ကြလေသည်။ ထိုကဲ့သို့ တင်ပို့ရောင်းချပြီး သည်နှင့် စီးပွားရေးအဆက်အသွယ် ပြတ်တောက်ခြင်းကြောင့် အထက်ဗမာပြည်တွင် အငတ်ဘေးတော့ မကြုံခဲ့ရပေ။ ဗြိတိသျှက စီးပွားရေးအဆက်အသွယ် ဖြတ်ချိန်တွင် ပြင်သစ်တို့က ဝင်ပြီး နှစ်ဦးနှစ်ဖက်အဆင်ပြေဖို့ ဆောင်ရွက်ခဲ့ကြသောအခါ အင်္ဂလိပ် ကုန်သည်များကို လွတ်လပ်စွာ ကုန်သွယ်ခွင့်ပေးလိုက်သည်။

ထိုအခါ အင်္ဂလိပ်ကုန်သည်များ အထက်ဗမာပြည်သို့ အလုအယက် တက်ကြပြန်သည်။ အထက်ဗမာပြည်မှ ကျောက်မီးသွေး၊ ကျွန်းသစ်၊ တွင်းထွက်ဆီများ နှင့် အဖိုးတန် တွင်းထွက်များကို တရုတ်ပြည်ဖက်မှ လှည့်ပြီး ယူခဲ့သည်။ သို့သော် လမ်းကြောင်းရှည်လွန်းသောကြောင့် အမြတ်အစွန်းရဖို့ ခက်သွားသည်။ ထို့ကြောင့် ယခင်အထက်ဗမာပြည်နှင့် အောက်ဗမာပြည် ကုန်သွယ်ရေးကို ဥပဒေအရမဟုတ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



နားလည်မှုနှင့် ခွင့်ပြုပေးခဲ့သည်။

၁၈၈၅ ခုနှစ်တွင် ဗြိတိသျှတို့ဘက်က ကြိုတင်စီစဉ် ရန်စပြီး တိုက်ခိုက်ရာမှ ဖြစ်ပွားခဲ့သော တတိယ အင်္ဂလိပ်–မြန်မာစစ်ပွဲတွင် ရန်ကုန်မြို့သည် ဘာမျှမဆိုင်သလို ဖြစ်နေသည်။ ကနဦးကတည်းက အထက်ဗမာပြည်နှင့် စီးပွားရေးဆက်သွယ်မှုကို ဖြတ်တောက်ထားပြီး နားလည်မှုနှင့် ကုန်သွယ်ခြင်းမျှသာရှိသောကြောင့် ရန်ကုန်မြို့၏ စီးပွားရေးအပေါ် အကျိုးသက်ရောက်မှု မရှိခဲ့ပေ။

၁၈၈၁–၈၂ ခုနှစ်တွင် သွင်းကုန်တန်ဖိုးသည် နှစ်ဆန်းပိုင်းတွင် ရူပီးငွေသိန်းပေါင်း ၅၀၀ ကျော် ရှိခဲ့သော်လည်း နှစ်ဆန်းပိုင်းတွင် သွင်းကုန်တန်ဖိုးသည် ၄၇၀၀၀၀၀ ရူပီး ရှိခဲ့ရာမှ နှစ်ကုန်ပိုင်းတွင် ၁၃၅၄၀၀၀၀၀ ရူပီးအထိ မြင့်တက်လာခဲ့သည်။

သွင်းကုန်အများစုသည် အထည်အလိပ်၊ အဝတ်အထည်များသာဖြစ်သည်။ ထုတ်ကုန်တွင် ဆန်သည်အများဆုံးဖြစ်သည်။ ဒုတိယအများဆုံးမှာ ကျွန်းသစ်ဖြစ်ပြီး တတိယအများဆုံးမှာ ရေနံဖြစ်သည်။ ၁၈၈၁–၈၂ တွင် နိုင်ငံခြားတင်ပို့ခဲ့သော ဆန်တန်ဖိုးမှာ ရူပီး ၁၀၂ ကုဋေမှ နှစ်ကုန်ပိုင်းတွင် ရူပီး ၉၅၉ ကုဋေအထိ ရှိလာသည်။

၁၈၈၁ မှ ၁၈၈၂ အတွင်း ကျွန်းသစ်တင်ပို့ရောင်းချမှုသည် နှစ်ဆန်းပိုင်းတွင် ရူပီး ၂၇ ကုဋေမျှသာ ရှိခဲ့သော်လည်း နှစ်ကုန်ပိုင်းတွင် ရူပီး ၁၁၅ ကုဋေဖြစ်သည်။ ရေနံနှင့် ရေနံထွက်ပစ္စည်းများ တင်ပို့ရောင်းချမှုသည် နှစ်ကုဋေခွဲမှ ၅၇ ကုဋေ ဖြစ်သည်။ ဝါဂွမ်းကုန်ကြမ်းတန်ဖိုးမှာ ရူပီး ၂၃ ကုဋေမှ ၂၉ ကုဋေအထိ ဖြစ်သည်။ ကျွဲနွားသားရေရောင်းချရသော တန်ဖိုးငွေပမာဏသည် ရူပီးငွေ ၆ ကုဋေမှ ၁၈ ကုဋေအတွင်း ဖြစ်သည်။ အထည်အလိပ်သွင်းကုန်ပမာဏသည် ရူပီး ၂၇၄ ကုဋေမှ ရူပီးငွေ ၃၂၆ ကုဋေအထိ တိုးတက်ခဲ့သည်။

စက်အစိတ်အပိုင်းများနှင့် စက်များ ဝယ်ယူသောပမာဏသည် ရူပီးငွေ ၁၀ ကုဋေ မှ ရူပီးငွေ ၁၄ ကုဋေအထိ ဖြစ်သည်။ အရက်မျိုးစုံဝယ်ယူတင်သွင်းသော ပမာဏသည် ရူပီးငွေ ၁၃ ကုဋေမှ ၂၆ ကုဋေအထိဖြစ်သည်။ ကျောက်မီးသွေး ဝယ်ယူတင်သွင်းသော ပမာဏသည် ၈ ကုဋေမှ ရူပီးငွေ ၂၂ ကုဋေအထိဖြစ်သည်။ ၁၈၈၅ ခုနှစ်တွင် ဗမာပြည်တစ်ခုလုံးကို သိမ်းပိုက်နိုင်ခဲ့ပြီဖြစ်သောကြောင့် စီးပွားရေးကို ဗြိတိသျှတို့ စိတ်ကြိုက်အနေအထားဖြင့် ဆောင်ရွက်ကြလေတော့သည်။ ထိုအချိန်ကာလတွင် အထက်ဗမာပြည်ကိုလည်း ရရှိထားသောကြောင့် အထက်ဗမာပြည်ကို ခွဲခြားခြားမပြုတော့ဘဲ လွတ်လပ်စွာ စီးပွားလုပ်ဆောင်စေသည်။

သို့သော် အထက်ဗမာပြည်သည် ရာနှုန်းပြည့် ငြိမ်ဝပ်ပိပြားရေး မရှိသည်က





တစ်ကြောင်း ကုန်တွင်းပိတ်အနေအထားဖြစ်သည်က တစ်ကြောင်းတို့ကြောင့် အထက်ဗမာပြည်သည် ကုန်ကြမ်းထုတ်ခြင်း၊ ကုန်ချောထုတ်လုပ်ခြင်းအတွက်မျှသာ ကောင်းမွန်ပြီး အမှန်တကယ် နိုင်ငံတကာအဆင့်အထိ လုပ်ငန်းကြီးများ လုပ်ကိုင်နိုင်ရန် သင့်တော်သည့် အနေအထားမရှိသောကြောင့် ဗမာဘုရင်များခေတ်တွင် မင်းနေပြည်တော်မြို့များ ထွန်းကားခဲ့သော်လည်း အခြားသောမြို့ရွာများသည် ရန်ကုန်မြို့ကဲ့သို့ ထွန်းကားတိုးတက်လာခြင်း မရှိခဲ့ပေ။

၁၈၈၅ တွင် မစ္စတာဂျွန်ဟာလီဒေး တည်ထောင်ခဲ့သော ဆန်စက်လုပ်ငန်းသည် ၁၉၁၅ အထိ ဟာလီဒေးညီအစ်ကိုများ ကုမ္ပဏီအနေဖြင့် အောင်မြင်စွာရပ်တည်ခဲ့ သည်။ နောက်ပိုင်းတွင် Arracan ကုမ္ပဏီနှင့် ပေါင်းစပ်ပြီး Ellermains Arracan Rice and Trading ကုမ္ပဏီအမည်ဖြင့် ဆက်၍ လုပ်ကိုင်ခဲ့ကြသည်။ နောက်ပိုင်းတွင် ကုမ္ပဏီ၏ ရှယ်ယာအများစုကို ဆာဂျွန်အမ်ကမင်က ဝယ်ယူခဲ့သည်။ ၁၈၈၅ ခုနှစ်တွင် အိုပင်ဟဲမီးမားကုမ္ပဏီကလည်း ဆန်စပါးလုပ်ငန်း၊ ဆန်စက်လုပ်ငန်းများကို လုပ်ကိုင်လာခဲ့သည်။

၁၈၈၆ ခုနှစ်တွင် Messis. Foucar ညီအစ်ကိုများကုမ္ပဏီက သစ်လုပ်ငန်းကို အကြီးအကျယ် လုပ်ကိုင်ခဲ့သည်။ ကုမ္ပဏီကို မော်လမြိုင်မြို့၌ အခြေစိုက်ခဲ့သည်။ ၁၈၇၈ ခုနှစ်တွင် မစ္စတာဖာဒီနန်ဖိုကာသည် ရန်ကုန်တွင် သစ်ကုမ္ပဏီကို ထပ်၍ တိုးချဲ့ခဲ့သည်။ ထိုအခါ ညီအစ်ကိုတော်စပ်သည့် မစ္စတာအယ်မလီဖိုကာက အစုစပ်ရှယ်ယာဝင်လေသည်။ ဘီအာစီကုမ္ပဏီသည် အထက်ဗမာပြည်ရှိ ရေနံတွင်းများမှ ရသော ရေနံစိမ်းများကို စုဆောင်းပြီး ဓနိတောတွင် ရေနံချက်စက်ရုံတည်ဆောက်ပြီး ချက်လုပ်ကြသည်။ ပြီးနောက် ဓာတ်ဆီ၊ ရေနံဆီ စသည်ဖြင့် ခွဲခြားပြီး ရောင်းချကြသည်။ မန်နေးဂျင်းဒါရိုက်တာသည် ဖင်လေဖလဲမင်းဖြစ်သည်။ နောက်ပိုင်းတွင် ဒါဝတ်က တာဝန်ယူသည်။ ထို့နောက် မစ္စတာရိုး(လ်)ဒင်းကဘာ(ရ်)က တာဝန်ကို လွှဲပြောင်းရယူသည်။ သူ၏ နေရာကို မစ္စတာ ဂျွန်မက်ဂရီဂါက တာဝန်ယူသည်။

၁၈၆၆ မေလတွင် ကပ္ပတိန် မေဖလားဝါးကရစ် ကွယ်လွန်ပြီးနောက်ပိုင်းတွင် ကရစ်လုပ်ငန်းများ ရပ်ဆိုင်းသွားခဲ့ပြီး ၁၈၇၈ ခုနှစ်တွင် သူ၏ သားဖြစ်သူ မစ္စတာ အေဘီဘာရစ်က မော်လမြိုင်မြို့တွင် အခြေစိုက်ပြီး ကုမ္ပဏီလုပ်ငန်းများကို ပြန်လည်လုပ်ကိုင်လေသည်။

၁၈၉၀ တွင် မက်ဆာကာရစ်နှင့် ကုမ္ပဏီသည် ရန်ကုန်တွင် အခြေစိုက်ပြီး ဆန်လုပ်ငန်းကို တိုးချဲ့လုပ်ကိုင်သလို၊ သစ်လုပ်ငန်းကိုလည်း တွဲဖက်၍ လုပ်ဆောင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။

၁၉၀၇ ခုနှစ်အထိ မတ်ဆာစတီးသည် အထက်ဗမာပြည်ရေနံလုပ်ငန်းကို လက်ဝါးကြီးအုပ် ချုပ်ကိုင်ခဲ့သည်။ ၁၉၀၇ ခုနှစ်တွင် အင်ဒို–ဘားမား ရေနံကုမ္ပဏီ (The Indo-Burma Petroleum Company) က ရေနံလုပ်ငန်းများကို လက်ဝါးကြီးအုပ်၍ လုပ်ကိုင်ခဲ့သည်။

ရန်ကုန်မြို့သည် ဗမာပြည်တွင် သူဌေးအများဆုံးရှိသော မြို့ကြီးဖြစ်သောကြောင့် ထိုခေတ်ထိုကာလ အခြားသောမြို့များနှင့် နှိုင်းယှဉ်ပါက အဆပေါင်းများစွာ မြင့်တက်နေသည်။

၁၈၈၆ မှ ၁၈၈၈ ကာလများအတွင်း စီးပွားရေးလုပ်ငန်းအမျိုးအစား လွန်စွာစုံလင်လာခဲ့သည်။ ငွေစုငွေချေးလုပ်ငန်းများကအစ ပေါ်ပေါက်လာသည်။ ဘားလမ်းတွင် လုပ်ငန်းအသေးများအတွက် ကုမ္ပဏီရုံးခန်းများစွာ ပေါ်ပေါက်ခဲ့သည်။ ကုမ္ပဏီကြီးများက ေ◌ာအန္တခွဲပြီး ကြီးမားသော အဆောက်အအုံကြီးများ တည်ဆောက်ကာ အခြေချခဲ့ကြသည်။ ၁၉၁၀ ခုနှစ်အတွင်း တစ်စထက်တစ်စ ပိုများလာသည်။ ဆူးလေလမ်းပေါ်တွင် ဗဟိုတရားရုံးကြီးကို တည်ဆောက်ခဲ့ကြသည်။

၁၈၈၅ ခုနှစ်တွင် အိန္ဒိယအမျိုးသားဘဏ်ကို ရန်ကုန်၌ ရုံးခွဲဖွင့်ခဲ့သည်။ ၁၈၈၈ ခုနှစ်တွင် ရှားဖရစ်လမ်း (Shafraz Road) တွင် ဟောင်ကောင်နှင့် ရှန်ဟိုင်းဘဏ် ကော်ပိုရေးရှင်းဘဏ်ခွဲ လာဖွင့်သည်။

သင်္ဘောလုပ်ငန်းသည် ၁၈၈၁–၈၂ အချိန်ကာလတွင် များစွာတိုးတက်ခဲ့သည်။ ၁၈၈၁–၈၂ အတွင်း ရန်ကုန်ဆိပ်ကမ်းသို့ ဝင်ထွက်သော နိုင်ငံခြားတိုင်းပြည်များမှ သင်္ဘောကြီးများ အရေအတွက်သည် ၄၅၂ စီးရှိသည်။ စုစုပေါင်း တန်ချိန် ၄၄၄၇၈၀ (လေးသိန်း လေးထောင် ခုနစ်ရာရှစ်ဆယ်) ရှိသည်။ ၁၈၈၂ တွင် သင်္ဘောအရေအတွက်သည် ၃၀၃ စင်းမျှသာဖြစ်သော်လည်း အရွယ်အစားကြီးမားသည့် သင်္ဘောကြီးများဖြစ်သောကြောင့် ကုန်ချိန် ရှစ်သိန်းကျော်ခဲ့သည်။ တန်ချိန် ၄၇၁၁၀၂ ဖြစ်သည်။

၁၈၉၁ ခုနှစ်တွင် လီဗာပူးရှစ်ပင်းသည် ရုံးခန်းဖွင့်ခဲ့သည်။ လီဗာပူးရှစ်ပင်း (Liverpool Shipping) မှာ ၁၈၂၁ ခုနှစ်ကတည်းက ကုန်သင်္ဘောများစွာဖြင့် ရန်ကုန်ဆိပ်ကမ်းသို့ ကုန်တင်ကုန်ချ ဝင်ထွက်သွားလာမှု အများဆုံးပြုလုပ်ခဲ့သော ဗြိတိသျှသင်္ဘောကုမ္ပဏီဖြစ်သည်။

၁၈၈၂–၉၀ အချိန်ကာလအတွင်း Messrs Bibby မှ နောက်ဆုံးပေါ် လောင်စာဆီသုံးအင်ဂျင်ဖြင့် မောင်းနှင်သော သင်္ဘောမျိုးစုံ တင်သွင်းအသုံးပြုလာ





သောကြောင့် ရေနွေးငွေ့သင်္ဘောကြီး၏ အခန်းကဏ္ဍသည် တဖြည်းဖြည်း ပျောက်ကွယ်စပြုလေသည်။ ရေနွေးငွေ့ခေတ်ဟောင်းသင်္ဘောများသည် ပန်ကာသုံးသော (Steam Propelled) အမျိုးအစားများဖြစ်ကြသည်။ ယခုနောက်ပိုင်း အင်ဂျင်များတွင် အားထိန်းဘီးကြီးများ အသုံးမပြုတော့ဘဲ နောက်ဆုံးပေါ် ရေနွေးငွေ့အင်ဂျင်ဖြင့် တိုက်ရိုက်မောင်းနှင်လာကြ သည်။ ထိုအခါ သင်္ဘောများသည် အလေးချိန်ပေါ့ပါးပြီး စက်စွမ်းအားပိုမြင့်ပြီး သွားလာရာတွင် ပို၍ လျင်မြန်ပေါ့ပါးလာသည်။ ကုန်အလေးချိန် တင်ဆောင်မှုများလာသည်။ သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ဆောင်ကြသော ကုမ္ပဏီများအတွက် များစွာအကျိုး ဖြစ်ထွန်းလာသည်။ ထို့ကြောင့် သင်္ဘောအသစ်မျိုးစုံ ဝင်ရောက်လာသောအခါ လွန်ခဲ့သည့် နှစ်ပေါင်း နှစ်ဆယ်ကာလအချိန်ထက် ကုန်သွယ်မှုပမာဏ ပိုများလာသည်။

၁၈၈၀ ပြည့်လွန်ကာလများတွင် ရန်ကုန်မြို့၏ စီးပွားရေးသည် စဉ်ဆက်မပြတ် တိုးတက်လာခဲ့သည်။ သို့သော် စီးပွားရေးလုပ်ငန်းအကြီးစားများကို ဥရောပတို့က ချုပ်ကိုင်လုပ်ကိုင်နေကြပြီး အလယ်အလတ် စီးပွားရေးလုပ်ငန်းများသည် အိန္ဒိယသားမူဆလင်များနှင့် ဟိန္ဒူများ၏ လက်တွင်း၌ ရှိကြသည်။ အငယ်စား စီးပွားရေးလုပ်ငန်းများ ကုန်သွယ်ခြင်း၊ ဈေးရောင်းခြင်း၊ စတိုးဆိုင်ဖွင့်ခြင်း လုပ်ငန်းငယ်များကို ဗမာလူချမ်းသာများနှင့် ရေးနှစ်ပေါင်းများစွာကတည်းက ဗမာပြည်ရောက်ပြီး သွေးနှောခဲ့သော ကပြားတို့က ပိုင်ဆိုင်ကြသည်။ ထိုအချိန်က တရုတ်သူဌေးကြီးများ အနည်းငယ်ရှိသည်မှအပ ဆင်းရဲသားတရုတ်များ ဝင်ရောက်မှု သိပ်မရှိသေးပေ။ ၁၉၂၀ အချိန်ကာလများတွင် တရုတ်ပြည်၌ ပြည်တွင်းစစ် အစဉ်အဆက်မပြတ် ဖြစ်လာသောအခါ ရိုးရိုးသားသား စီးပွားရှာမရလောက်အောင် ဒုက္ခများသောအခါ ထိုအချိန်က အရှေ့တောင်အာရှဒေသတွင်း စီးပွားရေးအကောင်းဆုံးမြို့ကြီးဖြစ်သော ရန်ကုန်မြို့သို့ ကုန်လမ်း၊ ရေလမ်းတို့မှ တရုတ်တို့ ဝင်ရောက်လာကြခြင်းဖြစ်သည်။

၁၈၂၄ ခုနှစ်ကတည်းက နယ်သာလန်အင်းဒီး (Netherlands Indies) သည် ရန်ကုန်မြို့တွင် အခြေချပြီး စီးပွားရေးလုပ်ခဲ့သည်။ ၁၈၈၉ ခုနှစ်တွင် နယ်သာလန်ကုန်သွယ်အဖွဲ့အစည်း (Netherlands Trading Society) သည် ရန်ကုန်မြို့တွင် အခြေစိုက်ပြီး စီးပွားရေးလုပ်ငန်းများကို ကျယ်ပြန့်စွာ လုပ်ကိုင်ခဲ့ကြသည်။ ထိုအချိန်တွင် ဂျာမန်တို့လည်း နယ်သာလန်တို့နှင့် အပြိုင်အဆိုင် စီးပွားရေးလုပ်ခဲ့ကြသည်။

ပြင်သစ်စီးပွားရေး ချိန်ဘာ (French Chamber of Commerce) ကိုလည်း ရန်ကုန်မြို့တွင် အခြေစိုက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



၁၈၉၄ ခုနှစ်တွင် ဆူးလေဘုရားလမ်း၌ ဗြိတိသျှအိန္ဒိယဟိုတယ် (The British India Hotel) ကို ဖွင့်လှစ်ခဲ့သည်။ ထိုအခါ လူထုစည်းဝေးခန်းမ တစ်ခုမျှ မရှိသောကြောင့် ဟိုတယ်၌ ခန်းမတစ်ခုပြုလုပ်ပေးထားသည်။

ထိုအခါ ၁၈၉၀ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော The Burma Athletic Association အတွက် များစွာအဆင်ပြေခဲ့လေသည်။ ဗမာဘုရင်များလက်ထက်တွင် လူထုဆွေးနွေးပွဲများဆိုသည် လုံးဝ မရှိခဲ့ပေ။ ၁၈၉၀ ပြည့်လွန်ကာလများနောက်မှ လူထုဆွေးနွေးပွဲများ၊ လူထုအားကစားပွဲများ ရှိလာသည်။ ဘောလုံးကစားနည်းကို လူကြိုက်များသောကြောင့် ဘောလုံးအသင်းများ ထူထောင်လာကြပြီး ဘောလုံးပွဲများ စဉ်ဆက်မပြတ် ကျင်းပပေးလာကြသည်။ ဘောလုံးကစားနည်းသည် ဗမာတို့၏ ရိုးရာကစားနည်းများနှင့် လွန်စွာတူညီသောကြောင့် ဗမာပြည်သို့ ဘောလုံးကစားနည်း ရောက်လာသည်နှင့် လူထုအတွင်းသို့ လျင်မြန်စွာ ပျံ့နှံ့ခဲ့သည်။

၁၈၉၇ ခုနှစ်တွင် အားကစားပြုလုပ်ရန် ကစားကွင်းများ ပြုလုပ်ပေးခဲ့သည်။ ဂျင်မခါနာကလပ်ကို ထူထောင်ခဲ့သော်လည်း ပြန်လည်ရုပ်သိမ်းခဲ့ကြသည်။ ၁၈၉၅ ခုနှစ်တွင် ဘားမားဘောလုံးအသင်းအဖွဲ့ချုပ် (The Burma Association Foot-ball League) ကို ဖွဲ့စည်းခဲ့ကြသည်။ ထို့နောက် ၁၈၉၈ ခုနှစ်တွင် ကရစ်ကက်အားကစားကို တွဲဖက်ခဲ့သောကြောင့် ဘောလုံးအသင်း ဘားမားအားကစားအဖွဲ့ (The Burma Athletic Assossation) ကို ဖွဲ့စည်းခဲ့ကြသည်။ စီးပွားရေးကောင်းသောကြောင့် ငွေကြေးကြွယ်ဝချမ်းသာသူများက ရန်ကုန်လာပြီး စီးပွားရှာကြသလို ငွေကြေးအရင်းအနှီးချို့တဲ့သူများကလည်း ရန်ကုန်မြို့တွင် ကြုံရာကျပန်းလုပ်သားများအဖြစ် လုပ်စားကြဖို့ ရောက်လာကြသောကြောင့် ရန်ကုန်မြို့၏ လူဦးရေသည် လျော့နည်းသွားခြင်းမရှိဘဲ အစဉ်အမြဲ တိုးတက်လာခဲ့သည်။

၁၈၈၁ ခုနှစ်တွင် လူဦးရေ ၁၃၄၁၇၆ (တစ်သိန်း သုံးသောင်း လေးထောင် တစ်ရာ ခုနှစ်ဆယ့် ခြောက်ယောက်) ရှိခဲ့ရာမှ ၁၈၉၁ ခုနှစ်တွင် လူဦးရေသည် ၁၈၀၃၂၄ (တစ်သိန်း ရှစ် သောင်း သုံးရာ လေးဆယ့်နှစ်ဦး)အထိ ရှိလာပြီး နောက်ဆယ်နှစ်အကြာ ၁၉၀၁ ခုနှစ်တွင် လူဦးရေသည် ၂၄၈၀၆၀ (နှစ်သိန်း လေးသောင်း ရှစ်ထောင် ခြောက်ဆယ်)အထိ နှစ်ဆမျှ တိုးတက်လာခဲ့သည်။

မြို့တွင်း လူဦးရေ အဆမတန်တိုးပွားလာသောအခါ မြူနီစပယ်အဖွဲ့အနေဖြင့် ပထမဆုံးကြုံတွေ့ရသော အခက်အခဲဖြစ်သည်။ ရေအခက်အခဲပြေလည်စေရန်အတွက် ထိရောက်စွာ ဖြေရှင်းနိုင်ခဲ့သည်။ ၁၈၈၂ ခုနှစ်တွင် ကုက္ကိုင်းရေလှောင်ကန်





ကြီးဖြင့် ယာယီအခက်အခဲကို ဖြေရှင်းလိုက်သည်။

၁၈၈၄ တွင် ဗစ်တိုးရီးယားရေကန် (Victoria Lake) ဖြင့် ဖြေရှင်းခဲ့သည်။ ရန်ကုန်ရေလှောင်ကန်၏ အမြင့်ကို ၃ ပေပတ်လည်မြှင့်တင်လိုက်သည်။ ရေကန်ကို ရွှိုင်ရယ်လိတ် (Royal Lake) ဟု အမည်သစ်ပေးခဲ့သည်။ သို့သော် ပုဇွန်တောင်ဘက်၊ ဒလကွာတာဘက်တွင် ရေတွင်းမှ ရေကိုသာ အားထားခဲ့ကြသည်။ ရေကောင်းရေသန့်ကို မော်တင်လမ်းမှ ဂျူဒါအီစကယ်လမ်းအထိသာ ရရှိသည်။

ကနဦးမြို့တည်စဉ်က ပြုလုပ်ခဲ့သော မိလ္လာနှင့် ရေဆိုးရေညစ်များ စွန့်သောစနစ်သည် အဆမတန်များလာသော လူဦးရေများနှင့် တိုးချဲ့ရပ်ကွက်များကြောင့် ကြီးမားစွာ အခက်အခဲကြုံတွေ့ခဲ့ရသည်။ ထို့ကြောင့် ၁၈၈၇ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့ တွင် မြူနီစီပယ် အင်ဂျင်နီယာအဖွဲ့သည် Messrs. Shone & Ault ကို ကန်ထရိုက်ပေးပြီး ရေအားနှင့် လေအားပေါင်းစပ်သောစနစ် (Hydre-Pneumatic System) အသုံးပြုခဲ့သည်။ ထိုစနစ်အတွက် ကုန်ကျစရိတ်ငွေသည် ရူပီး ၃၀ ကုဋေ ဖြစ်သည်။ ၂လမ်းမှ ဂျူဒါအီစကယ်လမ်းအထိသာ မိလ္လာနှင့် ရေဆိုးရေညစ်များကို သန့်ရှင်းပေးနိုင်မည်ဖြစ်သည်။ ထိုအချိန်က စထရင်းလမ်းမှ ဘားမြောင်းလမ်းနှင့် ဖရေဇာလမ်း၊ မောင်ဂိုမာရီလမ်း၊ မဂိုလမ်းမှ စပတ်လမ်းအထိ ရေပေးစနစ် မကောင်းသေးသောကြောင့် အသုံးမပြုနိုင်ခဲ့ပေ။ ထိုအချိန်က မိလ္လာထွက်ပေါက်သည် မန်းကီးပွိုင့် (Monkey Point) ဖြစ်သည်။ မိလ္လာနှင့် ရေဆိုးရေညစ်များ သန့်စင်ပေးသောစနစ်အသစ်ကို ၁၈၈၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် စတင်အသုံးပြုခဲ့သည်။ ဖွင့်ပွဲကို H.R.H Albert Victor , Duke of Clarence က ဖွင့်လှစ်ပေးခဲ့သည်။ ထိုစနစ်သည် ရာနှုန်းပြည့် အောင်မြင်ခဲ့သည်။ တစ်နှစ်ကြာပြီးသောအခါ ထိုစနစ်ကို အလုံ၊ ပုဇွန်တောင်နှင့် သိမ်ဖြူတို့တွင် တိုးချဲ့နိုင်ခဲ့သည်၊ ၁၈၉၆-၉၇ ခုနှစ်တွင် လမ်းမတော်ဘက်သို့ တိုးချဲ့နိုင်ခဲ့သည်။ သို့သော် လမ်းမတော်ကွာတာတွင် နေထိုင်ကြသော လူဦးရေ အလွန်များသော်လည်း မိလ္လာစနစ်သည် ပုံးအိမ်သာစနစ်မျှသာ ဖြစ်သောကြောင့် မိလ္လာများကို လှည်းများဖြင့် စွန့်ထုတ်သော စနစ်ကိုသာ အသုံးပြုခဲ့ရသည်။ မြို့ပြင်ဖက်တွင် ယခင်စနစ်ဟောင်းကိုသာ ဆက်လက်အသုံးပြုခဲ့ကြသည်။

၁၈၉၁ ခုနှစ်တွင် မိလ္လာစနစ်သစ်နှင့် ဆက်သွယ်ထားနိုင်သော အိမ်အရေအတွက်သည် ၁၀ ရာနိုင်နှုန်းမျှသာရှိသေးသည်၊ ၉၀ ရာနှုန်းသည် မူလအခြေအနေ၌သာတွင် ရှိနေကြသေးသည်။ ထို့ကြောင့် မြူနီစီပယ်အဖွဲ့၏ စနစ်တကျကြိုးကြိုးပမ်းမှုဖြင့် မိလ္လာစနစ်သစ်ကို အိမ်ခြေအများစု အသုံးပြုနိုင်ရန် ကြိုးပမ်း၍ ဆက်သွယ်ပေးခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။

မြို့တွင်း သန့်ရှင်းရေးစနစ်သည် လွန်စွာနိမ့်ကျနေသည်။ မြို့တွင်း၌ စနစ်တကျ ဆောက်လုပ်ကြသော အဆောက်အအုံများတွင် ပြဿနာမရှိသော်လည်း ဆင်းရဲသားများ နေထိုင်သော မြို့ပြင်ရပ်ကွက်များတွင် လူနေအိမ်များသည် လမ်းမကြီး၏ အောက်ဖက် ရောက်နေသောကြောင့် မိုးရွာသည့်အခါ ရေများ အိမ်တွင်း ဝင်နေသည်။

မြူနီစီပယ်က လူထုကျန်းမာရေးအတွက် သင့်တော်သည့် စည်းကမ်းဥပဒေများ ထုတ်ပြန်ပြီး ကြီးကြပ်သောအခါ ကျန်းမာရေးဗဟုသုတချို့တဲ့ကြသော မြို့သူမြို့သားများက နှိပ်စက်သည်ဟု ထင်နေကြသည်။ စည်ပင်သာယာရေးအတွက် ဆောင်ရွက်ခြင်း၊ ကျန်းမာရေးအတွက် ဆောင်ရွက်ခြင်းတို့ကို ရဲတပ်ဖွဲ့အကူအညီတောင်းပြီး အတင်းအကျပ် ဆောင်ရွက်စေသည်။ ၁၈၈၂ နောက်ပိုင်းတွင် ရဲတပ်ဖွဲ့သည် မြူနီစပယ်၏ အုပ်ချုပ်မှုအောက်တွင် မရှိတော့ဘဲ သီးခြားရပ်တည်လာသောကြောင့် မြူနီစီပယ်အဖွဲ့၏ ဥပဒေစည်းကမ်းများသည် စာရွက်ပေါ်၌သာရှိပြီး လက်တွေ့အကောင်အထည်မဖော်နိုင်သော ဥပဒေဖြစ်လာတော့သည်။

၁၈၈၄ ခုနှစ်၊ ဇန်နဝါရီလမှ ၁၈၈၅ ခုနှစ်၊ ဒီဇင်ဘာလကုန်အထိ လေ့လာမှုကို ကပ္ပတိန် အဒမ်ဆန်က မှတ်တမ်းရေးရာတွင် –

*"ရန်ကုန်မြို့သည် အလွန်ညစ်ပတ်သည်၊ လွန်စွာညစ်ပတ်သည်။ လမ်းကြားများနှင့် ကွက်လပ်ထားသော နေရာများတွင် အလွန်ညစ်ပတ်သည်။ လမ်းမကြီးများပေါ်တွင်လည်း သန့်ရှင်းမှုနည်းပါးသည်"* ဟု ရေးသားခဲ့သည်။

လက်ထောက်ကော်မရှင်နာမင်းကြီးက ရဲများကို အမိန့်ပေးထားသည်။

*"မြို့လူထု၏ ကျန်းမာရေးကို ထိခိုက်အောင်လုပ်သူများအား ဖမ်းဆီးပြီး အပြစ်ဒဏ်ငွေအဖြစ် ရူပီးငွေ ၁ ရူပီး ဒဏ်ငွေဆောင်ရမည်"* ဟု အပြစ်ဒဏ်ချမှတ်ပေးခဲ့လေသည်။

ရန်ကုန်မြို့သည် စီးပွားရေးအလွန်ကောင်းသည်ဟု ကြားသိရသောအခါ ဗမာပြည်အရပ်ရပ်မှ ပြောင်းရွှေ့လာကြသူများသော်လည်း ဗမာတို့သည် ဒေသအစွဲကြီးကြသည်။ မွေးရပ်မြေ၊ မွေးဖွားရာဒေသကို တွယ်တာလွန်းကြသည်။ ထိုအချိန်က စပါးစိုက်ပျိုးရေး လုပ်ငန်းလွန်စွာ ထွန်းကားသောကြောင့် ရသမျှနှင့် ရောင့်ရဲတင်းတိမ်နေခဲ့ကြသည်။ ရန်ကုန်မြို့တက်ပြီး စီးပွားရှာလိုစိတ် သိပ်မရှိပေ။ ထို့ကြောင့် အိန္ဒိယသားများသည် အိန္ဒိယတွင် အလုပ်အကိုင် ရှားသောကြောင့် ရောက်ရှိလာသောအခါ ရရာအလုပ်ကို လုပ်ကြသည်။ အချို့လည်း မည်သည့်ပညာမျှမတတ်သောကြောင့်





ကုမ္ပဏီကြီးများတွင် အလုပ်ဝင်ရန် မဖြစ်နိုင်၊ ကုန်တင်ကုန်ချအလုပ်လည်း ရှားပါးလာသောအခါ ရောဝတီ မြစ်ဝကျွန်းပေါ်ဖက်သို့ သွားပြီး လယ်ယာလုပ်ငန်းခွင် ဝင်ကြလေသည်။ လယ်ယာလုပ်ငန်းခွင် ဝင်ကြသူအများစုသည် လူပျိုလူလွတ်နည်းပြီး အိမ်ထောင်သည်များဖြစ်ကြသည်။ စိုက်ပျိုးရာသီ နှစ်ရာသီမျှ လုပ်ကိုင်ပြီး ချွေတာစားသောက်၍ လုပ်ခပိုက်ဆံငွေစုပြီး အိန္ဒိယသို့ ပြန်ကြသည်။ လူပျိုအချို့သည် ဗမာပြည်တွင် အိမ်ထောင်ကျပြီး အခြေချခဲ့သူများသည်။ အိမ်ထောင်သည် အချို့သည်လည်း မီးဝေးချိတ်ပမာ အိမ်သူနှင့် အနေဝေးချိန် ဗမာပြည်တွင် အိမ်ထောင်ကျသူများလည်း ရှိသည်။ ထို့ကြောင့် နှစ်စဉ်အိန္ဒိယမှ လာသူများပြီး အိန္ဒိယသို့ ပြန်သူနည်းသောကြောင့် ဗမာပြည်တွင် အိန္ဒိယအရေအတွက် များလာခြင်းဖြစ်သည်။

ရန်ကုန်မြို့သို့ ဝင်ရောက်လာသော အိန္ဒိယအရေအတွက် များပြီး၊ ပြန်ထွက်သွားသော အရေအတွက်က နည်းသောကြောင့် အိန္ဒိယသားအရေအတွက်သည် တစ်နှစ်ထက်တစ်နှစ် ပိုများလာသည်။ အောက်ပါဇယားတွင် အတိအကျဖော်ပြထားပါသည်။

| ခုနှစ် | ဝင်ရောက်သူ | ပြန်ထွက်သူ |
|---|---|---|
| ၁၈၈၅ | ၅၇၇၁၈ | ၄၈၃၀၆ |
| ၁၈၈၆ | ၇၄၂၈၀ | ၅၀၉၆၆ |
| ၁၈၈၇ | ၈၇၄၄၁ | ၄၉၈၅၁ |
| ၁၈၈၈ | ၈၀၆၄၈ | ၆၁၉၀၂ |
| ၁၈၈၉ | ၈၇၇၈၆ | ၆၅၅၈၆ |

ရန်ကုန်မြို့တွင် လူဦးရေများလေ မြူနီစီပယ်အတွက် အခက်အခဲကြုံတွေ့လေ ဖြစ်သည်။ ငွေကြေးချမ်းသာသော အိန္ဒိယသား သူဌေးကြီးတွေ၊ ကုမ္ပဏီကြီးတွေ လာခြင်းသည် မြူနီစီပယ်အတွက် အခွန်ငွေတွေ များစွာရသည်။ သို့သော် အိန္ဒိယသားဆင်းရဲသားတွေသည် မြို့စွန်ဗမာရပ်ကွက်တွေမှာ ဗမာတွေနဲ့ ရောနှောပြီး နေကြပြီး သူတို့ထံမှ မြူနီစီပယ်ခွန်ကောက်ရခြင်းသည် ဗမာဆင်းရဲသားတွေကဲ့သို့ အလွန်ခက်သည်။ သူကြီးများ ခန့်ထားသော်လည်း သူတို့တွေက သူကြီးများနှင့်ညီ[illegible] အကြံအဖန်လုပ်ကြသည်။

၁၈၈၂–၈၃ ခုနှစ်တွင် ကျန်းမာရေးအရာရှိသည် ကူးစက်ရောဂါ[illegible]အဖြစ်များ



www.burmeseclassic.com

www.burmeseclassic.com



သော ဆင်းရဲသားဗမာရပ်ကွက်တစ်ခုကို ဝင်ရောက်စစ်ဆေးရာ ဗမာအိမ်ရှင်တစ်ဦးသည် တန်းလျားရှည်ကြီးတစ်ခုထဲတွင် မဒရပ်မှ ကူလီစုစုပေါင်း ၁၀၀ ခန့်ကို ပြွတ်သိပ်ပြီး ငှားရမ်းနေထိုင်ခွင့်ပြုထားသည်ကို တွေ့ရသောကြောင့် ကူလီများသာမက အိမ်ရှင်ကိုပါ ဖမ်းဆီးပြီး ဒဏ်ငွေဆောင်ခဲ့စေသည်။ နောင်တွင် အိမ်တန်းလျားကြီးများ ဆောက်လုပ်လိုပါက မြူနီစီပယ်ထံမှ ခွင့်ပြုချက်တောင်းရမည်ဖြစ်ပြီး မြူနီစီပယ်၏ ခွင့်ပြုချက်ဖြင့်သာ ဆောက်လုပ်ရမည်။ သတ်မှတ်ထားသော အခွန်များ ဆောင်ရမည်ဟု အမိန့်ချမှတ်ခဲ့သည်။

မဒရပ်ကမ်းခြေမှ ကူလီများသည် ရေနွေးငွေ့သင်္ဘောကြီးများဖြင့် ရန်ကုန်သို့ အကြိမ်ကြိမ် ရောက်လာကြသည်။ နှစ်စဉ် ထောင်ပေါင်းများစွာ ရောက်လာကြသည်။ အလွန်ဆင်းရဲကြပြီး အဝတ်တစ်ထည်ကိုယ်တစ်ခုဖြင့် ရောက်လာကြသော မဒရပ်မြို့မှ အခြေအနေမဲ့ ကူလီများသည် ရန်ကုန်မြို့ရောက်သည်နှင့် ရသည့်အလုပ် ဝင်လုပ်ကြပါသည်။ သို့သော် သူတို့၏ အခက်အခဲမှာ နေထိုင်ရေး အခက်အခဲဖြစ်သည်။ ထိုအခါ ဈေးပေါပေါနဲ့ နေထိုင်နိုင်သော မြို့စွန်ရှိ ဗမာရပ်ကွက်များမှ အဖီများတွင် ငှားရမ်း နေကြခြင်း၊ အိမ်တန်းလျားကြီးများတွင် စုပေါင်းနေထိုင်ကြခြင်းဖြင့် နေရေးအတွက် ဖြစ်သလို စီစဉ်ကြသည်။ လူဦးရေ ထူထပ်လာသောအခါ သန့်ရှင်းရေးပြဿနာ ဖြစ်လာသည်။ ထိုကဲ့သို့ သန့်ရှင်းမှုနည်းလာသည်နှင့် ကျန်းမာရေးပြဿနာဖြစ်လာသည်။ ဝလေ့စရိုက်ကြမ်းသူများ စုရုံးနေထိုင်ကြသောအခါ မူးယစ်သောက်စားရမ်းကားလာကြသည်။ အစဉ်မသင့်သောအခါ အမူးသမား အချင်းချင်း ပြဿနာဖြစ်ကြသည်။ ရာဇဝတ်မှုကျူးလွန်သည်အထိ ဖြစ်လာကြသည်။

မြူနီစီပယ်အရာရှိများနှင့် ကျန်းမာရေးအရာရှိတို့က မြို့စွန်ဆင်းရဲသားရပ်ကွက်များမှ လူဦးရေထူထပ်ပြီး နေထိုင်မှုအဆင့်အတန်း နိမ့်ကျလွန်းသော ပြဿနာကို ဖြေရှင်းဖို့ ကြိုးစားလာကြသည်။ နေအိမ်တစ်ခုနှင့် တစ်ခု သတ်မှတ်အကွာအဝေးရှိရမည်။ ရပ်ကွက်အတွင်း နေအိမ်အသီးသီးတွင် အိမ်သာတစ်ခုစီ ရှိရမည်။ ရေချိုးခန်းသီးသန့်ရှိရမည်။ ဧည့်ခန်း၊ အိပ်ခန်း၊ စားသောက်ခန်းစသည်ဖြင့် စနစ်တကျရှိဖို့ စီစဉ်ပေးရန် ကြိုးစားကြသော်လည်း မြူနီစီပယ်တွင် ငွေကြေးစိုက်ထုတ် စီမံပေးရန် ငွေကြေးမရှိခြင်း၊ ကျန်းမာရေးအရာရှိတွင် ကျန်းမာရေးနှင့် ညီညွတ်စေရန်၊ စီမံပေးရန် အတွက် ငွေမရှိခြင်း၊ မြို့စွန်လူဦးရေထူထပ်ပြီး အိမ်ခြေများလွန်းသော ရပ်ကွက်ဆင်းရဲသားများတွင် ငွေကြေးချို့တဲ့ခြင်း၊ မဟာလူမျိုးများသည် မူလကတည်းက အုပ်စိုးသူရှင်ဘုရင်မှစပြီး သူကြီးအထိ ရာထူးအဆင့်အတန်းအလိုက် ကြွယ်ဝချမ်းသာပြီး လူနေမှုအဆင့်





အတန်းမြင့်မားခဲ့သော်လည်း ပြည်သူလူထုအများစုသည် ခေတ်ကာလတိုင်း မည်သည့်ရှင်ဘုရင်တက်လာပါစေ ပြည်သူလူထု၏ စားဝတ်နေရေး၊ ပညာရေး၊ စီးပွားရေး၊ အလုပ်အကိုင်အခွင့်အလမ်း ပေါများရေးတို့အတွက် ဘာတစ်ခုမျှ ဆောင်ရွက်ခဲ့ကြခြင်း မရှိပေ။ ထို့ကြောင့် ဆင်းရဲသားများသည် ဖြစ်သလိုနေ၊ ဖြစ်သလိုစားသော အလေ့အကျင့်မှာ အရိုးစွဲနေပြီဖြစ်သည်။ ထို့ကြောင့် မြူနီစီပယ်နှင့် ကျန်းမာရေးဌာနတို့၏ လူထုကျန်းမာရေး ဆောင်ရွက်ချက်ကို ချုပ်ချယ်မှုဟု ထင်နေကြသည်။ ထိုအချက်များကြောင့် ကိုလိုနီခေတ်တွင် ဆင်းရဲသားရပ်ကွက်များ၏ နေထိုင်မှုပုံစံကို ပြုပြင်ပြောင်းလဲဖို့ ကြိုးစားမှုသည် အောင်မြင်ခြင်း မရှိခဲ့ပေ။

မြူနီစီပယ်မှ အကူအညီမပေးနိုင်သော်လည်း ၁၈၈၂ မြူနီစပယ်ဥပဒေအရ အိမ်ဆောက်ပြီး ငှားစားလိုသူများသည် မြူနီစပယ်၏ ခွင့်ပြုချက်ကို ယူဖို့လိုသည်ဟု အမိန့်ထုတ်လိုက်သည်။ မြူနီစီပယ်မှ ထုတ်ပေးထားသော လိုင်စင်ရှိမှသာလျှင် အိမ်ငှားခြင်းပြုလုပ်နိုင်မည်။ အိမ်ငှားခြင်းသည် စီးပွားရှာခြင်းဖြစ်သောကြောင့် သတ်မှတ်သည့် မြူနီစပယ်အခွန်ဆောင်ရမည်ဟု အမိန့်ထုတ်ခဲ့သည်။

၁၈၉၄ ခုနှစ် ဘားမားမြူနီစီပယ်အက်ဥပဒေ (The Burma Municipal Act) အရ အိမ်ငှားစားမည့်သူများအတွက် တင်းကျပ်သောဥပဒေ ချမှတ်ခဲ့သည်။ ခွင့်ပြုသော ငွေကြေးအတိုင်းအတာဖြင့် အိမ်ငှားခွင့်ရှိသည်။ အိမ်ငှားများကို အခန်းကျဉ်းအတွင်း လှောင်ပိတ်ထားခြင်း မပြုရ။ သတ်မှတ်အကျယ်အဝန်း ပေးထားရမည်။ သတ်မှတ်ထားသော အခွန်ငွေပမာဏ ပေးဆောင်ရမည်ဖြစ်သည်။

ကနဦးတွင် ဆင်းရဲသားရပ်ကွက်မှ ဗမာများသည် မဒရပ်ကူလီများ၏ အရေးကို အိမ်ငှားစားပြီး ဖြေရှင်းခဲ့သည်။ နောင်တွင် ငွေကြေးချမ်းသာသော ဗမာများနှင့် ဥရောပသားများသည်လည်း အိမ်ငှားစားသော စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်လာကြလေသည်။

၁၈၈၆ ခုနှစ်တွင် ကော်မတီအသစ် ဖွဲ့စည်းပြီးသောအခါ အိမ်ရှင်များသည် အိမ်ငှားစားရာတွင် ကျန်းမာရေးနှင့် ညီညွတ်မှု မရှိကြောင်း သိရသောကြောင့် ကော်မရှင်နာမင်းကြီး၏ အမိန့်ဖြင့် တရားစွဲဆိုမည်ဖြစ်သည်။ အိမ်ငှားစားသောအခါ လူတစ်ဦးအတွက် အနည်းဆုံးပေးထားရမည့် အကျယ်အဝန်းသည် ၂၄ စတုရန်းပေ ဖြစ်သည်။ အိမ်ငှားများအတွက် သန့်ရှင်းရေးဆောင်ရွက်ပေးရမည်။ နံနက် ၁၀ နာရီတွင် အမှိုက်များအားလုံးကို အမှိုက်သိမ်းအဖွဲ့ ရောက်လာချိန်တွင် အမှိုက်သိမ်းရမည်။ အိမ်ငှားများကို လေဝင်လေထွက်ကောင်းအောင် ဖန်တီးပေးရမည်။ အဝတ်အထည်များ လှော်ဖွတ်ရန်



www.burmeseclassic.com

www.burmeseclassic.com



စီစဉ်ပေးရမည်။ ထမင်းဟင်းချက်ပြုတ်နိုင်ရန် စီစဉ်ပေးရမည်။

ကျန်းမာရေးအရာရှိနှင့် အဖွဲ့သည် အခါအားလျော်စွာ ဝင်ရောက်စစ်ဆေးသွားမည်။ ဥပဒေနှင့် ညီညွတ်မှုမရှိပါက တရားစွဲဆိုခံရမည်ဖြစ်သည်။ ၁၈၉၁ နိုဝင်ဘာလတွင် ပြဋ္ဌာန်းသော အိမ်ရှင်၊ အိမ်ငှားဥပဒေတွင် အိမ်ရှင်များသည် လစာငွေကို ရနိုင်သမျှယူပြီး အိမ်ငှားများအပေါ် တာဝန်မကျေခြင်းဖြင့် ပတ်သက်၍ ပြင်းပြင်းထန်ထန် အရေးယူမှုပြုလာသည်။

ကျန်းမာရေးအရာရှိနှင့် အဖွဲ့သည် ခြင်များနှိမ်နင်းပေးခြင်း၊ ရေမြောင်းများ သန့်ရှင်းပေးရန် သန့်ရှင်းရေးအဖွဲ့များ ခိုင်းစေခြင်း၊ ကြွက်များနှိမ်နင်းခြင်း စသည်များ ပြုလုပ်ပေးသည်။ ကူးစက်ရောဂါဖြစ်ပွားသည်ဟု သတင်းကြားသည်နှင့် အမြန်ဆုံးသွားရောက် တိုက်ဖျက်နှိမ်နင်းပေးခြင်း၊ ရောဂါသည်များကို ကုသပေးခြင်းများ ပြုလုပ်ပေးခဲ့သည်။

၁၈၉၃ ခုနှစ်တွင် ၂၉ လမ်းရှိ ဟိန္ဒူဘုရားကျောင်းအနီးတွင် မူဆလင်များ နွားလှီးပြီး အလုပ်လုပ်ရာမှာ ဟိန္ဒူ–မူဆလင် ဘာသာရေးအဓိကရုဏ်းဖြစ်ခဲ့သည်။ ရဲတပ်ဖွဲ့က လူစုခွဲရာတွင် သေနတ်နှင့် ပစ်ခတ်ပြီး လူစုခွဲခဲ့သည်။ နှစ်ဖက်စလုံး သေဆုံးမှု ရှိခဲ့သောကြောင့် မကျေမနပ်မှု ကြီးထွားလာမည်ဟု စိုးရိမ်ကာ ရွှေတိဂုံဘုရားအနီးတွင် တပ်စွဲထားသော စစ်တပ်သည် Bakrid ၌ အချိန်ကာလအတန်ကြာ တပ်စွဲထားခဲ့သည်။ သို့သော် နှစ်ဦးနှစ်ဖက်စလုံး အပြစ်ရှိသောကြောင့် ပြဿနာပြန်ပွားခြင်း မရှိဘဲ အေးဆေးသွားသည်။

မြို့တွင်းနေရာအနှံ့ ချုံပုတ်များရှိနေတတ်သည်။ မိုးများသောဒေသဖြစ်သောကြောင့် မြူနီစပယ်အဖွဲ့က ချုံပုတ်များကို ရှင်းလင်းနေသော်လည်း မိုးတွင်းကာလတွင် နေရာအနှံ့ ချုံပုပ်များ ထူထပ်စွာ ပေါက်လာတတ်သည်။ ထိုအခါ ကြွက်များ၊ ခြင်များအောင်းပြီး ရောဂါပြန့်ပွားတတ်သည်။ ထိုအချိန်က ပုဇွန်တောင်ရပ်ကွက်တွင် လူဦးရေအများဆုံး၊ အထူထပ်ဆုံးဖြစ်ပြီး တဲအိပ်စုတ်လေးများ ပြွတ်သိပ်နေသောကြောင့် ရောဂါဘယဖြစ်ပွားမှု များလေသည်။

၁၈၈၄ ခုနှစ် မြူနီစီပယ်အစီရင်ခံစာမှတ်တမ်းအရ ရန်ကုန်မြို့တွင် ရောဂါဘယ အဖြစ်ပွားဆုံးနေရာသည် ပုဇွန်တောင်ဖြစ်သည်။ မြစ်ချောင်းကမ်းပါးတွင် တဲအိမ်များစွာ ရှိသည်။ အတွင်းပိုင်းတော်တော်ကျတဲ့ နေရာများအထိ ပုဇွန်တောင်ချောင်းရေတက်လေ့ရှိသည်။ နေ့စဉ် ၂၄ နာရီအနက် ၂၂ နာရီအထိ ရေတက်နေတတ်သည်။ မြောင်းများ၊ ချောင်းများ အလွန်ပေါသည်။ နေအိမ်အများစုသည် ချောင်းများ၊ မြောင်း





များကို ကျော်ပေးသော အနေအထား ဆောက်လုပ်ထားသည်။ အိမ်သာလုံးဝမရှိကြပေ။ ဝါးအိမ်ကြမ်းခင်းပေါက်မှ အပေါ့အလေးများ ဖြစ်သလို စွန့်ပစ်ထားကြသည်။ ဝက်များက လမ်းကြိုလမ်းကြား၊ အိမ်ကြိုအိမ်ကြားသွားလာပြီး အိမ်သာများမှ မစင်များကို စားသောက်ကြသည်။ ထိုဝက်များကိုသတ်စားကြသောအခါ ဝမ်းရောဂါသည် မကြာခဏ ဖြစ်ပွားနေတော့သည်။ ထိုမျှမက ငှက်ဖျားရောဂါသည် ပုဇွန်တောင်ရပ်ကွက်၌ အဖြစ်များလေသည်။

ပုံးဆွဲအိမ်သာအဖြစ် ပြောင်းပြီး တွန်းလှည်းများဖြင့် မစင်ကို လူနေရပ်ကွက်နှင့် လွန်စွာဝေးသော မြစ်ထဲစွန့်ရန် အစီအစဉ်လုပ်ပေးခဲ့သော်လည်း လိုက်နာမှု မရှိကြပေ။

၁၈၈၈–၈၉ မြူနီစပယ်အစီရင်ခံစာအရ ပုဇွန်တောင်ရပ်ကွက်သည် လူနေမှု အဆင့်အတန်း အနိမ့်ကျဆုံး၊ ရောဂါအဘာအထူပြောဆုံး ဖြစ်သည်။ လမ်းမတော် အနောက်ပိုင်း၊ ဗိုလ်တထောင်အရှေ့ပိုင်း၊ တာမွေနှင့် သိမ်ဖြူတို့တွင်လည်း ကျန်းမာရေး အဆင့်အတန်း နိမ့်ကျနေသေးသည်ဟု ဖော်ပြသည်။

ရန်ကုန်မြို့သည် ဗမာပြည်တွင် စီးပွားရှာဖို့ အသင့်တော်ဆုံးမြို့ဖြစ်သော ကြောင့် တစ်နေ့တစ်ခြား လူဦးရေများလာပြီး အိမ်ဈေး၊ မြေဈေးများ အဆမတန် မြင့်တက်လာသည်။ ထို့ကြောင့် မြို့ပတ်ဝန်းကျင်ဧရိယာကို တတ်နိုင်သမျှ တိုးချဲ့ခဲ့ကြသည်။ တိုးချဲ့သောရပ်ကွက်များတွင် လူနေမှုအဆင့်အတန်း လွန်စွာနိမ့်ကျခဲ့သည်။

Bibliography.


H.Thirkell White,
A Civil Servant in Burma.
J.Nisbct; Burma Under British Rule and Betore.

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



ကုန်သွယ်ရေးကုမ္ပဏီအဆောက်အအုံ (၁၉၃၈)

ရန်ကုန်မြို့နယ်စီပယ်ဥက္ကဋ္ဌများ



ဒေါက်တာ အီဗင်ဆွန် (၁၈၇၄ - ၁၈၈၁)



မစ္စတာဖေဟာ(လ်) (၁၈၉၄ - ၉၇)

www.burmeseclassic.com

www.burmeseclassic.com



မစ္စတာကာတာ (၁၈၉၃ - ၉၄)



လက်ဖတင်နင် ကာနယ် ကရက်စ်ဝဲလ် (၁၈၉၅)



မစ္စတာအီးလက်စ် (၁၈၈၆၊ ၁၈၈၇၊ ၁၈၈၉)



မစ္စတာတေး(လ်)လီး (၁၈၉၉)

www.burmeseclassic.com

www.burmeseclassic.com



မစ္စတာ စိန့်ဂျွန်းလိစ် (၁၈၉၉ - ၁၉၀၃၊ ၁၉၀၃ - ၁၉၀၄)



မစ္စတာလော်ရီ (၁၉၀၄ - ၁၉၁၀)



မစ္စတာ ဒဗလျူ၊ အိတ်ရှ်၊ အယ်လ် ကာဘယ်လ် (၁၉၁ - ၁၉၁၃၊ ၁၉၁၃ - ၁၉၁၇)



မစ္စတာ ဂါဗန် စကော့ (၁၉၁၃၊ ၁၉၁၇ - ၁၉၂၀၊ ၁၉၂၁၊ ၁၉၂၂)

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ ဘရင် (၁၉၂၄)



မစ္စတာ ကမ်ပါဂန့် (၁၉၂၇)



ဦးသိန်းမောင် (၁၉၃၁)



ဒေါက်တာ ဒူးဂဲလ် (၁၉၃၃)

www.burmeseclassic.com

www.burmeseclassic.com


ဦးကျော်ဖံ (၁၉၃၅)


မစ္စတာ ရာဗီး (၁၉၂၉)


ဆာလီအာရှင်း (၁၉၂၅)


မစ္စတာ အီးအမ် ပတေး (၁၉၂၆)

www.burmeseclassic.com

www.burmeseclassic.com



ဦးအုန်းခိုင် (၁၉၂၈)



ကပ္ပတိန် ရက်ဟောလ် (၁၉၃၀)



မစ္စတာ ဂျေကေ မန်ရီ (၁၉၃၄)



ဒေါက်တာ အမ်မာရေး (၁၉၃၇)

www.burmeseclassic.com

www.burmeseclassic.com



ဦးဘကလေး (၁၉၃၈)



မြူနီစီပယ်ကော်မရှင်နာ ဦးဆက် (၁၉၃၀)



## အခန်း(၁၃)

## ခေတ်သစ်ရန်ကုန်

## (၁၈၉၀–၁၉၃၆)

၁၈၈၄ ခုနှစ် ဗမာပြည်မြူနီစီပယ်ဥပဒေသည် အစစအရာရာ ပြီးပြည့်စုံခြင်းမရှိပေ။ သို့သော် နောက်ထပ် ၁၄ နှစ်ကြာသည်အထိ နောက်ထပ် ဥပဒေအသစ်ကို ပြဋ္ဌာန်းခြင်း မပြုတော့ပေ။

၁၈၉၈) ခုနှစ်တွင် မြူနီစီပယ်အဖွဲ့သည် အစိုးရအာဏာအထိ ရှိလာပြီဖြစ်သည်။ မြူနီစပယ်အဖွဲ့ဝင်များကို အစိုးရမှ ရွေးချယ်ပေးပြီး အစိုးရ၏ တာဝန်များကို ခွဲဝေ၍ တာဝန်ယူထမ်းဆောင်ကြခြင်းလည်း ဖြစ်သည်။ ၁၈၉၈ တွင် အဖွဲ့ဝင် ၂၄ ဦးရှိလာသည်။ မီးသတ်အဖွဲ့၊ ရဲတပ်ဖွဲ့နှင့် လူထုကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းထားခဲ့သည်။

မြို့နေလူဦးရေ အဆမတန်တိုးပွားလာသောအခါ မြို့ကို စနစ်တကျတိုးချဲ့ရပြန်သည်။ ၁၈၇၅ မှ ၁၈၈၇ အထိ စစ်တပ်မြေဧရိယာကို တိုးချဲ့ခြင်း မပြုခဲ့ပေ။ မန်းကီပွိုင့်သည် မြို့တွင်း၌ ပါဝင်နေသည်။ ၁၈၈၆ ခုနှစ်တွင် ပဲခူးကလပ်ကို ရန်ကုန်မြို့၏ ဧရိယာထဲ ထည့်သွင်းခဲ့သည်။ ၁၈၈၇ ခုနှစ်တွင် ပဲခူးကလပ်ဧရိယာတွင် ဘန်ဂလိုတစ်ခု တည်ဆောက်ခဲ့သည်။

၁၈၉၆ ခုနှစ်တွင် ရန်ကုန်ဈေးရုံကြီး အဟောင်းကို ဖျက်သိမ်းပြီး ရန်ကုန်ဈေးရုံသစ်ကို ဆစ်ဂနယ်ဘုရားလမ်း အနောက်ဘက်တွင် တင့်လမ်း (Tank Road)၊ ဖရေဇာလမ်းနှင့် လီဒ်လမ်း (Leeds Road) တို့ ဆုံရာအရပ်တွင် တည်ဆောက်ခဲ့သည်။ ရန်ကုန်မြို့တွင် လူဦးရေတိုးတက်မှုနှုန်းသည် အဆမတန် တိုးပွားလာသောကြောင့် ရောဂါဘယ ကာကွယ်ရေးအတွက် အထူးအလေးပေးပြီး ဆောင်ရွက်ရလေသည်။ ထို့ကြောင့် ၁၉၀၀ ပြည့်လွန်နှစ်များတွင် လက်ထောက်ကျန်းမာရေးအရာရှိတစ်ဦး ထပ်တိုးပြီး ခန့်ပေးလိုက်သောကြောင့် ကျန်းမာရေးအရာရှိ၏ အလုပ်တာဝန်များ ပို၍



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်မှု ရှိလာသည်။ ကူးစက်ရောဂါများ ကုသရေးနှင့် ရောဂါကာကွယ်ဆေး ထိုးပေးသော အရာရှိတစ်ဦးကိုလည်း ခန့်ထားလိုက်သည်။ လိုအပ်ပါက အကူအညီမျိုးစုံ ပေးနိုင်ရန်အတွက် အင်ဂျင်နီယာများစွာ ခန့်ထားခဲ့သည်။

အင်ဂျင်နီယာအဖွဲ့တွင် ပါဝင်သူများမှာ–

၁။ အင်ဂျင်နီယာချုပ် (Chief Enginee)

၂။ ရေ ရရှိရေး စီစဉ်ဆောင်ရွက်ရသော လက်ထောက်အင်ဂျင်နီယာ

၃။ လူနှင့် တိရစ္ဆာန်တို့၏ ကျန်းမာရေးအခြေအနေကို အမြဲမပြတ်စစ်ဆေးပေးနေသော အင်ဂျင်နီယာတို့ဖြစ်ကြသည်။

ရေနှင့် မိလ္လာစစ်ဆေးရသော အင်ဂျင်နီယာသည် တာဝန်အများဆုံးဖြစ်သည်။ ဗမာတို့သည် ခေတ်ကာလတိုင်းတွင် ရေနှင့် မိလ္လာကိစ္စကို ဖြစ်သလို အလွယ်နည်းသုံးပြီး ဖြေရှင်းခဲ့ကြသည်။ ပဒေသရာဇ်ခေတ် မြို့များသည် ရွာများနှင့် အတူတူပင်ဖြစ်သည်။ မြို့အတွင်း ချုံပေါသည်။ အပေါ့အလေးသွားလိုပါက ချုံတိုးလိုက်ရုံမျှသာ ဖြစ်သည်။ ယခုကဲ့သို့ အိမ်ခြေအဆမတန် မများပါ။ ဟိုနားတစ်စု၊ ဒီနားတစ်စုမျှသာ ရှိသည်။ ယခုအခါ လူဦးရေအဆမတန် တိုးပွားလာသောကြောင့် နေထိုင်ရာတွင် ကျပ်တည်းကြသည်။ ဗမာတို့သည် မြို့ပြပုံစံဖြင့် နေထိုင်ခဲ့ဖူးသော အစဉ်အလာ မရှိသောကြောင့် မြူနီစီပယ်အဖွဲ့မှ စည်းကမ်းပေးသည်ကို ချုပ်ချယ်သည်ဟုသာ ထင်မှတ်ကြသည်။

မြူနီစီပယ်အဖွဲ့၏ အလုပ်တာဝန်များသည် အဆမတန်များပြားလာသောကြောင့် ၁၉၀၇ ခုနှစ်တွင် The Epidemic Diseases Act ကို ထုတ်ပြန်ပြီး အခွန်ကောက်သော ကဏ္ဍ၊ ကူးစက်ရောဂါ တိုက်ဖျက်ရေးကဏ္ဍ၊ ရေနှင့် မိလ္လာကဏ္ဍ၊ စီမံခန့်ခွဲရေးကဏ္ဍ စသည်ဖြင့် ကဏ္ဍများစွာ ခွဲထားခဲ့လေသည်။ ထိုဥပဒေအရ မြူနီစီပယ်အဖွဲ့၏ ဥက္ကဋ္ဌ ကို ဗြိတိသျှအစိုးရမှ တိုက်ရိုက်ရွေးချယ်ခန့်အပ်လေသည်။

ရန်ကုန်မြို့တွင် လူဦးရေ အလွန်များလာသောအခါ မြို့စွန်ရပ်ကွက်များတွင် အခြေအနေမဲ့များစွာ လာရောက်နေထိုင်ကြသည်။ ကြုံရာကျပန်းလုပ်စားကြသည်။ အလုပ်အကိုင်မမြဲသောအခါ ရပ်ကွက်အတွင်း လှည့်ပတ်ခိုးဝှက်စားသောက်ကြသည်။ နောင်တွင် သူခိုးကြီးများနှင့် လူမိုက်ကြီးများ စုပေါင်းမိသောအခါ ဓားပြဂိုဏ်းများ ပေါ်ပေါက်လာသည်။

အစပိုင်းတွင် ဥပဒေတင်းကြပ်မှုမရှိသောကြောင့် ဓားပြတိုက်စားခြင်းသည် ငွေရှာ အလွန်လွယ်၊ အလွန်ကောင်းသော စီးပွားရေးလုပ်ငန်းဖြစ်ခဲ့သည်။ ထိုအခါ





ဓားပြဂိုဏ်းများ တိုးပွားလာသည်။ ထိုကဲ့သို့ ဓားပြဂိုဏ်းများ တိုးပွားလာမှုကို ထိရောက်စွာ နှိမ်နင်းရန်အတွက် ရဲအဖွဲ့သည် ၁၈၈၂ တွင် မြူနီစီပယ်လက်အောက်တွင် ရှိနေသေးသော်လည်း လွတ်လပ်စွာ လုပ်ကိုင်ခွင့်ပေးခဲ့သည်။

၁၈၉၄ ခုနှစ်တွင် ဗြိတိသျှအာဏာပိုင်တို့က စစ်ဆေးသောအခါ ရဲတပ်ဖွဲ့ဝင်များသည် အရေအတွက် နည်းပါးခြင်း၊ အသုံးပြုခွင့်ပေးထားသော လက်နက်များ ညံ့ဖျင်းခြင်း၊ လစာနည်းပါးခြင်းတို့ကြောင့် ဓားပြဂိုဏ်းများကို အသက်စွန့်ပြီး ဆောင်ရွက်ရမည့်အစား အပေးအယူလုပ်နေကြသည်ဟု ထင်မှတ်ရလေသည်။ အရာရှိများကိုသာ ပေးသင့်သော လစာထုတ်ပေးပြီး လက်တွေ့တာဝန်ထမ်းဆောင်ရသော ရဲသားများကို လစာ အပြည့်မပေးခြင်းသည် ပြဿနာများစွာဖြစ်ပေါ်စေသည်။ ထို့ကြောင့် ရဲတပ်ဖွဲ့ကို အိန္ဒိယမှ တိုက်ရိုက်ကိုင်တွယ်ခဲ့သည်။

၁၈၉၉ တွင် ရန်ကုန်ရဲဥပဒေ (The Rangoon Police Act) ထွက်ပေါ်လာသည်။ ၁၉၀၆ ခုနှစ်တွင် ရဲတပ်ဖွဲ့သည် ရဲကော်မရှင်နာမင်းကြီး၏ လက်အောက်တွင် တာဝန် ထမ်းဆောင်ရပေသည်။

၁၉၀၆ ခုနှစ်တွင် အင်အား ၉၀၀ ရာကျော်ရှိလာသည်။ ၁၈၉၆ တွင် အင်အား ၇၀၀ ရာကျော်မျှသာ ရှိခဲ့သည်။ မှုခင်းဖြစ်ပွားနှုန်း မြင့်တက်လာပါက ရဲတပ်ဖွဲ့ကို အင်အားတိုးမြှင့်ခွင့်လည်း ရှိလာပြီ ဖြစ်သည်။

၁၉၀၉ ခုနှစ်တွင် ရန်ကုန်မြို့ လူထုထိတ်လန့်ကြောက်ရွံ့ရသည်အထိ လူဆိုးဂိုဏ်းတို့ ထကြွသောင်းကျန်းလာကြပြန်သည်။ ထိုအချိန်က တရုတ်တို့သည် လူနည်းစုဖြစ်ကြသည်။ သို့သော် အိမ်တိုင်းလိုလို ဓားရှည်များ၊ လှံတို၊ လှံရှည်များ ဆောင်ထားကြသောကြောင့် ပြဿနာဖြစ်ပါက ကြီးကြီးမားမား ဖြစ်တတ်သည်။

ရန်ကုန်မြို့တွင် လူဦးရေတိုးပွားမှုသည် လျော့ကျမသွားဘဲ ဆက်လက်တိုးပွားနေသောကြောင့် (Royal Lake) မှ ရေသည် ရေရှည်တွင် လိုအပ်သောအတိုင်းအတာအထိ မရနိုင်သောကြောင့် ရေအရင်းအမြစ်အကောင်းဆုံးဖြစ်နိုင်သော နေရာကို ရှာဖွေကြရာ လှော်ကားမှ ရေပင်ရင်းသည် ရန်ကုန်မြို့တွင် လူဦးရေ မည်မျှတိုးပွားပါစေ လုံလောက်အောင် ပေးနိုင်စွမ်းရှိသည်ဟု သိလာကြသည်။

လှော်ကားသည် ရန်ကုန်မြို့နှင့် ၁၇ မိုင် ကွာဝေးသည်။ သို့သော် လှော်ကားမှ ရေသွယ်ယူမည့်ကိစ္စသည် ဘဏ္ဍာရေးအခြေအနေကြောင့် နှေးကွေးနေစဉ် ၁၉၀၃ ခုနှစ်တွင် (Royal Lake) မှ ရေသည် ကောင်းမွန်ခြင်းမရှိဟု ဆုံးဖြတ်လိုက်သောအခါ လှော်ကားမှ ရေသွယ်ယူဖို့ ကြိုးပမ်းရလေတော့သည်။ ထိုအချိန်တွင် လောင်းကစားဆယ်



www.burmeseclassic.com

www.burmeseclassic.com



အသုံးပြုရန်အတွက် (Royal Lake) မှ ရေကို အသုံးပြုနေကြသော်လည်း ရေလှောင်ကန်စွာ နည်းသွားပြီး နောက်ထပ် ၆ ပတ်(လေးဆယ့်နှစ်ရက်) ထက်ပိုပြီး သုံးစွဲခွင့်ရနိုင်သော အတိုင်းအတာမရှိတော့ဟု အင်ဂျင်နီယာများက အတိအကျတွက်ချက်ပြီး တာဝန်ရှိသူများကို တင်ပြလိုက်ကြသည်။

၁၉၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် လှော်ကားရေပေးစနစ်ကို စတင် အသုံးပြုနိုင်ခဲ့လေသည်။ ဖွင့်ပွဲကို ဘုရင်ခံဆာဟူးဘားနက်(စ်)က ဖွင့်လှစ်ပေးခဲ့လေသည်။ ထိုအချိန်က ကမ္ဘာပေါ်တွင် ရေသန့်အများဆုံး ထုတ်ပေးနိုင်သော ရေကန်သည် လှော်ကားကန်ဖြစ်သည်ဟု သိရသည်။ လှော်ကားကန်ရေပေးစနစ် တည်ဆောက်ရန်အတွက် ကျွမ်းကျင်အင်ဂျင်နီယာများက ကုန်ကျစရိတ်ခန့်မှန်းရာတွင် ရူပီးငွေ ၃၁ သိန်း (သုံးဆယ့်တစ်သိန်း)ဟု ခန့်မှန်းခဲ့သည်။ သို့သော် လက်တွေ့ကုန်ကျငွေသည် ရူပီး ၄၆၈၇၀၁၉ (လေးဆယ့်ခြောက်သိန်း ရှစ်သောင်း သုံးထောင်)အထိ ကုန်ကျခဲ့သည်။ သို့သော် လှော်ကားရေလှောင်ကန်သည် မထမနှစ်တွင် သတ်မှတ်ရေပြင်ညီ ပြည့်သည်အထိ မရခဲ့သလို ရေယိုစိမ့်မှု ရှိခဲ့သေးသည်။ ထို့ကြောင့် ရေပြင်ညီကို နိမ့်ချလိုက်ရသည်။ အသေးစိတ်ထပ်၍ ပြုပြင်ရာ ရူပီး ၉၈၀၀၀ (ကိုးသောင်းရှစ်ထောင်) ထပ်၍ ကုန်ကျခဲ့သည်။ ဗြိတိသျှတို့သည် လှော်ကားရေလှောင်ကန်ကို လူဦးရေခြောက်သိန်းခွဲအထိ တိုးတက်လာချိန်အထိ အသုံးပြုနိုင်ရန် စီစဉ်ခဲ့ကြသည်။ ထိုအချိန်က ရန်ကုန်မြို့ရှိ လူဦးရေသည် နှစ်သိန်းခုနှစ်ထောင်ဖြစ်သည်။

မိလ္လာစနစ်ကို ၁၉၀၆–၀၇ တွင် ရန်ကုန်အရှေ့ပိုင်းအထိ တိုးချဲ့နိုင်ခဲ့သည်။

၁၉၁၂ တွင် မြို့တွင် ဓိယာအားလုံးပါဝင်ပြီး ဂျူဗလီဟောအထိ၊ ဘိုးလိန်းလမ်း၊ Simpson လမ်း၊ အလံပြဘုရားလမ်းနှင့် စတီးဝပ်လမ်းများအထိ နိုင်ငံတကာအဆင့်မီ မိလ္လာစနစ် အသုံးပြုနိုင်ခဲ့သည်။ လှော်ကားရေပေးစနစ်ကြောင့် သန့်ရှင်းရေးအတွက် ရေကို အလုံအလောက် အသုံးပြုနိုင်ခဲ့လေသည်။ ကုက္ကိုင်းရေလှောင်ကန်မှ ရေကို အရေးပေါ်အခြေအနေမှ အသုံးပြုရန် သိုလှောင်ထားခဲ့သည်။ ၁၉၂၀ အထိ နွေရာသီတွင် ရေရှားသော ပြဿနာရှိနေသေးသည်။

ဗမာလူမျိုးများသည် ရေပိုက်ခေါင်းများကို ဖွင့်ပြီး ပြန်ပိတ်ဖို့ မေ့တတ်သောကြောင့် ရေများ အလဟဿဆုံးရှုံးတတ်သည်။ ထို့ကြောင့် တာဝန်ရှိသူများက မကြာခဏ သတိပေးရသည်။ ရွှေတိဂုံကုန်းမြင့်တွင်လည်း ရေလှောင်ကန်ကြီးတစ်ခု တည်ဆောက်ခဲ့သည်။ ကုက္ကိုင်းတောင်ပေါ်တွင်လည်း ရေလှောင်ကန်ကြီးတစ်ခု တည်ဆောက်ပြီး အရေးပေါ် အခြေအနေတွင် သုံးစွဲရန် စီစဉ်ခဲ့သည်။





၁၉၂၅ ခုနှစ်ရောက်မှ ဘူစတာရေတွန်းစက် (Booster Pumping Station) ကို လှော်ကားရေပေးစနစ်တွင် အသုံးပြုနိုင်သောကြောင့် ၁၉၂၇ ခုနှစ်တွင် လှော်ကားမှ ဂါလံတစ်သန်းခွဲ နေ့စဉ်ရရှိနိုင်လေတော့သည်။ အရေးပေါ်အခြေအနေတွင် ရေမပြတ်စေရန်အတွက် ကြည့်မြင်တိုင်တွင် စက်ရေတွင်းများစွာ တည်ဆောက်ပေးခဲ့သည်။ ကုက္ကိုင်း ဗစ်တိုးရီးယားကန်ကြီးတွင် ရေသန့်စင်စက်များ တပ်ဆင်ခဲ့သည်။ လှိုင်မြစ်မှ ရေအားစုတ်ယူပြီး မီးသတ်ကိစ္စနှင့် သန့်ရှင်းရေးကိစ္စများအတွက် အသုံးပြုရန် စီစဉ်ခဲ့သည်။ ကရင်နီမှ (Yunzalin) မြစ်မှ ရေကိုလည်း သွယ်ယူရန် စီစဉ်ခဲ့သည်။ သို့သော် ဝေးကွာလွန်းသောကြောင့် ပဲခူးရိုးမတွင် ရေလှောင်ကန်အသစ် တည်ဆောက်ပြီး ကရင်နီပြည်မှ ရေသွယ်ယူမည့် အစီအစဉ်ကို ဖျက်သိမ်းလိုက်သည်။ ဒလဖက်တွင် စက်ရေတွင်းများစွာ တူးဖော်ပေးခဲ့သော်လည်း ရေသန့်လုံလောက်မှု မရှိသောကြောင့် ရန်ကုန်မှ ရေသန့်များကို တိုင်ကီကြီးများဖြင့် ထည့်ပြီး မော်တော်ကြီးများဖြင့် သယ်ပို့ပေးခဲ့ကြသည်။

မိလ္လာအညစ်အကြေးများကို အလုံအနီးမှ သယ်ယူစုဆောင်းပြီး မြစ်ရေထဲ စွန့်ခြင်းကို ဘားမားမီးရထား (The Burma Railway) က ကန့်ကွက်လေသည်။ မီးရထားဝန်ထမ်းအိမ်ရာနှင့် နီးကပ်သောကြောင့် အနံ့ဆိုးများ နံသည်။ ကျန်းမာရေးထိခိုက်သည်ဟု ဆိုပြီး မြူနီစီပယ်ကော်မတီအား ကန့်ကွက်ခဲ့သည်။ ၁၉၂၀ မြူနီစီပယ် မိလ္လာဥပဒေနှင့် ဆန့်ကျင်သည်ဟု ကန့်ကွက်ကြသည်။

၁၉၀၉ ခုနှစ်တွင် မီးသတ်ကားများကို စတင်အသုံးပြုနိုင်ခဲ့လေသည်။ မီးသတ်ကားကြောင့် မီးဘေးအန္တရာယ်မှ အတော်လေးစိတ်ချရသည်။ မြစ်ကမ်းပါးရှိ သစ်စက်များ၊ ဆန်စက်များအနီးတွင် ကျူးကျော်တဲ အိမ်ကလေးများရှိသည်။ ထိုအိမ်များသည် အနေအထိုင် စည်းကမ်းမဲ့သလို မီးဘေးအန္တရာယ်ကိုလည်း ဂရုမစိုက်ကြပေ။ ထို့ကြောင့် မကြာခဏ မီးလောင်တတ်ရာ မီးသတ်ကားများရှိသောကြောင့် သွားရောက်ငြိမ်းသတ်နိုင်ခြင်းဖြစ်သည်။ ရန်ကုန်မြို့ကို အများဆုံး ဒုက္ခပေးသည်မှာ မီးလောင်ခြင်းဖြစ်သည်။

– ၁၉၀၀–၀၁ ခုနှစ်အတွင်း မီးလောင်မှုကြောင့် ဆုံးရှုံးခဲ့သော ပမာဏသည် ရူပီး ၇၈၀၀၀၀ (ခုနစ်သိန်းရှစ်သောင်း)။

–၁၉၀၅–၀၆ တွင် မီးလောင်မှုကြောင့် ဆုံးရှုံးခဲ့သော ပမာဏသည် ရူပီး ၁၀၁၈၃၂၀ (ဆယ်သိန်း တစ်သောင်း ရှစ်ထောင်သုံးရာ့နှစ် ဆယ်)

–၁၉၁၁–၁၂ ခုနှစ်တွင် ရူပီး ၁၀၂၀၇၀၇ (ဆယ်သိန်းနှစ်သောင်းခုနစ်ရာ



www.burmeseclassic.com

www.burmeseclassic.com



ခုနှစ်)နှင့်

–၁၉၁၂–၁၃ တွင် ဆုံးရှုံးမှုသည် ရူပီး ၁၁၀၀၀၀၀ (ဆယ့်တစ်သိန်း) ဖြစ်သည်။

–၁၉၁၃–၁၄ တွင် ရူပီး ၁၀၅၀၀၀၀ (ဆယ်သိန်း ငါးသောင်း)၊

–၁၉၁၈–၁၉ တွင် မီးလောင်ဆုံးရှုံးမှုသည် ရူပီး ၂၆ သိန်း၊

–၁၉၁၉–၂၀ တွင် မီးလောင်ဆုံးရှုံးမှုသည် ရူပီး ၄၃၂၅၀၀၀ (လေးဆယ့် ငါးသိန်း နှစ်သောင်း ငါးထောင်)၊

–၁၉၂၅–၂၆ တွင် ရူပီး ၁၃၈၉၁၃၀ (ဆယ့်သုံးသိန်းရှစ်သောင်းကိုးထောင် တစ်ရာ့သုံးဆယ်) ဆုံးရှုံးခဲ့သည်။

–၁၉၃၀–၃၁ ခုနှစ်တွင် မီးလောင်ဆုံးရှုံးခဲ့သော ပမာဏသည် ရူပီး သုံးဆယ့် နှစ်သိန်း တစ်သောင်း တစ်ထောင်ခုနှစ်ရာခြောက်ဆယ့်နှစ်) ရှိသည်။

မီးလောင်မှုအားလုံးသည် သူဌေးသူကြွယ်များ နေထိုင်ကြသော မြို့တွင်း ရပ်ကွက်များ၌ လောင်ကျွမ်းခြင်းမဟုတ်ဘဲ ဆင်းရဲသားများ နေထိုင်ကြသော မြို့၏ ဆင်ခြေဖုံး ဆင်းရဲသားရပ်ကွက်များ၌ ဖြစ်ပေါ်ခဲ့သည်။ ဆင်းရဲသားများသည် ရှိသမျှ မီးထဲပါသောအခါ ပြန်လည်ထူထောင်ရန် မဖြစ်နိုင်တော့ပေ။

၁၉၁၅ ခုနှစ်တွင် ကန်တော်ကလေးရပ်ကွက်တွင် အကြီးအကျယ် မီးလောင် ရာ ဆင်းရဲသားများ၏ တဲ ၆၀၀ ကျော်သည် အချိန်တိုတိုအတွင်း ပြာကျသွားသည်။ ၁၉၂၁–၂၂ ခုနှစ်နှင့် ၁၉၂၅–၂၆ ခုနှစ်တို့တွင် ကြည့်မြင်တိုင်ရပ်ကွက်တွင် လောင်ကျွမ်း သော မီးသည် ဆင်းရဲသား ထောင်ပေါင်းများစွာကို အိုးမဲ့အိမ်မဲ့ဘဝသို့ ရောက်စေခဲ့သည်။

၁၉၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် ဆိပ်ကြီးခနောင်တိုမှ Messrs. Bulloch ဆန်စက် မီးလောင်သောအခါ ရူပီး ၁၅ ကုဋေခွဲ မီးလောင်ဆုံးရှုံးခဲ့သည်။ ၁၉၂၀–၂၁ ခုနှစ် တွင် ကြည့်မြင်တိုင်ရပ်ကွက် မီးလောင်ရာတွင် မက်ဆာဂျမာ (Messrs. Jamal) ၏ ဆီစက်နှင့် ဆန်စက်များ မီးလောင်ရာ ရူပီးငွေ ကုဋေ ၂၀ ဖိုး ဆုံးရှုံးခဲ့သည်။ နောက်တစ်နှစ်တွင် ခနောင်တိုဆန်စက်နေရာ၌ ထပ်ပြီး မီးလောင်ခဲ့သေးသည်။ ဗမာ လူမျိုးတို့၏ မီးပေါ့ဆမှုကြောင့် လောင်ကျွမ်းရခြင်းဖြစ်သည်။

မြူနီစီပယ်ကော်မတီသည် ၁၈၉၈ ခုနှစ်အထိ မြေငှားခြင်း၊ မြေရောင်းခြင်းကို အတတ်နိုင်ဆုံး၊ အချိုသာဆုံး စျေးနှုန်းဖြင့် စီစဉ်ပေးခဲ့သော်လည်း ဗမာလူမျိုးဆင်းရဲ သားများနှင့် အိန္ဒိယအခြေအနေမဲ့များသည် မြေဝယ်ခြင်း၊ မြေငှားခြင်းကို မတတ်နိုင် သောကြောင့် အလုံရပ်ကွက်နှင့် တာမွေရပ်ကွက်များ တိုးချဲ့ပြီး တန်းလျားများ ဆောက်





လုပ်ပြီး စျေးပေါပေါနှင့် အငှားချပေးခဲ့သည်။ ငွေကြေးတတ်နိုင်သူများက စျေးပေါပေါ နှင့် ချပေးသော မြေကွက်များ၊ အိမ်တန်းလျားများကို ငွေအကျေချေပြီး ဝယ်ယူလိုက် ကြသည်။ ပြီးနောက် ငွေကြေးမတတ်နိုင်သူများအား အကွက်သေးသေးလေးများ ထပ်၍ ပိုင်းခြားပြီး ရောင်းချကြသည်။ ထိုအခါ မြေစျေးပေါသည်ဟု ထင်ရသော်လည်း လူနေအိမ်တစ်လုံးအတွက် ရှိသင့်ရှိထိုက်သော မြေအကျယ်အဝန်း မရှိတော့ပေ။

မြေတစ်ကွက်တွင် အိမ်တစ်လုံးသာ ဆောက်ရမည့်အစား အိမ်နှစ်လုံး၊ သုံးလုံးဖြစ်လာသည်။ ထိုအခါ လူဦးရေသည် အဆမတန် တိုးပွားလာခဲ့သည်။ သန့်ရှင်း ရေးကိစ္စ များစွာ ညံ့ဖျင်းလာသည်။ နောက်တွဲအဖြစ် ဒုစရိုက်မှု ထူပြောလာခဲ့သည်။

၁၉၀၃–၀၄ မြူနီစီပယ်အဖွဲ့၏ အစီရင်ခံစာအရ ယခုနှစ်မိုးရာသီတွင် ရေမြောင်း များကို စစ်ဆေးသောအခါ မြို့တွင်း၌ အစစ အကောင်းဆုံးဖြစ်သော်လည်း မြို့ပြင် တိုးချဲ့ရပ်ကွက်များတွင် ရေမြောင်းများ ပိတ်ဆို့ခြင်း၊ ပျက်စီးခြင်းများကို ဆိုးဆိုးဝါးဝါး တွေ့ရသည်။ မိုးတွင်းကာလတစ်လျှောက်လုံး ရေတက်ပြီး ခြင်များ အလွန်ပေါသည်။ ခြင်ကြောင့် ရောဂါမျိုးစုံဖြစ်ပွားသည်ဟု ဆိုသည်။

၁၉၀၇ ခုနှစ်အထိ မြူနီစီပယ်ကော်မတီ ဥက္ကဋ္ဌသည် လက်ထောက်ကော်မ ရှင်နာမင်းကြီးတာဝန်ကို ပါတွဲ၍ ထမ်းဆောင်နေရသည်။ ထို့ပြင်မက ရန်ကုန်မြို့ မြေအသုံးချ ရေး၊ မြေကွက်ဖော်ထုတ်ရေး၊ မြေရောင်းချငှားရမ်းရေးကိစ္စအားလုံးကို ကိုင်တွယ် ဆောင်ရွက်ရသောကြောင့် တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ရန် အခက်အခဲရှိ လေသည်။ ၁၉၀၇ ခုနှစ်ရောက်မှ တာဝန်အသီးသီးအတွက် တာဝန်ခံအသီးသီးကို တာဝန်ခွဲပေးခဲ့သည်။

ရန်ကုန်မြို့တွင် လူဦးရေအဆမတန်တိုးပွားလာပြီး တိုးပွားလာသူများသည် ဆင်းရဲသားဗမာများနှင့် အိန္ဒိယသားများဖြစ်သောကြောင့် ၁၉၁၇ ခုနှစ်တွင် မြူနီစီပယ် ကော်မတီသည် ဗြိတိသျှအစိုးရထံမှ ငွေချေးပြီး မြို့လူထုအတွက် အကောင်းဆုံးဖြစ် အောင် ကြိုးစားလုပ်ဆောင်ပေးခဲ့ကြသည်။

၁၉၁၁ ခုနှစ်တွင် ကောက်ယူရရှိသော စာရင်းဇယားအရ ရန်ကုန်မြို့လယ် တွင် ၁ ဧက၌ လူဦးရေ ၆၃၆ (ခြောက်ရာသုံးဆယ့်ခြောက်ယောက်)အထိ ရှိလေရာ ကလကတ္တားမြို့ကြီးထက် လူဦးရေသိပ်သည်းဆ ပိုများသည်။ ဘုံဘေမြို့ကြီး နီးပါးဖြစ် သည်။ ရန်ကုန်မြို့၏ အားသာချက်မှာ မြို့ကို အရှေ့ဘက်၊ တောင်ဘက်နှင့် မြောက် ဘက်တို့တွင် လိုအပ်သမျှ တိုးချဲ့နိုင်သော မြေပိုများစွာ ရှိနေခြင်းဖြစ်သည်။

ရေကြမ်း(အကြမ်းသုံးရေ) နှင့် အချောသုံးရေများလည်း လုံလောက်စွာ ရနိုင်သော



www.burmeseclassic.com

www.burmeseclassic.com



အနေအထားဖြင့် ရှိသည်။

၁၉၃၀ တွင် အင်းယားလိတ် (Royal Lake) နှင့် ရွှေတောင်ကြား (Golden Valley) တို့တွင် အိမ်ခြေ ၂ လုံးမျှသာ ရှိသေးသည်။ သို့သော် မြို့သစ်များတွင်မူ လူဦးရေသည် ကြောက်ခမန်းလိလိ တိုးတက်လာခဲ့သည်။ ယခင်က တရုတ်တန်းလွန်ပါက လယ်ကွင်းများသာရှိသည်။ ဘောင်ဒရီလမ်းတစ်လျှောက်တွင်လည်း အိမ် ၂ လုံးသာရှိသည်။ ယခုအခါ အိမ်များစွာ တိုးတက်လာသည်။ ရွှေတိဂုံဘုရားအနီးတပ်စွဲထားသော စစ်တပ်မြေအနီးတွင် မြေကွက်သွားဖော်ထုတ်သည်။ ကန်တော်မင်ဥယျာဉ်ဖက်တွင်လည်း လူနေရပ်ကွက်အတွက် မြေကွက်အသစ်များ ဖော်ထုတ်သည်။ (Fokkier) တရုတ်သင်္ချိုင်းဖက်တွင်လည်း တိုးချဲ့ခဲ့သည်။ ဒါလဟိုဖီပန်းခြံဖက်ကိုလည်း တိုးချဲ့ခဲ့သည်။ အရှေ့ဘက်တွင် ပုဇွန်တောင်ချောင်းအနီးအထိ မြို့ကို တိုးချဲ့လိုက်သည်။ တာမွေအစွန်ဆုံးအထိ တိုးချဲ့ခဲ့သည်။ အခက်အခဲမှာ တာမွေဖက်တွင် တောင်ကုန်းကြီးများရှိနေပြီး မြေပြန့်အကျယ်အဝန်းမှာ ကန့်သတ်ချက်ရှိနေသည်။ တောအုပ်များကိုမူ လူထုအင်အားဖြင့် ရှင်းလင်းနိုင်ခဲ့ပါသည်။ မြို့တွင်းမှ တဖြည်းဖြည်း မြို့ကို အပြင်ဖက်သို့ ပတ်လည်တိုးချဲ့ခဲ့ရာ လမ်းအသွယ်သွယ် ဖောက်လုပ်ခဲ့ကြပြီး အဓိက ဆက်သွယ်ရေးလမ်းမကြီး ၃ ခုဖောက်လိုက်သည်။ ၎င်းတို့သည် အဝေးပြေးလမ်းမကြီး သုံးခုဖြစ်လာသည်။ ၎င်းတို့မှာ–

၁။ ပြည်လမ်း

၂။ Tiger Alley လမ်းနှင့်

၃။ ကုက္ကိုင်းလမ်းတို့ဖြစ်ကြသည်။

နောက်ပိုင်းတွင် ရန်ကုန်မြို့အနီးရှိ ကျေးရွာများအနက် အင်းစိန်ကျေးရွာသည် အင်းစိန်မြို့အထိ စည်ကားလာသောကြောင့် မင်္ဂလာဒုံကို ဖြတ်၍ အင်းစိန်အထိ ရောက်သော အင်းစိန်လမ်းမကြီးကို ဖောက်လုပ်လိုက်သောအခါ အင်းစိန်လမ်းမကြီးနှင့် ပြည်လမ်းမကြီးတို့ နှစ်ခုသည် အဝေးပြေးလမ်းမကြီးများ ဖြစ်လာကြပြီး ကုက္ကိုင်းလမ်းနှင့် Tiger Alley လမ်းတို့မှာ တိုးတက်ပြောင်းလဲခြင်းမရှိဘဲ အသွားအလာနည်းခဲ့သည်။

ရန်ကုန်မြို့တွင် လူဦးရေ နည်းစဉ်အခါက လျှပ်စစ်ရထား မလိုအပ်သော်လည်း လူဦးရေ အဆမတန်တိုးပွားပြီး စည်ကားလာသောအခါ မြို့ပြင်ပိုင်းရှိ ဆင်းရဲသားရပ်ကွက်များမှ မြို့ထဲရှိ ကုမ္ပဏီ၊ ရုံးခန်း၊ အလုပ်တိုက်၊ ဂိုဒေါင်အသီးသီးတွင် အမှုထမ်းမည့်သူများသည် လျှပ်စစ်ရထားကို ကျယ်ပြန့်စွာ အသုံးပြုလာကြသည်။ သို့သော် လျှပ်စစ်ရထားသည် အဓိကလမ်းကြောင်းကြီးများတစ်လျှောက်သာ ပို့ဆောင်ပေးနိုင်





သောကြောင့် မော်တော်ကားများကို အသုံးများလာကြသည်။ ထိုအခါ ကတ္တရာလမ်းများ တစ်စတစ်စ တိုးချဲ့ဖောက်လုပ်ရသည်။ ရေနွေးငွေ့ သံလမ်းရထား (Steam Tramway) ကို အသုံးပြုခဲ့ကြသေးသည်။ သို့သော် လူဦးရေသည် စီးပွားရေးရပ်ကွက်နှင့် စက်မှုရပ်ကွက်များတွင်သာ တင်းကျပ်ပြွတ်သိပ်နေသော်လည်း ကျန်သောနေရာများတွင် နည်းပါးလေရာ အလုပ်မဖြစ်ခဲ့ပေ။ ထို့ကြောင့် ၁၈၉၆ မှ ၁၈၉၇ အထိ မြူနီစီပယ်သည် အရှုံးခံပြီး ပြေးဆွဲခဲ့ပြီးမှ ရပ်ပစ်လိုက်သည်။

၁၈၉၉ တွင် The Tangoon Tramways Act ကို ထုတ်ပြန်ခဲ့သည်။ The Tramway Company သည် နှစ်ပေါင်းလေးဆယ် ကန်ထရိုက်ရထားသောကြောင့် လမ်းမီးထွန်းခြင်းကို ပြောင်းလဲဆောင်ရွက်ခဲ့သည်။

၁၉၀၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ပထမဆုံးလျှပ်စစ်ထရပ်ကား (Electric Tram Car) ကို စတင်မောင်းနှင်နိုင်ခဲ့သည်။ ကြည့်မြင်တိုင် ရှုရတီဈေးလမ်းမှ မြို့တွင်းရှိ စူရတီဈေးကြီးအထိ လျှပ်စစ်ရထားကား ပြေးဆွဲခဲ့သည်။ ၁၉၀၇ ခုနှစ်တွင် ရန်ကုန်မြို့၌ ပထမဆုံးသော လျှပ်စစ်လမ်းမီးတိုင်များ ပေါ်ပေါက်လာသည်။

၁၉၀၅ ခုနှစ်တွင် ပုဂ္ဂလိက မော်တော်ကားများ ရန်ကုန်မြို့တွင် များစွာရှိနေပြီဖြစ်သောကြောင့် မော်တော်ယာဉ်လိုင်းများ ပြေးဆွဲခွင့်ပြုခဲ့ရာ သွားလာရေး များစွာ အဆင်ပြေခဲ့လေသည်။ ၁၉၀၆ ခုနှစ်တွင် ဘားမားမော်တော်ယာဉ်အက်ဥပဒေ (Burma Motor Vehicles Act) ကို ထုတ်ပြန်ခဲ့သည်။ နောက်ပိုင်းတွင် ခရီးသည်တင်ကားများကို အဓိကထားပြီး တင်သွင်းလာကြသည်။ ၁၉၁၃ ခုနှစ် အောက်တိုဘာလတွင် ခရီးသည်တင် ဘတ်(စ်)ကားကြီးများ ၂၈ စီးရှိလာပြီဖြစ်သည်။ ၁၉၁၅ တွင် အိမ်စီးကားအရေအတွက် ၂၆ စီးရှိသည်။ ဘတ်(စ်)ကားအရေအတွက် ၄ ရာအထိ တိုးလာသည်။ လော်ရီကားအစီးပေါင်း ၁၀၀ ရှိလာပြီး မော်တော် ဆိုင်ကယ်အစီးပေါင်း ၃၉ စီးရှိသည်။ ထိုအချိန်က ဗမာပြည်မှ ဓာတ်ဆီများကို နိုင်ငံခြားတင်ပို့နိုင်သောကြောင့် ပြည်တွင်းသုံးအတွက် အလျှံပယ်ဖြစ်သည်။

၁၉၁၀) အထိ လမ်းများသည် မော်တော်ကားတာယာအတွက် သင့်တော်ခြင်း မရှိသေးပေ။ ထို့ကြောင့် လမ်းပြုပြင်သော အင်ဂျင်နီယာများသည် စနစ်တကျပြုပြင်ခဲ့ရသည်။ အက်စဖော့နှင့် ပြုပြင်မှ အဆင်ပြေခဲ့သည်။ ရန်ကုန်မြို့တွင်း လမ်းအရှည်သည် အဖြောင့်တိုင်းပါက မိုင်ပေါင်း ၁၈၃ မိုင်အထိ စနစ်တကျ ပြုပြင်နိုင်ခဲ့သည်။ အက်စဖော့ခင်းလိုက်သောအခါ မော်တော်ကားတာယာ ပျက်ဆီးမှု နည်းသွားလေသည်။

ကျိုက္ကဆံမြင်းပြိုင်ကွင်းအနီးတွင် လူနေရပ်ကွက်အသစ်များ ပြုလုပ်ပြီး သိမ်ဖြူ



www.burmeseclassic.com

www.burmeseclassic.com



ကစားကွင်းအနီးတွင်လည်း လူနေရပ်ကွက်များ တိုးချဲ့ခဲ့သည်။ ကျိုက္ကဆံလမ်းနှင့် တာမွေကို ဆက်သွယ်သောလမ်း ဖောက်လုပ်ခဲ့သည်။ ကြည့်မြင်တိုင်ရပ်ကွက်ကို ဖြတ်၍ ဗားကရာဘုန်းကြီးလမ်း (Bagaya Pangyi Road) ကို ဆက်သွယ်သောလမ်းကို ဖောက်လုပ်ခဲ့သည်။ ဘောင်ဒရီလမ်း၊ ရွှေတိဂုံတိုင်လမ်းမှတစ်ဆင့် မဂျစ်လမ်းမှ အထက် ပုဇွန်တောင်လမ်းအထိ ဆက်သွယ်ထားသောလမ်းကို ဖောက်လုပ်ခဲ့သည်။

မြို့၏ မြောက်ဘက်တွင် တက္ကသိုလ်လမ်းနှင့် ဂွတ်လစ်လမ်း (Good Liffe Road) တို့နှင့် ဘိုးလိန်းလမ်းကို တိုးချဲ့ဖောက်လုပ်ခဲ့သည်။ စုစုပေါင်း ကုန်ကျစရိတ်သည် ရူပီးငွေ ၁၄၇၈၉၀၀၀ (တစ်ရာလေးဆယ့်ခုနစ်သိန်း ရှစ်သောင်းကိုးထောင်) ဖြစ်သည်။ ၁၉၂၁ ခုနှစ်တွင် ဝင်ဒါမီယာပန်းခြံ (Windermere Park) ကို ဖွင့်လှစ်ခဲ့သည်။

၁၈၉၄ ခုနှစ်တွင် အမေရိကန်သာသနာပြု စာသင်ကျောင်း (Cushing High School) ကို ဖွင့်လှစ်ပြီး ၁၉၀၄ တွင် အမေရိကန်သာသနာပြုကောလိပ်ကျောင်း (The American Baptist Mission College) အဖြစ် တိုးချဲ့ဖွင့်လှစ်ခဲ့ရာ ပညာရေးဆင်ဒီကိတ်မှ ရန်ကုန်ကောလိပ်ကို ဖွင့်လှစ်ပေးခဲ့သည်။ ကလကတ္တားတက္ကသိုလ်၏ လက်အောက်ခံကောလိပ်ဖြစ်သည်။ ၁၉၂၀ တွင် ရန်ကုန်ကော်လိပ်ကို ရန်ကုန်တက္ကသိုလ်အဖြစ် အဆင့်မြှင့်တင်ပေးခဲ့သည်။ အမေရိကန်သာသနာပြုကောလိပ်ကို ဂျပ်ဆင်ကောလိပ် (Judaer College) ဟု အမည်ပြောင်းလိုက်သည်။ ၁၉၂၄ ခုနှစ်မှ ၁၉၃၂ ခုနှစ်များအတွင်း မူလအဆောက်အအုံဟောင်းများကို ဖယ်ရှားပြီး အဆောက်အအုံသစ်ကြီးများနှင့် အစားထိုးပေးခဲ့သည်။

ရန်ကုန်ဆေးရုံကြီးကို ၁၈၉၀ တွင် စတင်ဖွင့်လှစ်ခဲ့သည်၊ ဖွင့်စတွင် သစ်သားအဆောက်အအုံမျှသာ ဖြစ်သည်။ ထို့ကြောင့် ထုထည်ကြီးမားသော အုတ်တိုက်အဆောက်အအုံကြီးအဖြစ် တည်ဆောက်ပေးခဲ့သည်။ ဆေးရုံအသစ်ကြီးနှင့် တွဲပြီး ဆေးကျောင်း (Medical School) ကိုလည်း ဖွင့်ထားလိုက်သည်။ ဖယ်ရာလမ်းရှိ ပြတိုက်အဟောင်းကိုလည်း ဖျက်သိမ်းပြီး ၁၉၀၅ ခုနှစ်တွင် ယောက်လမ်း၌ အုတ်တိုက်သစ်ကြီးနှင့် အစားထိုးပေးခဲ့သည်။ ၁၉၁၁ ခုနှစ်တွင် ရန်ကုန်ဆေးရုံကြီး တည်ဆောက်ပြီးစီးလေသည်။ ဗမာပြည်တွင် ပထမဆုံးဆောက်လုပ်ခဲ့သော အားဖြည့်ကွန်ကရစ် (Reinforced Concrete) အဆောက်အအုံကြီးဖြစ်သည်။ ကုန်ကျငွေ ရူပီးကုဋေ ၄၀ ကျော်သည်။

ကန်တော်ကလေး၌ Agri Horticattural အဖွဲ့အစည်းပိုင် အဆောက်အအုံ





အနီး နေရာတွင် တိရစ္ဆာန်ဥယျာဉ်ကို ဖွင့်လှစ်ခဲ့သည်။ ကုန်ကျငွေသည် ရူပီး ၂၄၀၀၀၀ (နှစ်သိန်းလေးသောင်း) ဖြစ်သည်။ တိရစ္ဆာန်ဥယျာဉ်သည် ရိုင်ရယ်လိတ် (Roysl Lake) အနီး၌ရှိပြီး ခြောက်ဆယ့်တစ်ဧက ကျယ်ဝန်းသည့် မြေဂရန်ကို ဗြိတိသျှအစိုးရက ထုတ်ပေးခဲ့သည်။ တိရစ္ဆာန်ရုံဖွင့်ပွဲနေ့ဖြစ်သော ၁၉၀၆ ခုနှစ်၊ ဇန်နဝါရီလတွင် ဝေလမင်းသားနှင့် ဝေလမင်းသမီးတို့ လာရောက်ဖွင့်လှစ်ပေးခဲ့သည်။

သီပေါဘုရင်၏ ဆင်ဖြူတော်ကို ၁၈၈၇ ခုနှစ်တွင် ရန်ကုန်မြို့သို့ ခေါ်ဆောင်ထားခြင်းဖြစ်ရာ တိရစ္ဆာန်ဥယျာဉ်သို့ လွှဲပေးခဲ့သည်။ သို့သော် ဆင်ဖြူတော်သည် ၁၉၁၀ တွင် ကွယ်လွန်ခဲ့သည်။

၁၉၀၀ ပြည့်နှစ်တွင် အောက်မြန်မာပြည်တရားရုံး (The Chief Court of Lower Burma) ကို စတင်တည်ဆောက်ရာ ၁၉၁၁ တွင် ပြီးစီးခဲ့သည်၊ ကုန်ကျငွေသည် ရူပီး ၂၄ ကုဋေခွဲဖြစ်သည်။ အစိုးရပုံနှိပ်စက်ရုံသည် ၁၉၁၀ တွင် အားလုံးပြီးစီးလေသည်။ ကြေးနန်းရုံး အသစ်ကြီးသည် ၁၉၁၇ ရောက်မှ ပြီးစီးလေသည်။

ဒပ်ဖရင်ဆေးရုံ(Dufferin Hospital)ကို ၁၉၃၀ တွင် ပြီးစီးအောင် တည်ဆောက်ပြီး ဖွင့်လှစ်နိုင်ခဲ့သည်။ စိတ္တဇဆေးရုံကို တံတားလေး၌ တည်ဆောက်ခဲ့ရာ ၁၉၂၉ တွင် ပြီးစီးခဲ့သည်။ ရဲတရားရုံးအသစ်များ (Police Courts) တည်ဆောက်ခဲ့ရာ ၁၉၃၁ တွင် ပြီးစီးခဲ့လေသည်။ ကော်မရှင်နာမင်းကြီးလမ်းတွင် ဈေးသစ်ကြီးကို ၁၉၀၀ ပြည့်လွန်နှစ်များတွင် တည်ဆောက်နိုင်ခဲ့သည်။

ရန်ကုန်ဆိပ်ကမ်းအသစ်ကြီးကို ၁၉၀၄ တွင် တည်ဆောက်ပြီးစီးလေသည်။ ဆူးလေဘုရားဖက်မှ ဆိပ်ကမ်းတံတားကို အသစ်တည်ဆောက်ရာတွင် စထရင်းဈေးရှေ့ ဖက်ရောက်နေသောကြောင့် အငြင်းပွားစရာဖြစ်ခဲ့သည်။ ထိုအချိန်တွင် ပထမကမ္ဘာစစ်ဖြစ်ပွားနေတာကြောင့် အခြေအနေ ငြိမ်သက်နေခဲ့သည်။ သို့သော် စစ်ပြီးချိန်တွင် ပြဿနာထပ်ဖြစ်သောကြောင့် ဈေးနေရာမြေကို ရူပီးငွေ ၂၇ ကုဋေဖြင့် ဝယ်ယူလိုက်သောကြောင့် ဈေးအတွက် နေရာအသစ်ရှာဖွေဝယ်ယူခြင်းနှင့် ဈေးအသစ်ဆောက်လုပ်ခြင်း ပြဿနာပြေလည်ခဲ့သည်၊ ၁၉၃၀ ခုနှစ်တွင် စထရင်းဆိပ်ကမ်းအသစ် တည်ဆောက်နိုင်ခဲ့သည်။ ၁၉၃၁ ခုနှစ် ဖေဖော်ဝါရီလတွင် ဖွင့်လှစ်နိုင်ခဲ့သည်။

၁၉၀၃ ခုနှစ်တွင် မြို့တော်ခန်းမ အဆောက်အအုံဟောင်းကြီး၏ ဘေးဖက်မှ မြေကို ရူပီး ၁၆၉၁၈၂ (တစ်သိန်း ခြောက်သိန်း ကိုးထောင်)ဖြင့် ရောင်းချပြီး မြို့ စပယ်ရန်ပုံငွေအဖြစ် ထားခဲ့သည်။ ထိုနေရာကို ရိုးကုမ္ပဏီ (Messrs. Rowe & Companys) က ဝယ်ယူပြီး ရိုးကုန်တိုက်ဆောက်လုပ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၁၁ ခုနှစ်တွင် မြို့တော်ခန်းမဟောင်းကြီး၏ ပေါ်တီကို ပြိုကျခဲ့သည်။ ထို့ကြောင့် အန္တရာယ်ရှိသော အဆောက်အအုံဖြစ်လာသည်။ ထိုအချိန်တွင် ပလိပ်ရောဂါအကြီးအကျယ်ဖြစ်ပွားသောကြောင့် မြူနီစပယ်သည် ကြွက်နှိမ်နင်းရေး လုပ်ရပြန်သည်။ ပြီးနောက် မြို့တော်ခန်းမကို သေသေချာချာ ပြန်ဆောက်ရန်အတွက် ဒီဇိုင်းများတင်ပြကြရန် တောင်းခံခဲ့သည်။ ထိုဒီဇိုင်းအတွက် ပထမဆုသည် စတာလင်ပေါင် ၃၀၀၊ ဒုတိယဆုသည် စတာလင်ပေါင် ၂၀၀ နှင့် တတိယဆုသည် စတာလင်ပေါင် ၁၀၀ အသီးသီးဖြစ်သည်။ ၁၉၁၃ ခုနှစ်၊ မေလ ၁ ရက်နေ့တွင် ပထမဆုရသော မစ္စတာမက်ကလမ်ပါ (Mr. L.A.Mc Clumpha) ကို ဆုငွေချီးမြှင့်ခဲ့သည်။ ထိုအချိန်တွင် ပထမကမ္ဘာစစ်ကြီး ဖြစ်ပွားလာသောကြောင့် မြို့တော်ခန်းမ တည်ဆောက်ရေးလုပ်ငန်းကို ရပ်နားထားခဲ့သည်။ စစ်ပြီးသော်လည်း တည်ဆောက်ရေးလုပ်ငန်းကို မစနိုင်သေးပေ။ ၁၉၂၆ မှ စတင်နိုင်ခဲ့သည်။

မြို့တော်ခန်းမသစ်တည်ဆောက်ရာတွင် လမ်းသစ်လမ်း (New Road) နှင့် ကော်ပိုရေးရှင်းလမ်း (Corporation Street) တို့ကို မျက်နှာမူထားသည်။ (၃၃ လမ်းနှင့် ၃၄ လမ်းတို့၏ အလယ်ဘလောက်မှ ဧရိယာလည်း ပါဝင်နေသည်။ ဒါလဟိုဇီလမ်းနှင့် အပြိုင်အနေအထားဖြစ်သည်။ ကော်ပိုရေးရှင်းလမ်းဘလောက်နှင့် ကောင်စီချိန်ဘာ (Council Chamber) တို့ကို (၁၉၂၇) ခုနှစ် ဗမာပြည်အစိုးရက ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။ မြို့တော်ခန်းမသစ်သည် (Fytche Square) ဆူးလေဘုရားအနီးတွင် ရှိသောကြောင့် မြို့၏ အချက်အချာဖြစ်လေသည်။

မြို့တော်ခန်းမသစ်ကြီးကို ၁၉၃၆ ခုနှစ်တွင် ဗမာပြည်အစိုးရ ဆာအာချီဘောကိုကရိန်း (Sir Archibald Cochrani) ကိုယ်တိုင် ဖွင့်လှစ်ပေးခဲ့သည်။ ပြည်သူလူထုအပန်းဖြေကြရန်အတွက် ဒါလဟိုဇီပန်းခြံကို ၁၈၈၅ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သော်လည်း နောက်ပိုင်းတွင် မြူနီစပယ်အဖွဲ့သည် လွန်စွာအလုပ်များလေရာ ဒါလဟိုဇီပန်းခြံကို လျစ်လျူရှုထားသကဲ့သို့ ဖြစ်နေသည်။ မှတ်တမ်းများအရ ၁၉၀၄–၀၅ တွင် မြူနီစပယ်အတွင်းရေးမှူး မစ္စတာ ဂျေရှော့က တာဝန်ယူပြီး ပြုပြင်ထိန်းသိမ်းနေခဲ့သည်။ သို့သော် မစ္စတာ ဂျေရှော့သည် ၁၉၀၇ ခုနှစ်တွင် အငြိမ်းစားယူသွားခဲ့လေသည်။ မဗာ့အားကစားအဖွဲ့အတွက် ကစားကွင်းမရှိသောကြောင့် ၁၉၀၇ ခုနှစ်တွင် သိမ်ဖြူကွင်းကို ပေးအပ်ခဲ့သည်။

၁၉၀၇ ခုနှစ်တွင် ဖရေဇာလမ်းရှိ (Revecca's Well) ကို ပြည်သူလူထုအတွက် အပန်းဖြေပန်းခြံအဖြစ် အသုံးပြုခဲ့သည်။





ရန်ကုန်မြို့အရှေ့ပိုင်းတွင် ဒပ်ဖရင်ပန်းခြံ(The Dufferin Gardens)ကို တည်ဆောက်ခဲ့သည်။ ထို့အပြင် မြူနီစပယ်ကော်မတီပိုင် မြေပေါ်တွင် ရန်ကုန်အနောက်ပိုင်းပန်းခြံကို တည်ဆောက်ခဲ့သည်။

ယခင်က ဆိပ်ကမ်းတွင် အခွန်ကောက်ခြင်းလုပ်ငန်းနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်းများကို ဆိပ်ကမ်းကော်မရှင်က ဆောင်ရွက်ခဲ့သည်။ ၁၈၉၆ ခုနှစ်တွင် ရုံးခန်းသီးခြားခွဲပြီး တာဝန်သီးခြားခွဲလိုက်သည်။ သို့သော် ၁၉၂၀ တွင် သီးခြားစီဖြစ်သော ရုံးနှစ်ခုကို ပြန်ပေါင်းလိုက်သည်။ သို့သော် ဝန်ထမ်းအင်အားများ တိုးချဲ့ထားပြီးဖြစ်ရာ ကိုယ့်ကဏ္ဍနှင့်ကိုယ် ဆောင်ရွက်နိုင်လေတော့သည်။

၁၉၀၀ ပြည့်လွန်နောက်ပိုင်းကာလတွင် ကုန်သွယ်ရေးလုပ်ငန်းသည် လျင်မြန်စွာ တိုးတက်လာခဲ့သည်။ ပင်လယ်ကူးသင်္ဘောကြီးများ အဝင်အထွက်များလာသကဲ့သို့ ကုန်ချိန် အဆမတန်များလာသည်။ စက်လှေငယ်များ၊ သင်္ဘောငယ်များကလည်း အဝင်အထွက်များလာသည်။ ထို့ကြောင့် ဆိပ်ကမ်းကြီးများ တိုးချဲ့တည်ဆောက်နေချိန်တွင် တရုတ်တန်းဖက်တွင် ခေတ်ဟောင်းပုံစံ ဆိပ်ကမ်းငယ်လေးများလည်း ထပ်ပြီးဆောက်လုပ်ပေးခဲ့သည်။ လသာဆိပ်ကမ်းနှင့် ဆူးလေဘုရားဆိပ်ကမ်းတို့ကိုလည်း နှစ်ဆတိုးချဲ့လိုက်သည်။ ဆိပ်ကမ်းဧရိယာ ကျယ်ပြန့်သည်ထက် ကျယ်ပြန့်စေရန် တိုးချဲ့ခဲ့ရုံမျှမက သမားရိုးကျ စက်မှုကရိန်းများနှင့်တွဲပြီး နောက်ဆုံးပေါ် ဟိုက်ဒရောလစ်ကရိန်းကြီးများပါ တပ်ဆင်အသုံးပြုနိုင်ခဲ့သည်။ ဆိပ်ကမ်းအသစ်များ တိုးချဲ့တည်ဆောက်ခြင်း၊ ဟိုက်ဒရောလစ်ကရိန်းများ တပ်ခြင်းအတွက် စုစုပေါင်းကုန်ကျစရိတ်သည် ရူပီးငွေ ၁၀၄ ကုဋေ ဖြစ်သည်။ မြစ်ရေတိုက်စားမှုကြောင့် ဆိပ်ကမ်းမှ ကမ်းပါးမြေပြိုမှု ဆိုးဆိုးဝါးဝါး ဖြစ်ပေါ်လာသောကြောင့် ကာကွယ်ရန်အတွက် (Training Wall) ကို ၁၉၀၃ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ရာ ၁၉၁၄ ခုနှစ်နောက်မှ အပြီးသတ်နိုင်ခဲ့လေသည်။ စုစုပေါင်း ကုန်ကျငွေသည် ရူပီးငွေ ၁၃၈ (တစ်ရာသုံးဆယ့်ရှစ်) ကုဋေဖြစ်သည်။ ၁၉၂၅ တွင် ပင်လယ်ကူးသင်္ဘောကြီးများ ဆိုက်ကပ်သော ဆိပ်ကမ်းကို အထူးကြံ့ခိုင်စေရန်အတွက် သံကူကွန်ကရစ် (Ferro Concrete) ဖြင့် တည်ဆောက်ခဲ့သည်။

မြူနီစီပယ်အဖွဲ့ မလုပ်နိုင်ခဲ့သော ပြဿနာမှာ ရန်ကုန်မြို့ရှိ ဆင်းရဲသားများအတွက် အငှားအိမ်ရာများ တည်ဆောက်ပေးခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တိုင်းတစ်ပါးသားများဖြစ်သောကြောင့် သူတို့စီးပွားရေးအတွက် ရင်းနှီးမြှုပ်နှံမှု အဘယ်မျှ များပြားသည်ကို ရှေ့တွင် ကိန်းဂဏန်းအတိအကျ ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



ဗြိတိသျှတို့ကိုချည်း အပြစ်တင်၍ မရပါ။ ဗြိတိသျှခေတ်တွင်လည်း အိမ်ခြေမဲ့ အိမ်ငှားများအတွက် အငှားအိမ်ရာကို လုံလောက်စွာ ဆောက်လုပ်ပေးခြင်း မရှိခဲ့သလို ဂျပန်ခေတ်ရောက်တော့လည်း ဆင်းရဲသား အိမ်ခြေရာခြေမဲ့များအတွက် အိမ်ရာများ ဆောက်လုပ်ပေးခဲ့ခြင်း မရှိပါ။ စစ်ပြီးခေတ်မှ လွတ်လပ်ရေးရသော ခေတ်ကာလအထိ ကြားကာလတွင်လည်း ဖြေရှင်းပေးနိုင်ခဲ့ခြင်းမရှိပေ။

ရန်ကုန်မြို့၌ အိမ်ရှင်အိမ်ငှား ပြဿနာသည် ၁၈၈၀ ပြည့်နှစ်ကာလကတည်းက ဖြစ်ပေါ်ခဲ့သည်။ ထိုအချိန်က ဗမာပြည်တွင် စီးပွားရေးကောင်းသော မြို့သည် ရန်ကုန်မြို့ဖြစ်လေရာ အနယ်နယ် အရပ်ရပ်မှ ကုန်သည်များ ရောက်လာကြသည်။ ကုန်ရောင်းကုန်ဝယ် ပြုလုပ်ပြီးနောက် တည်းခိုနေကြသည်။ ထိုအခါ အသိမိတ်ဆွေရှိသူများက အသိမိတ်ဆွေများ၏ အိမ်များတွင် ဝင်ရောက်တည်းခိုနိုင်ကြသည်။ တည်းခိုရန် အသိမိတ်ဆွေအိမ် မရှိသောအခါ တည်းခိုခန်းများတွင် တည်းခိုရန် လိုအပ်လာသည်။ ထိုအချိန်က ရန်ကုန်မြို့တွင် တည်းခိုခန်း မရှိပါ။ မြို့ထဲရှိ တည်းခိုခန်းများတွင်လည်း ဗမာကုန်သည်များ မတည်းနိုင်ပါ၊ ဈေးကြီးလွန်းသည်။ ထိုအခါ မြို့စွန်ဆင်းရဲသားရပ်ကွက်များမှ ငွေကြေးချမ်းသာသူများသည် မြေကွက်လပ်တွင် တဲထိုးပြီး အိမ်ငှားလာကြသည်။ တစ်စတစ်စ ခရီးသွားလာသူများလေရာ တည်းခိုခန်းလိုအပ်ချက် မြင့်မားလာသောကြောင့် မြို့စွန်ရပ်ကွက်များတွင် အိမ်ငှားပေးသူ များလာသည်။ သို့သော် ဆင်းရဲသားရပ်ကွက်များမှ အိမ်များသည် အိမ်ဟု ခေါ်ဖို့ ခက်သော အနေအထားဖြစ်သည်။ သို့သော် မြို့တော်၏ လိုအပ်ချက်ကို မြူနီစီပယ်အဖွဲ့ အနေဖြင့် ဖြည့်ဆည်းပေးရန် အခက်အခဲရှိနေချိန်ဖြစ်သောကြောင့် ခွင့်ပြုထားခဲ့ရသည်။

၁၉၀၇ ခုနှစ်တွင် မြူနီစီပယ်ကော်မတီမှ အင်ဂျင်နီယာများက ကုန်ကျစရိတ်အသက်သာဆုံးသော အိမ်ပုံစံများ ရေးဆွဲပြီး ဆင်းရဲသားရပ်ကွက်များတွင် ဆောက်လုပ်သင့်သည်ဟု အကြံပြုသည်။ ဆင်းရဲသားများကို အတင်းအကျပ် ဆောင်ရွက်ခြင်းမပြုခဲ့ပေ။ ဆင်းရဲသားများသည် ဘယ်လိုအိမ် ပုံစံဒီဇိုင်းမျိုးဖြစ်ပါစေ ငွေကုန်ခံနိုင်သော အနေအထား မရှိသူများဖြစ်သောကြောင့် ငဲ့ညှာပြီး ခွင့်လွှတ်ထားခဲ့သည်။

၁၉၀၈ ခုနှစ်တွင် ကူလီများနေထိုင်ရန်အတွက် အိမ်ရှင်များသည် ကူလီများကို အိမ်ငှားစားသောအခါ ထိုပုံစံအတိုင်း စနစ်တကျ ဆောက်လုပ်ပါက ငွေကုန်ကြေးကျ မများသော်လည်း ကောင်းမွန်သည့် အိမ်များရရှိမည်ဟု အကြံပြုခဲ့သော်လည်း လိုက်နာမှု မရှိကြပေ။

Social Service League က ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြခဲ့သည်မှာ





လမ်းမတော်နှင့် အလုံရပ်ကွက်များမှ အိမ်တန်းလျားအိုကြီးများကို ကူလီများအား ငှားစားရာတွင် ရေနှင့် မိလ္လာကိစ္စအတွက် ဖြစ်သလိုဖြေရှင်းသော ပုံစံများ ပြုလုပ်ထားသည်။ အိမ်များသည် လွန်စွာ ဟောင်းနွမ်းနေပြီဟု ဖော်ပြထားသည်။

၁၉၂၅ တွင် အိမ်ငှားများအားကို သတ်မှတ်ပုံစံဖြင့် ငှားရမ်းခြင်းမပြုဘဲ ဗိုလ်ပြတိုးငွေ့ပုံစံဖြင့် ငါးပိသိပ်၊ ငါးချဉ်သိပ်ပုံစံ ငှားရမ်းသော အိမ်ရှင်များကို ရှာဖွေပြီး ဒဏ်ငွေရိုက်ရာ ရူပီးငွေ ၁၀၃၆၇ (တစ်သောင်းသုံးရာခြောက်ဆယ့်ခုနစ်) ရခဲ့သည်။ သို့သော် လူဦးရေ အဆမတန်တိုးပွားသော ပြဿနာကို ဖြေရှင်းနိုင်ခြင်း မရှိခဲ့ပေ။

ရန်ကုန်မြို့သည် နိုင်ငံတကာအဆင့်မီ မြို့တော်ကြီးဖြစ်လာသည်။ ဘန်ကောက်မြို့ထက် ပို၍စည်ကားသည် စင်ကာပူ၊ ပီနန်တို့နှင့် အပြိုင်အဆိုင်ဖြစ်သည်။ စက်မှုလုပ်ငန်း အရှိန်အဟုန်ဖြင့် ထွန်းကားတိုးတက်လာသောအခါ လုပ်ငန်းသဘောသဘာဝကို ကောင်းစွာနားလည်သော အိန္ဒိယမှ ကျွမ်းကျင်လုပ်သားများစွာ ရောက်လာကြပြီး စက်ရုံအလုပ်ရုံကြီးများရှိသော ဒေသများတွင် စုရုံးပြီး ဖြစ်သလိုနေခဲ့ကြသည်။ စက်မှုလုပ်ငန်းရှင်ကြီးများသည် သူတို့အလုပ်ဖြစ်ဖို့သာ အဓိကထားကြသည်။ အလုပ်သမားများ နေချင်သလိုနေပြီး ဖြစ်ချင်သလိုဖြစ်လည်း စိတ်မဝင်စားပေ။ ထို့ကြောင့် အလုပ်သမားတို့၏ ကျန်းမာရေးသည် လွန်စွာနိမ့်ကျနေသည်။

The Social Service League က အသေးစိတ် သုတေသနပြုပြီး တွေ့ရှိချက်ကို ဖော်ပြရာတွင် 'ရန်ကုန်မြို့၏ လူဦးရေသည် နှစ်ပေါင်း၄၀ ကာလအတွင်း တစ်စထက်တစ်စ တိုးတက်လာခဲ့သည်။ လျော့နည်းသွားသည်ဟူ၍ မရှိပေ။ လူဦးရေသည် မြို့စွန်ဆင်းရဲသားရပ်ကွက်များတွင်သာ အဆမတန် တိုးပွားနေခြင်း ဖြစ်သည်။ ထိုဆင်းရဲသားများ၏ ဘဝအခြေအနေကို စနစ်တကျလေ့လာပြီး မှတ်တမ်းတင်ရာတွင် ဝင်ငွေနည်းပါးခြင်း၊ အရက်ပိုင်း၊ ဖဲဝိုင်းနှင့် ပြည့်တန်ဆာအိမ်များ ရှိနေခြင်းတို့ကို တွေ့ခဲ့ရသည်။ ငွေကြေးချို့တဲ့ခြင်း၊ အကျင့်စာရိတ္တ ပျက်ပြားခြင်းနှင့် လတ်တလော အဆိုးဝါးဆုံးမှာ ကျန်းမာရေး အခြေအနေ ဆိုးဝါးခြင်းများဖြစ်သည်'။

၁၉၀၁၊ ၁၉၁၁၊ ၁၉၂၁ ခုနှစ်နှင့် ၁၉၃၁ ခုနှစ်ရှိ လူဦးရေစာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



| | | (၁၉၀၁) | (၁၉၁၁) | (၁၉၂၁) | (၁၉၃၁) |
|---|---|---|---|---|---|
| ၁။ | ဗမာ | ၇၇၈၂၅ | ၈၈၂၆၄ | ၁၀၃၂၁၈ | ၁၂၁၉၉၈ |
| ၂။ | ကရင် | ၈၄၈ | ၁၂၆၉ | ၁၉၂၃ | - |
| ၃။ | ကပြား | ၃၀၀၃ | ၆၀၀ | ၅၂၆ | ၅၅၈၄ |
| ၄။ | စုစုပေါင်း | ၈၁၆၈၆ | ၉၀၀၅၃ | ၁၀၅၆၆၇ | ၁၂၇၅၈၂ |
| ၅။ | ဟိန္ဒူ | ၇၇၄၄၄ | ၁၁၁၁၀၅ | ၁၂၆၁၈၄ | ၁၄၀၉၀၀ |
| ၆။ | မူဆလင် | ၄၁၈၄၆ | ၅၄၃၉၀ | ၆၁၇၉၁ | ၇၀၇၉၁ |
| ၇။ | စုစုပေါင်း | ၁၁၉၂၉၀ | ၁၆၅၄၉၅ | ၁၈၇၉၇၅ | ၂၁၁၆၉၁ |
| ၈။ | တရုတ် | ၁၁ယ၀၁၈ | ၁၆၀၅၅ | ၂၃၈၀၉ | ၃၀၆၂၆ |
| ၉။ | ဥရောပသား | ၃၈၀၅ | ၅၇၄၂ | ၃၅၆၈ | ၄၃၇၇ |
| ၁၀။ | အင်္ဂလိပ်-အိန္ဒိယကပြား | ၄၆၇၄ | ၅၈၃၁ | ၈၄၃၄ | ၉၈၇၈ |
| ၁၁။ | အာမေးနီးယန်း | ၁၉၀ | ၂၈၉ | ၃၅၂ | ၁၀၆ |
| ၁၂။ | ဂျူး | ၅၀၈ | ၇၅၀ | - | ၁၀၅၉ |
| | စုစုပေါင်းလူဦးရေ | ၂၄၈၀၆၉ | ၂၉၃၃၁၆ | ၃၄၁၉၆၂ | ၄၀၀၄၁၅ |

ထိုဇယားအရ ၁၉၀၁ မှ ၁၉၃၁ အတွင်း လူဦးရေနှစ်ဆတိုးတက်လာကြောင်း တွေ့ရမည်ဖြစ်သည်။ လူဦးရေအများဆုံးသည် ဟိန္ဒူများဖြစ်ကြသည်။ ဂျပန်တို့ ရန်ကုန်မြို့ကို ဗုံးကြဲတိုက်ခိုက်သောအခါ ဟိန္ဒူအားလုံးနီးပါး အိန္ဒိယသို့ ပြန်သွားခဲ့ကြသည်။

မူဆလင်များလည်း အိန္ဒိယသို့ ပြန်သွားကြသည်။ ကျန်နေသူများသည် ကပြားများသာ ဖြစ်ကြသည်။ ဖက်ဆစ်ဂျပန်လက်အောက် ငရဲခန်းထဲတွင် အိန္ဒိယသားများ မနေလိုကြပေ။ အသေခံပြီး အိန္ဒိယကို ရသည့်လမ်းမှ ထွက်ပြေးကြသည်။ ဒုက္ခသည်တန်းကြီးကို ဂျပန်လေယာဉ်များက မညှာမတာ ပစ်ခတ်သတ်ဖြတ်ကြသည်။ ဓားပြများက လမ်းခရီးမှ လုယက်ကြသည်၊ သတ်ဖြတ်ကြသည်။ လမ်းခရီးတွင်





ဝမ်းရောဂါကဲ့သို့ ကပ်ရောဂါများလည်း ဖြစ်ပွားခဲ့ရာ အိန္ဒိယသို့ ရောက်သူသည် လူနည်းစုသာဖြစ်ပြီး အများစုမှာ သေဆုံးသွားကြသည်။

၁၉၀၁ မှ ၁၉၁၀ အတွင်း လူသေနှုန်းသည် လူဦးရေ ၁၀၀၀ လျှင် ၃၈ ယောက် ဖြစ်သည်။ ၁၉၁၁ မှ ၁၉၂၀ တွင် လူသေနှုန်းသည် လူဦးရေ ၁၀၀ လျှင် ၃၆ ယောက် နှုန်းဖြစ်သည်။ အမှန်မှာ ရောဂါဖြစ်ပွားနှုန်းနိမ့်ပြီး လူသေမှုအနည်းဆုံးဖြစ်အောင် ကျန်းမာရေးအရာရှိနှင့် အဖွဲ့က အပြင်းအထန် ကြိုးစားပေးခဲ့ကြသော်လည်း ၁၉၁၈ ခုနှစ်နှင့် ၁၉၁၉ ခုနှစ်တွင် တုပ်ကွေးရောဂါသည် ကပ်ရောဂါအသွင် ဖြစ်ပွားသောကြောင့် လူများစွာ အတုံးအရုံး သေဆုံးခဲ့ကြသည်။ ထိုအခါ ၁၀၀၀ တွင် သေဆုံးသူအရေ အတွက်သည် ၄၇ ယောက်မှ ၄၈ ယောက်အထိ မြင့်တက်လာသောကြောင့် ဆယ်နှစ်တာအတွင်း ပျမ်းမျှယူသောအခါ တိုးတက်မှုနည်းခဲ့ခြင်းဖြစ်သည်။ ၁၉၃၀ နောက်ပိုင်း တွင် သေဆုံးမှုနှုန်းသည် လူဦးရေ ၁၀၀၀ တွင် ၃၃ ယောက်မျှသာရှိလေ သည်။ သို့သော် မွေးစကလေးသေဆုံးနှုန်းသည် ၁၀၀၀ လျှင် ၃၀၀ ကျော်အထိ ရှိနေသည်။ ကလေး ၃ ယောက်မွေးဖွားပါက တစ်ယောက် သေဆုံးသကဲ့သို့ ဖြစ်နေသည်။ ကလေးသေဆုံးသည့်နှုန်း ကျဆင်းဖို့ အပြင်းအထန် ကြိုးစားသော်လည်း အောင်မြင်မှုမရခဲ့ပေ။

၁၈၉၉-၁၉၀၀ ပြည့်ကာလတွင် သွင်းကုန်လုပ်ငန်း အကြီးအကျယ် တိုးတက်လာသကဲ့သို့ ထုတ်ကုန်လုပ်ငန်းမှာလည်း အကြီးအကျယ် ထွန်းကားရာ နေ့ချင်းညချင်း စီးပွားရေးဖွံ့ဖြိုးမှု မြင့်မားလာသည်။ ထိုကဲ့သို့ ကြီးပွားချမ်းသာမှုသည် ငွေရှင် ကြေးရှင်များအတွက်သာဖြစ်ခဲ့သည်ဟု ဆိုနိုင်ပါသည်။ သို့သော် မည်သည့်ခေတ်၊ မည်သည့်စနစ်တွင် ဖြစ်စေ ကိုယ်လုပ်မှကိုယ်ရသည်ဖြစ်သည်။ ပဒေသရာဇ်ခေတ်တွင် တိုင်းပြည်ကြွယ်ဝချမ်းသာသော်လည်း အရာရာသည် ဘုရင်ပိုင်ဖြစ်သည်။ ပြည်သူလူထုက ဆင်းရဲတွင်းထဲမှာ နစ်နေဆဲ။ ကိုလိုနီခေတ်တွင် ကုမ္ပဏီကြီးများ ကြီးပွားချမ်းသာခဲ့သော်လည်း အလုပ်သမား၊ လယ်သမား၊ ပြည်သူလူထု၊ ဆင်းရဲတွင်း နက်ဆဲ၊ ဂျပန်ခေတ်ကတော့ ထူထောင်တဲ့ခေတ်၊ တည်ဆောက်တဲ့ခေတ် မဟုတ်။ ဒုတိယကမ္ဘာ စစ်အတွင်းကာလ အဝီစိငရဲတွင်းထဲ နစ်နေရတဲ့ကာလ၊ ဆင်းရဲတယ်ဆိုတာထက် စုတ်ပြတ်ခဲ့သည်။

၁၉၁၄-၁၅ ကာလအတွင်း ပထမကမ္ဘာစစ်ကြီး ဖြစ်ပွားသောအခါ ဂျာမန်တို့၏ ရေငုပ်သင်္ဘောများသည် ဗြိတိသျှတို့၏ ကုန်သင်္ဘောများကို တိုက်ခိုက်လာသောကြောင့် နိုင်ငံတကာကုန်သွယ်ရေးလုပ်ငန်းများ ရပ်ဆိုင်းသွားပြီး စီးပွားရေးကျပ်တည်းသောဒဏ်ကို ကမ္ဘာအနှံ့ ခံစားရသောအခါ ဗမာပြည်တွင်းလည်း ခံစားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က ရန်ကုန်တွင် ဂျာမန် ဆန်ကုန်သည်များစွာ ရှိသကဲ့သို့ ဩစတြီးယား ကုန်သည်ကြီးများစွာရှိခဲ့သည်။ ဗြိတိသျှအစိုးရက ဂျာမန်ကုန်သည်ကြီးများကို လုပ်ကိုင်ခွင့်များ ပိတ်ထားလိုက်သည်။ ဂျာမန်ဆန်စက်များကို ပိတ်စေပြီး အင်္ဂလိပ်သူဌေးများနှင့် ကုမ္ပဏီများကို တစ်ဖက်လှည့်ဖြင့် ပြန်ရောင်းလိုက်သည်။

၁၉၁၇ တွင် အင်္ဂလိုဘားမား ဆန်ကုမ္ပဏီ (Anglo-Burma Rice Company) ကို တည်ထောင်ခဲ့သည်။ အခြားသော ဂျာမန်လုပ်ငန်းများအားလုံးကိုလည်း စီးပွားပျက်အောင် လုပ်ခဲ့သည်။ စီးပွားပျက်၍ ဂျာမနီသို့ ပြန်သောအခါ ဗြိတိသျှကုမ္ပဏီများထံ ရသမျှဈေးနှင့် ရောင်းချခဲ့ရသည်။ ထို့ကြောင့် ပထမကမ္ဘာစစ်ကာလအတွင်း ရန်ကုန်မြို့တွင် သွင်းကုန်ထုတ်ကုန်လုပ်ငန်း အကြီးအကျယ်ပျက်စီးခဲ့သော်လည်း စစ်ပြီးကာလတွင် ဂျာမနီပိုင် လုပ်ငန်းများ မရှိတော့ပေ။ ဩစတြီးယားပိုင်လုပ်ငန်းများလည်း မရှိတော့ပေ။

ပထမကမ္ဘာစစ်ကာလအတွင်း ဂျာမန်သူလျှိုများသည် ယိုးဒယားနိုင်ငံတွင် ခြေကုပ်ယူပြီး ဗြိတိသျှအစိုးရကို တော်လှန်ကြရန် စီစဉ်နေခဲ့သည်။ ကျောက်ဖြူတွင် ခြေကုပ်ယူပြီး ပုန်ကန်ရန် ကြိုးပမ်းခဲ့ကြသော်လည်း ဗြိတိသျှစုံထောက်အဖွဲ့က ဖြိုခွင်းနိုင်ခဲ့သည်။

၁၉၁၈ တွင် စစ်ပြီးခေတ် စီးပွားရေးကျဆင်းမှုဂယက်ကြောင့် ကုန်ဈေးနှုန်းမြင့်တက်ပြီး အငတ်ဘေးနှင့် ကြုံတွေ့သောကြောင့် ဆိပ်ကမ်းကူလီများ ဆူပူထကြွခဲ့ကြသည်။ သို့သော် ၁၉၁၈ ဩဂုတ်လ ဆူပူမှုတွင် လုပ်ခ၊ လစာငွေကို အလိုက်သင့်တိုးမြှင့်ပေးပြီး ပြေလည်အောင်ဖြေရှင်းနိုင်ခဲ့သည်။ ၁၉၁၈ အောက်တိုဘာလတွင် ကူးစက်ရောဂါဖြစ်ပွားသောကြောင့် လူနာအရေအတွက် အဆမတန်များပြားလာသောကြောင့် ယာယီဆေးရုံနှစ်ခု ထပ်မံဖွင့်လှစ်ပေးခဲ့ရသည်။ ပတ်လမ်း (Park Rpad) မှာ တစ်ခုနှင့် စပတ်လမ်း (Sparks Street) တွင် တစ်ခုဖြစ်သည်။ ဆေးဝါးများကို အခမဲ့ဝေပေးသည်။ ရောဂါကာကွယ်ဆေးများကို နေရာအနှံ့ အမြန်ဆုံးလိုက်၍ ထိုးပေးကြသည်။ စာသင်ကျောင်းများကို ချက်ချင်း ပိတ်ကြရန် စီစဉ်ရသည်။ ကပ်ရောဂါကြောင့် သေဆုံးသူ ၃၇၉၉ (သုံးထောင် ခုနစ်ရာ ကိုးဆယ့်ကိုး)ယောက် ရှိခဲ့သည်။

၁၉၁၉ တွင် သွေးလွန်တုပ်ကွေး အပြင်းအထန် ကူးစက်ပြန့်ပွားရာ ရောဂါကာကွယ်ဆေး အမြန်ထိုးကြသည်။ အလျင်အမြန်ကုသကြသည်။ သို့သော် သေဆုံးသူ ၃၃၃၆ (သုံးထောင့် သုံးရာ သုံးဆယ့်ခြောက်ယောက်) ရှိခဲ့သည်။

ပထမကမ္ဘာစစ်ပြီး ကာလတွင် စီးပွားရေးကောင်းလာသည်။ ၁၉၂၂ တွင်





Messrs. Cox & Co. မှ ဘဏ်ခွဲဖွင့်သည်။

၁၉၂၄ တွင် လွိုက်ဘဏ် (LLoyd's Bank) က ကုမ္ပဏီရုံးခန်းနှင့် ဘဏ်ခွဲဖွင့်သည်။ ၁၉၃၀ တွင် ဒိန်းမတ် အရှေ့အာရှကုမ္ပဏီ (The East Asiatic Company) က ရန်ကုန်မြို့တွင် ဘဏ်ခွဲဖွင့်သည်။ ထိုကုမ္ပဏီသည် ယိုးဒယားတွင် ဘဏ်ခွဲဖွင့်ပြီး လုပ်ကိုင်ခဲ့သည်မှာ နှစ်ပေါင်းသုံးဆယ်ကြာခဲ့ပြီဖြစ်သည်။

နိုင်ငံခြားကုမ္ပဏီများသည် သူတို့၏ အကျိုးအမြတ်ကိုသာ ကြည့်ပြီး အလုပ်ခန့်ကြရာ ကျွမ်းကျင်မှု အရည်အချင်းရှိသော အိန္ဒိယသားများအတွက် အလုပ်အကိုင်အခွင့်များပြီး ဒေသခံဗမာများအတွက် ကုန်တင်ကုန်ချလုပ်ငန်းကဲ့သို့သော အလုပ်ကြမ်းများသာ ရနိုင်သော အနေအထားၡ ရှိသည်။ ထိုအခါ ကုလား–ဗမာ အဓိကရုဏ်းဖြစ်ခဲ့သည်။ ၁၉၃၀ ခုနှစ်၊ မေလ ၅ ရက်နေ့တွင် အိန္ဒိယ၌ အာဏာဖီဆန်သော မဟာတ္တမဂန္ဓီကို အစိုးရမှ ဖမ်းဆီးထောင်ချသောအခါ အိန္ဒိယမှ ဂယက်သည် ဗမာပြည်တွင် များစွာ ရိုက်ခတ်ခဲ့သည်။ ထိုနေ့ည (၈. ၃၀) ရှစ်နာရီခွဲတွင် လျှောင်လှုပ်ရာ လ ၂၀၀ မျှ ထိခိုက်ဒဏ်ရာရပြီး အဆောက်အအုံပြိုသောဒဏ်ကြောင့် အယောက် ၄၀ သေဆုံးခဲ့သည်။

ကုလား–ဗမာအဓိကရုဏ်းဖြစ်ပွားပုံမှာ –

၁၉၃၀ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင် ဗမာအလုပ်သမားများက လစာတိုးတောင်းသည်၊ မရသောအခါ ဆင်နွှဲပြီး ကုန်တင်ကုန်ချအလုပ်များ မလုပ်သောကြောင့် ကုမ္ပဏီကြီးများသည် အကြီးအကျယ် အထိနာသည်။ ဗမာပြည်မှ ကုလားအလုပ်သမားများကလည်း ညီညွတ်ကြသည်၊ ထို့ကြောင့် အင်္ဂလိပ်တို့သည် ဗမာပြည်အထာမသိသော အိန္ဒိယမှ ကူလီများ ခေါ်ပြီး အလုပ်သမားပြဿနာကို ဖြေရှင်းရာ ဗမာတို့က ကုလားအလုပ်သမားများကို ရိုက်ကြသည်။ ကုလားအလုပ်သမားတို့က ဗမာတို့ကို ပြန်ရိုက်ကြသည်။ ပြဿနာကြီးထွားလာပြီး မေလ ၂၆ ရက်နေ့တွင် ကုလား–ဗမာရိုက်ပွဲကျယ်ပြန့်လာသည်။ တွေ့ရာမြင်ရာ ရိုက်ကြသော အဆင့်ရောက်လာသည်။ မေလ ၃၀ ရက်နေ့တွင် ဗြိတိသျှစစ်တပ်မှ ဝင်ထိန်းရသည်။ ရိုက်ပွဲ ၄ ရက်အတွင်း သေဆုံးသူ ၁၂၀ (တစ်ရာ့နှစ်ဆယ်) ရှိခဲ့သည်။ တိုင်းပြည်အနှံ့ ပြန့်ပွားခြင်းမရှိစေရန် ၄ ရက်အတွင်း တရားဥပဒေစိုးမိုးရေးကို ပြန်လည်ရယူနိုင်ခဲ့သည်။ ရိုက်ပွဲ သတ်ပွဲများတွင် ဦးဆောင်ပါဝင် ကျူးလွန်ခဲ့ကြသူအားလုံးကို ရှာဖွေဖမ်းဆီး၍ ထောင်ဒဏ်နှစ်ရှည် ချမှတ်ခဲ့သည်။

၁၉၃၁ ခုနှစ်၊ ဇန်နဝါရီလတွင် တရုတ်–ဗမာ အဓိကရုဏ်း ထပ်ဖြစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က ဗမာပြည်တွင် တရုတ်လူမျိုးအနည်းငယ်သာရှိသောကြောင့် ပြဿနာကို ရဲတပ်ဖွဲ့နှင့် ဖြေရှင်းခဲ့ရာ ဇန်နဝါရီ ၂ ရက်တွင် စတင်သော အဓိကရုဏ်းသည် ဇန်နဝါရီ ၅ ရက်နေ့တွင် ပြီးဆုံးခဲ့သည်။ လူ ၁၂ ယောက် သေဆုံးပြီး ၈၈ ယောက် ပြင်းထန်စွာ ဒဏ်ရာရခဲ့သည်။ ထိုနှစ်တွင် သာယာဝတီနယ်မှ ဆရာစံတော်လှန်ရေးလည်း ဖြစ်ပွားရာ အသေအပျောက် အများဆုံးနှစ်ဖြစ်ခဲ့သည်။

၁၉၃၄ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော ဥပဒေ (Act III) အရ မြူနီစီပယ်ကော်မတီ ဥက္ကဋ္ဌ Presi dent ရာထူးအစား မေယာ Mayor ဟု ပြောင်းလဲခဲ့သည်။

Bibliography.
(1)E.J.L Andrews, Indian Labour in Rangoon.
(2) Annual Reports on The Administration of Burma.
(3) Annual Reports on the Working of the Rongoon Development Trust.
(5) Annual Reports on the Working of the Rongoon Municipality.
(6) Annual Statements of the sea-borne Trade and Navingation of Burma,

■ ■ ■





# နောက်ဆက်တွဲ



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

## ကံကြမ္မာဆိုးတွေ ဝင်လာတဲ့ ရန်ကုန်မြို့

၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့။

ရန်ကုန်မြို့၊ ဘုရားလမ်းရှိ အချက်ပြဖမ်းယူရေးတပ်၏ ဆက်သွယ်ရေးလိုင်းဖမ်းစက်ထဲသို့ အချက်ပြသင်္ကေတတစ်ခု ဝင်ရောက်လာသည်။

"Most Secret"

No 707

Date December -23 - 1941. From Saigon, Southern Army headquarters, Count Tarasaki, Field Marshall, Supreme Commander.

To Hayashi group, Headquarters 15th Army. 33 - rd Division to attack from east. Cross Moeiriver near Kawkareik, attack Indian brigade defending Kawkareik Moulmein sector. Principle object capture Moulmein Stop.

55th Division head north to Kyaityo. Capture Sittang Bridge intact Stop. Retreat of British Army from Moulmein will be cut off by 55 BT. destroy 17th Indian Division with iots 2 brigades east of Sittang Bridge Reg 212/33 will lead attack on bridge.

ဗြိတိသျှအချက်ပြတပ်ဖွဲ့သည် ထိုဂျပန်တို့၏ ဝှက်စာသင်္ကေတကို ဖော်ထုတ်နိုင်ခဲ့သော်လည်း တန်ပြန်တိုက်ခိုက်ချေမှုန်းရန် ဘာမျှ မတတ်နိုင်တော့ပေ။ ရန်ကုန်မြို့လူထုမှာ ထိတ်လန့်ကြောက်ရွံ့ပြီး အခြေအနေကို ထိန်းမရဖြစ်သွားမည်ကို စိုးရိမ်သောကြောင့် ပြည်သူလူထုကို အသိပေးခြင်းမပြုဘဲ စစ်ဖက်ဆိုင်ရာ လျှို့ဝှက်သတင်းအဖြစ်တစ်နိုင်ငံလုံးအနှံ့ သတင်းပို့လိုက်သည်။ စစ်ပွဲကို မလွဲကေန် ရှုံးနိမ့်မည်ဟု သိထားပြီးဖြစ်ရာ ဗြိတိသျှစစ်တပ်များသည် ရသမျှအင်အားဖြင့် ခုခံပြီးမှ အောင်မြင်စွာ ဆုတ်ခွာရန်





အတွက် အစီအစဉ်များ ပြုလုပ်ကြသည်။

ထိုအချိန်တွင် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် အိန္ဒိယသို့ ပို့ရန်အတွက် အရေးကြီးသော စာရွက်စာတမ်းများ၊ ရွှေငွေရတနာများအားလုံး သယ်ယူသွားဖို့ စီစဉ်နေကြသည်။

ဂျပန်တို့သည် ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့ နံနက် ၂ နာရီတွင် မလေးရှားကို အရှေ့ဖက်ကမ်းခြေမှ ဝင်ရောက်ကျူးကျော်သိမ်းပိုက်ခဲ့ကြပြီ ဖြစ်သည်။

ဂျပန်တို့၏ ထိုးစစ်သည် အလွန် လျှင်မြန်သည်။ ရက်ပိုင်းအတွင်း စင်္ကာပူနှင့် မလေးရှားကို တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီးဖြစ်လေရာ ယခု ကျူးကျော်မိန့်ရပြီဖြစ်သောကြောင့် ရက်ပိုင်းအတွင်း ရန်ကုန်မြို့သို့ ရောက်လာဖို့ သေချာနေသည်။

**၁၉၄၁ ခုနှစ် ခရစ်စမတ်နေ့**

ကိုလိုနီခေတ်တွင် ခရစ်စမတ်ပွဲတော်သည် အတော်လေး စည်ကားခဲ့သည်။ အထူးသဖြင့် ရန်ကုန်မြို့တွင် ပို၍စည်ကားသည်။

သို့သော် ၁၉၄၁ ခုနှစ်၊ ခရစ်စမတ်နေ့တွင် အစိုးရအဖွဲ့အစည်းအဝေး ထိုင်နေရသည်။ တာဝန်အရှိဆုံးသည် ဗိုလ်ချုပ်တေလာ (General Taylor) ဖြစ်သည်။ သူသည် ဗမာပြည်လုံခြုံရေး တာဝန်ယူထားရသူဖြစ်သည်။ ဝန်ကြီးချုပ် ဂဠုန်ဦးစောသည် ဗမာပြည်အစိုးရအဖွဲ့၏ တာဝန်ခံအကြီးအကဲဖြစ်သည်။ ဦးစောသည် လန်ဒန်သွားပြီး ဝင်စတန်ချာချီထံ လွတ်လပ်ရေးပေးရန် တောင်းဆိုသည်။ မရသောအခါ အပြန်ခရီးတွင် ဂျပန်စစ်သူလျှိုများနှင့် လျှို့ဝှက်အဆက်အသွယ်လုပ်နေစဉ် ဗြိတိသျှစစ်ထောက်လှမ်းရေးက ဖမ်းမိပြီး အာဖရိကတိုက်ရှိ ကင်ညာနိုင်ငံသို့ပို့ကာ ထောင်ချထားလိုက်သည်။

ထို့ကြောင့် ဒုတိယဝန်ကြီးသည် အရေးအကြီးဆုံးအချိန်တွင် တာဝန်ယူပြီး ရင်ဆိုင်ဖြေရှင်းနေရသည်။ ဒုဝန်ကြီးက ရှင်းပြသည်။

*"ဒီဇင်ဘာ ၈ ရက်နေ့ကတည်းက ကိုတာဘာရူးမှာ ကမ်းတက်တိုက်ခိုက်နေတဲ့ ဂျပန်တပ်တွေက တိုက်ပွဲတိုင်း အောင်မြင်မှုရနေတယ်၊ မလေးရှားအနောက်ဘက်ကမ်းခြေရောက်တဲ့အထိ မရပ်မနား တရစပ်ထိုးစစ် ဆင်နေတယ်။ ဗြိတိသျှတပ်တွေ၊ ဩစတြေးလျတပ်တွေ ခုခံပိတ်ဆို့ထားနိုင်စွမ်းမရှိကြဘူး။ မကြာမီက ဝိတိုရိယအငူ (Victoria Point) မှာ အရိပ်အခြေအကဲ ခပ်နေကြပြီလို့လည်း သိထားတယ်။"*

ဒုဝန်ကြီးက ဆက်ပြောသည်။ "ခုဆို ဂျပန်တွေ ပီနန်ရောက်နေပြီ"။

ဒုဝန်ကြီးက ထိတ်လန့်ကြောက်ရွံ့စွာဖြင့် စိတ်ပျက်လက်ပျက် ငြီးငြူနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗမာပြည်တာဝန်ခံ ဗိုလ်ချုပ်ကြီးတေလာသည် အကောင်းအဆိုး ဘာတစ်ခွန်းမျှ ပြန်မပြောပေ၊ ငုတ်တုတ်ကြီးထိုင်ပြီး စိတ်ပျက်လက်ပျက် တွေးနေတော့သည်။ ဂျပန်တွေ၊ အရမ်းတော်နေလို့လား? ဒါမှမဟုတ် ငိုင်းပြီး ခုခံပိတ်ဆို့နေတဲ့ ဗြိတိသျှ၊ အိန္ဒိယနဲ့ ဩစတြေးလျတပ်တွေ ညံ့ဖျင်းလွန်းတာလား?

သူတို့ညံ့နေသည်က အရေးမကြီး၊ ဗမာပြည်ကာကွယ်ရေးတပ်မှာ စစ်သည် အင်အား လုံလောက်မှု မရှိ။ ဂျပန်တွေကို ခုခံတိုက်ခိုက်ဖို့ဆိုတာ လုံးဝ မဖြစ်နိုင်တော့။ စစ်ပြင်ဆင်ဖို့အတွက် အချိန်လည်း လုံလုံလောက်လောက် မရတော့။ ရန်သူက ကပ်နေလေပြီ။

ထို့နောက် တာဝန်ခံဒုဝန်ကြီးသည် လျှို့ဝှက်ကြေးနန်းစာကို ဖတ်ပြနေသည်။ နစ်ခုံမှုအကြားတွင် ရှိသော ဗိုလ်ချုပ်ကြီးတေလာသည် စိတ်ဓာတ်ကျလွန်းသောကြောင့် မကြားတချက်ကြားတချက် ဖြစ်နေသည်။

ဒီလျှို့ဝှက်ကြေးနန်းစာလည်း ဘာမှအသုံးမဝင်တော့ဘူး။ ကြိုတင်ပြင်ဆင်ဖို့ အချိန်မရတော့ဘူး။

MOST SECRET
Cipher Telegram
Navel Cipher (XF)
Date (22 .12 .41)
From U . S Consul Chumgking TO B . A . D Washington 176
Subject Treat to Burma. C . C Governor of Burma Summary of J . I . C.

JAPANESE OBJECTS IN ATTACKING BURMa

To cut military supplies to China by Cutting the Burma Road. to establish bases in the Indian Ocean, for a future attack on India. The capture of Burma will have dire consequences for China.

IT will deprive China of all supplies, deprive Chaina of contact wiht the outside world especially America, and disrupt American Supplies to China. It would deprive America of part of Burma's ming output, especially tungsten from Mergui and other metals from the Mawchi Mines.

Threat to India it would deprive India of a third of its oil supplies through the lass of the oil fields at yenangyaung and Chauk in central Burma. Capture of the oil fields of Burma will restore to the





Japanese some oil supplies lost from Sumatra. Possible avenues of attack :

1. From north Siam, through Kengtung in the eastern Shan States, to Meiktila on the Irrawaddy river in the center of Burma, and cut lower Burma form northern Burma.
2. From the Raheng/ Tak province of Siam, across to Kawkareik in Burma, threatening Moulmein. First attack may come from Pattani in Siam, next to seize Victoria Point. Timing of the ataack is uncertain likely before Christmas but will be part of the plan on Malaya and Singapore.

ဗိုလ်ချုပ်သည် လျှို့ဝှက်စာကို သေချာစွာဖတ်ပြီးနောက် တာဝန်ခံဝန်ကြီးချုပ်နှင့် နှစ်ဦးသဘောတူ အသေးစိတ်တိုင်ပင်ကြပြီးနောက် တာဝန်ခံဝန်ကြီးချုပ်သည် အကျိုးသင့် အကြောင်းသင့် ဝှက်စာဖြင့် လန်ဒန်သို့ လျှို့ဝှက်သင်္ကေတဖြင့် ပို့လိုက်သည်။

MOST SECRET,
Date 22 .12 .1941

From the Prime Minister, London, I have hither to not trowbled you. But I want to tell you how much I and my Colleagues have admired your firm and robust attitude, under conditions of increasing difficulty in Burma. If Singpore falls, This will assuredly put more prssure on Burma. The defense of Moulmein and Rangoon is of utmost importance.

The Australion Prime Minister has refused to divert to Burma the Australian Division that was returning from the Middle East. You must depend or the India Division and the Tank Brigade that will arrive in February.

C . C
C . I . G . S
Foreign office
Colonial Secretary
V . C . N . S

ဝန်ကြီးချုပ်သည် ဗိုလ်ချုပ်ဖက်လှည့်ပြီး "ဗိုလ်ချုပ်တေလာ နယ်စပ်အခြေအနေကို ကြိုးစားပြီး သတင်းထောက်လှမ်းပေးပါ။ ဂျပန်တွေ ချီတက်လာတာ သိပ်မြန်နေရင် ပြင်ဆင်ဖို့အချိန် သိပ်နည်းသွားမယ်"

ဗိုလ်ချုပ်သည် စိတ်ပျက်ဟန်ဖြင့် "ထိုင်း–ဗမာနယ်စပ်က သိပ်ပြီးရှည်လျားတယ်။ ထောက်လှမ်းရေးသတင်းအရဆိုရင် သခင်လူငယ်တွေဟာ ဂျပန်မှာစစ်ပညာသင်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဗိုလ်တွေအဖြစ်နဲ့ ရောက်လာပြီး ကျုပ်တို့ကို တိုက်ဖို့ လူစုနေတာတော့ ကြားနေရပါတယ်။ မြို့တွင်းမှာလည်း တစ်နေ့တစ်မျိုး ကောလဟာလသတင်းစကားတွေ ထွက်နေပါတယ်။

ဂျပန်စစ်တပ်နဲ့အတူ မြန်မာစစ်သားတွေလည်း လိုက်လာကြတယ်။ ဂျပန်တွေက အင်္ဂလိပ်တွေကို သတ်မယ်၊ ဗမာစစ်သားတွေက အိန္ဒိယသားတွေကို သတ်ကြမယ်လို့ ကောလဟာလမျိုးစုံ ထွက်နေတယ်။

အဆိုးဆုံးကတော့ ကုလား–ဗမာအဓိကရုဏ်း စတင်ခဲ့တဲ့ ရန်ကုန်ဆိပ်ကမ်း ကုန်တင်ကုန်ချအလုပ်သမားတွေအားလုံး အိန္ဒိယပြန်ပြေးကုန်ကြပြီ၊ အခုအရေးကြီးပစ္စည်းတွေ အတင်အချလုပ်ဖို့အတွက် အကြီးအကျယ်အခက်ကြုံနေတယ်။ဂျပန်မရောက်ခင်ကတည်းက ရန်ကုန်မြို့ကြီးပျက်နေပြီ”ဟု စိတ်ပျက်လက်ပျက် ငြီးငြူလေသည်။

“ရန်ကုန်ဆိပ်ကမ်းမှာ အရေးကြီးတာက အိန္ဒိယလုပ်သားတွေဘဲ၊ အရေးကြီးတဲ့ စစ်သုံးပစ္စည်းတွေ လက်နက်ခဲယမ်းတွေ အတင်အချလုပ်တဲ့နေရာမှာ ဗမာအလုပ်သမားတွေက ကျွမ်းကျင်မှု လုံးဝ မရှိဘူး။ ကိုယ်ကျင့်တရားနဲ့ပတ်သက်ပြီး စိတ်မချရဘူး။ ဒီပုံဆိုရင်တော့ ဗမာပြည်လမ်းမကြီးကို ပိတ်ပစ်ရဖို့ သေချာသွားပြီ”ဟု ငြီးတွားပြီး ဗိုလ်ချုပ်တေလာ ထိုင်ခုံမှ ထသွားသည်။ ပြီးနောက် ဆွေးနွေးခန်းမကြီးထဲရှိ မြေပုံကြီးရှေ့သို့ သွားရပ်လိုက်သည်။ ဗိုလ်ချုပ်သည် ယိုးဒယား–မြန်မာနယ်စပ်ကို ထောက်ပြပြီး “ယုံကြည်စိတ်ချ အားကိုးရတဲ့ ကရင်သတင်းပေးတွေရဲ့ ပြောစကားအရ ထိုင်းနိုင်ငံတာ့(ခ်)ခရိုင်ထဲမှာရှိတဲ့ ရဟိုင်းမှာ ဂျပန်တပ်တွေ အင်အားကြီးမားစွာ ရောက်ရှိနေကြပြီလို့ သိရပါတယ်”။

“ဂျပန်တပ်တွေရဲ့ လှုပ်ရှားမှုကို ကရင်တပ်တွေက အသင့်အနေအထားနဲ့ စောင့်ကြည့်နေပါတယ်။ ကော့ကရိတ်နဲ့ မြဝတီကို ဂျပန်တွေ ဝင်သိမ်းဖို့ ပြင်ဆင်နေတယ်လို့ သိထားတယ်”။ ဗိုလ်ချုပ်သည် စိတ်ပျက်စွာဖြင့် ပြောလိုက်သည်

“အခုအချိန်မှာ အရှုံးပါးဆုံးအရာဟာ တခြားမဟုတ်ဘူး၊ ဗမာမိတ်ဆွေပါဘဲ၊ အရင်က စိတ်ချခဲ့ရတဲ့ ဗမာတွေလည်း ခုချိန်မှာ စိတ်မချရတော့ဘူး”ဟု ငြီးလေသည်။

ထိုနေ့က စစ်ဆင်ရေး၊ တန်ပြန်ခုခံတိုက်ခိုက်ရေးအတွက် ဖြစ်နိုင်သမျှ ပြင်ဆင်နေခဲ့ကြသည်။ ဩစတြေးလျစစ်တပ်မှ အကူအညီရနိုင်မည်ဟု မျှော်လင့်ခဲ့သည်။ ထိုအချိန်တွင် ကြေးနန်းရောက်လာသည် “ဗမာပြည်စစ်မြေပြင်ကို အကူအညီပေးရန် စေလွှတ်ထားသော ဩစတြေးလျစစ်တပ် တင်ဆောင်လာသော စစ်သင်္ဘောကို





ဩစတြေးလျသို့ ပြန်လှည့်လာရန် ဩစတြေးလျဝန်ကြီးချုပ်က ပြန်ခေါ်လိုက်ပြီဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဩစတြေးလျတွင်လည်း ဖက်ဆစ်ဂျပန်၏ အန္တရာယ်ကျရောက်လာသောကြောင့် ဖြစ်သည်။ ဩစတြေးလျစစ်သင်္ဘောသည် အိန္ဒိယသမုဒ္ဒရာမှ ပြန်လှည့်သွားပြီဖြစ်သည်။

အိန္ဒိယမှ အကူအညီတောင်းထားသော တပ်မကြီးတစ်ခုနှင့် တင့်ကားတပ်မကြီးတစ်ခုတို့သည် စတင်ပြင်ဆင်နေပြီဖြစ်သောကြောင့် ဖေဖော်ဝါရီလဆန်းပိုင်းလောက်ရောက်လာမည်ဟု မျှော်လင့်ရသည်။

သို့သော် ဝိတိုရိယအငူ (ကော့သောင်း) နှင့် ထားဝယ်ကို ဂျပန်တပ်များဝင်သိမ်းနေပြီဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မဟာမိတ်လေတပ်မှ အကူအညီမပေးနိုင်ရန်ဖြစ်သည်။

## ထိုင်းနိုင်ငံအတွင်းရှိ စရစ်စမတ်နေ့ အခြေအနေ

ထိုင်းနိုင်ငံသည် သံတမန်ရေးရာကျွမ်းကျင်သည်ဟု ဆိုရပေမည်။ ဖက်ဆစ်ဂျပန်တို့ ဝင်လာသည်နှင့် ခုခံတိုက်ခိုက်ခြင်း၊ ဆန့်ကျင်ခြင်း လုံးဝမပြုဘဲ မဟာမိတ်ဖွဲ့လေသည်။ ဂျပန်တို့၏ နယ်ချဲ့စစ်ပွဲအတွက် ထိုင်းနယ်မြေကို စိတ်ရှိ သဘောရှိ အသုံးပြုခွင့်ပေးလေသည်။

ဘန်ကောက်မြို့မြောက်ဖက်ပိုင်းရှိ အမှတ် (၅) ဂျပန်လေတပ်ဌာနချုပ်သို့ လျှို့ဝှက်သတင်းဝင်လာသည်။

အဓိကအချက်မှာ ရန်ကုန်မြို့ရှိ လျှပ်စစ်ဓါတ်အားပေးစက်ရုံအားလုံးကို ဖျက်ဆီးရန် ရန်ကုန်ဆိပ်ကမ်းကို ဖျက်ဆီးရန် ရန်ကုန်သင်္ဘောကျင်းကို လုံးဝ ပျက်စီးသွားသည်အထိ ဖျက်ဆီးပစ်ရန် တရုတ်စစ်တပ်အတွက် အမေရိကန်နိုင်ငံမှ ထောက်ပံ့နေသော စစ်လက်နက်မျိုးစုံ၊ ခဲယမ်းမီးကျောက် သိုလှောင်သော ဂိုဒေါင်အားလုံးကို ဗုံးကြဲဖျက်ဆီးပစ်ရန် စီစဉ်သည်။

ဒုတိယအဆင့်တွင် ဗမာပြည်လမ်းမကြီးတစ်လျှောက် အချက်အချာကျသော နေရာအားလုံးကို ဖျက်ဆီးရန်။

တတိယအဆင့်တွင် လူနေထူထပ်သော ရပ်ကွက်များအတွင်း စစ်သေနတ်ဖြင့် ပစ်ခတ်ပြီး ဗမာပြည်လူထုကို ကြောက်စိတ်ဝင်အောင် ဖန်တီးရန်၊

နောက်ဆုံး အရေးအကြီးဆုံးမှာ ဗြိတိသျှလေယာဉ်များ (RAF planes)နှင့်



www.burmeseclassic.com

www.burmeseclassic.com



အမေရိကန်လေယာဉ်များ(AVG planes)အားလုံးကို ရှာဖွေဖျက်ဆီးပစ်ရန် လေယာဉ်ပစ်အမြောက်များအားလုံးကို ရှာဖွေဖျက်ဆီးရန် ဖြစ်သည်။

အချက်လေးချက်တွင် တတိယအချက်သည် ဖက်ဆစ်ဂျပန်တို့၏ ယုတ်မာရက်စက်မှုများကို ထင်ရှားစွာ ဖော်ပြနေသည်။

အမှန်စင်စစ် ဖက်ဆစ်ဂျပန်တပ်များ ရောက်လာခြင်းသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်သွားခေါ်သောကြောင့် ရောက်လာခြင်း မဟုတ်ပေ။ အမှတ် ၁၅ ဂျပန်တပ်မဟာသည် မူလကတည်းက ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော် သုံးကျိပ်ကို အသိအမှတ် မပြုပေ။ ထို့ကြောင့် ဗမာပြည်ကို သိမ်းပိုက်ရန်အတွက် ဂျပန်စစ်တပ်ကြီး ချီတက်ရာတွင် အတူတကွ လက်တွဲခေါ်ဆောင်ခြင်း၊ တိုင်ပင်ခြင်း မပြုခဲ့ပေ။ (BNA) ဖွဲ့သော အချိန်ရောက်မှသာ အသိအမှတ်ပြုခဲ့သည်။ သို့သော် (BNA) သည် ဂျပန်ကင်ပေတိုင်ကို ကြောက်နေရသည်။

ဂျပန်တို့၏ စစ်ဆင်ရေးများတွင်လည်း ဗမာ့ကာကွယ်ရေးတပ်မတော်ကို အသိအမှတ်ပြုပြီး တိုင်ပင်ဆွေးနွေး၊ လက်တွဲခြင်း မပြုပေ။ ဗမာ့တပ်မတော်ကို လက်နက်ကြီးများ ကိုင်ဆောင်ခွင့် မပေးခဲ့ပေ။ သူတို့ထားရာနေ၊ စေရာသွား၊ ခိုင်းတာလုပ်ဆိုတဲ့ ပုံစံထားခဲ့သည်။ ဗမာပြည်၊ ဗမာလူမျိုးနှင့် ဗမာ့တပ်မတော်အပေါ် စိတ်သဘောထားအကောင်းဆုံးထားခဲ့သူသည် ဗိုလ်မိုးကြိုးဟု ဗမာ့တပ်မတော်သားများက ချစ်စနိုးဖြင့် ခေါ်ကြသော ကာနယ်ဆူဇူကီးသာဖြစ်သည်။

ထို့ကြောင့် ဂျပန်စစ်တပ်သည် မြန်မာ့မြေပေါ် ခြေမချမီကတည်းက အပြစ်မဲ့ပြည်သူလူထုကို စက်သေနတ်ဖြင့် ရက်ရက်စက်စက် ပစ်သတ်ပြီး ဂျပန်တွေ ဝင်လာတဲ့အခါ ချစ်ကြောက်ရိုသေကြဖို့ ရက်စက်စွာ သင်ခန်းစာပေးခဲ့ကြသည်။

ဗြိတိသျှစစ်တပ်အရာရှိကြီးများ အတော်လေးစိတ်ပျက်နေကြသည်။ ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ဗြိတိသျှတို့၏ အရှေ့ဖျားဒေသကို အကာအကွယ်ပေးသော ဗြိတိသျှစစ်သင်္ဘောကြီးနှစ်စီးဖြစ်သော ဝေလမင်းသား (Prince of Wales) နှင့် ရီပါ့(စ်) (Repulse) စစ်သင်္ဘောကြီးနှစ်စင်းကို ဂျပန်တို့၏ ကာမီကာဇေအသေခံတပ်များသည် ဗုံးကြဲတိုက်လေယာဉ်ငယ်လေးများကို ဗုံးတွဲများစွာ ချိတ်ပြီး စစ်သင်္ဘောကြီးများ၏ မီးခိုးခေါင်းတိုင်များအတွင်းသို့ ထိုးစိုက်ဝင်ရောက်ပြီး ဖောက်ခွဲဖျက်ဆီးလိုက်သောကြောင့် နစ်မြုပ်ပျက်ဆီးသွားလေတော့သည်။

ထိုစစ်သင်္ဘောကြီးများသည် သမရိုးကျ စစ်သင်္ဘောအချင်းချင်း တိုက်ခိုက်ကြသော တိုက်ပွဲများကို ရင်ဆိုင်ရန်အတွက် တည်ဆောက်ထားသောကြောင့် ဗြိတိသျှတို့





လွန်စွာအားကိုးအားထားပြုရသော စစ်သင်္ဘောကြီးများ ဖြစ်ကြသည်။

ထိုစစ်သင်္ဘောကြီးများ၏ ကိုယ်ထည်သံပြားသည် အလွန်ထူသည်၊ တော်ရုံတန်ရုံ အမြောက်ကြီးများ၏ဒဏ်ကို ကောင်းစွာ ခံနိုင်သည်။ ထိုသင်္ဘောကြီးနှစ်စီး၏ သင်္ဘောဝမ်းပေါက်ထွက်သည်အထိ ပစ်ခတ်ရန်အတွက် လွန်စွာကြီးမားသော အမြောက်ကြီးကြီး တပ်ဆင်ပြီး ယှဉ်ပြိုင်ပစ်ခတ်တိုက်ခိုက်ရမည်။ ဤမျှကြီးမားသော စစ်သင်္ဘောကြီးများ ဂျပန်နိုင်ငံ၌ မရှိပေ။ ထို့ကြောင့် ဗြိတိသျှတို့သည် အရှေ့တောင်အာရှဒေသရှိ ကိုလိုနီနိုင်ငံများကို ဖက်ဆစ်ဂျပန်၏ ခြိမ်းခြောက်မှုအန္တရာယ်ရှိသော်လည်း ဆိုင်ဂုံ (Saigon) မှ ဖြတ်ပြီး ကုန်လမ်းမှ ဝင်ရောက်တိုက်ခိုက်ပါက အလွန်ရှည်လျားသော လမ်းကြောင်းများမှ ချီတက်တိုက်ခိုက်ရမည်ဖြစ်ရာ မဟာမိတ်လေတပ်မှ ဆီးကြိုတိုက်ခိုက်ချေမှုန်းရန် အလွန်လွယ်ကူသော အနေအထားဖြစ်သည်။

စစ်သင်္ဘောကြီးနှစ်စီး ရေထဲ နစ်မြုပ်သွားသည်နှင့် မလက္ကာရေလမ်းကြောင်း ပွင့်သွားပြီဖြစ်လေရာ ဂျပန်စစ်သင်္ဘောများသည် အရှေ့တောင်အာရှနိုင်ငံများသို့ အလုံးအရင်း ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်နိုင်သော အခြေအနေရောက်နေပြီဖြစ်သည်။

ဂျပန်စစ်တပ်များမရောက်မီ ခေတ်မီဂျပန်လေယာဉ်များ ရောက်လာတော့မည်။ ဗြိတိသျှတို့၏ နှေးကွေးစွာ လှုပ်ရှားသော ကျွဲလေယာဉ်များ (Brewster Buffalos) နှင့် အသက်ကြီးသော ဟာရီကိန်းလေယာဉ်အိုများ (aging Hurricanes) ဖြင့် ယှဉ်ပြိုင်တိုက်ရန် လုံးဝ မဖြစ်နိုင်ပေ။

အမေရိကန် အပျော်တမ်းတပ် (The American Volunteer Group, AVG) မှ တိုမဟောက် တိုက်လေယာဉ်များ(Toma hawk Fighters)သည်သာလျှင် ဂျပန်လေယာဉ်များကို ယှဉ်ပြိုင်တိုက်ခိုက်နိုင်စွမ်း ရှိမည်ဖြစ်သည်။

သို့သော် မတတ်နိုင်ပေ။ ရန်ကုန်မြို့ ကာကွယ်ရေးအတွက် မင်္ဂလာဒုံလေယာဉ်ကွင်းတွင် ဟောင်းနွမ်းနေသော သက်တမ်းလွန် ဟာရီကိန်းတိုက်လေယာဉ်များကို အသင့်အနေအထား ရှိစေသည်။

သို့သော် ဗြိတိသျှလေတပ်တာဝန်ခံအရာရှိကြီး ကပ္ပတိန်ဖီးလစ်(Captain Philips) သည် အလွန်ခေတ်မှီပြီး တိုက်ခိုက်မှုစွမ်းရည် အလွန်ထက်သော ဂျပန်တို့၏ ဇီးရိုးတိုက်လေယာဉ်များ (Zero Fighters) ကို ယှဉ်ပြိုင်တိုက်ရန် စိုးရိမ်နေမိသည်။ လေကြောင်းတိုက်ပွဲအတွက် အမေရိကန်လေတပ်ဦးစီးအရာရှိနှင့် တိုင်ပင်လိုက်သည်။ ဂျပန်တို့၏ ဇီးရိုးတိုက်လေယာဉ်များသည် ဗုံးကြဲလေယာဉ်ကြီးများကို စောင့်ရှောက်ပြီး ရန်ကုန်မြို့ကို အပြင်းအထန် ဗုံးကြဲဖျက်ဆီးရန် မိုက်မိုက်ကန်းကန်း ဦးတည်လာနေကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့ကြောင့် ဇီးရိုးတိုက်လေယာဉ်များကို လေထဲမှ ယှဉ်ပြိုင်တိုက်ခိုက်နိုင်စွမ်းရှိသော အမေရိကန် ပီလေးဆယ်တိုက်လေယာဉ်များ (American P - 40 fighters) က ဝင်ရောက်တိုက်ခိုက်မည်။ ထိုအချိန်တွင် ဗြိတိသျှကျွဲလေယာဉ်ကြီးများသည် အမြင့်ပိုင်း၌ ဝဲပျံပြီး လေကြောင်းတိုက်ပွဲအခြေအနေကို လေ့လာမည်။ အကူအညီပေးနိုင်သမျှ ပေးနေရင်း ဂျပန်ဗုံးကြဲလေယာဉ်ကြီးများကို ဖျက်ဆီးပစ်ရန် ရည်ရွယ်ခဲ့ကြသည်။

၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်နေ့ ခရစ်စမတ်နေ့ နံနက် ၈ နာရီခွဲတွင် ကော့သောင်းဝိတိုရိယအငူမှာ ဗြိတိသျှနယ်ခြားစောင့်မှ တယ်လီဖုန်းဆက်ပြီး အကြောင်းကြားသည်။ ဗမာပြည်ကို ဗုံးကြဲဖျက်ဆီးရန် (Sally type) အကြီးစားဗုံးကြဲလေယာဉ်ကြီးများ စုစုပေါင်းခြောက်ဆယ်ကျော်ကျော်ပါသော ဗုံးကြဲလေယာဉ်အုပ်စုကြီး ဝင်ရောက်နေပြီဖြစ်သည်။ ဗုံးကြဲလေယာဉ်ကြီးများကို အကာအကွယ်ပေးရန် လိုက်ပါလာသော ဇီးရိုးတိုက်လေယာဉ်အရေအတွက်မှာ အလွန်များသောကြောင့် အတိအကျပြောဖို့ ခက်ပါသည်။ လိုအပ်သည်များ အသင့်ပြင်ပါဟု အကြောင်းကြားသောကြောင့် ကပ္ပတိန်ဖီးလစ်သည် ဂျပန်ဗုံးကြဲလေယာဉ်ကြီးများကို တန်ပြန်တိုက်ခိုက်ရန် အသင့်ပြင်ထားပေသည်။

ထိုအချိန်က ရန်ကုန်မြို့တွင် အများစုသည် အိန္ဒိယသားနှင့် ကပြားများဖြစ်ကြသည်။ ဒုတိယအများစုသည် အင်္ဂလိပ်ကပြားများ၊ ဥရောပကပြားများ၊ တရုတ်များ၊ ကရင်များနှင့် ဗမာများဖြစ်ကြသည်။

ဆင်းရဲသားဗမာများသည် ဒလ၊ ဒေါပုံ၊ တွံတေး၊ ကွမ်းခြံကုန်း၊ လှည်းကူးစသော ကျေးရွာများ၌ နေထိုင်ကြသည်။ မြို့လယ်တွင် ဗမာအရေအတွက် နည်းပါးလွန်းသည့် ပုဇွန်တောင်ဖက်၊ ကြည့်မြင်တိုင်ဖက်တွင် အများစုနေထိုင်ကြသည်။ ခရစ်စမတ်နေ့အတွက် ခရစ်ယာန်များသည် ပျော်ပွဲရွှင်ပွဲဆင်နွှဲရန် ချက်ပြုတ်နေကြသည်။

ခရစ်စမတ် ညစာစားပွဲအတွက် ပြင်ဆင်နေကြသည်။

ခရစ်ယန်ဘုရားကျောင်းတော်များတွင် စည်ကားနေသည်။

သို့သော် သခင်အောင်ဆန်း ဦးဆောင်သော ရဲဘော်သုံးကျိပ်သည် ဖက်ဆစ်ဂျပန်တပ်နှင့်အတူ ဗမာပြည်ကို သိမ်းပိုက်ရန် ရောက်လာကြပြီဖြစ်သည်။

ယခုအချိန်တွင် တောမီးလောင်သည်နှင့် တောကြောင်များ တက်လာကြမည်ကို သိကြပါသည်။ သို့သော် ပုလိပ်အဖွဲ့လည်း ဘာမျှ မတတ်နိုင်တော့ပေ။ ရန်ကုန်မြို့သူမြို့သားများ၏ ကံကြမ္မာကို မည်သူမျှကယ်တင်နိုင်တော့မည် မဟုတ်။

ရန်ကုန်မြို့၏ ကံကြမ္မာဆိုးကို ကြိုတင်သိထားပြီး ကယ်တင်ရန် တာဝန်ယူထားသော လေတပ်ဦးစီးအရာရှိ ကပ္ပတိန်ဖီးလစ်သည် ခရစ်စမတ်နေ့တွင် အပျော်ကြီး





ပျော်ကြမည့် မြို့သူမြို့သားများ၏ ကံကြမ္မာဆိုးကို တွေးပြီး အတော်လေးစိတ်မကောင်းဖြစ်နေရှာသည်။ မြို့သူမြို့သားအများစုသည် မကြာမီကျရောက်လာတော့မည့် ကံကြမ္မာဆိုးကို မသိကြပေ။ ကံကြမ္မာဆိုးကို ကြိုတင်သိထားသော သူတို့သည် မီးရထားများ၊ သင်္ဘောများဖြင့် ဝေးရာသို့ ပြေးနေကြပြီဖြစ်သည်။

ဗမာအများစုသည် ရှေ့ပြေးရောက်လာသော ရဲဘော်သုံးကျိပ်ဝင်တို့၏ သတင်းပေးမှုကြောင့် မကြာမီ ဂျပန်တပ်များ ရန်ကုန်ကို ဝင်သိမ်းမည့်အကြောင်း သိထားရပြီဖြစ်သည်။ သို့သော် ဂျပန်စစ်တပ်သည် မိတ်ဆွေဖြစ်သောကြောင့် မိမိတို့ကို အန္တရာယ်ပေးမည်မဟုတ်ဟု ထင်မြင်ယူဆနေကြသည်။

ပထမအသုတ်ဖြစ်သော ဂျပန်ဗုံးကြဲလေယာဉ် အစီးသုံးဆယ်သည် ဇီးရိုးဖိုက်တာများ ခြံရံလျှက် ရန်ကုန်ဆိပ်ကမ်းကို ဗုံးကြဲဖျက်ဆီးရန် ရောက်လာကြသည်။ ကြိုတင်စီစဉ်ထားသည့်အတိုင်း ဗြိတိသျှလေတပ်မှ ကျွဲလေယာဉ်များသည် အမြင့်ပိုင်းမှ ပျံသန်းပြီး အမေရိကန်တိုက်လေယာဉ်များသည် ရဲဝံ့စွာဖြင့် ဂျပန်တိုက်လေယာဉ်နှင့် ဗုံးကြဲလေယာဉ်အုပ်စုထဲသို့ ထိုးဖောက်ဝင်ရောက်ပြီး အပြင်းအထန် တိုက်ကြလေသည်။

ရန်ကုန်လူထုသည် မိမိတို့၏ ဘဝတစ်သက်တာတွင် ပထမဆုံးအကြိမ်တွေ့ဖူးခြင်းဖြစ်သော လေကြောင်းတိုက်ပွဲကို မကြောက်မလန့် ဝိုင်းအုံကြည့်ရှုနေကြသည်။ ဗြိတိသျှများ၊ ဥရောပသားများ၊ ဥရောပနှင့် ဗြိတိသျှကပြားများ၊ အိန္ဒိယများနှင့် ကပြားများက ဗြိတိသျှလေတပ်နှင့် အမေရိကန်လေတပ်ကို အားပေးနေကြသည်။ ဗမာများအားလုံးကမူ ဂျပန်လေယာဉ်များ ရန်ကုန်မြို့ကို ဗုံးကြဲရန် ရောက်လာပြီဟု ဆိုသည်နှင့် ဗမာ့လွတ်လပ်ရေးရတော့မည်ဟု အားတက်သရော အော်ဟစ်အားပေးကြလေတော့သည်။

တိုက်ပွဲသည် ရက်ရက်စက်စက် ပြင်းထန်လွန်းသည်။ ကောင်းကင်တွင် မီးခိုးလုံးကြီးများ အူထနေသည်။ အနီရောင်အလင်းတန်းတွေ လိမ္မော်ရောင်မီးတောက်ကြီးတွေ ကြောက်မက်ဖွယ်ရာ ပေါက်ကွဲပေါ်ထွက်လာသည်။ ကမ်းနားလမ်း၏ အခြေအနေသည် အဝီစိပွက်သလို၊ ဆူညံပွက်လောရိုက် နေသည်။

မကြာမီ ဂျပန်ဗုံးကြဲလေယာဉ်ကြီးတစ်စီးသည် ရန်ကုန်မြစ်ထဲ မီးလောင်ပြီး ထိုးကျသွားသည်။ ဂျပန်လေယာဉ်များကို အော်ဟစ်အားပေးနေသော ဗမာပရိတ်သတ်သည် အားမလို အားမရအောင်ဟစ်ငြီးတွားနေကြသည်။

မကြာမီ အမေရိကန်တိုက်လေယာဉ်တစ်စီး လေထဲ၌ ပေါက်ကွဲသွားပြီး ရန်ကုန်မြစ်ထဲ မီးလောင်ပြီးကျသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ပရိတ်သတ်သည် အခြေအနေမှန်ကို သဘောမပေါက်သေးသောကြောင့် ကယ်တင်သူကို ရန်သူထင်ပြီး အော်ဟစ်အားပေးနေကြသည်။ မကြာပါ၊ ဂျပန်ဗုံးကြဲလေယာဉ် နောက်ထပ်တစ်စီး မီးလောင်ပြီး၊ ရန်ကုန်မြစ်ထဲ ထိုးကျသွားပြန်သည်။ အင်အားချင်းမမျှသောကြောင့် အမေရိကန်လေယာဉ်များနှင့် ဗြိတိသျှလေယာဉ်များ နောက်ပြန်ဆုတ်သွားသည်။

ထိုအခါ ဂျပန်ဗုံးကျဲလေယာဉ်များသည် မူလကြိုတင်သတ်မှတ်ထားသော ပစ်မှတ်အသီးသီးကို ရက်ရက်စက်စက် ဗုံးကြဲပြီး ပြန်လည်ထွက်ခွာသွားကြသည်။ ရန်ကုန်မြို့ကို လျှပ်စစ်ဓာတ်အားပေးနေသော မီးစက်ကြီးကိုလည်း ဖျက်ဆီးနိုင်ခဲ့ပြီ။ ရန်ကုန်ဆိပ်ကမ်းကိုလည်း စိစိညက်ညက်ကျေအောင် ဖျက်ဆီးနိုင်ခဲ့ပြီ ဖြစ်သည်။

ရန်ကုန်မြို့သူမြို့သားများသည် ရန်ကုန်မြို့ကို အသစ်ပြန်တည်ခဲ့သော ၁၈၆၀ မှ ၁၉၄၁ အထိ နှစ်ပေါင်းရှစ်ဆယ်အတွင်း ဤမျှ ဆိုးဝါးရက်စက်သော စစ်ပွဲကြီးကို တစ်ကြိမ်တစ်ခါမျှ ကြုံဖူးခြင်းမရှိသေးသောကြောင့် လွတ်လပ်ရေးအတွက် စစ်ကို မျှော်လင့်ချက်တမ်းတနေခဲ့ကြသည်။

လူသတ်စစ်ပွဲကြီးကို ကြုံတွေ့လိုက်ရတော့ အလွန်ထိတ်လန့်ကြောက်ရွံ့သွားကြလေသည်။ ဗုံးကြီးတွေ ကြဲချလိုက်ရင် မီးခိုးလုံးကြီးတွေက အိမ်ကြီးတစ်လုံးခန့် ပေါ်ထွက်လာပါတယ်။ ဗုံးပေါက်ကွဲမှု၏ အရှိန်သည် ကမ္ဘာပျက်ချိန်လျှင်ကြီးတွေ လှုပ်သလို ထွက်ပေါ်လာသည့် အသံကြီးတွေက ကြောက်မက်ဖွယ်ရာကောင်းသလို အဖျက်စွမ်းအားကလည်း ကြောက်ခမန်းလိလိဖြစ်သည်။

ကမ်းနားလမ်း၊ စထရင်းလမ်းတစ်လျှောက် လူသေအလောင်းကောင်တွေ မြင်မကောင်းရှုမကောင်းအောင် ပြန့်ကျဲနေသည်။ ဗုံးကြဲလေယာဉ်ကြီးတွေ ဗုံးလာကြဲတဲ့အခါ ဗုံးခိုကျင်းကြီးတွေထဲမှ ပုန်းနေရင်တောင်မှ အန္တရာယ်ကင်းဖို့ သိပ်မသေချာလှပါ။ ယခုတော့ ဘုမသိ၊ ဘမသိနဲ့ လေကြောင်းတိုက်ပွဲကို ကြည့်ပြီး လက်ခုပ်၊ လက်ဝါးတီး၍ သူလေယာဉ်ထိသွားပြီ၊ ငါတို့လေယာဉ်တွေ ထိသွားပြီဟု အကြောက်အလန့်မရှိ ဝိုင်းအုံကြည့်ရှုအားပေးကြသူများနှင့် ဆိပ်ကမ်းကုန်တင်ကုန်ချ အလုပ်သမားကို ဂျပန်ဗုံးကြဲလေယာဉ်ကြီးများက ဗုံးကြဲပြီး ရက်စက်စွာ သတ်ဖြတ်ခဲ့သည်။

ဗုံးဒဏ်မှ လွတ်မြောက်သူများကို ဂျပန်တိုက်လေယာဉ်များက ရက်ရက်စက်စက် လိုက်လံပစ်ခတ်တိုက်ခိုက်ခဲ့ကြသည်။ ဆိပ်ကမ်းကုန်တင်ကုန်ချ၊ ကရိန်းကြီးများ၊ စက်ယန္တယားများအားလုံး ပျက်ဆီးသွားသည်။ တရုတ်ပြည်ပို့မည့် လက်နက်ခဲယမ်းမီးကျောက် ဂိုဒေါင်များ မီးလောင်ပေါက်ကွဲနေသောကြောင့် ထွက်ပေါ်လာသော မီးတောက်





မီးလျှံများသည် ကြောက်မက်ဖွယ်ရာကောင်းလှသည်။ ထိုအချိန်က ရန်ကုန်မီးသတ်အဖွဲ့သည် ဝန်ထမ်းအရေအတွက် သိပ်မများသော်လည်း စက်ကိရိယာများကို အစုံအလင် အသုံးပြုပြီး ကျွမ်းကျင်မီးသတ်များက မီးကိုငြိမ်းသတ်ပေးသောကြောင့် မီးများကို အချိန်တိုတိုအတွင်း ထိရောက်စွာ ငြိမ်းသတ်နိုင်စွမ်းရှိခဲ့လေသည်။

တရုတ်ပြည်ပို့မည့်ပစ္စည်းများသည် မီးလောင်ပေါက်ကွဲရာတွင် အလွန်အန္တရာယ်များလှသည်။ အခြေအနေအရပ်ရပ်ကို သေချာစွာမသိဘဲ စပ်စုလိုသောကြောင့် ဝိုင်းအုံကြည့်ကြသော ရန်ကုန်လူထုကြောင့် အသေအပျောက်များခဲ့သလို ဗုံးကြဲရာမှ ပေါက်ကွဲခြင်း၊ မီးလောင်ရာမှ ပေါက်ကွဲခြင်းတို့ကြောင့် လေထုထဲ လွင့်စင် ထွက်လာသော အရာများနှင့် ထိခိုက်မိခြင်းကြောင့် ဝိုင်းအုံကြည့်ရှုကြသော မြို့သူမြို့သားအတော်များများ ထိခိုက်ဒဏ်ရာရကြသည်။ ကိုယ်ပေါ်တွင်ရသော ဒဏ်ရာထက် စိတ်ဓာတ်ရာက ပိုဆိုးလှသည်။ အသေဆိုးနှင့် သေနေကြသော အလောင်းကောင်များကို မြင်ပြီး ရန်ကုန်မြို့လူထု သွေးပျက်သွားသည်။ ဖက်ဆစ်ဂျပန်လေယာဉ်များသည် ရက်စက်လွန်းသည်။ အဓိကပစ်မှတ်များကိုသာ ပစ်ခတ်တိုက်ခိုက်ကြသည် မဟုတ်ပေ။ ပိုလျှံနေသော ဗုံးများဖြင့် အရပ်ဖက်နေရာများကို ဗုံးကြဲဖျက်ဆီးခဲ့သည်။

ပြည်သူလူထုကို စက်သေနတ်ဖြင့် ရက်ရက်စက်စက် ပစ်ခတ်၊ သတ်ဖြတ်ပြီး သူတို့ကို ကြောက်စိတ်ဝင်အောင် သင်ခန်းစာပေးခဲ့ကြသည်။ လွန်စွာ ရက်စက်လွန်းသော အပြုအမူဖြင့် ဂျပန်တို့သည် ရန်ကုန်မြို့ကို မိတ်ဆက်လိုက်ကြသည်။

ဂျပန်လေတပ်၏ ရက်စက်မှုသည် အလွန်ကမ်းကုန်သည်။ မြေပြင်မှ ထိထိရောက်ရောက် ခုခံမှုမရှိသောကြောင့် သူတို့ကို သတ်မှတ်ပေးလိုက်သော ပစ်မှတ်များကို ဗုံးကြဲပြီးပါက လှည့်ပြန်ကြဖို့သာရှိသည်။ ခုတော့ တိုက်လေယာဉ်များသည် မြို့အနှံ့လှည့်လည်ပြီး အရပ်သားများကို စက်သေနတ်ဖြင့် လိုက်၍ ပစ်ခတ်သတ်ဖြတ်နေခြင်းသည် အကြောင်းမဲ့သက်သက် လူသတ်ခြင်း၊ စစ်ရာဇဝင်မှု ကျူးလွန်ခြင်းဖြစ်သည်။

မီးရထားဘူတာရုံတွင် လူများ စုပြုံတိုးဝှေ့စီးနေကြသည်။ နောက်ဆုံးတွင် အားလုံးကို အခမဲ့စီးနင်းခွင့်ပြုလိုက်ရသည်။

ကမ်းနားလမ်းတစ်လျှောက်ရှိ ဆိပ်ကမ်းလုပ်သားကူလီများ၊ အလုပ်မဆင်းနိုင်စေရန် ထာဝရအနားပေးခြင်းဖြစ်လေရာ ကူလီများ၏ စရိုက်ကြမ်းမှုကြောင့် လူမုန်းများခဲ့ကြသော်လည်း စစ်နှင့် ဘာမျှ သက်ဆိုင်မှုမရှိသော အရပ်သားများကို ရက်စက်စွာ သတ်ဖြတ်ခြင်းသည် နာကျည်းစရာကောင်းလှသည်။ အလောင်းများ မြင်မကောင်း ဖြစ်နေသည်။ တရုတ်တန်းတွင် နာမည်ကြီးသော ဆန်အရက်ရောင်းသော ဆိုင်ကို



www.burmeseclassic.com

www.burmeseclassic.com



ဗုံးထိပြီး အတော်များများသေကြသည်။ တရုတ်တန်းမှ တရုတ်ကူလီအများစုသည် သားမယားနှင့် ခွဲပြီး ဗမာပြည်တွင် ထိုခေတ်က အလုပ်အကိုင်ပေါများပြီး အစားအသောက်ပေါကာ ရှာသမျှစုဆောင်းနိုင်သောကြောင့် အမြောက်အများ ရောက်နေကြခြင်း ဖြစ်သည်။

ထိုခေတ်၊ စင်္ကာပူ၊ ကွာလာလမ်ပူနှင့် ပီနန်တို့သည် ရန်ကုန်လောက် အလုပ်အကိုင်အခွင့်အလမ်း မရှိပါ။ အဘယ်ကြောင့်ဆိုသော် အလုပ်အကိုင်အခွင့်အလမ်း ပေးရာတွင် ဗြိတိသျှအစိုးရနေဖြင့် ဝန်ထမ်းအလုပ်မျှသာ ပေးနိုင်သည်။ အိန္ဒိယသား လုပ်ငန်းရှင်များသည် စက်မှုလက်မှုလုပ်ငန်းများ၊ စားသောက်ကုန်လုပ်ငန်းများ၊ ကုန်စည်ကူးသန်း ရောင်းဝယ်ရေးလုပ်ငန်းများနှင့် ကောက်ပဲသီးနှံများ ဝယ်ယူပြီး နိုင်ငံခြားတင်ပို့သော လုပ်ငန်း လုပ်ကိုင်ခြင်း၊ အိမ်ဆောက်ခြင်း၊ အိမ်ပြင်ခြင်း၊ နေအိမ်အလှဆင်ခြင်းကဲ့သို့သော လုပ်ငန်းများကို ကန်ထရိုက်ယူပြီး လုပ်ကြရာ ဆေးသုတ်သမားများ၊ ပန်းရံများ၊ လက်သမားများအတွက် အလုပ်အကိုင်အခွင့်အလမ်း အလွန်ပေါများခဲ့သည်။

အောက်မှ လေယာဉ် ပစ်အဖွဲ့သည် ထိရောက်စွာ ကာကွယ်မှုမပေးနိုင်သောကြောင့် ဂျပန်လေယာဉ်များသည် သစ်ပင်ထိပ်ဖျား လွတ်ရုံမျှသာ ပျံသန်းပြီး ပြည်သူလူထုကို လိုက်လံ၍ သတ်ဖြတ်နေသည်။

ရန်ကုန်မြို့လူထုကို လေယာဉ်အန္တရာယ်ကျရောက်လာပြီဟု လေကြောင်းအချက်ပေး ဥသြဆွဲသံဖြင့် အချက်ပေးခဲ့သော်လည်း ရန်ကုန်လူထု၏ တာဝန်သည် မိမိတို့၏ အသက်အန္တရာယ်ကို ကာကွယ်ရန်အတွက် ဘေးကင်းရာ၌ ပုန်းခိုကြရမည့်အစား လေကြောင်းတိုက်ခိုက်မှုအန္တရာယ်နှင့် ပတ်သက်၍ အတွေ့အကြုံမရှိသောကြောင့် လေယာဉ်များကို စုပြုံတိုးဝှေ့ကြည့်ကြရာ အသေအပျောက် များခဲ့လေသည်။

ဗြိတိသျှအစိုးရသည် လွန်ခဲ့သော ရက်ပေါင်းများစွာကတည်းက အရှေ့ဖျားသို့ ဒုတိယကမ္ဘာစစ်ကြီး ကူးစက်လာပြီး မလေးရှားကို ဖက်ဆစ်ဂျပန်တို့ ကျူးကျော်နယ်ချဲ့ခဲ့ကြပြီး မကြာမီအချိန်အတွင်း၌ ဗမာပြည်သို့ ရောက်လာကြမည်ဟု သတင်းစာများတွင် နေ့စဉ်ရက်ဆက် ဖော်ပြခဲ့ပြီးဖြစ်သည်။ ဖက်ဆစ်ဂျပန်တို့၏ ဗုံးကြဲလေယာဉ်များ ရောက်လာပါက ဘေးကင်းရာရှောင်ပုန်းကြရန် လေယာဉ်အန္တရာယ်မှ ရှောင်တိမ်းနည်းများကို နေ့စဉ်ရက်ဆက် တင်ပြခဲ့သော်လည်း ပြည်သူလူထုသည် အစိုးရ၏စေတနာကို အသိအမှတ်မပြုကြပေ။

ဗြိတိသျှအစိုးရအနေဖြင့် အလွန်အင်အားကြီးမားလှသော ဖက်ဆစ်ဂျပန်တို့ကို အနိုင်တိုက်ဖို့ ဝေးလေစွ၊ ခုခံဖို့ပင် လုံးဝ မဖြစ်နိုင်ပေ။ ထို့ကြောင့် ဩစတြေးလျစစ်





ကူတပ်များ ရောက်မလာပါက အိန္ဒိယမှ ရောက်လာမည့်စစ်ကူတပ်ဖြင့် အကာအကွယ်ယူပြီး အောင်မြင်စွာ ဆုတ်ခွာကြဖို့ စီစဉ်ထားပြီးဖြစ်သည်။ တစ်ဖက်တွင် ယခုလက်ရှိလုပ်ကိုင်နေကြသော အုပ်ချုပ်ရေးယန္တယားကြီးကို တဖြည်းဖြည်းထိန်းချုပ်ပြီး အိန္ဒိယသို့ ရွှေ့ပြောင်းရန် စီစဉ်နေရသည်။ အရေးကြီးသော စာရွက်စာတမ်းများကို နိုင်သမျှယူပြီး အိန္ဒိယကို ပို့ဖို့ စီစဉ်ကြသည်။ သယ်ယူဖို့ မဖြစ်နိုင်တာတွေကို ဖျက်ဆီးရန် စီစဉ်နေရသောကြောင့် ပြည်သူလူထုကို လှည့်မကြည့်နိုင်တော့ပေ။

လေယာဉ်ပစ်အမြောက်တပ်ဖွဲ့သည် ဂျပန်လေယာဉ်များပြုသမျှ နုနေခဲ့သည်တော့ မဟုတ်ပေ။ သို့သော် လေယာဉ်ပစ်အမြောက်တပ်ဖွဲ့သည် တစ်မြို့လုံးကို အကာအကွယ်ပေးနိုင်လောက်သော အတိုင်းအတာအထိ လုံလောက်စွာ မရှိပေ။

မြေပြင်မှ တရစပ် ပစ်ခတ်တိုက်ခိုက်ခဲ့ကြသော အမြောက်ကျည်ဆံများသည် စုခဲနေသော ဂျပန်ဗုံးကြဲလေယာဉ်များကို အထိနာစေသည်။ ထို့ကြောင့် အမြောက်ဒဏ်မှ ကင်းလွတ်သောနေရာများကို ရှာဖွေပြီး ကြုံသလို ပစ်ခတ်တိုက်ခိုက်နေကြသည်။ ပိုလျှံသောဗုံးများကို အဓိကပစ်မှတ်များမှ တရစပ်ပစ်ခတ်နေကြသော လေယာဉ်ပစ်အမြောက်ကြီးများကို ကြောက်ရွံ့သောကြောင့် ရှောင်ကွင်းခဲ့ပြီး လူနေရပ်ကွက်များကို ဗုံးကြဲခဲ့ကြသည်။

ထိုနေ့ ရန်ကုန်ကား သွေးပျက်ဖွယ်ကောင်းအောင် ယုတ်မာရက်စက်လွန်းသော လူသတ်ပွဲကြီးဖြစ်ခဲ့သည်။

ပြည်လမ်းမကြီးတစ်လျှောက်လုံးတွင် ထိခိုက်ဒဏ်ရာရထားသူများ တန်းစီးပြီး လဲလျောင်းနေကြရသည်။ ဆေးတပ်ဖွဲ့သည် ရှိသမျှလူအင်အားဖြင့် အကောင်းဆုံး ပြုစုပေးနေသော်လည်း ပြင်းထန်လွန်းသောဒဏ်ရာကြောင့် အများစုသည် ရန်ကုန်ဆေးရုံကြီးသို့ ရောက်မလာနိုင်တော့ပေ။ လမ်းပေါ်တွင် အလောင်းများ ပြည့်နှက်နေသည်။ ကာနယ်ဖီးလစ်ကို လေကြောင်းရန်ကာကွယ်ရေးအဖွဲ့မှ အစီရင်ခံသည်။

'ယခု အသုံးပြုနေရသော လေယာဉ်ပစ်အမြောက်ကြီးများသည် သက်တမ်းလွန်အမြောက်အိုကြီးများဖြစ်သည်။ နေ့စဉ်ရက်ဆက် ဂျပန်လေယာဉ်တွေ ဗုံးလာ၍ကြဲပါက မြို့လူထုကို အကာအကွယ်ပေးနိုင်စွမ်း မရှိပါ'ဟု တင်ပြကြသည်။ အခုစစ်ကြီးဖြစ်နေပြီ၊ လေယာဉ်ပစ်အမြောက်အသစ်တွေ အိန္ဒိယကို လှမ်းပြီး မှာယူဖို့လည်း လုံးဝ မဖြစ်နိုင်။ အိန္ဒိယမှ လက်နက်များ အချိန်မီရောက်ဖို့ မလွယ်။ ဂျပန်တပ်များသည် မဟာမိတ်စစ်ကူများရောက်လာသည်အထိ အချိန်ပေးကြမည် မဟုတ်။ လျှင်မြန်စွာ ချီတက်တိုက်ခိုက်သိမ်းပိုက်ကြမည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကာနယ်ဖီးလစ်သည် သူ့တပ်သားများအား မကြာမီတွင် နောက်ဆုံးပေါ် လေယာဉ်ပစ်အမြောက်များ ရောက်လာမည်။ ယခုရှိတဲ့ အမြောက်တွေနဲ့ ကြိုးစားပြီး ပစ်ခတ်ချေမှုန်းကြပါ။ သစ်မရောက်ခင် ဝါးနဲ့အသုံးပြုထားရမှာဘဲဟု အားပေးခဲ့သည်။ သို့သော် အားပေးသူကိုယ်တိုင်လည်း အားမရှိပါ။

နောက်တစ်နေ့တွင် အိန္ဒိယကူလီများအားလုံး ရန်ကုန်မြို့မှ ထွက်ပြေးကြလေတော့သည်။ ငွေကြေးတတ်နိုင်သူတွေက ရှိသမျှ စီးပွားဥစ္စာ၊ ရွှေငွေလက်ဝတ်ရတနာတွေအားလုံး သယ်ပြီး မော်တော်ကားကြီးများနှင့် အိန္ဒိယဖက်သို့ ဦးတည်ထွက်ပြေးကြသည်။

လူလတ်ပိုင်းများသည် ပြေးကြလွှားကြသည်။ လူအိုများက မြို့စွန်မြို့ဖျားများ၌ ပုန်းအောင်း၍ နေခဲ့ကြသည်။

အသက်ဘေးလုပြီး ထွက်ပြေးကြသော အိန္ဒိယများကို ဓါးပြများက ထပ်ကြပ်မကွာလိုက်ပြီး လုယက်တိုက်ခိုက်ကြသည်။ ရန်ကုန်မြို့မှ ထွက်ပြေးကြသူများအတွက် တရားဥပဒေ အကာအကွယ် ကင်းမဲ့သွားပြီဖြစ်လေရာ ဒုစရိုက်မှုများဖြင့် ရှောင်တိမ်းနေသော ဝရမ်းပြေးလူဆိုးများ စိတ်ကြိုက်ဖြစ်ခဲ့ကြသည်။ သတ်လိုသတ်၊ လုလိုကလု၊ မုဒိမ်းကျင့်လိုကကျင့်၊ စိတ်ရှိသဘောရှိ ဖြစ်ခဲ့တော့သည်။

တောမီးလောင်၊ တောင်ကြောင်လက်ခမောင်းခတ်သူများကလည်း ဒုနဲ့ဒေးဖြစ်သည်။ အိန္ဒိယကို ရောက်သည်အထိ ဘေးမသီရန်မခ ပြေးနိုင်တဲ့သူ ရှားပါးသည်။ အများစုသည် နောင်တွင် ဗမာပြည်ကို ပြန်မလာဝံ့အောင် ကြောက်ရွံ့သွားခဲ့ကြသည်။

အတော်များများ သတ်ဖြတ်ခံခဲ့ရသည်။ နောက်ပိုင်းတွင် စားနပ်ရိက္ခာပြတ်ပြီး သေဆုံးခြင်း၊ ဂျပန်လေယာဉ်များက ပစ်ခတ်သောကြောင့် သေဆုံးခြင်း၊ ကာလဝမ်းရောဂါနှင့် အခြားသောကပ်ရောဂါဆိုးများ ကျရောက်ခဲ့ခြင်းကြောင့် အတော်များများ လမ်းခရီး၌ သေဆုံးခဲ့ကြသည်။

အိန္ဒိယသားကူလီများ မရှိတော့သည့်အတွက် ရန်ကုန်ဆိပ်ကမ်း ကုန်တင်ကုန်ချလုပ်ငန်းများ မလုပ်နိုင်တော့ပေ။ နောက်ဖေးအိမ်သာ သိမ်းမည့်သူများ မရှိတော့။ သန့်ရှင်းရေးဝန်ထမ်းလည်း မရှိတော့ပေ။ လူသေအလောင်းကောင်များကို ရှင်းပေးမည့်သူများ မရှိတော့ပေ။ ကိုယ်နဲ့ မပတ်သက်သော အလောင်း။ တာဝန်မယူနိုင်ဟု တာဝန်မဲ့ထားခဲ့ရာ မြို့တော်ကြီး၏ သာယာလှပသန့်ရှင်းမှုများသည် ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် နိဂုံးချုပ်သွားရတော့သည်။

ယခင်က ဗမာတို့သည် အိန္ဒိယသားများကို ရွံမုန်းကြသည်။ ငါတို့တိုင်းပြည်ကို





လာရောက်သိမ်းပိုက်ကျွန်ပြုသော ဗြိတိသျှတွေ၏ အဆွယ်အပွားများဖြစ်သည်။ ငါတို့မြေသည် သူတို့နှင့်မဆိုင်ဟု အစွန်းရောက် စိတ်ဓာတ်ရှိခဲ့သည်။ သန့်ရှင်းရေးအလုပ်ကို စိတ်မဝင်စားကြပေ။ သန့်ရှင်းရေးအလုပ်မှာ တမီး(လ်)ကုလားတွေရဲ့ အလုပ်ဟု သဘောထားသည်။ လွန်စွာ အောက်တန်းကျသည်ဟု သဘောထားကြသည်။

ယခု အိန္ဒိယသားတွေအားလုံး ထွက်ပြေးကြတော့ မြို့တော်သန့်ရှင်းရေးအတွက် ဆောင်ရွက်ပေးမည့်သူများ မရှိတော့ပေ။ ထိုအခါ နှစ်ရက်သုံးရက်မျှအချိန်အတွင်း ရန်ကုန်မြို့တော်ကြီးတစ်ခုလုံး ပုပ်စော်နံနေတော့သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)
## ရန်ကုန်သို့ ဂျပန်များ ဝင်ရောက်လာခြင်း

၁၉၄၂ ခုနှစ်၊ မတ်လ ၇ ရက်နေ့တွင် ဂျပန်ရေဒီယိုမှ ကြေညာသည်။

*"မိမိတို့၏ အလွန်ဂုဏ်ကျက်သရေရှိသော မြင့်မြတ်လှသည့် ဂျပန်ဘုရင့်တပ်မတော်ကြီးသည် ဗမာပြည်အား နှစ်ပေါင်းများစွာ ကျွန်ပြုခဲ့သည့် အင်္ဂလိပ်လက်အောက်မှ ကယ်တင်ရန်အတွက် စစ်ပွဲများစွာ တိုက်ခိုက်ပြီးနောက် ရန်ကုန်မြို့ကြီးကို သိမ်းပိုက်ရန် ချီတက်ဝင်ရောက်လာခဲ့ပြီ"*

သို့သော် ဂျပန်တပ်များ ဝင်လာချိန်တွင် ဆီးကြိုခုခံတိုက်ခိုက်မည့်သူ မရှိပေ။ ဆီးကြိုတိုက်ခိုက်ဖို့ ဝေးလေစွ၊ လူရိပ်လူယောင်ကိုမျှ မတွေ့ရတော့ပေ။ ဂျပန်များကို ခုခံမည့်လူရှိဖို့ ဝေးလေစွ၊ ခွေးများပင် မဟောင်ရဲကြပေ။

ဈေးဆိုင်များ တစ်ခုမျှ မရှိတော့ပေ၊ လူရှိသော အိမ်များနှင့် ဈေးဆိုင်များအားလုံး တံခါးပိတ်ပြီး အတွင်း၌ ငြိမ်သက်စွာ နေကြလေသည်။

ထို့ကြောင့် ဂျပန်တပ်များအတွက် စားစရာရှားပါးသော အခက်အခဲ၊ ရေကောင်းရေသန့် သောက်သုံးခွင့်ရဖို့ အခက်အခဲများ ကြုံတွေ့ရလေတော့သည်။

ဝယ်စားလို့လည်း မရ၊ လုယက်စားသောက်ဖို့လည်း မဖြစ်နိုင်၊ နေစရာကတော့ မရှားပေ။ ဗြိတိသျှအစိုးရ စွန့်လွှတ်ခဲ့သော အဆောက်အဦးကြီးများကို သိမ်းပိုက်ပြီး နေထိုင်ခွင့်ရလေသည်။

သို့သော် ဒီဇင်ဘာလ ၂၅ ရက်နေ့မှစပြီး ယခု မတ်လ ၇ ရက်နေ့ထိ နှစ်လခွဲအချိန်တာအတွင်း ရန်ကုန်မြို့ကြီးတွင် ဖြစ်ချင်တိုင်းဖြစ်နေကြသည်။

ခရစ်စမတ်နေ့တွင် ဗုံးကြဲလိုက်သော အချိန်ကတည်းက ရန်ကုန်မြို့ကြီး ပျက်ဆီးသွားပြီဖြစ်သည်။ မြို့၏နေရာအနှံ့ ပြန့်ကြဲနေသော လူသေအလောင်းများ မည်သူမျှ သိမ်းဆည်းပေးခဲ့ကြသည် မဟုတ်ပေ။ ခွေးများ၊ ကြွက်များ၊ ကျီးကန်းများ စားသောက်၍ ကုန်ဆုံးသွားခြင်းမျှသာဖြစ်သည်။





လှသားစားသော မြေကြွက်ကြီးများသည် နှစ်လကျော်ကျော် သုံးလမျှ ကာလအတွင်း ကြောင်ကြီးများထက် အရွယ်ကြီးသွားကြသည်။ ခွေးပေါက်လေးများအရွယ်မျှအထိ ရှိနေကြသည်။ ဂျပန်တပ်များသည် ကြံရာမရသည့် အဆုံး ထိုကြွက်ကြီးများကို ရိက္ခာလုပ်ခဲ့သူများလည်း ရှိသည်။

ရန်ကုန်မြို့တွင် မူလရှိခဲ့သော လူဦးရေ၏ ဆယ်ပုံတစ်ပုံမျှပင် မရှိတော့ပေ။ ကျန်နေသူများ၏ ဘဝသည်လည်း ပြေးစရာ မြေမရှိသောကြောင့် ကိုယ့်အိမ်၌ကိုယ် ပုန်းနေကြသူများသာ ဖြစ်သည်။ မြို့၏ ထက်ဝက်မျှအင်အားရှိသော အိန္ဒိယသားများအားလုံး အိန္ဒိယသို့ ထွက်ပြေးသွားကြပြီဖြစ်သည်။ ဗမာအများစုသည်လည်း နီးစပ်ရာ တောရွာများသို့ ထွက်ပြေးသွားခဲ့ကြပြီဖြစ်သည်။ မြို့တွင်းကျန်နေသူများသည် ကပြားများသာ ဖြစ်ကြသည်။

ဂျပန်တပ်များသည် ရန်ကုန်မြို့ကို အနောက်ဖက်မှ ဝင်ရောက်လာကြသည်။ တစ်မြို့လုံး တိတ်ဆိတ်နေသည်။ ခရစ်စမတ်မတိုင်မီ ဂျပန်များ ဝင်လာပါက မြို့တွင်ရှိသော မြန်မာများအားလုံး ထွက်၍ အိုးစည်၊ ဒိုးပတ်ဝိုင်းများဖြင့် ကြိုဆိုကြမည်မှာ သေချာသည်။ ယခုတော့ ရောက်ရောက်ချင်း မပြောနှင့် ရောက်တောင်မရောက်သေး လေယာဉ်ပေါ်မှ ဗုံးတွေကြဲ စက်သေနတ်တွေနှင့် ဒလစပ်ပစ်ခတ်ပြီး ရန်ကုန်မြို့သူမြို့သားများကို မိတ်ဆက်လိုက်ပုံသည် ချစ်စရာ မကောင်းဘဲ ကြောက်စရာကောင်းလွန်းနေသည်။

ထို့ကြောင့် ဂျပန်စစ်တပ်များ ဝင်ရောက်သိမ်းပိုက်ခြင်း မပြုမီကတည်းက အိန္ဒိယသားများအားလုံး မြို့ကြီးကို စွန့်ခွာသွားခဲ့ပြီဖြစ်လေရာ မြို့တွင်းရောင်းဝယ်ဖောက်ကားမှုများ ကုန်စည်ကူးသန်းရောင်းဝယ်မှုများအားလုံး ပျက်ဆီးရပ်တန့်သွားခဲ့ပြီဖြစ်လေရာ အိန္ဒိယတိုင်းရင်းသားတို့၏ လုပ်ငန်းများကြောင့် လည်ပတ်လှုပ်ရှားနေသော ရန်ကုန်မြို့၏ အလတ်စားနှင့် အငယ်စား စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာနှုန်းကျော် ပျက်ဆီးသွားခဲ့ပြီ ဖြစ်သည်။

ဗြိတိသျှအစိုးရအရာရှိကြီးများအားလုံးသည်လည်း အိန္ဒိယပြည်၊ ဆင်းမလားမြို့သို့ အသုတ်လိုက် ထွက်ခွာနေကြပြီဖြစ်ရာ မြို့၏ ၅ ရာနှုန်းမျှသာ ရောင်းဝယ်ဖောက်ကားရှင်သန်နိုင်လေတော့သည်။

သုံးလမျှ ကြာခဲ့သောအခါ မြို့၏ ရှင်သန်မှု လုံးဝနီးပါး ပျက်ဆီးသွားပြီဖြစ်သည်။ ထို့ကြောင့် ဖက်ဆစ်ဂျပန် မြို့သိမ်းတပ်ဖွဲ့သည် ရန်သူဗြိတိသျှတပ်နှင့် တိုက်ခိုက်ခြင်း မပြုရတော့ဘဲ လူသေကောင်ပုပ်နံ့၊ ကြွက်သေပုပ်နံ့ စသည်ဖြင့် အနံ့ဆိုးများနှင့် တိုက်ခိုက်နေရတော့သည်။ နောက်ဆုံးတွင် လက်ကိုင်ပုဝါများဖြင့် မျက်နှာကို စည်းပြီး



www.burmeseclassic.com

www.burmeseclassic.com



သွားလာကြလေတော့သည်။

ဗြိတိသျှစစ်တပ် ဆုတ်ခွာသွားပြီဖြစ်သော်လည်း ဒဏ်ရာရပြီး မပြေးနိုင်ဘဲ ပုန်းအောင်းနေသော ဗြိတိသျှစစ်သားတစ်ဦးကို တွေ့သောကြောင့် ဂျပန်ဗိုလ်ထံ ဆွဲလာကြသည်။ အကြင်နာတရားကင်းမဲ့ခြင်း၊ ရက်စက်ခြင်း၊ ပြတ်သားခြင်းကို အဓိက ထားပြီး သင်ပေးခဲ့သော ဖက်ဆစ်ဂျပန်တို့၏ စစ်ပညာအခြေခံသဘောတရားအရ ရန်သူကို လက်ရဖမ်းမိသောအခါ ကောင်းမွန်စွာ ဖမ်းဆီးသော ယဉ်ကျေးသည့် ဂျပန် အရာရှိ အချို့ရှိကြသော်လည်း စာမတတ်ပေမတတ် ကျေးတောသားအရိုင်းအစိုင်းဘဝမှ လာသောသူများသည် ဖက်ဆစ်အရာရှိကြီးများ၏ တစ်သွေး၊ တစ်သံ၊ တစ်မိန့်ကိုသာ စစ်ဥပဒေဟု ထင်မှတ်နေကြသည်။

ဂျပန်တို့သည် ရဲဘော်သုံးကျိပ်ကို စစ်ပညာသင်ပေးရာတွင် လက်နက်ကြီးများ အသုံးပြုနည်း၊ ကြည်း၊ ရေ၊ လေတပ်ပေါင်းစုဖြင့် စနစ်တကျ ထိုးစစ်ဆင်နည်း မှ ခေတ်သစ်စစ်ဗျူဟာများကို သင်ပေးခြင်းမပြုဘဲ သာမန်စစ်ပညာများသာ သင်ပေးခဲ့သည်။ ထို့ကြောင့် ရဲဘော်သုံးကျိပ်သည် ဒုတိယကမ္ဘာစစ်အတွင်း ဖက်ဆစ်ဂျပန်တို့၏ စစ်ချီ၊ စစ်ထိုးခြင်းအတတ်ပညာကိုလည်း တတ်မြောက်ခြင်း မရှိခဲ့ပေ။ ဖက်ဆစ်ဂျပန်တို့သည် မြန်မာစစ်သားများကို အမြောက်ကြီးများ၊ တင့်ကားကြီးများ အသုံးပြုပြီး စစ်တိုက်နည်းကို သင်ပေးခဲ့ခြင်း မရှိပေ။ မဟာမိတ်တို့၏ စစ်ဗျူဟာဖြစ်သော လေယာဉ်များဖြင့် ရန်သူ့နယ်မြေကို စိစိညက်ညက်ကျေအောင် ချေမှုန်းထားပြီး ရန်သူများ ခေါင်းမဖော်နိုင်သော အခြေအနေတွင် တင့်ကားများဖြင့် ထိုးဖောက်ကြသည်။ တင့်ကားများ ထိုးဖောက်ချီတက်လာချိန်တွင် တိုက်လေယာဉ်များသည် အတူတကွ တွဲဖက်၍ တိုက်ပွဲဝင်ကြသည်။ ဖက်ဆစ်ဂျပန်တို့၏ ဗမာပြည်ထိုးစစ်တွင်လည်း ဇီးရိုးတိုက်လေယာဉ်များ၊ ဗုံးကြဲလေယာဉ်ကြီးများနှင့် တင့်ကားများသည် ဟန်ချက်ညီစွာ တိုက်ပြီး မြို့များကို သိမ်းပိုက်ခြင်းဖြစ်သည်။

ထိုအချိန်တွင် ရဲဘော်သုံးကျိပ်နှင့် (BIA) တပ်သားများသည် ရိုင်ဖယ်သေနတ်များ၊ ဓါး၊ လှံ၊ ဝါးချွန်များနှင့် စုတ်ပြတ်သတ်နေကြသည်။ ထို့ကြောင့် (BIA) ဝင်ကာစကတည်းက တန်းတူရည်တူ မရှိခဲ့သည်မှာ ထင်ရှားနေသည်။

စစ်ချီတက်ရာလမ်းတစ်လျှောက်တွင်လည်း ပြည်သူလူထုသည် ဗမာစစ်သားများကို သူတို့တတ်နိုင်သမျှ ထမင်းထုပ်တွင် ငါးပိထောင်းထည့်ပြီး ကျွေးမွေးခဲ့ကြသည်။ သို့သော် ဂျပန်စစ်သားများကိုမူ ကျွေးမွေးခြင်း မပြုပေ။ အဘယ်ကြောင့်ဆိုသော် ဂျပန်စကားမတတ်ခြင်း၊ ဂျပန်စစ်သားများကလည်း ဗမာစကားမတတ်သောကြောင့်





လုံ့ခွပ်ကြီးတကားကားနှင့် လက်ဟန်ခြေဟန်ပြပြီး ရိုင်းရိုင်းစိုင်းစိုင်း ပြောဆိုဆက်ဆံကြသည်။ ကျေးရွာတွင် မွေးထားသော ကြက်များ၊ ဘဲများမှစပြီး ကျွဲနွားအထိ သတ်စားကြသည်။ ထို့ကြောင့် ကယ်တင်ရှင်ကြီးများအဖြစ် လေးစားစွာ ဆက်ဆံလိုသော စိတ်လည်း ကင်းမဲ့သွားသည်။ မုန်းတီးစိတ်နှင့် ကြောက်ရွံ့စိတ်များ ဝင်လာသည်။ အင်္ဂလိပ်တွေ အုပ်ချုပ်သွားတာ ဘာမှသိပ်မကြာဘူးလို့ ထင်ကြသည်။ ဂျပန်တွေ အုပ်စိုးခဲ့တာ သုံးနှစ်ကျော်ကျော်လေးကိုမှ မြန်မာပြည်သူလူထုအတွက် နှစ်ပေါင်းတစ်ရာမက ကြာသည်ဟု ထင်မှတ်ရသည်။

ရန်ကုန်မြို့ကို အနောက်ဖက်မှ ဝင်ရောက်ခဲ့သော ဗိုလ်ဆာတိုး၏ တပ်သည် ဗမာလူနေရပ်ကွက်များသို့လာပြီး ပြည်သူလူထုကို သင်ခန်းစာပေးသည်။ ရှေးဦးစွာ ခရစ်စမတ်နေ့ကတည်းက ဂျပန်လေယာဉ်မှ ပစ်သတ်ခဲ့သော အလောင်းကောင်တို့၏ အကြွင်းအကျန်များကို ကုန်စင်အောင် လိုက်ကောက်ပြီး မီးရှို့ရန် အမိန့်ပေးသည်။

တစ်မြို့လုံးအနံ့ ဒုက္ခပေးနေသော ကြွက်ကြီးများ၊ ခွေးသေခွေးလွင့်များအားလုံးကို ရှာဖွေသတ်ဖြတ်၊ မီးရှို့ဖျက်ဆီးရန်နှင့် နှစ်လကျော်သုံးလကြာသည်အထိ တစ်ကြိမ်တစ်ခါမျှ သန့်ရှင်းရေး မလုပ်ခဲ့ကြသော ရန်ကုန်မြို့တော်ကြီးကို ပြည်သူလူထု၏ စုပေါင်းအားဖြင့် သန့်ရှင်းရေးလုပ်ကြရန် အမိန့်ပေးသည်။

ထို့ကြောင့် ပြည်သူလူထုသည် သူ့အလုပ်၊ ကိုယ့်အလုပ်ဟု မြန်မာပီပီ၊ မြန်မာအတွေးတွေးပြီး အလုပ်ဆိုလျှင် တွက်ကပ်ပြီး အခွင့်အရေးဆို လက်ဖြန့်တောင်းတတ်သော အကျင့်ဆိုးများသည် ဖက်ဆစ်ဂျပန်နဲ့တွေ့မှပင် အချိုးပြေသွားကြတော့သည်။

ဂျပန်ခေတ်တွင် ဗမာတို့၏ ရိုးရာဓလေ့ဆိုးကဲ့သို့ ဖြစ်နေသော အစိုးရအုပ်ချုပ်ရေးယန္တယားပျက်သည်နှင့် နှစ်ပေါင်းများစွာ ရန်ညှိုးဖွဲ့ထားသော အသေးအဖွဲ့ကိစ္စ၊ ဥပမာ အရက်မူးစဉ်အခါက ဆဲထားတာမျိုး၊ သူ့လင်မရှိခိုက်၊ သူ့မယားနဲ့ စကားပြောခဲ့တာမျိုး၊ ကလေးချင်း ရန်ဖြစ်ရာမှ လူကြီးချင်း ရန်ဖြစ်ပြီး ရုံးရောက်၊ ဂတ်ရောက် ရှင်းထားရတာမျိုး၊ ကိုယ့်ချစ်သူကို ငွေနဲ့ပေါက်ပြီး အရယူသွားသူကို ဂလဲ့စားချေတာမျိုး စသည်ဖြင့် ရှုပ်ထွေးပွေလီလှသော လူ့ဘောင်လောကပြဿနာများကို အစိုးရအုပ်ချုပ်ရေးရှိစဉ်အခါတွင် ရုံးတော်၏ ဆုံးဖြတ်ချက်များနှင့် ပတ်သက်ပြီး ကျေအေးခဲ့ကြသော်လည်း အစိုးရအုပ်ချုပ်ရေး ပျက်သည်နှင့် အုပ်စုဖွဲ့ပြီး ဓါးချင်းယှဉ်ခုတ်ကြတာမျိုးတွေ ဖြစ်လာလေတော့သည်။

သူ့စီးပွားရေးမနာလိုသူက ဓါးပြတိုက်ကြသည်။ သူ့မယားအလှပဂေးကို ကြိုက်နေကြသူများ အုပ်ချုပ်ရေးပျက်သည်နှင့် သူ့လင်ကို လုံနဲ့ထိုးပြီး သူ့မယားကို အုပ်စုဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



ပျော်ပါးကြတာမျိုး စသည်ဖြင့် နိုင်ငံကြီးသား မပီသသော စရိုက်ဆိုးများသည် ခေတ်ပျက်ကာလတိုင်း၌ ပေါ်ပေါက်ခဲ့သည်။ ခေတ်ပျက်သူဌေးဆိုသည်မှာ ရှင်ဘုရင်ခေတ်တွင် မင်းအလိုလိုက်၊ မင်းအကြိုက်ဆောင်ပြီး ပြည်သူလူထုကို မတော်မတရား ဂုတ်သွေးစုပ်ကြသော အစိုးရအာဏာရှိသူများနှင့် အာဏာကပ်ပါးများသည် ခေတ်ပျက်သူဌေးများ ဖြစ်လာခဲ့ကြသည်။

ဗိုလ်ဆာတိုး၏ တပ်ဖွဲ့သည် ကိုယ်နဲ့မဆိုင်ဟု ရှောင်ဖယ်နေတတ်သော မြန်မာများကို တစ်နေကုန်၊ သန့်ရှင်းရေးလုပ်ခိုင်းသည်။ နောက်ဆုံးတွင် ရန်ကုန်တက္ကသိုလ်ကျောင်းကြီးထဲသို့ ဝင်ရောက်ပြီး စခန်းချကြသည်။ ရန်ကုန်မြို့တစ်မြို့လုံး၌ အစားအစာရှာဖွေရာ အတော်လေး ရှားပါးနေသည်။

ရန်ကုန်တက္ကသိုလ်ကြီးသည် ရန်ကုန်မြို့ခေတ်ကောင်းသော အချိန်ကာလတုန်းက အရှေ့တောင်အာရှတွင် အကြီးမားဆုံးသော တက္ကသိုလ်ကျောင်းကြီးဖြစ်ခဲ့သည်။ ယခုအချိန်တွင် အထက်အမိန့်အရ ကျောင်းအာဏာပိုင်အဖွဲ့သည် အိန္ဒိယသို့ ထွက်ပြေးရာတွင် အရေးကြီးသော စာရွက်စာတမ်းများကိုသာ ယူဆောင်သွားမှာ သေချာသည်။ ကျောင်းစတိုမှ ရိက္ခာများကို ယူပြီး ထွက်ပြေးသော အဆင့်အတန်း မဟုတ်ပေ။ အိန္ဒိယသို့ မရောက်မီ လမ်းတွင် စားသောက်ဖို့ အနည်းငယ်မျှသာ ယူသွားဖို့ သေချာသည်။ ထို့ကြောင့် စားနပ်ရိက္ခာများစွာ ကျန်ရစ်ဖို့ သေချာသည်။ ထို့ကြောင့် သူ၏ တပ်သားများကို ကျောင်းဝင်းအနှံ့ ရှာဖွေကြရန် အမိန့်ပေးလိုက်သည်။

သို့သော် ဗမာလူမျိုးများသည် ဂျပန်တို့ထက် အရင် ဂိုဒေါင်များကို ရိုက်ဖျက်ပြီး စားလို့ရတာ မှန်သမျှ ယူဆောင်သွားကြခဲ့ပြီးဖြစ်လေရာ အားလုံးဟောင်းလောင်းဖြစ်နေတော့သည်။ ဗိုလ်ဆာတိုးအနေဖြင့် ထိုင်ပြီး ကျိန်ဆဲနေရုံမျှသာ တတ်နိုင်သည်။

ဂျပန်ဗိုလ်ချုပ် မိုင်ဒါ (General Maida) သည် မြို့လယ်ကောင်ရှိ အစိုးရအဆောက်အအုံများအားလုံးကို သိမ်းပိုက်ပြီး ဘုရင်ခံအိမ်တော်၌ စခန်းချလေတော့သည်။ ဂျပန်ကင်ပေတိုင်အဖွဲ့ကလည်း ကမ်းနားလမ်းရှိ အဆောက်အဦးကြီးကို အပိုင်စီးထားလိုက်သည်။

နောက်တစ်နေ့နံနက်တွင် ရန်ကုန်မြို့၏ အဓိကအချက်အချာဖြစ်သော ဆူးလေဘုရားလမ်းတစ်လျှောက်ရှိ မြင့်မားသော အဆောက်အအုံများပေါ်တွင် ဂျပန်အလံများ တလူလူ လွှင့်ထူလိုက်ကြလေတော့သည်။

ဂျပန်ဗိုလ်ချုပ်ကြီး မိုင်ဒါသည် အောင်ပွဲရ ဂျပန်စစ်တပ်၏ ဂုဏ်ပြုပွဲကို အသေးစိတ် အမိန့်ပေးပြီး စီစဉ်လိုက်သည်။ အလွန်ပူပြင်းသော ရန်ကုန်မြို့၏ မတ်လ





အပူရှိန်အောက်တွင် ဂျပန်စစ်သားများသည် အောင်ပွဲအခမ်းအနားအတွက် ဝတ်စုံပြည့် ဝတ်ဆင်ပြီး ဂုဏ်ပြုအခမ်းအနားကျင်းပလေရာ စိတ်ပျက်ဖွယ်ကောင်းလှသည်။ မြို့လူထုတွင် အချို့ကလည်း ဂျပန်စစ်သားများကို ကယ်တင်ရှင်များဟု ထင်နေပြီး လွန်စွာ လေးစားနေကြသည်။ အချို့က သေနတ်ကြီးတကားကား လှံစွပ်ကြီးတဝင်းဝင်းနဲ့ဆိုတော့ ကြောက်ပြီး အနားမကပ်ရဲကြပေ။ မြင်တယ်ဆိုရုံအနေအထားမှ လှမ်းကြည့်နေကြသည်။

ဂုဏ်ပြုချီတက်နေသော ဂျပန်စစ်သားများ၏ အနောက်တွင် ဗမာ့တော်လှန်ရေးတပ်သားများ ရှိနေကြသည်။ ဝတ်စုံလည်း ကွာသည်။ ဂျပန်စစ်သားများသည် အောင်ပွဲခံ အခမ်းအနားအတွက် ရရှိသော သီးသန့်ဝတ်စုံဖြင့် ကြွကြွရွရွ ရှိနေကြသည်။

ရိုင်ဖယ်သေနတ်ကြီးများ၏ ထိပ်တွင် တပ်ဆင်ထားသော လှံစွပ်ကြီးများကို မြှောက်၍မြှောက်၍ ဟန်ရေးပြနေကြသည်မှာ ကြောက်မက်ဖွယ်ဖြစ်သည်။

ဗြိတိသျှတို့ အုပ်ချုပ်ခဲ့သော ကာလတွင် ယခုကဲ့သို့ အောင်ပွဲခံသော အခမ်းအနားမျိုး ကြီးကြီးကျယ်ကျယ် ခြိမ့်ခြိမ့်သဲသဲ ကျင်းပခဲ့ခြင်းမျိုး မရှိလေရာ အောင်ပွဲရတပ်မတော်၏ ဂုဏ်ယူဝင့်ကြွားသော အောင်ပွဲခံသည့်အခမ်းအနားသည် စစ်ဘင်ခရာအဖွဲ့၏ ဂီတတေးသံနှင့်အညီ လှလှပပ ခန့်ခန့်ညားညားတော့ ရှိသည်။

ခက်သည်က ရန်ကုန်မြို့သားများမှာ ဂျပန်တွေနှင့် တသားတည်းကျအောင် အတူတကွရောပြီး နေကြဖို့ဆိုသည်မှာ လုံးဝ မဖြစ်နိုင်ပေ။ အင်္ဂလိပ်ခေတ်မှာ အင်္ဂလိပ်တွေ၊ ဥရောပသားတွေ၊ အိန္ဒိယသားတွေ လူမျိုးစုံနဲ့ ဆက်ဆံဖူးသည်။ ဂျပန်တွေလောက် ရိုင်းစိုင်းတဲ့ သတ္တဝါမျိုးကို ရန်ကုန်မြို့သားများ မမြင်ဖူးပေ။

စစ်ကြီးမဖြစ်ခင်က ဂျပန်ဘုန်းတော်ကြီးတွေ၊ ဂျပန်ဓါတ်ဆရာတွေ ဆူးလေဘုရားတဝိုက်တွင် ခြေချင်းလိမ်နေခဲ့သည်။ ထိုသူတို့သည် ရိုးရိုးသားသားဖြစ်သည်။ ရည်မွန်ကြသည်။ ယခုတော့ စစ်ဦးဘီလူးအသွင်နဲ့ ရောက်လာသည့် ဖက်ဆစ်ဂျပန်တွေမှာ အလွန်ဆိုးသွမ်းကြသည်။ ဖက်ဆစ်စစ်ဝါဒီကြီးမှာ ကမ္ဘာ့အရှေ့ခြမ်းဒေသကြီးတစ်ခုလုံးကို အနိုင်ကျင့်ဗိုလ်ကျ စိုးမိုးထားလိုသည်။ ထို့ကြောင့် ရက်စက်ယုတ်မာစွာဖြင့် လူသတ်စစ်ပွဲကြီးများ ဖန်တီးရတော့မည်ဖြစ်လေရာ အကြင်နာတရား၊ မေတ္တာတရား၊ ကိုယ်ချင်းစာတရား၊ အသိတရားရှိသော စစ်သားများဖြင့် မတရားနယ်ချဲ့စစ်ပွဲကြီးများ ဆင်နွှဲရန် လုံးဝ မဖြစ်နိုင်။

လူအမျိုးမျိုးတွင် စိတ်အထွေထွေ ရှိတတ်သည်။ အချို့က မျိုးရိုးဂုဏ် ဇာတိဂုဏ်မြင့်မားကြသည်။ ဂျပန်တွင် အစဉ်အလာကြီးမားသော ဆာမူရိုင်းမျိုးရိုးရှိသည်။ ဆာမူရိုင်းတို့မှာ ဂုဏ်သိက္ခာကို အသက်၊ အရက်ထက်ပိုပြီး တန်ဖိုးထားတတ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့မှာ အကြင်နာတရား၊ စာနာတရားတော့ မရှိ။ သို့သော် တစ်ဖက်သားကို အကြောင်းမဲ့ စော်ကားခြင်းတော့ မပြုပါ။ ဂျပန်ကျွန်းစုနိုင်ငံလေးမှာ လူဦးရေနည်းပါးလှသည်။ အာရှတခွင် ဖက်ဆစ်နယ်ချဲ့ကျူးကျော်စစ်ကြီးကို အင်တိုက်အားတိုက် ဆင်နွှဲတော့မည့်အချိန်တွင် ကြမ်းတမ်းရက်စက်သော စစ်သားအမြောက်အများ လိုအပ်သည်တွင် ဂျပန်တို့မှာ မန်ချူးကိုးဟု ခေါ်သော မန်ချူးများကို သုံးစွဲကာ အရက်စက်ဆုံးစစ်ပွဲကို ဆင်နွှဲတော့သည်။ ထိုမန်ချူးကိုးများမှာ စာတတ်သူများ မဟုတ်ကြ၊ အရိုင်းအစိုင်းများသာ။

ထို့အတူ ခေတ်ပညာတတ်၊ ဂျပန်အရာရှိကြီးတွေမှာလည်း သူတို့ရဲ့ ကာမဆန္ဒကို ဖျောက်ဖို့အတွက် သူတို့သိမ်းပိုက်တဲ့ နိုင်ငံတိုင်းမှာ ပြည့်တန်ဆာအိမ်ကြီးတွေ၊ ဆောင်ကြာမြိုင်တွေ ဖွင့်ကြသည်။ ဗီယမ်နမ်နိုင်ငံ ဆိုင်ဂုံမြို့တွင် ဂျပန်စစ်သားများအတွက် ပြည့်တန်ဆာအိမ်၊ ဆောင်ကြာမြိုင်အကြီးကြီးတွေ ရှိသည်။ ကိုရီးယားတွင်လည်း အမျိုးသမီး သန်းပေါင်းများစွာကို ဂျပန်တို့ ဖျက်ဆီးခဲ့ကြတယ်။

တရုတ်အမျိုးသမီးတွေလည်း သန်းပေါင်းများစွာ ဖျက်ဆီးခံခဲ့ရသည်။ ဖိလစ်ပိုင်၊ သြစတြေးလျ၊ ပစိဖိတ်ကျွန်းနိုင်ငံများ၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် မြန်မာပြည်တွေမှာ ပြည့်တန်ဆာများစွာ ပေါ်ပေါက်ခဲ့ပါသည်။ ရန်ကုန်မြို့မှာ ဂျပန်စစ်တပ်မှ တာဝန်ယူပြီးနောက် ဂျပန်စစ်ဗိုလ်ကြီးများကို ပျော်တော်ဆက်ရန်အတွက် ကိုရီးယားမှ ခေါ်လာသော ပြည့်တန်ဆာများနှင့် စတင် ပျော်ပါးခဲ့ကြသည်။ နောင်တွင် ဗမာအမျိုးသမီးများစွာကို ပြည့်တန်ဆာအဖြစ် သိမ်းသွင်းခဲ့သည်။

ဂျပန်စစ်သားများ ဝင်လာကတည်းက ဗမာအမျိုးသမီးအားလုံး ပုန်းအောင်းနေကြရသည်။ သို့သော် ဂျပန်စစ်သားများသည် သူတို့ရောက်လေရာ မြို့ရွာအားလုံးကို အသေးစိတ် လေ့လာသည်။ အရွယ်ကောင်း အမျိုးသမီးများ ပျောက်နေပါက ကျေးရွာ၊ မြို့ရွာ၊ တာဝန်ခံများကို ဖိအားပေးပြီး ရက်စက်ယုတ်မာသောနည်းဖြင့် ဗမာအမျိုးသမီးများကို သူတို့လက်အပ်ရန် တောင်းဆိုကြသည်။

အမျိုးဂုဏ်၊ ဇာတိဂုဏ်ပြင်းထန်သော ဗမာအမျိုးသမီးများသည် ပုန်းရှောင်နေပါလျက် လူယုတ်မာ ဂျပန်စစ်သားများ၏ ဖမ်းဆီးခံရပြီး အုပ်စုလိုက် မုဒိမ်းကျင့်ခံလိုက်ရသောအခါ ရေတွင်းထဲခုန်ဆင်း၍ သတ်သေခဲ့ခြင်း၊ မြစ်များ၊ ချောင်းများအတွင်းဆင်း၍ ရေနစ်ပြီး သတ်သေခြင်းပြုခဲ့သော အဖြစ်အပျက် မြောက်များစွာ ရှိခဲ့ပါသည်။ သို့သော် ထိုသို့ ရက်စက်ရိုင်းစိုင်းလွန်းသော အဖြစ်အပျက်များကို မြန်မာလူမျိုးတို့သည် စနစ်တကျ မှတ်တမ်းတင်ထားခြင်း မရှိခဲ့ကြပါ။ ထိုသို့ ရှက်ဖွယ်ကိစ္စများကို မှတ်တမ်းတင်ရန် ကြိုးပမ်းမှုများ လုံးဝ မရှိခဲ့သလို မှတ်တမ်းတင်မည့် သူများကိုလည်း မိမိတို့ အဖြစ်မှန်ကို





တင်ပြဝံ့ကြသည် မဟုတ်ပေ။

ထို့ကြောင့် ဂျပန်တို့၏ စော်ကားမှုကြောင့် မုဒိမ်းကျင့်ခံရစဉ် သေဆုံးခဲ့သော အရေအတွက် အတိအကျ သိခွင့်မရသလို မုဒိမ်းကျင့်ခံရပြီးနောက် သတ်သေခဲ့ကြသော ဗမာအမျိုးသမီးအရေအတွက်ကိုလည်း အတိအကျ မသိရပေ။ အချို့လည်း မုဒိမ်းကျင့်ခံရစဉ် လူမသိသူမသိ တောထဲထင်းခွေချိန်၊ မြစ်၊ ချောင်းစပ်တွင် တစ်ဦးတည်းရေချိုးချိန်များဖြစ်ပါက လျှို့ဝှက်ထားခဲ့ကြသည်။ ရပ်ထဲရွာထဲ လိုက်ပြီး ပြောပြကောင်းသော အဖြစ်မျိုးလည်း မဟုတ်။

တစ်ကြိမ်စော်ကားခံရသောအခါ နောင်တွင် ရေချိုးပါက လူစုလူဝေးနှင့် ရေချိုးကြခြင်း ရေခပ်ပြီး အိမ်၌ ချိုးခြင်းတို့သာ ပြုလုပ်ခဲ့ကြသည်။ ပဋိသန္ဓေတားနည်းများလည်း တတ်ကျွမ်းမှုမရှိလေရာ လင်ကောင်မပေါ်ဘဲ ဗိုက်ထွက်လာသောအခါမှ သတ်သေခဲ့သော အမျိုးသမီးအရေအတွက်လည်း မနည်းလှပေ။ ထို့အတူ ဂျပန်တို့၏ အတင်းအကျပ် သိမ်းသွင်းမှုဖြင့် ဆောင်ကြာမြိုင်များတွင် ပြည့်တန်ဆာဖြစ်ခဲ့ရသော ဗမာအမျိုးသမီးများမှလည်း ဒုနှင့်ဒေးပင်။

ဂျပန်တို့သည် မြန်မာနိုင်ငံအား အတုအယောင်ရွှေရည်စိမ် လွတ်လပ်ရေးပေးသည်၊ ဒေါက်တာဘမော်သည် အဓိပတိကြီး ဖြစ်လာသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် စစ်ဝန်ကြီး ဖြစ်လာသည်။ သို့သော် အဓိပတိဒေါက်တာဘမော်၏ အုပ်ချုပ်မှုအာဏာသည် ဗမာလူမျိုးများအပေါ်၌သာ အာဏာသက်ရောက်မှု ရှိသည်။ဗိုလ်ချုပ်အောင်ဆန်းသည် စစ်ဝန်ကြီးဖြစ်သည်၊ သို့သော် စစ်ဝန်ကြီးဗိုလ်ချုပ်အောင်ဆန်း၏ အာဏာပါဝါသည် သူ၏ ဗမာ့ကာကွယ်ရေးတပ်သား ၃၀၀၀ အပေါ်၌သာ အာဏာရှိသည်။ ဂျပန်စစ်သား ၁၅၀၀၀ (တစ်သိန်းတစ်သောင်းငါးထောင်)အပေါ်၌ အာဏာသက်ရောက်ခြင်း မရှိ။ ဗမာ့ကာကွယ်ရေးတပ်မတော်သည် ဖက်ဆစ်ဂျပန်တို့၏ အမိန့်ကို နာခံကြရသည်။ ထိုအခြေအနေကြောင့် ဂျပန်စစ်သားအားလုံးကို ဖိန့်ဖိန့်တုန်အောင် ကြောက်နေရသည်။

အဆိုးဆုံးမှာ ဂျပန်စစ်ပုလိပ်(ကင်ပေတိုင်)များဖြစ်သည်။ သူတို့သည် စစ်အုပ်ချုပ်ရေးခေတ် ထောက်လှမ်းရေးများကဲ့သို့ တန်ခိုးထက်လှသည်။ သူတို့နဲ့ ဖယား မရှုပ်မိစေနှင့်၊ ဖယားရှုပ်မိလျှင် ပြေးစရာလည်း မြေ မရှိ၊ ပုန်းစရာလည်း နေရာမရှိတဲ့ ဘဝကို ဆိုးဆိုးဝါးဝါး ရောက်ရှိသွားမည်ဖြစ်သည်။ ဂျပန်စစ်သားများ အလွန်သြဇာ အာဏာကြီးလေရာ ဂျပန်စစ်ဗိုလ်များဆိုလျှင် ဆိုဖွယ်မရှိတော့ပေ။

ထို့ကြောင့် ငွေ၊ ဂုဏ်မက်သော ဗမာအမျိုးသမီး အချို့သည် လှလှပပပြင်ပြီး ကြွကြွရွရွနေကာ ဂျပန်စစ်ဗိုလ်တို့၏ အပျော်မယား လုပ်ကြတော့သည်။ မိမိတို့၏



www.burmeseclassic.com

www.burmeseclassic.com



အလှ၊ မိမိတို့၏ ခန္ဓာကိုယ်သည် ဂျပန်စစ်သားအတွက် မဟုတ်၊ ဂျပန်စစ်ဗိုလ်များ အတွက်ဖြစ်သည်။ ထို့ကြောင့် သူတို့ကို ဂျပန်စစ်သားများ အုပ်စုဖွဲ့ပြီး မုဒိမ်းကျင့်ခြင်း မခံရစေရန် ဂျပန်စစ်ဗိုလ်ကြီးများနှင့် တတွဲတွဲနေပြလိုက်သည်။ ထိုခေတ်က ရန်ကုန်တွင် ဂျပန်ဗိုလ်တွေ တော်တော် စန်းပွင့်ခဲ့သည်။

ဂျပန်တွေဝင်လာတာ ရန်ကုန်မြို့ကြီးအတွက်တော့ ကြမ္မာဆိုးတွေ ဝင်ခဲ့သည် ဆိုတာကတော့ မငြင်းနိုင်သော အချက်ဖြစ်ပါတော့သည်။

■ ■ ■





အခန်း(၃)

## ဂျပန်လက်အောက်မှ ရန်ကုန်

အင်္ဂလိပ်ခေတ်တွင် ရန်ကုန်မြို့၏ အစည်ကားဆုံး အချက်အချာနေရာများသည် ဖရေဇာလမ်း(ယခု အနော်ရထာလမ်း)နှင့် မောင်ဂိုမာရီလမ်း(ယခု ဗိုလ်ချုပ်လမ်း)ကြား ၃၃ လမ်းနှင့် ၃၄ လမ်းသည် နေ့ညမပြတ် လွန်စွာစည်ကားလှသည်။

ဒုတိယအစည်ကားဆုံးနေရာသည် ဒလဟိုဇီလမ်း(ယခု မဟာဗန္ဓုလလမ်း) နှင့် မောင်ဂိုမာရီလမ်း(ယခု ဗိုလ်ချုပ်လမ်း)ကြားရှိ ၂၇ လမ်း၊ ၂၈ လမ်းနှင့် ၂၉ လမ်းတို့ ဖြစ်ကြသည်။ ခေတ်တွေ ဘယ်လိုတဲပြောင်းပြောင်း ထိုလမ်းတွေ၏ စည်းကားမှုကတော့ ဘာမျှ ပြောင်းလဲခြင်း မရှိပေ။ သို့သော် ဂျပန်ခေတ်တွင် ခေတ်ပျက်ကာလဖြစ်လေရာ ဒါလဟိုဇီလမ်း၊ ဖရေဇာလမ်း(ယခု မဟာဗန္ဓုလလမ်း)နှင့် မောင်ဂိုမာရီလမ်း(ယခု ဗိုလ်ချုပ်လမ်း)တို့လည်း မစည်ကားနိုင်တော့ပေ။

ဂျပန်ထောက်လှမ်းရေးအဖွဲ့နှင့် ဂျပန်စစ်တပ်တို့၏ (BIA) အပေါ် သဘောထားမှာ ကွဲပြားကြလေသည်။ ဂျပန်စစ်တပ်သည် သိမ်းပိုက်ပြီးသော နေရာတိုင်းတွင် စစ်အုပ်ချုပ်ရေးဖြင့် ရက်ရက်စက်စက် တင်းတင်းကျပ်ကျပ် အုပ်ချုပ်လိုသည်။ ဂျပန်စစ်ထောက်လှမ်းရေးသည် (BIA) ကို တာဝန်ယူပြီး ဖွဲ့စည်းခဲ့သော အဖွဲ့အစည်းဖြစ်သောကြောင့် သူတို့၏ လုပ်ပိုင်ခွင့်ဘောင်အတွင်းမှနေပြီး (BIA) အား သိမ်းပိုက်ပြီးသော မြို့ရွာများ၌ အုပ်ချုပ်ရေးအဖွဲ့ ထူထောင်စေသည်။

ရန်ကုန်မြို့ကကို ဂျပန်တို့သိမ်းပိုက်ပြီးသည်နှင့် သခင်ထွန်းအုပ်သည် ဗမာ၊ ဗဟိုအစိုးရအဖွဲ့ (The Bama Baho Government) ကို ဖွဲ့စည်းခဲ့လေသည်။

ရဲဘော်သုံးကျိပ်ကို စစ်သင်တန်းပေးရာတွင် ထိုးကွင်းထိုးထားသောကြောင့် သခင်ထွန်းအုပ်သည် ဘောင်းဘီတိုဝတ်ပြီး တိုက်ခိုက်ရေးသင်တန်းတက်ရန် အခွင့်အခါ ရှိခဲ့သည်။ ရဲဘော်သုံးကျိပ်တွင် ခေတ်ပညာတတ် နည်းပါးသည်။ ဗိုလ်[illegible]၊ ဗိုလ်လက်ျာ၊ ဗိုလ်ရန်နိုင် စသည်ဖြင့် အင်္ဂလိပ်စာ တတ်သူအနည်းငယ်မျှသာရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်နေဝင်းသည် ဆယ်တန်းအောင်ခဲ့သော်လည်း ဘွဲ့မရခဲ့ပေ။ အပျော်အပါး မက်လွန်းသောကြောင့် ပထနှစ်တွင် ကျရှုံးပြီး ကျောင်းထွက်ခဲ့ရသည်။ ပြီးနောက် အိမ်ထောင်ကျသွားသောကြောင့် ကမ်းနားလမ်းရှိ ဗဟိုစာတိုက်ကြီးတွင် ဝန်ထမ်းလုပ်ရင်း သခင်ဗစိန်အဖွဲ့ကိုယ်စား ရဲဘော်သုံးကျိတ်ထဲ လိုက်ပါလာခြင်းဖြစ်သည်။ သခင်ထွန်းအုပ်သည်လည်း သခင်ဗစိန်အဖွဲ့မှပင် ဖြစ်သည်။ သို့သော် အင်္ဂလိပ်ကျောင်းထွက် ဘွဲ့ရပညာတတ် သခင်ထွန်းအုပ်သည် ရဲဘော်သုံးကျိပ်ထဲတွင် စာအတော်ဆုံး၊ ပညာရည်အထက်မြက်ဆုံး ဖြစ်သည်။ နယ်မြေတစ်ခုကို တိုက်ခိုက်သိမ်းပိုက်ရသည်မှာ လွယ်ကူသည်။ တိုက်ခိုက်သိမ်းပိုက်ပြီးသော နယ်မြေတစ်ခု၊ အေးချမ်းသာယာဖွံ့ဖြိုးရေးအတွက် အုပ်ချုပ်ရေးအဖွဲ့များ ဖွဲ့စည်းပြီး တည်ဆောက်ရေးလုပ်ခြင်းသည် ပို၍ ခက်သည်။

သခင်ထွန်းအုပ်၏ ဗမာဗဟိုအစိုးရအဖွဲ့သည် အင်္ဂလိပ်ကို ကျူးကျော်တိုက်ခိုက် သော တိုက်ပွဲများအတွင်း ကျဆုံးခဲ့ကြသော ဂျပန်စစ်သားတစ်ဦးလျှင် အသက်လျော်ကြေး ရှပီး ၃၀၀၀ (သုံးထောင်) လျော်ကြေးပေးခဲ့ရသည်။

သခင်ထွန်းအုပ်၏ အုပ်ချုပ်ရေးအဖွဲ့သည် ကြိုးစားပြီး အုပ်ချုပ်ခဲ့သော်လည်း တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားမှု မရခဲ့ပေ။ ရပ်ရွာအေးချမ်းသာယာရေးနှင့် စည်ပင်ဝပြောမှုလည်း မရှိခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် အတွေ့အကြုံမရှိသူများသည် နေရာကောင်းကောင်း လိုချင်သောကြောင့် ထိပ်ပိုင်းနေရာများတွင် မတန်မရာယူထားကြသောကြောင့်ဖြစ်သည်။ ဗမာတို့၏ ဓလေ့ထုံးစံအတိုင်း အရည်အချင်းမရှိသူများ၊ နေရာကောင်းကို အလုအယက် ယူထားသောကြောင့် ဂျပန်တို့အလိုရှိသော အကွက်ထဲ ဝင်လာသည်။ ဗမာတို့သည် အုပ်ချုပ်ရေးကျွမ်းကျင်မှု လုံးဝမရှိဟု ဂျပန်တို့က ဆုံးဖြတ်လိုက်သည်။ ထို့နောက် ဗမာပြည်ဆိုင်ရာ ဂျပန်ကွန်မင်ဒါခေါင်းဆောင်ကြီး၊ ဗိုလ်ချုပ်ရှိုကျိုရှိအီဒါ (The Japanese Commander in Chief in Burma, General Shojiro Iida) သည် အုပ်ချုပ်မှုစွမ်းရည် ညံ့ဖျင်းသည်ဟု အကြောင်းပြပြီး သခင်ထွန်းအုပ်ဦးဆောင်သော ဗမာဗဟိုအစိုးရကို ဖျက်သိမ်းလိုက်သည်။

၁၉၄၂ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင် ဗမာဗဟိုအစိုးရအဖွဲ့ ဖျက်သိမ်းခံရသောကြောင့် သခင်ထွန်းအုပ်သည် ဇူလိုင်လတွင် (BIA) မှ ထွက်ခဲ့လေသည်။ ဗမာဗဟိုအစိုးရကို ဖျက်သိမ်းခြင်းမပြုမီ ၁၉၄၂ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့တွင် ဂျပန်ဗိုလ်ချုပ်အီဒါသည် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် အရေးကြီးသော ထိပ်တန်းခေါင်းဆောင်ကြီးများအားလုံးကို မေမြို့သို့ ဖိတ်ခေါ်ပြီး အစည်းအဝေးတစ်ရပ် ကျင်းပခဲ့သည်။ အစည်းအဝေးတွင် ဂျပန်ဗိုလ်ချုပ်ကြီး အီဒါက ယခုလက်ရှိ သခင်ထွန်းအုပ်ဦးဆောင်သော





ဗမာဗဟိုအစိုးရအဖွဲ့သည် အရည်အချင်း ညံ့ဖျင်းလွန်းသည်။ ခပ်ညံ့ညံ့ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားသောကြောင့် ထိုသို့ ဖြစ်ရသည်။ ထိုအဖွဲ့ကို ပြုပြင်ဖာထေးရန် မဖြစ်နိုင်၊ လူပုဂ္ဂိုလ်အနည်းငယ်မျှ အပြောင်းအလဲလုပ်ရုံဖြင့် မရနိုင်။ အရည်အချင်းမရှိသူများသည် မတန်မရာ အရေးကြီးသောရာထူးများ ယူထားပြီး လက်တွေ့လုပ်ဆောင်ရာ၌ အရည်အချင်းညံ့ဖျင်းလွန်းသည်။ အသစ်ဖွဲ့စည်းမည့် လွတ်လပ်သော ဗမာပြည်အစိုးရအဖွဲ့တွင် စစ်သားများကိုသာ နေရာပေးမည် မဟုတ်ပါ။ အုပ်ချုပ်ရေးရာထူးကို အုပ်ချုပ်ရေးပညာ ကျွမ်းကျင်သူများကို ပေးမည်။ စီးပွားရေးရာထူးကို စီးပွားရေးလုပ်ကိုင်တတ်သူကို ပေးမည် စသည်ဖြင့် လူနှင့်ရာထူး ကိုက်ညီအောင် ပေးမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေလည်း ရေးဖို့လိုသည်။ ထို့ကြောင့် ဂျပန်စစ်ဗိုလ်များသည် ကြားကာလတွင် စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်သွားမည်ဟု ကြိုတင်အသိပေးခဲ့ပြီးဖြစ်သည်။

ဂျပန်တို့၏ မဟာအရှေ့အာရှ သာတူညီမျှအဖွဲ့ (The Greater East Asia Co - Prosperity Sphere) တွင် ဗမာတို့၏ ပူးပေါင်းပါဝင်မှုကို အသိအမှတ်ပြုပါသည်။ ဒေါက်တာဘမော်ဦးဆောင်သော အစိုးရလက်ထဲတွင် လွတ်လပ်သော ဗမာပြည်ကို ပေးအပ်မည်ဟု ကြိုတင်ကတိပေးခဲ့သည်။

ကြားဖြတ်အစိုးရအဖွဲ့တွင် ဒေါက်တာဘမော်သည် ဝန်ကြီးချုပ်ဖြစ်လာသည်။ ကြားဖြတ်အစိုးရအဖွဲ့၏တာဝန်သည် ဗမာပြည်အနှံ့အပြားသို့ သွားပြီး ဗမာနှင့် ဂျပန်တို့သည် ညီအစ်ကိုများဖြစ်ကြသည်ဟု ဝါဒဖြန့်ပေးရသည်။

နိုင်ငံရေးပါတီအားလုံးကို ဖျက်သိမ်းလိုက်သည်။ ပါတီနိုင်ငံရေးလုပ်လိုသော် ဒေါက်တာဘမော်၏ ဒို့ဗမာဆင်းရဲသားပါတီ (Dobama Sinyetha Party) ကို ဝင်ရောက်ခွင့်ရမည်ဖြစ်သည်။ ဓါး၊ လှံ၊ တုတ်၊ ဝါးချွန်၊ လေးမြှား စသည်ဖြင့် ကျောက်ခေတ်လူသားများကိုင်သော လက်နက်များစွာ ကိုင်ဆွဲပြီး စစ်သားပါဟု ကျိန်တွယ်ပြောရလောက်အောင် ယူနီဖောင်းမရှိသော ဘီအိုင်အေတပ်ကြီးတွင် စုစုပေါင်း မျိုးချစ်စစ်သားအင်အားသည် ၁၅၀၀၀ (တစ်သောင်းခွဲ)ကျော်ကျော်မျှ ရှိနေသောကြောင့် စစ်လက်နက် အပြည့်အစုံပေးမည်။ ယူနီဖောင်းအပြည့်အစုံ ပေးမည်။ လခ၊ ရိက္ခာ ခွဲတမ်းပေးမည်။ သို့သော် အသစ်ဖွဲ့စည်းမည့် ဗမာ့ကာကွယ်ရေးတပ်မတော်တွင် စစ်သား ၃၀၀၀ (သုံးထောင်)မျှသာ လက်ခံမည်ဖြစ်သည်။

ထို့ကြောင့် အသက်ငယ်ပြီး ပညာနိမ့်သူများကိုသာ တပ်မတော်၌ ဆက်၍နေထိုင်ခွင့်ပြုပြီး လူကြီးများကို တပ်မှ နုတ်ထွက်စေခဲ့သည်။ တပ်ထွက်များသည် အတော်များများ ရန်ကုန်မြို့တွင် သောင်တင်နေခဲ့ကြသည်။ ပြီးနောက် တဖြည်းဖြည်း



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဇာတိရပ်ရွာသို့ ပြန်ကြလေသည်။

ဗမာ့ကာကွယ်ရေးတပ်သည် လစာနှင့် ရိက္ခာ ရသော်လည်း ဂျပန်စစ်သားများ၊ ဂျပန်စစ်ဗိုလ်များနှင့် တန်းတူ လစာနှင့် ရိက္ခာများ မရခဲ့ပေ။ များစွာ နှိမ့်ချထားခဲ့သည်။

၁၉၄၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့ နံနက်တွင် ဂျပန်တို့သည် ဗမာပြည်အား ရွှေရည်စိမ်လွတ်လပ်ရေးပေးခဲ့သည်။ ရန်ကုန်မြို့တွင် နံနက် ၄ နာရီ ကတည်းက စောစောအိပ်ရာထပြီး လွတ်လပ်ရေးအောင်ပွဲနေ့ကို ကျင်းပကြလေသည်။

သို့သော် ရန်ကုန်မြို့သူ၊ မြို့သားတို့၏ ပျော်ရွှင်မှုသည် ကြာရှည်မခံပေ။ ဂျပန်ခေတ်စီးပွားရေးအကြပ်အတည်း၊ လူမှုရေးဒုက္ခအမျိုးစုံကို ကြုံတွေ့ခဲ့ရတော့သည်။ အင်္ဂလိပ်ခေတ်ကို ဒယ်အိုးထဲရှိ ဆီပူထဲနေရသောဘဝဟု တင်စားပါက ဂျပန်ခေတ်သည် မီးပုံကြီးထဲ ဝင်ပြီး ထိုင်နေရသည်နှင့် အလားသဏ္ဍာန်တူလေတော့သည်။ စားစရာတွေ အလွန်ရှားသည်။ ဈေးကြီးလွန်းသည်။ တန်ဖိုးမရှိသော ဂျပန်တို့၏ ထောင်မလဲ သဲကော်ငွေစက္ကူများ၏ ဒဏ်ကြောင့် မြန်မာ့စီးပွားရေးစနစ်ကြီး ပျက်သွားသည်။ တန်ဖိုးမဲ့ ငွေစက္ကူများဖြင့် မြန်မာ့သယံဇာတအားလုံးကို မတော်မတရား ဝယ်ယူသွားကြသည်။

ကမ္ဘာပေါ်တွင် ဆန်အများဆုံးထွက်ခဲ့သော နိုင်ငံသည် စီမံခန့်ခွဲမှုလွန်ကဲစွာ ညံ့ဖျင်းသော ဂျပန်အာဏာပိုင်၊ မြန်မာအာဏာပိုင်တို့ကြောင့် ဆန်အထွက်များစွာ လျော့နည်းသွားသည်။ ထိုမျှမက ထွက်သမျှ ဆန်များကို တန်ဖိုးမဲ့ငွေစက္ကူများ အသုံးပြုပြီး မတရားအနိုင်ကျင့် ဝယ်ပြီး ဂျပန်စစ်သားများ ရိက္ခာအတွက် အသုံးပြုသည်။ ပိုလျှံတာတွေကို ဂျပန်ပြည်ပို့ကြသည်။ ဗမာပြည်သူတွေ အငတ်ဘေးကြုံရသည်။

စားစရာလုံလောက်စွာ မရ၊ ဝတ်စရာ အဝတ်လည်း မရှိ၊ နေတော့လည်း ကိုယ့်မြို့၊ ကိုယ့်ရွာ၊ ကိုယ့်ဒေသ၊ ကိုယ့်အိမ်မှာကိုယ် လွတ်လွတ်လပ်လပ်နေခွင့် မရတော့ပေ။ ဂျပန်စစ်ပုလိပ် ကင်ပေတိုင်တွေလာပြီး ဖမ်းဆီးနှိပ်စက်မှာ ကြောက်နေရသည်။

ဒေါက်တာဘမော်အစိုးရသည် ၁၉၄၂ တွင် စပါးအထွက် အကြီးအကျယ် ကျဆင်းခြင်းမျိုး၊ လာမည့်နှစ်တွင် ဆက်ပြီး ကြုံတွေ့ခြင်း မရှိစေရန်အတွက် တောင်သူလယ်သမားများအတွက် လိုအပ်သော ငွေကြေးကို ထောက်ပံ့ပေးဖို့ အစွမ်းကုန်ကြိုးစားခဲ့သည်။ သို့သော် ဂျပန်စစ်တပ်ရိက္ခာအတွက် တောင်သူလယ်သမားတို့၏ ကျွဲနွားများကို မတန်မရာ ရက်ရက်စက်စက် လျှော့ချထားသော ဈေးနှုန်းဖြင့် မတရား ဝယ်ယူခဲ့ကြသည်။ ထိုအခါ တောင်သူလယ်သမားတို့သည် ခြေလက်ပြတ်ခံရသကဲ့သို့ ဖြစ်လာသည်။ ထိုအခါ စပါးအထွက်တိုးဖို့ လုံးဝ မဖြစ်နိုင်တော့ပေ။





ထို့အပြင် ၁၉၄၂ မှ ၁၉၄၅ ခုနှစ်အထိ တည်ဆောက်ခဲ့သော သေမင်းတမန် မီးရထားလမ်းအတွက် ဗမာပြည်အရပ်ရပ်ရှိ တောင်သူလယ်သမားများကို ချွေးတပ်ဆွဲခဲ့သည်။ သေမင်းတမန်မီးရထားလမ်းသည် ဗမာပြည်ရှိ သံဖြူဇရပ်မှ ဘုရားသုံးဆူ တောင်ကြားကို ဖြတ်ကျော်ပြီး ထိုင်းနိုင်ငံ ဘန်ပေါင် (Ban Pong) ဘူတာအထိ ၁၇၅ မိုင် ရှည်လျားသော သံလမ်းကြီး တည်ဆောက်သည်။ ထိုသေမင်းတမန် မီးရထားလမ်းကြီး၏ စီမံကိန်း စတင်ချိန် ၁၉၄၂ ခုနှစ်မှ ဂျပန်တို့ စစ်ရှုံးချိန် ၁၉၄၅ ခုနှစ်အထိ သေဆုံးခဲ့ရရှာသော ဗမာချွေးတပ်သားအရေအတွက်သည် ၈၀၀၀၀ (ရှစ်သောင်း)ကျော်ကျော် ရှိသည်ဟု ဆိုသည်၊ မဟာမိတ်စစ်သားအရေအတွက် ၁၀၀၀၀ (တစ်သောင်း)ကျော် ကျော် ရှိသည်။

ထိုကဲ့သို့ လယ်လုပ်သော ကျွဲနွားများကို ဂျပန်စစ်တပ်ရိက္ခာအတွက် သတ်ဖြတ်စားသောက်ခြင်း၊ လယ်သမားများကို ချွေးတပ်ဆွဲခြင်းတို့ကြောင့် ဒေါက်တာဘမော်အစိုးရထုတ်ပေးသော တန်ဖိုးမဲ့ငွေများသည်လည်း တောင်သူလယ်သမားတို့၏ လယ်ယာလုပ်ငန်းအတွက် ဘာမှ အထောက်အကူမဖြစ်ပေ။

ရန်ကုန်မြို့နေလူထုအတွက် စားဝတ်နေရေး ခက်ခဲလှသည်။ ပြည်သူလူထု၏ စားဝတ်နေရေး အဆင်မပြေသောအခါ ဘုန်းတော်ကြီးများကို ဆွမ်းကပ်ရန် အလွန်ခက်ခဲနေသည်။ ထိုအကြောင်းနှင့်ပတ်သက်ပြီး ဝန်ကြီးချုပ်ဦးနုသည် ငါးနှစ်ရာသီ မြန်မာပြည် စာအုပ်တွင် ဖက်ဆစ်ဂျပန်တို့၏ ယုတ်မာရက်စက်ပုံ ဂျပန်ခေတ်တွင် စားဝတ်နေရေး ခက်ခဲပုံများကို အသေးစိတ်ဖော်ပြခဲ့လေသည်။

ရန်ကုန်မြို့တွင် ယခင်အင်္ဂလိပ်ခေတ်က စက်ရုံ၊ အလုပ်ရုံ ပေါများသည်။ အရှေ့တောင်အာရှတွင် အလုပ်အကိုင်အခွင့်အလမ်း အပေါများဆုံးမြို့ကြီးဖြစ်သည်။ စက်မှုလက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းအားလုံး ကောင်းမွန်သည်။ အလုပ်အကိုင်အခွင့်အလမ်းပေါသည်။ ယခုတော့ ဂျပန်စစ်တပ် ကောင်းမှုဖြင့် မြို့ပျက်ရန်ကုန်တွင် စက်ရုံ၊ အလုပ်ရုံ မရှိတော့ပေ။ စိုက်ပျိုးရေး၊ မွေးမြူရေးလည်း မဖြစ်ထွန်းပေ၊ ကြံရာမရသည့်အဆုံး အရွယ်ကောင်းသော လူငယ်များ အရံတပ် (auxiliary Troops) ခေါ် ဟိုက်ဟိုးတပ် (Heiho) သို့ ဝင်ရောက်အမှုထမ်းကြလေတော့သည်။

အင်္ဂလိပ်ခေတ်တွင် ထွက်သမျှစပါးများကို ကမ္ဘာ့ပေါက်ဈေးဖြင့် နိုင်ငံတကာသို့ တင်ပို့ရောင်းချခွင့်ရခဲ့သည်။ အမှန်စင်စစ်အားဖြင့် ဆန်ကုန်သည်ကြီးများ လက်ဝါးကြီးအုပ်ပြီး နိုင်ငံတကာသို့ ရောင်းချသည်မှန်သော်လည်း တောင်သူလယ်သမားများရသော ဝင်ငွေသည် ဖက်ဆစ်ဂျပန်ခေတ်ထက် အဆပေါင်းများစွာ ပိုများလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြည်ပကုန်သွယ်ရေးကိုလည်း ဂျပန်ကုန်သည်ကြီးများသာ ချုပ်ကိုင်ထားသည်။ ဗမာပြည်သားများ လုပ်ကိုင်ခွင့် မရှိပေ။

ဖက်ဆစ်ဂျပန် အုပ်စိုးသောကာလသည် ရန်ကုန်မြို့ ရွှေခေတ်မဟုတ်တော့ပေ။ ရန်ကုန်မြို့၏ ကံကြမ္မာဆိုးဝင်သော ခေတ်ကာလဖြစ်ခဲ့သည်။ ဂျပန်ခေတ်တွင် မည်သည့် အဆောက်အအုံမှ အသစ် ထပ်မံဆောက်လုပ်ခြင်း မရှိသကဲ့သို့ ဂျပန်လေယာဉ်များ ဗုံးကြဲ၍ ပျက်ဆီးခဲ့သော အဆောက်အဦးများကိုပင် ပြုပြင်ခြင်း မပြုခဲ့သလို မဟာမိတ်တပ်မှ ဗုံးကြဲခဲ့သော အဆောက်အဦးများကိုလည်း ပြုပြင်ခြင်းမပြုဘဲ ပစ်ထားခဲ့ကြသည်။

ဥပမာ အဆောက်အအုံကြီးတစ်ခုတွင် ဂျပန်တို့ဌာနချုပ်ဖွင့်မည်။ ထိုအဆောက်အဦးကြီးကို မဟာမိတ်တို့ ဗုံးကြဲပျက်ဆီးလိုက်သောအခါ နောက်ထပ် အဆောက်အဦးတစ်ခုသို့ ပြောင်းပြီး စခန်းချလေရာ ရန်ကုန်မြို့ကြီးတစ်ခုလုံးမှ ကြီးမားသော အဆောက်အဦးကြီးများအားလုံး ဗုံးထိမှန်၊ ပျက်ဆီးခဲ့သောကြောင့် မြို့ပျက်ကြီးဖြစ်ခဲ့ရလေသည်။ မြို့ပျက်ကြီးအတွင်းမှ မြို့သူ၊ မြို့သားများ၏ဘဝသည်လည်း စားရမဲ့သောက်ရမဲ့ဘဝတွင် ဝတ်ပြတ်စုတ်ပြတ်နေကြသည်။ စားရတော့ မဝရေစာ၊ သောက်ရတော့ အညံ့စား၊ နေရတော့ ဗုံးထိအဆောက်အဦးအစုတ် နိဂုံးချုပ်တော့ ရန်ကုန်တစပြင်ကြီးဖြစ်ခဲ့ရသည်။

၁၉၄၄ ခုနှစ်အစောပိုင်းတွင် ရန်ကုန်မြို့သားများ ဝတ်ပြတ်နေကြပြီဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၁၉၄၄ ခုနှစ်၊ အစောပိုင်းတွင် ရန်ကုန်ရေဒီယို (Rangoon Radio)မှ ထုတ်လွှင့်သော အစီအစဉ်တစ်ခုတွင် အမေ(မိခင်)တစ်ဦးမှ သူမ၏ သမီးများကို သင်ပေးရာတွင် ထမင်းနေရာတွင် အစားထိုးပြီး စားသောက်နိုင်သော မြက်အမျိုးမျိုး အကြောင်း အသေးစိတ်ဖော်ပြသော ကဏ္ဍတစ်ရပ် ထုတ်လွှင့်ပေးရာတွင် ရန်ကုန်မြို့သူမြို့သားများ၊ အငတ်ဘေးကြုံပါက မြက်စားနိုင်သည်ဟု ဂျပန်ပညာရှင်များက နည်းပညာ ပေးနေကြောင်း ထင်ရှားလေသည်။

စစ်တောင်းမြစ်ဝှမ်းတိုက်ပွဲကာလအတွင်း၌ ဂျပန်စစ်သားတို့သည် စားနပ်ရိက္ခာပြတ်တောက်သောအခါတွင် စားသုံးနိုင်သော မြက်များအကြောင်း အသေးစိတ် သိထားကြသောကြောင့် မျှစ်နှင့် မြက်များကို အစားထိုးပြီး စားသောက်လာကြသည်

■ ■ ■





## အခန်း (၄)
## စစ်ပြီးခေတ်၊ ရန်ကုန်မြို့

၁၉၄၃ ခုနှစ်၊ ဒီဇင်ဘာလကတည်းက မဟာမိတ်တို့ဖက်မှ စစ်ရေးသာမည်ဟု ထင်ရှားလာသောကြောင့် လူမဆန်ရက်စက်နေသော ဖက်ဆစ်ဂျပန်များကို တိုက်ထုတ်ရန်အတွက် ဗမာ့တော်လှန်ရေးအင်အားစုများသည် အိန္ဒိယရှိ ဗြိတိသျှ မဟာမိတ်ဌာနချုပ်နှင့် လျှို့ဝှက်ဆက်သွယ်ခဲ့သည်။ မဟာမိတ်တို့သည် ကနဦးတွင် ဗမာများကို ယုံကြည်မှု မရှိခဲ့ပေ။ သို့သော် လူဝီမောင့်ဘက်တန် တာဝန်ယူသော အချိန်တွင် ဗမာ့တပ်မတော်မှ တပ်သားများ ရနိုင်သမျှ စုစည်းပြီး လက်နက်ခဲယမ်းမျိုးစုံ လေကြောင်းမှ ထောက်ပံ့ရန် သဘောတူခဲ့သည်။ ဗမာ့တော်လှန်ရေးသမားများနှင့် ဆက်သွယ်ဆောင်ရွက်ရန်အတွက် Force 136 သည် ဗမာပြည်အတွင်း လျှို့ဝှက်ဝင်ရောက်ပြီး ကရင်နယ်မြေ၌ ခြေကုပ်ယူထားသည်။

၁၉၄၄ ခုနှစ်၊ ဩဂုတ်လတွင် ဖက်ဆစ်ဆန့်ကျင်ရေး၊ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ AFO သို့မဟုတ် (AFPFL) ကို ဖွဲ့စည်းခဲ့သည်။

ဂျပန်တို့သည် အင်ဖားတိုက်ပွဲမတိုင်မီအထိ စုစုပေါင်းအင်အား ၁၁၅၀၀၀ (တစ်သိန်း တစ်သောင်းငါးထောင်)အထိ ရှိခဲ့သော်လည်း အင်ဖားတိုက်ပွဲတွင် စုစုပေါင်း စစ်သည် ၆၅၀၀၀ (ခြောက်သောင်းငါးထောင်)ကျော်ကျော်အထိ ကျဆုံးခဲ့သည်။

ဂျပန်တပ်များသည် အင်ဖားမှ ဆုတ်ကြသည်နှင့် မဟာမိတ်တပ်သည် တင့်ကားများ၊ လေယာဉ်များကို အသုံးပြုပြီး အမြောက်လက်နက်ကြီးပစ်ခတ်မှုအင်အားကို ဖိ၍ အသုံးပြုခဲ့သော်လည်း ဂျပန်တပ်တွင် တင့်ကားများ မရှိတော့ပေ။ တိုက်လေယာဉ်များလည်း မရှိတော့ပေ။ ထို့ကြောင့် လက်နက်အင်အား ကွာလွန်းသောကြောင့် ဧရာဝတီမြစ်ဝှမ်းတစ်လျှောက် တိုက်ခိုက်ခဲ့သော တိုက်ပွဲတိုင်း ဂျပန်တို့ အရေးနိမ့်ခဲ့ရသည်။ ဂျပန်တပ်များ တိုက်ခိုက်မှုစွမ်းရည် ညံ့ဖျင်းသွားသောကြောင့် မဟုတ်ပေ။ ခေတ်သစ်စစ်ဗျူဟာအရ တိုက်ခိုက်မှုစွမ်းရည် မည်မျှကောင်းသည့် စစ်သားများ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါစေ လက်နက်အင်အား အဆမတန် ကွာခြားပါက အရှုံးပေးရမည်မှာ ဓမ္မတာဖြစ်သည်။

ရေဝတီမြစ်ဝှမ်းတစ်လျှောက် တိုက်ပွဲများတွင် ဂျပန်တို့ဖက်မှ မူလအင်အား ၇၀၀၀ (ခုနစ်ထောင်)ရှိခဲ့သော်လည်း ၄၀၀၀ (လေးထောင်)တိတိ ကျဆုံးသွားခဲ့ပြီဖြစ်လေရာ ၃၀၀၀ (သုံးထောင်)မျှသာ ကျန်လေတော့သည်။ ကျန်သော စစ်သားသုံးထောင်မျှသာ ရေဝတီမှတဆင့် စစ်တောင်းမြစ်ဝှမ်းသို့ ဖြတ်ကျော်ရန် ရောက်ရှိလေသည်။ ဂျပန်တို့၏ အမှတ် ၁၈ တပ်မတော်တွင် စစ်သားအင်အား ၁၅၀၀၀ (တစ်သောင်းခွဲ)အထိရှိသော်လည်း ရေဝတီမြစ်ဝှမ်း တိုက်ပွဲများအတွင်း ဂျပန်စစ်သား ၁၀၀၀၀ (တစ်သောင်း) ကျော်ကျော် ကျဆုံးခဲ့သောကြောင့် စစ်တောင်းမြစ်ဝှမ်းသို့ ရောက်ချိန်တွင် ဂျပန်စစ်သား ၅၀၀၀ (ငါးထောင်)မျှသာ ကျန်တော့သည်။

စုစုပေါင်း စစ်တောင်းမြစ်ဝှမ်းမှ ဖြတ်ကျော်သည့် ဂျပန်စစ်သားအရေအတွက်သည် ၁၀၈၇၂ (သုံးသောင်း ရှစ်ရာခုနစ်ဆယ့်နှစ်)ယောက်ဖြစ်ပြီး ၁၉၄၅ ခုနှစ်၊ ဇူလိုင်လကုန်တွင် စစ်တောင်းမြစ်ဝှမ်းကို ဖြတ်ကျော်ချိန်မှစပြီး ၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ဂျပန်တို့ လက်နက်ချချိန်အထိ ကျဆုံးသော ဂျပန်စစ်သားအရေအတွက်သည် ၁၆၉၉၉ (တစ်သောင်း ခြောက်ထောင် ကိုးရာကိုးဆယ့်ကိုး)ဦးဖြစ်လေရာ မဟာမိတ်တပ်နှင့် ရင်ဆိုင်တိုက်ခြင်း၊ လေယာဉ်မှ ဗုံးကြဲတိုက်ခိုက်ခြင်း၊ စက်သေနတ်နှင့် ပစ်ခတ်မှုကြောင့် သေဆုံးခြင်း၊ စစ်တောင်းမြစ် ဖြတ်ကျော်ချိန်တွင် ကမ်းနှစ်ဖက်မှစောင့်ပြီး ခြောင်းမြောင်း ပစ်ခတ်ခြင်းတို့ကြောင့် သေဆုံးသော ဂျပန်စစ်သားအရေအတွက်သည် ငါးထောင်ကျော်၊ ခြောက်ထောင် ဝန်းကျင်မျှ ရှိမည်ဖြစ်သည်။

၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့တွင် မဟာမိတ်လေယာဉ်များမှ စာရွက်များ ကြဲချပြီး ဂျပန်တပ်ကို လက်နက်ချခိုင်းသည်။ ထိုအချိန်တွင် ဂျပန်တို့သည် စစ်ကြောင်းများခွဲပြီး စစ်တောင်းမြစ်ကို ဖြတ်ကူးနေချိန်ဖြစ်သည်။

အောက်တိုဘာလ ၂၄ ရက်နေ့တွင် ဂျပန်တပ်များ လက်နက်ချသော အခမ်းအနားကို ရန်ကုန်တက္ကသိုလ်၌ ကျင်းပခဲ့လေသည်။ လက်နက်ချအခမ်းအနားတွင် ဂျပန်ဗိုလ်ချုပ် ကီမူရာ (The Japanese Commander of the Burma area, General Kimura) သည် သူ၏ တိုက်ပွဲတိုင်း အနိုင်ရခဲ့သော တိုက်ပွဲဝင်ဓါးရှည်ကြီးကို မဟာမိတ်တို့၏ အမှတ် ၁၂ တပ်မှ လက်ဖတင်နယ် ဂျင်နရယ်ဆာမွန်တေဂူစတော့ဖို့ဒ် (Lt - General Sir Mongagu Stop Ford) ထံ အပ်နှင်းလိုက်သည်။

ဖက်ဆစ်ဂျပန်တို့ လက်မှ ပြန်ရခဲ့သော ရန်ကုန်မြို့ပျက်ကြီးသည် စိတ်ပျက်ဖွယ်





ကောင်းသည်။ မြို့ပျက်ကြီးဟုသာဆိုရမည်။ ရန်ကုန်မြို့ရှိ လုပခန့်ညားသော တိုက်တာအဆောက်အအုံအရေအတွက်၏ သုံးပုံတစ်ပုံကျော် ပျက်ဆီးသွားပြီဖြစ်သည်။

ရေဝတီကုမ္ပဏီသည် သူပိုင်ဆိုင်သော မီးသင်္ဘောများကို ဂျပန်များလက်သို့ မပေးလိုသောကြောင့် ဖျက်ဆီးပစ်ခဲ့သည်။ ရေနံချောင်း ရေနံမြေမှ ရေနံတွင်းများကိုလည်း ဖျက်ဆီးပစ်ခဲ့သည်။ တံတားကြီးများကိုလည်း ဗြိတိသျှစစ်တပ်က ဖျက်ဆီးသွားခဲ့သည်။

ဖက်ဆစ်ဂျပန်တို့သည် ဗမာပြည်ကို သိမ်းပိုက်ရာ၌ သူတို့၏အကျိုးစီးပွားအတွက် အဓိကထားလေရာ တံတားပျက်များကို ပြုပြင်ခြင်း မပြုပေ။ ဂျပန်တို့၏ နည်းမှာ ရှင်းသည်။ ဒီတံတားပျက်နေရင် မြစ်ကျဉ်းတဲ့နေရာမှာ ဝါးဖောင်နဲ့ ကူး၊ ဒီဖက်မှ လမ်းပျက်ရင် ဟိုဖက်က သွားဆိုတဲ့ ပုံစံမျိုး ကျင့်သုံးခဲ့ရာ ရထားလမ်းပျက်၊ ကားလမ်းပျက်နှင့် အားလုံးအပျက်များသာဖြစ်နေတော့သည်။

၁၉၄၅ ခုနှစ်၊ မေလဆန်းတွင် ရန်ကုန်မြို့ကို သိမ်းပိုက်ခဲ့ပြီးဖြစ်ရာ ဂျပန်ငွေစက္ကူများကို တရားမဝင် ငွေစက္ကူများအဖြစ် ကြေညာနိုင်ခွင့်ရှိသော်လည်း ယခုလောလောဆယ်တွင် ဗမာပြည်သူများလက်ထဲ၌ ဂျပန်ငွေစက္ကူများစွာ ရှိနေပြီး ပြည်သူလူထုသည် ဂျပန်ငွေများနှင့် လှည့်ပတ်သုံးစွဲနေကြသောကြောင့် ဖျက်သိမ်းခြင်းမပြုသေးဘဲ သတိပေးထားရသည်။ စစ်ရှုံးသွားပြီဖြစ်သောကြောင့် ဂျပန်ငွေစက္ကူများသည် တရားမဝင် ငွေစက္ကူများဖြစ်ကြသောကြောင့် မကြာမီ လုံးဝ ဖျက်သိမ်းတော့မည်ဖြစ်ရာ လက်ထဲရှိပြီးသား ငွေစက္ကူများမှလွဲပြီး နောက်ထပ် စုဆောင်းခြင်း၊ လက်ခံခြင်း မပြုကြရန် အသိပေးထားခဲ့သည်။ ထိုအချိန်တွင် ဗမာပြည်အစိုးရလက်ထက်၌ အသုံးပြုခဲ့သော ရူပီးငွေများကို ရိုက်နှိပ်ရန် တာဝန်ပေးထားခဲ့သည်။ မေလကုန်သည်နှင့် ဂျပန်ငွေစက္ကူများကို ဆက်လက်အသုံးပြုခွင့် မရှိဟု တရားဝင်ကြေညာခဲ့သည်။

ဗြိတိသျှစစ်တပ်မှ ဂျပန်ငွေစက္ကူများ တရားမဝင်ကြောင်း ကြေညာသည်ကို ဗမာပြည်အစွန်အဖျားရှိ မသိနားမလည်သူများထံ ရန်ကုန်သားလူလည်များသည် ဂျပန်ငွေစက္ကူ (ထောင်မလဲ၊ သဲကော်)များကို ဂုန်နီအိတ်ကြီးများဖြင့် ထည့်ပြီး စားကုန် သောက်ကုန်၊ လူသုံးအိမ်သုံးပစ္စည်းများကို ရနိုင်သမျှ ဝယ်ယူသွားခဲ့ကြသောကြောင့် ဂျပန်ငွေစက္ကူများ တရားမဝင်ဟု ကြေညာချိန်တွင် ရန်ကုန်မြို့သားလူလည်များ၊ သိပ်မထိခဲ့ပေ။ မသိနားမလည်သော တောသူတောင်သားများစွာ အထိနာခဲ့ကြသည်။

ဂျပန်ငွေစက္ကူများ အသုံးပြုခွင့်မရသောအခါ ဆင်းရဲသားများသည် ဈေးဆိုင်များကို ဝင်လုကြသောကြောင့် ပြဿနာအကြီးအကျယ် တက်ခဲ့ကြသည်။

စစ်အုပ်ချုပ်ရေးစတင်ချိန်တွင် ရန်ကုန်ရှိ အဆောက်အအုံအားလုံးနီးပါး ပျက်ဆီး



www.burmeseclassic.com

www.burmeseclassic.com



နေကြောင်း တွေ့ရသည်။ ဂျပန်စစ်တပ်သည် မီးမွှေးရန် ထင်းရှာဖွေခြင်းမပြုဘဲ အဆောက်အအုံ လှေကားများ၊ ပရိဘောဂများကို ထင်းလုပ်ပြီး မီးဆိုက်ခဲ့ကြသည်။

ရန်ကုန်မြို့ကို ဗြိတိသျှစစ်တပ်က သိမ်းပိုက်ပြီး တရားဥပဒေစိုးမိုးရေးအတွက် တာဝန်ယူနိုင်သောအခါ ဂျပန်ဝင်စဉ်အခါက မြို့ကို စွန့်ခွာထွက်ပြေးကြသူအများစု ပြန်လာကြသည်။

ထိုအခါ လူဆိုးလူမိုက်များသည် ပိုင်ရှင်မရှိသော တိုက်တာ၊ အဆောက်အအုံကြီးများကို ကျူးကျော်သိမ်းပိုက်နေကြောင်း စိတ်ပျက်ဖွယ်တွေ့ရသည်။ သို့သော် တရားဥပဒေ စိုးမိုးနေပြီဖြစ်လေရာ လူဆိုး၊ လူမိုက်များကို မဟာမိတ်တပ်မှ လိုက်လံဖမ်းဆီးရာ မတရားအနိုင်ကျင့်သိမ်းယူနေထိုင်သော အဆောက်အအုံများမှ ထွက်ပြေးပြီး ပုံးဒဏ်ခံပြီး ပျက်ဆီးနေသော အိမ်ပျက်များ၌ နေထိုင်ကြပြန်သည်။

ဗမာပြည်သည် ဖက်ဆစ်ဂျပန်လက်အောက်တွင် ငတ်ပြတ်ပြီး ရောဂါထူပြောခဲ့ရာမှ တဖြည်းဖြည်း စီးပွားရေးလုပ်ဆောင်နိုင်သော မြို့ကြီးအခြေအနေသို့ ပြန်လည်ရောက်ရှိလာသည်။ ဗြိတိသျှစစ်အုပ်ချုပ်ရေး (British Military Administration (BMA) သည် ၁၉၄၅ ခုနှစ်၊ မေလ ၆ ရက်နေ့မှ အောက်တိုဘာလ ၁၆ ရက်နေ့အထိ စစ်အုပ်ချုပ်ရေးဖြင့် တင်းတင်းကျပ်ကျပ် အုပ်ချုပ်ပြီး တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေးအတွက် ဆောင်ရွက်ပေးခဲ့သည်။ ထိုကာလအတွင်း လူဆိုး၊ သူခိုး၊ ဓါးပြများစွာကို ဖမ်းဆီးထောင် ချနိုင်ခဲ့သည်။ ၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့တွင် စီအက်(စ်)ဘီ (The Civil Supplies Board (CSB) ကို ဖွဲ့စည်းခဲ့သည်။ စစ်အတွင်း ဖျက်ဆီးခဲ့သော တံတားများ၊ လမ်းများအားလုံး ပြုပြင်တည်ဆောက်ပေးခဲ့သည်။ မီးရထားနှင့် မီးသဘောများသည် စစ်မဖြစ်မီ အနေအထားအတိုင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ပြုလုပ်လာကြသည်။

စစ်အတွင်း ပျက်ဆီးခဲ့သော စက်ရုံ၊ အလုပ်ရုံအားလုံးကို ပြန်ပြီး ပြုပြင်တည်ဆောက်ခဲ့သည်။ ၁၉၄၅ ခုနှစ်၊ အောက်တိုဘာလတွင် အိန္ဒိယပြည် ဆင်းမလားမြို့မှ စစ်ပြေးအစိုးရသည် ရန်ကုန်သို့ ပြန်ရောက်လာသည်။ ထို့ကြောင့် ကက်(စ်)ဘီသည် အုပ်ချုပ်ရေးအာဏာကို အရပ်ဖက်အစိုးရလက်ထဲသို့ ပြန်ပေးခဲ့လေသည်။

မြန်မာပြည်မှာ ဒုတိယကမ္ဘာစစ်ကြီး၏ ဒဏ်ကို ခံစားခဲ့ရသော်လည်း မြန်မာပြည်အနှံ့ နေရာအတွင်း၌ တိုက်ပွဲကြီးများ ဖြစ်ခဲ့သည် မဟုတ်ပေ။ ဂျပန်ဝင်သော လမ်းကြောင်းတစ်လျှောက်နှင့် ဗြိတိသျှတပ်များ ဆုတ်ခွာသော လမ်းတစ်လျှောက်၌သာ တိုက်ပွဲများဖြစ်ခဲ့ရာ ထိုလမ်းကြောင်းနှင့် ဝေးသောဒေသများသည် စစ်၏ဒဏ်ကို





ခံစားရခြင်း မရှိပေ။ ဗမာပြည်အတွင်း သုံးနှစ်ကျော်ကျော် စိုးမိုးနေသော ဖက်ဆစ်ဂျပန်များကို ဗမာပြည်မှာ မောင်းထုတ်သော တိုက်ပွဲသည် ဗမာပြည်အနှံ့အပြားသို့ မရောက်ခဲ့ပေ။

ရှေ့ဦးစွာ အင်ဖားတိုက်ပွဲကြီး အပြင်းအထန် ဖြစ်သည်။ ဗမာပြည်တွင်ရှိသော ဂျပန်စစ်သားအများစု အင်ဖားတိုက်ပွဲ၌ ကျဆုံးခဲ့ပြီးဖြစ်သည်။ ဂျပန်တို့၏ အမြောက်လက်နက်ကြီးများအားလုံး ဆုံးရှုံးခဲ့ပြီ၊ တိုက်ခိုက်မှုစွမ်းရည် အထက်မြက်ဆုံးတပ်များကို ဆုံးရှုံးလိုက်ရပြီ ဖြစ်သည်။ ဂျပန်တို့တွင် လေယာဉ်များ မရှိ၊ တင့်ကားများ မရှိ၊ အမြောက်ကြီးများ မရှိ။ ထို့ကြောင့် မြစ်ကြီးနားမှ တပ်များ မန္တလေးသို့ ဆုတ်သည်။ မန္တလေးမြို့ကြီးကို မဟာမိတ်တင့်ကားတပ်များ သိမ်းပိုက်လိုက်သောအခါ ဂျပန်တပ်များသည် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် စုန်ဆင်းပြီး ရန်ကုန်အထိ ဆုတ်ပေးကြသည်။ ရခိုင်စစ်မျက်နှာမှ စစ်ရှုံးသော တပ်များ မြစ်ဝကျွန်းပေါ်ဒေသရှိ အစောင့်တပ်အနည်းငယ်တို့ ရန်ကုန် မြို့၌ စုပြီးခုခံကြရန်ဖြစ်သည်။ ရန်ကုန်မြို့တွင် တစ်လမ်းဝင် တစ်လမ်းထွက်အသေအကြေ ခုခံတိုက်ကြဖို့ စီစဉ်ထားသည်။

ဒေါက်တာဗမော်၏ အသနားခံမှုကြောင့် ဂျပန်နန်းရင်းဝန် တိုကျိုသည် ရန်ကုန်၌ အသေခံတိုက်ခြင်း မပြုဘဲ ဆိုင်ဂုံမြို့အထိ ဆုတ်ကြဖို့ အမိန့်ရသည်။ ထိုအခါ ရှမ်းပြည်မှ တပ်များသည် ရှမ်းရိုးမတောင်တန်းကြီးကို ဖြတ်ပြီး ဆိုင်ဂုံမြို့ (ဟိုချီမင်းမြို့တော်) အထိ ဆက်တိုက်ဆုတ်သွားနိုင်ခဲ့သော်လည်း ရန်ကုန်မြို့တွင် စုပေါင်းခံစစ်အတွက် ရောက်နေကြသော တပ်များအနေဖြင့် ဆိုင်ဂုံအထိ ပြေးရန်အတွက် စစ်တောင်းမြစ်ကို ဖြတ်ကျော်ပြီး သထုံကို ဖြတ်၍ ဘားအံမြို့ကို ဖြတ်ရမည်။ ပြီးနောက်၊ ဒေါနတောင်တန်းကြီးကို ဖြတ်ကျော်ပြီး ထိုင်းနိုင်ငံကို ဖြတ်၍ မော်တော်ကားများ ရနိုင်သမျှရှာဖွေပြီး ကမ္ဘောဒီးယားကို ဖြတ်၍ အာနန်ပြည် (ဗီယက်နမ်နိုင်ငံ) အထိ ဆုတ်ခွာရန် စီစဉ်ထားသည်။

ထို့ကြောင့် ဖက်ဆစ်ဂျပန်တပ်များ ဆုတ်ခွာပြေးသော လမ်းကြောင်းတစ်လျှောက်တွင် တိုက်ပွဲများ ဖြစ်ခဲ့သည်။ တိုက်ပွဲများသည် အောက်မြန်မာပြည်တွင် သထုံမြို့နှင့် ဘီးလင်းမြို့၌ အနည်းငယ်မျှ ရင်ဆိုင်တိုက်ပွဲဖြစ်ခဲ့ပြီး မုတ္တမကို ဖြတ်ကျော်ခြင်း မရှိခဲ့ပေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)
## အိမ်ဆောင့်အစိုးရခေတ် ရန်ကုန်မြို့

၁၉၅၈ မှ ၁၉၆၀ ကြားကာလသည် အိမ်စောင့်အစိုးရခေတ်ကာလဖြစ်သည်။ ထိုကာလကို ကမ္ဘာ့သမိုင်းဆရာများက ၁၉၆၂ ခုနှစ်တွင် စစ်တပ်၏ အပြီးတိုင်အာဏာသိမ်းယူခြင်းအတွက် ကြိုတင်လေ့ကျင့်သောအချိန်ကာလ ဟု တင်စားခေါ်ဆိုကြလေသည်။

အိမ်စောင့်အစိုးရခေတ်သည် တပ်မတော်မှ နံပါတ် (၁) ဦးနေဝင်းနှင့် နံပါတ် (၂) ဗိုလ်မှူးချုပ် အောင်ကြီးတို့၏ နိုင်ငံတော်အာဏာကို ထာဝရ သိမ်းပိုက်ရေးအတွက် စမ်းသွင်းလေ့ကျင့်နေသော အချိန်ကာလဖြစ်လေရာ တိုင်းပြည်၏ အနာဂတ်ကံကြမ္မာအတွက် ရင်လေးဖွယ်ဖြစ်သည်။

သို့သော် လွတ်လပ်ရေး၏ ဖွားဖက်တော်ဖြစ်သော ပြည်တွင်းစစ်ကာလအတွင်း လူသတ်လက်နက် ကိုင်ဆောင်နိုင်သော သူများသည် လူသတ်လက်နက်မကိုင်သော ပြည်သူလူထုကို လူမဆန်စွာ သတ်ဖြတ်၊ လုယက်၊ မုဒိမ်းကျင့် မြို့ရွာများမီးရှို့ဖျက်ဆီးကြလေရာ ပြည်သူလူထုသည် သားသေ၊ လင်ဆုံး၊ မယားသေ၊ သမီးဆုံးများ၊ ဒုက္ခိတများ၊ ပန်းကောင်းအညွန့်ကျိုးများသည် ဧရာဝတီမြစ်ဝကျွန်းပေါ်မြို့ရွာများကို စွန့်ခွာပြီး ရန်ကုန်မြို့သို့ ရောက်လာကြသည်။ ပြီးနောက် မြို့စွန်မြို့ဖျားနေရာအနှံ့ ယာယီတဲများ ထိုးပြီး ဖြစ်သလို နေကြသည်။ ကျူးကျော်တဲများဖြစ်လေရာ သူ့အိမ်ရှေ့ငါ့အိမ်နောက်ဖေးဖြစ်သည်။ အိမ်သာမရှိ ကျုံရာသွား။ ထိုအခါ ရောဂါဘယထူပြောလာသည်။ နောက်တော့ တွင်းတူအိမ်သာတွေ ပေါ်လာသည်။ ၁၉၄၈ မှ ၁၉၅၈ အထိ ဆယ်နှစ်တာကာလတွင် ရန်ကုန်မြို့၌ ကျူးကျော်တဲအရေအတွက် အတိုင်းအဆမရှိ တိုးတက်လာခဲ့သည်။

ကျူးကျော်တဲများတွင် နေထိုင်သူများသည် နေအိမ်လုံခြုံမှု မရှိခြင်း၊ အရှက်





လုံခြုံမှု မရှိခြင်းကြောင့် တွေ့ပါမြင်ပါများတော့ အိမ်ထောင်ရေးဖောက်ပြန်မှုများ ဒုစရိုက်မှုများ၊ ပြဿနာမျိုးစုံဖြစ်လာသည်။ အဆိုးဝါးဆုံးမှာ ပြည့်တန်ဆာအိမ်များစွာ ပေါ်ပေါက်လာသည်။ ဖဲဝိုင်းများစွာ ရှိသည်။ လောင်းကစားမျိုးစုံ စရိုက်မျိုးစုံ ဖြစ်ပွားလာခဲ့သည်။

ကျူးကျော်တဲများကို အမှီပြုပြီး ပေါက်ဖွားလာသော ခွေးလေခွေးလွင့်များသည် မြို့တော်ရန်ကုန်ကို အကျည်းတန်အရုပ်ဆိုးစေသည်။ ဆောင်းအကုန်၊ နွေအကူး ဆိုခွေးရူးရောဂါတွေ ဖြစ်သည်။ ခွေးလေခွေးလွင့်မှ ခွေးရူးဖြစ်ပြီး အကိုက်ခံရသောကြောင့် သေဆုံးသူတွေ ရှိလာသည်။ (ဖဆပလ) အစိုးရသည် ပြည်သူ့ဒီမိုကရေစီအစိုးရဖြစ်လေရာ ကျူးကျော်သူများကို အဓမ္မနည်းသုံးပြီး ဖယ်ရှားရန် မဖြစ်နိုင်ပေ။

### မြို့တော်သန့်ရှင်းသာယာရေးအတွက် ချွေးဖြင့်လုပ်အားပေးကြမည်

ရန်ကုန်မြို့တော်ဝန် ကာနယ်ထွန်းစိန်သည် ရိုးသားသော စစ်သားဖြစ်သည်။ နိုင်ငံရေးအာဏာရယူလိုသော သူမဟုတ်ပေ။ ဗိုလ်ချုပ်ကြီးနေဝင်းက မြို့တော်ဝန်တာဝန်ပေးသောအခါ လက်ခံခဲ့သည်။ ၁၉၅၈ ခုနှစ် မြို့တော်ဝန်ဖြစ်စဉ်အခါက အသက် ၃၈ နှစ်မျှသာရှိသေးသည်။ ငယ်ရွယ်သူဖြစ်ခြင်း၊ နိုင်ငံရေးအာဏာမက်မောသူ မဟုတ်ခြင်း၊ ရိုးသားသော စစ်သားကြီးမျှသာဖြစ်လေရာ ကောင်းသည့်အလုပ်ကို ရဲရဲပြတ်သားစွာ လုပ်တတ်သည်။

ထိုခေတ်က စစ်သား၊ စစ်ဗိုလ်အများစုသည် ဘွဲ့ရပညာတတ်များ မဟုတ်ကြပေ။ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းကိုယ်တိုင် ဆယ်တန်းမျှသာ အောင်ခဲ့သည်။ သို့သော် ကာနယ်ထွန်းစိန်သည် ရန်ကုန်တက္ကသိုလ်မှ ဘွဲ့ရပညာတတ်ဖြစ်သည်။ သူ၏ ဖခင်သည် ကျောင်းအုပ်ကြီးတစ်ဦးဖြစ်သည်။ သူသည် ရန်ကုန်တက္ကသိုလ်တွင် ဘွဲ့ရပြီးမှ စစ်တက္ကသိုလ်တက်ပြီး စစ်တက္ကသိုလ်ဘွဲ့ရလာသူဖြစ်သည်။ ဝန်ကြီးချုပ်ဦးနုအစိုးရလက်ထက်တွင် ပြည်သူ့ဒီမိုကရေစီအစိုးရဖြစ်သောကြောင့် အရာရာကို တရားဥပဒေဘောင်အတွင်းမှ ဆောင်ရွက်ရသည်။ အကြမ်းဖက်ပြီးဆောင်ရွက်ခွင့် မရှိပေ။

ထိုအားနည်းချက်ကို အခွင့်ကောင်းယူပြီး အချို့သော လုပ်ငန်းရှင်များသည် ဥပဒေကို လက်တစ်လုံးခြား လှည့်စားကြသည်။ ဥပမာ ခန့်ခန့်ကြီး ဓါတ်ပုံစတူဒီယိုသည် မဟာဗန္ဓုလလမ်းနှင့် ၃၅ လမ်းထောင့်၌ ရှိသည်။ ဓါတ်ပုံစတူဒီယိုပိုင်ရှင် ဒေါ်ခင်မကြီးစတင် ဖွင့်လှစ်သော ၁၉၅၂ ခုနှစ်မှစပြီး ကြော်ငြာဆိုင်းဘုတ်ကြီးများကို မြို့၏ အချက်အချာနေရာများတွင် ဆိုင်းဘုတ်ကြီးများထောင်ပြီး ကြော်ငြာသော်လည်း မြို့စီပယ်တွင် တရားဝင်အခွန်ဆောင်ခြင်း မပြုပေ။ ထို့ကြောင့် စည်ပင်သာယာ[illegible]ဒေဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ငွေဆောင်စေသည်။ ထိုအခါ ဒေါ်ခင်မကြီးသည် ကျေနပ်စွာဖြင့် အပြစ်ဒဏ်ကို လက်ခံပြီး ဒဏ်ငွေဆောင်လေသည်။ အဘယ်ကြောင့်ဆိုသော် တရားဝင်ဆောင်ရသော အခွန်ငွေမှာ အလွန်များပြီး ဒဏ်ငွေဆောင်ပါက များစွာ သက်သာသောကြောင့်ဖြစ်သည်။

အိမ်စောင့်အစိုးရခေတ်တွင် မြူနီစီပယ်ဥပဒေမှာ မူလအတိုင်းဖြစ်လေရာ ဒေါ်ခင်မကြီးအား ဒဏ်ငွေဆောင်ဖို့ မလို၊ အခွန်ကို သတ်မှတ်နှုန်းထားအတိုင်း အများနည်းတူ ဆောင်နိုင်ရင်ဆောင်၊ အခွန်မဆောင်နိုင်ရင် ကြော်ငြာဆိုင်းဘုတ်၊ တင်ခွင့်မရှိ၊ ကိုယ့်ဆိုင်းဘုတ်တွေ ကိုယ့်အစီအစဉ်နဲ့ ပြန်သိမ်း၊ မသိမ်းပါက ဒဏ်ငွေဆောင်ဖို့ မလို၊ သတ်မှတ်အခွန်နှုန်းထားအတိုင်း အပြည့်အဝ ဆောင်ရမည်ဟု ကာနယ်ထွန်းစိန်က အမိန့်ပေးလိုက်သည်။

အိမ်စောင့်အစိုးရသည် ပြည်သူ့အစိုးရဖြေရှင်းရန် မတတ်နိုင်ခဲ့သော မြို့တွင်း ကျူးကျော်အားလုံးကို ပြတ်သားစွာ ဖယ်ရှားခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်း ဗုံးထိမှန်ပြီး ပျက်ဆီးနေသော အဆောက်အအုံအဟောင်းများတွင် လူမိုက်များနှင့် သူတို့၏ မိသားစုများ ကျူးကျော်နေကြသည်။ အချို့သော တိုက်များသည် အိန္ဒိယသားများ ပိုင်ဆိုင်သော တိုက်များဖြစ်လေရာ ပြဿနာမရှိပေ။ အချို့သော တိုက်များသည် ကပြားများ ပိုင်ဆိုင်သော တိုက်များဖြစ်လေရာ စစ်ပြီး ပြန်လာချိန်မှစပြီး တရားစွဲဆိုထားသော အိမ်ပျက်အများအပြားရှိသည်။ ဖဆပလ အစိုးရအနေဖြင့် တရားဥပဒေအတိုင်း ပြတ်ပြတ်သားသား ဆောင်ရွက်လိုက်ပါက ဗမာတိုင်းရင်းသားစစ်စစ်များကို မတရားဖိနှိပ်သည်ဟု အထင်လွဲကြပေမည်။ ဖြေရှင်းဖို့ ခက်သော အနေအထားဖြစ်သည်။

တရားရုံးမှ တရားမျှတစွာ ဆုံးဖြတ်ပေးပြီး ဖြစ်သော်လည်း မြို့တွင်းအချက်အချာကျသော နေရာဖြစ်သောကြောင့် ဖယ်မပေးနိုင်ဟု ပြတ်ပြတ်သားသား အနိုင်ကျင့်ကြသူများသည် ထိုမတရားမှုအားလုံးကို ကာနယ်ထွန်းစိန်လက်ထက်တွင် အပြီးတိုင် ဖြေရှင်းခဲ့သည်။ မူလပိုင်ရှင်များလက်သို့ အဆောက်အအုံများ ပြန်အပ်သလို ကျူးကျော်များကိုလည်း အိမ်ခြေရာမဲ့ မဖြစ်စေရန်အတွက် မြို့သစ်များ၌ နေရာပေးခဲ့သည်။

မူလပိုင်ရှင်များသည် အိမ်ပျက်ကြီးများကို ဖြစ်သည့်နည်းဖြင့် ပြုပြင်ရမည်ဟု အမိန့်ပေးလိုက်သောကြောင့် ဗုံးထိ၊ အဆောက်အအုံပျက်များ ကွယ်ပျောက်ပြီး အိမ်သစ်များ ပေါ်ပေါက်လာသည်။

ပြည်တွင်းစစ်ဒဏ်ကြောင့် အိမ်စောင့်အစိုးရတက်သော အချိန်ကာလတွင် ရန်ကုန်မြို့တော်၏ ညအလှသည် အကျည်းတန်အရုပ်ဆိုးနေသည်။ ပြည့်တန်ဆာများက နေ့၊ ည၊ မပြတ်၊ မြို့၏ နေရာအနှံ့ရှိနေကြသည်။ ဖဲဝိုင်းများ၊ အရက်ပုန်းဆိုင်များ





နေရာအနှံ့ ရှိသည်။ အထူးသဖြင့် ကျူးကျော် ရပ်ကွက်များတွင် အရက်၊ ဖဲ၊ ဖာ၊ လူဆိုးလူမိုက်၊ အစုံအလင်ရနိုင်သည်။

ဒုက္ခိတသူတောင်းစားများ၊ သက်ကြီးရွယ်အိုအားကိုးရာမဲ့ သူတောင်းစားများနှင့် မိဘမဲ့ခိုကိုးရာမဲ့ သူတောင်းစားများသည် လူစည်ကားရာနေရာတိုင်းကို အကျည်းတန်စေသည်။ ထို့ကြောင့် ကျူးကျော်တဲအားလုံးကို စာရင်းကောက်ပြီး ရှင်းလင်းဖျက်သိမ်းကာ တောင်ဥက္ကလာပမြို့သစ်၊ မြောက်ဥက္ကလာပမြို့သစ်၊ သာကေတမြို့သစ်များတွင် နေရာချပေးသည်။ မြေကွက်များ ပိုင်ဆိုင်ခွင့်ပေးသည်။ အိမ်ဆောက်ပစ္စည်းများကို ဈေးသက်သာစွာဖြင့် ရောင်းပေးခဲ့သည်။

ကျူးကျော်တဲများသည် လမ်းပိတ်၊ မြောင်းပိတ်ပြီး စိတ်ကူးပေါက်သလို စိတ်ရှိုင်းရှိသလို ပစ်စလက်ခတ် အိမ်ဆောက်ကြလေရာ လမ်းပိတ်မြောင်းပိတ်၊ လမ်းပျက်၊ မြောင်းပျက်များ ဖြစ်နေသောကြောင့် လမ်းများပြုပြင်၊ မြောင်းများပြုပြင်နှင့် အိမ်စောင့်အစိုးရလက်ထက် မြို့တော်ဝန်ကာနယ်ထွန်းစိန်သည် နားရသည် မရှိပေ။ သူ၏ မြို့တော်ကြီး သန့်ရှင်းသာယာရေးစီမံကိန်းကို ချွေးဖြင့်ရင်းသောစီမံကိန်း (The Sweat Compaigns) ဟု အမည်ပေးထားသည်။

ကာနယ်ထွန်းစိန်သည် မြူနီစီပယ်အကြီးအကဲအဖြစ် လုပ်ပိုင်ခွင့်ရသည်နှင့် ခြောက်လအတွင်း ကျူးကျော်နေထိုင်သူ စုစုပေါင်း ၁၇၀၀၀၀ (တစ်သိန်းခုနစ်သောင်း)ကို မြို့သစ်များ၌ နေရာချထားခဲ့သည်။ စစ်တပ်ကားများဖြင့် သယ်ဆောင်ပေးခဲ့ကြသည်။ ကာနယ်ထွန်းစိန် တာဝန်ယူပြီး ခြောက်လအတွင်း၌ ရန်ကုန်မြို့ကြီးသည် သန့်ရှင်းသွားသည်။ ရန်ကုန်မြို့သူမြို့သားများသည် ခေတ်အဆက်ဆက် မြို့တော်သန့်ရှင်းရေးအလုပ်ကို ကိုယ်နှင့် မဆိုင်သလို နေခဲ့သည်။ သို့သော် ကာနယ်ထွန်းစိန်လက်ထက်တွင် အချောင်ခိုလို့ မရတော့ပေ။ အပတ်စဉ် စောစောထပြီး ကိုယ့်လမ်းသန့်ရှင်းရေးအတွက် စုပေါင်းပါဝင် ရသည်။

၁၉၅၈ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့မှစပြီး ရန်ကုန်သားများ၊ အပတ်စဉ်၊ သန့်ရှင်းရေးအတွက် လုပ်အားပေးရသည်။ ကိုယ်တိုင်ပါဝင်ပြီး သန့်ရှင်းရေးလုပ်ရတော့ သန့်ရှင်းရေးလုပ်သားတွေရဲ့ ဒုက္ခအခက်အခဲအပေါ် ကိုယ်ချင်းစာနာမှု ရှိလာသည်။ မြောင်းများအားလုံး သန့်ရှင်းသွားသောအခါ ရေစီးရေလာကောင်းမွန်သွားသောကြောင့် ခြင်များ၊ ယင်ကောင်များ နည်းပါးသွားပြီး ကူးစက်ရောဂါဖြစ်ပေါ်မှု နည်းသွားလေသည်။ ပထမ အကြိမ်တွင် အရပ်သားအစိုးရဝန်ထမ်းနှင့် စစ်သားများ စုစုပေါင်း ၅၀၀၀ (ငါးထောင်)ကျော်၊ ပါဝင်၍ သန့်ရှင်းရေး လုပ်အားပေးခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ပတ်တွင် အင်အား ၉၀၀၀ (ကိုးထောင်)အထိ တိုးတက်လာသည်။ တတိယ တနင်္ဂနွေနေ့တွင် သန့်ရှင်းရေး၌ ပါဝင်သူ အဆပေါင်းများစွာ မြင့်တက်လာသည်။ ထိုအထဲတွင် အစိုးရဝန်ထမ်း ၂၀၀၀ (နှစ်ထောင်)ကျော်ပါဝင်သည်။

အိမ်စောင့်အစိုးရခေတ်ကာလတွင် မြို့တော်သန့်ရှင်းရေးကို ဦးစားပေးဆောင်ရွက်ခဲ့ပြီးနောက် ရေကောင်းရေသန့်ရရှိရေးနှင့် ကောင်းမွန်သော မိလ္လာစနစ်များကို ကြိုးပမ်းခဲ့သည်။ အမေရိကန်အစိုးရသည် အမေရိကန်ဒေါ်လာ ခုနစ်သိန်း တန်ဖိုးရှိသော ရေသန့်စနစ်အတွက် စက်ကိရိယာများ ဝယ်ယူခွင့်ပေးခဲ့သည်။

ကာနယ်ထွန်းစိန်သည် မြို့တော်ကို သန့်ရှင်းသာယာလှပအောင် စီစဉ်ပြီးသောအခါ မြို့တော်ကို အကျည်းတန်စေသောကြောင့် ရန်ကုန်မြို့တော်အတွင်းရှိ ကွမ်းယာဆိုင်များအားလုံးကို ဖမ်းဆီးအရေးယူပြီးနောက် အခြားသော စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ကြရန် ကူညီခဲ့သည်။ လူသွားလမ်းနှင့် လမ်းဘေးပလက်ဖောင်းတွင် ကွမ်းတံတွေးထွေးပါက ပြင်းထန်စွာ အပြစ်ပေးလေသည်။

ထိုခေတ်က ရေဒီယိုကြီးများကို အိမ်မီး(အေစီမီး)နှင့် ဖွင့်ရသည်။ ဂျာမန်၊ အင်္ဂလန် ရေဒီယိုကြီးများ ဖြစ်ကြသည်။ ခလုတ်ဖွင့်ထားပြီး အချိန်စောင့်ရသည်။ အတော်လေးကြာမှ အသံထွက်သည်။ ထွက်ပေါ်လာသော အသံသည် ထရန်စစ္စတာ ရေဒီယိုလေးများကဲ့သို့ ညောင်နာနာအသံမျိုး မဟုတ်ပေ။ တောအလယ်တွင် ဆူဆူညံညံ ဖွင့်သော အသံချဲ့စက်ကြီးများ၏ အသံကဲ့သို့ အလွန်ကျယ်သော အသံထွက်သည်။ ကာနယ်ထွန်းစိန်လက်ထက်တွင် ရေဒီယိုကို ကျယ်လောင်စွာ ဖွင့်ထားပါက လိုင်စင်ပြန်သိမ်းသည်အထိ အရေးယူလေသည်။ (ဖဆပလ) အစိုးရလက်ထက်တွင် ဝန်ကြီးချုပ်ဦးနုသည် ဘာသာရေးလေးစားလွန်းသူဖြစ်သောကြောင့် ခွေးလေခွေးလွင့်များကို အဆိပ်ကျွေးပြီးသတ်မည့် အစီအစဉ်ကို ခွင့်မပြုပေ။

စည်းကမ်းမဲ့ကျူးကျော်တဲများတွင် ဆင်းရဲသော်လည်း ကလေးမွေးအားကောင်းသလို ဆင်းရဲသော်လည်း ခွေးလေခွေးလွင့်များစွာကို ထမင်းကျန်ဟင်းကျန် အပုပ်အသိုးများ ကျွေးပြီး ရှင်သန်ပေါက်ပွားစေသည်။ ခွေးလေခွေးလွင့်များက ညဖက်ဆို အုပ်စုဖွဲ့ပြီး သောင်းကျန်းသောကြောင့် လူကောင်းများ ခရီးသွားလာရာ၌ အခက်အခဲရှိသည်။ ခွေးရူးရောဂါကြောင့် နှစ်စဉ် ကလေးလူကြီးများစွာ သေဆုံးကြသည်။ ခွေးကို ရိုက်လျှင် ပိုင်ရှင်ပေါ်လာပြီး ပြဿနာအကြီးအကျယ်တက်သည်။ ခွေးကိုက်သောအခါ ပိုင်ရှင်ပျောက်နေတတ်သည်။ ထိုခွေး တွေကို ကာနယ်ထွန်းစိန်မရှင်းပါက ဦးနုလက်ထက်ရောက်လျှင် ပိုဆိုးမည်။ ထို့ကြောင့် လုပ်ပိုင်ခွင့်ရှိတုန်း ခြောက်လတာအတွင်း ခွေးလေ





ခွေးလွင့် ၅၀၀၀၀ (ငါးသောင်း)ကျော်ကျော်၊ အဆိပ်ကျွေးပြီး သတ်ခဲ့သည်။ မြေကြွက်ကြီးများကိုလည်း အဆိပ်ချပြီးသတ်သည့် မြေကြွက်ကြီးများ အကောင်တစ်သောင်းကျော်ကျော်ကို သတ်ဖြတ်နိုင်ခဲ့သည်။

ကာနယ်အောင်ကြီးသည် ကုန်ဈေးနှုန်းကျဆင်းရေး မှောင်ခိုဈေးကွက်၊ ပပျောက်ရေးအတွက် အပြင်းအထန် ကြိုးပမ်းခဲ့သည်။

၁၉၅၈ ခုနှစ်။ နိုဝင်ဘာလတွင် အိန္ဒိယကုန်သည်ကြီးများနှင့် တရုတ်ကုန်သည်ကြီးများအား တရားဝင်လမ်းကြောင်းမှ ကုန်များ တင်ပို့ခြင်း၊ တင်သွင်းခြင်းပြုလုပ်ရန် သတိပေးခဲ့သော်လည်း လိုက်နာမှု မရှိသောကြောင့် တရုတ်တန်းရှိ ကုန်ရုံဆိုင်အားလုံးကို ဝင်ရောက်စစ်ဆေးခဲ့သည်။ နွားမသတ်ရန် ဘုန်းတော်ကြီးများက ဝန်ကြီးချုပ်ဦးနုခေတ်ကာလကတည်းက အကြိမ်ကြိမ် တောင်းဆိုခဲ့သော်လည်း ကာနယ်အောင်ကြီးသည် အမဲသားဈေး ကျဆင်းစေရန်အတွက် နွားသတ်လိုင်စင်များ ထုတ်ပေးခဲ့သည်။ ထို့ကြောင့် အမဲသားဈေး ကျဆင်းသွားသည်။

■■■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

## နိဂုံး

၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင်၊ ပြည်နယ်သားတို့၏ ဖက်ဒရယ်အခွင့်အရေးတောင်းဆိုမှုကို ကာကွယ်ရေးဦးစီးချုပ် ဗိုလ်နေဝင်းဦးဆောင်သော တပ်မတော်ခေါင်းဆောင်များက လုံးဝ လက်မခံနိုင်သောကြောင့်ဟု ဆိုကာ အာဏာသိမ်းခဲ့သည်။ တိုင်းရင်းသားကိုယ်စားလှယ်ခေါင်းဆောင်များနှင့် အာဏာရပြည်ထောင်စုပါတီခေါင်းဆောင် အားလုံးကိုလည်း ဖမ်းဆီးလိုက်သည်။ ထိုနေ့သည် မတ်လ ၂ ရက်နေ့ဖြစ်သောကြောင့် အထက်တန်းကျောင်းသားများ စာမေးပွဲဖြေနေကြသည်။ စစ်တပ်မှ လမ်းပိတ်လိုက်သော ကြောင့် မေးခွန်းလွှာများသည် စာဖြေဌာနအသီးသီးသို့ အချိန်မီ မရောက်တော့ပေ။ ထို့ကြောင့် အထက်တန်းစာမေးပွဲအတွက် အားလုံးကို အောင်ပေးခဲ့သည်။

စစ်တပ်၏ နိုင်ငံရေးအနိုင်ကျင့်မှုကြောင့် ထိုအချိန်က အရှေ့တောင်အာရှတွင် အလွှန်စည်ကားသော ရန်ကုန်မြို့ကြီးသည် နေ့ရက်အနည်းငယ်အတွင်း သုသာန်တစပြင်အလား ခြောက်သွေ့တော့သွားသည်။

မြို့တွင်း ငွေကြေးလှည့်ပတ်သုံးစွဲစနစ်သည် နိုင်ငံခြားသားလုပ်ငန်းရှင်ကြီးများကို အခြေခံနေသည်။ ဦးနေဝင်းသည် မျက်ကန်းမျိုးချစ်အစွန်းရောက် အကြမ်းဖက်ဝါဒီဖြစ်လေရာ လောကဓမ္မ၊ သူ့အကျိုးကိုယ့်အကျိုး၊ သူ့စီးပွားကိုယ့်စီးပွား အပြန်အလှန်ဆက်စပ်မှု ...ဘောတရားကို နားမလည်ပေ။

နိုင်ငံရေးသည် စစ်ရေးနှင့် မတူပေ။ စစ်ရေးဆို သည်မှာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် အဖြေရှာဖို့ မဖြစ်နိုင်သောကြောင့် လက်နက်ကိုင်အစိုးရစစ်တပ်ကို ခုခံရင်ဆိုင်အန်တုရန်အတွက် လက်နက်ကိုင်သူပုန်ဟူ၍ ပေါ်ပေါက်လာရခြင်းဖြစ်သည်။ စစ်ဖြစ်သည့်အခါ အနိုင်ရဖို့ တစ်ခုတည်း ဦးစားပေးလာတော့သည်။ သူ့ကိုကိုယ်က မသတ်ခဲ့ရင် ကိုယ့်ကို သူက သတ်မည်၊ နှစ်ဖက်စလုံး ဘဏ္ဍာရေးအခြေအနေ





ကောင်းရင် ကောင်းသလို လက်နက်ကောင်းကောင်း ဝယ်သုံးကြသည်။ သူပုန်တွေက ဆင်းရဲတဲ့ မြို့ရွာတွေမှာ ဆက်ကြေးကောက်သည်။ သံယံဇာတတွေကို ရသည့်ဈေးနှင့် ရောင်းပြီး လက်နက်ဝယ်သည်။

တိုင်းရင်းသား၊ ညီအစ်ကိုတွေ တောင်းသည်က ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ဖက်ဒရယ် ဗိုလ်နေဝင်းတွင် ဖက်ဒရယ် မရှိ၊ ကျည်ဆံတွေသာ ရှိသည်။ ပြည်တွင်းစစ်ဆိုတာ တကယ်တော့ ပြည်နယ်သားတွေရဲ့ အခွင့်အရေးမပေးလိုသော အစိုးရနှင့် ပြည်နယ်ကိုယ်ပိုင်အုပ်ချုပ်ရေး ရယူသူတို့၏ တိုက်ပွဲဖြစ်သည်။

မြေဇာပင်ကတော့ ပြည်သူလူထုသာ ဖြစ်ရတော့သည်။

အစိုးရကလည်း ပြည်တွင်းစစ်ကြောင့် တိုင်းပြည်ဆင်းရဲသွားသည်ဟု ကြေညာသည်။ အစိုးရအနေဖြင့် ပြည်နယ်အခွင့်အရေး တင်းပြည့်မပေးနိုင်၊ ပြည်နယ်သားတွေက လက်နက်စွဲကိုင်ပုန်ကန်ပြီး တောင်းဆိုသည်။ နိုင်ငံရေးကို စစ်ရေးဖြင့် ဖြေရှင်းသောအခါ ညီအစ်ကိုသား ချင်းများ အချင်းချင်းသတ်ဖြတ်ရသော လူသတ်ပွဲများ ဖြစ်လာခဲ့သည်။

စီးပွားရေးဟူသည် စစ်သားများနှင့် အပ်စပ်သော လုပ်ငန်းမဟုတ်ပေ။

၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့မှာ အာဏာသိမ်းသည်။ နိုင်ငံရေးခေါင်းဆောင်တွေ တိုင်းရင်းသားခေါင်းဆောင်တွေကို ဖမ်းသည်။ အာဏာသိမ်းပြီးနောက် ခြောက်ရက်အကြာတွင် ကြေးမုံသတင်းစာ၌ ကြေညာခဲ့ သည်။

### (၉.၃.၆၂) သွင်းကုန်စံနစ်သစ် (၂) နှစ် ရပ်ထားမည်၊ နိုင်ငံခြားသားများကို သွင်းကုန်လိုင်စင်မပေးတော့

### ရန်ကုန် – မတ် (၈)

သွင်းကုန်စံနစ်သစ်ကို (၂) နှစ် ရပ်ဆိုင်းထားမည်။ သို့ဖြစ်၍ ပုဂ္ဂလိကသွင်းကုန်လုပ်ငန်းရှင်များအား ယခင်ကအတိုင်း သွင်းကုန်လိုင်စင်များ ပြန်လည်ချထားပေးမည်။

သို့သော်လည်း သွင်းကုန်လိုင်စင်များ ပြန်လည်ထုတ်ပေးရာတွင် နိုင်ငံခြားသားမပါ။ အိုင်ဂျီအယ်လုပ်ငန်းတွင်လည်း နိုင်ငံခြားသားများကို ၆ လသာ လုပ်ခွင့်ပြုမည်။ ၆ လကကျော်လျှင် လုပ်ခွင့်ပြုတော့မည် မဟုတ်ဟု ကုန်သွယ်မှုဝန်ကြီးဌာန တာဝန်ခံ ဗိုလ်မှူးချုပ်အောင်ကြီးက ကုန်သည်အသင်း ၁၃ သင်းမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံရာတွင် ထုတ်ဖော်ပြောကြားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ သွင်းကုန်လိုင်စင်ကို နိုင်ငံခြားသားများကို မပေးတော့ဘဲ နိုင်ငံသားများကိုသာ လိုင်စင်ထုတ်ပေးသောအခါ တိုင်းပြည်အတွက် များစွာ အကျိုးဖြစ်ထွန်းနိုင်သည်ဟု အမြင်ကျဉ်းခဲ့သည်။ သို့သော် ဗမာလုပ်ငန်းရှင်များတွင် နိုင်ငံခြားကုမ္ပဏီများနှင့် အဆက်အသွယ်ကောင်းကောင်း မရှိပေ။ ထို့ကြောင့် တဖက်လှည့်ဖြင့် လုပ်ငန်းအဆက်အသွယ်ရှိသော နိုင်ငံခြားသားများကို လက်သိပ်ထိုးပြီး ရောင်းချခဲ့ရာ နိုင်ငံခြားသားသည် ဗမာလုပ်ငန်းရှင်ကို ပေးခဲ့ရသောငွေထက် အမြတ်တင် ရောင်းချပြီး အပိုငွေကို ပြန်ပြီး ရှာဖွေရာ အမှန်တကယ် နစ်နာရသည်မှာ ပြည်သူလူထု ဖြစ်သည်။ ကြားထဲက အမြတ်ထွက်သူမှာ စစ်တပ်အစိုးရနှင့် နီးကပ်သော ဗမာခရိုနီများ ဖြစ်သည်။ ခရိုနီဆိုသည်မှာ ဗိုလ်နေဝင်း စစ်အစိုးရအာဏာသိမ်းစဉ် အချိန်ကာလကတည်းက ပေါ်ပေါက်လာခြင်းဖြစ်သည်။

ဥပမာ တစ်နိုင်ငံလုံးတွင် ဂျုံမှုန့်အကောင်းစား ရှားပါးချိန်၊ နို့ဆီ၊ နို့မှုန့်ရဖို့ ဒုလ္လဘက်ခက်ခဲချိန်တွင် ခရိုနီအောင်ကြီးတစ်ဦးတည်းသာလျှင် အထူးအခွင့်အရေးအဖြစ် နိုင်ငံခြားမှ တင်သွင်းပြီး ကိတ်မုန့်နှင့် မုန့်မျိုးစုံ ထုတ်လုပ်ရောင်းချခွင့်ရသောကြောင့် အောင်ကြီးကိတ်ဟူ၍ ဦးနေဝင်း၏ ဆိုရှယ်လစ်ခေတ်တွင် အလွန် ထင်ရှားခဲ့လေသည်။ မဆလခေတ် ရန်ကုန်မြို့တော်သည် အာဏာရှင်ဦးနေဝင်း ရုံးစိုက်သော မြို့တော်ဖြစ်လေရာ ထိုခေတ် ထိုအချိန်က မြန်မာပြည်ရှိ မြို့များအားလုံးထဲတွင် အကောင်းဆုံးဖြစ်ခဲ့သည်။

အဆောက်အဦးတွေတော့ ထူးထူးခြားခြားဆောက်လုပ်ခဲ့ခြင်း မရှိပါ။ နောက်ပိုင်းတွင်လည်း တိုင်းပြည်နှင့် ပြည်သူလူထု ဆင်းရဲတွင်းနက်လွန်းသောကြောင့် တိုက်တာများကို လုပခန့်ငြားစွာ ဆောက်လုပ်နိုင်စွမ်း မရှိပေ။

တိုက်တာအဆောက်အဦး ဆောက်လုပ်ရန်အတွက် အိမ်ဆောက်ပစ္စည်းများထဲတွင် ဈေးပေါပေါနှင့်ရနိုင်သည်မှာ အုတ်၊ သဲနှင့် ကျောက်စရစ်မျှသာဖြစ်သည်။ သံမဏိ၊ သံဘောင်ကြီးများ သုံးစွဲနိုင်စွမ်း မရှိသောကြောင့် ကိုလိုနီခေတ် အဆောက်အဦးကြီးများကဲ့သို့ လုပခန့်ငြားသော တိုက်တာအဆောက်အဦးကြီးများ ဆောက်လုပ်နိုင်ခွင့် မရှိ။ ရန်ကုန်မြို့အနှံ့ ပျဉ်ထောင်အိမ်များသာ ရှိခဲ့သည်။ အထူးသဖြင့် အင်္ဂလိပ်ခေတ်တွင် မြို့စွန်ဖျားရပ်ကွက်များဖြစ်သော ကျောက်မြောင်း၊ တာမွေ၊ ဘောက်ထော်၊ သဃ်န်းကျွန်း၊ ပုဇွန်တောင်၊ ကြည့်မြင်တိုင်ဖက်တွင် ပျဉ်ထောင်အိမ်များသာ ရှိခဲ့သည်။

အာဏာသိမ်းပြီး တစ်ပတ်အကြာ ၉ . ၃ . ၆၂ တွင် ဗိုလ်မှူးချုပ်အောင်ကြီးက မစားရဝခမန်းမိန့်ခွန်းများ ပြောခဲ့သည်။ ထိုအကြောင်းနှင့် ပတ်သက်၍ ၉ . ၃ . ၆၂ ကြေးမုံသတင်းစာခေါင်းကြီးပိုင်း၌ ''ကုန်ထုတ်အား ပိုမိုရေး





ကူမည်''ဟု အားရပါးရ ရေးလေတော့သည်။

## အနာဂါတ်တွင် ဇိမ်ခံပစ္စည်းများလျှော့၍သွင်းမည်
## ရန်ကုန် - မတ် (၈)

နိုင်ငံခြားကုန်ပစ္စည်းများ တင်သွင်းရာ၌ အနာဂါတ်တွင် ဇိမ်ခံပစ္စည်းများကို လျှော့၍ သွင်းမည်။ ကုန်ထုတ်လုပ်ရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများကိုသာ အဓိကထား၍ သွင်းမည်။ သို့ဖြစ်၍ ကုန်သည်များ စက်မှုလက်မှုလုပ်ငန်းရှင်များအနေဖြင့် တိုင်းရင်းသားဖြစ်ကိုသာ သုံးကြရန် ပညာပေးကြပါ။ ကြော်ငြာရာတွင်လည်း ထည့်သွင်းကြော်ငြာကြရန် မေတ္တာရပ်ခံကြောင်းနှင့် ကုန်သွယ်မှုဌာနဝန်ကြီးဌာနတာဝန်ခံ ဗိုလ်မှူးချုပ်အောင်ကြီးက ကုန်သည်အသင်းအဖွဲ့ကိုယ်စားလှယ်များနှင့် တွေ့ဆုံရာ၌ ထုတ်ဖော်ပြောကြားသည်။

သို့သော် မြန်မာ့စက်မှုလက်မှုတိုးတက်ရေးအတွက် ဗိုလ်နေဝင်းနှင့် ဗိုလ်မှူးချုပ်အောင်ကြီးတို့သည် နောက်ဆုံးထွက်သက်အချိန်ကာလအထိ ဘာတစ်ခုမျှ အောင်မြင်သည်အထိ ဆောင်ရွက်နိုင်စွမ်း မရှိခဲ့ပေ။

၁၉၄၈ ပြည်တွင်းစစ်ကာလတွင် ရာထူးဆင့်ဆင့် တိုးမြင့်လာသော ဗိုလ်ချုပ်ကြီးနေဝင်းသည် လက်ဝဲ၊ လက်ယာအဖြစ် အားထားသည်မှာ ဗိုလ်မှူးချုပ်တင်ဖေနှင့် ဗိုလ်မှူးချုပ်အောင်ကြီးတို့ ဖြစ်ကြသည်။ ဗိုလ်မှူးချုပ်အောင်ကြီးနှင့် ဗိုလ်ချုပ်ကျော်ဇော (ရဲဘော်သုံးကျိပ်မှ အသက်အငယ်ဆုံး တိုက်ခိုက်မှုစွမ်းရည်အထက်မြက်ဆုံး)နှင့် မသင့်မြတ်သောကြောင့် ဗိုလ်ချုပ်ကျော်ဇောကို ဖယ်ရှားခဲ့ရာ ဗိုလ်မှူးချုပ်အောင်ကြီး၏ ဩဇာအာဏာသည် ဗိုလ်ချုပ်ကြီးနေဝင်းပြီးပါက ဒုတိယအာဏာအရှိဆုံးဖြစ်သည်။

ဗိုလ်မှူးချုပ်တင်ဖေသည် ဦးဘငြိမ်းနှင့် ပေါင်းပြီး နိုင်ငံခြားသားနှင့် နိုင်ငံသားများလက်ထဲတွင် ရှိသော စီးပွားဥစ္စာအရင်းအနှီးများကို လုယူဖို့အတွက်သာ အာသီသရှိသည်။ ဖို့ကြောင့် ဗိုလ်အောင်ကြီးကို လက်ရှိရာထူးမှ ထုတ်ပစ်ဖို့ဖြစ်လာတော့သည်။

စစ်လျော်ကြေးကိစ္စဖြင့် ဂျပန်ပြည်သွားချိန်တွင် သတင်းထောက်များက အရပ်ဖက်နိုင်ငံရေးအတွက် ပြည်သူလူထုထံ အာဏာပြန်အပ်မည်လားဟု မေးကြသောအခါ သင့်တော်သည့်အချိန်တွင် ပြည်သူလူထုထံ အာဏာပြန်လွှဲမည်ဟု ပြောခဲ့သည်။ ထိုစကားကြောင့် အာဏာမက်သော ဦးနေဝင်းသည် အောင်ကြီးကို ရာထူးမှ ဖယ်ရှားဖို့ ဖြစ်လာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၆၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့ မြန်မာ့အလင်းသတင်းစာ၌ ခေါင်းကြီးပိုင်းတွင် အောက်ပါအတိုင်း ဖော်ပြခဲ့သည်။

**ဗိုလ်ချုပ်အောင်ကြီးထွက်ခြင်း**

**ဓတောင်တန်းဒေသတစ်နေရာ၌အနားယူမည်**

**ရန်ကုန်၊ ဖေဖော်ဝါရီလ(၉)ရက်နေ့**

ဗိုလ်မှူးချုပ်အောင်ကြီးသည် တော်လှန်ရေးကောင်စီဝင်အဖြစ်မှ၎င်း၊ ကုန်သွယ်မှုတိုးတက်ရေးနှင့် စက်မှုလက်မှုဌာနများ၏ တာဝန်ခံအဖြစ်မှ ၎င်း၊ တပ်မတော် ဒုကာကွယ်ရေးဦးစီးချုပ်အဖြစ်မှ၎င်း၊ များမကြာမီက ပြည်သူပိုင်ဖြစ်ခဲ့သော ဘီအိုစီရေနံကုမ္ပဏီ၏ ဥက္ကဋ္ဌအဖြစ်မှ၎င်း၊ နုတ်ထွက်ခွင့်ပြုပါရန် တော်လှန်ရေးကောင်စီဥက္ကဋ္ဌထံ လျှောက်လွှာတင်သွင်းခဲ့ကြောင်း၊ ၎င်းတင်သွင်းခဲ့သော လျှောက်လွှာတွင် ဖော်ပြထားသည်မှာ ၎င်းသည် ဆိုရှယ်လစ်ဝါဒကို လွန်ခဲ့သောနှစ်ပေါင်းနှစ်ဆယ်အချိန်ကာလကတည်းကပင် နှစ်နှစ်ကာကာ ယုံကြည်ခဲ့ကြောင်း၊ ထိုတွင်သာမက နောင်နှစ်ပေါင်းနှစ်ဆယ်ကြာသော်လည်း ယုံကြည်လျက်ရှိနေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တော်လှန်ရေးကောင်စီ၏ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကိုလည်း ယုံကြည်လျက်ရှိကြောင်း . . . . .

ဗိုလ်မှူးချုပ်အောင်ကြီးနေရာတွင် ဗိုလ်မှူးချုပ် စန်းယုကို တပ်မတော် ဒုကာကွယ်ရေးဦးစီးချုပ်အဖြစ် တာဝန်ပေးခဲ့သည်။ တော်လှန်ရေးကောင်စီဝင်များအားလုံး စစ်သားများဖြစ်ကြသည်။ သို့သော် တပ်မတော်စီးပွားရေးလုပ်ငန်းများကို ဝန်ကြီးချုပ်ဦးနု၏ ထောက်ပံ့ကူညီမှုဖြင့် တရားဝင်ပြုလုပ်ခွင့် ရချိန်မှစပြီး ဗိုလ်မှူးချုပ်အောင်ကြီးသည် စီးပွားရေးကို ဖောက်ချလုပ်ကိုင်နေခဲ့သည်။

ဗိုလ်မှူးချုပ်အောင်ကြီး၏နေရာကို မက်မောနေသူသည် ဗိုလ်မှူးချုပ်တင်ပေဖြစ်သည်။ ဗိုလ်မှူးချုပ်အောင်ကြီးသည် စီးပွားရေးကောင်းကောင်းလုပ်တတ်သောစစ်သား ဖြစ်နေသည်။ ပါလီမန်ခေတ်တွင် တိုင်းပြည်၏ စီးပွားရေးလုပ်ငန်း လွန်စွာကောင်းသည်။ ပြည်သူလူထု၏ စားဝတ်နေရေးအဆင်ပြေသည်။ လစာဝင်ငွေသည် ပိုလျှံနေသော ကြောင့် ဖိမ်ခံပစ္စည်းများ ဝယ်ယူကြသည်။ နိုင်ငံခြားသား စီးပွားရေးသမားများသည် အရောင်းအဝယ်ဈေးကွက်ကောင်းသော ဖိမ်ခံပစ္စည်းများကိုသာ အဓိကထားပြီး မှာယူ သည်။ ခုနေချိန်ခါ ဘာမှပြဿနာ မရှိသေးပါ။ သို့သော် အလွန်သေးငယ်သော





ယိုပေါက်လေးသည် ပင်လယ်ကူးသင်္ဘောကြီးတစ်စင်းကို ပင်လယ်ရေမျက်နှာပြင်အောက်အထိ နစ်မြုပ်စေနိုင်သည်ဆိုတာကိုတော့ သိထားသင့်သည်။ တော်လှန်ရေးကောင်စီတက်လာကတည်းက 'တပ်မတော်သည် အာဏာမက်၍ အာဏာသိမ်းခြင်းမဟုတ်'ဟု ပြောခဲ့သောစကားရှိသည်။ ဗိုလ်ချုပ်ကြီးနေဝင်းသည် ဦးအောင်ကြီးကဲ့သို့ စီးပွားရေးလုပ်ကိုင်တတ်သူ မဟုတ်ပေ။ အာဏာမက်တာတစ်ခုတည်းသာ တတ်သူဖြစ်သည်။

ဗိုလ်မှူးချုပ်အောင်ကြီး၏ ပေါ်လစီသည် အိုင်အက်(စ်)အိုင် (ISI) ဖြစ်သည်။

(Import Substitution Industrialization) ဖြစ်သည်။ ဆိုလိုသည်မှာ ဖိမ်ခံပစ္စည်းမသွင်းဘဲ စက်ရုံကြီးများ တင်သွင်းခဲ့ကြပါ။ ခွင့်ပြုပေးမည်ဟု ဖြစ်သည်။ ဗိုလ်မှူးချုပ်အောင်ကြီးက နိုင်ငံခြားသားကုမ္ပဏီများအနေဖြင့် ဦးနုခေတ်ကလို ဖိမ်ခံပစ္စည်းတွေချည်းဘဲ တင်သွင်းခွင့် မရှိ၊ ဖိမ်ခံပစ္စည်းများ တင်သွင်းခြင်းကို စက်တင်ဘာလအထိ ခွင့်ပြုထားမည်။ ထိုကာလအတွင်း စက်ရုံကြီးများ ယူလာကြပါ။ စက်ရုံတည်ပါ။ ထွက်ကုန်တွေ ရောင်းမကုန်ရင် အကူအညီများစွာ ပေးမည်ဆိုသည်။

ဤနေရာတွင် ဗိုလ်မှူးချုပ်တင်ပေနဲ့ သဘောထားကွဲလေတော့သည်။ တင်ပေက ပြည်သူပိုင်သိမ်းပြီး အားလုံးကို မောင်းထုတ်ပစ်မည်။ စတာလင်ပုံစံဖြင့် ကြမ်းကြမ်းရမ်းရမ်း ပြည်သူပိုင်သိမ်းလိုသည်။

ဗိုလ်မှူးချုပ်အောင်ကြီးက ၁၉၅၀ ပြည့်လွန်ကာလကတည်းက စက်မှုထူထောင်ဖို့ အကြိမ်ပေါင်းများစွာ ကြိုးစားခဲ့ပြီးပြီ ဖြစ်မလာပါ။ ဗမာတွေချည်း စုပေါင်းပြီး စက်ရုံကြီးတွေ တည်ဆောက်ဖို့ မဖြစ်နိုင်ပါ။ ဗမာတွေ အများကြီးလိုသေးသည်။ အများကြီး ကြိုးစားရဦးမည်။ နှစ်ပေါင်းတစ်ရာ ကြိုးစားသည့်တိုင် နိုင်ငံခြားသားတွေကို မှီဖို့ မဖြစ်နိုင်။ ဘာကြောင့်လဲဆိုတော့ သူတို့က ယုန်နဲ့လိပ် အပြေးပြိုင်ကျသလို အိပ်ပြီး စောင့်နေမယ့်သူတွေ မဟုတ်ဘူး။ ကိုယ်က ခြေတစ်လှမ်းလှမ်းရင် သူတို့က ခြေလှမ်းပေါင်း သိန်းသန်းမက လှမ်းပြီးနေမည်။ ထို့ကြောင့် ဝေစား၊ မျှစားပုံစံဖြင့် နိုင်ငံခြားလုပ်ငန်းရှင်တွေကို ဖိတ်ခေါ်ရမည်။ နိုင်ငံခြားသားလုပ်ငန်းရှင်တွေကို မတရားအနိုင်မကျင့်ရ။ ကိုယ်က သူ့ကိုတစ်ချက်ထိုးရင် သူတို့ကကိုယ့်ကို အချက်တစ်သိန်းမျှ ပြန်ထိုးနိုင်စွမ်းရှိသည်။

ထိုသည်များကို ဗိုလ်မှူးချုပ်တင်ပေကို ရှင်းပြလို့မရ။ ထို့ကြောင့် ဗိုလ်မှူးချုပ်အောင်ကြီး ပြုတ်သွားသည်။ ဗိုလ်မှူးချုပ်တင်ပေ စိတ်တိုင်းကျ ပြည်သူပိုင်သိမ်းလိုက်သည်။ နိုင်ငံခြားသားအရင်းရှင်များ ထိုင်း – မြန်မာ နယ်စပ်သို့ ရွှေပြောင်းသွားကြသည်။ ထိုနယ်စပ်၌ပင် စက်ရုံများ တည်ဆောက်ပြီး မြန်မာပြည်ထဲသို့ ပြန်သွင်းသည်။ ထိုအခါ



www.burmeseclassic.com

www.burmeseclassic.com



ဒေါနတောင်တန်းကြီးကို ဖြတ်ကျော်ပြီး ရန်ကုန်မြို့သို့ တင်ပို့ရသည်။ ထိုမဆလတစ်ခေတ်က ရန်ကုန်မြို့ စိန်ဂျွန်းဈေးကြီးသည် ထိုင်းနယ်စပ်မှ လာသော မှောင်ခိုပစ္စည်းများကို ဗမာတစ်နိုင်ငံလုံးအနှံ့ တင်ပို့ရောင်းချသော ဈေးကြီးဖြစ်ခဲ့သည်။

နောင်တွင် စိန်ဂျွန်းဈေးကြီးကို ဖျက်ပြီး မင်္ဂလာဈေး တည်ဆောက်ခဲ့သည်။ ထိုနေရာမှာ မင်္ဂလာတောင်ညွန့်မြို့နယ် မအူကုန်းအမှိုက်ပုံကြီးဘေးနေရာ ဖြစ်သည်။ ယခုအခါ ဆောက်လက်စ အဆောက်အဦးပျက်ကြီးနေရာ ဖြစ်သည်။ ရှစ်လေးလုံးအရေးအခင်းကြီး ပြီးဆုံးပြီးနောက် ဒီမိုကရေစီဖက်တော်သားများ ထောင်ထဲရောက်သူရောက်၊ တောထဲရောက်သူရောက် အရေးတော်ပုံကြီးအတွင်း ကျဆုံးသူကျဆုံး၊ အားလုံးဘဝပျက်ကြသော ၁၉၉၄ ခုနှစ်တွင် ထိုနေရာတွင် ယုဇနပလာဇာကြီး စတင်ပေါ်ပေါက်လာသည်။

မဆလခေတ်တွင် နိုင်ငံတော်အစိုးရသည် စက်ရုံအလုပ်ရုံအားလုံးကို လက်ဝါးကြီးအုပ်ရယူပိုင်ဆိုင်ထားသည်။ ထိုစက်ရုံအလုပ်ရုံအားလုံး၏ ထိပ်တန်းရာထူးကို နိုင်ငံတော်အတွက် အသက်စွန့်ကြိုးပမ်းခဲ့ကြသော တပ်မတော်အရာရှိကောင်းများကို နေရာပေးထားသည်။ နိုင်ငံတော်အစိုးရ၏ ဘဏ္ဍာရေးအခြေအနေအရ ပေးခြင်းသည် ပြည်သူလူထုနှင့် မဆိုင်ပေ။ *(မဆလခေတ်တွင် နိုင်ငံတော်အစိုးရသည် မည်သည့်နေရာမှ ငွေတွေ မည်မျှရပြီး မည်သည့်နေရာတွင် မည်သို့သုံးစွဲသည်ကို ပြည်သူများသိခွင့်မရှိ၊ အုပ်ချုပ်ခံ ပြည်သူတို့နှင့် မသက်ဆိုင်။ ဒါက အုပ်စိုးသူအာဏာရှင်၏ အလုပ်)။*

လွတ်လပ်ပြီးစ အရပ်သားတွေ အုပ်ချုပ်တဲ့ ပြည်တော်သာခေတ်မှာ အရပ်ဖက်အဆောက်အဦးကြီးတွေ မြောက်များစွာ ပေါ်ပေါက်ခဲ့သည် ရန်ကုန်မြို့တွင် ပြည်တော်သာတိုက်ခန်းအရေအတွက်သည် ပြည်တော်သာစီမံကိန်း၏ ရှစ်နှစ်တာကာလအတွင်း အတော်များများ ရှိခဲ့သော်လည်း စစ်အုပ်ချုပ်ရေးနှင့် ဆိုရှယ်လစ်အုပ်ချုပ်ရေး စုစုပေါင်း ၂၆ နှစ်တာမှာ အချိန်တွေသာ ကုန်သွားခဲ့သည်။

မြန်မာနိုင်ငံမှာ ရှေ့တောင်အာရှဒေသတွင် အကြွယ်ဝဆုံး အလားအလာကောင်းပြီး ဖွံ့ဖြိုးဆဲနိုင်ငံအဆင့်မှ ဖွံ့ဖြိုးပြီး နိုင်ငံအဆင့်သို့ တက်လှမ်းကာ နီးအချိန်တွင် ဗိုလ်ချုပ်နေဝင်းက ကယ်တင်လိုက်သောကြောင့် ၁၉၈၇ ခုနှစ်ကုန်ပိုင်းတွင် ကမ္ဘာပေါ်၌ ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးနိုင်ငံ (L . D . C) အဆင့်သို့ အောင်မြင်စွာ ကျဆင်းသွားလေတော့သည်။

■ ■ ■





# နောက်ဆက်တွဲဓါတ်ပုံမှတ်တမ်း




www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ဘူတာကြီးမြင်ကွင်း (ယခု အောင်ဆန်းကွင်းရှေ့မှ ဘူတာကြီး)



ဂျူဗလီဟောမြင်ကွင်း (ယခု တပ်မတော်ခန်းမနေရာ)



ဘားလမ်းနှင့် ဗဟိုတရားရုံးချုပ်ရုံး




www.burmeseclassic.com


www.burmeseclassic.com




မောင်ဂိုမာရီလမ်း (ယခု ဗိုလ်ချုပ်လမ်း) ဧပါမှ ဝိဇိယရုပ်ရှင်ရုံ




ကုန်သည်လမ်းနှင့် စပတ်လမ်း (ယခု ဗိုလ်အောင်ကျော်လမ်း)ထောင့်မှ ဂန္ဓီခန်းမ




အင်္ဂလိပ်ခေတ် ဒါလဟိုဇီလမ်း (ယခု မဟာဗန္ဓုလလမ်း) မြင်ကွင်း
တည့်တည့်မြင်ရသော ဘုရားကျောင်းမှာ ယခု မောနွေလဘုရားကျောင်းဖြစ်သည်



www.burmeseclassic.com


www.burmeseclassic.com



ဗြိတိသျှအစိုးရအိမ်တော် (ယခု ပြည်လမ်းပေါ်မှ လွှတ်တော်နေရာ)



အင်္ဂလိပ်ခေတ် ဓနိုလမ်း (ယခု ရွှေဘုံသာလမ်း)




ဒုတိယကမ္ဘာစစ်အပြီး ရန်ကုန်၌ ဂျပန်တို့ လက်နက်ချပွဲ အခမ်းအနား




ရန်ကုန် ဝန်ကြီးများရုံးအတွင်း ပြုလုပ်သော အာဇာနည်နေ့ အခမ်းအနား
၁၉၄၉၊ ဇူလိုင် ၁၉

www.burmeseclassic.com

www.burmeseclassic.com



၁၉၂၀ ခုနှစ် ROYAL LAKE ပန်းခြံ (ယခု ကန်တော်ကြီး)



ROYAL LAKE ပန်းခြံ မှ အက်ဒွတ်ဘုရင်ရုပ်ထု (ယခု ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်)




၁၉၄၂ ခုနှစ် တုန်းက ရန်ကုန် ၂၅ လမ်း




၁၉၂၃ ခုနှစ်က ရန်ကုန်ဘူတာကြီး အနောက်ဘက် နာရီစင်
ယခု ပန်းဆိုးတန်းလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့် (Ruby Mark ရှေ့)

www.burmeseclassic.com

www.burmeseclassic.com



သိမ်ကြီးဈေး



တားဂရာ ကိုးထပ်ကြီးဘုရား



အင်္ဂလိပ် ခေတ် ကြည့်မြင်တိုင် တားဂရာ



၁၉၄၉ ခုနှစ်၊ ဆူးလေဘုရားလမ်း

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်တည်စက ရေပတ်လည်ဝိုင်းနေသော ဆူးလေဘုရား



၁၉၂၀ ခုနှစ်တုန်းက ရန်ကုန်တက္ကသိုလ်



၁၈၆၈ ခုနှစ်က ရွှေတိဂုံဘုရားလမ်း (ယခု တောင်ဘက်မုဒ်လမ်း)



အင်္ဂလိပ်ခေတ် ရွှေတိဂုံဘုရားလမ်း

www.burmeseclassic.com


www.burmeseclassic.com




တရုတ်တန်းမှာ ဘုံကျောင်း



ရှင်းရှောင်ဖြဲ



ရှေးရှေးတုန်းက ရွှေတိဂုံဘုရားမြင်ကွင်းများ



www.burmeseclassic.com

www.burmeseclassic.com




၁၉၀၀ ပြည့်နှစ်တုန်းက ရန်ကုန်မြစ်



ရန်ကုန်တက္ကသိုလ် ဓမ္မာရုံ




ဆူးလေဘုရားအနီးမှ မဟာမေဒင် ဗလီ



Chulia Dagrah ဗိုလ်ချုပ်လမ်းနှင့် ၂၉ လမ်းထောင့်

www.burmeseclassic.com

www.burmeseclassic.com



စကော့မတ်ကက် (ယခု ဗိုလ်ချုပ်အောင်ဆန်းဈေး)



သမိုင်းဝင် ဂျူဗလီဟော (ယခု တပ်မတော်ခန်းမနေရာ)




ပေတ်လမ်း (ယခု ဗိုလ်အောင်ကျော်လမ်း)နှင့် ဗိုလ်ချုပ်လမ်းထောင့်ရှိ
ရိုမန်ကသလစ်ဘုရားကျောင်း




စထရင်းဟော်တယ်

www.burmeseclassic.com


www.burmeseclassic.com




Sofaer& Co's အဆောက်အုံ
ဖယ်ရာလမ်း (ယခု ပန်းဆိုးလမ်း) နှင့် ကုန်သည်လမ်းထောင့်



မြို့တော်ခန်းမ




၁၈၆၈ ခုနှစ်တုန်းက ဒလဘက်ကမ်းမှ ရန်ကုန်ကို လှမ်းမြင်ရသော မြင်ကွင်း




၁၉၃၀ ခုနှစ်တုန်းက ဆူလေဘုရား

www.burmeseclassic.com

www.burmeseclassic.com



FYTCHW စကွဲယားနှင့် တရားရုံးချုပ် (ယခု လွတ်လပ်ရေးကျောက်တိုင် ပန်းခြံ)



ရန်ကုန်ဘုတ်ကလပ်



Reserve ဘဏ် (ယခင် ဗဟိုဘဏ်၊ ယခု ရန်ကုန်စတော့အိတ်ချိန်း)



လော့ ဒါလဟိုဇီလမ်း (ယခု မဟာဗန္ဓုလလမ်း၊ မြို့တော်ခန်းမ[illegible]

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ် ခေတ် ရန်ကုန်ဘူတာကြီး



ဗိုလ်တထောင်ကမ်းနား




အင်္ဂလိပ်ခေတ် ဒါလဟိုဇီလမ်း (ယခု မဟာဗန္ဓုလလမ်း)




အင်္ဂလိပ်ခေတ် ကုန်သည်လမ်း

www.burmeseclassic.com

www.burmeseclassic.com




ကန်တော်မင်ပန်းခြံ



ရန်ကုန်ဆေးရုံကြီး

BURMESE CLASSIC .com



အင်္ဂလိပ်ခေတ် ရန်ကုန် မောင်ဂိုမာရီလမ်း (ယခု ဗိုလ်ချုပ်လမ်း) နှင့်
ဖေလျှော်တန်းလမ်း (ယခု ဆူလေဘုရားလမ်း) တို့ ဆုံရာ မီးရထားရုံးချုပ်



ဟောင်ကောင်နှင့် ရှန်ဟဲဘဏ်ကော်ပိုရေးရှင်း
ဘားလမ်းနှင့် ကုန်သည်လမ်းထောင့် (၁၉၀၁ ခုနှစ်)

www.burmeseclassic.com

www.burmeseclassic.com



၁၈၀၀ ကျော်က ရွှေတိဂုံဘုရား



ရှိုးကုန်တိုက်
ဘားလမ်းနှင့် လော့ဒလဟိုဇီ (ယခု မဟာဗန္ဓုလလမ်း)ထောင့်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ရန်ကုန်သမိုင်း

ကိုကိုလေး

BURMESE CLASSIC .com

A HISTORY OF RANGOON

B.R.PEARN

www.burmeseclassic.com